ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး

၏

# မိုးကုတ်ဝိပဿနာ

# ဒုလ္လဘဒေသနာ

ဟောစဉ်–ကျင့်စဉ်

သစ္စာလေးပါးတရားတော်များ

သတ္တမတွဲ

တာဝန်ခံ တင်ဆက်သူ

မူလဓမ္မာစရိယ ဦးမြင့်ဆွေ [ မိတ္တီလာ ]

အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း
"အဂ္ဂမဟာပဏ္ဍိတ"
ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး
၏

# မိုးကုတ်ဝိပဿနာ

# ဒုလ္လဘဒေသနာ

ဟောစဉ်–ကျင့်စဉ်
သစ္စာလေးပါး တရားတော်များ
သတ္တမတွဲ

တာဝန်ခံ တင်ဆက်သူ
ဦးမြင့်ဆွေ [မူလဓမ္မာစရိယ] မိတ္ထီလာမြို့။

ဒုတိယအကြိမ်
၁၉၇၀-ခု၊ ဇန်နဝါရီလ၊ အုပ်ရေ[၂၅၀၀]

မျက်နှာဖုံး။ ။ဇွဲ(ကာလာလေစက်)။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ်[၂၇၁]

တန်ဘိုး ကျပ်

ထုတ်ဝေသူ။ ။ဦးကျော်ညွန့် (မြဲ-၀၁၂၁)၊ ကျော်ညွန့်နှင့်အပေါင်း
အသင်းစာပေ၊ အမှတ်-၉၂၊ ၉၃-လမ်း၊ ကန်တော်
ကလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးထွန်းရှိန် ( မြဲ-၀၂၁၃၈ )၊ ဇွဲစာပုံနှိပ်တိုက်၊
အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အကြောင်းပြ နိဒါန်း | .... | (က) |
| ၂။ | ပဏာမသီသ ပုဗ္ဗက ဂန္ထာရမ္ဘ | .... | ၁ |
| ၃။ | သြဃလေးတန် မြုပ်မျောခံတရားတော် | .... | ၅ |
| ၄။ | မဂ္ဂင်ကျင့်မြတ် ကံကြွေးဆပ် တရားတော် | .... | ၃၅ |
| ၅။ | ကြွေးမျိုးကုန်ပျောက် နိဗ္ဗာန်ပေါက်တရားတော် | | ၆၉ |
| ၆။ | အမွှားသုံးချက် ဒုက္ခစက် တရားတော် | .... | ၉၇ |
| ၇။ | ကာလိကနယ် ဒုက္ခကျယ် တရားတော် | .... | ၁၂၃ |
| ၈။ | မွှန်မသိတွက် ဆင်းရဲနက် တရားတော် | .... | ၁၄၉ |
| ၉။ | ဒုက္ခပတ်ခွေ သံသာရေ တရားတော် | .... | ၁၇၀ |
| ၁၀။ | မဂ္ဂင်ဖောင်ပျံ့ အားကိုးမှုန် တရားတော် | .... | ၂၀၆ |
| ၁၁။ | ကာလစားဖတ် သေဘေးထပ် တရားတော် | .... | ၂၃၄ |
| ၁၂။ | အဟောသိကံ ကြွေးဆပ်ဉာဏ် တရားတော် | .... | ၂၆၄ |
| ၁၃။ | နိဂုံးစကား | .... | ၂၉၆ |

# ''အကြောင်းပြနိဒါန်း''

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

## ''အချိန်၏ တန်ဘိုး''

အကျွန်ုပ်တို့သည် အချိန်ကာလ၏တန်ဘိုးကို အထူးသိတတ်ကြရန် သင့်တန်လှပေပြီ။

နှောင်းလေပြီးသောအခါများက၊ အချိန်ကာလ၏ တန်ဘိုးကို ကောင်းစွာ မသိရှိနိုင်ခဲ့ကြသဖြင့် ကုန်လွန် ကျော်သွား, အလကား ဖြစ်ခဲ့ရသော အချိန်ကာလ၊ အလဟဿ အချည်းအနှီး အကျိုးမပြီးလိုက်သော အချိန်ကာလတို့ကား ရေတွက်ခြင်းငှာ မစွမ်းနိုင်လောက်အောင်ပင် ရှည်လျား များပြားလှလေပြီ။

အထူးသဖြင့်, ယနေ့ မျက်မှောက် ရောက်ရှိဆဲ အချိန်ကာလ၏ တန်ဘိုးကို ပိုမို သိတတ်, အသုံးချတတ်ရန် လိုအပ်ပါပေသည်။

> ''ယခု မျက်မှောက်ကာလ၏ တန်ဘိုးကား အတိုင်းအဆမရှိ ထိုက်တန်လှပေသည် ဆိုသည်ကို အမြဲတစေ သတိပြုကြရပေမည်။''

ထိုကဲ့သို့ အချိန်ကာလ၏ တန်ဘိုးကို ကောင်းစွာ မသိတတ်သဖြင့် အချိန်ကာလ၏ မျိုဝါး စားသောက်ခြင်း ခံခဲ့ကြရသော နာရီ, နေ့ရက်မှ အစ ဘဝများစွာ ကပ်ကမ္ဘာပေါင်းတို့ကား၊ အသင်္ချေ အနန္တ အဆုံးအဆ မမြင်နိုင်လောက်အောင် ပင် များပြားလှလေပြီ။

ယနေ့ မျက်မှောက် ရောက်ရှိနေဆဲ အချိန်ကာလကြီးသည်ကား၊ "ဗုဒ္ဓုပ္ပါဒ-နဝမခဏ" အမည်ရသော အလွန်ထူးမြတ်လှ၍ ရတော င့်ရခဲ၊ ကြုံတောင့် ကြုံခဲလှစွာသော အချိန်ကာလမဟာသမယကြီးဖြစ်သည်ကို အထူး သတိချပ်၍ သိမှတ်ထားရန်လိုအပ်ပါပေသည်။

ယခု တွေ့ကြုံဆုံဆည်းနေရဆဲ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကြီးကို မေ့လျော့ထားကြရန် လုံးဝပင် မသင့်တော် မလျော်ကန်လှပါချေ။

ထိုအသိနှင့် လျော်ညီစွာ ထိုအချိန်ကာသ၏ တန်ဘိုးအဆင့်နှင့်ညီမျှသော အကျိုးကျေးဇူးများကို အရကြိုးကုတ် လက်ဆုပ်ပိုင်ပိုင် ရယူနိုင်အောင် ကြိုးပမ်းသင့်လှပေသည်။

အမှန်ဆိုသော် မိမိတို့က အချိန်ကာလကို ပြန်လည်မျိုဝါး စားသောက်ပစ်နိုင်မှသာ သင့်ကာကျရုံ ရှိပေမည်။

သို့မဟုတ်က ယခုမျက်မှောက် အချိန်ကာလကြီး၏ မျိုဝါး စားသောက်ပစ်ခြင်းကို လှလှကြီး ခံကြရကာ မျက်ကွယ်ဘဝသို့ ရောက်ရှိပြီးမှ နောင်တ,ကြီးစွာ ရမိကြပေလိမ့်မည်။

## အကြောင်းပြ နိဒါန်း

ထိုနှောင်တ,နှင့် ထက်ကြပ်မကွာ ဒုက္ခကြီးစွာလည်း ခံကြရပေတော့မည် ကေန်ဖြစ်သည်ကို အထူး သတိထားကြဘို့ သင့်ပေသည်။

တကယ် အရေးကြုံလာသော် သက်လုံကောင်းရှိရန် ယခုနှယ်က အားသစ်လုပ်ဆောင်ကြရပေမည်။ တကယ် အရေးကြုံလာချေက, အားကိုးလက်ကိုင် မပါခဲ့သော် ချောက်ကျဘို့မှတပါး အခြား မည်သို့မျှ တတ်နိုင်ကြမည် မဟုတ်ချေ။

တကယ် အရေး ကြုံတွေ့လာပါက ဘယ်သားသမီး, ဘယ်ပစ္စည်းနှင့် ရင်းနှီးမိတ်သဟာ, ဘယ်ဆွေညာမျှလည်း ကိုးစားရာ, အားထားရာ ဖြစ်နိုင်ကြမည် မဟုတ်တော့ပါချေ။ ထိုထို အရာတို့ကလည်း ကယ်နိုင် ယူနိုင်ကြမည် မဟုတ်သည်ကို သိမှတ်ထားသင့်ပေသည်။

ထို့ကြောင့် အကျွန်ုပ်တို့သည် နှောင်တ, ရေးမှ ကင်းဝေးလျက်၊ ဒုက္ခဘေးတို့မှ ငြိမ်းအေးကြရလေအောင် ယခု ရောက်ရှိနေဆဲ အချိန်ကာလ၏ တန်ဘိုးကို အမှန်အကန် သိရှိကြပြီးကာ ယင်းတန်ဘိုးနှင့်အညီ အကျိုးတရားများ ရရှိနိုင်သည်အထိ အားသွန် ခွန်ထုတ် အဟုတ်တကယ် ကြိုးစားလိုက်ကြပါကုန်စို့။

အားသစ် ကြိုးစားတော် မူကြရန်ကိုလည်း ထူးခြားလေးနက်စွာ မေတ္တာ, စေတနာ အရင်းထားလျက် များများကြီး တိုက်တွန်းနှိုးဆော်ခြင်း အမှုကို ပြုရပါသည်။

## "သတိရှေ့သွား–ဉာဏ်စေစား"

(၁) န သန္တိ ပုတ္တာ တာဏာယ၊
န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊
နတ္ထိ ဉာတီသု တာဏတာ။ ။

(၁) တာဏာယ၊ မိမိကိုယ်ရေး ဒုက္ခဘေး မရောက်စောင့်ရှောက်ခြင်းငှာ။ ပုတ္တာပိ၊ အသက်ပမာ ချစ်အပ်စွာသီးသားသမီးတို့သည်လည်း။ န သန္တိ၊ မုချပုံသေ မရှိနိုင်ကြလေကုန်။ ပိတာပိ၊ နှလုံးအသွင် ချစ်ခင်ယုယ မိနှင့်ဘတို့သည်လည်း။ န သန္တိ၊ မုချပိုင်ပိုင် မရှိနိုင်ကြလေကုန်။ ဗန္ဓဝါပိ၊ ကောင်းကျိုးမြော်မြင် ချစ်ခင်ကြလွန်း အဆွေခင်ပွန်းတို့သည်လည်း။ န သန္တိ၊ မုချမှန်စွာ မရှိနိုင်ကြပါကုန်။ အန္တကေန၊ ထောက်ထားမညှာ ယုတ်မာလွန်မင်း ရှင်သေမင်းသည်။ အဓိပန္နဿ၊ ထောင်းထုကြိတ်ခွဲ မွမွကြဲအောင် ညှဉ်းဆဲနှိပ်စက်ခြင်း ခံရသောသူအား။ ဉာတီသု၊ ကောင်းဆုကြေညာ ကောင်းရာမြော်ကိုးအဆွေအမျိုးတို့၌။ တာဏတာ၊ မိမိကိုယ်မှောက် ဘေးမရောက်အောင် စောင့်ရှောက်နိုင်မည့်သူသည်။ နတ္ထိ၊ လုံးဝပုံသေ မရှိနိုင်ကြလေကုန်သတတကား။

(၂) တေမတ္တဝသံ ဥတ္တာ၊
ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊
ခိပ္ပမေဝ ဝိသောဓယေ။ ။

(၂) တေမတ္တဝသံ၊ ဤသို့ ကေန် အကြောင်းမှန်ကို ကိုယ်တိုင်ထိမိ ဉာဏ်မြင်သိ၍။ ပဏ္ဍိတော၊ ရှေ့ရေး နောက်ရေး မြော်တွေးနိုင်ဘိ ပညာရှိသည်။ သီလသံဝုတော၊ ကျင့်မြတ်စရိတ သီလ သိက္ခာပုဒ်ကို ကောင်းဟုတ်စွာ စောင့်စည်းလျက်။ နိဗ္ဗာနဂမနံ၊ အေးငြိမ်းခေမံ မြတ်နိဗ္ဗာန် ဝေကံရောက်ကြောင်း မှန်သော။ မဂ္ဂံ၊ ကောင်းစွာဖြောင့်တန်း ခရီးလမ်းကို။ မဂ္ဂံ၊ ငါးပါး ရှစ်ပါး မဂ်ရထားဟု မြတ်ဖျားအင်္ဂါ မဂ်ရတနာကို။ ခိပ္ပမေဝ၊ ယခုဖြတ်ပိုင်း မဆုတ်ဆိုင်းဘဲ ချိန်ပိုင်းရရာ ဆောလျင်စွာသာလျှင်။ ဝိသောဓယေ၊ မရ, ရအောင် ကျိုးဆောင် ထန်ပြင်း ရှင်းလင်းသုတ်သင်ပေရာသတည်း။ ။

(ဓမ္မပဒပါဠိတော် ပဋ္ဌာနစာရာဝဏ္ဏ ဂါထာများ)

တာဝန်ခံ တင်ဆက်သူ

ဦးမြင့်ဆွေ

"မူလ ဓမ္မာစရိယ"

မိတ္ထီလာ။

၁၃၂၇-ခုနှစ်

တာပေါင်းလ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမကာသီသပုဗ္ဗက ဂန္ထာရမ္ဘ

တထာဂတံ အရဟန္တံ၊
ဘဂဝန္တံ မနုတ္တရံ၊
ဝန္ဒာဟံ သုဂတံ ဗုဒ္ဓံ၊
ဝဟတု မမိဒံ ဝရံ။

တထာဂတံ၊ ဒီပင်္ကရာ ထွဋ်ချာမှန်ကင်း မင်းမင်းမိပတိ သမ္မာသမ္ဗောဓိတို့အလား များပြား သတ္တာ ကယ်ဘို့ငှါဟု ချမ်းသာရကြောင်း လာခြင်းလည်းကောင်းတော်မူပေထသော။

တထာဂတံ၊ လောကသုံးခွင် ဘုံအပြင်ဝယ် များဖြင် စားစား အရာများကို ထံပါးစေနိုင် မြင်စွမ်းနိုင်သား စိုးပိုင် သော်နင်း လွှမ်းမိုးတော်မူနိုင်ခြင်းလည်း ရှိပေထသော။

အရဟန္တံ၊ ကိလေယုတ်မာ ရန်မိစ္ဆာကို ပညာလက်နက် စိန်သန်လျက်ဖြင့် ခုတ်ဖျက်သတ်ညှဉ်း အောင်နိုင်တော်မူခြင်း လည်း ရှိပေထသော။

F.1A

အရဟန္တံ၊ လူနတ်ဖြဟ္မာ ရာဇိန္ဒာဟု ရာဇာခေါင်ချင်း အမင်းမင်းတို့၏ ဝမ်စင်း ဦးခိုက် ပူဇော်ခြင်း အထူးကိုလည်း ခံယူတော်မူထိုက်ပေထသော။

ဘဂ္ဂဝန္တံ၊ ဣဿရိယ,ဓမ္မ, ယသစဘိ, သိရိ, ကာမ, ပယတ္တဟု စစလွှမ်းခြုံ ဘုန်းတော်ဂုဏ်တို့ဖြင့် တိုက်ဘုံကျော်ကြား အလွန်ကြီးမားသော ဘုန်းတန်ခိုးတော်လည်း ရှိပေထသော။

အနုတ္တရံ၊ တိ သပါရမီ ငါးလီစာဂ သုံးဝစရိယာ ကျင့်သိက္ခာတို့ကြောင့် အတုလ ဥက္ကဋ္ဌ လွန်ထူးမြတ်သဖြင့် မနှိုင်းအပ်ရာ မယှဉ်သာဘိ အတုမရှိ လွန်မြတ်တော်မူပေထသော။

သုဂတံ၊ ကျိုးရှိဟုတ်မှန် သူနာခံလို မနာလိုသား နှစ်စကားဖြင့် ပိုင်းခြားကျန ချိန်ခါဆလျက် ဆုမ္မသောအား မြိုက်တရားကို ဟောကြားချွတ်ချွေ မိန့်ဆိုတော်မူခြင်းလည်း ရှိပေထသော။

သုဂတံ၊ ဒုက္ခတရံ မဆက်ဆံသား ခေမံမြိုက်ချမ်း သန္တိနန်းသို့ ဖြောင့်တန်းလွယ်ကူ ကြွသွားတော်မူခြင်းလည်း ရှိပေထသော။

ဗုဒ္ဓံ၊ လေးပွင့်သစ္စာ ခိုင်မာလာကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်ကိုယ်တိုင် ဆွတ်ချွေနိုင်လျက် သိပိုင်တော်မူစေတတ်သည့် ဘုရားရှင်ကိုယ်တော်မြတ်ကို။

အဟံ၊ ပဋိသန္ဓေ အိုနာသေဟု ပတ်ခွေဝင်္ဂကြော ဒုက္ခ တောဝယ် မမျောဘို့ရေး ဉာဏ်ကုန်တွေးလျက် လွတ်ရေး ချင့်မြော် တပည့်ဘော်သည်။

ဝန္ဒေ၊ ဘုန်းတော်ဂုဏ်တော် ဉာဏ်တော်အနန္တ အတုလ ထွဋ်မှူး မြတ်ကျေးဇူးတို့ကို ရည်စူးကော်ရော် ဆယ်ဖော်ထိုပ်မိုး ဦးနှိမ်လျှိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

မမ: သျှင်ပင့်ဂုဏ်တော် ကျေးဇူးတော်ကို မြော်ခေါ် ဉာဏ်ကိုး ဆပ်မည်ကြိုးလျက် သည်ပိုးအားထုတ် အကျွန်ုပ်၏။

ဣဒံ၊ သဒ္ဓါ ဝီရာ ပညာကွပ်မိုး ဦးနှိမ်လျှိုးသည် ရှိခိုးပါရ ပဏာမ,မင်္ဂလာ ဤကုသိုလ်ေ‌ာတနာသည်။

ဝရံ၊ နိရုပမိ ဝိမုတ္တိဟု သန္တိငြိမ်းခတ် နိဗ္ဗာန်မြတ်ကို။

ဝရံ၊ မိုးကုတ်ဝိပဿနာ ဒေသနာဟု ကျမ်းစာရေးမည် စိတ်ကြံရည်သည် ဤသည်ကာလ ခါသမယဌ် ဇေယျမင်္ဂသာ အောင်ခြင်းရာလျှင် အောင်ငှါအောင်မှု အောင်စေဆုကို။

ဝဟာတု၊ မကွေ့မကောက် လမ်းမထောက်ဘဲ အရောက် ဆောစွာ ရွက်ဆောင် ပို့သနိုင်ပါစေသတည်း။

# ဓမ္မရတနာ မာတိကာ

## ''ဩဃလေးတန်-မြစ်မျောခံ တရားတော်''

**ဩဃလေးပါး**

(၁) ကာမောဃ .... ငါးပါးအာရုံ ကာမဂုဏ်၌ သာယာခြင်း။

(၂) ဘဝေါဃ .... ရူပါရူပ ဈာန်သမထ၌ သာယာခြင်း။

(၃) ဒိဋ္ဌောဃ .... ငါ့ကိုယ်စသည့် ယူစွဲခြင်းစသော ဒိဋ္ဌိ အမျိုးမျိုးယူခြင်း။

(၄) အဝိဇ္ဇောဃ....သစ္စာလေးပါး မသိ, မမြင်ခြင်း။

**ဆောင်ပုဒ်**

ရိုးရာလုပ်ခင်း၊ ချိန်ကုန်လျှင်း၊ ရပ်ခြင်းဓိပ္ပါယ်မှတ်။
ပဋ္ဌာတပ်၊ မှားကျင့်ကြံ၊ အလွန်အားထုတ်မှတ်။
ရပ်တည်နေပြန်၊ သဿတ၊ ကျင့်လွန်ဥစ္ဆေဒတ်။
အသင့်အတင့်၊ အားထုတ်ကျင့်၊ မြတ်မြင့်မဇ္ဈိမတ်။
သဿတုစ္ဆေ၊ ကွင်းရှောင်တွေ့၊ မဇ္ဈေမဂ္ဂမြတ်။
ယောနိသောပင်၊ ဉာဏ်ရှေ့တင်၊ ငါးခွင်ခန္ဓာချုပ်။
ဖြစ်ပျက်ပြဘိ၊ အနိစ္စသိ၊ မှန်သိ မဂ်လမ်းရပ်။
ဖြစ်ပျက် အနိစ္စ၊ သိပိုင်က၊ ဩဃကုန်လုံးပြတ်။

**သတိချစ်**

ငါးဝအာရုံ၊ သာယာစုံ၊ မှတ်တုံ ကာမောဃ။
ဖြဟ္မာနှစ်ဆယ်၊ ဈာန်ကိုတွယ်၊ မှတ်ဖွယ် ဘဝေါဃ။
ငါ့ကိုယ်စွဲတုံ၊ ဒိဋ္ဌိစုံ၊ မှတ်ကုန် ဒိဋ္ဌောဃ။
သစ္စာလေးအင်၊ မသိမြင်၊ ဝဲသွင် အဝိဇ္ဇောဃ။
သတ္တာထွေထွေ၊ မြုပ်မျောချေ၊ လေးထွေသူ့ လုလ္လ။
မြုပ်မျောသိမြင်၊ လွတ်လိုလျှင်၊ မြန်ပင် အားထုတ်မှ။
လွန်အားမထုတ်၊ ရပ်မဟုတ်၊ ကျင့်ထုတ် မဇ္ဈိမ။

**တရားသား**

ဒကာ ဒကာမတွေကို ဒီကနေ့ ဩဃဆိုတဲ့ အကြောင်းကို ပြောပြရမယ်၊ ဩဃက လေးခု ရှိတယ်၊ လေးခုဆိုတာက ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ ဒီလေးခုကို မှတ်ထားကြ။ ဘာ့ကြောင့် ဒီလေးခုကို ဩဃလို့ ဆိုရသလဲလို့ ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဝဋ်ဆင်းရဲမှာ နစ်မွန်းအောင် မျောအောင် လုပ်တတ်လို့ ဩဃလို့ ခေါ်ဆိုရတယ်။

ဥပမာ–အားဖြင့်ဆိုရင် ဝဲထဲမှာ သစ်ရွက်ကလေးများကို ချလိုက်သလိုဘဲလို့ မှတ်ရမယ်။ ဝဲထဲမှာ သစ်ရွက်ကလေး တရွက်ကို ချလိုက်တဲ့ အခါမှာ ပဌမတော့ သစ်ရွက်ကလေးဟာ လည်ပီးလိုက်နေရတယ်၊ ဝဲအရှိန်က လှည့်သလောက် လည်လိုက်နေပြီး, နောက်တဖြည်းဖြည်း အလည်စိုင်းဟာ ကျဉ်းမြောင်း ကျဉ်းမြောင်း လာတယ်။ အဲဒီလို ကျဉ်းမြောင်းပြီး အလယ် ရောက်တဲ့အခါ မြုပ်သွားတော့တာဘဲ။

ဒကာ ဒကာမတို့ ဒီသစ်ရွက်ကလေး အတူဘဲ၊ သတ္တဝါတွေရဲ့ သန္တာန်မှာ ခုနကပြောခဲ့တဲ့ ဩဃလေးခု ကိန်းနေရင် လူနတ် ဗြဟ္မာ ခန္ဓာအမျိုးမျိုး, ဘ ဝ အ မျိုး မျိုး မှာ လည်ရမယ်၊ အလည်ရပ်တဲ့အချိန်မှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာစတဲ့ ဒုဂ္ဂတိဘဝ ခန္ဓာအမျိုးမျိုးရပီးစုန်းစုန်းမြုပ်ရတော့တာဘဲ၊ဒကာဒကာမတွေ သဘောပါကြပလား၊ ဩဃရဲ့သတ္တိက ဒီလိုအစွမ်းရှိတယ်ဆိုတာ မှတ်ကြရမယ်။

ဒကာ ဒကာမတို့၊ နတ်တဦးက ဘုရားရှင်ကို မေးမြန်း လျှောက်ထားလို့ ဘုရားရှင်က ဟောပြတဲ့ အဓိပ္ပါယ်စကားကို ရှင်းလင်းပြီးပြောပြမယ်၊ပဌမသိထားဘို့ရာက ဩဃလေးပါးတဲ့၊ ဒီလေးပါးက–

(၁) ကာမောဃ .... လောဘ။

(၂) ဘဝေါဃ .... လောဘ။

(၃) ဒိဋ္ဌောဃ .... ဒိဋ္ဌိ။

(၄) အဝိဇ္ဇောဃ .... မောဟ။

ဒီလေးပါးဘဲ၊ ပဌမ သူ့ကိုသိရမယ်၊ ဒုတိယ-သူ့ကိုဖြတ်တဲ့ နည်းကို သိရမယ်၊ သဘောပါကြပလား၊ ဒကာ ဒကာမတွေ ကိုယ့်သန္တာန်မှာ အမြဲတမ်း ဒီလေးဟာ လာနေတယ်၊ ကိုယ့် သန္တာန်မှာ လာတာကို သိမှလဲ ဖြတ်တတ်မယ်၊ မသိရင် မဖြတ် တတ်ဘူး၊ မသိရင် သတိပဋ္ဌာန်မဖြစ်ဘူး၊ မဖြစ်တော့ သတိပဋ္ဌာန ဘာဝနာလဲ မဖြစ်တော့ဘူး၊ ရိပ်မိကြရဲ့လား။

မိမိတို့သန္တာန်မှာ ဖြစ်ပေါ်လာတာကို သိရမယ်၊ သိရင် သတိပဋ္ဌာနဘာဝနာ ဖြစ်မယ်။ ကျေနပ်ပလား၊ ဒါကြောင့် ဒါကို သိအောင် ကြိုးစားရမယ်ဆိုတာ ပေါ်ကြပလား။

**ကာမောဃ**....ဒကာ ဒကာမတို့ ကာမောဃဆိုတာ "အဆင်း ရူပါရုံကလေးဟာ ကာမောဃဘဲ၊ ကာမ၏ အာရုံဖြစ်လို့ ကာမောဃလို့ ခေါ်တယ်၊ ဒီ ကာမအာရုံ သာယာရင် ကာမောဃဘဲ၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခင်တွယ်, သာယာတဲ့ တဏှာဟာ ကာမောဃဘဲလို့သာ မှတ်လိုက်ကြ။

**ဘဝေါဃ** .... ဘဝေါဃဆိုတာက ရူပဘုံ-အရူပဘုံတွေကို ရောက်ချင်တဲ့ တဏှာ၊ သူတို့စျာန်ကို သူတို့ သာယာ, ခင်တွယ်တဲ့ တဏှာကို ဘဝေါဃလို့ မှတ်ကြရမယ်။ ရိပ်မိပလား။

**ဒိဋ္ဌောဃ**....ဒိဋ္ဌောဃဆိုတာက ငါ့ကိုယ်, ငါ့ဟာ ထင်နေတာကို ဆိုတာ။ မိစ္ဆာဒိဋ္ဌိ အယူဝါဒ ခြောက်ဆဲ့နှစ်မျိုးတို့၊ သက္ကာယ အမျိုးနှစ်ဆယ်တို့ကို ဆိုတယ်လို့ မှတ်ကြရမယ်။ဘုရားကသော်၎င်း၊ ဆရာသမားကသော်၎င်း မကယ်တင်ယင် ဒီ ဒိဋ္ဌိတွေထဲမှာ မြုပ်နေရမှာဘဲ၊ သဘောပါပလား။

**အဝိဇ္ဇောဃ**....အဝိဇ္ဇောဃဆိုတဲ့ဟာက နိဗ္ဗာန်တို့ မဂ်ဉာဏ်တို့ ခန္ဓာဒုက္ခသစ္စာတို့ မသိတာတွေကို ဆိုတာ။ အဲဒီ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ်တို့ကို မသိတဲ့ မောဟဟာ အဝိဇ္ဇောဃဘဲ၊ ဒကာ ဒကာမတွေ ရှင်းကြပလား။

**ဩဃလေးပါး**....ဒကာ ဒကာမတို့ ဩဃ လေးခုရဲ့ သဘော သကန်ကို အတော်အတန် ရိပ်မိသွားကြပြီ၊ ဒကာ ဒကာမ

တွေ့ကို အောက်သံသရာ ပို့တာ မြုပ်အောင်လုပ်တာ သူတို့ဘဲ၊ ဒီလေးခုလက်ချက်ဘဲဆိုတာ မှတ်ကြတော့။ ဒါ့ကြောင့် သူတို့ကို "ဩဃ"လို့ ခေါ်ဆိုရတယ်၊ ဒကာ ဒကာမတွေ မြင်ကြပလား။

ဒီ ဩဃတွေ ဝမ်းထဲမှာ ရှိနေရင် ဘုံအထွေထွေ ဘဝ အထွေထွေမှာ လှဲ့ပတ်ခိုင်းမယ်၊ လှဲ့ပတ်ပီး အောက်ကိုဆွဲချမယ်။ သူ့သဘောက သတ္တာတွေကို မူးနေအောင်လဲ ခိုင်းအုံးမယ်။ ခိုင်းပီး အားရတော့ နောက်ဆုံးအပါယ်ကို ဆွဲချမယ်၊ ဒကာ ဒကာမတွေ ကျေနပ်ပလား၊ ဒါ ဩဃရဲ့ သဘော သဘာဝ အမှန်ဘဲ။

သူက ခိုင်းလဲခိုင်းသေးတယ်၊ နောက်ဆုံးသေသည်၏ အခြားမဲ့မှာ မြုပ်လဲ မြုပ်အုံးမယ်၊ ဒီလိုဆိုတော့ သက်သာခွင့် ရနိုင်ပါ့အုံးမလား၊ ဥပမာအားဖြင့် "တောင်သူလယ်သမားရဲ့ ခိုင်းနွား" နဲ့ဘဲ တူတော့တယ်ဆိုရင် မလွဲဘူး ဆိုတာ မှတ်လိုက်ကြ။ တောင်သူ လယ်သမားရဲ့ ခိုင်းနွားဟာ တသက်လုံး အားရအောင် ခိုင်းခံရတယ်၊ ခိုင်းလို့အားရလို့ အိုမင်းမစွမ်းဖြစ်တော့ နွားသတ်ရုံ ရောင်းအစား ခံရရှာတယ်၊ ရိပ်မိကြပလား။

ဒီဥပမာအတူဘဲ၊ ဒီဩဃတွေ ဝမ်းထဲမှာရှိနေရင် ဒကာတို့ကတွေကို ထွန်လဲကောက်မယ်၊ ထယ်နဲ့လဲကောက်မယ်၊ လှည်းကိုလဲ အရှန်းခိုင်းမယ်၊ ဆီဆုံကိုလဲ အလှဲ့ခိုင်းမှာဘဲ၊ အဲဒီလို အမျိုးမျိုး ခိုင်းပီးလို့ အားရတော့ နောက်ဆုံး မရဏ သူသတ်လက်တွင်းအပ်ပီး အပါယ်ကို ပို့လိမ့်မယ်ဆိုတာ သံသယမရှိကြနဲ့တော့၊ သဘောပါကြပလား။

ဒကာ ဒကာမတို့ ကာမဘောဃက သားသမီးနဲ့ လည်တယ်၊ ပစ္စည်းနဲ့လဲ လည်တယ်၊ ဒီနည်းအတိုင်း အလ ည်များလာရင် နောက် နယ်ကျဉ်းသွားပီး, နောက် တခါထဲ မြုပ်တော့တာဘဲ။ လောဘပေါ်ပေါ်၊ ဒေါသပေါ်ပေါ်၊ ပေါ်တဲ့ဘက်ကို လည်ရတာဘဲ၊ အဲဒီလို အလည်များတော့ သေပီးတဲ့နောက် မြုပ်ရမယ်၊ ကျေနပ်ပလား။

ဒကာ ဒကာမတွေ ဒီဝဲထဲမှာလည်ပီး, မြုပ်ချင်ကြသလား၊ အေး,မမြုပ်ချင်ဘူးဆိုတော့ မမြုပ်ချင်ရင် ဘာလုပ်ရမလဲဆိုတဲ့ အချက်ကို သိဘို့လိုတယ်၊ ဒီအချက်ဟာ အရေးကြီးတဲ့အချက်ဘဲ။ ဒီအချက်ကိုမှ မသိရင် အထက်ခိုင်းလဲ သွားရ၊ အောက်ခိုင်းလဲ သွားရ၊ ဘယ်ခိုင်းခိုင်း သွားရမယ်၊ အမျိုးမျိုး လှဲ့နေရမယ်၊ ဒီဝဲကိုမှ မဖြတ်နိုင်ရင် မြုပ်ဘို့ဘဲ ရှိတော့တယ်။

သဘောပါကြပလား၊ ဒကာတို့ကို သြဃလေးပါးက အခုအလှဲ့ခိုင်းမယ်၊ သေတော့အမြုပ်ခိုင်းမယ်ဆိုတာ မှတ်လိုက်ကြ၊ ဒကာ ဒကာမတွေ အခုနေမှာ လုပ်ငန်း အမျိုးမျိုးတွေ လုပ်ကြ၊ ယက္ကန်းစင်တွေ ထောင်ကြ၊ အရောင်း အဝယ်တွေ လုပ်ကြနဲ့ အမျိုးမျိုး အထွေထွေ လုပ်နေကြတယ်။ အဲဒီလို လုပ်နေတာတွေဟာ သြဃက လှဲ့တာဘဲ၊ ရိပ်မိကြရဲ့လား။

ဒကာတို့မှာ ဉာဏ်မပါတော့ အခုကို သြဃလှဲ့တာ ခံနေကြရပီ။ လှဲ့ခံရတာကိုတောင် ခံရမှန်းမသိတဲ့ အဖြစ်က ဆိုးလှတယ်။ သားသမီးတွေကို စိတ်မချလို့ ဟိုအရပ်ပို့, ဒီအရပ်ပို့၊ ဟိုမြို့ထား, ဒီမြို့ထားနဲ့ ထားကြတယ်၊ အဲဒါ သြဃအလှဲ့ခံရတာ

ဘဲ၊ နေရာတကာမှာဘဲ ဩဃအလွဲခံနေကြရတယ်ဆိုတာ မှတ်ကြတော့။

စားတဲ့အခါမှာလဲ စားတဲ့စိတ်ကို ဖြစ်ပျက်မရှုမိရင် ဩဃထဲ လည်မှာဘဲ။ သွားဆိုကိုသွားတဲ့ စိတ်ပေါ်လာလဲ ဒီဉာဏ်မလာရင် ထို့အတူ အလွဲခံရမှာဘဲ၊ ရိပ်မိကြရဲ့လား၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက နေ့တိုင်း အချိန်တိုင်း ဆိုသလို ဩဃလွဲသမျှ ခံကြရတယ်၊ အလွဲခံကြရပေမဲ့ လွဲမှန်းတောင် မသိနိုင်ကြဘူး။ ဒကာ ဒကာမတို့ မသိတာ ဘာအပြစ်ရှိသလဲ ဆိုတော့ "မသိရင် မြုပ်ကြတော့မှာဘဲ"လို့သာ ဆုံးဖြတ်ချက်ချကြ။ ကျေနပ်ပလား။

ဒကာ ဒကာမတို့ မသိဖာသာနေရင် မြုပ်ရလိမ့်မယ်ဆိုတာ ပေါ်ကြပလား၊ ဩဃလွဲတာကို လွဲမှန်းသိကြပါတော့ဆိုတာ သတိပေးလိုက်တယ်၊ ကိုယ်အလွဲခံရတာ လွဲမှန်းမသိဘူးဆိုတော့ အတော်ဆိုးဝါးနေကြပြီ၊ ရိပ်မိရဲ့လား၊ ဒီလို အလွဲခံရရင် မြုပ်ရမှာချည့်ဘဲ ဆိုတာသာ မှတ်ကြ။

အလွဲရပ်မှ အမြုပ်ရပ်မယ်၊ အလွဲမရပ်သမျှ အမြုပ်မရပ်ဘူး၊ ကျေနပ်ပလား၊ ဒကာ ဒကာမတို့ ဘဝေါဃက အထက်သံသရာမှာ လွဲပြီး အောက် သံသရာထဲ မြုပ်ချ လိုက်မယ်။ ကာမောဃက လူသံသရာ, နတ်သံသရာမှာ လွဲပြီး, အောက်သံသရာမှာ မြုပ်ချမှာဘဲ။ ဒိဋ္ဌောဃကျတော့ အောက်ဝဲထဲမှာဘဲ လွဲပတ်ပြီး မြုပ်ချလိုက်မှာဘဲ၊ ရှင်းကြရဲ့လား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရိပ်မိကြပလား၊ အဝိဇ္ဇာ ဩကျပြန်တော့ ခန္ဓာကြီးက ဘယ်လိုဖြစ်ဖြစ် မသိဘူး၊ အဲဒီလို မသိတာတွေဘဲ လွှဲနေမယ်။ သူက ဘာမှမသိဘူး၊ ခန္ဓာမှာ ဘာပေါ်ပေါ် မသိဘူး၊ ပဌမ တခုပေါ်လာတာလဲ မသိ၊ ဒုတိယ ပေါ်လာတာလဲ မသိ၊ တတိယ ပေါ်လာတာလဲ မသိ၊ အဲဒီလို ဘာမှ မသိတာဘဲ လွှဲနေတယ်။

ဒကာ ဒကာမတို့ ဘာမှမသိတဲ့အဖြစ်ဟာ လူသစ်တုံး ဖြစ်နေတာဘဲ၊ ရိပ်မိကြရဲ့လား၊ သစ်တုံးဟာ ရေထဲမှာ လေတိုက်တိုင်း, ရေလှုပ်တိုင်းဆိုသလို ချာချာလည်နေရတယ်၊ ဒါပေမယ့် သစ်တုံးဟာ "ငါချာချာလည်နေပါကလား"လို့ မသိဘူး၊ ဒကာတို့မှာလဲ အဲဒီသဘောဘဲ၊ လူ့သစ်တုံး ဖြစ်နေကြတယ် ဆိုရင် မလွဲဘူး။ မသိတဲ့လူဟာ ဒီအတိုင်းဘဲ၊ ပေါ်ကြပလား။

ဘာမှမသိတော့ အဝိဇ္ဇာ ချယ်လှယ်သလို လူ့သစ်တုံးအဖြစ်နဲ့ လွှဲနေရ။ လွှဲရပြီး, နောက် မြုပ်မယ်၊ သေရင် မြုပ်ရမယ်၊ အခု မသေလို့ မမြုပ်သေးတာ၊ ရိပ်မိကြရဲ့လား၊ ဒကာ ဒကာမတို့ ဒီအတိုင်းသာနေပြီး,ဒီအတိုင်းသာသေရရင်မြုပ်မှာသေချာတယ်၊ "ငါသေရင် ဆွမ်းမသွတ်နဲ့၊ အမျှမဝေနဲ့" လို့သာ မှာခဲ့ကြ။ အောက် သွားတာမို့ အမျှဝေလို့ မရဘူး၊ သဘောပါကြပလား။

ငါဘယ်သွားရမလဲဆိုတာ တွေးမနေနဲ့တော့၊ ဒိဋ္ဌိဩ က,လွှဲ၊ ကာမောဃက,လွှဲ၊ လွှဲတော့ မသိဘဲ သွားမြဲတိုင်း သွား၊ အဲဒါ အဝိဇ္ဇောဃ အလွှဲခံရတာဘဲ။ ရှင်းကြရဲ့လား၊ ဒကာတို့

တတွေက "ဟိုသားသမီးက နေကောင်းရဲ့လား၊ရောင်းချင်တာလဲ ရောင်းရမှ နေရာကျမယ်၊ သူများဆီက ကြွေးတွေလဲ ရအောင် တောင်းဟဲ့"ဆိုပြီး လှဲနေကြရတယ်၊ ဒီထဲမှာ ဒိဋ္ဌောဃက လက် မလွှတ်ဘူး၊ ကာမောဃကလဲ လှဲခံနေရ၊ သူတို့တတွေ တမျိုးပြီး တမျိုးဆိုသလို ကိုယ့်သန္တာန်မှာ ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်ခါ ပျက်ခါ လှည့်ပတ်နေကြတယ်။ အဲဒါ ဒကာတို့တတွေ အလှဲခံ နေကြရတာဘဲ၊ဒီသဘောကိုလဲ ဒကာတို့ကိုယ်တိုင်က မသိရှာကြ ဘူး၊ မရိပ်မိကြဘူး။

အဲဒီလို မသိလေတော့ အဝိဇ္ဇောဃရဲ့ အလှဲကို ခံနေကြရ တာဘဲ၊ အဝိဇ္ဇောဃလှဲတာ ဒကာတို့ ခံရပြန်တာဘဲလို့သာ မှတ် လိုက်ကြ၊ သဘောပါကြရဲ့လား၊ အဲဒီလိုနဲ့ ဒကာတို့တတွေကို ကာမောဃကလဲလှဲတယ်၊ဘဝေါဃကလဲ လှဲ၊ဒိဋ္ဌောဃကလဲလှဲ့၊ အဝိဇ္ဇောဃကလဲလှဲ့နဲ့၊လှဲတာဟာ ဘာကြောင့်လဲ သိကြရဲ့လား၊ ဒကာတို့တတွေကို အောက်သံသရာမှာ မြုပ်အောင်လို့ဘဲ၊ သူတို့ လေးခုက မြုပ်ချနေတာလို့သာ မှတ်ကြ။

ဒကာတို့ကို ဒီ ဩဃလေးခုက မြုပ်ချင်တဲ့အခါ မြုပ်မယ်၊ မျောချင်တဲ့အခါ မျောမယ်ဆိုတာ မှတ်ထားကြ။ ဒါနတွေ အမျိုးမျိုးပြုကြ၊ မဏ္ဍပ်ကန္နားကြီးတွေ ဆောက်ပြီး လှူလိုက်ကြ ဒါန်းလိုက်ကြ၊ နောက်ပြီး, ဒကာတို့ရည်ရွယ်ချက်က "ခုဘဝ သိပ်မကောင်းလို့ ဒီ့ထက်ကောင်းတာလိုချင်တယ်၊ ဟိုဘက်ဘဝ ကောင်းဘို့၊လူချမ်းသာ,နတ်ချမ်းသာတွေ အကြိမ်ကြိမ်ခံစားဘို့ တောင်းယူလိုက်ကြ။ အဲဒီလို တောင့်တပြီး တကယ်လုပ်နေကြ"

အဲဒါတွေဟာ ဘဝေါ ဃကလှဲနေတာ။ ရိပ်မိကြပလား၊ ဒကာတို့ ကိုယ်တိုင်က ဆုတောင်းယူ၊ မပြည့်ဘဲမနေဘူး၊ ပြည့်မယ်ဆိုတာ မှတ်လိုက်ကြ၊ ရှင်းကြပလား။

ဒကာ ဒကာမတွေကို အချိန်ရှိသမျှ နေ့ညမရွေး ဒီလေးခုက လှဲ့နေတယ်၊ လှဲ့တာ အလှဲ့ခံရတာကော သိကြပါရဲ့လား၊ အင်း, မသိကြဘူးတဲ့၊ အဲဒါ အဝိဇ္ဇာလက်ချက်၊ အဝိဇ္ဇာဃ လှက်ချက် မိပြန်တာဘဲ၊ ရိပ်မိကြပလား၊ ဒကာတို့ဟာ လွန်လွန်းပြီထင်တယ်၊ ဒကာ ဒကာမတို့ဟာ ဒီဩဃလေးခုက မလွှတ်ကြရင် လယ် လမ်းနဲ့ မြုပ်လမ်းဟာ ဒို့ဖြစ်စဉ်ဘဲလို့သာ ဆုံးဖြတ်ချက်ချ၊ သဘောပါပလား။

ဒကာတို့ကိုယ်တိုင် ပစ္စည်းရှာတာဟာ ဘာလုပ်ဘို့လဲလို့ မေးတော့၊ ငါစားဘို့တဲ့၊ ငါစားဘို့ရာ ပစ္စည်းရှာတာဘဲတဲ့၊ ငါစား ဘို့ရာ ဘာလေးယူခဲ့အုံးတဲ့၊ အဲဒီလို အသံတွေဟာ ဒိဋ္ဌောဃရဲ့ အလှဲ့ခံနေရတာဘဲလို့သာမှတ်ကြ။ ဘယ်ကိုသွားတုန်း ဆိုတော့ ရောက်ချင်တဲ့နေရာကိုသွားတာဘဲတဲ့၊ ဈေးရောင်းချင်လို့ ဈေးကို သွားလိုက်တာဘဲတဲ့၊ အဲဒါ ကာမောဃရဲ့ လက်ချက်ဘဲ၊ ဈေး သွားလို့ ဆိုင်ရောက်ပြန်တော့လဲ ဘာမှ မသိတော့ဘူး၊ အဲဒီမှာ အဝိဇ္ဇောဃရဲ့ အလှဲ့ကို တချိန်လုံး ခံရပြန်တာဘဲ၊ ရိပ်မိကြ ရဲ့လား။

ဒကာ ဒကာမတို့ တတွေဟာ နေ့ရှိသမျှ အချိန် ရှိ သမျှ ဆိုသလို ဒီလေးပါးဘဲ လှဲ့နေကြတော့တယ်၊ ဩဃလေးမျိုးရဲ့ အလှဲ့ကိုဘဲ ခံနေကြရရှာတယ်၊ ဩဃ မလှဲ့တဲ့အချိန်၊ အလှဲ့မခံရတဲ့

အချိန်ရယ်လို့ တကွက်မှ မပါပါဘူး၊ ဝိပဿနာကင်းတဲ့ အချိန်ဟာ အလွဲခံရတဲ့ အချိန်ချည့်ဘဲလို့သာ ဆုံးဖြတ်ချက် ချကြ၊ သဘောပါပလား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု ဆရာဘုန်းကြီးက ဒကာတို့ဖြစ်စဉ်ကို အမှန်အကန် မြင်အောင်လို့ ပြောပြနေတာ၊ ဉာဏ်နားနဲ့ အဝါးဝအောင်သာ ထောင်ကြပေတော့၊ ဒီလို ထောင်လို့ အမှန်အကန်သိရရင် အမြန်ဆုံး ပြင်ကြဆင်ကြဘို့ဘဲ၊ ပြင်ချိန်ဆင်ချိန်ရှိသေးတယ်၊ ဒါ့ကြောင့် ကြိုးစား, လိုက်နာပြီး ပြင်ကြ ဆင်ကြတော့လို့ သတိပေးလိုက်ပါတယ်။ အခု ဟော နေတာ ဒကာတို့ ခန္ဓာထဲမှာရှိတဲ့ အဘိဓမ္မာကို ဟောပြနေတာ၊ မှတ်တမ်းအဘိဓမ္မာ မဟုတ်ဘူးဆိုတာ မှတ်ကြရမယ်၊ရှင်းပလား။

ဒကာဒကာမတို့ နေ့တိုင်းလုပ်နေတာ ဘာတွေလဲ ရိပ်မိကြရဲ့လား၊ ကိုယ့်အကြောင်း ကိုယ်မသိကြလို့ ဆရာဘုန်းကြီးက ဖော်ပြောနေရတယ်၊ "ငါစားဘို့ ပစ္စည်းရှာ ထွက်ရအုံးမယ်၊ အထုပ်အပိုးပြင်ဟေ့"လို့ ဆိုတော့ ဒိဋ္ဌေဝဿလွဲတာ။ နောက်ပီး ရောက်ချင်တဲ့ဇောနဲ့ဈေးကိုသွားလိုက်တယ်၊အဲဒါကကာမေဝဿ၊ ဈေးရောက်တော့ ဘာမှ မသိဘဲ ဆိုင်ထွက်ရောင်းလိုက်တော့ တာဘဲ၊ အဲဒါက အဝိဇ္ဇောဃ လက်ချက်။ အိမ် အပြန်မှာလဲ ဒီနည်းအတိုင်းဘဲ၊ ကိုင်း–ရိပ်မိကြပလား။

ဒကာတို့တတွေ နေ့ရှိသမျှမှာဘဲ ဒီလေးခု အလွဲခံနေကြရတယ်၊ ဒီ့ပြင် ကြားညှပ်စရာမရှိသလောက်ပါဘဲ၊ ကိုယ့်အဖြစ်မှန်ကို ရိပ်မိကြပလား။ ဒါနဲ့မှ မရိပ်မိသေးရင် ပြင်ချိန်က သိပ်မရှိတော့ဘူး၊ နောင်အခါမှ နောင်တ, အကြီးအကျယ် ရကြ

မယ်ဆိုတာ မှတ်လိုက်ကြ။ ဘုရား ရှိရင်တောင် ဒကာတို့ကို ဒီလောက် ဆစ်ဆစ်ဖုံဖုံ ဟောချင်မှ ဟောမှာပါ၊ ဒီလိုနဲ့မှ နားမထောင်ကြရင် ချောက်ကျချင်လို့ဘဲဆိုတာ မှတ်ကြတော့။ ကျေနပ်ပလား။

ဒကာတို့ အိမ်ကထွက်ရင် ဒီလေးခု လှဲနေတာဘဲ၊ ညနေ ပြန်လာတော့လဲ ဒီနည်းအတိုင်း လှဲပြန်တာဘဲ၊ ဒီသြဃတွေရဲ့ လက်ချက်က လွတ်စရာ အကွက်မရှိကြပါဘူး။ သားကလေး ရှင်ပြု၊ ဇရပ်ကလေး ကျောင်းကလေး ဆောက်၊ အလှူ့ဒကာ ကျောင်းဒကာဆိုပီး, ကျေနပ်နေကြတယ်၊ ငါဟာ ဘာ ကုသိုလ်တွေ လုပ်ပြီးပြီ သေပျော်ပီတဲ့ ပြောဆိုတတ်ကြတယ်၊ ဒကာတို့မှာ သေပျော်တဲ့ အလုပ်က နဲနဲပါးပါးရယ်၊ သြဃက ပိုပြီး များတယ်၊ မသေပျော်ကြနဲ့အုံးလို့ သတိပေးလိုက်တယ်။

ဒကာတို့တတွေ ကုသိုလ်ဒါန ပြုကြတာက ဘယ်လို စိတ်ထားနဲ့လဲလို့ မေးရင် "ဩော်....နောက်နောက် ဘဝအတွက် လူကောင်း, နတ်ကောင်းဖြစ်ပြီး ချမ်းချမ်းသာသာ နေချင်လို့ဘဲတဲ့၊" အခုလှူတာ "ဘဝကူး ကောင်းအောင်လို့ဘဲ" တဲ့၊ အဲဒါ သာမညမျှား မမှတ်လိုက်ကြနဲ့၊ ဘဝဩဃရဲ့ အလှဲကို အကြီးအကျယ် ခံလိုက်ရတာဘဲဆိုတာ မှတ်ကြ၊ သဘောပါရဲ့လား။

ဒီလိုဆိုတော့ ဒကာ ဒကာမတွေ ကိုယ့်အကြောင်း ကိုယ် သိကြပလား၊ ဒီအကြောင်းတွေကို သိရရင် သြဃက လွန်မြောက်အောင် လုပ်ဘို့ဘဲ လိုတော့တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ကိုယ့်အိမ် ကိုယ့်ယာမှာ ဖာသာလဝါ နေရင်းနဲ့ဘဲ အလှဲ့ခံနေရမှ ဒကာတို့က ကျေနပ်နိုင်ကြတာ၊ ရိပ်မိကြပလား၊ မိမိတို့ နေအိမ်ကိုကြည့်ပီး ပျက်တာ စီးတာတွေရတော့ ; "ပျက်လို့ ငါ ပြင်ချင်တယ်" တဲ့၊ ငါပြင်ချင်တယ်ဆိုတာ ဒိဋ္ဌောဃ။ ဒါကတော့ မပျက်သေးဘူး တော်သေးရဲ့တဲ့၊အဲဒါ ကာမောဃ။ ကိုယ့်ခန္ဓာ ကိုယ် အတွင်းမှာ ရုပ်နာမ်ကြောင်းကျိုးတွေဟာ အစဉ်အဆက် ဖြစ်ပျက်ပီးနေကြတယ်၊ဒီသဘောကိုလဲ မရိပ်မိ,မသိရှိဘူး၊အဲဒီလို ခန္ဓာတွင်းမှာ မသိတာက အဝိဇ္ဇောဃ၊ ဒကာ ဒကာမတွေ မရိပ်မိကြသေးဘူးလား။

ဒကာ ဒကာမတို့ ဖြစ်စဉ်ကိုက်ဘဲ၊ ဒါနဲ့မှ မရိပ်မိကြသေးရင် ဒုက္ခအသွယ်သွယ်မှာ လည်ရဘို့၊အပါယ်သံသရာမှာ မြုပ်ကြဘို့ဘဲ ရှိတယ်ဆိုတာ မှတ်လိုက်ကြ၊ ရှင်းကြပလား၊ ဒကာတို့ဖြစ်စဉ်ဟာ လည်လမ်းမြုပ်လမ်းဘဲ၊ တက်လမ်း ဆန်လမ်းမပါဘူး၊ ပေါ့ပေါ့ ကလေးလို့များ မအောက်မေ့လိုက်ကြနဲ့။

ဉာဏ်နဲ့ ခန္ဓာမှာ ကြည့်ပေးကြ၊ ကြည့်ပေးရင် အမှန်မြင် အမှန်သိ, သိကြရမယ်။ ပဌမ ဘုန်းကြီးက လမ်းခင်းပြီး, ဟောပြပေးတယ်။ ဒီအတိုင်း လိုက်နာပီး ခန္ဓာမှာ ဉာဏ်နဲ့ကြည့်တော့ ဒုတိယခန္ဓာက ဟောပြလိမ့်မယ်။ ခန္ဓာဟောတာ ခန္ဓာက ပြောတာကို အမှန်ယူ၊ ခန္ဓာပြောစကား လိုရင်းထားပီး မှတ်ယူကြရမယ်၊ သဘောပါပလား။

ခန္ဓာပြောကို ဉာဏ်နဲ့ မြင်အောင် ကြည့်နိုင်ရင် ဩဃက လွန်မြောက်တော့မယ်လို့သာ ဆုံးဖြတ်ချက်ချကြ။ ဒါ့ကြောင့်

နည်းလမ်းရရင် ခန္ဓာမှာ ဉာဏ်နဲ့ကပ်ပြီး အမှန်သိ၊ သိမြင်ရအောင် မပြတ်ကြည့်ပေးကြလို့ တိုက်တွန်းလိုက်တယ်။

အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဩဿလေးပါးနဲ့ စပ်ဆိုင်တဲ့ အကြောင်းအရာ ဝတ္ထု သက်သေ သာဓက တခုကို ထုတ်ပြီး ပြောရမယ်။ ဒီ သက်သေ ဝတ္ထုက "သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဩဃတရဏသုတ်"မှာ လာတဲ့ အဓိပ္ပါယ်ဘဲ ဆိုတာ မှတ်ကြရမယ်။

ဒကာ ဒကာမတို့ "ကဿပရှင်တော်ဘုရားလက်ထက်အခါ တုန်းက 'ဩဃလေးပါး'ကြားနာဘူးသိမှတ်ထားဘူးတဲ့နတ်တဦး ရှိတယ်ဆိုတာ မှတ်ကြရမယ်၊ အဲဒီနတ်တဦးဟာ "ဩဃလေး ပါး"ကို ကြားနာ မှတ်သားဘူးလို့ ဩဃရယ်လို့တော့ သူသိ တယ်တဲ့၊ ဒါပေမယ့် ဒီဩဃလေးပါးက လွန်မြောက်ကြောင်း တရားကိုတော့ မသိမမြင်ရှာဘူးတဲ့၊ မှတ်မိကြပလား၊ ဒီနတ်က ဩဃကိုတော့ သိဘူး ကြားဘူးတယ်၊ လွန်မြောက်ကြောင်းကို တော့ မသိဘူးတဲ့၊ ရှင်းကြပလား။

အဲဒီ နတ်တဦးဟာ ဂေါတမ ဘုရားရှင် ပွင့်တော်မူလာတဲ့ အခါကျတော့ ဘုရားထံတော်မှောက်၊ လာရောက် မေးမြန်း လျှောက်ထားတယ်ဆိုတဲ့ အဓိပ္ပါယ်ကို မှတ်ကြရမယ်၊ အဲဒီ နတ် လျှောက်ထားပုံက ဒီလိုတဲ့—

"ကထံ နု တွံ မာရိသ, ဩဃမတရီတိ၊"

"အရှင်ဘုရား၊ အရှင်ဟာ ဩဃလေးပါးက ဘယ်လိုလွန်မြောက်ပြီး လာခဲ့ပါသလဲ ဘုရား။"

အဲဒီလို လျှောက်ထားမေးမြန်းလိုက်တယ်ဆိုတာ မှတ်ကြရမယ်၊ ဒကာ ဒကာမတို့ အဲဒီနတ်က သံသရာဝဲဩဃမှာ လည့်တာ မြုပ်တာကိုတော့ သူသိတယ်၊ လွတ်ရာ လွတ်ကြောင်းကိုတော့ သူမသိဘူး၊ မသိလို့ ဒီဩဃကလွန်မြောက်လိုလို့ လွတ်ရာ လွတ်ကြောင်းကို သိချင်လို့ မေးတာဘဲလို့ မှတ်ယူကြရမယ်၊ ဒီနတ်က အခု ဒကာ ဒကာမတွေအတွက်ပါ ဆောင်ရွက်ပေးခဲ့တာဘဲ ဆိုရင် မမှားပါဘူး။

ဒါကြောင့် သူက "အရှင်ဘုရား၊ အရှင်, ဩဃက လွန်မြောက်တာဟာ ဘယ်လိုနည်းနဲ့လွန်မြောက်ခဲ့ပါသလဲ၊ ဘယ်လိုအားထုတ်ပြီး, ဘယ်လိုလုပ်ပြီး လွန်မြောက်ခဲ့ပါသလဲဘုရား"တဲ့ အဲဒီလို လျှောက်ထားမေးမြန်းတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက....

"အပ္ပတိဋ္ဌံ ခွါဟံ အာဝုသော အနာယူဟံ ဩဃမတရိံ၊"

"အိုနတ်သား၊ ငါဘုရားဟာ အလုပ်တခုကို ရပ်လဲမနေဘဲ အလွန်လဲ အားမထုတ်ဘဲနဲ့ ဩဃလေးပါးက လွန်မြောက်ခဲ့တယ်"

လို့–အဲဒီလို အဖြေပေးတော်မူလိုက်တယ်၊ ရှင်းကြရဲ့လား၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တိုတိုနဲ့ လိုရင်း မှတ်ထားဘို့က ဘုရားကိုယ်တော်မြတ်ဟာ ရပ်လဲမနေဘဲ, အလွန်လဲ အားမထုတ်ဘဲ ဩဃက လွန်မြောက်တော်မူခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ဘဲ

မှတ်တတ်ကြပလား၊ တိုတို နှစ်လုံးထဲဘဲ မှတ်ထားကြပါ၊ ဩဿ
က လွန်မြောက်ဘို့ရာ ဘာလုပ်ရမလဲ ဆိုတော့–

(၁) ရပ်လဲ မနေဘူး။

(၂) အလွန်လဲ အားမထုတ်ဘူး-တဲ့။

ဒကာ ဒကာမတွေ ဒီနှစ်လုံးထဲကို မှတ်မိအောင် အရေး
ကြီးတယ်၊ နှစ်လုံးထဲ မှတ်ထားကြ၊ ဘာတဲ့လဲ ဩဃက လွန်
မြောက်ချင်ရင် ရပ်လဲ မနေနဲ့ အလွန်လဲ အားမထုတ်နဲ့တဲ့၊
သဘောပါကြပလား၊ ဒီနှစ်လုံးထဲဘဲ မှတ်ရမှာ၊ ဒါ အိမ်ပါဘို့
အရေးကြီးတယ်၊ ရိပ်မိကြပလား။

ဒကာ ဒကာမတွေ ဆရာဘုန်းကြီးက ပြောတာဟာ အင်
မတန် အရေးကြီးလို့ အရေးကြီးတယ်လို့ပြောတာ၊ ဆရာသမား
အရေးထားသလို၊ ဒကာ ဒကာမတွေဘက်ကလဲ လေးလေး
စားစား သဘောထားပီး လိုက်နာကြရမယ်၊ ဒါမှလဲ အပေးနဲ့
အယူ ညီညွတ်ပေမယ်၊ သေချာကြပလား။

အင်မတန်ကောင်းတဲ့ ဟင်းကို စားစေချင်လွန်းလို့ ကျွေးတဲ့
သူက ကျွေးရင် စားမှသာ ကောင်းတယ်၊ စားတဲ့သူက မစား
ဘဲနေရင် သင့်တော်ပါ့မလား၊ မသင့်တော်ဘူး၊ ဒါကြောင့်
ကြိုးစားပြီး ယူကြပါလို့ သတိပေးလိုက်တယ်၊ ဒကာတို့ဟာ
ပေးထိုက်လို့ ပေးတာကို အရမယူဘဲ ဖျောက်ဖျက် ပစ်ကြရင်
ဘယ့်နှယ်ဆိုကြမတုန်း။ ကလေးကျင့်ဘဲ၊ ကလေးကျင့်တွေ
ဖျောက်ကြဘို့ အချိန်တော်ပြီ၊ သဘောပါကြရဲ့လား။

ဆရာဘုန်းကြီးက သနားလို့ ကရုဏာရှေ့ထားပြီး ပေးနေတာ၊ ဒကာတို့တတွေ မြုပ်ခြင်း, မျောခြင်းက လွတ်စေချင်လို့ ပေးတာ၊ အရေးတကြီးယူကြ၊ ရိပ်မိကြပလား၊ မယူဘဲနေရင် တော်ပါ့မလား၊ မတော်တာသိရင် ယူဖြစ်အောင် ယူကြပါလို့ အထူးဘဲ တိုက်တွန်းလိုက်တယ်။ အခု အထက်က အဓိပ္ပါယ်ကို ရှင်းလင်းပြောမယ်၊ ရပ်လဲ မနေဘူးဆိုတာ ဘယ်လို အဓိပ္ပါယ်လဲ ဆိုတော့ ဒကာ ဒကာမတွေရဲ့ ရိုးရာထုံးတမ်းစဉ်လာ အလုပ်တွေဘဲလို့ သိကြရမယ်။

ရပ်နေတယ် ဆိုတာ မိဘရိုးရာအတိုင်းဘဲ ရောင်းလိုက်, ဝယ်လိုက်, နေထိုင် စားသောက်လိုက်နဲ့ နေကြတာ၊ သားနဲ့ သမီးနဲ့ ပြုံးလိုက် ရီလိုက်ကြ၊ ပျော်လိုက်ကြ ရှင်လိုက်ကြနဲ့ နေကြတာ။ ဒကာတို့ နေ့ရှိသမျှ မရိုးနိုင်, မတင်းတိမ်နိုင်တဲ့ သားရေး, သမီးရေး, စီးပွားရေးတွေနဲ့ နေနေကြတာ၊ အဲဒါမျိုးတွေဟာ ရပ်နေတာလို့ ခေါ်တယ်။ ရိပ်မိကြပလား။

အဲဒီလိုနည်းနဲ့ ရပ်နေရင် ဘာအပြစ်ရှိသလဲ၊ အဲ- ရပ်နေရင်လဲ နေရာမကျဘူးတဲ့၊ ရပ်နေတော့ မြုပ်မယ်တဲ့၊ ဒကာ ဒကာမတို့ ရိုးရာအလုပ်တွေနဲ့ ရပ်နေရင် အပါယ်လေးပါးမှာ မြုပ်ကြရမယ် ဆိုတာသာ မှတ်လိုက်ကြ၊ ရိပ်မိကြပလား၊ အလွန်အားထုတ်ပြန်တော့ ဘာဖြစ်မလဲဆိုတော့ မျောရမယ်တဲ့၊ ရှင်းကြရဲ့လား။

ဒကာ ဒကာမတွေ နေ့စဉ်နဲ့အမျှ ဆိုသလို ရိုးရာအလုပ်တွေ သုံးစံအလုပ်တွေနဲ့ဘဲ အချိန်ကုန်၊ ဒီအလုပ်တွေဘဲ လုပ်နေကြ၊ ဒီလိုလုပ်ကြပြီး ဝိပဿနာမပါတော့ ရပ်နေတယ်လို့ ခေါ်တယ်၊

သဘောပါပါလား၊ အဲဒီလို ဝိပဿနာမပါဘဲ ရပ်နေတော့ မြုပ်မယ်၊ ရပ်နေကြရင် အပါယ်လေးပါးမှာ မြုပ်ကြဘို့သာ ပြင်ထားကြပေတော့လို့ သတိပေးလိုက်ပါတယ်၊ ကျေနပ်ပလား။

ဒကာ ဒကာမတွေ ရပ်မနေချင်လို့ အားထုတ်ပါမယ်ဆိုတော့လဲ ဆရာမှားနဲ့တွေ့ကြ၊ ရှေးဆောင်ပုဂ္ဂိုလ် အမှားနဲ့တွေ့ကြ၊ နေ့ာက်မဟုတ်တဲ့ဟာတွေ လမ်းစဉ်မှားတွေပြပြီး အားထုတ်မိကြ၊ ပဉ္စာတပ-စတဲ့ အကျင့်မျိုးတွေ ကျင့်မိကြ၊ အဲဒီလိုကျင့်မိတာတွေဟာ မျောဘို့ဘဲလို့သာ မှတ်လိုက်ကြ။ မဂ္ဂင်လမ်းကြောင်းက လွဲဖယ်ပြီးတော့ အလွန်အမင်း အားထုတ်တဲ့အကျင့်မှန်သမျှ မျောရမှာချည့်ဘဲ။

မိဘာရိုးရာအတိုင်း ဘာမှမလုပ်ဘဲ ‌နေရင်လဲ မြုပ်မယ်။ ဘုံဘဝအထွေထွေကို တောင့်တပြီး သခ်ါရကုသိုလ် အမျိုးမျိုးတွေကို အားထုတ်ပါးထုတ်ပြုလုပ်နေကြရင်လဲမျောမယ်။နောက်ဘဝကောင်းစားရေးဆိုပြီးဒါန, သီလတွေ အားထုတ်ပြန်တော့လဲမျောမှာဘဲတဲ့၊ ဒကာ ဒကာမတွေ ရိပ်မိကြပလား။

ဒါဖြင့် ဘယ်လိုနေရမလဲ။ မြုပ်မယ့်အလုပ်, မျောမယ့်အလုပ်, နှစ်ခုကို ရှောင်ရမယ်၊ ရှောင်မှ ဖြစ်မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပလား။

ဘုရားရှင်က ရပ်လဲမနေဘူး၊ သိပ်လဲ အားမထုတ်ဘူးလို့ဆိုတော့ မြုပ်လမ်းနဲ့မျောလမ်းကို ရှောင်တာဘဲဆိုတာ ရိပ်မိကြပလား၊ ဒါကြောင့် ဩဃက လွန်မြောက်ဘို့ရာ မြုပ်လမ်းလဲ

မလိုက်နဲ့၊ မျောလမ်းလဲ မလိုက်နဲ့၊ မြုပ်လမ်းနဲ့ မျောလမ်းကို ရှောင်မှဖြစ်မယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒါနပြုပြု, သီလဘဲ ဆောက်တည် ဆောက်တည်၊ ဘာတွေဘဲ လုပ်လုပ်၊ ပြုလုပ်သမျှ ကုသိုလ်တွေမှာ "ဒီ ကုသိုလ်ကြောင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရပါလို၏" လို့ စိတ်ညွတ်ဆုတောင်းပြီး လှူကြ, ဒါန်းကြ, ပြုသုပ်ကြ။ အဲဒီလို ဒုက္ခဝဋ်က ကျွတ်လိုတဲ့ဆန္ဒနဲ့ လှူရင် လှူချင်သလောက် လှူကြ, ဒါန်းကြ၊ ပြုချင်တဲ့ ကုသိုလ်ကို အစွမ်းကုန်သာ ပြုကြတော့လို့ ပြောလိုက်ပါတယ်။

ဒီလိုမှ မဟုတ်ဘဲ ဒကာတို့က လူ့ဆဝ, နတ်ဘဝ အကြိမ်ကြိမ် ခံစားလိုလို့ တောင်းယူကြမယ်ဆိုရင် အဲဒါ သာမညမမှတ်ပါနဲ့၊ မျောမယ့်ဥစ္စာ သွက်သွက်ခါအောင်လို့ နောက်က ထိုးဝါးကူပေးလိုက်တာနဲ့ အတူတူဘဲ၊ မြန်မြန်မျောဘို့ ထိုးဝါးကူလိုက်တာဘဲလို့သာ မှတ်ကြတော့ ရိပ်မိကြရဲ့လား။

ဒကာ ဒကာမတို့ ဘုရားကိုယ်တော်မြတ်ကြီးက နတ်တဦးကို ဟောတဲ့အဓိပ္ပါယ်အချုပ်က "ငါသည် မြုပ်ခြင်း, မျောခြင်းကို ရှောင်၍ မြုပ်ခြင်း, မျောခြင်း အလုပ် မလုပ်ဘဲ၊ အလယ်လမ်း အလုပ်ကိုလုပ်ပြီး သြဃက လွန်မြောက်ခဲ့တယ်" လို့ ဟောတော်မူတာဘဲ၊ ဒကာ ဒကာမတွေ ဘုရားဟာ ဘာကြောင့် သြဃက လွန်မြောက်ခဲ့သလဲ၊ မြုပ်မယ့် အလုပ်လဲ မလုပ်ဘူး၊ မျောမယ့် အလုပ်လဲ မလုပ်ဘူးတဲ့၊ ဒီမြုပ်လမ်း မျောလမ်း နှစ်ခုကြားထဲက အလယ်လမ်းအလုပ် လုပ်လို့ဘဲဆိုတာ သဘောပါကြပလား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိထားကြဘို့က အကုသိုလ်တွေကို လုပ်ရင် မြုပ်မယ်၊ ဝဋ္ဋနွယ်တဲ့ ဝဋ္ဋကုသိုလ်မျိုးတွေကို လုပ်ရင် မျောမှာဘဲဆိုတာ မှတ်ကြရမယ်၊ ရှင်းကြပလား၊ ဒီနှစ်ခုကို ဘုရားက ရှောင်တယ်၊ ဘုရားက ဒီနှစ်မျိုးကို မလုပ်ဘူးတဲ့။ ရိပ်မိကြပလား။

တနည်းအားဖြင့်ဆိုရင် ဘုရားဟာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိနှစ်ခုကြားထဲက အလယ်လမ်းလုပ်ပြီး လွန်မြောက်ခဲ့တယ်တဲ့၊ ဒကာ ဒကာမတို့ ဒီနှစ်ချက်မှာ ကိုယ့်ကိုယ်ကို ခိုင်တယ်, မြဲတယ်ထင်တာဟာ သဿတ အယူဘဲ။သေရင်ပြီးတာဘဲ,ပြတ်တာဘဲလို့ယူတာဟာ ဥစ္ဆေဒအယူလို့ မှတ်ကြ၊ ဒီနှစ်ခုကလဲ မြုပ်မျောလမ်းဘဲ။ ဘုရားက ဒီနှစ်ခုကလွတ်ပြီး ကြားထဲက အလယ်လမ်း လုပ်ခဲ့လို့ သြဃလေးပါးက လွန်မြောက်ခဲ့တာဘဲ၊ ရိပ်မိကြပလား။

ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက "သြဃလေးပါးက လွန်မြောက်ချင်ရင် ရပ်လဲမနေနဲ့၊ အလွန်လဲ အားမထုတ်နဲ့ အလယ်အလတ်နေကြတဲ့၊" သဿတနဲ့ ဥစ္ဆေဒနှစ်ခုကို ရှောင်ပြီး အလယ်လမ်း ဖြစ်တဲ့ မဂ္ဂင်လမ်းလိုက်ကြဆိုတဲ့ အဓိပ္ပါယ်ဘဲ၊ ရှင်းကြပလား။

ဒိဋ္ဌိနှစ်မျိုးလမ်းက အစွန်းလမ်း, အယုတ်လမ်း, မြုပ်မျောလမ်း၊ မဂ္ဂင်လမ်းက အလယ်လမ်း၊ အမြတ်လမ်း, အဆန်လမ်း, နိဗ္ဗာန်လမ်းဘဲ ဆိုတာ မှတ်ကြရမယ်၊ ရှင်းကြရဲ့လား၊ ဒကာ ဒကာမတို့ သဿတလမ်းဆိုတာက ကာမသုခလ္လိကာနုယောဂ အကျင့်လမ်း၊ ဥစ္ဆေဒလမ်းဆိုတာက အတ္တကိလမထာနုယောဂ

အကျင့်လမ်း၊ အဲဒီနှစ်ခုဟာ မြုပ်လမ်းနဲ့ မျောလမ်းဘဲဆိုတာကို ဒကာ ဒကာမတွေ ရိပ်မိကြပြီ။

ကာမသုခလ္လိကာနုယောဂ မြုပ်လမ်း၊ အတ္တကိလမထာနုယောဂ မျောလမ်း။ ဒကာဒကာမတွေ တရားကျင့်တဲ့ အခါမှာ ဒီနှစ်လမ်းကိုရှောင်ပီး ကျင့်ကြရမယ်။ မိဘရိုးရာ ဖါသာလဝါ အနေမျိုးနဲ့လဲ နေလို့မဖြစ်ဘူး။ ခန္ဓာကိုယ်ကို ညှဉ်းပီး, အပင်ပန်းခံပြီး အားထုတ်တိုင်းလဲ မဖြစ်ဘူးတဲ့၊ ရိပ်မိကြပလား၊ တော်စွာ လျော်စွာ အားထုတ်လို့လဲ မရဘူး၊ ကိုယ့်ကိုယ်ကို ညှဉ်းဆဲပြီး ကျင့်လို့လဲ မရဘူးဆိုတဲ့ အဓိပ္ပါယ်ကို မှတ်ကြရမယ်။ ရှင်းကြပလား။

ဒကာ ဒကာမတွေ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ငါဟာကွာတဲ့ အစာရေစာ ခြိုးခြံ, အငတ်အပြတ်ခံပြီး ကျင့်တဲ့ ဒုက္ကရစရိယာအကျင့်နဲ့လဲ ဘုရားမဖြစ်ခဲ့ဘူးတဲ့၊ နောက်, အလယ်လမ်းလိုက်မှ ဘုရားအဖြစ်ကို ရောက်ခဲ့တယ်တဲ့။ အဲဒီကျမှ ဩဃလေးပါးက လွန်မြောက်ခဲ့တယ်လို့ ဟောတော်မူဘယ်၊ သဘောကျကြပလား။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ မိဘရိုးရာ အလုပ်တွေကို ရှောင်ကြ၊ ဒါကိုရှောင်ပြီး အလွန်အားထုတ်တဲ့ လမ်းလဲ မလိုက်ကြနဲ့ဆိုတာ အထူး သတိပေးလိုက်ပါတယ်၊ ကျေနပ်ပလား၊ အခုလို သိရတဲ့ အချိန်ကစပြီး အလယ်လမ်း, အသင့်အတင့် လမ်းကို လိုက်ကြ။ အဲဒါက ယောနိသော မနသိကာရလမ်း မဂ္ဂင်လမ်းဘဲ။

ရပ်နေတော့ မြုပ်တယ်၊ အားထုတ်တော့ မျောတယ်တဲ့၊ ရပ်လဲမနေဘဲ အလွန်လဲ အားမထုတ်ဘဲ အလယ်လမ်းလိုက်ပြီး သြဃက လွန်မြောက်ခဲ့တာဘဲလို့ ဘုရားဟောတော်မူတယ်ဆိုတဲ့ အဓိပ္ပါယ် ရိပ်မိကြပလား၊ ဒါကြောင့် "မင်းတို့သာဝကတွေလဲ သြဃက လွန်မြောက်ချင်ကြရင် အလယ်လမ်း, နှလုံးသွင်းမှန်တဲ့ လမ်းကို လိုက်ကြတဲ့၊ ရိပ်မိကြပလား။

ယောနိသော မနသိကာရလမ်း နှလုံးသွင်း မှန်တဲ့လမ်း ဆိုတာက မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်၊ ကြည့်တော့ ခန္ဓာက အနိစ္စကို ပြရင် အနိစ္စလို့ သိရမယ်၊ ဒုက္ခပြရင် ဒုက္ခလို့ သိ၊ အနတ္တ ပြရင် အနတ္တလို့ သိ။ အဲဒီလို ခန္ဓာက ပြတဲ့အတိုင်း ဉာဏ်က လိုက်သိနေဘို့ အလုပ်ဘဲတဲ့၊ အဲဒါဟာ မဂ္ဂင်လမ်း, အလယ်လမ်းဘဲ ဆိုတာ မှတ်လိုက်ကြ။ ပေါ်ကြပလား။

ဘုရားဖြစ်တာဟာ ဒီလမ်းဘဲ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်တာလဲ ဒီအလယ်လမ်း, နှလုံးသွင်းမှန်တဲ့ လမ်းပါဘဲ။ နိဗ္ဗာန်ကို ဒီအလယ်လမ်းက ရောက်ကြတာချည့်ဘဲ ဆိုတာ ဆုံးဖြတ်ချက် ချလိုက်ကြ။ ရှင်းကြပလား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမှန်အကန် ပြပေးတဲ့ ဆရာသမားနဲ့တွေ့လို့ အမှန်အကန် သိကြရပြီ၊ သိရရင် ဘာလိုသေးသလဲ၊ လိုက်နာပြီး အားထုတ်ကြဘို့တာဝန်ဘဲ ကျန်တော့တယ်၊ ဒါနဲ့မှ မလိုက်ချင်သေးဘူးဆိုရင် အရှက်တကွဲ အကျိုးနဲ့ ကြုံချင်သေးလို့ဘဲဆိုတာ မှတ်လိုက်ကြ။

အရှက်ကွဲရမယ်၊ အကျိုးလဲ အကြီးအကျယ် နဲမယ်ဆိုတာကို လေးလေးနက်နက်ကြီး သတိပေးလိုက်ပါတယ်။ ပေါ့ပေါ့တန်တန်များ မနေလိုက်ကြပါနဲ့။ အင်မတန်ကြီးလေးတဲ့ အရေးပါ။ ရိပ်မိကြရဲ့လား။

အခုခနကာ ဒီမဂ္ဂင်လမ်းကို မလိုက်မိရင် ဒီဘဝကနေ့ ဟိုဘဝ ပြောင်းရ၊ ဒီဘုံကနေ ဟိုဘုံပြောင်းရနဲ့ အရှက်ကွဲကြရမယ်၊ ဒကာ ဒကာမတွေ အလမ္ပါယ် ပခြုတ်ကို ဟိုရွာလှည့်ပြ၊ ဒီရွာလှည့်ပြနဲ့ လှည့်ပြခံရတာလို၊ ဟိုဘဝ၊ ဒီဘဝအထွေထွေမှာ လှည့်ပြီး အရှက်ကွဲခံကြရမယ်။

လူ့ဘဝ၊ နတ်ဘဝ စတဲ့ ခန္ဓာအမျိုးမျိုး၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာစတဲ့ အကောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ ဆင်းရဲဒုက္ခ အမျိုးမျိုးတွေနဲ့ဆိုတော့ အရှက်လဲ ကွဲကြရမယ်၊ အကျိုးနဲလဲ ကြုံကြရမယ်ဆိုတာ ယုံမှားမရှိကြနဲ့၊ ကျေနပ်ပလား။

ဒကာ ဒကာမတွေက တောင်းယူနေကြတယ်၊ "လူ့ဘဝ၊ နတ်ဘဝ၊ လူနတ်စည်းစိမ် အကြိမ်ကြိမ် ခံစံရပါလို၏" တဲ့၊ အဲ-အကြိမ်ကြိမ်ဆိုရင် သွားပြီ၊ ဆပ်ကပ်ပွဲ ရုံပြောင်းပြီး ပြရသလို ဟိုပြရ-ဒီပြရနဲ့ လှည့်ပီး အရှက်ခွဲခံရတော့မယ်။ ရှေးကလဲ အရှက်ကွဲခဲ့ အကျိုးနဲခဲ့ကြရပီ၊ အခုလဲ ဒီအတိုင်း၊ နောက်လဲ ခံချင်သေးတယ်ဆိုရင် တခါမိုက်မက၊ ဆယ်ခါပြန်မိုက်ကြလို့ဘဲဆိုတာ ငြင်းဘို့ မရှိဘူး။ အခုအချိန်မှာ ပြင်ကြတော့၊ နောက်ဆိုရင် ပြင်ချိန် မရှိတော့ဘူး။

ပြင်ဘို့ဆိုတော့ ပြင်ချင်ရင် လွယ်ပါတယ်။ ပြင်ရင် မဂ္ဂင်လမ်းဘက်ကို ပြင်ကြ၊ မဂ္ဂင်လမ်းဆိုတာက ခန္ဓာမှာ ဉာဏ်နဲ့ကြည့်

ပေးရတဲ့လမ်း၊ ဉာဏ်နဲ့ကြည့်တော့ ခန္ဓာက အမှန်အကန် သူ့သဘာဝကို ပြလိမ့်မယ်၊ခန္ဓာက အနိစ္စကိုပြရင် အနိစ္စလို့ ဉာဏ်က သိရမယ်၊ ဒုက္ခလို့ပြရင် ဒုက္ခလို့ သိရမယ်၊ အနတ္တကို ပြရင် အနတ္တလို့ ဉာဏ်က သိရမယ်၊ ရှင်းကြရဲ့လား၊ အဲဒီလို ခန္ဓာက ပြတဲ့အတိုင်း သိရင် အဲဒါဟာ နှလုံးသွင်းမှန်တဲ့ မဂ္ဂင်လမ်းဘဲ၊ သဘောပါကြပလား။

ဒကာ ဒကာမတွေက အနိစ္စကို နိစ္စလို့ ထင်တယ်၊ ဒုက္ခကို သုခလို့ထင်တယ်၊ အနတ္တကို အတ္တလို့ ထင်တယ်၊ အဲဒါ နှလုံးသွင်း မှားတဲ့လမ်း၊ အဲဒီလိုဆိုရင် လမ်းလွဲပီဆိုတာ မှတ်ကြတော့၊ ရှင်းကြပလား၊ ဒကာ ဒကာမတွေ ဆရာသမားနဲ့ မတွေ့ရခင်က ဒီလမ်းမှားနဲ့ဘဲ နေလာခဲ့ကြတယ်၊ လမ်းမှန်ကို တခါတလေမှ မရောက်ခဲ့ကြဘူးဆိုရင် လွဲပါ့မလား၊ မလွဲပါဘူး။

ဒါ့ကြောင့် အခုလို အခွင့်အခါ သင့်တုန်းမှာ လမ်းမှန်ကို လိုက်လိုက်ကြ။ လမ်းမှန်က နှလုံးသွင်းမှန်တဲ့ လမ်းဘဲ။ ဒကာ ဒကာမတို့ နှလုံးသွင်းမှန်ဘို့ လုပ်ကြရမယ်၊ နှလုံးသွင်း မှန်ဘို့ ဆိုတော့ ဘယ်သူ့အပေါ်မှာ မှန်ရမှာလဲလို့ မေးစရာရှိတယ်။ အဲဒီတော့ 'မိမိ ခန္ဓာငါးပါး အပေါ်မှာ နှလုံးသွင်းမှန်ရမယ်'' ဆိုတဲ့ အချက်ကို လေးလေးနက်နက် မှတ်လိုက်ကြ၊ ရိပ်မိကြပလား။

ကိုယ့်ခန္ဓာငါးပါး အပေါ်မှာ ပင်ကိုယ်အရှိနဲ့ အခု အသိနဲ့ ကိုက်ညီနေရင် နှလုံးသွင်း မှန်တာဘဲ။ ဒကာ ဒကာမတွေ ဉာဏ်ရောက်ကြပလား၊ ခန္ဓာအရှိနဲ့ ဉာဏ်အသိနဲ့ ကိုက်ညီရင်

နှလုံးသွင်းမှန်တာဘဲ၊ ရှင်းကြပလား၊ အရှိနဲ့အသိ ကိုက်ရင် မှန်တယ်၊ မကိုက်ရင် မှားတယ်၊ မမှန်ဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား။

ဥပမာ ဆိုပါတော့ ကိုယ်ထဲတနေရာက ယားတဲ့ ဝေဒနာ ကလေးတခု ပေါ်လာတယ် ဆိုပါတော့။ ယားတယ် ဆိုတာ ဝေဒနာက ယားတာ၊ အဲဒီ ယားတာကလေးကို ဒကာ ဒကာမ တွေက "ငါယားတယ်"လို့ လုပ်လိုက်တော့ ဝေဒနာဟာ ငါဖြစ်သွားတယ်၊ အဲဒီလို ဝေဒနာကို ငါလို့လုပ်မိရင် နှလုံး သွင်းမှားပြီ၊ ဝေဒနာ ခန္ဓာကို ငါလုပ်မိရင် နှလုံးသွင်း မမှန် တော့ဘူး၊ ရှင်းကြရဲ့လား။

ဝေဒနာပေါ်လာရင် ဝေဒနာဘဲလို့ သိရမယ်။ ယားတဲ့ သဘောလေးဟာ ဝေဒနာကလေးပေါ်တာဘဲလို့ အမှန်အတိုင်း သိရမယ်၊ သိရင် နှလုံးသွင်းမှန်ပြီ၊ မှန်ရင် မဂ္ဂင်လမ်းပေါ် ရောက် တာဘဲ၊ ဒါ့ကြောင့် ဒကာ ဒကာမတွေ ကိုယ်ပေါ်မှာ ဝေဒနာ ပေါ်ရင် ဝေဒနာဘဲလို့ သိအောင် ကြိုးစားကြရမယ်၊ ဝေဒနာ ပေါ်လာတာသိရင် ဝေဒနာရဲ့ အဖြစ်ကို သိတာပါဘဲ၊ အဖြစ် ကိုသိရင် အပျက်ကိုလဲ သိမယ်ဆိုတာ မှတ်ကြ၊ သဘောပါ ပလား။

ဝေဒနာကို သိတာဟာ ဝေဒနာရဲ့အဖြစ်ကို သိတာ၊ အဖြစ် ကို သိရင် အပျက်လဲ သိတာပါဘဲ၊ ရိပ်မိကြပလား၊ ဝေဒနာ ကလေးရဲ့ အဖြစ်နဲ့အပျက်ကို သိတာဟာ မနသိကာရစေတသိက် နဲ့၊ သမ္မာဒိဋ္ဌိနဲ့ တွဲဝင်လာတာဘဲဆိုတာ မှတ်ကြရမယ်။ နှလုံး

သွင်း မှန်တာက မနသိကာရ၊ အပျက်ကို သိတာ မြင်တာက သမ္မာဒိဋ္ဌိဘဲ၊ ရှင်းကြရဲ့လား။

ဒကာ ဒကာမတို့ ခန္ဓာမှာ ဝေဒနာသုံးမျိုး လှည့်ပြီးဖြစ်နေတယ်၊ ဝေဒနာလွတ်တဲ့အချိန်မရှိဘူး၊ တမျိုးမရှိ တမျိုးတော့ ရှိနေတာဘဲလို့သာ မှတ်လိုက်ကြ။ ကောင်းတယ်, အသင့်အတင့် ရှိတယ်၊ မကောင်းဘူးဆိုတဲ့ ဝေဒနာသုံးမျိုးဘဲ။ ခံလို့ကောင်းတာရယ်၊ခံလို့ဆိုးတာရယ်၊ အသင့်အတင့် ရှိတာရယ်လို့ သုံးမျိုး။ စာလိုပြောတော့ သုခဝေဒနာ,ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ၊ ရှင်းကြရဲ့လား။

ဒီသုံးမျိုးထဲက တမျိုးမဟုတ် တမျိုးဆိုသလို တခုခုကတော့ ရှိနေတာဘဲ၊ ဒါကို ဉာဏ်နဲ့ ကြည့်ပေးရမယ်၊ ကြည့်ပေးရင် ဒီဝေဒနာတွေဟာ ဖြစ်ပြီးပျက်တယ်ဆိုတာကို သိရမယ်၊ ဒီလို သိရင် နှလုံးသွင်းမှန်တဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်ဆိုတာ မှတ်လိုက်ကြ၊ သဘောပါပလား၊ အချုပ်သဘောက မိမိတို့ကိုယ်မှာ ဝေဒနာ ပေါ်တဲ့အခါ ဝေဒနာဘဲလို့ သိရမယ်။ ဒီဝေဒနာဟာလဲ ဉာဏ်နဲ့ ကြည့်တော့ ဖြစ်ပြီး ပျက်တဲ့ သဘော ရှိတာပါဘဲကလားလို့ ဆုံးဖြတ်ချက် ချနိုင်ရမယ်၊ ရှင်းကြပလား။

အဲဒီလို အမှန်အကန်သိရင် ဘာကျေးဇူးများသလဲလို့ ဆိုတော့ အမှန်အကန် သိတာဟာ ဝိဇ္ဇာဘဲ၊ ဝိဇ္ဇာဆိုရင် သမ္မာဒိဋ္ဌိ မဂ္ဂင်ဘဲ၊ မဂ္ဂင်ဆိုတော့ အလယ်လမ်းဘဲ၊ ဒီ အလယ်လမ်း မဂ္ဂင် လမ်းကို လိုက်မှသာ သြဿလေးပါးက လွန်မြောက်မယ်ဆိုတာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ကျေနပ်ကြပလား၊ ဒကာ ဒကာမ တွေ ဒါ့ကြောင့် ရုပ်,နာမ် ဖြစ်ပျက်ကို ရှုမှသာ အလယ်လမ်း ဖြစ်မယ်ဆိုတာ မှတ်ကြတော့။

ဒါကြောင့် ကိုယ့်ခန္ဓာမှာ နှလုံးသွင်းမှန်ပြီး ဉာဏ်နဲ့ကြည့်တဲ့ အလုပ်၊ ဖြစ်ပျက်ရှုတဲ့အလုပ်ကို လုပ်မှသာ ဖြစ်တော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပလား၊ ဒါဖြင့်ကြိုးစားကြ။ မိမိတို့ကိုယ်ပေါ်မှာ ဝေဒနာကို ကြည့်လို့ရှိရင် ဘာဝေဒနာလာလာ ရှုပေးကြ၊ သုခပေါ်လဲ ဖြစ်ပျက်ရှု၊ ဒုက္ခပေါ်လဲ ရှု၊ ဥပေက္ခာပေါ်လဲ ဖြစ်ပျက်သာ ရှုပေးကြ။ ဝေဒနာလေးတွေ ဖြစ်ပေါ်တာကိုလဲ သိရမယ်၊ ဖြစ်ပီး မရှိတော့ဘူးဆိုတာကိုလဲ သိရမယ်၊ သဘောပါကြရဲ့လား။

ဘယ်နေရာမှာဘဲ ပေါ်ပေါ် ဖြစ်ပျက်သာရှုချကြ၊ အဲဒီလို ရှုရင် မဂ္ဂင်ငါးပါး ပေါ်လာတယ်၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ ငါးပါးဘဲ၊ ရုပ်နာမ် အဖြစ်အပျက်ကို မြင်တာဟာ ဒီငါးပါးနဲ့ မြင်တာဘဲ လို့သာ မှတ်ကြ၊ ရိပ်မိကြပလား၊ ဝေဒနာပေါ်တဲ့အခါ အဖြစ်နဲ့ အပျက်ကို မြင်ဘို့ မြင်အောင်ကြည့်ဘို့ အရေးကြီးတယ်။ ဖြစ်ပျက်မြင်ရင် ပါရမီပြည့်ပြီးသားဘဲဆိုတာ ဆုံးဖြတ်ချက်ချ။

မိမိခန္ဓာမှာ ပေါ်လာတဲ့ ဝေဒနာကလေးကို ဖြစ်ပျက်မြင်အောင် ရှုနိုင်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်သွားတယ်။ အဲဒီလို ဝေဒနာ ဖြစ်ပျက်တဲ့ နေရာမှာ မဂ်ပေါ်လာတော့ တဏှာမလာတော့ဘူး၊ ဥပါဒါန်လဲ မလာဘူး၊ ဝေဒနာ ပစ္စယာ တဏှာချုပ်၊ ဥပါဒါန်ချုပ်-ချုပ်ကုန်တော့တယ်၊ အဲဒီတော့ ကာမောဃချုပ်ပြီလို့သာ မှတ်ကြတော့၊ တဏှာ,ဥပါဒါန် ချုပ်တာဟာ ကာမောဃချုပ်တာဘဲ ဆိုတာ ရိပ်မိကြရဲ့လား။

ဝေဒနာကလေးကို ဖြစ်ပျက်ရှုတော့ ဉာဏ်က ဖြစ်ပြီး ပျက်သွားတာဟာ ငါ့ကိုယ်, ငါ့ဟာမဟုတ်လို့ပဲဆိုတာ သိတယ်၊ ပေါ်လာတဲ့ ဝေဒနာကလေး ပျက်သွားလို့ ငါ့ကိုယ်, ငါ့ဟာ မဟုတ်ပါကလားလို့ ဆုံးဖြတ်ချက်ချလိုက်တော့ ဒိဋ္ဌိဿ ချုပ်သွားတယ်။ ဒကာ ဒကာမတွေ ဘယ်လောက် ကျေးဇူးများတယ်ဆိုတာ ပေါ်ကြပလား၊ ပေါ်လာတဲ့ဝေဒနာလေးရဲ့ ဖြစ်ပျက်ကို မြင်လို့ ကာမောဃ, ဒိဋ္ဌောဃ နှစ်ခုလုံး ချုပ်သွားပြီ၊ နေရာကျပလား။

ဒါတွင်ဘဲလားဆိုတော့ မဟုတ်သေးပါဘူးတဲ့။ ရှုတဲ့အခါမှာ နှလုံးသွင်းမှန်လို့ ဖြစ်ပျက်ကို မြင်တာ၊ မမှန်ရင် မမြင်ဘူး၊ ဖြစ်ပျက်ကို မြင်တာဟာ သမ္မာဒိဋ္ဌိနဲ့ မြင်တာ၊ ဒီလို သမ္မာဒိဋ္ဌိနဲ့ မြင်တာမို့ ဒီနေရာမှာ ဝိဇ္ဇာဉာဏ်ကလေး ဝင်လာတယ်၊ ဝိဇ္ဇာ လာတော့ အဝိဇ္ဇောဃလဲ ချုပ်တော့တာဘဲ၊ ရှင်းကြရဲ့လား။

ဒကာ ဒကာမတို့ ဒီမဂ္ဂင်လမ်းအကျင့်ဟာ ဘယ်လောက် အဘိုးတန်တယ်ဆိုတာ ရိပ်မိကြပလား၊ ဖြစ်ပျက်ကလေးတခုကို မြင်တာနဲ့ လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ ဩဃလေးပါးလုံးတခါထဲ အကုန်ချုပ်သွားတယ်၊ ကျေနပ်ကြပလား၊ ဒါက အစွန်းနှစ်ဖက် လွတ်တဲ့ အလယ်လမ်း မဂ္ဂင်လမ်းက သွားလို့ရတဲ့ အကျိုး ကျေးဇူးပဲ။

ဒကာ ဒကာမတို့ အခုသွားတဲ့လမ်းက ကာမဂုဏ် ခံစားတဲ့ လမ်းလဲမဟုတ်ဘူး၊ အလွန်ပင်ပန်းဆင်းရဲပြီး, ဘုံဘဝတောင့်တတဲ့ လမ်းလဲမဟုတ်ဘူး၊ ဒီလမ်းနှစ်လမ်းတို့ရဲ့ အလယ်ဗဟိုက သွားရတဲ့ မဂ္ဂင်လမ်း, အလယ်လမ်းဘဲ၊ သဘောပေါက်ကြပလား။

ဒီလမ်းအတိုင်း တန်းတန်းလျှောက်သွားရင် ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို ကောင်းကောင်းမြင်လာမယ်၊ အဲဒီလို ဉာဏ် အမြင်အားကောင်းလာတဲ့အချိန်မှာ သုံးဆယ့်တဘုံလုံးမှာ ဖြစ် ပျက်သာ ရှိပါကလား၊ ဖြစ်ပျက်ကလွဲလို့ ဘာတခုမျှ မရှိပါ ကလားလို့ သိမြင်လာတော့တာဘဲ။ အဲဒီလိုသိတော့ ဘယ်ဘုံ ဘယ်ဘဝကိုမှ မလိုချင်,မနှစ်သက်တော့ဘူး၊ အဲဒီလို မလိုချင်တဲ့ ဉာဏ်လာရင် ဘဝဝေါဃချုပ်တော့တာဘဲ။

အဲဒီမှာ မဂ်ကိစ္စ မပြီးစီးသေးရင် ထိုက်သည်အားလျော်စွာ ဩဃတွေဟာ တဒင်္ဂ, ဝိက္ခမ္ဘနချုပ် ချုပ်နေတယ်၊ ဆိုင်ရာကိစ္စ ပြီးစီးရင် အမြစ်ပြတ်ဆိုတဲ့ သမုစ္ဆေဒချုပ် ချုပ်ကုန်တော့တာဘဲ ဆိုတာ မှတ်ကြ။ ဒါ့ကြောင့် မဂ္ဂင်အလုပ်လုပ်သူ၊ ဖြစ်ပျက် ရှုသူ ဟာ မြုပ်ခြင်း မျောခြင်းဆိုတဲ့ဩဃက လွန်မြောက်တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။ ရှင်းကြရဲ့လား။

ဒါဖြင့် ဖြစ်ပျက်မရှုသူအတွက် ဩဃ ဆိုတဲ့ မြုပ် ခြင်း မျောခြင်းက မလွန်မြောက်နိုင်ဘူးဆိုတဲ့အချက် ပေါ်ကြပလား၊ ဒါဖြင့် မြုပ်ခြင်းမျောခြင်းက လွတ်လိုရင် ကြိုးစားပြီး ဖြစ်ပျက် ရှုကြဘို့ဘဲ၊ ဒကာ ဒကာမတွေ အခွင့်အခါကောင်းတုန်း အချိန် အခါရတုန်းမှာ ဒီလမ်းနဲ့ဒီစခန်း မလိုက်မိရင် ကိုယ်ကျိုး အကြီး အကျယ် နည်းပြီလို့သာ မှတ်ကြတော့။

ဒီတခါမှလွဲရင် မဟာအလွဲတော်ကြီးဘဲ၊ အပါယ်လေးပါး မှာ ရှိသမျှမီးဟာ ကိုယ့်လောင်ဘို့၊ အပါယ်လေးပါးက ပစ္စည်း ရှိသမျှ ကိုယ့်ပစ္စည်း၊ အပါယ်လေးဘုံဆိုတာ ကိုယ့်အိုးပိုင် အိမ် ပိုင် ဖြစ်တော့မယ်ဆိုတာ သံသယမရှိနဲ့တော့၊ သေချာတယ်၊ ရိပ်မိကြပလား။

ဒကာ ဒကာမတို့ ဘုရားရှင်ထံတော်မှောက်မှာ နတ်သား တဦးက သြဃက လွန်မြောက်ပုံ အခြင်းအရာကို မေးမြန်း လျှောက်ထားလို့ ဘုရားရှင်က ပြန်လည် ဖြေကြားပုံအကြောင်း အစောပိုင်းက ပြောခဲ့ပြီးပြီ။ အခု ဘုန်းကြီးက ဒကာဒကာမတွေ ပြောခဲ့တဲ့ နည်းလမ်းအတိုင်း "ဒီလိုရှုကွ၊ ဒီလိုရှုရတယ်၊ ဒီလိုရှုရင် သြဃက လွန်မြောက်တယ်"လို့ ဟောပြလိုက်တဲ့ အခါ နတ်ကလဲ ဘုရားရှင် ညွှန်ကြားတဲ့အတိုင်း သူ့ ခန္ဓာမှာ ဉာဏ်စိုက်ပြီး ရှုလိုက်သွားလို့ အဲဒီနတ်ဟာ ချက်ချင်း သောတာပန်တည်သွားတယ် ဆိုတာ မှတ်ကြရမယ်။ ကျေနပ်ပလား။

ဘုန်းကြီးတို့ ဒကာဒကာမတွေလဲ ဒီနည်းအတိုင်း လိုက်နာပြီး အားထုတ်ကြရမယ်၊ အားထုတ်ရင် ပဌမ ဖြစ်ပျက်မြင်၊ ဒုတိယ-ဖြစ်ပျက်မုန်းပြီး၊ တတိယမှာ ဖြစ်ပျက်ဆုံးတော့ သောတာပန် တည်မယ်။ ဒီနည်းအတိုင်း ဆက်လက်အားထုတ်သွားရင် အာသဝေါကုန်မယ်၊ ကုန်တာနဲ့ သြဃက လွန်မြောက်တော့တာဘဲ။ ရှင်းကြပလား။

ဒကာ ဒကာမတို့အဘို့ရာ နည်းလမ်းကိုလဲ ရကြပြီ၊ နောက်ထပ် ဘာများ လိုသေးသလဲ၊ ဆရာသမားတာဝန်ကတော့ မလိုတော့ဘူး၊ ဒကာ ဒကာမတို့ တာဝန်ဘဲ လိုတော့တယ်ဆိုတာ ပေါ်ကြပလား၊ ကိုင်း,ဒါဖြင့် ဒီလမ်းကို လိုက်ကြ။ ရိပ်မိကြပလား။

ကိုင်း, ယနေ့...ဒီတွင်ပဲ တော်ကြအုံးစို့။

---

# မဥ္ဇရတနာ မာတိကာ

## "မင်္ဂင်ကျင့်မြတ် ကံကြွေးဆပ်တရားတော်"

---

ကံလေးမျိုး၊

၁....အမည်းကံ။

၂....အဖြူကံ။

၃....အမည်းအဖြူရောသောကံ။

၄....အမည်းအဖြူမရောသောကံ။

ဆောင်ပုဒ်

ကံသာမိဘ၊ ကိုးစားကြ၊ ရှေးက စဉ်အလာ။
ကိုးစားအားထုတ်၊ ကံအလုပ်၊ အဟုတ်ထင်မိရှာ။
ကံအကြောင်းရှိ၊ နောက်ဇာတိ၊ ဗျာဓိ, မရဏာ။
ကံအကြောင်းခံ၊ ဇာတိမှန်၊ ထပ်ပြန် အိုသေနာ။
ဤနည်းလှည့်ပတ်၊ ဒုက္ခထပ်၊ မပြတ်ဘယ်သံသာ။
အားကိုးမှန်ပြင်၊ ဉာဏ်လမ်းဝင်၊ မဂ္ဂင်အားထုတ်ရာ။
မဂ္ဂင်အားထုတ်၊ ကံမျိုးပြုတ်၊ ကင်းချုပ်ဇာတိပါ။

**သတိချပ်**

ဒုက္ခရစရိယာ၊ ခြောက်နှစ်ကြာ၊ မဂ္ဂါလမ်းမပွင့်။
ကိုယ့်ကိုညှဉ်းဆဲ၊ လွန်ဆင်းရဲ၊ လမ်းလွဲချိန်နှောင်းဖင့်။
ကာမသုခ၊ နုယောဂ၊ မြုပ်ရန်လမ်းမသင့်။
အလယ်လမ်းကျ၊ မဇ္ဈိမ၊ ကျင့်မှ ရလွယ်လင့်။
ရှင်တော်ဗုဒ္ဓ၊ ဝန်တာခ၊ မိန့်သံမြွက်ထောက်ချင့်။
အစွန်းနှစ်သွယ်၊ သမ်းမှားပယ်၊ အလွယ်အားထုတ်သင့်။
နာဘေးမလာ၊ ခုချိန်ခါ၊ လျင်စွာ မဂ္ဂင်ကျင့်။
ခန္ဓာ့လမ်းစဉ်၊ မသိလျှင်၊ နောင်တွင် ပူဘေးဆင့်။

**တရားသား**

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီကနေ့ ကံလေးမျိုးကို ဟောလိမ့်မယ်လို့ မှတ်ကြ။ ဒီကနေ့ ဟောမယ့် တရားမှာ ကံလေးမျိုးကိုလဲ သိကြရမယ်၊ နောက်တချက်က ဝိပဿနာ အလုပ်ကို အားထုတ်သူတွေအတွက် အထူး သိမှတ်ထားကြဘို့ အချက်ကိုလဲ သတိပြုဘို့ လိုအပ်တဲ့အကြောင်း သိကြရမယ်။

ဝိပဿနာ အားထုတ်သူများဟာ အလွန်အပင်ပန်းခံပြီး ကြိုးစားအားထုတ်ပြန်လဲ မရနိုင်ဘူးဆိုတဲ့ အကြောင်းကို ဘုရားကိုယ်တော်မြတ်ကြီးက အတိအလင်း ဟောထားခဲ့တယ်ဆိုတာ သေသေချာချာ မှတ်ထားကြရမယ်။

ဘုရားရှင်က "ငါဟာကွာတဲ့ တောထွက်ပြီး ခြောက်နှစ် ပတ်လုံး ဒုက္ကရစရိယာအကျင့်၊ အလွန်ခဲယဉ်းတဲ့အကျင့်ကို အပင် တပန်းခံပြီး ကျင့်ခဲ့တယ်၊ အဲဒီလို ခြောက်နှစ်လုံးလုံး အပင်ပန်း ဆုံး ကြိုးစားပြီး ကျင့်ခဲ့ပေမယ့် မဂ်ဖိုလ်ကို မရနိုင်ခဲ့ဘူး" တဲ့။

ဒီ့နောက် "အလယ်အလတ် အကျင့်ဖြစ်တဲ့ မဇ္ဈိမ လမ်းကို လိုက်မှ အဲဒီအကျင့်နဲ့မှ မဂ်ဖိုလ်ကို ရခဲ့တယ်" ဆိုတဲ့ အကြောင်း ဘုရားဖြစ်တော်မူမှ ပြန်ပြီးဟောလို့ သိကြရတယ်ဆိုတာ မှတ်လိုက်ကြ၊ သဘောပါကြပလား။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရိုးစွဲမှတ်ထားဘို့က "မဇ္ဈိမပဋိပဒါ" ဆိုတဲ့ အလယ်အလတ်ဖြစ်တဲ့မဂ္ဂင်အကျင့်နဲ့ အားထုတ်ကြရမယ်ဆိုတဲ့ အချက်ဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ။ တရားအားထုတ်တဲ့အခါမှာ အလွန်အမင်း ခန္ဓာကိုယ်ကို အပင်ပန်း အဆင်းရဲခံပြီး အားထုတ်နေဘို့ မလိုဘူးဆိုတဲ့ အဓိပ္ပါယ်ကို သိကြရမယ်။

အခု ဒကာ ဒကာမတွေ ဝိပဿနာ အားထုတ်တဲ့အခါမှာ မဇ္ဈိမပဋိပဒါ အလယ်လမ်းကျဘို့ လိုတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရိပ်မိကြပြီ။ အဲဒီလိုရိပ်မိပြီးတော့ တရားကိုကော ဘယ်အချိန်မှာ အားထုတ်ရမှာလဲဆိုတာ သိဘို့လိုသေးတယ်၊ တရားအားထုတ်တာ ဘယ်အချိန်မှာ အားထုတ်ရမှာလဲတဲ့။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ပဌမသန္ဓေ အခါတုန်းက အားမထုတ်နိုင်ခဲ့ဘူးဆိုတာ အားလုံးဘဲသိပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ ပဋိသန္ဓေအချိန်ကို လှပ်ထားလိုက်ပေါ့။ အခု ဒကာ၊ ဒကာမတွေမှာ အသက်ကြီးလို့ ၄၀-အရွယ် ၅၀-ရွယ်တွေ ရောက်နေကြပြီ။ ပဋိသန္ဓေက ဒီဘက်မှာ တနေ့ထက် တနေ့၊ တလထက် တလ ဆိုသလို အို-အိုပြီးလာခဲ့ကြရတယ်၊ ဒါကြောင့် ဒကာ ဒကာမတွေ အားလုံးဟာ အသက်ငယ်ငယ်, အသက်ကြီးကြီး လူအိုတွေချည့်ဘဲဆိုတာ ငြင်းဘို့မရှိကြဘူး။

ဒကာ ဒကာမတွေ သဘောပါကြရဲ့လား၊ အဲဒီလို လူအို တွေချည့်ဘဲလို့ ဆိုပြန်တော့ အိုရာကနေပြီး၊ ဘယ်ဘက်ကိုများ သွားနေကြရတယ်ထင်သလဲ၊ အသေမကြုံသေးခင်မှာ "အိုရာက နေ၊ နာရာကို သွားနေပါတယ်" လို့ ဆိုရင် မမှားဘူး၊ ရိပ်မိကြ ပြီလား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အခုဆိုရင် အိုဘေး လက်ရှိနဲ့ နာဘေးကိုအရောက်သွားနေကြရတယ်ဆိုတာ မှတ်ကြ တော့၊ ရှင်းကြရဲ့လား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ဗျာဓိ ဓမ္မောမှိ, ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ" တဲ့၊ ဒီဗျာဓိဆိုတဲ့ နာဘေးကြီးကို ငါဘုရားသော်မှ မလွန်ဆန်နိုင် ပါဘူးတဲ့။ အဲဒါကြောင့် မင်းတို့သာဝကတွေလဲ ဒီနာဘေးကို ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူးဆိုတာ ဟောထားတယ်။

အဲဒီတော့ အခု ဒကာ ဒကာမတို့တတွေဟာလဲ နာဘေးကို မုချတွေ့ကြုံရမယ်၊ အခု မရောက်သေးလို့ မတွေ့ကြရသေးဘူး ဆိုရင် တချိန်မှာတွေ့ရမယ်၊ "အိပ်ရာ ဖျာကပ်" ဆိုတဲ့ အဖြစ်မျိုး မုချကြုံရမယ်၊ အခု ဒကာတို့အားလုံးဟာ နာဘေးဆီ အရောက် ပြေးနေကြရတယ်ဆိုတာ မှတ်လိုက်ကြ၊ ကျေနပ်ပလား။

ဒါဖြင့် တရားကို ဘယ်အချိန်မှာ အားထုတ်ရမှာလဲလို့ ဆိုတော့ အိုဘေးနဲ့ နာဘေးတို့ ကြားကာလမှာ မရအရ အား ထုတ်ကြရမယ်၊ "အိုမှုက နာမှုသို့ မရောက်မီ စပ်ကြား မှာ တရား အားထုတ်ရမယ်" ဆိုတဲ့ စကားကို လေးလေးစားစား မှတ်သားထားကြဘို့ဘဲဆိုတာ အထူး သတိပေးလိုက်ပါတယ်၊ ရှင်းကြရဲ့လား။

အခုလို အိုမှု လက်ရှိနဲ့ နေ့နေ့ရတုန်း, နာမှု မရောက်ခင် အတွင်းမှာ တရားအားထုတ်ကြရမယ်ဆိုတာ ရိပ်မိကြပလား၊ နာမှုရောက်မှ အားထုတ်ရင် တရားစစ်ကို ရှာရနိုင်ဘို့ မလွယ် တော့ဘူး၊ အတော်ခဲယဉ်းသွားပီဆိုတာ မှတ်လိုက်ကြတော့။ ဒါ့ကြောင့် ဒီအချိန်ကလေး နာမှုမရောက်ခင်ကလေးမှာ အမြန် အားထုတ်ကြပါဆိုတာ အထူးဘဲတိုက်တွန်းလိုက်တယ်။

ဒီလို အိုမှုနဲ့ နေရတုန်း အားထုတ်မှ၊ ဒီအချိန်ကလေးမှာ မိမှ နေရာကျမယ်၊ ဒီအချိန်ကလေးမှာ လက်လွတ်သွားလို့ မထုတ်လိုက်ရရင် ကိုယ်ကျိုးနဲပေါ့လို့သာ ဆုံးဖြတ်ချက် ချကြ တော့၊ ဒီအချိန်မှာ မလုပ်မိလို့ အိပ်ရာဖျာကပ်ဖြစ်ခါမှ လုပ်ပါ တော့မယ်ဆိုလို့ဖြင့် မရနိုင်တော့ဘူး။ ဉာဏ်လေး, ကံလေး, ခန္ဓာဝန်လေးနဲ့ ဘာအရေးမှ စွမ်းဆောင်နိုင်ဘို့ မလွယ်တော့ဘူး ဆိုတာ သတိပေးလိုက်ပါတယ်၊ ဒကာ ဒကာမတွေ သဘောပါ ကြရဲ့လား။

ဒီလိုဆိုရင် ဖြည်းဖြည်းတော့ လုပ်ရအုံးမယ်နဲ့ ပြောတတ်ကြ တယ်၊ "ဖြည်းဖြည်း"မှလို့ လုပ်မနေကြနဲ့ဆိုတာ သတိပေးလိုက် တယ်၊ ဖြည်းဖြည်းမှဆိုရင် သွားပြီလို့သာ မှတ်ကြတော့၊ ဒကာ ဒကာမတွေ ဖြည်းလာတာကြာလျှပြီ၊ မြန်မြန်လုပ်မှဖြစ်တော့မယ် လို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ရှင်းပလား။

ဒကာ ဒကာမတို့ ခန္ဓာက ဘယ် သွား နေ့ သ လဲ ဆို တာ စဉ်းစားကြရမယ်၊ ခန္ဓာက သူ့ လမ်းစဉ်အတိုင်း မှန်မှန် သွားနေ တာဘဲရှိတယ်၊ သူကမပြောင်းလဲဘူး၊ သူက သေရာကို အရောက် သွားနေတယ်၊ အခု မရောက်သေးလို့သာဘဲ၊ ဒီကြားထဲမှာ

သူက အိုရာကနေပြီး, နာရာကို သွားနေရရှာတယ်၊ အခုနေမှာ နာရာ မရောက်ခဲ့သေးလို့သာဘဲ။ နာရာကိုရောက်ရင် ငါးပါး မှောက်မယ်၊ သေရာကိုရောက်ရရင် ချောက်ကျဖို့သာ ပြင်ကြ ပေတော့၊ ရှင်းပလား။

ခန္ဓာက အိုရာကနေ, နာရာကို သွားနေတယ်၊ ဒါဟာ သူ့လမ်းစဉ်ပါဘဲ၊ သူ့လမ်းစဉ်ကို တယ်တော့မှ ပြင်လို့မရဘူး။ အဲဒါကြောင့်, နာမှုမလာခင်အတွင်းမှာ အချိန်ရနိုင်သေးတယ်၊ ဒီအချိန်ကလေးမှာမှ မလုပ်မိရင်, အားမထုတ်မိရင် ကိုယ်ကျိုး နဲပေါ့လို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ကျေနပ်ပလား။

ဝိပဿနာဆိုတာက ကံပြတ်တရား၊ ဒီကံပြတ်တရား ဝိပဿနာ ဆိုတာမျိုးဟာ သာသနာတွင်းမှသာပေါ်တဲ့တရားမျိုး၊ တခြား အချိန်မျိုးမှာ မပေါ်နိုင်ဘူး၊ ဒီ့ပြင်အချိန်မှာ ပေါ်နိုင်ခွင့် မရှိဘူး၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာမှ အင်မတန် ကံထိုက် လို့၊ ကံကြီးလို့ အခုသာသနာနဲ့လဲကြုံ၊ ဝိပဿနာအားထုတ်ခွင့် ကိုလဲ ကြုံနေကြရပြီ။

အခုလို ကြုံတောင့် ကြုံခဲ, ရတောင့် ရခဲ ရလာတဲ့ အခွင့် အရေးမျိုးကိုဖြင့် လက်လွတ်မခံကြရစေနဲ့။ နောက်ထပ်, ဆိုတဲ့ စကားဟာ မလွယ်တော့ဘူး၊ ဒီအနေအတိုင်း, သားရေး သမီးရေး စီးပွားရေးတွေနဲ့ တော်လျှော်နေသွားကြရင် မကြာခင် သေမှု ရောက်ရမယ်၊ သေမှုရောက်ရမှဖြင့် လုံးဝမတတ်နိုင်ကြတော့ဘူး၊ ချောက်ကျဘို့သာ ပြင်ထားကြ။

ဒကာ ဒကာမတို့ရဲ့ အဖြစ်သနစ်တွေ, ဒီအရေး တွေကို ဘုရားက သိတော်မူ မြင်တော်မူလို့ အင်မတန် ဘနားကြင်နာ

တော်မူလွန်းလို့ လေးဆဲ့ငါးဝါအတွင်းအကြိမ်များစွာ အထပ်ထပ် မှာတော်မူခဲ့ပါတယ်။

"အခုနှယ်က ဝိပဿနာ အားထုတ်ကြ၊ မဂ္ဂင်အလုပ်လုပ်ကြ။ သားရေး သမီးရေး စီးပွားရေးတွေနဲ့ မေ့လျော့ပေါ့တန်ပြီး အမှတ်မဲ့ မနေလိုက်ကြပါနဲ့။ သေခါနီးမှ အကြီးအကျယ် နှလုံးမသာမယာနဲ့ နောင်တကြီးစွာ မဖြစ်ကြစေနဲ့။"

အဲဒီလို အကြိမ်များစွာ သတိပေးစကားမှာကြားထားတော်မူခဲ့တယ်၊ အဲဒါ အလွန်အရေးကြီးလွန်းလို့ မှာတော်မူတာဘဲ ဆိုတာ ဆုံးဖြတ်ချက်ချကြ။ ဆုံးဖြတ်ပြီး, အမြန်ဆုံး အားထုတ်ကြပါလို့ တိုက်တွန်းလိုက်တယ်။

ဒကာ ဒကာမတွေ ကြပ်ကြပ်ကြီး သတိပြုကြပါ၊ ကိုယ့်ဖြစ်စဉ်က လမ်းဆိုးလမ်းကြမ်းကြီးသွားနေရတာပါ၊ ကောင်းကွက်တချက်ကမှ မပါကြဘူး။အခု ဒီအချိန်ကနေပြီး, မရဏစခန်းကို အရောက်လှမ်းနေကြရတယ်၊ မရောက်သေးလို့သာ တရားနာခွင့် အားထုတ်ခွင့်ရနေကြသေးတာ၊အဲဒီစခန်းရောက်မှဖြင့် သားသမီး ပစ္စည်း ဆွေမျိုးကို အားကိုးဘို့ဝေးလို့ ဘုရားတောင် မကယ်နိုင် မယူနိုင်တော့ဘူး။ အားကိုးစရာဝေးပြီဆိုတာ မှတ်ကြတော့။ အဲဒီအခါမျိုးကျကာမှ "ငါတော့ အနေမှားခဲ့လို့ အသေမှားနဲ့ ကြုံရချေပေါ့"လို့ ဆိုပြီး အကြီးအကျယ် နှလုံးမသာမယာနဲ့ ဘေးသင့်ပြီး သေရမယ်၊ ရိပ်မိကြရဲ့လား။

သေခါနီးလို့ နာရီပိုင်းလောက်ပဲ လိုတော့တဲ့ အချိန်အခါကျတော့ ကိုယ့်,ကိုယ်တိုင်ကလဲ ကောမုချ သေရတော့မှာဘဲ၊

ဒီဘေးကဖြင့် မလွတ်နိုင်တော့ဘူးဆိုတာ သိနေပြီ၊ အဲဒီအခါမှာ ခြေဖျားကစပြီး သွေးကလဲ တဖြည်းဖြည်းဆုတ်လာပြီ၊ ဆွေမျိုးသားချင်းတွေကလဲမထင်တော့ဘူး၊ ဆေးဆရာကလဲ လက်လွှတ်သွားပြီ။ သားသမီး သားမယားစတဲ့ ရင်းနှီးသူတွေကလဲ မျက်ရေကလေး စမ်းစမ်းနဲ့ မြှော်လင့်ချက်ကုန်လို့နှာခေါင်း တရှုပ်ရှုပ်လုပ်ကုန်ကြပြီ။

ဒီလိုအခါကျပလားဆိုမှဖြင့် ကြောက်ချေးတွေ, ဇောချေးတွေက ထွက်,မျက်စိမျက်နှာတွေလဲ ပျက်လို့ အင်မတန် ကြီးကျယ်တဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းနဲ့ ကြုံနေပြီ။ စုတိက တော်တော်နဲ့လဲမချုပ်သေးဘူးတဲ့၊မချုပ်သေးတာက သွားရမယ့်လမ်းက မသေချာသေးလို့ဘဲတဲ့။ လုပ်ခဲ့တဲ့ အကုသိုလ်တွေက စုံနေသေတော့ "သူက အရင် အကျိုးပေးမယ်၊ ငါက အရင် အကျိုးပေးမယ်"နဲ့ အာရုံနိမိတ် အမျိုးမျိုးတွေက အလုအယက် ပေါ်နေလို့ဘဲတဲ့၊ ရိပ်မိကြပလား။

အဲဒီအခါမှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ နိမိတ်ဆိုးတွေက အမျိုးမျိုး ပေါ်နေတော့၊ နှလုံးသွေးက ပွက်ပွက်ဆူ, အပူကြီးပူပြီး ဂယောင်ချောက်ချားနဲ့ တောင်ဆွဲမြောက်ဆွဲ ဆွဲပြီး အားကိုးအားထား ရှာတော့တယ်၊ရှာပေမယ့် အားကိုးစရာ, အားထားစရာ အဲဒီအချိန်မှာ မရနိုင်တော့ဘူး။ ဒီအခါမှာမှ "ငါတော့ အနေမှားခဲ့လို့ အသေမှားနဲ့ ကြုံရချေပေါ့ကလား"လို့ အကြီးအကျယ် နောင်တနဲ့ အပါယ်လေးပါး ကျရရှာတယ်ဆိုတာ ယုံမှားမရှိကြနဲ့။

ဒါကြောင့် ဒီလိုအဖြစ်သနစ်တွေကို ကရုဏာရှင် ကိုယ်တော်မြတ်ကြီးက "ဒီကြားထဲမှာ မဂ္ဂင်လမ်းခွဲ ရှာကြ၊ မဂ္ဂင်လမ်းခွဲ

လိုက်ကြ၊ မေ့လျော့မနေကြနဲ့”လို့ အကြိမ်ကြိမ် ဟောတော်မူခဲ့တာဘဲဆိုတာပေါ်ကြပလား၊ဒါကြောင့်အခုအချိန်မှာ ပေါ့တန်နေလို့ မဖြစ်တော့ဘူး၊ အမြန်ဆုံး ဒီမဂ္ဂင်လုပ်ငန်း လမ်းခဲ့အလုပ်ကိုဖြင့် လုပ်မှသာ ဖြစ်တော့မှာဘဲဆိုတာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ကျေနပ်ပလား။

ဒကာ ဒကာမတို့ သေခါနီးမှာ ဝိညာဏ် မချုပ်နိုင်တာဘာလို့လဲဆိုတော့ သွားရမဲ့လမ်းက မသေချာသေးလို့ဘဲဆိုတာ မှတ်ရမယ်။ သေချာပြီဆိုတော့ အာရုံနိမိတ်တွေ ထင်လာတယ်။ ပြိတ္တာဖြစ်ရမယ် ဆိုရင် “တောင်ကြီးတွေ, ကမ်းပါးကြီးတွေ ချောက်ကြီးတွေ, တောကြီးတွေ, စိမ့်ကြီးမှိုင်ကြီးတွေ မြင်လာတတ်တယ်။ ငရဲဆိုရင် ငရဲမီးတွေ, ငရဲအိုးတွေ, ငရဲထိန်းတွေ, မီးတောက်မီးလျှံတွေ, ခွေးနက်ကြီးတွေစတဲ့ အာရုံတွေ ထင်လာမြင်လာတတ်တယ်၊သတ်ဖြတ်,ခုတ်ထစ်နေတာတွေလဲမြင်ရတယ်။

လူ့ပြည်ဆိုရင်လဲ အမိဝမ်းရေတွေ လူ့ဆိုင်ရာ အာရုံတွေ မြင်လာတတ်တယ်၊ နတ်ဆိုပြန်တော့ နတ်သမီး,နတ်သားပဒေသာပင် ဥယျာဉ်ဗိမာန်စတဲ့ အာရုံနိမိတ်တွေ ထင်လာမြင်လာ တတ်တယ်။ မိမိပြုထားတဲ့ ကံရဲ့နိမိတ်တွေ ပေါ်ရတာဘဲ၊ ဒီ့ပြင် တခြားက အကြောင်းမဲ့ ပေါ်တာမဟုတ်ဘူး၊ မိမိပြုလုပ်ခဲ့တဲ့ ကံတရားအတိုင်း အကျိုးပေးချိန်နီးလို့ပေါ်တဲ့ အာရုံနိမိတ်တွေဘဲဆိုတာ မှတ်ကြ။

အဲဒီအချိန်မှာ စောစောက ဝိပဿနာအလုပ်, မဂ္ဂင်အလုပ်ကလဲ လုပ်မထားမိ၊ မလုပ်မိတော့ သားခင်, သမီးခင်, ဆွေခင်,

မျိုးခင်၊ ပစ္စည်းခင်နဲ့ ဖြတ်ဆို ဝေဒနာလာလို့ သေခါနီးကျတော့ မျက်နှာညှိုးပြီ။ အဲဒီအချိန်မှာ ဘယ်သူမှ မတတ်နိုင်တော့ဘူးတဲ့၊ အာရုံ နိမိတ်တွေကလဲ မကောင်းဆိုးဝါးတွေ ဆိုတော့ အကြီးအကျယ် ကြောက်ပြီး နှလုံးမသာယာနဲ့ အကြီးဆုံးဒုက္ခကို ခံရရှာတယ်။

ဤခန္ဓာတွေ တချို့ကလဲ ချုပ်ကုန်ပြီ၊ ဝေဒနာတွေကလဲ ပြင်းပြင်းထန်ထန် အနှိပ်စက်ခံနေရနဲ့ ဆိုတော့ ပြင်ချိန်လဲ မရ၊ ပြောချိန်လဲ မရတော့ဘူး၊ အဲဒီအခါမှ "ငါတော့ အမှားကြီး မှားပါပေါ့ကလား"ဆိုတာ သိပြီ။ သြော်....အရင်တုန်းက အနေဆိုးနေခဲ့လို့ အခု အသေဆိုးဖြင့် ကြုံရပေါ့ဆိုပြီး မျက်နှာအကြီးအကျယ် ပျက်တယ်၊ မျက်နှာညှိုးတယ်၊ မျက်ရေပူတွေ ပေါက်ပေါက်ပြီး စီးကျတယ်။ ဘေးက လူနာစောင့်တဲ့ သူတွေက မျက်ရည်တွေ သုတ်ပေးကြရတယ်၊ ဘာမှတော့ မသိရှာကြဘူး၊ ဟိုလူနာက သွားရမယ့် လမ်းဆိုးကြီးကို မြင်နေရလို့တဲ့။ သဘောပါကြပလား။

ဒါ့ကြောင့် မဟာကရုဏာတော်ရှင် ကိုယ်တော်မြတ်ကြီးက ဒုက္ခာ ဒုက္ခမတွေရဲ့ အကြောင်းစုံတွေ အဖြစ်သနစ်တွေကို သိတော်မူ မြင်တော်မူလို့ အင်မတန် သနားကြင်နာတော်မူလွန်းလို့ "အကြိမ်ကြိမ်အထပ်ထပ် မှာတော်မူခဲ့တာဘဲ"ဆိုတာ ရိပ်မိကြပလား၊ ဘုရားနေတော်မူရတာ ၄၅-နှစ်ထဲဘဲ၊ ဒီအထဲက အကြိမ်ကြိမ် မှာတော်မူတယ်ဆိုတာ သာမညအရေး မဟုတ်ပါကလား၊ အလွန်ကြီးတဲ့အရေးမို့ဘဲလို့သာ ဆုံးဖြတ်ချက်ချပြီး ဘုရားစကားကို နားထောင်ကြရမယ်။

"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။"

ဘိက္ခဝေ၊ ငါ၏ ချစ်သား တပည့်များတို့။ ဈာယထ၊ သမထ, ဝိပဿနာရှုကြကုန်။ မာ ပမာဒတ္ထ၊ သွားရေး သွီးရေး စီးပွါးရေးတွေကြောင့် မေ့လျော့ပေါ့ဆပြီး မနေလိုက်ကြပါနဲ့။

ပစ္ဆာ၊ သေရာညောင်စောင်း လျောင်းစက်ရာ နောင်အခါကာလကျမှ။ ဝိပ္ပဋိသာရိနော၊ ဩော်...ငါ အနေမှားခဲ့မိလို့ အသေမှားနဲ့ ကြုံရပါပေါ့ကလား၊ ဒုက္ခကြီးလှလှရောက်ရပါပေါ့ကလားလို့ နှလုံးမသာမယာခြင်း ရှိကြကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါစေလင့်။

အဲဒီလို မှာတော်မူခဲ့ပါတယ်၊ ဒါဟာ ဘုန်းကြီးကမှာတာ မဟုတ်ပါဘူး၊ ဘုရားက မှာတော်မူခဲ့တာ၊ ဘုရားစကားတော်မို့ လေးလေးစားစားနဲ့ လိုက်နာသင့်တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။ အင်မတန်ကြီးတဲ့ အရေးမို့ အကြိမ်ကြိမ် မှာတော်မူခဲ့တာဘဲ၊ ၄၅-ဝါ အတွင်းမှာ ခုနစ်ရက် တကြိမ်ကျလောက် မှာတော်မူခဲ့ပါတယ်၊ မှာတော်မူခဲ့တဲ့ အကြိမ်ပေါင်းက ထောင့်ခုနစ်ရာ့ကိုးဆဲ့နှစ်ကြိမ်တိုင်တိုင် ဆိုတော့ ဘယ်လောက်ကြီးတဲ့ အရေးလဲဆိုတာ စဉ်းစားကြည့်ရင် သိနိုင်လောက်ပါတယ်။

ဒါ့ကြောင့် ဒီ့ပြင် အရေးအရာတွေ ခေတ္တခဏလောက် ချထားပြီး ဒီ ဝိပဿနာ မဂ္ဂင်အလုပ်ကို ရှေ့ထားပြီး လေးလေး စားစားနဲ့ အမြန်ဆုံး လုပ်သင့်တယ်၊ လုပ်ကြပါဆိုတာ ထူးထူး ခြားခြားဘဲ တိုက်တွန်းလိုက်ပါတယ်။ အခုနှယ်မှ မလိုက်နာခဲ့ရင်

အခု မေ့သလောက်, အခု ပျော်နေသလောက်, နောက်အခါမှာ မဲ့ရမယ်ဆိုတာ ယုံမှားမရှိကြနဲ့၊ မုချ သေရတော့မယ်။

အခုအချိန်မှာ မဂ္ဂင်လမ်းခွဲအလုပ်ကိုမှ မလုပ်မိရင်, နောက်အခါ သေခါနီးမှ နောင်တကြီးစွာ ရကြမယ်။ အဲဒီအခါမှာ ငရဲမီးတွေ, မီးလျှံတွေ, ငရဲအိုး, ငရဲထိန်းတွေကိုမြင့်,ခွေးနက်ကြီးတွေကဆွဲ, စွန်ရဲကြီးတွေ,လင်းတကြီးတွေကဝဲနဲ့ ထင်လာမြင်လာတတ်တယ်၊ အဲဒီလိုဟာတွေ မြင်ထင် လာလေတော့ အကြောအချဉ်တွေက ဆတ်ကနဲ ဆတ်ကနဲ ဆွဲလာကြတော့တယ်၊ အဲဒီလို အခါကျမှဆိုရင် လမ်းခွဲ မရှိတော့ဘူး၊ ဒီအဖြစ်မျိုးဟာ ကြုံရမြဲဓမ္မတာဘဲ၊ ရိပ်မိကြပလား။

ဥပမာဆိုရင် တရားသူကြီးက ဒီဂရီချတော့မယ့် အချိန်ပိုင်းကလေးလောက်ဘဲ ကျန်တော့တယ်၊ အင်မတန် နီးကပ်နေပြီမို့ မတတ်နိုင်တော့ဘူးဆိုတာ မှတ်လိုက်ကြ။ဒါကြောင့်ကရုဏာရှင်ကိုယ်တော်ကြီးက "ဝိပ္ပဋိသာရိနော၊ အချိန်ရှိတုန်းက ငါ့အနေမှားခဲ့မိလို့ ယခုနေအခါ အသေမှားနဲ့ ကြုံရပါပေါ့ကလားလို့ နောင်တကြီးစွာ နှလုံးမသာယာခြင်းသည်။မာ အဟုဝတ္ထ၊ မဖြစ်ကြပါစေလင့်" လို့ မှာတော်မူခဲ့တာဘဲဆိုတာ ပေါ်ကြပလား။

အဲဒီလို အခါမျိုးမှာ သားသမီး,သားမယား, ခင်တာ,မင်တာတွေလဲ အကူအညီမရဘူး၊ ပစ္စည်းတွေလဲ အားကိုးလို့မရ၊ဆွေမျိုးဉာတကာတွေလဲ မတတ်နိုင်။ ဘယ်သူ ဘယ်ဝါ ဘယ်ဟာမျိုးမှ အကူအညီမရ၊ အားကိုးဘို့လဲ မရတော့ဘူး။ အိပ်ယာပေါ်မှာ ပက်လက်ကလေးနေ, မျက်ရေစက်လက်နဲ့ စိတ်စက်လဲမသက်သာ အကြီးအကျယ် နှလုံးမသာမယာ, သောကကြီးစွာရောက်ရမယ်ဆိုတာ မှတ်ကြတော့။

ဒကာ ဒကာမတွေ အခုနှယ်က ဝိပဿနာ လုပ်ထားကြရင် ဖြင့် ဒီလို အဖြစ်ဆိုးမျိုးကို မကြုံရပါဘူးဆိုတာ အထူးသတိ ပေးလိုက်ပါတယ်။

ဘုရားကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမတို့....နှစ်ခွန်း မပြောပါဘူး၊ တခွန်းတည်းနဲ့ အမှန်ပြောတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဟိုကြွရ, ဒီကြွရ၊ ဟိုသူ့ ချတ်ရ, ဒီသူ့ ကယ်ရနဲ့ ကိုယ်တော်ကြီးမှာ များများပြောချိန် မရဘူး။ ဒါကြောင့် အထူးတလှည့် မှာတော် မူခဲ့တာမို့ အထူး ဂရုစိုက်ပြီး လိုက်နာသင့်တယ်ဆိုတာ ဆုံးဖြတ် ချက်ချကြ။

အချိန်ဆွဲပြီး လှည့်စား မနေကြနဲ့တော့၊ ကိုယ့်ကိုယ်ကိုလဲ မလှည့်စားနဲ့၊ ဘုရားကိုလဲ မလှည့်စားကြနဲ့၊ လှည့်စားနေလို့ မဖြစ်တော့ဘူး၊ အချိန်က သိပ်မကျန်တော့ဘူး၊ လှည့်စားနေရင် ကိုယ်သာ နစ်နာဘို့ရှိတယ်ဆိုတာ မှတ်လိုက်ကြ။

ဒါကြောင့် အခု အချိန်ကလေးရှိတုန်းမှာ ပြင်ကြ, ဆင်ကြ တော့၊ အိုမူက နာမှုကို မရောက်ခင်ကလေးအတွင်းမှာ ဝိပဿနာ တရား လုပ်ဖြစ်အောင်လုပ်လိုက်ပါဆိုတာ တိုက်တွန်းလိုက်တယ်။

အခု ပေါ့တန်နေရင် သေခါနီးမှာ အကြီးအကျယ် ဒုက္ခ ကြုံရမယ်။ မျက်လုံးကတော့ မမြင်တော့ဘူး၊ ဒါပေမဲ့ ငရဲ နိမိတ်တွေ ပြိတ္တာ နိမိတ်တွေကို ဝမ်းထည်းက မြင်နေရတယ်။ ခွေးနက်ကြီးက ကိုက်ဆွဲလိုက်သလိုလို, ငရဲထိန်းတွေက ဖမ်းကိုင် လိုက်သလိုလို, ကိုယ့်မနောထည်းမှာ မြင်နေရတယ်၊ အဲဒီအချိန် မျိုး ရောက်မှ ငါတော့ မှားပေါ့ဆိုလို့ မရဘူး။ ဒါကြောင့် ရမယ်မရှာနဲ့တော့။ အခု အမြန်ဆုံးလုပ်ကြပါဆိုတာ ပြောလိုက် ပါတယ်။ ကျေနပ်ကြပလား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဟိုအရေး ဒီအရေးတွေနဲ့ အချိန် မကုန်ကြစေနဲ့၊ မဟုတ်တာတွေနဲ့ အချိန် ဖြုန်းနေရင် ဒုက္ခလှလှကြီး ကြုံရမယ်၊ သားရေး, သမီးရေး, စီးပွါးရေးတွေ ဆိုတာ အရေးမကြီးပါဘူး၊ ဒီထက်ကြီးတဲ့ အရေးက သေခါနီးမှာ ကြုံရမယ်၊ ရိပ်မိကြရဲ့လား၊ သေပြီးတဲ့နောက်, ရောက်ရာ ဘဝမှာ တခါထဲ တန်းဖြစ်ရတာဘဲ၊ ကယ်ချိန် ယူချိန်မရဘူး၊ ရှင်းကြရဲ့လား။

သားသမီး, သားမယားကလဲ မကယ်နိုင်၊ ပစ္စည်းတွေကလဲ မကယ်နိုင်။ အခု ဒကာ ဒကာမတွေ လုပ်နေသမျှတွေဟာ ပင်ပန်းကျိုးမနပ်ပါဘူး။ အဲဒီအချိန်မျိုးမှာ သူတို့က အကူအညီ မပေးနိုင်ကြတော့ဘူး၊ ကယ်သူ ဆယ်သူဝေးပြီး ဝိညာဏ် ချုပ်တော့ မဲ့ပြီးချုပ်သွားရရှာတယ်၊ အဲဒီအခါမှာ အလောင်း ကောင်ဏ မသက်မသာ ချုပ်ရတဲ့အတွက် မဲ့ပြီးနေတယ်၊ မဲ့ရုပ် ကျန်နေခဲ့တယ်၊ ကျေနပ်ပလား။

"ကမ္မံ ဝိပါကဿ ကမ္မပစ္စယေန ပစ္စယော"လို့ ဆိုတဲ့ အတိုင်း, ခဲပစ်တဲ့ဥပမာအတိုင်းဘဲ၊ ကံကပစ်ချတဲ့အတိုင်း အကျိုး ခန္ဓာသွားပေါ်ရတယ်။ခဲကိုကိုင်ပြီးပစ်လိုက်တဲ့ လက်မပါပေမယ့် ခဲအရှိန်က ပြေးသွားရသလိုကံအရှိန်အဟုန်ရှိသလောက် အကျိုး ခန္ဓာ သွားပေါ်ရတယ်ဆိုတာ မှတ်ကြ။ ရှင်းကြရဲ့လား။

ဒကာ ဒကာမတွေက အေးစက်စက်နဲ့ ပေါ့ပေါ့ကလေး များ အောက်မေ့နေကြတယ်၊ ဒကာတို့အေးသလောက် ဘေးက မြင်ရတဲ့ သူကတော့ မအေးဘူး၊ အင်မတန် စိုးရိမ်နေမိတယ်၊ ဒါ့ကြောင့် ဒီလောက်တောင် ထပ်မနားဘဲ လေးလေးစားစားနဲ့

အများကြီး တိုက်တွန်းနေတယ်, ပြောဆိုနေတယ်ဆိုတာ မှတ်လိုက်ကြပါ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားလုံးဟာ အိုမှုလက်ရှိနဲ့ နာမှုဆီကို အရောက်သွားနေကြရတယ်၊ အိုမှုက နာမှုဆီကို မသွားဘိုလဲ မတတ်နိုင်ကြဘူး၊ နောက်ပြီး နာမှု ပြီးပြန်တော့ သေမှုလာမှာက မုချဘဲ၊ ဘယ်သူမှ မတားနိုင်, မဆီးနိုင်ကြဘူး၊ ဒါက ခန္ဓာ့လမ်းစဉ်ဘဲ၊ ဒီတော့ကာ အခုနေအခါမှာ သားသမီး လှည့်စားလို့လဲ အေးမနေလိုက်ပါနဲ့ ဆိုတာ ကြပ်ကြပ်သတိ ပေးလိုက်တယ်။

ဒကာတို့ တတွေက သူများအတွက်ပဲ ခက်နေတတ်ကြတယ်၊ သူများအတွက်နဲ့ ခက်မနေကြစေနဲ့၊ ခက်နေတာက ကိုယ့် သမုဒယက ခက်နေတာ၊ ကိုယ့်တဏှာက ခက်နေတာဘဲဆိုတာ ရိပ်မိကြ။ ဒကာ ဒကာမတွေက လောကွတ် မကောင်းရမှာကို လောကွတ်ကောင်းနေကြတယ်၊ ကောင်းရမှာကိုတော့မကောင်း ကြဘူး၊ သားသမီးတွေ စိတ်မချဘူးဆိုပြီး သူတို့အတွက်နဲ့ပူ၊ ပူနေ ပေသည့် သေသွားလဲ ဘာမှမတတ်နိုင်ပါဘူး။

အဲဒီလို စိတ်မချလက်မချနဲ့သာ သေသွားရရင် သေခါနီးမှာ မကောင်းဆိုးဝါး နိမိတ် ထင်စရာက များတယ်၊ ပိုပြီး သေချာ တယ်၊ သဘောပါကြပလား၊ သား, မယား, သားသမီး ပစ္စည်း တန်းလန်းမို့ ဝိပဿနာ မလုပ်ဘဲ သေသွားရရင် ချောက်ကျ ဘို့က သေချာတယ်။ ဝိပဿနာ လုပ်ပြီးသူလဲ မသေခင်မှာ သွားရာလမ်းကို မြင်ရသိရဟာဘဲ၊ သူကျတော့ မမဲ့ဘူး ပြုံးနေ

တယ်၊ သွားရာလမ်းက လမ်းကောင်းဆိုတော့ ပြုံးနေတာပေါ့၊ မလုပ်သူကတော့ မဲ့သေဘဲဆိုတာ ယုံမှားမရှိကြနဲ့။

ဝိပဿနာအားထုတ်ပြီးသူက သူ့စိတ်ထဲမှာ "ဪ....ဒုက္ခချုပ်တော့မှာဘဲ၊ ဒုက္ခချုပ်ပြီး သုခ ရတော့မှာဘဲ" လို့ သိပြီး ပြုံးနေတယ်၊ အားမထုတ်သူကျတော့ ဒုက္ခချုပ်ပြီး, ဒုက္ခဆက်ဖြစ်ရမှာကို ကေန်မြင်ပြီး သိနေရတော့ ဆတ်ဆတ်တုန်ပြီး ဝိညာဏ် ချုပ်ရရှာတယ်။ အဲဒီတော့ သူက မဲ့ရွဲ့ပြီး ဝိညာဏ်ချုပ်တာမို့၊ မဲ့ရုပ် ကျန်နေခဲ့တယ် ဆိုတာသာ မှတ်ကြတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြုံးသေနဲ့ မဲ့သေ, ဘယ်အသေကို ကြိုက်ကြတုန်းဆိုတာ မေးလိုက်တယ်။

ဒကာ ဒကာမတို့တတွေ အခု နေခဲ့, ထိုင်ခဲ့သမျှတွေဟာ အရှော်ချည့်ဘဲ၊ အချည်းအနှီးချည့်ဘဲလို့သာ မှတ်ကြပါ၊ မဂ္ဂင်လမ်းခွဲ မရသမျှ အရှော်ချည့်ဘဲလို့သာ မှတ်လိုက်ကြ။ မဂ္ဂင်လမ်းခွဲရမှ အတော်ဆုံး အကောင်းဆုံးဖြစ်မယ်၊ မဂ္ဂင်လမ်းခွဲရရင် သံသရာစခန်းသတ်တဲ့ အလုပ်မို့ အတော်စား ဖြစ်နိုင်တယ်။ ဒါကြောင့် ကြိုးစားကြရမယ်။

မဂ္ဂင်လမ်းက တဖြောင့်ထည်းနဲ့ ဒုက္ခချုပ်တဲ့လမ်း, ဒုက္ခချုပ်ဘို့ရာ မဂ္ဂင်လမ်းကလွဲရင် မရှိဘူးမှတ်ပါ။ ဒါ့ကြောင့် ဒုက္ခကြောက်ရင် မဂ္ဂင်လမ်းခွဲကို အမြန်လိုက်ကြ။

ဒကာ ဒကာမတွေ သဘောပါကြရဲ့လား၊ ကိုယ်တိုင်ကမှ နေရာမကျရင် ဘယ်သူ့မှ အားကိုးရာ မရနိုင်ဘူး။ ကျန်တဲ့သူတွေက အလှူအတန်းပြုကြ၊ အမျှဝေကြနဲ့ လုပ်ပေမယ်လို့ မရနိုင်ဘူး၊ သူတို့က ပေးကမ်း, လှူဒါန်း ကျွေးမွေးပေမယ့်

သေသူနဲ့ မဆိုင်ဘူး၊ မဲ့သေမှို မဆိုင်ဘူး၊ မဲ့သေဆိုရင် မရနိုင်ဘူး ဆိုတာ မှတ်ကြတော့၊ သူက တောက်ရှောက် ပြိတ္တာဖြစ်၊ တောက်ရှောက် ငရဲကျဆိုတော့ မရဘူးလို့သာ မှတ်ကြ။

အခုနေမှာ အချိန်ပိုင်းကလေး ကျန်သေးတယ်၊ အခု အချိန်ပိုင်းကလေး ကျန်နေသေးလို့ အချိန် မလွန်သေးဘူး၊ ဒီအတွင်းမှာ မဂ္ဂင်လမ်းကိုဖြင့် လိုက်ဖြစ်အောင် လိုက်ကြ၊ မဂ္ဂင် လမ်းခွဲ လိုက်ကြ၊ အခု အချိန်မှာ လမ်းခွဲကြ၊ ဒကာ ဒကာမတို့ အတွက် မဲ့သေမဖြစ်ဘို့၊ ပြုံးသေဖြစ်ဘို့ ကြိုးစားကြပါဆိုတာ လေးလေးစားစားဘဲ တိုက်တွန်းလိုက်တယ်။

ဒကာ ဒကာမတို့ တချိန်တခါမှာ ဝဿကာရ ပုဏ္ဏားက ဘုရားရှင်ကို မေးမြန်းပါတယ်၊ ပုဏ္ဏားက "အရှင်ဘုရား တပည့် တော့် အထင်မှာ သေရမှာ ကြောက်တဲ့သူချည့်ဘဲလို့ ထင်ပါ တယ် ဘုရား။"

အဲဒီလို လျှောက်ထားမေးမြန်းတော့ ဘုရားရှင်က "အို.... ပုဏ္ဏားကြီး၊ လောကမှာ သေရမှာကို ကြောက်တဲ့သူက တမျိုး၊ မကြောက်တဲ့သူက တမျိုးလို့ နှစ်မျိုးရှိတယ်" လို့ ဖြေတော်မူ လိုက်တယ်၊ အဲဒီစကားက "အင်္ဂုတ္တိုရ် ပါဠိတော်" မှာ လာတဲ့ စကားဘဲဆိုတာ မှတ်ထားကြ။

အဓိပ္ပါယ်ကတော့....ပြုံးသေနဲ့ မဲ့သေလို့ နှစ်မျိုး ရှိတယ်တဲ့၊ ပြုံးသေဆိုတာက အိုမူက နာမူကို မရောက်ခင် မဂ္ဂင်လမ်းခွဲ လိုက်တဲ့သူဘဲတဲ့၊ မဲ့သေဆိုတာက သားရေး, သမီးရေး, စီးပွါး ရေး,ရပ်ရေး ရွာရေးတွေနဲ့ အချိန်ကုန်ပြီး ဝိပဿနာ မလုပ်မိလို့ မလုပ်ဘဲနဲ့ သေရသူဘဲတဲ့။ နောက်တမျိုးက ငါးပါးအာရုံ

ကာမဂုဏ်ကို ဖြစ်ပျက် ရှုမထားလို့၊ ဒါကို ခင်မင်တွယ်တာပြီး သေရတဲ့သူဘဲတဲ့။ မိမိခန္ဓာကို ခင်ပြီးသေတဲ့သူမို့ သူလဲ မဲ့သေဘဲလို့ မှတ်ရမယ်။

နောက်ကခုကတော့ မကောင်းတဲ့ အကုသိုလ် မှုတွေကို လုပ်ထားမိလို့ အဲဒီစိုးရိမ်ကြောင့်ကြမှု၊ ပူပန်မှုတွေနဲ့ သေရတာမို့ သူလဲ မဲ့သေဘဲလို့ ခွဲခြားပြီး ပုဏ္ဏားကို ဖြေတော်မူလိုက်တယ်။ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိထားကြဘို့က....

(၁) အကုသိုလ်လဲ မလုပ်ကြနဲ့။
(၂) မိမိခန္ဓာကိုလဲ ဖြစ်ပျက်ရှုထားကြ။
(၃) ငါ့ကိုယ်, ငါ့ဟာလို့လဲ မခင်မတွယ်နဲ့။

အဲဒီသုံးချက်နဲ့ ညီညွတ်ရင် ပြုံးသေဘဲ၊ အရိယာတို့ သေမျိုးဘဲဆိုတာ မှတ်ထားကြ။ ဒကာ ဒကာမတို့ အချုပ် သဘောမှာတော့ တလုံးထဲမှတ်ပြီး "မိမိခန္ဓာမှာ ဖြစ်ပျက် ရှုထားကြ"လို့ဘဲ မှာလိုက်ပါတယ်။

ဒကာ ဒကာမတို့ မိမိခန္ဓာမှာ ဖြစ်ပျက် ရှုထားကြဘို့ရာ အလွန်ဘဲ အရေးကြီးပါတယ်၊ ဖြစ်ပျက်မြင်အောင်ရှု၊ နောက် နှန်းအောင် ဆက်ရှု၊ မုန်းပြီးရင် ဆုံးအောင် ဆက်ရှု၊ ဖြစ်ပျက် ဆုံးထားရင် သေချာတယ်၊ တကယ်လို့ မဆုံးသေးတောင်မှ အာစိဏ္ဏကံနဲ့နေလဲ သေခါနီးမှာ ပြုံးပြီး သေနိုင်တယ်။

အခုနှယ်က ကြိုးကြိုးစားစားနဲ့ ဖြစ်ပျက် ရှုထားရင် တကယ်လို့ မဆုံးသည့်တိုင်အောင် သေခါနီးမှာ ဆုံးသွားနိုင် တယ်၊ အဲဒီလို ဝတ္ထုသာကေတွေ ပါဠိတော်မှာ လာတာ ရှိပါတယ်၊ တကယ်လို့ သေခါနီးနဲ့ ဒီဘဝမဆုံးနိုင်တောင်မှ

ဒုတိယဘ၀မှာ ဆုံးနိုင်တယ်ဆိုတာ လေးလေးစားစား မှတ်ယူကြပါ။

အခု ဒီဘ၀ ဖြစ်ပျက်အရှိန်ကောင်းကောင်းနဲ့နေလို့ အရှိန်ကောင်းကောင်းနဲ့သာ သေရရင် သမဏနတ်သား ၀တ္တုသွားလိုဘဲ, ဒုတိယဘ၀မှာ မဂ်ရဘို့ရာ သေချာပါတယ်။ အဲဒီတော့ ပေါ့တန်မနေဘဲနဲ့၊ အခုက သေချာအောင်လုပ်မှ ဖြစ်တော့မှာဘဲလို့ ဆုံးဖြတ်ပြီး, အမြန်ဆုံးသာ လုပ်ကြပါတော့လို့ဘဲ တိုက်တွန်းလိုက်တယ်။

ဒကာ ဒကာမတို့ ဝိပဿနာ အလုပ်၊ မဂ္ဂင်အလုပ် ဆိုတာ ကံဖြစ်အလုပ်ဘဲ၊ ကံဖြစ်အလုပ်ဆိုတဲ့ အကြောင်းကို ၀တ္တုသွားနဲ့ ထုတ်ပြီး ရှင်းလင်း ပြောပါမယ်။ ဝဋ်ထဲမှာ အကျိုးပေးမယ့် ကံတွေ, အကုသိုလ် ကံတွေ, အပါယ် ကျရောက်မယ့် ကံတွေ အဲဒီ ကံမျိုးတွေကို သူက ဒီ့ကံက အကုန်ဖြတ်တယ်၊ မကောင်းတာတွေကို အကုန်ဖြတ်နိုင်တယ်၊ ဆိုတာ မှတ်ကြရမယ်၊ သဘောပါကြပလား။

ဒီ၀တ္တုသွားက မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် ကုက္ကုရ၀တိကသုတ်မှာ လာပါတယ်၊ အဲဒီမှာ ပုဏ္ဏနဲ့ သေနိယတို့က မေးမြန်းကြလို့ ဘုရားရှင်က ကံလေးမျိုးကို ဝေဘန်ပြီး ဟောပြတဲ့ အဓိပ္ပါယ်ကို ရှင်းပြရမယ်ဆိုတာ မှတ်ကြ။

အကုသိုလ်ကံတွေ, ကုသိုလ်ကံတွေ အားလုံးကို ဝိပဿနာ မဂ်ကံက ဖြတ်နိုင်ပါတယ်ဆိုတဲ့ အကြောင်းကို သိကြရမယ်၊ ဒကာ ဒကာမတို့ ဒီလိုကုသိုလ်ကံ,အကုသိုလ်ကံတွေကို ဝိပဿနာ မဂ်ဉာဏ်က အကုန်ဖြတ်မယ်လို့ ဆိုတော့ ဒကာ ဒကာမတွေ မှားခဲ့တဲ့အပြစ်တွေ ဆေးလျှော်ပစ်မှာဘဲ၊ ကိုယ့်အမှားတွေကို

အကုန်ပြင်ပေးမယ်၊ အကုန်ပယ်ပေးတော့မှာဘဲဆိုတာ မှတ်ကြရမယ်၊ ရိပ်မိကြရဲ့လား။

ရှေးတုန်းကတော့ ဒကာ ဒကာမတွေက ကိုယ့်အားထားရာ အားထားရာဘဲလို့ဆိုပြီး လူ့ဘဝကံတွေ ကြိုးစား အားထုတ်လို့ အခု လက်ရှိရနေကြပြီ၊ ဟုတ်ကြရဲ့မို့လား၊ အဲ-အခု ကိုယ့်ကိုယ်ကို စဉ်းစားပြီး သတိထားကြည့်ကြစမ်းပါ၊ "ငါဘယ်သွားနေရတာလဲလို့"၊ "ဩော်....အိုရာကနေ နာရာကို သွားနေတာပါလား၊ နာရာက နောက်မှာ, သေရာ ရောက်ရတော့မှာပါကလား"ဆိုတာ ပေါ်ပါလိမ့်မယ်။

အဲဒီလို အိုတတ်တဲ့ခန္ဓာ, နာတတ်တဲ့ခန္ဓာ, သေတတ်တဲ့ခန္ဓာကြီး ထမ်းပြီး သွားနေကြရတယ်၊ ဘယ်မှာများ ကောင်းတာပါကြသေးတုန်း၊ ကိုယ်ကတော့ မသိလို့သာ အကောင်းထင်မိနေတာပါ၊ ဒကာ ဒကာမတို့ အိုတာ ကြိုက်သလား၊ နာတာ ကြိုက်သလား၊ နာတာကိုကော၊ သေတာကိုကော ကြိုက်သလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ၊ မကြိုက်ပါဘူး၊ ဘယ်လိုဘဲ မကြိုက်ပေမယ့်လဲ အခုအချိန်မှာ ပြင်လို့ မရတော့ဘူး၊ မအိုချင်လဲ အိုရ၊ မနာချင်ပေမယ့် နာရ၊ မသေချင်ပေမယ့်လဲ သေရအုံးမယ်။ ဒါ့ကြောင့် ဒီကနေ့ ဒီမှားပြစ်ဇွေကို အကုန်ပယ်ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒကာ ဒကာမတို့ အခုဝတ္ထုသွားကို ထုတ်ပြရမယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကောလီယပြည်မှာ သီတင်းသုံးနေတော်မူတဲ့ အခါ ဖြစ်တယ်၊ အဲဒီအခါမှာ တယောက်က "ပုဏ္ဏ"တဲ့၊ သူက နွားလိုကျင့်တဲ့ အလုပ်ကို လုပ်တယ်။ နောက်

တယောက်က "သေနိယ" တဲ့၊ သူကတော့ ခွေးလိုကျင့်တဲ့ အလုပ်ကို လုပ်တယ်။

သူတို့နှစ်ယောက် အယူက ဒီလို ခွေးလိုအကျင့်၊ နွားလို အကျင့် ကျင့်ပြီး သေရရင် လူကောင်း, နတ်ကောင်း ဖြစ်မယ် ထင်လို့ ကျင့်ကြတာဘဲဆိုတာ သိကြရမယ်၊ အဲဒီလို အကျင့် မျိုးတွေက "သီလဗ္ဗတပရာမာသ"ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ အကျင့်မျိုး တွေဘဲဆိုတာ မှတ်ထားကြ။

ဒကာ ဒကာမတွေ မှတ်မိကြပလား၊ ပုဏ္ဏဆိုတဲ့သူက နွားလို ကျင့်တယ်၊ သူက သွားတဲ့အခါလဲ လေးဘက်ထောက်ပြီး နွားများလို သွားတယ်၊ နွားများလို တွန်တယ်၊ အစစအမူအရာ အားလုံးမှာ နွားလိုနေ, နွားလိုသွား, နွားလိုအိပ်ပြီး နွားလိုဘဲ စားသောက်ပြီး,ကျင့်ကြံနေထိုင်ပါတယ်၊သူ့စိတ်ထဲမှာအင်မတန်နို အောက်ကျ အနှစ်နာခံ ခြိုးခြံပြီး ကျင့်တာမို့ အင်မတန် မွန်မြတ် တယ်လို့ ယူမှတ်ပြီး ကျင့်နေတာဘဲဆိုတာ မှတ်ကြရမယ်။

ဒီနည်းအတိုင်းဘဲ သေနိယဆိုတဲ့သူက ခွေးများလို ကျင့်ကြံ နေထိုင်တယ်၊ သူကလဲ ခွေးများလို လေးဘက်ထောက်သွားပြီး, လူနဲ့တွေ့ရင် အမြီးနှံ့သလို လုပ်ပြ၊ လူက ပစ်ကျွေးမှ လိုက် ကောက်စား။ ခွေးတွေနဲ့ တွေ့တော့ ဟောင်ပြ, အူပြနဲ့ အင်မတန် အနစ်နာခံပြီး ခွေးလို အမူအရာ အနေအထိုင်မျိုးနဲ့ ကျင့်ကြံပြီး နေထိုင်ခဲ့တယ်တဲ့။

အဲဒီလို ကျင့်ကြံ နေ့ထိုင်ကြတဲ့ ပုဏ္ဏနဲ့ သေနိယတို့ နှစ်ယောက်ဟာ တနေ့မှာတော့ ဘုရားရှင်ထံမှောက် လာရောက် မေးမြန်းကြတယ်။ အဲဒီမှာ ပုဏ္ဏက ရှေ့ဆောင်ပြီး မေးလိုက် ပါတယ်။

"အရှင်ဘုရား၊ ဒီ သေနိယ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ခွေးလိုဘဲ အင်မတန် ကျင့်နိုင်ခဲ့တဲ့ အကျင့်ကို သူကျင့်နေပါတယ်၊ သူ သေရင် ဘယ်များ ရောက်ပါ့မတုန်း"

အဲဒီလို ပုဏ္ဏကဲ မေးတော့၊ ဘုရားရှင်က "ဒီအကြောင်းကို မမေးပါနဲ့ကွာ" ဆိုပြီး ပယ်လိုက်တယ်၊ အဲဒီလိုနဲ့ ဆက်ပြီး သုံးကြိမ်တိုင်တိုင် မေးမြန်းတော့မှ အဖြေ ပေးလိုက်တယ်ဆိုတာ မှတ်ကြရမယ်။

ဒကာ ဒကာမတွေ အံ့သြမနေကြနဲ့၊ ဒီအဖြစ်မျိုးတွေဟာ ဘုရားမပွင့်တဲ့ အခါမျိုးမှာဆိုရင် ပြောမဖြစ်တော့ဘူး၊ အမှန် အကန် မသိမမြင်နိုင်ကြတော့ ရမ်းပြီး နေကြ, ထိုင်ကြ,လုပ်ကြ, ကိုင်ကြ, အားထုတ်ကြနဲ့ အမှားလမ်းစ မဆုံးနိုင်ကြတော့ဘူး ဆိုတာသာ မှတ်လိုက်ကြ။

သူတို့ အထက် အထက်က အယူမှား ဆရာမှားတွေနဲ့ဆိုတော့ မိရိုးဖလာဆိုပြီး မှားချင်တိုင်းမှားကြ၊ လွဲချင်သလောက် လွဲကြ ရတော့တာဘဲဆိုတာ မဆန်းတော့ဘူး၊ အခုကိုဘဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေထဲမှာ တချို့တလေ ပါကြပါလိမ့်မယ်၊ မိဘ ရိုးရာဆိုပြီး လိုက်နေကြတယ်၊အခု နတ်အုန်းတွေ ဆွဲသူက ဆွဲနေ ကြတုန်းဘဲ ရှိသေးတာထောက်တော့ မလွယ်ဘူးဆိုတာ ရိပ်မိကြ ရမယ်။

ဒါ့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အင်မတန် ကြီးတဲ့ အရေးဘဲဆိုပြီး အကြိမ်များစွာ ၅၂၈-ကြိမ်တောင် မှာထားတော်မူခဲ့တယ် ဆိုတာ သိကြရမယ်။ နည်းမှန် လမ်းမှန် ရကြစေဘို့ နည်းမှန် လမ်းမှန်, တရားစစ် တရားမှန်ကို ပြသ, ဘတ်တဲ့ ဆရာမြတ် ဆရာကောင်းကို ရအောင် ရှာကြပါ၊

ဆည်းကပ်ကိုးကွယ်ကြပါဆိုတာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ရိပ်မိကြပလား။

"ယထာဘူတံ ဉာဏာယ သတ္တာ
ပရိယေသိတဗ္ဗော။"

"တရားစစ် တရားမှန်ကို ဟုတ်တိုင်း မှန်စွာ ညွှန်ကြားပြသ,တတ်တဲ့ ဆရာကောင်းကို ရှာဖွေဆည်းကပ်ပါ"တဲ့။

အလွန် အရေးကြီးတဲ့ အချက်မို့ မှာသင့်လို့ မှာတော်မူခဲ့တာဘဲ၊ ဒါကို ဒကာ ဒကာမတွေက အရေးမကြီးသလို လုပ်နေကြရင် ကိုယ်သာ ဒုက္ခရောက်မယ်ဆိုတာ မှတ်လိုက်ကြ။

တရား စစ်စစ်ကို ပြသနိုင်သူ, ပြသပေးသူဟာ အင်မတန်ရှားပါးပါတယ်၊ အင်မတန်လဲ ရခဲ ကြုံခဲပါတယ်၊ တရားစစ်စစ်ဆိုတာ သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ တရားမျိုးကို ဆိုတာဘဲလို့ မှတ်ကြရမယ်၊ ရှင်းကြရဲ့လား။

ဒါနဲ့ ဝတ္ထုကြောင်းကို ဆက်ရအုံးမယ်၊ ပုဏ္ဏက မေးတော့ ဘုရားရှင်က ဒီအကြောင်းကို ငါ့မမေးနဲ့လို့ ပယ်တယ်၊ ဒုတိယအကြိမ် မေးပြန်တော့လဲ ပယ်လိုက်တာဘဲ၊ နောက် တတိယအကြိမ်ထပ်ပြီး မေးပြန်တော့မှ ဘုရားရှင်က အဖြေ ပေးတော်မူလိုက်တယ်။

"အို... ပုဏ္ဏ၊ မင်းက မေးလို့ ငါက ဖြေရတော့မှာဘဲ၊ ဒီ ခွေးလိုကျင့်တဲ့ သေနိယ သေရင် ခွေးဘဲဖြစ်ရမယ်၊ တကယ်လို့ သူ့စိတ်အယူမှာ ဒီအကျင့်ကို အကောင်းလို့ထင်မယ်၊ ဒီအကျင့်ကြောင့် လူကောင်း နတ်ကောင်း ဖြစ်ရမယ်လို့ ယူရင် ငရဲလဲ သွားရအုံးမယ်၊"

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ သေနိယဟာ ဒီအယူကို မစွန့်ဘဲ သေရင် ခွေးဘဲဖြစ်ရမယ်၊ ဒီအကျင့်ကြောင့် လူကောင်း နတ်ကောင်း ဖြစ်ရမယ်လို့ ယူခဲ့ပြန်ရင်လဲ ငရဲသွားရအုံးမယ်လို့ ဟောလိုက်တော့ သေနိယဟာ ချုံးချပြီး ငိုတော့တာဘဲတဲ့။ အဲဒီလို ငိုတော့ ဘုရားရှင်က "စောစောက ငါ့မမေးကြနဲ့လို့ တားပါရက်နဲ့ မင်းတို့က မေးကြတာကိုး" လို့ မိန့်တော်မူတော့၊ သူတို့က–

"ဒီကိစ္စအတွက် အရှင်ဘုရားမှာ အပြစ်မရှိပါဘူး ဘုရား၊ တပည့်တော်တို့မှာ ဒါလောက် အနစ်နာခံပြီး ကျင့်ပါရက်ကနဲ့ ကျင့်ကျိုး မနပ်ပါကလား ဆိုပြီး ကိုယ့်အမှား ကိုယ် သိရလို့ ဝမ်းနည်းလွန်းလို့ငိုတာပါဘုရား" ဆိုပြီး ပြန်လည်လျှောက်ထား တယ်၊ နောက်ဆက်ပြီး ပုဏ္ဏအတွက်ကိုမေးပြန်လို့လဲ ဘုရားရှင်က ဖြေကြားတော်မူလိုက်တယ်။

"ပုဏ္ဏဟာလဲ ထို့အတူဘဲ၊ သေရင်နွားဖြစ်ရမယ်၊ နောက်ပြီး ဒီအကျင့်နဲ့ နတ်ရွာသုဂတိကို ရောက်ရမယ်လို့ယူရင် ငရဲကျအုံး မယ်၊"

အဲဒီလို ဟောတော့ ပုဏ္ဏကလဲ ငိုပြန်တာဘဲ၊ အဲဒီနောက်မှ သူတို့နှစ်ဦးစလုံးကဘဲ ဘုရားထံမှာ တရားဟောဘို့ရန်တောင်းပန် ကြတယ်။

"အရှင်ဘုရား၊ တပည့်တော်တို့အား သနားသဖြင့် တရား ညွှန်ကြားတော်မူပါ ဘုရား၊"

အဲဒီလို တောင်းပန်တော့မှ ဘုရားရှင်က သူတို့အတွက် ကံ လေးမျိုး ခွဲခြမ်းဝေဘန်ပြီး ဟောတော်မူတယ် ဆိုတာ မှတ်ကြ ရမယ်၊ အခု ဒကာ ဒကာမတွေလဲ သူတို့နှစ်ဦးကို ဟောပြတဲ့

ကံလေးမျိုးရဲ့ သဘောသွားကို လေးလေးစားစားနဲ့ နာယူပြီး မှတ်သားကြရမယ်၊ ရှင်းကြရဲ့လား။

ကံလေးမျိုး ဆိုတာက....

၁။ မဲတဲ့ကံ, မဲတဲ့အကျိုးကို ပေးတယ်။
၂။ ဖြူတဲ့ကံ, ဖြူတဲ့အကျိုးကို ပေးတယ်။
၃။ အမဲအဖြူရောတဲ့ကံ, အမဲအဖြူအကျိုးကိုပေးတယ်။
၄။ အမဲအဖြူ မရောတဲကံ, အမဲအဖြူမရောတဲ့ အကျိုး ကို ပေးတယ်။

ဒကာ ဒကာမတို့ မဲတဲ့ကံ ဆိုတာက ဒုစရိုက်ဆယ်ပါးကို ဆိုပါတယ်၊ မကောင်းတဲ့ ဒုစရိုက်မှုဆယ်မျိုး၊ အဲဒီ ဆယ်မျိုး ဆိုတာက....

| | |
|---|---|
| ပါဏာတိပါတ | = သူ့အသက် သတ်မှု။ |
| အဒိန္နာဒါန | = သူတပါးဉစ္စာ ခိုးယူမှု။ |
| ကာမေသုမိစ္ဆာစာရ | = ကာမဂုဏ်၌ မှားသောကျင့်မှု။ |
| မုသာဝါဒ | = မဟုတ်မမှန် ပြောဆိုမှု။ |
| ပိသုနဝါစာ | = ချောပစ် ကုန်းတိုက်မှု။ |
| ဖရုသဝါစာ | = ရှုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှု။ |
| သမ္ဖပ္ပလာပ | = ပြိန်ဖျင်းသော စကားကို ပြောဆိုမှု။ |
| အဘိဇ္ဈာ | = သူ့စည်းစိမ်ကို ကြံစည်မှု။ |
| ဗျာပါဒ | = အမျက်ဒေါသ ထွက်မှု။ |
| မိစ္ဆာဒိဋ္ဌိ | = မှားယွင်းစွာယူမှု။ |

ဒကာ ဒကာမတို့ အဲဒီ ဆယ်မျိုးဟာ မဲတဲ့ ကံတွေဘဲ။ ဒီ မဲတဲ့ကံတွေက မဲတဲ့အကျိုးကို ပေးလိမ့်မယ်၊ ဒီ မဲတဲ့ကံတွေ

ပြုလုပ်ရင် ဆည်းပူးရင် မဲတဲ့အကျိုး၊ မကောင်းကျိုးကို မုချ ခံစားရမယ်၊ ရိပ်မိကြပလား၊ အဲဒါတွေက အကုသိုလ်ကံတွေကို မှတ်ရမယ်။

ဒကာ ဒကာမတို့ ဖြူတဲ့ကံဆိုတာက သုစရိုက်ဆယ်ပါးကို ဆိုပါတယ်၊ သုစရိုက် ဆယ်ပါး ဆိုတာ ဒုစရိုက် ဆယ်မျိုးရဲ့ ဆန့်ကျင်ဘက်၊ ဒုစရိုက်ဆယ်ခုကို ကြဉ်ရှောင်ခြင်းဟာ သုစရိုက် ဆယ်ပါးဘဲ ဆိုတာ အားလုံး သိကြပြီးဖြစ်ပါလိမ့်မယ်၊ ဖြူတဲ့ ကံ ဆိုတာက အချုပ်ကတော့ ဝဋ်နွယ်တဲ့၊ လောကီ ကုသိုလ် ကံတွေကိုဘဲ မှတ်ကြရမယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုး ပေးမယ်ဆိုတဲ့ယုံကြည်မှုရှိကြတယ်၊ အဲဒီယုံကြည်မှုကမှ သကတာ သမ္မာဒိဋ္ဌိဉာဏ်နဲ့ နောက်ဘဝက ကုသိုလ်သခါရတွေ လုပ်ခဲ့ တယ်၊ ဒီ သမ္မာဒိဋ္ဌိက သစ္စာကိုတော့ မသိဘူး၊ မသိတော့ ဘာလုပ်သလဲ၊ ကုသိုလ်ဆိုတဲ့ အဖြူကံတွေ လုပ်ပြီးတော့ လူ့ ဘဝကို ဆုတောင်းယူတယ်၊ ဟော.... အခု လူ့ဘဝ, လူ့ခန္ဓာ ငါးပါးကို လက်ရှိရနေကြပြီ၊ ရှင်းကြပလား။

ဒကာ ဒကာမတို့ သစ္စာနဲ့ ကြည့်တော့ အခု ရထားတဲ့ ခန္ဓာငါးပါးက ဘာသစ္စာတုန်း ဆိုတော့ ဒုက္ခသစ္စာဖြစ်နေတယ်၊ ရိပ်မိကြရဲ့လား၊ ဒီ ဒုက္ခသစ္စာကြီး ဘာ့ကြောင့် ရလာတုန်းလို့ မေးခဲ့ရင် ဘယ်နှယ်ဖြေကြမလဲ၊ ဟိုဘက်ဘဝတုန်းက လူ့ဘဝ ရကြောင်းဖြစ်တဲ့ ကုသိုလ်အဖြူကံတွေ လုပ်ပြီး ဆုတောင်းယူခဲ့ လို့ဘဲ၊ ဒါဘဲဖြေရမှာဘဲ။ အဲဒီတော့ အဲဒီ အဖြူကံရဲ့ သရာက

ဘယ်သူလဲ သူ့ကို ဘယ်သူ အုပ်ချုပ်နေသလဲဆိုတော့ မသိမှု အဝိဇ္ဇာ အုပ်ချုပ်နေတယ်ဆိုတာ ပေါ်ကြပလား။

အဝိဇ္ဇာက သစ္စာကိုမသိဘူး၊ မသိတော့ ဒီမသိတဲ့ အဝိဇ္ဇာကို ဆရာတင်ပြီး ကုသိုလ်သင်္ခါရ အဖြူကံတွေကိုလုပ်၊ လုပ်ပြီးတော့ လူ့ဘဝကို တောင်းယူ၊ တောင်းယူလိုက်တော့ လူ့ဘဝ လူ့ဇာတိကစပြီး ရလာခဲ့တယ်၊ ဒကာ ဒကာမတို့ မြင်ကြပလား၊ လူ့ဇာတိက ဘာသစ္စာလဲ၊ ဒုက္ခသစ္စာကြီးဘဲ၊ နောက်, လူ့ဇရာ, လူ့ဗျာဓိ, လူ့မရဏ, အားလုံး ဒုက္ခသစ္စာချည့်ဘဲ၊ ဒကာတို့ ခန္ဓာငါးပါးလုံးဟာ ဒုက္ခသစ္စာချည့်ဘဲ မဟုတ်လော့စး။

ဒီ ဒုက္ခသစ္စာကြီးကို ဘာ့ကြောင့် ရလာတာတုန်းဆိုတော့ ဟိုဘက်ဘဝက အဝိဇ္ဇာနဲ့ သင်္ခါရဆိုတဲ့ သမုဒယသစ္စာကို အားထုတ်မိခဲ့လို့ဘဲ ဆိုတာ မှတ်ကြတော့၊ ပေါ်ကြပလား၊ အဲဒီတော့ အဖြူကံဆိုပေမယ့်လဲ အဝိဇ္ဇာ အုပ်ချုပ်ထားတော့ မကောင်းဘူးဆိုတာ မှတ်ရမယ်။ သစ္စာမသိမှု အဝိဇ္ဇာ အုပ်ချုပ်ပြီး ပြုလုပ်ခဲ့တော့ ဒီဘဝမှာ ဒုက္ခသစ္စာဘဲ၊ အဖတ်တင်ခံရတယ်။ ရိပ်မိကြပလား။

ဟိုဘက်ဘဝက သမုဒယသစ္စာကို ကြိုးစားခဲ့မိလို့ ဒီဘဝမှာ ဒုက္ခသစ္စာ ကိုယ်ပိုင် ရနေကြပြီ၊ ကောင်းပါအုံးမလား၊ မကောင်းတော့ပါဘူး၊ ဒီတော့ ဒါကို ပြင်ပစ်ရမယ်၊ ပြင်ဘို့ မသင့်သေးဘူးလား၊ အေး, သိရင် ပြင်ကြတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကံသာ အမိ, ကံသာ အဖ ဆိုပြီးတော့ ကံကို အားကိုးကြတယ်၊ အားကိုးတဲ့ အတိုင်းလဲ ကံကို ကြိုးစား နေကြတယ်။ အခု ဒကာ ဒကာမတို့မှာ ဒီ ကံကြောင့် ဒုက္ခသစ္စာ ကြီးကို ရထားကြပြီ၊ ဒါဟာ အားကိုးစရာလား၊ စဉ်းစားကြ။

ဒါကြောင့် ဒီကနေ့ ရှေးက အမှားလမ်းစဉ်တွေ ပြင်ကြဆင်ကြပါတော့ဆိုတာ သတိပေးလိုက်ပါတယ်။ သစ္စာမသိဘဲ လုပ်မိတဲ့ အဖြူကံလဲ အားကိုးရာမရဘူး၊ ဒုက္ခသစ္စာကြီးဖြစ်နေတယ်။ နောက်ပြီးတော့ မဲတဲ့ကံကျတော့ မဲတဲ့အကျိုး၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ မဲတဲ့အကျိုး၊ မကောင်းကျိုးတွေ ရမှာမို့ ရှောင်ကြဉ်ကြရမယ်။ သစ္စာမသိဘဲ ပြုတဲ့ အဖြူကံလဲ မလုပ်ကြနဲ့၊ အမဲကံလဲ ရှောင်ကြဉ်ကြရမယ်ဆိုတာ ပေါ်ပလား။

ဒီတော့ ဘယ်လို လုပ်ရမလဲ၊ ဘယ်ကံကို အားကိုးရမလဲလို့ မေးစရာရှိတယ်၊ အဲဒါကြောင့် ဒီကနေ့ဖြင့် ဆရာဘုန်းကြီးက အစစ်အမှန် ပြင်ပေးလိမ့်မယ်ဆိုတာ မှတ်ထားကြရမယ်။ ဒကာ ဒကာမတို့ အဖြူကံ ဆိုပေမယ့်လဲ၊ လူ့ဘဝ, နတ်ဘဝတွေ, ဘုံဘဝတွေ တောင့်တပြီးပြုတာမို့ အဝိဇ္ဇာ, တဏှာဦးစီးနေတော့ မကောင်းဘူး၊ ဒုက္ခသစ္စာဘဲ ပြန်ရပြန်တာဘဲ။

အဲဒါကြောင့် ဒကာ ဒကာမတွေကို ထူးထူးခြားခြား သတိပေးလိုက်ပါတယ်။ ဒါန အမျိုးမျိုးကိုလဲ လုပ်ကြပါ၊ သီလတွေလဲ ကြိုးစားပြီး ဆောက်တည်ကြပါ၊ ဘာဝနာအလုပ်လဲ ကြိုးစားအားထုတ်ကြပါ၊ ဒီလို ကြိုးစားအားထုတ် ပြုလုပ်ပြီးတော့ လူ့ဘဝ, နတ်ဘဝစတဲ့ ဒုက္ခသစ္စာကို မတောင်းကြပါနဲ့။ ဒီဒုက္ခသစ္စာ ခန္ဓာအမျိုးမျိုးတွေက ကျွတ်လို လွတ်လိုလို့ ဒီဒုက္ခခန္ဓာတွေကို မလိုချင်လို့၊ ဒီ ဒုက္ခတွေက လွတ်မြောက်ရခြင်းအကျိုးငှါ ဤဒါနကို ပြုပါတယ်၊ ဤသီလကို ဆောက်တည်ပါတယ်၊ ဤဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါတယ်

ဆိုတဲ့ ဉာဏ်ဦးစီးပြီး ပြုလုပ်ကြပါလို့ သတိပေးလိုက်တယ်။ သဘောပါကြပလား။

ဒီလိုလုပ်တော့ ဒီကံက အဖြူအမဲ မရောတဲ့ ကံဖြစ်သွားတယ်ဆိုတာ မှတ်ကြရမယ်၊ ဒကာ ဒကာမတို့ တကယ်အားကိုးစရာ အားထားစရာက ဒီကံဘဲ ရှိတယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။ သူက မကောင်းတဲ့ အမဲကံကိုလဲ ဖြတ်၊ ဒုက္ခသစ္စာရမယ့် အဖြူကံကိုလဲ ဖြတ်တယ်၊ ကောင်း မကောင်း အကျိုးရောတဲ့ အဖြူအမဲရောတဲ့ ကံကိုလဲဖြတ်တယ်။ အဖြူအမဲမရောတဲ့ကံဟာ ကံသုံးမျိုးကို ဖြတ်တယ်၊ သူက ဝိပဿနာကံ၊ မဂ်ကံဆိုတဲ့ ဉာဏ်ဘဲဆိုတာ မှတ်ကြ။

သုံးနံပါတ်ဖြစ်တဲ့ အဖြူအမဲ ရောတဲ့ ကံဆိုတာက မစင်မကြယ် ရှာလို့ ဖွေလို့ ရထားတဲ့ ပစ္စည်းနဲ့ လှူဒါန်းပေးကမ်းပြီး ပြုလုပ်တဲ့ ကံမျိုးဖြစ်တယ်၊ အကုသိုလ် အကြောင်းခံပြီး ပြုတဲ့ ကုသိုလ်ကံဟူသမျှ အမဲအဖြူရောတဲ့ ကံချည့်ဘဲဆိုတာ မှတ်ကြ။ ကုသိုလ်တွေလုပ်, သစ္စာမသိဘဲနဲ့ လုပ်ပြီး, ဘုံဘဝ လိုချင်တဲ့ တဏှာနဲ့ ဆုတောင်းယူကြ၊ ယူတော့ ရွှေနဂါးကြီးတို့၊ ဆင်ဖြူတော်တို့ စတဲ့ အမဲအဖြူရောတဲ့ အကျိုးတွေ ဒုက္ခသစ္စာ ခန္ဓာအမျိုးမျိုးတွေ ရလာကြတယ်၊ ရိပ်မိကြပလား။

(၁) ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါ၊ ပြန်ပြောပါအုံးမယ်။ နံပါတ်တစ် အမဲကံဆိုတာ မကောင်းမှု အကုသိုလ်ဒုစရိုက်အမျိုးမျိုးတွေ, အဲဒါမျိုးတွေ အဝိဇ္ဇာနဲ့ လုပ်တယ်၊ မသိတာက အဝိဇ္ဇာ၊ သားရေး, သမီးရေး, စီးပွါးရေး စတဲ့ အကုသိုလ်မှုတွေက သင်္ခါရ၊ အဲဒီ အမဲကံ အကုသိုလ် သင်္ခါရတွေ လုပ်လိုက်တော့ ဒီဘက်ဘဝ အပါယ်ပဋိသန္ဓေဝိညာဏ် ပေါ်လာတယ်။

ဒီဘက်ဘဝမှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်ခန္ဓာ ဒုက္ခသစ္စာကြီးကို ရလာပါတယ်။ အဲဒါဟာ အမဲကံကြောင့် အမဲအကျိုးပေးတာဘဲ ဆိုတာ ပေါ်ပလား၊ အဲဒီလို ဆိုတော့ အမဲကံက သမုဒယသစ္စာ၊ အမဲအကျိုး ခန္ဓာတွေက ဒုက္ခသစ္စာ ဖြစ်သွားတယ်။ ဒီတော့ ဒီကံလဲမကောင်းဘူး၊ သူ့ကို ရှောင်ကြဉ်ကြရမယ်။ ရှင်းပလား။

(၂) အဖြူကံ ဆိုတာက သုစရိုက်ကုသိုလ်အမျိုးမျိုးတွေဘဲ၊ ဘုံဘဝအထွေထွေကို လိုချင်တောင့်တပြီး ကုသိုလ်တွေ, ဒါနကံတွေ, သီလကံတွေ, ဘာဝနာကံတွေကို ပြုလုပ်တယ်၊ ပြုလုပ်ပြီး လူကောင်း နတ်ကောင်းဖြစ်ချင်တဲ့ တဏှာနဲ့ တောင်းယူခဲ့တယ်၊ သူက လူ့ခန္ဓာ, နတ်ခန္ဓာ ဒုက္ခသစ္စာဘဲဆိုတာ မသိဘူး၊ အဲဒီ မသိတဲ့ အဝိဇ္ဇာ ဦးစီးပြီးပြုတဲ့ အဖြူကံ သင်္ခါရဆိုတော့ ဒီ အခု ဘဝမှာ ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီး ရထားကြပြီ၊ ရိပ်မိကြပလား။

ဟိုဘက်ဘဝက မသိမှုအဝိဇ္ဇာ၊ တဏှာနဲ့ အဖြူကံ သင်္ခါရတွေက ဘာသစ္စာလဲဆိုတော့ သမုဒယသစ္စာဘဲ၊ အဲဒီ သမုဒယသစ္စာကြောင့်, အခု လူ့ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး ရထားကြပြီ၊ ရှင်းကြရဲ့လား၊ ဒီခန္ဓာက အိုတတ်, နာတတ်, သေတတ်တဲ့ ခန္ဓာ၊ သူက အိုဘေးဆိုး ထမ်းပြီး, နာဘေးက ကပ်ရက်တွဲရက်နဲ့ သေဘေးဆီ အရောက်သွားနေတာဘဲ၊ သူက ဘယ်တော့မှ ကောင်းကျိုး မပေးပါဘူး၊ အမြဲတမ်း နှိပ်စက်နေတာဘဲရှိတယ်။

အဖြူကံကို အားထုတ်ပြီး ရလာတဲ့ လူ့ခန္ဓာငါးပါးကို အဟုတ်ကြီးထင်, သဘောကျ နှစ်ခြိုက်နေကြမယ်ဆိုရင် ဥပမာ

အားဖြင့်၊ ငွင်းဒမျှားခွေးသေကောင်ပုပ်ကြိုက်သလိုနေတော့တာဘဲ၊ ငွင်းဒမျှားဟာ ခွေးသေကောင်ပုပ်ကို ရတော့ သဘောကျနှစ်သက် ပျော်ရွှင်နေသလို၊ ဒကာတို့မှာလဲ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိဘဲ သဘောကျ နှစ်ခြိုက်နေကြမယ်ဆိုရင် ငွင်းဒမျိုးတွေမို့လား?လို့ မေးသင့်တယ်၊ ကျေနပ်ကြပလား?။

ဒီ အဖြူကံကိုလဲ သမုဒယနဲ့ ဒုက္ခရမှာမို့ အားကိုးဘို့ မရနိုင်ဘူးဆိုတာ ထင်ရှားပလွှား၊ အဲဒါကြောင့် အဖြူကံ အားထုတ်တဲ့အခါ ဉာဏ်နဲ့လုပ်ကြပါ၊ တဏှာ မပါကြစေနဲ့။ အခုဒကာတို့ လက်ရှိရထားတဲ့ ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပါ။ အမြဲတမ်းအိုနေတယ်၊ နာနေတယ်၊ သေဘက်သွားနေတယ်ဆိုတာ သိရမယ်။ ခန္ဓာထဲမှာ ဉာဏ်နဲ့ စိုက်ကြည့်တော့ ပူမှု, အေးမှု, လှုပ်ရှားမှု, တောင့်တင်းမှု စတဲ့ ရုပ်သဘောတွေ၊ နာကျင်မှု, ကိုက်ခဲမှု စတဲ့ ဝေဒနာသဘောတွေ၊ ဒါတွေကို တွေ့ရ မြင်ရမယ်။

ဒီသဘောတွေဟာလဲ အမြဲတစေ ပြောင်းလဲနေ, ဖြစ်ပျက်နေကြတာဘဲရှိတယ်၊ သဘောတခုက သဘောတခုကို ဖေါက်ပြန်ပြန်နေတာကိုမြင်ကြရမယ်၊ အဲဒါတွေဟာ အနိစ္စအချက် ဖြစ်ပျက်ဒုက္ခသစ္စာတွေဘဲ၊ ဒါတွေကို ဉာဏ်နဲ့မြင်, မလိုချင်၊ ဒါတွေကလွတ်ချင် ကျွတ်ချင်တဲ့ဉာဏ်နဲ့ အဖြူကံကို လုပ်ကြရမယ်။ ဒီဒုက္ခသစ္စာကြီးက လွတ်လိုတဲ့ ဉာဏ်နဲ့၊ ဒီခန္ဓာကြီးကို မလိုချင်တဲ့အလောဘနဲ့ ဒါန, သီလ စတဲ့ အဖြူကံတွေကို ကြိုးစားကြပါဆိုတာ သတိပေးလိုက်တယ်။

(၃) အဖြူအမဲရောတဲ့ ကံကိုလဲ အားကိုးဘို့ မရနိုင်ဘူး၊ သူကလဲ သမုဒယအကြောင်းခံနဲ့ ဒုက္ခခန္ဓာကိုရလာတာဘဲ။ သူက

အဖြူကံ ကုသိုလ်အမျိုးမျိုးတွေကို လုပ်တယ်၊ မသိမှုအဝိဇ္ဇာနဲ့ ဘုံဘဝတောင့်တမှု တဏှာဆိုတဲ့ အမဲတွေလဲ ရောနေတယ်။ အဖြူကံက သမုဒယသစ္စာ၊ အမဲကံကလဲ သမုဒယ သစ္စာဘဲ။ နောက်ဘဝ အကျိုးရတော့ ခန္ဓာငါးပါး ဒုက္ခသစ္စာကို ရမှာဘဲ။ ဆင်ဖြူတော်တို့, နဂါးမင်းကြီးတို့ စတဲ့ ခန္ဓာတွေကို ရမယ်။ ရှင်းကြပလား?၊ ဒါကြောင့် ဒီကံလဲ အားကိုးလို့ မဖြစ်ဘူး။

(၄) ဒကာဒကာမတို့ အခုလေးနံပါတ်ကို ပြောပါမယ်၊ သူက အရေးကြီးပါတယ်၊ ဒီကံက ကံဖြတ်၊ အထက်ကပြောခဲ့တဲ့ ကံသုံးကံကို သူကဖြတ်ချတယ်။ ဒီကံကသမုဒယကိုလဲဖြတ်တယ်၊ ဒုက္ခကိုလဲ ဖြတ်တယ်၊ ဒါ့ကြောင့် ဒီအမဲအဖြူ မရောတဲ့ ကံကမှသာ ဒကာဒကာမတို့ရဲ့ အားကိုးရာအစစ်, ကေန်ဖြစ်တယ်ဆိုတာ မှတ်လိုက်ကြ။

အမဲအဖြူမရောတဲ့ ကံဆိုတာက ဝိပဿနာကံ, မဂ်ကံဘဲ၊ အခု ဒကာဒကာမတို့ ခန္ဓာထဲမှာ ဉာဏ်နဲ့ ကြည့်ပေးပါ၊ စိတ်ကလေးတွေ တခုပြီးတခု အမြဲတစေ ဖြစ်ပျက်ပြီးနေကြတယ်။ ဝေဒနာကလေးတွေကြည့်၊ ကြည့်တော့ ခဏခဏဖြစ်ပြီး, ခဏခဏ ပျက်နေတဲ့ ဝေဒနာတွေပါလားလို့ သိရမယ်၊ ရုပ်ကလေးတွေကြည့်လဲ ဖြစ်ပြီး ပျက်နေတာတွေဘဲ မြင်ရ သိရမယ်။

ဒကာဒကာမတို့ အဲဒီလိုသိတော့ ဝိပဿနာဉာဏ် ဖြစ်ပါတယ်။ ဒီလိုကြည့်တော့ ဖြစ်ပျက်နေကြတဲ့ ရုပ်တွေ, စိတ်တွေ, ဝေဒနာတွေက ဒုက္ခသစ္စာ ခန္ဓာတွေဘဲ။ အဲဒီတော့ အသိခံခန္ဓာက ဒုက္ခသစ္စာ၊ သိတဲ့ ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သွားတယ်။ ရှင်းကြရဲ့လား?၊ အဲဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က

မဂ္ဂသစ္စာဆိုတော့ ဒီမဂ်က သမုဒယကိုလဲ ဖြတ်တယ်၊ ဒုက္ခကိုလဲ ဖြတ်တယ်ဆိုတာ မှတ်ကြ။

ဒကာဒကာမတို့ သေသေချာချာမှတ်ကြပါ၊ ဒီမဂ်ကသိုလ်ထဲမှာပါတဲ့ စေတနာကံက သမုဒယကိုလဲ ဖြတ်၊ ဒုက္ခကိုလဲဖြတ်ဆိုတော့ ဒီကံက ကံဖြတ်တဲ့ဆိုတာ ပေါ်ကြပလား?၊ ဒီအမဲအဖြူမရောတဲ့ ကံဟာ ကံဖြတ်တရားဘဲလို့ ဆုံးဖြတ်ချက်ချကြ။

ဒကာဒကာမတွေ ရှေးတုန်းက ကံအမိ, ကံအဘဆိုပြီးတော့ ဉာဏ်မပါဘဲ ရမ်းပြီး အားကိုးနေကြတယ်၊ အားကိုးရာ ရကြပါရဲ့လား?၊ ဒကာဒကာမတွေ အားကိုးတဲ့ကံက ဒုက္ခနဲ့ သမုဒယဘဲ ရှိတယ်၊ ဒီနှစ်ခုဘဲ လှည့်နေရတယ်၊ ကောင်းတာတခုမှ မပါဘူး၊ ရိပ်မိကြပလား?၊ အဲဒါကြောင့် အားကိုးမှားတွေ ပြင်ကြတော့။ ဘာကိုအားကိုးရမလဲ?ဆိုတော့ ဒီ လေးနံပါတ် ဝိပဿနာ မဂ်ကံကို အားကိုးရမယ်။

ဒီ အဖြူအမဲမရောတဲ့ လေးနံပါတ်ကံက အကျိုးပေးမယ့် ကံတွေကို ဖြတ်ချလိုက်တယ်၊ ဖြတ်ချတော့ ဒီနေရာမှာ တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ သံသရာနယ်ချဲ့ ပပဉ္စတရားတွေ သေတယ်။ သေတော့ နောက်,သံသရာချဲ့မယ့် ဒုက္ခသစ္စာတွေလဲမလာတော့ဘူး။ ရှင်းကြရဲ့လား?။ ဒီကံက ပပဉ္စကို ချုပ်စေတယ်၊ ဒုက္ခတွေကို ချုပ်သိမ်းတယ်၊ ဒါ့ကြောင့် ဒီလေးနံပါတ်က အမဲအဖြူမရောတဲ့ ကံမှသာ အားကိုးရာရမယ်ဆိုတာ ပေါ်ကြပလား?။

ဒီကံက အထက်ကံသုံးကံကို ဖြတ်တယ်၊ နိဗ္ဗာန်ကို အကျိုးပေးတယ်။ ဒါ့ကြောင့် ဒီကံမှသာ အားကိုးထိုက်တယ် ဆိုတာ ပေါ်ကြပလား?၊ဘဝအဆက်ဆက်သံသရာက အမှားကံတွေကိုလဲ သူက ဖြတ်နိုင်တယ်။ ဘုရားရှင် အလိုတော်ကျ အားကိုး

ရမယ့် ကံက ဒီကံဘဲ။ ဒီ ဝိပဿနာကံ, မဂ်ကံမှသာ အလို
တော်ကျ အားကိုးရမယ့် ကံဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒီကံက အထက်က ကံသုံးကံကို ဖြတ်ချတယ်၊ အပါယ်
သံသရာ ဒုဂ္ဂတိကံတွေ၊ ဒုက္ခသစ္စာ, လူနတ်ပြဟ္မာ ခန္ဓာတွေ၊ ရွှေ
နဂါး, ဆင်ဖြူတော်, အသတိုရ်မြင်း စတဲ့ ပေးမယ့် ကံတွေ၊
ဒါတွေအားလုံးကို ဒီလေးနံပါတ်ကဖြတ်တယ်။ကံသုံးမျိုးလုံးကို
ဖြတ်ပါတယ်၊ အမှားဟူသရွေ့ကို ဖြတ်ပေးတယ် ဆိုတာ မှတ်
ကြတော့။

ဒကာ ဒကာမတွေ ကျေနပ်ကြပလား၊ ဆရာသမားနဲ့
တွေ့လို့ ဒကာတို့အမှားတွေကို ပြင်ပေးနိုင်တယ်။ လွယ်ကူတဲ့
ကိစ္စမဟုတ်ပါဘူး၊ ကိုယ့်အမှားကိုယ်ပြင်ပြီး,အားကိုး အားထား
ရှိသေးရဲ့ဟဲ့လို့ အားတက်သရေနဲ့ ပြင်ကြ ဆင်ကြဘို့ဘဲ၊ အား
တက်စရာ ကြုံကြိုက်တုန်း အားတက်ပြီး ကြိုးစားလိုက်ကြပါလို့
သတိပေးလိုက်တယ်။

ဒီ, ဝိပဿနာကံ, မဂ်ကံက အမဲကံလဲဖြတ်၊ အဖြူကံလဲဖြတ်၊
အမဲအဖြူရောတဲ့ ကံလဲဖြတ်ပါတယ်။ ဒကာ ဒကာမတို့ ရှေးရှေး
တုန်းက လုပ်ခဲ့တဲ့ ကောင်းတဲ့ မကောင်းတဲ့ ကံ၊ အမှားတွေ
ဟူသမျှကို သူက အကုန်ဖြတ်ပေးပါတယ်။

ဒါကြောင့် ဒီလေးနံပါတ် ကံကို အားကိုး ပြောင်းလိုက်
ကြပါ၊ သူကမှ အားကိုးရာ အစစ်အမှန် ရကြမယ်ဆိုတဲ့အချက်
ကို လေးလေးနက်နက် တိုက်တွန်းလိုက်ပါတယ်။

ကိုင်း....နက်ဖြန်မှဆက်ကြစို့၊ နာရီစေ့ပြီ။

# ဓမ္မရတနာ မာတိကာ

"ကြွေးမျိုးကုန်ပျောက်၊ နိဗ္ဗာန်ပေါက်တရားတော်"

---

နိဒါန်းပုဒ်

မသိမှုအုပ်၊ မတော်လုပ်၊ မဟုတ်ပြောဆိုကာ။
ဒုက္ခအစု၊ နေ့တိုင်းပြု၊ မေ့မူ ဝေရသာ။
အို နာ သေကာ၊ မလွတ်ရ၊ ဒုက္ခဝဲလှည့်ရှာ။
ရေခန်းလူငြား၊ ရေပိုးမွှား၊ ဝါးမျှား အတူသာ။
မိုက်ပျော်မသိ၊ သေနီးဘိ၊ အတိ ဒုက္ခဖြာ။
ကံဖြတ်အလုပ်၊ ချက်တဖြုတ်၊ အားထုတ်ပေမှသာ။
ခန္ဓာဉာဏ်ချုပ်၊ သတိကပ်၊ မပြတ် ရှုကြည့်ရာ။
ဖြစ်ပျက်ရုပ်နာမ်၊ အမြင်သန်၊ မုန်းပြန် ဆုံးမည်သာ။

သတိချပ်

အားလုံးသတ္တာ၊ ကြွေးများစွာ၊ တမ္ဘာသချႋုင်ပ်။
ဝိပဿနာ၊ မဂ်လမ်းသာ၊ မှန်စွာ ကံဖြတ်လုပ်။
လုပ်ငန်းမဝင်၊ မဲ့သေပင်၊ သေလျှင် စုံးစုံးမြုပ်။
လုပ်ငန်းပြီးသူ၊ သေခါမူ၊ အေးလူ ပြုံးပြုံးချုပ်။
ဆိုးကောင်းကြွေးတွေ၊ အသချေႋ၊ ကျေလေ့ ဉာဏ်ဝိမုတ်။
ကိုယ့်ကိုယ်ကိုသာ၊ ကိုးစားရာ၊ မြန်စွာကျင့်အားထုတ်။

**တရားသား။** ။ ဒကာ ဒကာမတွေ ဝိပဿနာအလုပ်, မဂ္ဂင်အလုပ်ကို လုပ်ကြပါလို့ ဦးဦးဖျားဖျား ထူးထူးခြားခြားဘဲ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။ ဆရာဘုန်းကြီးဟာ ဘာ့ကြောင့် တိုက်တွန်းနေရသလဲ?လို့ မေးရင် ဒကာ ဒကာမတို့တတွေက မေ့လျော့မှုရှိကြလို့ဘဲဆိုတာ မှတ်ကြရမယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အမြဲတစေ မေ့လျော့လို့ဘဲ နေတတ်ကြတယ်၊ဘယ်အခါမှ သတိ,ပညာ ကပ်တဲ့အခါ မရှိကြဘူးဆိုရင် မလွဲဘူး၊ ဒကာ ဒကာမတွေ မေ့တယ်ဆိုတာ လုပ်သမျှ လောကီ အလုပ်တွေဟာ မေ့လို့ လုပ်ကြတာဘဲလို့ သိကြရမယ်၊ လောကီ အလုပ်တွေ လုပ်လေသရွေ့မှာ မေ့လို့သာလုပ်နေ ကြတယ်လို့သာ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိကြရဲ့လား?။

အဲဒီတော့ ဆရာဘုန်းကြီးက တိုက်တွန်းနေတာဟာ သြော်တို့အလုပ်တွေက မေ့တဲ့ အလုပ်တွေမို့ တိုက်တွန်းနေတာဘဲလို့ မှတ်ကြရမယ်၊ ကျေနပ်ပလား၊ ဒကာတို့မှာက မေ့တာတွင် မဟုတ်ကြဘူး၊ ကိုယ့်အသက်တမ်းကိုတောင် မေ့ခြင်းနဲ့ ဖြုန်းတီးပြီး, အလွဲသုံးစားနဲ့ ကုန်စေကြတယ်ဆိုတာ သတိပြုကြရမယ်။

"ပမတ္တဿ နာမ စတ္တာရော အပါယာ
သကဂေဟာသဒိသာ။"

"မေ့မေ့ လျော့လျော့ နေသူများအတွက်မှာ၊ အပါယ်လေးဘုံဟာ မိမိတို့အမြဲနေရာ အိမ်ဂေဟာကြီးနဲ့ တူပေ၏" လို့ ဆိုတဲ့အတိုင်း မေ့မေ့လျော့လျော့ နေကြသမျှ၊ လူတွေ အမြဲ

နေရတာ ငရဲဘဲဆိုတာ မှတ်လိုက်ကြ။ ရိပ်မိကြရဲ့လား?၊ ဒကာတို့ တတွေဟာလဲ ငရဲ မှာဘဲ အများဆုံး နေခဲ့ကြရတယ် ဆိုတာကို ယုံမှားမရှိကြနဲ့တော့။ ရှင်းကြပလား?။ အဲဒီလို ငရဲကျနေတုန်းကဆိုရင် ဒုက္ခတွေကလဲ အလွန်ကြမ်းတမ်းပြီး, ကြီးကျယ် များပြားလွန်းလို့ မသက်မသာနဲ့ ရက်ရက်စက်စက် ကြီး ခံကြရရှာတယ်။

အဲဒီလို အခါမျိုးမှာ– လူတိုင်း လူတိုင်းဘဲ သတိသံဝေဂ စိတ်ဖြစ်ပေါ်ကြပါတယ်၊ "ငါ ယနေ့ နက်ဖြန်"ဆိုသလို ဒီဒုက္ခ တွေက ကျွတ်လွတ်ပြီး လူဖြစ်ရပါစေ၊ အဲဒီလို ကျွတ်လွတ်ခွင့် ရပါလျှင်၊ အကုသိုလ်မှု မကောင်းတာ ဟူသမျှ တခုဏာမျှ မလုပ် တော့ပါဘူး။ ကုသိုလ်ကောင်းမှု ဒါန, သီလ, ဘာဝနာမှုတွေ ကိုဘဲ အဟုတ်တကယ် ကြိုးစား အားထုတ်ပေတော့မယ်၊ ဒီဝဋ္ဋ ဒုက္ခဆိုးမျိုးကို နောက်ထပ်တဖန် မတွေ့ရ မကြုံရအောင်, အားထုတ်တော့မယ်၊" အဲဒီလို စိတ်မျိုး လူတိုင်းမှာ ဖြစ်ပေါ် ပြီး ဆုံးဖြတ်ချက်ချတဲ့ လူချည့်ဘဲဆိုတာ မှတ်ကြရမယ်။

ဒကာ ဒကာမတို့ အထဲမှာ ငရဲမကျဘူး, မရောက်ဘူးတဲ့သူ ဆိုလို့ တယောက်မှ မပါကြပါဘူး၊ ငရဲကျဘူးတဲ့ သူတွေ ချည်းဘဲ၊ အဲဒီအခါတုန်းက ကြိမ်းဝါးတဲ့ လူချည့်ဘဲ၊ အဲဒါ ဘာကြောင့်လဲလို့ဆိုတော့ ငရဲဒုက္ခက အင်မတန် ဆိုးရွားလွန်းလို့၊ အင်မတန် ခံပြင်းလွန်းလို့ဘဲဆိုတာ မေးဘို့ မလို တော့ဘူး၊ သဘောပါကြပလား?။

ဒါပေမယ့် အခု လူ့ဘဝရောက်လာတဲ့ အခါကျတော့ မေ့ကုန်ပြီ, ဟိုမှာတုန်းက ကြိမ်းခဲ့လေသမျှ အခုသတိမရကြတော့ ဘူး။ ဒါကြောင့်လဲ ဒီကျတော့ သူများနည်းတူ နေနိုင် ထိုင်နိုင်

ကြတော့တာပေါ့။ ဒကာဒကာမတွေ အခုရှိတဲ့ လူအားလုံးဟာ အားလုံး ငရဲကျဘူးကြတာချည့်ဘဲ၊ ဒါပေမယ့် အခုအမှတ်မရလို့ မကြောက်ကြတော့ဘူး၊ ကြောက်ရမှန်း, လန့်ရမှန်း မသိနိုင်ကြတော့ဘူး၊ ဒါဘာ့ကြောင့်လဲဆိုတော့ အဝိဇ္ဇာဖုံးလွှမ်းထားလို့ဘဲ ဆိုတာသာ မှတ်လိုက်ကြ၊ ရှင်းပလှား?။

တဏှာယ်လို့သာ အမှတ်ရကြမယ်ဆိုရင် ထမင်းတလုပ်ကိုတောင်, မိန်အောင် စားနိုင်ကြမှာ မဟုတ်ပါဘူး၊ အခုတော့ မေ့လျော့ပြီး ပတ်ဝန်းကျင်တွေကလဲ လှည့်စားထားလိုက်တော့ နေလို့ထိုင်လို့ ဖြစ်နေကြတာဘဲ၊ ကိုယ့်အဝိဇ္ဇာမောဟကလဲ ဖုံးထား၊ ပတ်ဝန်းကျင်ကလဲ လှည့်စား၊ အဲဒါနဲ့ အိမ်ထောင်ပြုကြ၊ သားမွေးကြ၊ စီးပွါးရေးတွေ လုပ်ကြနဲ့ ဘာမှ မသိနိုင်တော့တဲ့အဖြစ် ရောက်နေပြီ။ သိကြတော့ မြင်ကြတော့ဆိုတာ ပြောလိုက်ပါတယ်။

အမျိုးမျိုး အထွေထွေ အပိုကိစ္စတွေနဲ့ မေ့ခနကြတယ်၊ မေ့ပြစ်သင့်ကြတော့မယ်၊ ဒီနည်းနဲ့ဘဲ အသက်သာ ကြီးပြီး အချိန်မစီးကြဘူး။ တနေ့ထက်တနေ့ ကြီး,ကြီးလာတာက သာမညလို့ မမှတ်ပါနဲ့၊ သေခါနီး,နီးလာတာဘဲဆိုတာ ရိပ်မိကြရဲလား၊ ဒီလိုနဲ့ အလှဟာသ အချည်းအနှီးနဲ့ သေလိုက်ကြရ၊ သေတော့လဲ သေခါနီးမှာ နဂိုကလဲ ဘာမှ သိထားတာ မရှိတော့ ဟိုသား စိတ်မချ၊ ဒီသွီး စိတ်မချ၊ ဘယ်သားက ဘယ်လိုဘဲဆိုပြီး သေသွားကြရ၊ နောက် အပါယ်ကျကြ။ အဲဒီလိုနဲ့ တဘဝ တဇာတ်သိမ်းရပြန်တာဘဲ၊ ဘာမှ ကောင်းတာ မပါကြဘူး။

ဒကာဒကာမတို့ မေ့မှု အဝိဇ္ဇာ ဘယ်လောက် အပြစ်ကြီးတယ်၊ ကြီးလိမ့်မယ်ဆိုတာကို ဉာဏ်နဲ့ကြည့်မှ သိနိုင်ကြမယ်။ ပေါ့ပေါ့ကလေးလို့များ မအောက်မေ့လိုက်ကြပါနဲ့၊ အင်မတန်ကြီးတဲ့ အရေးပါဆိုတဲ့ အကြောင်းကို သတိပေးလိုက်ပါတယ်။

မေ့မှုအဝိဇ္ဇာရှိတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ လမ်းဘဲ လျှောက်မိတယ်၊ မသိမှုကြောင့် မတော်တာဘဲ လုပ်မိကြပြန်တယ်၊ မသိမှုက အဝိဇ္ဇာ၊ မတော်တာလုပ်တာက သင်္ခါရ၊ ဒကာဒကာမတွေ ကိုယ့်အကြောင်းမှန်ကို ရိပ်မိကြပလား?၊ မသိတာက ဘာကို မသိတာလဲဆိုတော့၊ အခု လက်ရှိ ဒကာဒကာမတို့ ခန္ဓာထဲမှာ အိုတတ်,နာတတ်, သေတတ်တဲ့ သဘာဝတွေ ရှိနေတယ်၊ ဒီခန္ဓာကြီးက ဒုက္ခသစ္စာ ခန္ဓာကြီးဘဲ။ ဒါကို မသိကြဘူး။

အိုမှာတွေ, နာမှာတွေ, သေမှာတွေ ဒကာဒကာမတို့ ခန္ဓာထဲမှာ အမြဲတမ်း အပြည့်ရှိပြီးနေတယ်၊ ဒီခန္ဓာထဲမှာ ဒုက္ခသစ္စာကြီး ရှိနေတယ်၊ ဒါကို အမှန်အကန် မသိကြ, မမြင်ကြဘူး၊ အဲဒါဟာ အဝိဇ္ဇာဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?၊ ဒီအဝိဇ္ဇာရှိနေတော့ ဒကာတို့ဟာ နေ့တိုင်းနေ့တိုင်းဘဲ မတော်တာချည့်ဘဲ လုပ်နေကြတယ်ဆိုတာ သိကြရမယ်။

ဒကာဒကာမတို့က မတော်တာလုပ်နေတော့ ဘာအပြစ်ရှိသလဲ? လို့ မေးစရာရှိတယ်၊ အဲ-မတော်တာလုပ်နေတော့ အဆုံးမှာ ဘာနဲ့ တွေ့ကြုံရမလဲဆိုတော့ ဒုက္ခက္ခန္ဓဿတဲ့၊ ဒုက္ခက္ခန္ဓဿ၊ ဒုက္ခအစုအပုံကြီး၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏-တဲ့။ ဒကာဒကာမတို့ မတော်တာလုပ်တဲ့ အပြစ်ဘာလဲဆိုတာ ရိပ်မိကြပလား?။

ဒုက္ခက သေးသေးငယ်ငယ် မဟုတ်ပါဘူး၊ ဒုက္ခအစုကြီး ဒုက္ခအပုံကြီး ရမယ်တဲ့၊ ဒါ့ကြောင့် အရေးတကြီး ဝိပဿနာ လုပ်ကြပါ၊ မဂ္ဂင် အလုပ်, လုပ်ကြပါလို့ တိုက်တွန်းနေတာဟာ တိုက်တွန်းသင့်လို့သာ တိုက်တွန်းနေတာဘဲဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှေးက နေခဲ့ ထိုင်ခဲ့တဲ့ ကိုယ့်ဖြစ်စဉ်ကို ကိုယ်သိကြပလား?၊မသိကြသေးရင် သိအောင် မှတ်ထားကြပါ။ ဒကာဒကာမတို့ ရှေးတုန်းက "မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခအစုရ၊ အဲဒါ ဒကာဒကာမတို့ လမ်းစဉ်ဘဲ" သေချာပလား?၊ မသိမှုကြောင့် ထင်ရာလုပ်ကြတယ်၊ ထင်ရာလုပ်တော့ ဒုက္ခအစုကြီး ကိုယ်ပိုင်ရကြတယ်၊ အဲဒါ လူများထုံးစံ သွားရာလမ်း၊ ဒကာ ဒကာမတို့ လမ်းစဉ်ဘဲဆိုတာ မှတ်ကြတော့၊ ရှင်းကြရဲ့လား?။

ဒါ့ကြောင့် ဒီအမှားလမ်းစဉ် ဒုက္ခလမ်းစဉ်ကိုဖြင့် ပြင်ကြမှ ဖြစ်တော့မှာဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ။ မပြင်မဆင်ဘဲ ရှေးရိုးရာ အစဉ်အလိုက် ဒီလိုဘဲ နေ့,နေကြမယ်ဆိုရင် ကိုယ်ကျိုး အကြီးအကျယ် နဲပြီလို့သာ ဆုံးဖြတ်ချက်ချကြတော့။ ပြင်ဘို့ ဆိုတော့ ရိုးရာအလုပ်တွေ ပြင်ပြီး ဝိပဿနာ လုပ်ငန်းစဉ် ပြောင်းရမယ်၊ အခုနေမှ မပြောင်းရင် မဖြစ်တော့ဘူး၊ ရိပ်မိ ပလား?။

ဝိပဿနာကို မလုပ်ရင် မသိမှု အဝိဇ္ဇာ အုပ်ချုပ်မယ်၊ အဝိဇ္ဇာအုပ်ချုပ်သမျှ ဒုက္ခအစုကို ရမယ်။ ဝိပဿနာကို လုပ်ရင် ဝိဇ္ဇာဉာဏ် အုပ်ချုပ်မယ်၊ ဝိဇ္ဇာဉာဏ် အုပ်ချုပ်မှ ဒုက္ခအစုကြီး

ချုပ်မယ်ဆိုတာ မှတ်လိုက်ကြ၊ သဘောပါကြရဲ့လား?၊ ဒကာ ဒကာမတွေက ဆင်ခြေ ဆင်လက် အလွန်များတတ်ကြတယ်၊ အားလုံး ဒီလိုနေကြတာဘဲ၊ ဘာဖြစ်သလဲလို့ ပြောချင် ပြောကြအုံးမယ်။ ဒကာဒကာမတို့ ဆင်ခြေလဲရင် အခက်ကြုံမယ်လို့ သာ မှတ်ထားလိုက်ကြ။

ကိုယ်တိုင်က ဘာမှ သိတာမဟုတ်လို့ ဆင်ခြေလဲမနေကြနဲ့တော့၊ ဘုရားဟောနဲ့ ဆရာပြောကို အတည်ပြုကြ၊ ဝိပဿနာ အလုပ်,အားထုတ်ကြ၊ ဒါမှ ဝိဇ္ဇာဉာဏ်ဖြစ်မယ်၊ ဝိဇ္ဇာဉာဏ်ဖြစ်မှ တော်တာ လုပ်မိမယ်၊ တော်တာလုပ်မှ နောက်က ဒုက္ခအစုကြီး လွတ်မယ်၊ ကျေနပ်ပလား?။

ဒကာဒကာမတို့ ကိုယ့်အမှားတွေ ကိုယ်ပြင်ကြတော့၊ အခုနေကမှ မပြင်နိုင်ရင် ပြင်ချိန်မရှိတော့ဘူး၊ မနက်မိုးလင်းတော့ ဘယ်သွားကြမလဲလို့ မေးရင် "မသိတာ အုပ်ချုပ်ပြီး မတော်တာတွေ လုပ်ဘို့၊ မဟုတ်တာတွေ ပြောဘို့သွားမှာဘဲ" လို့ သာ အဖြေပေးကြဘို့ဘဲ ရှိတယ်၊ ဒီလိုအနေမျိုး နေကြသမျှ ဒုက္ခအစုကြီး ရကြမယ်ဆိုတာ မှတ်ကြတော့။ အခု ဒုက္ခအစုကို ကိုယ်ပိုင်ရနေကြတယ်၊ ဘာ့ကြောင့်လဲ?ဆိုတော့ ရှေးတုန်းက ဒကာဒကာမတွေ မတော်တာကို ကိုယ်တိုင်လုပ်ထားကြလို့ ရနေကြတာဘဲ ဆိုတာ သိကြရမယ်။

အိုမှု,နာမှု,သေမှုတွေ ကိုယ်ပိုင်ရနေကြတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ အစနှစ်ခုကို ကြည့်ရင် သိပါတယ်၊ အစ နှစ်ခုက အဝိဇ္ဇာနဲ့ သင်္ခါရဆိုတော့ မသိမှုနဲ့ မတော်တာကြောင့်ဘဲ၊ ဒကာ ဒကာမတွေ ကိုယ့်အကြောင်းကိုယ် ရိပ်မိကြပလား?၊ ကိုင်း, ဒါကြောင့် ပြင်ပါတော့လို့ တိုက်တွန်းတာဘဲ ဆိုတာ

သဘောပါကြပလား?၊ ပြင်ဘို့ဆိုတော့ ဝိပဿနာ အလုပ်မဂ္ဂင်အလုပ်ကို လုပ်ကြရမယ်။

ဒကာ ဒကာမတို့ ဝိပဿနာလုပ်တယ် ဆိုတာ တိုဘိုနဲ့ မှတ်ထားဘို့က "အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော" လို့ဆိုတဲ့အတိုင်း ရုပ်နာမ် သင်္ခါရတို့ရဲ့ ဖြစ်မှုနဲ့ ပျက်မှုကို ကြည့်ကြဘို့ပါဘဲ၊ ဖြစ်မှု ပျက်မှုကို ဉာဏ်နဲ့မြင်အောင် ကြည့်ခိုင်းတာဘဲဆိုတာ မှတ်ကြရမယ်။ မှတ်မိကြပလား?။

ဝိပဿနာလုပ်တော့ တော်တာ လုပ်မိတာဘဲ၊ တော်တာလုပ်မိတော့ တော်တာကို သိတယ်၊ သိမှုရှိတယ်၊ သိမှုရှိတော့ တော်တာကို ယုပ်မိတယ်။ တော်တာ လုပ်တော့ ဒုက္ခအစချုပ်တယ်၊ ဒုက္ခဇာတ်သိမ်းတယ် ဆိုတာ မှတ်လိုက်ကြ။ ဒီခန္ဓာဟာ အဝိဇ္ဇာခန္ဓာ, သင်္ခါရခန္ဓာဘဲလို့ မှတ်ကြ၊ ဒီအဝိဇ္ဇာခန္ဓာ, သင်္ခါရခန္ဓာဟာ ဒုက္ခအစုကို ရလာတော့ ဒုက္ခခန္ဓာဘဲ ဆိုတာမှတ်လိုက်ကြ။

ဒီသဘောကို အမှန်အကန်သိဘို့ရာ ဒီခန္ဓာကိုဘဲ ကြည့်ရမယ်၊ ဒီခန္ဓာကို ဉာဏ်နဲ့ ကြည့်ရင် အမှန်အကန်အတိုင်း သိရမယ်၊ အမှန်တကယ်ရှိတာက ရုပ်နာမ်အဖြစ်နဲ့ အပျက်ဘဲရှိတယ်။ ဒီလိုအမှန်ရှိတဲ့ ဖြစ် ပျက်ကို နှလုံးသွင်းဘို့ဘဲ၊ နှလုံးသွင်းတော့ယောနိသော မနသိကာရ ရှိလာတယ်၊ ယောနိသော ရှိရင် ဒုက္ခချုပ်တော့တာဘဲ၊ ရှင်းကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အခုပြောတဲ့ သဘောကိုမမေ့ကြစေနဲ့၊ ဝိပဿနာကို မမေ့ကြပါနဲ့၊ ဒါကို မေ့ရင် ဒုက္ခရောက်ဘို့ အလွန်နီးကပ်နေကြပြီဆိုတာ သတိပေးလိုက်ပါတယ်။ ဒကာတို့တတွေက ပြောကြတယ်၊ "အခု နွေပေါက်လာပြီ၊

ကန်ရေတွေ ခန်းတော့မှာဘဲ၊ ကန်ရေခန်းရင် ငါးတွေတော့ ဒုက္ခရောက်ရအုံးတော့မှာဘဲ''နဲ့ ပြောတတ်ကြတယ်၊ ဒကာတို့ တတွေရဲ့ အဖြစ်ဟာလဲ ဒီနည်းနဲ့မခြားဘူးဆိုတာ မှတ်ကြရမယ်။ ဒီဥပမာကို သဘောပေါက်ကြရဲ့လား?။

အခု ဒကာ ဒကာမတွေလဲ အခု နွေပေါက်နေပြီ၊ အတော် အတန် ခန်းနေပြီ၊ မကြာခင်မှာဘဲ ကုန်တော့မယ်။ သိကြရဲ့ လား?၊ ကိုယ့် ''ကံ'' ရေခန်းတာ ကိုယ်မသိကြဘူး ဆိုယင် အတော် ဆိုးရွားသွားမယ်။ ''နွေကလဲ ပေါက်နေပြီ၊ ကန်ရေ တွေက အတော်အတန် ခန်းခြောက်ကုန်ပြီ၊ မကြာခင်မှာ ရေတွေကုန်ပြီး ငါတို့ ဒုက္ခရောက်ရတော့မယ်''ဆိုတဲ့ အဖြစ်ကို ကန်ထဲမှာရှိတဲ့ ငါးတွေက သိကြသလား?၊ မသိကြဘူး။ တိရစ္ဆာန်လဲ မသိမှု အုပ်ချုပ်ခံနေရဲတယ်။

ဒီတော့ ဒကာတို့ တတွေမှာလဲ ''ကံ'' ရေတွေ အတော် အတန် ခန်းကုန်ကြပြီ၊ မကြာမတင်ဆိုသလို ''ကံ'' ရေတွေ ကုန်ပြီး ဒုက္ခရောက်ရတော့မယ်ဆိုတာ သိကြပါတော့။ မသိဘူး ဆိုရင် ဘယ်လိုပြောရမလဲ?၊ တိရစ္ဆာန်တွေမို့လား?လို့ ပြောသင့် မပြောသင့်၊ ချင့်ချိန်ပြီးကြည့်ကြ၊ သဘောပါကြပလား?။

တိရစ္ဆာန်ငါးတွေမှာ မသိမှုအဝိဇ္ဇာ အုပ်ချုပ်ခံနေရတော့ သူတို့ ဘာသာ ဘာဝနဲ့ ပျော်မြူးနေကြတယ် ဟုတ်ရဲ့လား?၊ အဲဒီတော့ မသိတာက အဝိဇ္ဇာ၊ ပျော်မှုက သင်္ခါရ၊ နောက်, ကျီးတို့, ငှက်တို့, သိန်းစွန်တို့ရဲ့ အစားခံရတာက ဒုက္ခကွန္ဓသာ, ရတာဘဲ၊ ဒုက္ခအစု ရကြတာဘဲ ဆိုတာ ထင်ရှားပါတယ်။ ပေါ်ကြပလား?။

ဒကာတို့တစ္ဆေ့က အတိတ်ကံကလေးနဲ့နေပြီး ပျော်နိုင်ကြ၊ ရွှင်နိုင်ကြ၊ တယောက်နဲ့ တယောက် စိတ်ကောက်လိုက်ကြ၊ သွားရေး သွီးရေး စီးပွါးရေး လောကနဲ့ ကြေနပ်နေကြ၊ အဲဒီလို နေနိုင်ကြတာဟာ သာမညများ မမှတ်လိုက်ပါနဲ့၊ ရှင်းရှင်း ပြောရရင် တိရစ္ဆာန်နေနဲ့ တိရစ္ဆာန်ပျော်ဘဲရှိတယ် ဆိုတာသာ မှတ်ကြတော့။ ဒီလိုနေနိုင်တာဟာ "ကံ" ရဲ့ ခန်းတာ မသိကြလို့ဘဲ။ လူ့ဘဝနေရဘို့ ကံက နဲ့နဲ့သွားပြီ၊ ဒီထဲက ပြုံးတာဟာ သေခါနီးပြုံးဘဲ။ ရှင်းပလား?။

ဒကာတို့ အကျင့်က သူတပါး စားဖတ်, ဝါးဖတ် ဖြစ်ဘို့ နီးလေ ပြုံးလေဆိုတဲ့ ငါးတွေလိုဘဲ မရဏ သေမင်း စားဖတ်, ဝါးဖတ် ဖြစ်ဘို့ နီးလာလေ, ပြုံးလေ ဖြစ်နေကြရင် အဲဒါ သေခါနီး ပြုံးဘဲ၊ ရိပ်မိကြပလား?၊ ဒါကယဉ်အောင် သုံးတာ ပါ၊ ယဉ်အောင် ပြောတာ သဘောမပေါက်သေးရင် အမှန် ပြောက တိရစ္ဆာန်ပြုံးဘဲ၊ ရိပ်မိကြပလား?။

ထုံးအိုင်ထဲက ငါးတွေဟာ ရေကလဲ အတော်နည်းနေပြီ, နွေရာသီကလဲ မကြာခင် ရောက်တော့မယ်၊ ရောက်ရင် ရေတွေ လုံးဝခန်းပြီး ဒုက္ခ ရောက်ကြရတော့မယ်၊ ပတ်ဝန်းကျင်က ဗျိုင်းတို့, ကျီးတို့, သိန်းတို့, စွန်တို့ကလဲ မပြတ်စောင့်ကြည့် နေကြတယ်၊ ဒါပေမယ့် ငါးတွေက ဒီအကြောင်းတွေ နဲ့နဲ့မှ မရိပ်မိကြဘူး။ သူတို့မှာတော့ ဘာသာဘာဝ မြူးတူးပျော်ရွှင် နေကြတယ်၊ အဲဒါတွေဟာ သေခါနီးပျော်, တိရစ္ဆာန်မိုက်, မိုက်တာဘဲ၊ သဘောပါပလား?။

အဲဒီလို ငါးတွေ ပျော်နေကြတာဟာ မသိလို့ ပျော်တာဘဲ၊ သေခါနီး ပျော်ဘဲဆိုတာ ငြင်းဘို့ မရှိတော့ဘူး၊ အဲဒီတော့

ဒကာ ဒကာမတွေလဲ ကိုယ့်အကြောင်းမှ ကိုယ် မရိပ်မိကြဘူး ဆိုရင် တိရစ္ဆာန်ငါးတွေနဲ့ ဘာများ ထူးခြားသေးသလဲ?လို့ မေးလိုက်ပါတယ်။ ဒကာ ဒကာမတွေ ကိုယ့်အခြေ ကိုယ့်အနေနဲ့ မပျော်နိုင်, မပြုံးနိုင်ကြသေးပါဘူး။ အိမ်ကျလို့ ပြုံးမိရင် ကိုယ့်ဟာကိုယ် ဆုံးမကြ။ "မင်း ခြေနှစ်ချောင်း ပေါက်နေပေမယ့် တိရစ္ဆာန်လား?"လို့ ဆုံးမကြ။

ကံရေ ခန်းနေတဲ့ အထဲမှာ ပျော်နေကြလို့ မတော်တော့ဘူး။ ပျော်နေရင် ငါးပျော်ဘဲ၊ ကိုယ့်ကိုယ်ကို မှန်ထောင်ပြီး ကြည့်ကြ၊ ဉာဏ်မှန်နဲ့ကြည့်ရင် တိရစ္ဆာန်ပြုံးဘဲဆိုတာ ပေါ်ကြမယ်၊ သဘောပါကြရဲ့လား?၊ ဒကာ ဒကာမတို့ အဘိုးရာမှာ တရားကို ရှေရှေ ဟောနိုင်ဘို့တောင် အချိန်မရဘူး၊ ကံရေက ခန်းနေတာမို့ သေခါနီးနေကြလို့ဘဲဆိုတာမှတ်ကြ။တရားရှေရှေ ဟောရင် အသေကစောနေရင် ခက်ချည်ရဲ့ဆိုပြီး ပြောနေရတာ၊ ရိပ်မိကြပလား?။

ဒကာဒကာမတွေ သဘောပါကြရဲ့လား?၊ ဘုရားရှင်ပွင့်တော်မူလာတော့ အာဠာရ,ရသေ့တို့ ဥဒကတို့ကို ကြည့်တော်မူတယ်၊ ဒီရသေ့တွေက လောကီစျာန်မှာ ဘုရားလောင်းရဲ့ ဆရာဖြစ်ခဲ့ဘူးသူတွေဘဲ။ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားဖြစ်ပြီးစ,ညမှာ သတိရလို့ တရားဟောချင်လို့ ကြည့်လိုက်တော့ မရှိရှာတော့ဘူး။ နတ်တွေကလဲ လာပြီးပြောကြတယ်၊ မနေ့ညက သေရှာပြီ-တဲ့။

ဒကာ ဒကာမတို့ အသေမစောဘူးလား?၊ အသေစောသွားရှာတယ်၊ အသေကသာ မစောရင် ပဥ္စဝဂ္ဂီတွေထက် တရား

စောစော ရမယ်ဆိုတာ-မှတ်ကြ။ နောက်, အဘိဉာဏ်နဲ့ ကြည့်လိုက်တော့၊ တရားဟောမဖြစ်တော့တဲ့ အရူပဘုံ ရောက်သွားရှာကြတယ်ဆိုတာသိရတော့ ဘုရားရှင် ညည်းတွားတော် မူတယ်၊ ရှင်မ,တော်မူရှာတယ်၊ "ဪ....အာဠာရတို့ ဥဒကတို့ အဖြစ်ဟာ အရှုံးကြီး ရှုံးရလေခြင်း"ဆိုပြီး ညည်းတွားတော်မူတယ်။ ပေါ်ကြပလား?။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေအတွက် တရားမရခင် အသေစောမှာ စိုးရိမ်ရတယ်ဆိုတာ သတိပေးလိုက်ပါတယ်၊ ဒကာ ဒကာမတို့ဟာ ကိုယ့်အကြောင်းကို မသိကြဘူး၊ ဆရာသမားက ကရုဏာရှေ့ထားပြီး ကိုယ့်အကြောင်းကို ကိုယ်သိအောင် ဖေါ်ပြောနေတယ်လို့သာ မှတ်ယူကြပါ။ အဲဒီတော့ အမှန်သိရရင် မဂ္ဂင်အလုပ်ကို မြန်မြန်လုပ်ကြဘို့ဘဲ လိုတော့တယ်၊ နက်ဖြန် သဘက်, ရက်ရွှေ့မနေကြနဲ့တော့၊ အခုကိုဘဲ နှလုံးသွင်းကြ၊ အချိန်မရတော့ဘူး။

"ဒီဝိပဿနာ မဂ္ဂင်အလုပ်ကမှ ဘုရားအလိုတော်ကျ အလုပ်ပါဘဲ၊ ဘုရားကြိုက် မဇ္ဈိမ ပဋိပဒါလမ်းဘဲ၊" ဒုက္ခချုပ်ရာ ရောက်ဘို့လမ်းမှန် လမ်းဖြောင့်ဟာ ဒီလမ်းဘဲ၊ ဒါကြောင့် ဒီလမ်းကို အမြန်ဆုံး လိုက်ကြပါဆိုတာ အလေးအနက် တိုက်တွန်းလိုက်တယ်၊ ကျေနပ်ပလား?။

ကိုင်း-မနေ့က ပြောတဲ့ဝတ္ထုကို ဆက်ပြောမယ်။ ပုဏ္ဏားနဲ့ သေနိယတို့ နှစ်ယောက်အကြောင်း ဒီကနေ့ ကံလေးမျိုးနဲ့ ဆက်ပြီးပြောပါမယ်။ ပုဏ္ဏားက နွားလိုကျင့်တယ်၊ သူက ခေါင်းမှာ ဦးချိုတပ်တယ်၊ မြက်တွေကိုစားတယ်၊ ဖင်မှာလဲ အမြီးလိုတပ်ထားပြီး, နွားလိုသွား,နွားလိုစားတယ်ဆိုတာ မှတ်ရမယ်။

မနေ့ကလဲ ဒီ အကြောင်းကို ပြောခဲ့ပြီးပါပြီ၊ သူတို့ နှစ်ယောက်ဟာ ဘုရားရှင်ထံတော်မှာ ရောက်လာကြပြီး တပြန် တလှဲ့ ဆိုသလို တယောက်အကြောင်းကို တယောက်ကမေးမြန်း လျှောက်ထားကြတယ်။ ဘုရားက မဖြေဘဲ့ရှာ တားနေပေမယ့် သုံးကြိမ်တိုင်အောင် မေးနေကြပြန်လို့ ဘုရားက နှစ်ချက် ဟောလိုက်တယ်။

"နွားလိုကျင့်တဲ့ ပုဏ္ဏကာ သေရင် နွားဖြစ်ရမယ်။ ဒီအကျင့် သီလကြောင့် သုဂတိ နတ်ရွာ နိဗ္ဗာန် ရောက်မယ်လို့ ယူခဲ့ရင်လဲ ငရဲကျရအုံးမယ်။"

အဲဒီနှစ်ချက် ဟောလိုက်ပါတယ်၊ နောက်, သေနိယဟာလဲ ခွေးလိုနေ, ခွေးလိုစား, ခွေးလိုသွားပြီး, ခွေးလိုကျင့်တဲ့အတွက် သူသေရင် ခွေးဘဲ ဖြစ်ရမယ်၊ တကယ်လို့ ဒီ အကျင့်ကြောင့် သုဂတိ နိဗ္ဗာန်ကို ရောက်မယ်လို့ အယူရှိခဲ့ရင်လဲ ငရဲကျရအုံးမယ် ဆိုပြီး ဟောလိုက်တော့ နှစ်ယောက်သား ငိုချင်း ချကြတော့ တာဘဲ။

အဲဒီအခါကျမှ သူတို့နှစ်ယောက်က တောင်းပန်ကြတယ်၊ "အရှင်ဘုရား, အရှင့်ကို ယုံကြည်ပါတယ်၊ အားထားပါတယ်၊ ဒီဝဋ်ဒုက္ခက လွတ်ရာ ထွက်ရပ်လမ်းကို ပြတော်မူပါ ဟောတော်မူပါ" လို့ တောင်းပန်ကြတော့မှ ဒကာဒကာမတွေကို ပြောခဲ့တဲ့ ကံလေးမျိုးကို ဝေဖန်ခွဲခြမ်းပြီး ဟောပြတော်မူလိုက်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒုက္ခဝဋ်က ကျွတ်လွတ်နိုင် ဘို့ ကံလေးမျိုးကို ဝေဖန်ပြီး ဟောတဲ့အချက်ဟာ ဒဏာ ဒဏာမတွေကို အတော်အတန် ရှင်းပြပြီးလို့ အတော် အတန်

နားလည်ကုန်ကြပြီ၊ ဒီကနေ့လဲ နဲနဲလောက် ထပ်ရှင်းပြီး ပြော ပါအုံးမယ်၊ ပုဏ္ဏတို့ သေနိယတို့ ဟောတဲ့ တရားဆိုပေမယ့် ဒကာဒကာမတို့ အတွက်က ပိုပြီး အရေးကြီးတယ်၊ ဒါ့ကြောင့် မို့ ကြိုးကြိုး စားစား မှတ်သားထားကြဘို့ဆိုတာ တိုက်တွန်း လိုက်တယ်။

ဒကာဒကာမတို့ ဒီကံဖြတ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်လုပ်ငန်းကမှ ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တွေက ထွက်မြောက်ရာ လမ်းဘဲ၊ ဝိပဿနာ ကံဖြတ်အလုပ်ကို လုပ်တော့ ကမ္မဝဋ်ကလဲ ထွက်တာဘဲ၊ ကိလေသဝဋ်ကလဲ ထွက်တာဘဲ၊ ဝိပါကဝဋ်ကလဲ ထွက်တာဘဲ ဆိုတဲ့ အခ်ိပ္ပါယ်ကို ကြိုကြိုတင်တင် မှတ်ထားကြ၊ နောက်တော့ ရှင်းပြမယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "မင်းတို့ ဒီဝဋ်ဒုက္ခကြီး က ထွက်ရာလမ်း ထွက်မြောက်ဘို့ရာ ငါဟောပြမယ်"လို့ မိန့်တော်မူပြီး မနေ့ကပြောတဲ့ ကံလေးမျိုးကို ဟောပြတော်မူ ပါတယ်။ လေးမျိုးဆိုတာက–

မဲတဲ့ကံသည် မဲတဲ့အကျိုးပေးတာ တမျိုး။

ဖြူတဲ့ကံသည် ဖြူတဲ့အကျိုးပေးတာ တမျိုး။

အမဲအဖြူရောတဲ့ကံသည် အမဲအဖြူရောတဲ့ အကျိုးပေး တာ တမျိုး။

အမဲအဖြူ မရောတဲ့ကံသည် အမဲအဖြူ မရောတဲ့အကျိုးကို ပေးတာ တမျိုး။

အဲဒီလို လေးမျိုးရှိပါတယ်လို့ ရှင်းလင်း ဟောပြလိုက် တော့၊ တယောက်က သရဏဂုံတည်တယ်၊ တယောက်က ရဟန္တာ ဖြစ်သွားတယ်၊ သူတို့နှစ်ဦးဟာ မိစ္ဆာ ဒိဋ္ဌိ အစင်ကြီး

တွေပါ၊ ဒါနဲ့တောင်မှ အကျွတ်တရား ရနိုင်ကြသေးတယ်ဆို တာ ရိပ်မိပြီး ကိုယ့်အတွက်မှာ အားတက်ကြဘို့ဘဲ ဆိုတာ ဆုံးဖြတ်လိုက်ကြ။

ဒကာဒကာမတို့အတွက် ထပ်ပြီး ရှင်းပြောမယ်ဆိုတာ မှတ်ကြ။မဲတဲ့ကံဆိုတာ ဒုစရိုက်မှုအကုသိုလ်တရားတွေကိုဆိုပါတယ်၊ ဒုစရိုက်ဆယ်ပါးဆိုတာ မနေ့ကရှင်းခဲ့လို့ သိကြပြီ၊ အဲဒီ ကံတွေ က မဲတဲ့အကျိုး ပေးတယ်ဆိုတော့ မဲတဲ့အကျိုးက ငရဲစတဲ့ အပါယ်လေးဘုံကို အကျိုးပေးမယ်။

ဖြူတဲ့ကံဆိုတာက သုစရိုက်မှု ကုသိုလ်တရားတွေကို ဆိုပါ တယ်၊ ပါဏာတိပါတာ ဝေရမဏီ-စတဲ့ ဒုစရိုက်ကို ရှောင်ကြဉ်မှု ဆယ်မျိုးဟာ သုစရိုက်တွေဘဲ၊ အဲဒီ ကံက ဖြူတဲ့အကျိုး သုဂတိ နတ်ရွာတွေကို အကျိုးပေးမယ်။အမဲအဖြူရောတဲ့ ကံဆိုတာက မတရားသဖြင့် ရထားတဲ့ ပစ္စည်းနဲ့ လှူဒါန်းတဲ့ ကံတွေရယ်၊ လောဘ, ဒေါသ စသည် ခြံရံတဲ့ ကုသိုလ်ကံတွေရယ်၊ အဲဒါကို ဆိုပါတယ်၊ အဲဒီကံက တချို့လူ အကျိုးပေးနဲ့ ဝိနိပါတိက အသူရာတို့၊ တချို့ပြိတ္တာ၊ တချို့ တိရစ္ဆာန် ဆိုသလို အကျိုး ပေးမယ်ဆိုတာ မှတ်ကြရမယ်။

ဒီ ကံတွေက ကမ္မဿကတာ သမ္မာဒိဋ္ဌိဘဲ ဖြစ်တယ်၊ သစ္စာ နုလောမိက သမ္မာဒိဋ္ဌိမဖြစ်ဘူးဆိုတာ သိကြရမယ်။လေးနံပါတ် ဖြစ်တဲ့ အမဲအဖြူမရောတဲ့ ကံဆိုတာက ဝိပဿနာဉာဏ်, မဂ် ဉာဏ်ကို ဆိုတာပါဘဲ၊ သူ့ထဲမှာ စေတနာပါတာမို့ ကံလို့ဘဲ ခေါ်နိုင်တယ်။ ရှင်းပလား?၊သူက သစ္စာနုလောမိက သမ္မာဒိဋ္ဌိ ဖြစ်တယ်။ တော်တော်ကြာလို့ မဂ်ကိုရရင် မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်တာဘဲ၊ ရိပ်မိကြပလား?။

ဒီကံက အမဲလဲ မဟုတ်၊ အဖြူလဲ မဟုတ်လို့ သုံးဆယ့် တဘုံကို အကျိုးမပေးပါဘူး၊ သူက သုံးဆယ့်တဘုံ ကံတွေကို ဖြတ်တယ်၊ အမဲကံကိုလဲ ဖြတ်၊ အဖြူကံကိုလဲ ဖြတ်၊ အမဲအဖြူ ရောတဲ့ ကံကိုလဲ ဖြတ်တယ်ဆိုတာ မှတ်ကြတော့၊ သဘောပါ ကြပလား?။

ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက နောက်ဆုံးမှာ ပုဏ္ဏတို့ သေနိယတို့ကို ခန္ဓာကိုယ်မှာ ဥဒယဝယ၊ ဖြစ်ပျက်ကို အရှုခိုင်းလိုက်ပါတယ်၊ အရှုခိုင်းလို့ ရှုတော့ ရုပ် နာမ်ဇာ ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်သွားတယ်။ ဒီလိုဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပြဋ္ဌာန်းတယ်၊ သူတို့နောက်က သတိ၊ ဝီရိယ၊ သမာဓိတွေက ဇာပ်ပြီး လိုက်နေတယ်။

ဒကာ ဒကာမတို့ ဒီလိုဆိုတော့ အဲဒီ အချိန်မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးနှင့် ရုပ်နာမ် ဖြစ်ပျက်ကို မြင်နေတာဘဲ ဆိုတာ မှတ်ရမယ်၊ အဲဒီလိုမြင်တဲ့ အမြင်ဉာဏ်ဟာ အမြင်မှန်ရတဲ့ ဉာဏ်ဘဲ၊ အဲဒီဟာ ယထာဘူတဉာဏ်ကို ရနေပြီဆိုတာ မှတ်ကြ ဘို့ဘဲ။ သဘောပါပလား?။

အဲဒီ ဉာဏ်အမြင်အတိုင်း ဆက်ပြီး ရှုနေရမယ်၊ ဒီလိုရှုနေလို့ နောက်၊ ရှုပါများတော့ ရုပ်နာမ် ဖြစ်ပျက် သခါရမှာ ငြီးငွေ့ ပျင်းမုန်းတဲ့ နိဗ္ဗိန္ဒဉာဏ်လာမယ်၊ အဲဒီ နိဗ္ဗိန္ဒဉာဏ်ရဲ့ နောက်မှာ ပရိညာကနေပြီး ဒုက္ခသစ္စာကြီးကို ပိုင်းခြား လိုက်တယ်၊ ပိုင်းခြားလိုက်တော့ နောက်က နိရောဓသစ္စာ နိဗ္ဗာန်ပေါ်လာ တယ်ဆိုတာ မှတ်လိုက်ကြ။ ရှင်းကြပလား?၊ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက– "ဒီကံဟာ ကံလေးမျိုးထဲမှာ အကောင်း

ဆိုးဘဲ၊ သူက ကျန်တဲ့ ကံသုံးမျိုးကို ဖြတ်တယ်၊ ဒီတရားက ကံဖြတ်တရားဘဲ''လို့ ဟောတော်မူလိုက်ပါတယ်။

ဒကာ ဒကာမတွေ သိထားဘို့က ဒုဂ္ဂတိ အပါယ်တွေကို အကျိုးပေးမယ့် အမဲကံကိုလဲ ဖြတ်တယ်၊ သုဂတိ နတ်ရွာအကျိုး ပေးမယ့် အဖြူကံကိုလဲ ဖြတ်တယ်၊ အဆိုးအကောင်း ရောပြွမ်းတဲ့ အကျိုးကိုပေးမယ့် အမဲအဖြူရောတဲ့ ကံကိုလဲ ဖြတ်တယ်၊ ဒီကံတွေကို ဖြတ်တော့ ''စတုပာယပါယေဟိ စ ဝိပ္ပမုတ္တော''ဘဲ၊ ဒီမဂ်ဉာဏ်ကို ရတဲ့သူဟာ အပါယ်မကျတော့ဘူး။ ဘာ့ကြောင့်တုန်းဆိုတော့ ပဌမဆုံး အနေနဲ့ အမဲကံကို ဖြတ်လို့ဘဲ၊ ရှင်းပလား?။

အခု ပြောခဲ့တဲ့ ဝိပဿနာ ကံ ကို အမဲအဖြူ မရောတဲ့ ကံလို့ ဆိုပါတယ်၊ သူက ကံသုံးမျိုးလုံးကို ဖြတ်တဲ့ အတွက် ''ကမ္မက္ခယာယ''လို့ ဟောတော်မူထားတယ်။ ဒီကံကို အဆုံးတိုင် အားထုတ်ပြီးခဲ့ရင် ကျန်တဲ့ ကံဟူသမျှ ကုန်တော့တာဘဲ။ သူက အမဲကံကိုလဲ ကုန်စေတယ်၊ အဖြူကံကိုလဲ ဖြတ်လို့ သုဂတိ နတ်ရွာကိုလဲ မရောက်စေတော့ဘူး၊ ဒကာ ဒကာမတွေ သဘောပါကြပလား?။

ဒကာ ဒကာမတွေ ပဋိစ္စသမုပ္ပါဒ်ကို ပြန်ကြည့်ပါ၊ ကံအားလုံးဟာ ဘာသစ္စာတဲ့လဲ?၊ ''ကမ္မဘဝပစ္စယာ ဇာတိ''လို့ ဆိုတော့ ဇာတိက ဒုက္ခသစ္စာ၊ ကမ္မဘဝက, သမုဒယသစ္စာ ဖြစ်နေတယ်၊ ရိပ်မိကြပလား?၊ အဲဒီတော့ ဒကာတို့တတွေ ရှေးက ကံအမိ,ကံအဘဆိုပြီးတော့ ကံကိုအားကိုးလာကြတယ်၊ အခု ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်တော့ အားကိုးစရာ ရသေးရဲ့လား?၊ မရတော့ပါဘူး၊ အားကိုးရင် ဒုက္ခရောက်တော့မယ်။

ကံကို အားကိုးရင် သူ့ကြောင့်ဘဲ ဒုက္ခသစ္စာ ကိုယ်ပိုင် ရကြမယ်၊ "ကမ္မဘဝပစ္စယာ ဇာတိ" ဆိုတော့ ဇာတိပီ ဒုက္ခသစ္စာ၊ ကမ္မဘဝက သမုဒယသစ္စာ ဖြစ်သွားတယ်။ ဇာတိကို ရလာမှတော့ ဇရာဒုက္ခသစ္စာ, ဗျာဓိဒုက္ခသစ္စာ, မရဏဒုက္ခသစ္စာ တွေလဲ ပြေးလို့မလွတ်နိုင်တော့ဘူး၊ ရှင်းကြရဲ့လား?၊ အခုကိုဘဲ ဒကာ ဒကာမတွေမှာ အိုဘေးထမ်းရက်, နာဘေးကလဲ ကပ်ရက်, သေဘေးဘက်ကို အရောက် ပြေးနေကြရတယ်၊ တားလို့ ဆီးလို့မရတော့ဘူး၊ အဲဒါ ကမ္မဘဝဆိုတဲ့ ကံကို အားကိုးမိလို့ဘဲဆိုတာ မြင်ကြပလား?။

သမုဒယသစ္စာကို အားကိုးမှားမိတော့ ဒုက္ခသစ္စာဘဲ ရကြတယ်ဆိုတာ ပေါ်ကြပလား?၊ ဒါဖြင့် နောက်ကို ဘာအားကိုးကြမလဲ?၊ ကံဖြတ်ကို အားကိုးရမယ်၊ ဝိပဿနာကံ မဂ်ကံကို အားကိုး ပြောင်းကြရမယ်၊ ဒီကံက သမုဒယသစ္စာကိုလဲ ဖြတ်တယ်၊ ဒုက္ခအစုကိုလဲ ချုပ်စေတယ်၊ ဒါ့ကြောင့် ဒီကံမှသာ အားကိုးရာ ရကြမယ်ဆိုတာ ဆုံးဖြတ်ချက်ချကြပါ၊ အားလုံး ကျေနပ်ကြပလား?။

အခု ဒကာ ဒကာမတို့ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ကြပါ၊ ခန္ဓာအတွင်းမှာ ဉာဏ်နဲ့ ကြည့်တော့ ဘာတွေတွေ့ရမလဲ?၊ ပူမှု အေးမှု စတဲ့ ရုပ်ကွန္ဓာတွေ ဖောက်ပြန် ပျက်စီး နေတာရင်လဲ တွေ့မယ်၊ စိတ်ကလေးတွေ တခုပေါ်လာပြီး ချုပ်ပျက်သွား၊ နောက်တခုလာလဲ ပျက်သွားနဲ့၊ ဝိညာဏက္ခန္ဓာတွေ ဖြစ်ပျက် နေတာလဲ တွေ့မယ်။ ဝေဒနာကလေးတွေကို ကြည့်ရင်လဲ ထို့အတူဘဲ၊ ယားတာလေးတွေ, ကိုက်တာ, ခဲတာ, နာတာ ကျင်တာကလေးတွေ ဉာဏ်နဲ့ကြည့်ရင် ဟာခုပျက် တခုပေါ်၊

တခုပေါ်လာ တခု ပျက်သွားနဲ့ အမြဲတမ်း ဖြစ်ပျက်နေတာကို သာ တွေ့ရ မြင်ရမယ်။

မိမိတို့ ဉာဏ်သက်ရာ တမျိုးမျိုးကို ကြည့်ကြရမယ်၊ ဒါပေမယ့် အခုနေမှာ ဝေဒနာတလုံးထဲကို ဉာဏ်စိုက်ထားလိုက်ပါ။ ကျောထဲမှာ ယားယံတာကလေးကို တွေ့မယ်၊ ဉာဏ်နဲ့ စိုက်ကြည့်တော့ မကြာခင်မှာဘဲ ယားယံတာကလေး ပျောက်သွားတယ်၊ အဲဒါ ဖြစ်ပြီးမရှိတော့တဲ့ အနိစ္စကိုပြတာဘဲ။ ဒီနည်းအတိုင်း ကိုက်တာ, ခဲတာ, နာကျင်တာ စတဲ့ ဝေဒနာကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း ဉာဏ်နဲ့ ကြည့်ပေးပါ၊ ကြည့်ပေးတော့ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာတွေချည့် တွေ့ရ မြင်ရမယ်၊ အဲဒီလိုကြည့်လို့ ဉာဏ်နဲ့မြင်တော့ ဝေဒနာ နောက်က မဂ်ကလေးပါနေတယ်၊ တဏှာမလာတော့ဘူး၊ ရှင်းကြရဲ့လား?။

အဲဒီတော့ ဝေဒနာဖြစ်ပျက်, နောက်က မဂ်ဖြစ်သွားတယ်၊ အဲဒီမှာ ဝေဒနာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ ဖြစ်နေတယ်၊ အဲဒီမဂ်က နောက်ထပ်ပေါ်မယ့် သမုဒယသစ္စာကို ဖြတ်ချတယ်၊ အဲဒီလို သမုဒယကို ဖြတ်လိုက်တော့ သူ့ကြောင့် ရလာမယ့် ဒုက္ခသစ္စာခန္ဓာကြီးကို မရတော့ဘူး၊ နောက်ပေါ်မယ့် ဒုက္ခအစုတွေ ချုပ်ကုန်တယ်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီလိုဆိုတော့ ဒီလေးနံပါတ်, ကံဖြတ်မှသာ အားကိုးထိုက်တယ် ဆိုတဲ့ အချက် ပေါ်ကြပလား?။

ကိုင်း, ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်နဲ့ ဝေဖန်ကြည့်လိုက်တော့ အမှန်အကန် သိသွားကြပြီ၊ ဒီလို

အမှန်ကို သိရတော့ ရှေးတုန်းက အမှားတွေ ပြင်ကြတော့၊ အမြန်ဆုံးပြင်ပြီး ဒုက္ခချုပ်တဲ့ လေးနံပါတ် ကံပြတ်အလုပ်၊ မဂ္ဂင်အလုပ် ဝိပဿနာအလုပ်ကို လုပ်ကြတော့ဆိုတာ အထူးတလည် တိုက်တွန်းလိုက်တယ်။

ဒကာ ဒကာမတို့တတွေ ရှေးက အားကိုး မှားခဲ့ကြတယ်၊ ကံ အမိ အဘ ဆိုပြီးတော့ အားကိုးရမလားလို့ အဖြူကံတွေ ကြိုးစားလာခဲ့ကြတယ်၊ လူကောင်း, နတ်ကောင်း, ဗြဟ္မာကောင်း ဖြစ်ချင်တဲ့ တဏှာနဲ့ အရင်းခံပြီးတော့ လုပ်လာခဲ့ကြတယ်၊ ရမယ့်ရတော့ အကောင်းတခုမှ မပါကြဘူး၊ အလောင်းကောင် ဒုက္ခခန္ဓာဘဲ အဖတ်တင်ခံရတယ်၊ လူ့ခန္ဓာလဲ ဒုက္ခသစ္စာ၊ နတ်ခန္ဓာလဲ ဒုက္ခသစ္စာ၊ ဗြဟ္မာခန္ဓာလဲ ဒုက္ခသစ္စာဘဲ ဆိုတော့ ကောင်းတာတခုမှ မပါကြဘူး၊ ရိပ်မိကြပလား?။

သစ္စာမသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်ထားတော့ ဘာလုပ်လုပ် အမှန်မကျတော့ဘူး။ မသိမှု အဝိဇ္ဇာကရှိနေတော့ သင်္ခါရတွေ ပြုလေသမျှ အမှန်မကျလို့ ဒုက္ခအစုနဲ့ မကင်းကြဘူး ဆိုတာ သာ မှတ်ကြ။ အဝိဇ္ဇာ, တဏှာ, သင်္ခါရ စတဲ့ သမုဒယသစ္စာနဲ့ အရင်းတည်လိုက်ရော့ ဒုက္ခသစ္စာ အမြတ်ဘဲ ရလာကြတော့တာဘဲ။ ရှင်းကြရဲ့လား?။ ဒါကြောင့် ဒီကနေ့ အမှန်သိရရင် အမြန်ပြင်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပလား?။

ဒါကြောင့် ဒါနဘဲပြုပြု၊ သီလဘဲ ဆောက်တည် ဆောက်တည် သိမှုဝိဇ္ဇာဉာဏ် ဦးစီးပြီး လုပ်ကြပါ။ သိမှုဝိဇ္ဇာဉာဏ် ဆိုတာက ဒုက္ခသစ္စာကို သိမှုသာ လိုပါတယ်၊ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာဘဲဆိုတာ သိကြရမယ်။ သူက အမြဲတမ်း အိုရက်, နာရက်နဲ့ သေမယ့်ဘက်ကို ဒိုင်းဒိုင်းပြေးနေတယ်၊ အိုဘေးနဲ့

လဲ နှိပ်စက်၊ နာဘေးနဲ့လဲ နှိပ်စက်၊ သေဘေးနဲ့လဲ နှိပ်စက်အုံးမယ်၊ ကောင်းတာ, နှစ်သက်စရာ အသုံးကျတာဆိုလို့ တခုမှ မပါပါဘူး။

အဲဒီလို ဉာဏ်နဲ့ကြည့်ပြီး ဒီဒုက္ခသစ္စာ ခန္ဓာကြီးကို ရှုံလို့ မုန်းလို့ မလိုချင်လို့ ကြောက်လန့်လို့ ဒီဒုက္ခကြီးမှ လွတ်လိုကျွတ်လိုလို့ ဤဒါနကိုပြုပါတယ်၊ ဤသီလကိုကျင့်သုံးပါတယ်၊ ဤဘာဝနာအလုပ်ကို အားထုတ်ပါတယ်ဆိုတဲ့ စိတ်နဲ့ ဉာဏ်နဲ့ လုပ်ကြရမယ်။ အဲဒါမှ ဝိဝဋ္ဋဆိုတဲ့ ကံဖြတ် လေးနံပါတ် ဝိပဿနာ ကံဖြစ်လာတယ်။ သူကမှ ဒုက္ခအစုကို ချုပ်စေနိုင်တယ်။ ဘုံဘဝ တောင့်တတဲ့သမုဒယကိုလဲ ဖြတ်တယ်၊ ကျေနပ်ပလား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ လုပ်တတ်ကြပလား?၊ သူက ကံသုံးကံကိုဖြတ်ပြီး နိဗ္ဗာန်ကို အာရုံပြုတဲ့ ကံဘဲ၊ နှလုံးသွင်းတဲ့ အခါတော့ ဝိပဿနာမဂ်က စပေးရတယ်။ အလုပ်ဝါရင့်လာတော့ ဝိပဿနာမဂ်က လောကုတ္တရာမဂ်ကိုအနန္တရပစ္စည်းနဲ့ ကျေးဇူးပြုမယ်၊ အဲဒါ သံယုတ် အဋ္ဌကထာမှာ လာတဲ့ စကားအဓိပ္ပါယ်ဘဲဆိုတာ မှတ်ကြ။ သဘောပါပလား?၊ ဒကာဒကာမတို့ အလုပ်မလုပ်ဘဲတော့ မပြီးနိုင်ဘူး၊ ဘာဝေတဗ္ဗကိစ္စ-တဲ့၊ မိမိခန္ဓာမှာ ပွားများမှု အလုပ်ကို လုပ်ကြရမယ်ဆိုတာ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတို့ တနေ့က ပြောခဲ့တဲ့စကားမှာ သံယုတ်ပါဠိတော် ဝါသိဇဋ္ဌသုတ်လာ အဓိပ္ပါယ်ကို ထည့်ပြောခဲ့ပြီးပြီ၊ ကြက်မ,ဥပမာကဲ့သို့ သဘောထားပြီး အလုပ်သုံးလုပ်,လုပ်ရသလို ခန္ဓာထဲမှာ သတိကပ်ထားရမယ်၊ မပြန့်မလွင့်အောင်

ဝီရိယစိုက်ရမယ်၊ ရုပ်နာမ် အဖြစ်အပျက်ကို အမှန်အကန်မြင်အောင် ပညာနဲ့ ကြည့်ပေးရမယ်၊ အဲဒီ သုံးလုပ်နဲ့ အလုပ်၊ လုပ်ကြရမယ်၊ သဘောပါကြရဲ့လား?။

ကိုင်း-ဒကာ ဒကာမတွေ ဒီအလုပ်ကို တစ်နံပါတ်ထားပြီး အရေးတကြီး လုပ်ကြပါ၊ ဖြေးဖြေးမှ လုပ်မယ်ဆိုပြီး နှစ်ထဲမှာ သွားထားမိရင် ကိုယ်ကျိုးနဲကြပေါ့လို့သာ ဆုံးဖြတ်လိုက်ကြ၊ ရိပ်မိပလား?၊ ဖြစ်ပျက်ကိုမြင်ဘို့ အလွန်အရေးကြီးပါတယ်၊ ဖြစ်ပျက် မြင်တဲ့ဉာဏ်ကိုရမှသာ အားကိုးရာအစစ်ကို ရကြမယ်။ ဘုရားနဲ့ တွေ့ရလဲဘဲ ဖြစ်ပျက်မှ မမြင်ဘူးတဲ့သူအတွက် မတတ်နိုင်ပါဘူး။ ကျေနပ်ပလား?။

အဲဒါကြောင့် ဖြစ်ပျက်မြင်တဲ့ဉာဏ်, ဝိပဿနာ ကံကို အားကိုးပါ၊ ဒီကံက "အကဏှ အသုက္က"တဲ့၊ အမဲအဖြူမရောတဲ့ စင်ကြယ်မြင့်မြတ်တဲ့ ကံ ဘဲ။ ဒကာဒကာမတို့မှာ သံသရာ ကျင်လည်ခဲ့ရတဲ့ ဘဝအသင်္ချေက အမဲ ကံပေါင်းကလဲ အသင်္ချေနဲ့ အနန္တ၊ အဖြူကံပေါင်းကလဲ အသင်္ချေနဲ့ အနန္တ၊ အမဲအဖြူရောတဲ့ ကံပေါင်းကလဲ အသင်္ချေနဲ့ အနန္တ ပါလာကြတယ်။ ဒီကြွေးတွေကို ဘယ်လိုဆပ်ကြမလဲ?၊ ဒီအလုပ်ကိုလုပ်မှ ဒီကြွေးတွေက ကျေနိုင်ကြမယ်ဆိုတာ သိကြရမယ်။

ဒီအလုပ်ကိုမှ မလုပ်မိရင် ခန္ဓာနဲ့ ကုန်းရုန်းပြီးသာ မကျေကျေအောင် ဆပ်ကြရမယ်၊ ကျေကုန်အောင် ဆပ်နိုင်ကြပါ့မလား?၊ အမဲကံက ငရဲ, တိရစ္ဆာန်, ပြိတ္တာ,အသူရကာယ်ဆိုတဲ့ အပါယ်ခန္ဓာ အမျိုးမျိုးနဲ့ လှည့်ပြီး ဆပ်ကြရမယ်၊ အဖြူကံက ပဋိသန္ဓေ အို, နာ, သေ ဆိုတဲ့ လူ, နတ်, ဗြဟ္မာ ဒုက္ခခန္ဓာတွေနဲ့ လှည့်ပြီး ဆပ်ရမယ်၊ အမဲအဖြူရောတဲ့ ကံအတွက်

က ဝိနိပါတိက အသူရာတို့ ပြေနဂါးတို့ ဆင်ဖြူတော်တို့ စတဲ့ ခန္ဓာတွေနဲ့ လှည့်ပြီး ဆပ်ကြရမယ်၊ ကျေနိုင်ပါ့အုံးမလား?။ အဲဒီတော့–

အဖြူကံကလဲ ဒုက္ခသစ္စာမို့ အားကိုးမရဘူး။
အမဲကံကလဲ ဒုက္ခသစ္စာမို့ အားကိုးမရဘူး။
အမဲအဖြူရောတဲ့ ကံကလဲ ဒုက္ခသစ္စာမို့အားကိုးမရဘူး။

အမဲအဖြူမရောတဲ့ ကံကတော့ သမုဒယသစ္စာလဲ ချုပ်၊ ဒုက္ခသစ္စာလဲ ချုပ်လို့ သူ့ကိုဘဲ အားကိုးရမယ်ဆိုတာ ပေါ်ကြပလား?။

အခုလို အချိန်မှာ ဒီလေးနံပါတ် ကံဖြတ်အလုပ်ကို မကြိုးစားမိရင် နောက်ဆိုတာ မလွယ်ဘူး၊ သွားပြီလို့သာ မှတ်ကြပေတော့၊ ကြွေးတွေက ဝိုင်းအုံပြီး အကျိုးပေးကြတော့မယ်၊ နောက်ဆက်ပြီး အမဲကံတွေက အကျိုးပေးလိုက်၊ အဖြူကံတွေက အကျိုးပေးလိုက်၊ အမဲအဖြူရောတဲ့ ကံတွေက အကျိုးပေးလိုက်နဲ့ ဆိုတော့ ဘယ့်နှယ်နေကြမလဲ?၊ နောက်ဆက် မြို့စုံ, နယ်စုံ, အရပ်စုံ လှည့်ပြီး ရုပ်စုံ က,ကြဘို့ဘဲ ရှိတယ်လို့သာ ဆုံးဖြတ်ချက်ချကြ၊ ကျေနပ်ပလား?။

ဒီ ကံတွေက မကုန်နိုင်ကြဘူး၊ သံသရာရှည်သလောက် အလွန်တရာ များပြားပါတယ်၊ ဒီကြားထဲမှာ ဒကာ ဒကာမတွေက ထပ်ပြီး ဆည်းပူးလိုက်ကြ၊ ကုန်ခါနီးပြန်တော့လဲ အစားထိုးလိုက်ကြနဲ့မို့ ကုန်နိုင်ဘို့ လမ်းမမြင်တော့ဘူး၊ ရှေ့ကံက ကုန်မယ့် ကြံရင်၊ နောက်ကံက ထပ်ဖြည့်ပေး၊ အဲဒီလိုနဲ့ သာသနာတွင်း မကြုံသမျှ မပြတ်တော့ဘူးဆိုတာ မှတ်လိုက်

ကြ၊ ဒကာဒကာမတို့ သုံးဆယ့်တဘုံမှာ အရှက်တကွဲ အကျိုးနဲ့တွေလဲ စုံခဲ့ကြပြီ၊ ဆင်, မြင်း, ကျွဲ, နွား, ခွေး, ဝက်, ကြက်, ငှက်စတဲ့ အဖြစ်မျိုးတွေ စုံရက ထပ်နေကြပြီ။

လူအရပ်ရပ်, နတ်အဆင့်ဆင့်, ဗြဟ္မာတွေမှာလဲ ခြေရာချင်းထပ်နေကြပါပြီ၊ တော်လောက် တန်လောက်ရောပေါ့၊ ရိပ်မိကြရဲ့လား?၊ ဒကာ ဒကာမတို့တတွေက အမဲကွက်လဲ တယ်မကြောက်ကြဘူး၊ အဖြူကွက်လဲ ကြိုးစားကြတုန်း၊ အမဲအဖြူရောတဲ့ ကွက်လဲ အလွန် ဝါသနာထုံကြတယ်၊ ဟုတ်ကြရဲ့လား?။

ဒါနထဲလဲ ရောလိုက်၊ သီလထဲလဲ ရောလိုက်၊ သမထ, ဝိပဿနာလုပ်ရာမှာတောင် အရောကလေးပါမှ ကျေနပ်ကြတယ်၊ သံဃာ့ဒါန ဆွမ်းတို့ ဘာတို့ လောင်းလှူတဲ့အခါ "ငါက ဆွမ်းဘက်လောင်းမယ်၊ မင်းက ဟင်းဘက်ကလောင်းပေါ့၊ သားသမီးတွေက ဘောဇဉ်ဘက်ကလောင်းကြဟေ့၊ ဘဝရေစက် ဆုပန်ဘက်တွေမို့ အတူတူ ရေစက်ပါအောင်လို့"ဆိုပြီး တဏှာနဲ့ ရောချလိုက်တတ်တယ်။

ဘုရားသွားတာတောင် ပန်းနှစ်စည်းပါရင် "ရေ့-မင်းဘို့တစည်း၊ ငါ့အတွက်တစည်း"ဆိုပြီး အဖြူကွက်ထဲ အမဲရောလိုက်ချင်တယ်။ ကထိန်ခင်းတာကအစ "ဒို့ကိုယ်တော်တော့ ပါမှဖြစ်မှာ ဒို့ကိုယ်တော်က လိုရင်း၊ ဒီ့ပြင် ကိုယ်တော်လဲ ပင့်တာပေါ့"ဆိုပြီး တဏှာအမဲကွက်ကို ရောချလိုက်တယ်၊ သီလဆောက်တည်တော့လဲ ထို့အတူဘဲ၊ သမထ ဝိပဿနာ လုပ်ရာလဲ ထိုနည်းရင်းဘဲ။ ရိပ်မိကြပလား?။

ဒကာဒကာမတွေက အရောအလွန်ကြိုက်ကြတယ်၊ မရောရရင် ကျေကို မကျေနပ်နိုင်ကြဘူး၊ ဒကာဒကာမတို့အဖြစ်

သနစ်တွေ, အမှားပြစ်တွေ ထုတ်ပြောရရင် ကုန်နိုင်စရာ မမြင်ပါဘူး၊ ခုနေအခါမျိုးမှာ ကိုယ့်အကြောင်း ကိုယ်သိပြီး ပြင်ကြဆင်ကြဘို့ အချိန်တော်ပြီဆိုတာ သတိပေးလိုက်တယ်။ ဒကာဒကာမတို့ ဘယ်လိုပြင်ရမှာလဲ?။

အမဲကံကလဲ ဒုက္ခသစ္စာမို့ ရှောင်ကြဉ်ရမယ်။
အဖြူကံဆိုတာလဲ ဒုက္ခသစ္စာဘဲမို့ ပြင်လုပ်ရမယ်။
အမဲအဖြူ ကံကလဲ ဒုက္ခသစ္စာဘဲမို့ ပြင်ရဆင်ရမယ်။

အမဲ့အဖြူ မရောတဲ့ ကံဏတော့ သမုဒယသစ္စာကိုလဲ ဖြတ်တယ်၊ ဒုက္ခသစ္စာကိုလဲ ချုပ်စေတယ်၊ ဒါ့ကြောင့် သူ့ကို အားကိုးအားထားလုပ်ပြီး ကြိုးစား အားထုတ်ရမယ်ဆိုတာ ဆုံးဖြတ်ချက် ချကြ၊ သဘောပါကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီကံလေးမျိုးရဲ့ သဘောသွား အဓိပ္ပါယ်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပုဏ္ဏနဲ့ သေနိယ တို့ကို ဟောပြတော်မူလိုက်ပါတယ် ဆိုတာ ရိပ်မိကြပလား?၊ ဒီလို အယူမျိုးတွေက ခုထိအောင် တချို့ အရပ်တွေမှာ ရှိနေကြသေးတယ်၊ သူတို့စိတ်ထဲမှာ "လူဖြစ်ရတာ အကုသိုလ်များတယ်၊ ခွေးလို နွားလိုကျင့်နေရင် အကုသိုလ်မှုနဲ့လေရဲ့၊ ဒီလိုကျင့်ရင် သုဂတိ, နိဗ္ဗာန်ကို ရောက်ကောင်းရဲ့" ဆိုပြီး ကျင့်မှားနေကြတာတွေဘဲ။

သူတို့ရဲ့ ဆရာသမားတွေက ဒီလိုဟောပြလို့ ဒီအတိုင်း အမှားကျင့်ကို ကျင့်နေကြတာတွေလဲ ဒုနဲ့ဒေးဘဲ ရှိနေကြသေးတယ်၊ ဒီလိုဆိုတော့ ဒကာဒကာမတို့ သံသရာ့ ခရီးသွားတွေအဘို့ရာ

လမ်းမှန်ရဘို့ ဆရာကောင်း သမားကောင်း ကြုံရဘို့ဆိုတာ မလွယ်ပါလား?ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပါပြီ။

အဲဒီလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုဏ္ဏနဲ့ သေနိယ တို့ကို ကံလေးမျိုးနဲ့ ဝေဖန်ပြီး ဟောပြလိုက်တော့ ပုဏ္ဏက သရဏဂုံ တည်သွားတယ်၊ သေနိယ,ကတော့ "တပည့်တော် ဒီလိုဆိုရင် ကံပြတ်ချင်ပါပြီဘုရား၊ သာသနာ့ဝန်ထမ်း အဖြစ် ခွင့်ပေးတော်မူပါ၊" အဲဒီလို လျှောက်တောင်းပန်တော့ ဘုရားရှင်က "မင်းတို့က တိတ္ထိဂိုဏ်းသားတဦး ဖြစ်နေတယ်၊ ရှတ်တရက် ခွင့်မပြုနိုင်သေးဘူး၊ ဝတ်စောင့်ရအုံးမယ်"လို့ အမိန့်ရှိပြန်တော့ သူကတိရတဲ့အတိုင်း, နောက် မကြာခင်မှာ သင်္ကန်းဝတ်ပေးလိုက်ပါတယ်။

အဲဒီလိုနဲ့ သေနိယကို သင်္ကန်းဝတ်ပေးပြီး ကံဖြတ်အလုပ်လဲ သင်ပြပေးလိုက်ပါတယ်ဆိုတာ မှတ်ကြရမယ်။ ဘုရားရှင်က "မင်းရဲ့ခန္ဓာထဲမှာ ဉာဏ်နဲ့ကြည့်၊ ခန္ဓာထဲမှာ ဝေဒနာသုံးမျိုး, ဘမျိုးမဟုတ် တမျိုးဆိုသလို လှည့်ပြီး ပေါ်နေတာကို တွေ့လိမ့်မယ်၊ သုခ ဝေဒနာ, ဒုက္ခ ဝေဒနာ, ဥပေက္ခာ ဝေဒနာလို့ သုံးမျိုးဘဲ။ အဲဒီသုံးမျိုးထဲက ပေါ်ရာတခုကို ဖြစ်ပျက်ရှုပေး၊ ပေါ်လာပြီး ပျက်ပျက်သွားတာကို ဉာဏ်နဲ့မြင်အောင်ကြည့်ပေးရမယ်"လို့ အဲဒီလို အလုပ်သင်ပေးလိုက်တော့ သေနိယဟာ ဒီအတိုင်းရှုလို့ မကြာခင်မှာဘဲ ရဟန္တာ ဖြစ်သွားတယ်ဆိုတာ မှတ်ကြရမယ်၊ ရှင်းပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သက်သေခံ လုံလောက်ကြပြီလား?၊ ငါတို့က သူတို့လောက် မဆိုးသေးဘူး ဆိုပြီး

အားတက်သရောနဲ့ ကြိုးစားကြဘို့ ကောင်းပါတယ်။ ခန္ဓာထဲမှာ ဉာဏ်နဲ့ ကြည့်ပေးကြ။ ရုပ်ကိုကြည့်ကြည့်၊ စိတ်ကြည့်ချင်ကြည့်၊ ဝေဒနာဘဲ ကြည့်ကြည့်၊ တခုကို ဖြစ်ပျက်မြင်အောင် ကြည့်ပေးကြ၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ဖြစ်လာလိုက်, ပျက်သွားလိုက်နဲ့ နေတာကို တွေ့ရမယ်။ ရှင်းကြရဲ့လား?။

ဒကာ ဒကာမတို့ ကြိုးစားပြီး ကြည့်ပေးကြ၊ ဖြစ်ပျက်ကို မြင်ရင် မညံ့တော့ပါဘူး၊ ဖြစ်ပျက်မြင်ရင် တိဟိတ်ဘဲ၊ ဒီဘဝမှာ အနေး အမြန် ဆိုသလို မဂ်ကို ရတော့မှာဘဲ ဆိုတာ မှတ်ကြ။ ကိလေသာထုက ထူလှလို့ တကယ်လို့ ဒီဘဝမှာ မဂ်ကို မရနိုင်ခဲ့သေးရင်, ဒုတိယဘဝမှာ သေချာပါတယ်။ ဒကာ ဒကာမတို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ—

"ဒီဘဝမှာရုပ်နာမ် ဖြစ်ပျက်ကို ကောင်းကောင်းမြင်ပြီး
သေသွားခဲ့ရရင် ဒုတိယဘဝမှာ မဂ်ကိုကောန်ရနိုင်တယ်"

လို့ ဟောတော်မူထားတာ ရှိပါတယ်။ ဒါ့ကြောင့် အားတက်ပြီး ကြိုးစားရှုကြ။ ဝေဒနာကိုဘဲ ဖြစ်ဖြစ်၊ စိတ်ကိုဘဲ ဖြစ်ဖြစ်၊ ရုပ်ဘဲ ဖြစ်ဖြစ်၊ ကိုယ့် ဉာဏ်အားသန်ရာ တခုခုကို စွဲမြဲပြီး ဒုက္ခသစ္စာ အချက်၊ ဖြစ်ပျက်မြင်အောင် ရှုပေးကြ၊ ရှုတတ်ကြပလား?။

ဖြစ်ပျက်တွေ ပဌမတော့ ကျဲချင် ကျဲနေမယ်၊ မြင်ရင်မညံ့တော့ဘူး၊ ကြိုးစားပြီး ဆက်သာရှု၊ နဲချင်နဲ့, ကျဲချင်ကျဲ ဆက်ရှုရင် အများမြင်လာမယ်၊ ကျဲရာကနေ စိပ်လာမယ်၊ ဒီနည်းအတိုင်း အမြင်များပြီး နောက် မုန်းလာမယ်၊ မုန်းလာတာကို ဆက်ရှု၊ ဒီအတိုင်းသာ ဆက်ရှုသွားရင် တချက်ချက်မှာ ဖြစ်ပျက်တွေ ဆုံးသွားတော့တာဘဲ။ ဖြစ်ပျက်ဆုံးရင် ရုပ်စုံ က, ဇာတ်လဲသိမ်းပြီလို့သာ မှတ်ကြ။

ဒကာ ဒကာမတို့ သေနိယ တို့ကို ဒီလို ဟောလိုက်တော့ ရဟန္တာ ဖြစ်သွားတယ်၊ ဒီအလုပ် လုပ်, ဖြစ်ပျက်တွေမြင်, ဖြစ်ပျက်တွေ မုန်းပြီး, ဖြစ်ပျက်တွေ ဆုံးသွားလို့ ရဟန္တာဖြစ်သွားတယ်ဆိုတာ မှတ်ကြ။ ဒကာ ဒကာမတွေ ကျေနပ်ကြပလား?၊ ကိုင်း, အဲဒီတော့ ဒီနေရာမှာ–

၁။ ရုပ်နာမ် ဖြစ်ပျက်တွေက .... ဒုက္ခသစ္စာ။

၂။ အထက်က ကံသုံးကံဖြတ်တာက.... သမုဒယသေတာ။

၃။ နောက်ဒုက္ခတွေရုပ်သိမ်းတာက.... နိရောဓပေါ်လာတာ။

၄။ ကံသုံးကံဖြတ်တဲ့ ဉာဏ်က .... မဂ္ဂသစ္စာ။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

# ဓမ္မရတနာ မာတိကာ

## "အမှားသုံးချက်၊ ဒုက္ခစက် တရားတော်"

---

ဆောင်ပုဒ်

တကယ်အရှိ၊ လိုက်စားဘို့၊ ရောက်၏သေလွတ်ရာ။
ခန္ဓာဝါးခွင်၊ ဉာဏ်သက်ဝင်၊ မှန်မြင်ရှုကြည့်ရာ။
ငါသူမဟုတ်၊ နာမ်နှင့်ရုပ်၊ ဖြစ်ချုပ်သဘာဝါ။
အကြောင်းတိုက်လျက်၊ ဖြစ်ပေါ်ပျက်၊ သက်သက်အနိစ္စာ။
သူ့သဘာဝ၊ ဖောက်ပြန်ကြ၊ ဒုက္ခ အနတ္တာ။
ပုဂ္ဂိုလ်သတ္တ၊ မဟုတ်ကြ၊ သုည သူ့ခြင်းရာ။
ဟုတ်မှန်သိမြင်၊ မချစ်ခင်၊ လွတ်လျှင် ငြိမ်းချမ်းသာ။ ။

သတိချပ်

အခေါ်အရှိ၊ လိုက်စားဘိ၊ လား၏ သေမင်းရွာ။
မရှိပညတ်၊ ဆိုင်းဘုတ်တပ်၊ ဟုတ်မှတ် ယူစွဲထား။
ဒဏ်ရာမထင်၊ ပူဘေးဝင်၊ နာကျင် သေရရှာ။
ခဲယောင်လှမ်းကောက်၊ ပစ်ဟန်ခြောက်၊ လန့်ကြောက်
ခွေးပမာ။
မရှိထင်ရှား၊ ရိုက်ခံငြား၊ အမှား သုံးချက်နာ။
အရှူးရင်းခံ၊ မှားချက်သန်၊ ထပ်ပြန် ပါယ်လေးရွာ။
ရှူးမှားထပ်ပြန်၊ သံသာရံ၊ ဖန်ဖန် ဓွန့်ရှည်ကြာ။

တရားသား။ ။ ဒကာ ဒကာမတို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်"မှာ ဟောတော်မူထားခဲ့ပါတယ်၊ "တကယ် အရှိကို လိုက်စားရင် သေမင်းလွတ်ရာရောက်မယ်၊ အခေါ် အရှိကို လိုက်စားရင် သေမင်းနိုင်ငံရောက်မယ်၊" အဲဒီလို ဟောတော်မူခဲ့တာ ရှိပါတယ်။ အဓိပ္ပါယ် အချုပ်သဘောက တော့ ပုဂ္ဂိုလ် သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ, အမေ, အဖေ, သား, သမီး စတဲ့ အခြင်းအရာတွေဟာ အခေါ် သာရှိပြီး တကယ်အရှိ မဟုတ်ကြဘူး၊ အမှန်ရှိ တကယ်အရှိ သဘာဝကတော့ ခန္ဓာငါးပါးပါဘဲ။ ခန္ဓာငါးပါးက အတည်ရှိ အဟုတ်ရှိတဲ့ ပစ္စည်းဘဲဆိုတာ မှတ်ကြရမယ်။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ သာဝကတွေ တကယ်အရှိကို လိုက်စားကြရမယ်၊ အခေါ် အရှိကို မလိုက်စားကြနဲ့၊ အခေါ်အရှိကို လိုက်စားရင် အပါယ် လေးပါး ရောက်ကြလိမ့်မယ်၊ တကယ်အရှိကို လိုက်စားမှသာ အသေလွတ်ရာ ရောက်ကြမယ်လို့ မှာတော်မူခဲ့တယ်ဆိုတာ စွဲစွဲ မြဲမြဲ မှတ်လိုက်ကြပါ။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက "ခြော်– အခေါ်အရှိနဲ့ တကယ်အရှိဆိုတာ ဒို့ကို နှိပ်စက်တဲ့ ရန်သူနဲ့ ဒို့ကို ကယ်တင်မယ့် မိတ်ဆွေပါကလား"လို့ ဆုံးဖြတ်ချက် ချကြ၊ ရိပ်မိပလား?။

ဒကာ ဒကာမတွေ ကိုယ်တွေ့မျက်မြင်မှာဘဲ ကြည့်ကြစမ်း ပါ။ ယောက်ျားရယ်, မိန်းမရယ်, သားရယ်, သမီးရယ်, မြေးရယ်, မြစ်ရယ်နဲ့ နေကြ, ထိုင်ကြ, ခင်မင်ကြ, တွယ်တာကြ, ချစ်ကြရ၊

ကြောင့်ကြစိုက်ကြရ၊ စောင့်ရှောက်ရ ပြုစုရ၊ ကျွေးရ မွေးရ အခေါ်သာရှိတဲ့ သူတို့အတွက်ကြောင့်ဘဲ ပူကြရ ပင်ကြရ၊ စိုးရိမ်ကြရ၊ ပူဆွေးကြရ၊ ငိုကြွေးကြရ၊ အဲဒါတွေဟာ အခေါ် အရှိကြောင့်ဘဲ၊ ရိပ်မိကြပလား?။

ဒကာ ဒကာမတွေ လေးလေးနက်နက် ဉာဏ်နဲ့ စဉ်းစားကြပါ၊ ဘယ်လောက် နစ်နာတယ်ဆိုတာ ပေါ်ကြမယ်။ တကယ်မရှိတာကို အရှိလုပ်ပြီး ရင်ထုကြ, မြေလူးကြ, ကြမ်းခုန်ပြီး ငိုကြွေးကြနဲ့ အဲဒါတွေဟာ အခေါ်အရှိကြောင့်ချည့်ဘဲ၊ သဘောပါကြပလား?၊ ဒကာ ဒကာမတို့ အဖြစ်ဟာ စဉ်းစားကြည့်ရင် အင်မတန်မှ နစ်နာပါတယ်။

မရှိတဲ့ တုတ်(ဒုတ်)နဲ့ အရိုက်ခံပြီး သြဘ်ရ ဟာစ်ရတာနဲ့ အတူတူပါဘဲ၊ အခေါ်အရှိ အတွက်နဲ့ဘဲ သေခြင်းဆိုးနဲ့ သေရတာတွေ၊ သားသေလို့၊ သမီးသေလို့၊ ခင်ပွန်းသေလို့နဲ့ ဒီစိတ်တွေနဲ့ဘဲ နောက်လူက သေရပြန်သတဲ့၊ အဲဒါတွေဟာ သားဆိုတဲ့ အခေါ်- သမီးဆိုတဲ့အခေါ်တွေက နှိပ်စက်လိုက်တာဘဲ။ တကယ်မရှိ အခေါ်သာရှိတာက နှိပ်စက်လို့ ဒုက္ခရောက်ရတယ်ဆိုတာဟာ သဘာဝမကျဘူး၊ တကယ်ရှိတဲ့ ရှားသားတုတ်(ဒုတ်)နဲ့ ရိုက်လို့ သေတာက သဘာဝကျပါသေးတယ်။

ဒကာ ဒကာမတို့ သေသေချာချာ မှတ်လိုက်ကြပါ၊ မရှိတာနဲ့ ရိုက်လို့သေတာ၊ မရှိတာက နှိပ်စက်လို့ သေတယ်ဆိုတာဟာ သာမညလို့ မမှတ်ပါနဲ့ "သူ့ရှုးချက်နဲ့ သူသေတာဘဲ" လို့သာ မှတ်လိုက်ကြတော့။ သူ့အမြင်က ဖောက်ပြန်နေတော့ သူ့အရှုးရောဂါ ဝေဒနာနဲ့ အနိဋ္ဌရောက်ရရှာတာဘဲ ဆိုတာ မှတ်ကြ၊ ရိပ်မိကြရဲ့လား?။

ရှူးချက်ဘယ်လောက် သန်နေကြသလဲ?ဆိုတာ ကိုယ့်ပတ်ဝန်းကျင်မှာကြည့်ရင် မြင်နိုင်ကြမယ်။ မရှိတဲ့သားက နှိပ်စက်တာနဲ့ အမေ အပါယ်သွားရတာမျိုးတွေ၊ မရှိတဲ့ သို့မဟုတ် နှိပ်စက်လို့ အဘေ ဒုက္ခရောက်ရတဲ့ အဖြစ်မျိုးတွေ အများကြီးဘဲ။ ရပ်ထဲ ရွာထဲမှာကြည့်ရင် ဒါမျိုးတွေချည့် တွေ့ရ မြင်ရမယ်ဆိုတာသာ မှတ်ကြ၊ ဒကာ ဒကာမတို့တတွေဟာ အခေါ် အရှိက အနှိပ်စက် ခံရတာချည့်ပါဘဲ။ ရှင်းကြပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဆေးရောင် အမျိုးမျိုးတွေ သုတ်၊ စာတွေကိုလဲ အမျိုးမျိုးရေးထားကြပြီး ဆိုင်းဘုတ်တွေကို အမျိုးမျိုး ဆွဲနေကြတယ်၊ အမေဆိုတဲ့ ဆိုင်းဘုတ်၊ အဘေဆိုတဲ့ ဆိုင်းဘုတ်၊ သား,ဆိုင်းဘုတ်၊ သမီး,ဆိုင်းဘုတ်၊ အဲဒါတွေ အမျိုးမျိုး တပ်ထားကြပြီး အပူဇာတ်ထုပ်တွေ ခင်းနေကြတာဘဲ ရှိတယ်၊ ဆိုင်းဘုတ်တွေ တပ်ပြီး အမေ, ပျက်စီးလို့၊ အဘေ,ပျက်စီးလို့၊ သားသမီးပျက်စီးလို့၊ ခင်ပွန်းဖောက်ပြန်သွားလို့နဲ့ မျက်ရေနဲ့ မျက်ခွက် ဖြစ်ကြရတယ်။

ဒါဘာ့ကြောင့်လဲ လို့ ဆိုတော့ မရှိတာ အရှိလုပ်ပြီး, မဟုတ်တာတွေ လိုက်စားနေကြလို့ဘဲဆိုတာသာ မှတ်ကြ၊ ရိပ်မိကြရဲ့လား?၊ ဒကာ ဒကာမတို့တတွေဟာ အင်မတန်မှ မသိသား ဆိုးရွားလွန်းလှတယ်လို့ဘဲ ဘုန်းကြီးက စွဲချက်တင်လိုက်ပါတယ်၊ ဥပမာ–သားကလေးက ကိုယ့်စကား နားမထောင်, သူထင်သလို သူနေ, ကိုယ်သဘောမတူတာနဲ့ ပေါင်းသင်းနေထိုင်တာ တွေ့ရကြုံရပလား ဆိုတော့ သားစိတ်နဲ့ဘဲ အဘေ, ဒုက္ခရောက်ရရှာတယ်။

သို့မ်ိုးလုပ်သူကလဲ မိဘစကား နားမထောင်၊ သူ့သဘော အတိုင်း သွားလိုရာသွား၊ ထော်လော်ကန့်လန့် 'လုပ်ပလားဆို ပြန်တော့ သိုးစိုက်နဲ့ဘဲ အမေ့ဒုက္ခရောက်ရပြန်တယ်၊ အဲဒါဟာ မရှိတာက နှိပ်စက်တာပါဘဲ၊ ဒကာ ဒကာမတို့တတွေမှာ တကယ်မရှိတာက နှိပ်စက်နေတာ ငုံ့ပြီး ခံနေကြရတယ်ဆိုရင် မမှားပါဘူး၊ သဘောပါကြပလား?။

ဥပမာအားဖြင့်ဆိုရင် "ခွေးမျှားလိုက်တဲ့အခါ အလိုက်ခံရ တဲ့ သူဟာ ကုန်းပြီးတော့ ခဲကောက်တဲ့ အယောင်မျိုး, ပစ်လိုက်တဲ့ အယောင်မျိုးကို ပြလိုက်တာနဲ့ ခွေးဟာ ကြောက် လန့်ပြီး ထွက်ပြေးသွားရတာလိုဘဲလို့ မှတ်ကြရမယ်။ ဒကာ ဒကာမတို့မှာလဲ ခွေးက လိုက်ကိုက်တဲ့အခါ ခဲကောက်ပြီး အယောင်ပြလိုက်တာနဲ့ ခွေးပြေးရတဲ့ ဥပမာလို မရှိတာက အနှိပ်စက်ခံနေကြရတာ အရှိနှိပ်စက်တာ မဟုတ်ပါဘူးဆိုတာ ဆုံးဖြတ်ချက် ချကြ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာလဲ မရှိတာ အနှိပ်အစက် ခံနေကြရသမျှမှာ ဒီ ခွေးဥပမာအတူဘဲလို့ မှတ်လိုက်ကြတော့၊ ကျေနပ်ကြပလား?၊ဒကာဒကာမတို့ မနာကြနဲ့တော့၊ပုံကတော့ ခပ်ရိုင်းရိုင်းဘဲ။ ခဲမပါဘဲနဲ့ အပြေးကြီး ပြေးရရှာတယ်ဆိုတာ ခွေးက တိရစ္ဆာန်မို့ကိုး။ ဒကာတို့မှာလဲ မရှိတာက နှိပ်စက်လို့ မျက်ရေကျရတာဟာ စဉ်းစားသာကြည့်ကြပါတော့၊တိရစ္ဆာန် ကိုးလို့ မဆိုပေမယ့် အဓိပ္ပါယ်ရောက်နေပြီ၊ ပေါ်ကြပလား?။

ဒီ အဓိပ္ပါယ် သဘောကို ဉာဏ်နားနဲ့ထောင်ကြ၊ ထောင်ပြီး ခန္ဓာမှာဉာဏ်နဲ့ ကြည့်ကြပါ၊ ကြည့်ရင် အမှန်အကန် ကိုယ်တိုင် ကေန် သိကြရမယ်။ အခု ဒကာ ဒကာမတို့ ခန္ဓာမှာ ဉာဏ်နဲ့

ကြည့်ပေးပါ၊ ဥပမာ–မိမိကိုယ်မှာ လက်ကလေးနဲ့ဘဲ စမ်းကြည့် စမ်းပါ၊ ဘာတွေ့ရမလဲ?၊ ပူတာ, နွေးတာရင်လဲ တွေ့မယ်၊ အေးတာရင်လဲ တွေ့မယ်။ နောက်ပြီး, ကြမ်းတာ, နုတာ၊ မာတာ, ပြော့တာ တခုခုကိုသာ တွေ့ရမယ်။

ပူတာ, နွေးတာ, အေးတာ တွေက တေဇောသဘော၊ ကြမ်းတာ, နုတာ, မာတာ, ပြော့တာတွေ ဆိုတာက ပထဝီ သဘော၊ ဒီဓာတ်သဘာဝတွေ တခုခု ပြဌာန်းပြီး တွေ့ရ မြင်ရတာဘဲ ရှိတယ်၊ ပထဝီဟာ ပထဝီဘဲ၊ သူမဟုတ်,ငါမဟုတ်, ယောကျ်ားမဟုတ်, မိန်းမ-မဟုတ်, ရုပ်ဓာတ် အစုမျှသာဘဲ ဖြစ်ပါတယ်၊ ဒကာ ဒကာမတွေ့ သဘောပါကြပလား?။

ဥပမာ–သွီးကလေးလားဆိုပြီး နဖူးပြင်မှာ စမ်းကြည့်လိုက် ပါ၊ သွီးကို တွေ့ပါ့မလား? မတွေ့ရပါဘူး၊ နွေးတဲ့ တေဇော ဓာတ် ရုပ်သဘောလေးကို တွေ့ရမယ်၊ မာပြော့ ပထဝီရုပ် ကလေးကို အရင်တွေ့ရမယ်၊ အမှန်အရှိက ဒီရုပ်သဘာဝအစု ပေါက်ပြန်မှုတွေဘဲရှိလို့ ဒါတွေကိုဘဲ တွေ့ရမှာဘဲ၊ သားလဲမရှိ, သွီးဆိုတာလဲ မရှိပါဘူး။ ရှင်းကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ မရှိဘာ နှိပ်စက်ခံနေ ရတယ်ဆိုတာ ပေါ်ကြပဲလား?၊ သား လင် ခင်ပွန်းဆိုတာလဲ မရှိ၊ ဒီလို တကယ် မရှိတာက အနှိပ်စက်ခံ၊ မရှိနှိပ်စက်လို့ အပါယ်သွားကြ၊ အဲဒါ လေးလေးနက်နက် စဉ်းစားပါ၊ ခွေးစိတ်ပေါက်လို့ဘဲလို့ ဆိုထိုက်မဆိုထိုက်၊ ရိပ်မိကြရဲ့လား?။

ဒဏ်ရာ ဒဏ်ချက်က စွဲချက် တင်လောက်အောင် မရှိဘဲနဲ့ ပိန်ချုံးချိနဲ့ပြီး သေကြရတာတွေဟာ မရှိနှိပ်စက်ခံရလို့ဘဲဆိုတာ

မှတ်ကြတော့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေထဲမှာ မရှိနှိပ်စက် ခံရတာက လွတ်တဲ့သူများ ဘယ်နှစ်ယောက် ပါကြသလဲ?၊ ဘယောက်ကမှ မပါကြဘူးဆိုတော့ လွန်လွန်းကုန်ပြီ။ အခေါ်သာရှိပြီး တကယ်မရှိတာက နှိပ်စက်၊ သူနှိပ်စက်တော့ သေမင်းနိုင်ငံလိုက်ရ၊ နောက် အပါယ်သွားကြ၊ ကောင်းနိုင်ပါအုံးမလား?။

အမှန်အကန် သိပြီး ပြင်ဘို့ဆင်ဘို့ အချိန် တော်လောက်ပါပြီ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သံသရာမှာ ဘယ်လိုများ နေခဲ့ထိုင်ခဲ့ကြရသလဲလို့ မေးရင် တကယ်မရှိတာက နှိပ်စက်လို့ သံသရာတလျှောက်လုံး ခွေးနေနေပြီး, ခွေးသေ သေခဲ့ကြရပါတယ်လို့သာ ဖြေကြတော့၊ ရှင်းပလား?၊ စီးပွားရေး ပျက်လို့ ရွှေထုပ် ငွေထုပ် ပျောက်လို့ အတိုးချထားတဲ့ ငွေတွေ ဆုံးလို့ ဥစ္စာရှုံး ရှုံး၊ ရှုံးပြီးသေကြရ၊ အဲဒါတွေဟာ မရှိနှိပ်စက်တာဘဲ။

ပွဲကြည့်တဲ့အခါများမှာ အရုပ်ချင်းက ရိုက်ကြ, နှက်ကြ၊ နှိပ်စက်ခန်းပြကြ၊ အဲဒီအခါမှာ ဒကာတို့က ငိုကြ ယိုကြ၊ အဲဒါ ရှုံးတာဘဲ၊ ရှုံးတာဟာ ရှုံးပါးမဝကြလို့ဘဲ ဆိုတာသာ မှတ်ကြတော့၊ သဘောပါကြပလား?။

လူရယ်, နတ်ရယ်၊ ပုဂ္ဂိုလ်သတ္တာရယ်၊ ယောကျ်ားရယ်, မိန်းမရယ်ဆိုပြီး သမုတ်ထားကြတယ်၊ အဲဒါတွေဟာခေါ်ဝေါ်လွယ်အောင်လို့ဆိုပြီး ကမ္ဘာဦးက သမုတ်ထားကြတာပါ၊ လူသတ္တာ, နတ်သတ္တာတွေ ဆိုတာဟာ အမှန်အရှိ မဟုတ်ကြဘူး၊ အခေါ်အရှိမျှသာ ဖြစ်တယ်၊ ခေါ်လွယ်ရုံမျှ သမုတ်ထားခဲ့တာတွေဘဲဆိုတာမှတ်ကြရမယ်၊ ဒကာဒကာမတို့ အဲဒီအခေါ်အရှိကို အဟုတ်မှတ်ပြီး သူတို့အတွက်နဲ့ ငိုကြွေးကြ၊ စိုးရိမ် ပူဆွေးကြ၊

ဒုက္ခရောက်ကြ၊ ငြင်းခုံကြ၊ ခိုက်ရန်ဖြစ်ကြ၊ တရားတဘောင် တွေ့ကြ၊ ရုံးရောက်ကြ၊ ဂတ်ရောက်ကြနဲ့ ကိစ္စ များနေကြရတယ်။

ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာတို့ ဖြစ်စဉ်တွေ ရှုးချက်သန်လို့ ဒုက္ခရောက်ရတာတွေကို ရွှေဉာဏ်တော်နဲ့ ကြည့်ပြီးဟောပြထားတော်မူခဲ့တာ ရှိပါတယ်။ ''သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သမိဒ္ဓိသုတ်''မှာ အသေအချာ ရှိပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

အက္ခေယျ သညိနော သတ္တာ၊
အက္ခေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊
ယောဂမာယန္တိ မစ္စုနော။

အက္ခေယျသညိနော၊ ခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟု အထင်ရှိကုန်သော။ သတ္တာ၊ သတ္တဝါ ဟူသမျှတို့သည်။ အက္ခေယျသ္မိံ၊ ခန္ဓာငါးပါး၌။ ပတိဋ္ဌိတာ၊ တည်နေကြကုန်၏။ အက္ခေယျံ၊ ခန္ဓာငါးပါးကို။ အပရိညာယ၊ ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ မသိခြင်းကြောင့်။ မစ္စုနော၊ မရဏပစ်ကွင်း ရှင်သေမင်း၏။ ယောဂံ၊ ဆွဲငင်လေရာ အဲ့သူ့ရာသို့။ အာယန္တိ၊ မလွဲပုံသေ လိုက်ပါကြရလေကုန်၏။

ဒကာ ဒကာမတို့ အဲဒီ စကားတော်က ရာဇဂြိုဟ်ပြည် တပေါဒါရုံ ကျောင်းတော်မှာ သီတင်းသုံးနေတော်မူဆဲအခါ်နှင့်သွီးတဦးနဲ့ ရှင်သမိဒ္ဓိ ဆိုတဲ့ ရဟန်းငယ်ကလေးတို့ကို ဟောတော်မူတဲ့ စကားတော်ဖြစ်တယ်ဆိုတာ မှတ်ကြရမယ်။

အဓိပ္ပါယ်ကတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေကို ငါဘဲ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲ၊ သားဘဲ သမီးဘဲဆိုတဲ့ အထင်တွေနဲ့ ဒီခန္ဓာငါးပါးမှာ စွဲလမ်းနေကြတယ်၊ ရပ်တည်နေကြတယ်၊ အဲဒီလိုစွဲလမ်းမှုနဲ့ ရပ်တည်နေလို့ အမှန်အကန်ကို ဉာဏ်နဲ့ မပိုင်းခြားနိုင်ကြဘူး၊ အမှန်မသိကြဘူး၊ အဲဒီလို မသိတော့ ခန္ဓာအမျိုးမျိုးနဲ့ လှည့်ပြီး သေပြီးရင်း သေရင်းဆိုသလို သေမင်း စားဖတ် ဝါးဖတ်အဖြစ်ဘဲ ခံနေကြရတော့တယ်-တဲ့။

ဒကာ ဒကာမတွေ သံသရာတလျှောက်လုံး ဒုက္ခရောက်ရတာဟာ ပရမတ္ထသစ္စာ ခန္ဓာငါးပါးကို မသိမမြင်ကြလို့ သမ္မုတိသစ္စာကို မကျော်နိုင်ကြလို့ဘဲဆိုတာ မှတ်ကြရမယ်၊ ရိပ်မိကြပလား?၊ ဒကာ ဒကာမတွေဟာ သမ္မုတိသစ္စာကို မကျော်နိုင်ခဲ့ကြလို့သာ ဒုက္ခပင်လယ်ဝေ ခဲ့ကြရတယ်၊ ဒုက္ခထဲမှာ လှည့်ခဲ့ရတယ်ဆိုတာ ဆုံးဖြတ်ချက် ချကြ။

အမှန်အရှိက ပရမတ္ထသစ္စာ ခန္ဓာငါးပါးဘဲ ရှိပါတယ်၊ ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ရင် ပရမတ္ထသဘာဝကို အမှန်အရှိအတိုင်း မြင်ကြ သိကြမယ်၊ အခု ခန္ဓာမှာကြည့်၊ ကြည့်တော့ ဘာတွေ့မလဲ၊ ပူတာရင်လဲ တွေ့မယ်၊ အေးတာရင်လဲ တွေ့မယ်၊ လေးတာ ပေါ့တာ တခုခုရင်လဲ တွေ့မယ်၊ မာတာ, ပျော့တာ, လှုပ်ရှားတာ, တောင့်တင်းတာ ဒီသဘောတွေကိုဘဲ တွေ့ရမယ်။

ဒကာ ဒကာမတွေက ဒီသဘာဝ အမှန်အရှိကို မပိုင်းခြားဘဲ သားဆိုင်းဘုတ်, သမီးဆိုင်းဘုတ်, ဇနီးဆိုင်းဘုတ်ဆိုသလို ဆိုင်းဘုတ် အမျိုးမျိုးတွေကို တင်၊ တင်ပြီး အားကိုးတခု ပြုကြ၊ ဒီလိုပြုမိတော့ သူ့သဘာဝအတိုင်း ဖောက်ပြန်ပြလိုက်တော့

ဖောက်ပြန်ပြလိုက်ပလား ဆိုမှဖြင့် တခါထဲ ဒုက္ခရောက်ရတော့တာဘဲ၊ ဒကာ ဒကာမတွေ ရိပ်မိကြပလား?။

အဲဒီလို ဒုက္ခရောက်ရတာ ဘာ့ကြောင့်လဲလို့ ဆန်းစစ်ကြည့်လိုက်တော့ သမ္မုတိသစ္စာကို မကျော်နိုင်လို့ ပရမတ္ထသစ္စာကို မပိုင်းခြားနိုင်လို့ဘဲ ဆိုတာ မှတ်ကြတော့၊ ရှင်းကြရဲ့လား?၊ ဒကာ ဒကာမတွေမှာ တသံသရာလုံး အရှူးထပြီး အပါယ်လေးပါးချည့် လားခဲ့ကြရတယ်၊ အဲဒါလဲဘဲ သမ္မုတိကိုမကျော်နိုင်၊ ပရမတ္ထကို မပိုင်းခြားနိုင်လို့ဘဲ၊ ကျေနပ်ကြပလား?။

သမ္မုတိသစ္စာက အခေါ်အရှိ၊ ပရမတ္ထသစ္စာက တကယ်အရှိ၊ အဟုတ်အမှန်ရှိတဲ့ ခန္ဓာငါးပါး၊ ဒကာ ဒကာမတို့ အခေါ်အရှိ သမ္မုတိကို ကျော်နိုင်ရမယ်။ အခေါ်အရှိကို ကျော်လွန်ပြီး သား, သမီး, ဇနီး, ခင်ပွန်း စတဲ့ သမ္မုတိတွေဟာ တကယ်မရှိပါလား?၊ ဒါတွေဟာ တကယ်မရှိဘူး၊ တကယ်အမှန်ရှိတာက ခန္ဓာငါးပါး ပရမတ္ထတရားဘဲလို့ ပိုင်းခြားနိုင်ရမယ်။

အဲဒီလို ပိုင်းခြားနိုင်ရင် သေမင်းနိုင်ငံကို လွန်မြောက်ပါတယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူသွားတယ်၊ အဲဒီလိုမှ မပိုင်းခြားနိုင်သေးရင် မပိုင်းခြားနိုင်သေးသမျှ သေမင်းနောက် လိုက်ရမှာချည့်ဘဲ၊ ဒုက္ခထဲမှာ ဝဲလှည့်ရမှာချည့်ဘဲဆိုတာသာ မှတ်လိုက်ကြ၊ ရှင်းပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လုပ်ပုံက ကမ်းကုန်ပါတယ်၊ "ဒါက ကျုပ်အချစ်ဆုံး သမီးဘဲတဲ့၊ အမေက ဒါဟာ သမီးတဲ့၊" အဲဒီလိုပြောတော့ အပြောခံရတဲ့သူက "တကယ့်သမီးလား"လို့ ဆပ်မေးပြန်တော့ "ဟုတ်ပါတယ်-ကျုပ်သမီး အရင်းမှအစစ်ပါ"

ဘယ်နေ့ သယ်ရက်က ဘယ်နှစ်နာရီမှာ မွေးဖွားခဲ့တာဘဲ”နဲ့ ပြောဆိုကြတယ်။

အဲဒီနေရာမှာ အမှန်ရှိတာက ခန္ဓာငါးပါး, ရုပ်တရား, နာမ်တရားဘဲ၊ ဒါကို အမှန်မသိလို့ သွီးလုပ်တော့ အမှတ်က မှားသွားပြီ၊ အဲဒါ အမှတ်မှားတဲ့ သညာဝိပ္ပလ္လာသ ဒဏ်ချက် သင့်တာဘဲ ဆိုတာ မှတ်လိုက်ကြ။

တကယ်လို့ တစိမ်း တရံစံက “ခင်ဗျားမှာ သားသွီးရှိသလား”လို့ မေးခဲ့ မြန်းခဲ့ရင် “အံမာ ကျုပ်က ဥတလုံး တကောင်ကြွက် မဟုတ်ပါဘူး၊ လူကိုချစ်ရင် နောက်ကို ဒီလို မမေးပါနဲ့”တဲ့၊ ဒီသားက မွေးစားတာလားလို့ မေးပြန်ရင်လဲ မကြိုက်နိုင်ကြဘူး၊ တကယ့်လို့ မွေးစားသား ဟုတ်သည့်တိုင် အောင် စိတ်အလို မကျနိုင်ကြဘူး၊ ဟုတ်ကြရဲ့လား?။

အဲဒါတွေဟာ သညာဝိပ္ပလ္လာသဆိုတဲ့ အမှတ်မှားမှုတွေ ဝင်လာတာဘဲ၊ အမှတ်မှား နှိပ်စက်လာပြီဆိုတာ မှတ်ကြရမယ်၊ သွီးမဟုတ်တာကို သွီးလုပ်၊ သားမဟုတ်တာကို သားလုပ်၊ အဲဒီလို လုပ်တော့ ဘာအပြစ်ရှိသလဲ?၊ သွီးမဟုတ်တာကို သွီး လုပ်တော့ နောက်က အသိမှား လိုက်လာပါရော၊ အသိမှား လိုက်တော့ အဲဒီ အသိမှားရဲ့ နောက်က အယူမှားပါ တခါထဲ လိုက်လာ ပြန်ပါရော။

ဒကာ ဒကာမတို့ အမှတ်မှားက သညာဝိပ္ပလ္လာသ၊ အသိမှား က စိတ္တဝိပ္ပလ္လာသ၊ အယူမှားက ဒိဋ္ဌိဝိပ္ပလ္လာသ။ သွီး မဟုတ်တာကို သွီးလုပ်လိုက်မိတဲ့အတွက် ဒီအမှားသုံးချက်, နောက်က လိုက်လာတယ်၊ ပေါ်ကြပလား?။

အဲဒီတော့ ဒကာ ဒကာမတွေ ဒိဋ္ဌိဝိပ္ပလ္လာသဆိုတာ အယူမှားကို ဆိုပါတယ်၊ အယူမှားရင် ငရဲသွားမလားဆိုတာ မမေးနဲ့တော့၊ သေချာပြီလို့သာ ဆုံးဖြတ်ချက် ချကြ၊ ရိပ်မိကြရဲ့လား?၊ ဘာ့ကြောင့် ငရဲသွားရတာလဲ?၊ ဒီအပြစ်သင့်တာ ဘာ့ကြောင့်လဲလို့ ဆန်းစစ်လိုက်ပါ၊ အဲဒါ အခေါ်အရှိကို လိုက်စားမိလို့ဘဲ၊ အခေါ်အရှိနဲ့ တကယ်အရှိ မကွဲလို့ဘဲဆိုတာ ပေါ်ကြမယ်။

အခေါ်အရှိနဲ့ အမှန်အရှိမှာ မကွဲတော့ အမှားသုံးချက် ဆက်လိုက်လာတယ်၊ အမှန်တချက်ကမှ မပါဘူး၊ အမှန်တချက်ကမှ မပါတဲ့သူသေရင် ဘယ်လိုသေမလဲ?၊ အယူမှားနဲ့သေမှာဘဲ၊ ဒကာ ဒကာမတွေ ကိုယ်ပိုင်ဉာဏ်နဲ့သာ စဉ်းစားကြည့်တော့ အယူမှားနဲ့ သေဘို့မှတပါး တခြားမရှိတော့ဘူး။

ဝိပဿနာမှုမပါရင် ဒါနဲ့ဘဲ သေရမယ်၊ ဒါနဲ့သေတာဘဲ များတယ်ဆိုတာ သံသယမရှိနဲ့တော့၊ ဒကာ ဒကာမတို့ ကိုယ်တိုင် စဉ်းစားကြည့်ကြ၊ အယူမှားနဲ့ သေရတာဟာ အယူတိမ်းတာဘဲ၊ ဒကာ ဒကာမတွေ ပြောတတ်ကြတယ်၊ "ဘယ်သူ ဘယ်ဝါဟာဖြင့် အယူတိမ်းလို့ နတ်စိမ်းဖြစ်လေရဲ့"နဲ့ ပြောကြတယ်၊ အဲဒါက ဟုတ်ချင်မှ ဟုတ်မယ်၊ အခုပြောတဲ့ အယူမှားနဲ့ သေရင်တော့ အယူတိမ်းတာ ဧကန်အစစ်ဘဲဆိုတာ မှတ်ကြ၊ ကျေနပ်ကြပလား?။

အခု တရားတပွဲလုံး အားလုံးဘဲ မှတ်လိုက်ကြစမ်းပါ၊ ဝိပဿနာမပါရင် အယူမှားနဲ့ချည့် သေရမှာ ကေန့်ဘဲလို့သာ ဆုံးဖြတ်ချက် ချကြ၊ ဒီလိုအယူမှားနဲ့ သေရတဲ့လူပေါင်း ဘယ်

လောက် ရှိပြီလဲဆိုရင် မရေမတွက်နိုင်တော့ဘူး၊ ဝိပဿနာမှ မပါရင် ဒီအယူမှားနဲ့ချည့် သွားရမှာဘဲ၊ ရှင်းကြရဲ့လား?။

ဘုရားသခင့် ကိုယ်တော်မြတ်ကြီးက ဝိပဿနာမှ မပါရင် လူတသိန်းသေလို့ တယောက်တလေမျှ သုဂတိကို မရောက်နိုင်ဘူးလို့ ဟောတော်မူခဲ့တယ်။ အယူမှားနဲ့ သေလေသမျှ တယောက်မှ သုဂတိကို မရောက်ဘူးတဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သာမည ကလေးလို့များ မအောက်မေ့လိုက်ကြပါနဲ့၊ အင်မတန်ကြီးတဲ့ အရေးပါလားလို့ ဆုံးဖြတ်ချက်ချကြ။

တချို့တွေများ သေတဲ့အခါကျတော့ ဟိုနား ချွတ်ချွတ် ဒီနားချွတ်ချွတ်နဲ့ လုပ်ကြသတဲ့၊ အဲဒီလို ချွတ်ချွတ်လုပ်တာဟာ သူ့ခမျာ အယူတိမ်းလို့ဘဲနဲ့ ပြောကြတယ်။ အဲဒီ ချွတ်ချွတ် လုပ်တဲ့ အမှားထက် ချွတ်ချွတ်တောင်မလုပ်နိုင်တဲ့ အယူမှားက ပိုပြီး ဆိုးတယ်ဆိုတာ မှတ်လိုက်ကြ၊ သူက ငရဲသွားတဲ့အတွက် ချွတ်ချွတ်တောင် မလုပ်နိုင်တော့ဘူး၊ ရိပ်မိကြပလား?။

ဒကာ ဒကာမတို့ အခြားသူ တယောက်က မေးတယ်ဆိုပါ တော့၊ "ဒါက ဘာတော်တာတုန်း"လို့ ဆိုတော့ "ဒါက သားဘဲ၊ ဟောဒါက သမီးဘဲ"တဲ့၊ ဒကာတို့ဟာက အပြောတင်မဟုတ်ကြဘူး၊ သမီးလေးလို့ဆိုပြီး ဒီ့နောက်က "သမီးလေးမို့ ချစ်ရခင်ရမှာဘဲ"ဆိုတဲ့ အသိမှား လိုက်လာတယ်၊ ဒီတွင်မရပ် သေးပါဘူး၊ "နောက် လူလားမြောက်ရင် သူ့ကိုဘဲ အားကိုး ရမှာဘဲ"ဆိုတဲ့ အယူမှား လိုက်လာပြန်တယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတို့ဟာ ဒီ အမှားသုံးချက်နဲ့ဘဲ သံသရာ လည်နေကြရတယ်၊ အမှန်ဆိုလို့တခုမှ မပါခဲ့ကြဘူး။

နေ့တော့လဲ ဒီအမှားသုံးချက်နဲ့ဘဲ နေကြရတယ်၊ သေတော့လဲ ဒီအမှားသုံးချက်နဲ့ဘဲ သေကြရတယ်၊ ပေါ်ကြပလား?။

၁။ ဒါက သွီးလေးဘဲတဲ့၊ အဲဒါ အမှတ်မှား။

၂။ သွီးလေးမို့ ချစ်ရခင်ရမှာဘဲ-တဲ့၊ အဲဒါက အသိမှား။

၃။ တနေ့ကျရင် သူ့ကိုဘဲ အားကိုးရမှာဘဲ-တဲ့၊ အဲဒါက အယူမှား။

ဒကာတို့တတွေဟာ ဒီအမှားသုံးချက်နဲ့ဘဲ နေကြ ထိုင်ကြ သွားကြလာကြ၊ လုပ်ကြကိုင်ကြ၊သေတော့လဲ ဒီအမှားသုံးချက်နဲ့ဘဲသေကြရ၊ သံသရာတလျှောက်လုံး ဒီအမှားသုံးချက် အနှိပ်စက်ခံပြီး ဒုက္ခရောက်ခဲ့ကြရပြီဆိုတာ မှတ်ကြပါတော့။ ရှင်းကြပလား?။

ဒကာ ဒကာမတို့က ဘာမှ မသိကြတော့ မသိပြောဘဲ ပြောတတ်ကြတယ်၊ "ကိုယ့်ဟာနဲ့ကိုယ်, ကောင်းကောင်းမွန်မွန် နေတာ ဘာအပြစ်ရှိသတုန်း? ကောင်းကောင်းမွန်မွန်နေတာမှု အပြစ်မရှိဘူး"တဲ့၊ ဒီလိုပြောပြီး ဒီလိုဘဲ ထင်မှတ်နေကြတယ်၊ ဒီအမှားသုံးချက်က နေ့တိုင်းဗွက်ပေါက်နေတာကိုတော့ မရိပ်မိကြဘူး။

တကယ် ကောင်းကောင်းမွန်မွန် နေတာ မှန်ရင် အပြစ်မရှိပါဘူး၊ အခုတော့ ဒကာတို့ဟာက သွီးမဟုတ်တာကို သွီးလုပ်၊ သွီးလို့ဘဲမှတ်ထင်ပြီး ဒီအတိုင်းဘဲပြောကြ၊ နောက်က ခင်ရမင်ရမှာဘဲဆိုတဲ့ အသိမှားနဲ့ အိုမင်းမစွမ်း ရှိတဲ့အခါ သူ့ကိုဘဲ အားကိုးရပေမယ်ဆိုတဲ့အယူမှားပါ ကပ်ရက်ပါလာတယ်၊အဲဒါ ဝိပ္ပလ္လာသ အမှားသုံးချက်နဲ့ ဗွက်ပေါက်နေတာမို့ အနေကောင်းလို့ ခေါ်နိုင်ပါ့မလား?။

အပါယ်သွားလေ့သမျှဟာ အယူမှားနဲ့ သွားတာချည့်ဘဲဆိုတာ မှတ်ကြတော့၊ ရှင်းကြပလား?၊ အပါယ်သွားရတာမှာ ဆူဆူညံညံနဲ့ သွားရတာရယ်၊ ငြိမ်ငြိမ်နဲ့ သွားရတာရယ် ဒါဘဲကွဲတယ်၊ သွားရတာကတော့ အတူတူဘဲ၊ ဒကာ ဒကာမတွေ ဘယ်နည်းနဲ့ အပါယ်သွားချင်ကြသလဲ?၊ ဘယ်နည်းနဲ့မှ မသွားချင်တာ မှန်ရင် အမှန်ရောက်အောင် အမြန်ဆုံးသာ ပြင်ကြဆင်ကြတော့ဆိုတာ သတိပေးလိုက်တယ်။

တကယ် မရှိတာကို တကယ်သွီးဘဲလို့ မှတ်တယ်၊ အဲဒါက သညာမှား၊ တကယ်သွီးလေးဘဲလို့ စိတ်ကထင်တော့ စိတ်မှား၊ ကိုယ့်ဟာနဲ့ ကိုယ်ဘဲ၊ ကိုယ့်သွီးနဲ့ ကိုယ်၊ ကိုယ့်သားနဲ့ ကိုယ်ဘဲဆိုတော့ အယူဒိဋ္ဌိမှား ရှင်းကြပလား?၊သူများလိုအများအစားရှိတာမဟုတ်ဘူး၊ တယောက်ထဲမို့ ပခုံးပေါ် တင်ထားရတယ်နဲ့ ပြောကြဆိုကြ၊ ဒီအမှားသုံးချက်ကကို မလွှတ်နိုင်ကြဘူး။

ဒကာ ဒကာမတို့ ဝိပဿနာအလုပ်ကို မလုပ်ရင် ဒီအမှားသုံးချက်ကို မစွန့်နိုင်ကြဘူး၊ ဒီအမှားသုံးချက်နဲ့ဘဲနေ၊သေတော့ ဒီအမှားသုံးချက်က အပါယ် ဆွဲချခံရတော့တာဘဲ၊ ဒါ့ကြောင့် ဝိပဿနာလုပ်ငန်းနဲ့ ဒီအမှားလမ်းကို သိမ်းကြတော့၊ ပြင်ကြတော့ ဆင်ကြတော့ဆိုတာ တိုက်တွန်းသင့်လို့ တိုက်တွန်းနေတာဘဲလို့သိပြီး လေးလေးစားစားနဲ့ လိုက်နာသင့်တယ်။

ဒကာ ဒကာမတွေ ရိပ်မိကြပလား?၊ တိရစ္ဆာန် သေတုန်းကလဲ ဒီအမှားသုံးချက်ပါတယ်၊ ကျောင်းဒကာ သေတုန်းကလဲ ဒီအမှားသုံးချက်နဲ့ သေရတာဘဲ၊ သူတို့ချင်း ဘာခြားနားသေးသလဲ?၊ ဒကာ ဒကာမတို့ တိရစ္ဆာန်သေတော့လဲ အယူမှားပါ

တယ်၊ ကျောင်းဒကာ သေတော့လဲ အယူမှားပါတယ်ဆိုတော့ ဘာထူးသေးသလဲ၊ ဉာဏ်နားနဲ့ ထောင်ပြီး စဉ်းစားကြည့်ကြ။

ဒိဋ္ဌိမပြုတ်ဘဲ သေရရင် ဘာမှမခြားနားဘူး၊ တိရစ္ဆာန်ထက် ဘာမှ ထူးခြားမှု မရှိဘူးဆိုတာ မှတ်လိုက်ကြတော့၊ ပေါ်ကြပလား?၊ သတ္တာတွေဟာ ဒီ ဒိဋ္ဌိဝိပ္ပလ္လာသနဲ့ တသံသရာလုံးမှာ အရူးနဲ့အမှားမို့ အရူးမှားချည့်ပါဘဲ၊ သံသရာ လည်ခဲ့ရသမျှ မီးနဲ့မစင် မကွဲခဲ့ကြဘူး။ သံသရာမှာ နေခဲ့ရသမျှ မီးနဲ့ မစင်နဲ့ မကွဲဘဲနေပြီး မကွဲဘဲသေခဲ့ကြရတာချည့်ဘဲ၊ ရိပ်မိကြရဲ့လား?။

ဒါ ဘာ့ကြောင့်လဲဆိုတော့ အရူးမှား သမားတွေမို့ ဘဲတဲ့၊ ဒိဋ္ဌိကအရူး၊ ဝိပ္ပလ္လာသက အမှား၊ နှစ်ခုပေါင်းတော့ အရူးမှား၊ ဒကာတို့ဟတွေဟာ ရူးလဲရူးသေး၊ မှားလဲမှားပြီး သေကြရတယ် ဆိုတော့ အလွန်အသည်းနာစရာ ကောင်းပါတယ်၊ သဘော ပါကြပလား?၊ ကိုယ့်အကြောင်းကိုယ် ရိပ်မိဘို့ အချိန်တော် လောက်ကြပါပြီ။

ဒကာ ဒကာမတွေက အထင်နဲ့ပြောကြမယ်၊ "ခြော်-ဒီလူ ဟာဖြင့်လူကောင်းတယောက်ဘဲ၊ ရတနာသုံးပါး ဝေယျာဝစ္စနဲ့ မလွတ်ဘူး၊ ဘုရားဒကာလဲ ဟုတ်, ကျောင်းဒကာလဲ ဟုတ်ရှာ တယ်၊ သူသေရင် အပါယ်မကျပါဘူး"လို့ ထင်မြင်ယူဆပြီး ပြောဆိုတတ်ကြတယ်၊ အဲဒါ အမှန်မသိလို့သာ ပြောကြတာ ပါ၊ အမှားမလွတ်သမျှ အပါယ်ကျရမယ်ဆိုတာ သံသယ မရှိ ကြနဲ့တော့၊ သဘောပါကြပလား?။

အားလုံးကိုဘဲ မေးကြည့်ပါ၊ "ဒီသူငယ်ဟာ ခင်ဗျာ့ မေးစားသားလားလို့" ဘယ်သူက ဖြစ်ဖြစ် မွေးစားသား သား မေးရင် မကြိုက်ဘူး၊ "ကျုပ်တို့က ရွှေပေါ်မြတင်

ထားတာပါ၊ ကံလေးရှေမှာ ဒီစကားမျိုး မပြောပါနဲ့တဲ့”
အဲဒါမျိုးတွေဟာ မှားချက် အလွန်နာနေတာဘဲဆိုတာ မငြင်း
ကြနဲ့တော့၊ ရိပ်မိကြရဲ့လား?။

အဲဒီလိုနဲ့ တမျိုးလုံး, တဆွေလုံး, တမြို့လုံး, တပြည်ထောင်
လုံး, တကမ္ဘာလုံးဆိုသလို မှားချက်နာနေကြတယ်၊ အဲဒီလို
မှားချက်နာရတာ ဘာ့ကြောင့်လဲ ဆိုတော့ တကယ်ရှိကို မသိ
ကြလို့ဘဲဆိုတာ ဆုံးဖြတ်ချက် ချကြ။ အခေါ်သာရှိတာ သား
သမီး၊ သားသမီးဆိုတာက အခေါ်သာရှိတာပါ၊ အမှန်အရှိက
ခန္ဓာငါးပါးဘဲ၊ ခန္ဓာငါးပါးဘဲ ရှိတယ်လို့သိရင် အမှတ်မှန်
ရောက်ပြီ၊ အမှတ်မှား ပျောက်ပြီ။

ဒကာဒကာမတို့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေဘဲ
အမှန်ဟုတ်တယ်၊ ငါ-သူတပါး သားသမီး, ဇနီး ခင်ပွန်းဆိုတာ
တွေဟာ အမှန်ရှိ မဟုတ်ကြဘူး၊ ဆိုင်းဘုတ်တပ်ထားတဲ့ သမ္မုတိ
ပညတ်တွေဘဲလို့ အမှန်သိရင် အသိမှန်ဘဲ။ အသိမှန်ရတော့
အမှတ်မှန်လဲ ကျပြီ၊ နောက်က အသိမှားလဲ မလာတော့ဘူး၊
အယူမှားလဲ မရှိတော့လို့ အယူမှန်ရပြီဆိုတာ မှတ်ကြတော့
ရှင်းရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ တသံသရာလုံး အမှား
သုံးချက်နဲ့ အချိန်ကုန်ခဲ့ကြရတယ်။ အခုလဲ အသက်အရွယ်
ကြီးကြပြီ၊ ဒီအမှားတွေကို မပြင်ရင် တော်ပါ့မလား? မတော်
တော့ဘူး၊ အမြန်ဆုံး ပြင်ကြရလိမ့်မယ်၊ ဒါတွေကို မပြင်ရင်
ဆန်ကုန်ရုံဘဲ၊ ဆန်ကုန် မြေလေးတွေဘဲလို့သာ စွဲချက် တင်ကြ
ပေတော့၊ ကျေနပ်ပလား။

သားခန္ဓာ သမီးခန္ဓာမှာ လက်နဲ့စမ်းကြည့်၊ ပုရုပ်တွေ၊ အေးရုပ်တွေ၊ မာရုပ် ပြော့ရုပ်တွေ၊ ဒါတွေကိုဘဲ တွေ့ရမယ်၊ သိတတ်မှု စိတ်သဘောတွေ၊ ခံစားမှု ဝေဒနာသဘောတွေ၊ မှတ်သားမှု သညာသဘောတွေ၊ စေ့ဆော် တိုက်တွန်းမှု စေတနာ သင်္ခါရသဘောတွေ၊ ဒီသဘာဝ အစုတွေကိုဘဲ တွေ့မြင်ကြရမယ်၊ ရှင်းကြရဲ့လား?။

အမှန်စင်စစ်က သားဆိုပြီးတော့လဲ ခင်စရာ မရှိ၊ သမီးဆိုပြီးတော့လဲ ခင်စရာမရှိ၊ ရုပ်နာမ်၊ ပရမတ်၊ ဓာတ်အစုမျှဘဲရှိတယ်၊သမ္မုတိနယ်မှာ သား၊ သမီးဆိုတော့မိဘတို့ဝတ္တရားမပျက်ဆောင်ရွက်ရုံဘဲ ရှိတယ်လို့ သိရင် အမှန်ရောက်ပြီ၊ ရိပ်မိကြပလား?၊ ငါဆိုတာ မရှိ၊ ငါမရှိတော့ ငါ့သမီးလဲ မရှိ၊ ငါ့သား ဆိုတာလဲ မရှိဘူးလို့ သိရင် ယူရင် အယူမှန်ရောက်ပြီ၊ ရှင်းကြပလား?။

ဒီလိုအယူမှန်ရောက်ပြီး သေရင် ဒိဋ္ဌိပြုတ်ပြီး သေတာဘဲ၊ ဒိဋ္ဌိပြုတ်ပြီး သေတာဟာ သောတာပန် သေခြင်းဘဲဆိုတာ မှတ်လိုက်ကြ။ ဒကာ ဒကာမတွေ အားတက်ဘို့ မကောင်းဘူးလား။ ဒီအယူမှန်လေး တလုံးရလိုက်တာ ဘယ်လောက် ကျေးဇူးများသွားသလဲ?၊ သောတာပန် သေခြင်းနဲ့ သေရင် အပါယ် စိတ်ချရပြီ၊ သုဂတိ နတ်ရွာ သေချာတယ်၊ ကျေနပ်ပလား?။

ဒကာ ဒကာမတို့ ကိုယ်တိုင်းလက်ရှိရနေတဲ့ အခွင့်အရေးဟာ နည်းတဲ့ အခွင့်အရေး မဟုတ်ပါဘူး၊ လွယ်ကူတဲ့ အခွင့်အရေးမျိုးလဲ မဟုတ်ပါဘူး၊ အင်မတန် ကံကြီးလို့ ရလာတဲ့ အခွင့်အရေးမို့ အရယူလိုက်ကြပါ။

ဒကာ ဒကာမတွေ ရှေးတုန်းက နေခဲ့ ထိုင်ခဲ့ကြတာဟာ အမှန်ပြင်ပေးတဲ့ ဆရာသမားလဲ မရှိ၊ ဆရာသမား ရှိပြန်တော့ ထောင်နိုင်တဲ့ နားကလဲ မရှိ၊ အဲဒီလိုနဲ့ တသံသရာလုံး သေခြင်းဆိုးနဲ့ချည့် သေခဲ့ရ၊ သေခြင်းဆိုးနဲ့ သေမင်းဆီမှာ ခန္ဓာနဲ့ ထိုးအပ်ခဲ့ရ။ သေမင်းနိုင်ငံ မလွန်ဆန်နိုင်ကြဘူး၊ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ အမှားသုံးချက်နဲ့ အသက်ထွက်ခဲ့ရလို့ ဘဲဆိုတာ ဆုံးဖြတ်ချက်ချ။ ရိပ်မိကြပလား?

"သမင်မွေးရင်း ကျားစားရင်း၊ ကြက်မ မွေးရင်း ကြောင်စားရင်းဆိုတာလို ဒကာ ဒကာမတို့မှာလဲ သံသရာမှာ နေခဲ့ရတာဟာ ခန္ဓာဖြစ်ရင်း သေမင်း စားရင်းဘဲ၊ ကျေနပ်ပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အယူမှားကို မပြင်နိုင်သမျှ ဒကာတို့အနေဟာ အလဟဿ အချည်းအနှီး အချိန်မစီးတဲ့ နေခြင်းဘဲ။ တိုက်နဲ့ တာနဲ့ မော်တော်ကား တစီစီနဲ့ မော်ကြ ကြွားကြ၊ ဝတ်ကောင်းစားလှနဲ့ ဝတ်ဆင်နေထိုင်ကြ၊ အစားကောင်း, အသောက်ကောင်းတွေနဲ့ ကျကျနန နေထိုင်ကြပေမယ့်လဲ အလကားချည့်ဘဲ၊ အယူမှား မပယ်ရသေးရင် သေတဲ့အခါ သေမင်း ခေါင်းစင်းအပ်ရတာနဲ့ နောက် အပါယ်သွားရမှာဘဲ ရှိတယ်၊ သဘောကျပလား?။

အမှတ်မှား, အသိမှား, အယူမှားဆိုတဲ့ ဒိဝိပ္ပလ္လာသ သုံးချက် မလွတ်သမျှ သေမင်း ခေါင်းစင်းရမှာရယ်၊ အပါယ်သွားရမှာရယ် မုချမလွတ်ရဲတော့ဘူး၊ ဝိပ္ပလ္လာသ သုံးချက်က လွတ်ရင် သေမင်း ခေါင်းစင်းရမှုနဲ့ အပါယ်ကျမှုက လွတ်တယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာ ဒကာမတွေ သဘောပါကြပလား?၊ အရပ်နားနဲ့ မထောင်ပါနဲ့၊ ပညာနားနဲ့ထောင်ပြီး ရအောင်ယူကြပါ၊ အရပ်နားဆိုရင် ရဲဘို့မရှိနိုင်ဘူး။အရပ်ထဲမှာပြောကြဆိုကြ၊ "ဒီဟာက သူ့အမေ ဒီဟာက သွီးနဲ့ပြောတတ်ကြတယ်၊ကြားဖောက်ပြီး သွီးက အရင်းလား?" လို့မေးတော့ "ဒီလူ-လူကဲမခတ်တတ်ဘူး၊ တယ်, ထူတဲ့ အ,တဲ့ လူဘဲ" လို့ အဆိုအပြော ခံရတယ်၊ အဲဒါ အမှတ်မှားရဲ့ လက်ချက်ကြောင့်ဘဲ၊ "တကယ် သွီးလား" လို့ မေးတာနဲ့ စိတ်ဆိုးကြတယ်၊ အဲဒီဟာ အမှတ်မှား အလွန်ကြီး လွန်းလို့ဘဲ၊ ရှင်းကြပလား?။

"သားနဲ့ အဘ ခင်ခင်မင်မင် ရှိကြရဲ့လား? ကိုယ့်သား သွီးလေးတွေ ကြင်ကြင်နာနာ ရှိကြရဲ့လား?" အဲဒီလို မေးမိရင် "အို-လူဘဲ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဘဲပေါ့၊မချစ်မခင်သူဆိုရင် တိရစ္ဆာန်စိတ်ပေါက်လို့ နေမှာပေါ့၊ တိရစ္ဆာန်စိတ်ပေါက်လို့လား" တဲ့၊ မေးတဲ့သူ အပြောခံရမယ်၊ ရိပ်မိကြပလား?၊ သွီး, ဧာယောင်ချောက်ချား ဖြစ်ရင် ကျုပ်ရှုံးမယ် သေမယ်တဲ့၊ မှားချက် ဘယ်လောက် ပြင်းတယ်ဆိုတာ စဉ်းစားကြ။

ဒီလို မှားချက်ဏာ ပြင်းလွန်းတော့ သေခါနီးကျရင် သူဏာ အရင်လာတယ်၊ သေခါနီးရင် အယူမှားက အရင်လာတယ် ဆိုတာ မှတ်ကြ၊ ဒါနကံတွေ, သီလကံတွေ, ဘာဝနာကံတွေ ဆိုတာက နောက်မှလာတယ်၊ သူတို့က အားနဲနေတော့ မလာနိုင်ဘူး၊ အားကြီးတဲ့ကံက အရင်လာတယ်၊ လာပြီး အာသန္နကံဖြစ် သူက အရင် အကျိုးပေးချလိုက်တော့တာဘဲ၊ ရိပ်မိ ပလား?။

အယူမှားက အရင်အကျိုးပေးချလိုက်တော့ စုတိပြီး မှားတဲ့ အရှုးအဖြစ်နဲ့ သေသွားရရှာတယ်၊ နောက် ဘယ်သွားသတုန်း? လို့ မမေးနဲ့တော့၊ ဝိနိပါတိက ဘေးသင့်ပြီး အပါယ်ကျဘို့ ဘဲရှိတယ် ဆိုတာ ယုံမှား မရှိကြနဲ့တော့၊ ဒကာ ဒကာမတွေ သဘောပါကြပါသလား?။

ဒကာတို့ တတွေက လေချိုသွေးတတ်ကြတယ်၊ "နင်တို့ အတွက်နဲ့ ငါအပါယ်ကျရလိမ့်မယ်"နဲ့ လေချိုသွေးတတ်ကြ တာရှိတယ်၊ သားသမီးတွေ ပြောမရ ဆိုမရဆုံးမလို့ နားမထောင် ပလားဆိုရင် မာန်မဲ ဆဲဆို အော်ငေါက်ပြီး လေချိုသွေးလေ့ ရှိကြတယ်၊ အခု ဒကာ ဒကာမတွေထဲမှာကော လေချိုသွေးဘူး တဲ့သူ ပါကြသလား?၊ လေချိုမသွေးနဲ့၊ သေချာတယ်လို့သာ မှတ်ပေတော့။

ဒကာ ဒကာမတွေဟာ လောကုတ် မချော်ကောင်းတာမှာ လောကုတ်ချော်နေကြတယ်၊ "တူကလေးအရင်းလို၊ တူမလေး အရင်းလို သဘောထားရမယ်"နဲ့ လောကုတ် ချော်ကြတယ်။ "အစ်ကိုတန်ရင် အကို၊ နှစ်မတန်ရင် နှစ်မလို့ခေါ်ရပြောရမယ်၊ ဒါမှ နောက်·တဖြေးဖြေး ခင်မင်လာမှာပေါ့"လို့ ဆိုပြီး လော ကုတ် ချော်နေကြတယ်။ အဲဒီလို လောကုတ် ချော်နေတာ အပါယ်သွား ဖြောင့်ချင်လို့ဘဲဆိုတာ မှတ်ကြ။

နောက်ကို လောကုတ်လဲ မချော်ကြပါနဲ့တော့၊ အခေါ် ရှိနဲ့ တကယ်ရှိကိုလဲ ကွဲပြားအောင် ကြိုးစားကြ။ အမှန်ရှိက ရုပ်ရှိ, နာမ်ရှိ, ခန္ဓာငါးပါးဘဲ ရှိတာပါ၊ အခေါ်ရှိနဲ့ အမှန်ရှိ ကွဲပြားရင် အမှန်သုံးချက်ရမယ်၊ အမှန်သုံးချက်ရရင် အပါယ် သွားလွတ်မယ်၊ အဲဒီတော့–

“စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော၊”

အပါယ်လေးပါးက လွတ်ပြီဆိုတာ သက္ကာယဒိဋ္ဌိကို ပယ်မှ လွတ်မှာ၊ ဒီ သုံးချက်ထဲက အယူမှားကို စပြီး ပယ်ရမယ်။ ဒါကို မပယ်ရင် သောတာပန် မတည်နိုင်ဘူး၊ ဒကာ ဒကာမတွေ သဘောပါကြရဲ့လား?။

ခန္ဓာငါးပါး အရှိသာ လိုရင်းစွဲဆိုတာ မှတ်ကြပါ၊ မရှိတာကို မရှိတဲ့အတိုင်း သိထားကြရမယ်၊ ဒါမှ အမှားတွေက လွတ်နိုင်မယ်၊ သမီးဆိုတာ တကယ်ရှိ မဟုတ်ဘူး။ သမီးဆိုတာ “မိန်းကလေး မွေးခဲ့ရင် သမီးလို့ သမုတ်ကြစို့ရဲ့”ဆိုပြီး ကမ္ဘာဦး ကာလက သမုတ်လာခဲ့ကြလို့ဘဲ၊ သားဆိုလဲ ထို့အတူ သမုတ် ထားတာဘဲရှိတယ်၊ ရှင်းပလား။

တကယ်ဆိုတော့ သားဆိုတာမရှိ၊ သမီးဆိုတာလဲမရှိ၊ သမုတ် ထားတဲ့ အခေါ်ဘဲ ရှိတယ်။ အမှန်ရှိတာက ရုပ်နာမ်, ခန္ဓာ ငါးပါးဘဲ၊ ဒီ့အပြင် ဘာမှ အပိုမစွက်ဘူးဆိုတာ သိကြရမယ်။ သိရင်အမှားသုံးချက်ဟာ အမှန်ရောက်မယ်၊ ဒီအမှားသုံးချက် ကို မလိုက်ရင် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်ရင် အပါယ်လေးပါးက လွတ်ပြီလို့သာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ “သားကလေးလို့” ဆိုတော့ အမှတ် မှားဘဲ၊ “သားကလေးမို့ ခင်မှဘဲ” ဆိုတော့ အသိမှားဘဲ၊ “အကြောင်းရှိတော့ သူ့ကိုဘဲ အားကိုးရမှာ”ဆိုတော့ အယူ မှားဘဲ၊ အယူမှားက ပြုံးပြီးမှားတာ၊ စောစောတုန်းကတော့ ပြုံးပြီးမှားနေကြတာဘဲ၊ အဲဒါ သာမညမမှတ်လိုက်နဲ့ စောစော ပြုံးတာဟာ သေခါနီးမှာ မဲ့ဘို့ဘဲ ပြုံးနေတာဟာ ရှူးတာဘဲ၊

မသိတာက ဒိဋ္ဌိ၊ ပြုံးနေရင် မသိတဲ့ ဒိဋ္ဌိရှုံးပြုံးဘဲဆိုတာ မှတ်ပေတော့။

ဒကာ ဒကာမတို့ "မကောင်းအစဉ်၊ ပြင်ခဏ"တဲ့၊ ပြင်ကြပါတော့၊ မကောင်းတာတွေ အစဉ်ဖြစ်နေရင် ဒုက္ခရောက်ဘို့ အပြင် မရှိတော့ဘူး၊ ရိပ်မိကြရဲ့လား?။

သား-သမီးဆိုတာ အခေါ်သာရှိတာပါ၊ တကယ်မရှိပါဘူး၊ တကယ်မရှိတာမို့ ခင်စရာမရှိဘူး၊ အားကိုးဘို့လဲ မဟုတ်ပါဘူး။ အဲဒီလို အမှန်အကန် သိမြင်ကြရမယ်၊ အဲဒီလို သိမြင်ရင် သုံးချက်မှန်ပြီ၊ သုံးချက်မှန်ရင် အပါယ်စိတ်ချရပြီ။

ကိုယ့်ကိုယ်ကို ဟုတ် မဟုတ် ဉာဏ်နဲ့ ကြည့်ပေးကြ၊ ကိုယ့်ကိုယ်မှာ ဉာဏ်နဲ့ကြည့်တော့ ယောကျ်ားဆိုတာ မရှိ၊ ယောကျ်ားဘဲဆိုပြီး သမ္မုတိမို့ သမုတ်ထားတာဘဲ ရှိတယ်ဆိုတာ ကေနိသိရမယ်။ ကိုယ့်ခန္ဓာမှာ ဉာဏ်နဲ့ကြည့်တော့ ရုပ်နာမ်ခန္ဓာငါးပါးဘဲ ရှိတာကို သိရမယ်၊ ငါမဟုတ်, သူမဟုတ်, ခန္ဓာငါးပါးဘဲဆိုတာ သိရလို့ ခင်စရာမင်စရာ မရှိဘူးဆိုတာ ဆုံးဖြတ်နိုင်မယ်။

နောက်ပြီး ဉာဏ်နဲ့ ကြည့်တော့ ဖြစ်ပြီး ပျက်, ဖြစ်ပြီး ပျက်နဲ့ ဖြစ်ဖြစ်ပြီး ပျက်စီးနေတဲ့ အမှန်သဘာဝကို အတပ်ကေနိသိမယ်၊ အဲဒီအခါမှာ ဩော-ဒီခန္ဓာဟာ ဖရိုဖရဲ ပြိုကွဲ ပျက်စီးနေတာမို့ အားကိုးစရာ ဘာတခုမျှမရှိပါကလားလို့ ဆုံးဖြတ်ချက်ချနိုင်မယ်ဆိုတာ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့ ဒါ့ကြောင့်ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ရမယ်၊ ဉာဏ်နဲ့ ကြည့်မှ သာ အမှန်ရောက်မယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား?၊ ကိုင်း, ဒါဖြင့် ဉာဏ်နဲ့ ခန္ဓာမှာ ကြည့်ပေးကြရမယ်

ကြည့်တဲ့အခါတော့ အများမလိုဘူး၊ ဝါးပါးလုံးကြည့်ဘို့ မလို ဘူး၊ ခန္ဓာတပါးပါး ရှုဘို့အရေးကြီးတယ်၊ တပါးထဲကို ရှုကြ၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့ ခန္ဓာမှာ ဉာဏ်နဲ့မရှုရင် အယူမှားက မပြုတ်ဘူးဆိုတာ မှတ်လိုက်ကြ၊ ဒီတော့ မရှုရင် မဖြစ်တော့ဘူး၊ ရှုမှဖြစ်တော့မှာဘဲလို့ ဆုံးဖြတ်ချက်ချပြီး ရှုကြရမယ်၊ ရှုတဲ့အခါ မှာ ခန္ဓာထဲမှာ ဉာဏ်နဲ့ကြည့်၊ ရုပ်ကလေးတွေပေါ်ရင် ရုပ်ကိုရှု၊ ဝေဒနာပေါ်ရင် ဝေဒနာ ရှု၊ စိတ်ပေါ်ရင် စိတ်ကို ရှု၊ မိမိ ဉာဏ်သက်ရာ ပေါ်ရာတခုကိုသာ စွဲမြဲပြီးရှုပေး၊ ရှုတဲ့အခါတော့ ပဌမ ရှုစမှာ ရုပ်ကို မြင်မယ်၊ ဝေဒနာကို စိတ်ကို မြင်မယ်။

ဝိပဿနာဆိုတာ အမှန်တကယ် ရှုရမှာက ရုပ်အနိစ္စ, ရုပ်ဖြစ်ပျက်၊ နာမ်အနိစ္စ, နာမ်ဖြစ်ပျက်၊ ဒီ ဖြစ်ပျက်ကိုသာ ရှုရမှာ၊ အဲဒီတော့ ပဌမရှုစမှာ ရုပ်ရှုရင် ရုပ်ကလေးပေါ်လာ တာကို သိအောင် ကြိုးစားပါ၊ ဝေဒနာရှုရင်လဲ ဝေဒနာ ကလေး တခုခု ပေါ်လာတာကို သိအောင် ကြိုးစားရမယ်။

အဲဒီလိုနဲ့ ဝေဒနာရှုတယ်ဆိုပါစို့၊ ဝေဒနာကလေးတခု ပေါ်လာတာ ဉာဏ်က သိလိုက်ရမယ်၊ သိလိုက်ပြီးတော့ ဝေဒနာ ကလေးကိုးလို့ သိပြီးတာနဲ့ ပေါ်လာတဲ့ ဝေဒနာကလေးဟာ ဉာဏ်အောက်မှာဘဲ ပျောက်သွားတာကို တွေ့ရတယ်၊ ဝေဒနာ ကလေး မရှိတော့ဘူးဆိုတဲ့ အဖြစ်ကို တွေ့ရ မြင်ရမယ်၊ ရှင်းပလား?။

အဲဒီနည်းအတိုင်း ခန္ဓာမှာ ကောင်းတဲ့ ခံစားမှု သုခ ဝေဒနာ၊ မကောင်းတဲ့ ခံစားမှု ဒုက္ခဝေဒနာ၊ အသင့်အတင့်

ခံစားမှု ဥပေက္ခာဝေဒနာ၊ အဲဒီသုံးမျိုး လှည့်ပြီးပေါ်မှာဘဲ၊ တမျိုးမဟုတ် တမျိုး ဆိုသလို အမြဲပေါ်နေမယ်၊ အဲဒီ ပေါ်တဲ့ ဝေဒနာကို ပေါ်ပြီးတာနဲ့ တပြိုင်နက် ပျက် ပျက်သွားတာကို ဉာဏ်နဲ့ မိအောင် ကြည့်ပေးကြ။

အဲဒီလို ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း မလွတ်အောင် ဖြစ်ပျက် ရှုပေးကြရမယ်၊ အဲဒီလို ရှုတာဟာ မဂ္ဂင်ငါးပါးနဲ့ ရှုနေတာဘဲ၊ ဒကာ ဒကာမတို့ အဲဒီနေရာမှာ ဝေဒနာဏ, ဝေဒနာ၊ ခန္ဓာဆိုတာက အစုအပုံဘဲ၊ ခန္ဓာတခုလုံး ကြည့်တော့ ဝေဒနာအစု ဝေဒနာအပုံဘဲ ရှိတယ်ဆိုတာ သိရမယ်။ ဒီသဘောအတိုင်း ခန္ဓာမှာ ရုပ်အစု၊ သင်္ခါရအစု၊ သညာအစု၊ ဝိညာဏ်အစု၊ ဒီ ငါးမျိုးဘဲ ရှိတာကို သိရ မြင်ရမယ်၊ သဘော ပါပလား?။

အဲဒီ ရှိတဲ့အစုတခုခုမှာ ဉာဏ်နဲ့ကြည့်လိုက်တော့ ဖြစ်ပြီး ပျက်သွား၊ ဖြစ်ပြီး ပျက်သွားနဲ့ ဖြစ်ပျက် အနိစ္စကိုသာ တွေ့မြင်ရတော့တယ်။ ဒကာ ဒကာမတို့ အဲဒီလို အမြင်မှန်ကို ရတော့မှ ဖြစ်ပြီး ပျက်နေတာမို့ သားမဟုတ်, သမီးမဟုတ်၊ နာမ်ရုပ်ဒုက္ခအစုဘဲ ဆိုပြီး မလိုချင်တော့ဘူး၊ မခင်မင်တော့ဘူး၊ ဖြစ်ပြီး ပျက်နေတာမို့ ကိုးစားဘို့ အားထားဘို့လဲ မရှိတော့ဘူး ဆိုပြီး အယူမှားဆိုတဲ့ ဒိဋ္ဌိပြုတ်သွားတယ်၊ ကျေနပ်ပလား?။

ဒကာဒကာမတို့ အဲဒီလို ဒိဋ္ဌိပြုတ်ပြီး သေရင်, သောတာပန် သေခြင်းဖြစ်လို့ အပါယ်မလားတော့ဘူးလို့သာ ဆုံးဖြတ်ချက် ချကြ၊ ကိုင်း၊ ကျေနပ်ကြရဲ့လား?၊ အဲဒီအခါမှာ–

ဖြစ်ပျက်တွေ့ရှာ .... ဒုက္ခသစ္စာ။
ရှုတဲ့ဉာဏ်ကာ .... မဂ္ဂသစ္စာ။
ဝိပ္ပလ္လာသသုံးခုပြုတ်တာက .... သမုဒယ,သေတာ။
အပါယ်သံသရာလွတ်တာက-ပဌမနိဗ္ဗာန်နိရောဓပေါ်တာဘဲ၊

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီလိုဆိုတော့ ကြိုးစားဘို့ မသင့်သေးဘူးလား?၊ ကိုင်း, သင့်တာကို သိရရင် အမြန်ဆုံးသာ ကြိုးစားကြပါတော့လို့ အထူးတလည် တိုက်တွန်းလိုက်တယ်။

ကိုင်း—ယနေ့ နာရီစေ့ပြီ၊ နက်ဖြန်မှ ဆက်ကြစို့။

●

# ဓမ္မရတနာ မာတိကာ

## "အကာလိကနယ်၊ ဒုက္ခကျယ် တရားတော်"

---

**ဆောင်ပုဒ်**

ခန္ဓာပေါ်ကြ၊ သဘာဝ၊ ဒိဋ္ဌ မျက်မှောက်သာ။
အကြောင်းတိုက်လျှင်၊ အကျိုးထင်၊ ဉာဏ်မြင်ကိုယ်တွေ့မှာ။
ခန္ဓာဝါးဝ၊ ရုပ်နာမ်မျှ၊ ဖြစ်က ပျက်မည်သာ။
နာမ်ရုပ်ဆက်ဆက်၊ ဖြစ်ကာပျက်၊ ဉာဏ်ချက်မိစေရာ။
ပဿိတဗ္ဗော၊ သာမန် ဖော်၊ လောလောဉာဏ်ရှုစာ။
ကိစ္စပေါ်က၊ အကာလိက၊ ဉာဏ် သတိပါ။
ကိစ္စပေါ်တိုင်း၊ ဉာဏ်ဖြင့်ပိုင်း၊ မဆိုင်း ရှုကြည့်ရာ။
ကိစ္စကုန်ပျောက်၊ ကိုယ့်မျက်မှောက်၊ ဉာဏ်ရောက်
နိဗ္ဗုတာ။ ။

**သတိချပ်**

အာရုံဝါးဝ၊ အကာလိက၊ ကြီးစွ ဖြစ်ဘေးသင့်။
မင်္ဂလမ်းဖိုလ်လမ်း၊ ပိတ်ကာလွှမ်း၊ အစွမ်းထက်လှမင့်။
နှိပ်စက်ခံရ၊ အပါယ်ကျ၊ ဒုက္ခကဲဆင့်ဆင့်။
ရှင်တော်ကဿပ၊ လက်ထက်က၊ ပေယျ အမည်ဖြင့်။
တရားတော်နာ၊ ကျွတ်လုခါ၊ ခေါ်လှာ အိမ်ပြန်လင့်။
နှစ်ဆူဘုရား၊ ကာလကြား၊ များပြား သေပန်းပွင့်။
ကာလိကဖြုန်း၊ ရှုံးကြီးရှုံး၊ ကြီးဆုံး ဘေးဒဏ်သင့်။
သန္နိဋ္ဌိကော၊ ဉာဏ်စောကြော၊ ဆော့ဆောလိုက်မှသင့်။ ၆

**တရားသား။** ။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီကနေ့ တရားမှာ မနေ့ကပြောခဲ့တဲ့တရားအဆက်ကို ထည့်ပြီး ပြောရလိမ့်မယ်ဆိုတာ မှတ်ကြရမယ်။ မနေ့က တရားမှာ အခေါ်ရှိနဲ့ တကယ်ရှိ နှစ်မျိုး၊ အခေါ်ရှိကို လိုက်စားရင် ဒုက္ခများမယ်၊ တကယ်ရှိကိုလိုက်စားမှသာ ချမ်းသာရမယ်ဆိုတဲ့ အကြောင်းကို ပြောခဲ့ပြီ။

ဒီကနေ့ တရားမှာ ဒီဟာနဲ့ သက်ဆိုင်တဲ့ ဝတ္ထုတိုကလေးကို ထုတ်ပြီး ပြောရမယ်။ လေးလေးစားစားနဲ့ မှတ်သား နာယူကြပါ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရာဇဂြိုဟ်ပြည် တပေါဒါရုံ ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတဲ့အခါ ဖြစ်တယ်၊ အဲဒီအချိန်မှာ ရှင်သမိဒ္ဓိ ဆိုတဲ့ ရဟန်းငယ်ကလေး တပါးဟာလဲ အဲဒီ ကျောင်းမှာ နေထိုင်လျက် ရှိပါတယ်။

အဲဒီလိုနေတုန်း တနေ့သဥ္စမှာတော့ ဒီ ရှင်သမိဒ္ဓိ ဆိုတဲ့ ရဟန်းငယ်ကလေးဟာ မြစ်ဆိပ်ကို စောစောစီးစီး ဆင်းပြီး ရေချိုးခြင်း, ကိုယ်လက်သန့်ရှင်းခြင်း အမှုကို ပြုလုပ်ပါတယ်။

အဲဒီအချိန်အခါမှာ အနီးအနားမှာ ရှိနေတဲ့ နတ်သမီးတဦးက မြင်ရတော့ ရှင်သမိဒ္ဓိ ရဟန်းကလေးရဲ့ အနားကို လာရောက်ပြီး မေးမြန်းပြောဆိုတယ်၊ စုံစမ်းမေးမြန်းခြင်းကို ပြုတယ်ဆိုတာ မှတ်ကြရမယ်။ နတ်သမီးက ရှင်သမိဒ္ဓိရေချိုးတဲ့ နေရာနားမှာ လာပြီးတော့-

"အရှင်ဘုရား၊ အရှင်ဘုရားဟာ ကိုယ်နေ အင်္ဂါကလဲ တင့်တယ်ပြေပြစ်ပါတယ်၊ အရွယ်တော်ကလဲ အင်မတန်မှ နုနယ်

ပျို့မြစ်နေပါသေးတယ်။ ဒါ့ကြောင့် ခုလို အချိန်မျိုးမှာ ကာမဂုဏ် အာရုံကို ခံစားပြီး နေသင့်ပါတယ်။ ဘာ့ကြောင့် မနေပါသလဲ?၊ ကာမဂုဏ်ကို ခံစားပြီးမှ ရဟန်းတရားကို အားထုတ်ပါတော့လား?၊ ကာမဂုဏ်ကာလကို မလွန်ပါစေလင့်ဘုရား၊”

နတ်သ္မီးက အဲဒီလို ပြောဆိုလိုက်တော့ ရှင်သမိဒ္ဓိ ရဟန်းက “အို-နတ်သ္မီး၊ ငါဟာ ကာလကို ကေန်ဧာ မသိနိုင်ဘူး၊ ဒါကြောင့် ကာမဂုဏ် အာရုံကို မလိုက်စားဘဲ ရဟန်းတရားကို ကျင့်ကြံအားထုတ်နေခြင်း ဖြစ်တယ်၊ ဒါကြောင့် ငါ့ကို ကာလက မလွန်နိုင်ပေဘူး။”

အဲဒီလို ပြန်လည်ဖြေကြားလိုက်ပါတယ်–တဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှင်သမိဒ္ဓိက နတ်သ္မီးကို ပြန်ဖြေတဲ့ နေရာမှာ သူဟာ ကာလကို အတပ်ကေန် မသိနိုင်လို့ ကာလကို မလွန်စေအောင် ကြိုးစားနေပါတယ် ဆိုတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။

နတ်သ္မီးရဲ့ အထင်က ရှင်သမိဒ္ဓိဟာ နောက်မှ ခံစားရမယ့် ကာလကို လုပ်နေတယ်၊ အခု ဖြစ်တဲ့ ကာလကို လွန်စေတယ်လို့ အဲဒီလို သူက အထင်ရှိနေတယ်ဆိုတာ မှတ်ကြရမယ်၊ သဘောပါကြရဲ့လား?။

ရှင်သမိဒ္ဓိက ငါဟာ သန္ဒိဋ္ဌိကနဲ့ ကာလိက နှစ်မျိုးရှိတဲ့ အနက်က၊ ကာလိကကို ကြောက်တယ်၊ ကာလိကကိုကြောက်လို့ သန္ဒိဋ္ဌိကနဲ့ နေတယ်၊ သန္ဒိဋ္ဌိကကို ကြိုးစားနေတယ်လို့ ဖြေလိုက်တဲ့ အဓိပ္ပါယ်ဘဲဆိုတာ မှတ်ကြရမယ်၊ ဒကာ ဒကာမတွေ မရှင်းလင်းဘဲ ဖြစ်မှာစိုးလို့ ကာလိကဆိုတာဟာ အာရုံငါးပါး ကာမဂုဏ်တရားကို ဆိုတာဘဲလို့ မှတ်ကြရမယ်၊ ရှင်းပလား?။

ရှင်သမိဒ္ဓိက ဒီကာမဂုဏ် အာရုံတွေကို ရှုံလို့ မုန်းလို့ သန္ဒိဋ္ဌိကကို လိုက်စားနေတယ်လို့ အဖြေပေးလိုက်တာဘဲ၊ ရိပ်မိကြပလား?။

အဓိပ္ပါယ်ကတော့ ဒကာ ဒကာမတို့ နတ်သမီးရဲ့ စိတ်ထဲမှာ သူထင်တာက ရှင်သမိဒ္ဓိဟာ ပဌမ အရွယ် ငယ်တုန်းကာလမှာ ကာမဂုဏ်ကို ခံစားသင့်တယ်၊ ဒီပုဂ္ဂိုလ်ဟာ နောက်မှ ရမယ့် နတ်တို့အာရုံ ကာမဂုဏ် ငဲ့ကွက်ပြီး အခုလက်ငင်းရမယ့် လူတို့ ကာမဂုဏ်ကိုစွန့်ကာ ရဟန်းပြုနေတာဘဲလို့ အထင်ရှိတဲ့အတွက် ဒီလို မေးမြန်းခြင်း ဖြစ်တယ်ဆိုတာ မှတ်ကြရမယ်။

အဲဒီလို မေးတဲ့အခါမှာ ရှင်သမိဒ္ဓိကလဲ သူဟာ သန္ဒိဋ္ဌိက ဆိုတဲ့ မျက်မှောက်ရတဲ့ အကျိုးကိုလဲ မပယ်ဘူးတဲ့၊ အလွန်ဘဲ ခင်တွယ်ပါတယ်တဲ့။ လူမိုက်တွေ ကြိုက်တဲ့ အခိုက်အတန့်သာ ရနိုင်တဲ့ ကာလိက အကျိုးကိုလဲ မတွယ်တာဘူးတဲ့၊ ဒါကြောင့် ခေတ္တကျိုးဖြစ်တဲ့ ကာလိကကို ပယ်ခွါပြီး မျက်မှောက် အကျိုး ရှိတဲ့ သန္ဒိဋ္ဌိကကိုသာ လွန်စွာတွယ်တာလို့ ရဟန်းကျင့်ပြီး နေခြင်း ဖြစ်တယ်လို့ ဆိုလိုတယ်။

ရှင်သမိဒ္ဓိ ရဟန်းကလေးက နတ်သမီးကို ဆက်လက်ပြီး ပြောပြန်ပါတယ်၊ "အို နတ်သမီး၊ ကာလိကဆိုတာဟာ ငါးပါး အာရုံ ကာမဂုဏ်ကိုပင် ဟောကြား ထားပါလျက် ဘယ်အတွက် ငါနှစ်သက်နိုင်ပါမလဲ?၊ ဒုက္ခတွေများပြီး သံသရာ ရှည်လျား တော့မှာပေါ့။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သန္ဒိဋ္ဌိကော" လို့ ဟောထားတာ အရှိသားဘဲ။

အဲဒီလို ပြောလိုက်တော့ နတ်သမီးက "ကာလိက"ကို ပြောပါအုံး၊ ကာလိကဆိုတာ ဘာကို ဆိုပါသတုန်းတဲ့၊ ဘုန်းကြီးတို့

ဒကာ ဒကာမတွေ ကာလိက,က အပြစ်လဲ ကြီးတယ်၊ ဒုက္ခလဲ များတယ်လို့ ပြောလိုက်တော့ နတ်သ္မီးက, ကာလိကဆိုတာကို ပြောပြပါအုံးဆိုပြီး မေးပြန်ပါတယ်။ အဲဒီအခါမှာ ရှင်သမိဒ္ဓိက "ငါ့ကို မမေးပါနှင့်၊ ငါက ဝါနုသေးတယ်၊ ကာလိကကို သိချင်လျှင် ဘုရားရှင်ထံ သွားပြီး မေးလျှောက်ပါ၊"

အဲဒီလို ပြန်ပြောလိုက်တော့ နတ်သ္မီးက "အရှင်ဘုရား၊ တပည့်တော်မမှာ တန်ခိုးနုံတဲ့သူ သာမညနတ်သာဖြစ်လို့ ဘုရားရှင်ထံ မသွားရောက်ပါ၊ တန်ခိုးကြီး နတ်တွေကြောင့် ဘုရားရှင်ရှေ့မှောက်ကို မကပ်ရောက်နိုင်ပါ၊ ဒါကြောင့် အရှင်ဘုရားက လျှောက်ထားပေးပါဘုရား၊ တပည့်တော်မ အရှင်ဘုရား နောက်တော်က လိုက်ပါခဲ့ပါမယ် ဘုရား"လို့ တောင်းပန် လျှောက်ထားလိုက်ပြန်ပါတယ်၊ ဒကာ ဒကာမတွေ သူက ကာလိက ဆိုတာ သိချင်ပါတယ်တဲ့၊ အရှင်ဘုရား ဖြေတဲ့ စကားအကျဉ်းနဲ့ သူ နားမရှင်းဘူးတဲ့၊ ဒါ့ကြောင့် ဘုရားထံမှာ ကာလိကနဲ့ သန္ဒိဋ္ဌိကကို ရှင်းလင်း ဟောပြပါရန် လျှောက်ထားပေးပါလို့ တောင်းပန်လိုက်တယ်ဆိုတာ ရိပ်မိကြပြီ။

ဒကာ ဒကာမတို့ အဲဒီလိုနဲ့ နေ့လည်ပိုင်းလောက်ကျတော့ ရှင်သမိဒ္ဓိက မနက်အချိန်က ဖြစ်ပျက်ခဲ့တဲ့အကြောင်း နတ်သ္မီးနဲ့ ပြောဆိုမေးမြန်းကြပုံ အကြောင်း၊ နတ်သ္မီးက အရှင်မြတ်ထံမှာ လျှောက်ထားပေးဘို့ တောင်းပန် လိုက်တဲ့ အကြောင်း အဲဒီ အကြောင်းစုံကို ဘုရားရှင်ထံမှာ လျှောက်ထားလိုက်ပါတယ်။

အဲဒီအချိန်မှာ နတ်သ္မီးဟာလဲ အနီးအနားမှာ ရောက်ရှိနေတဲ့ အခိုက်အတန့် ဖြစ်နေလေတော့ နတ်သ္မီးက ရှင်သမိဒ္ဓိကို ထပ်မံပြီး

တိုက်တွန်းပြန်တယ်၊ "အရှင်ဘုရား၊တပည့်တော်မ အခု ဒီအနားမှာ ရောက်ရှိနေပါပြီ ဘုရား၊ လျှောက်သာ လျှောက်ပါဘုရား" ဆိုပြီး တိုက်တွန်းပြောဆိုနေပြန်တယ်။ အဲဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သူတို့နှစ်ဦးနဲ့ တကွ ရောက်ရှိလာတဲ့ပရိသတ်ကိုပါ ဆက်လက်ပြီး ဟောကြား ပြသတော်မူပါတယ်၊ ဏာလိကနဲ့ သန္ဒိဋ္ဌိက အဓိပ္ပါယ်ကို ရှင်းပြီး ဟောကြားတော်မူတယ်၊ အခု ဒကာဒကာမတွေကို သဘောပေါက်အောင် ဘုန်းကြီးက ရှင်းလင်းပြပေးလိမ့်မယ်ဆိုတာမှတ်ကြရမယ်။ ရိပ်မိကြပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိဘို့က ကာလိကဆိုတာဟာ ငါးပါးအာရုံ ကာမဂုဏ်ကို ခေါ်တာဘဲ၊သူက အလွန်လဲ အပြစ်ကြီးတယ်၊ ဏာလိကဆိုတာဟာ အချုပ်မှာတော့ ငွေရှာမှုကိစ္စ, ပစ္စည်းရှာမှုကိစ္စ, သားသမီး, သားမယား, ဆွေမျိုးဉာတကာနဲ့ ပတ်သက်သမျှကိစ္စတွေအားလုံးဟာဏာလိကချည့်ဘဲ ဆိုတာသာမှတ်ကြ။

ဒီကိစ္စမျိုးတွေက ဒုက္ခလဲ အလွန်များပါတယ်၊ ဒါတွေကို လိုက်စားနေရင် မဂ်လမ်း,ဖိုလ်လမ်း,နိဗ္ဗာန်လမ်း ပိတ်တဲ့အတွက် အပြစ်ကြီးတယ်ဆိုတာလဲ မှတ်ကြရမယ်၊ရှင်းကြပလား?၊ သူက ကောင်းတဲ့လမ်း ကောင်းတဲ့အခွင့် ဟူသမျှကို ပိတ်ပင်တယ်၊ တားဆီးတယ်၊ မကောင်းတဲ့လမ်း, မကောင်းတဲ့ အရေးအရာ ဟူသမျှ တွန်းဆောင်ပို့ပေးတယ်၊ သဘောပါကြပလား?။

ဒကာ ဒကာမတို့ ကာလိက,ဏ သိတ်ကြောက်ဖို့ ကောင်းပါတယ်၊ တခါတလေတော့လဲ သူနှိပ်စက်တာ ခံနေရ၊ နောက်တော့လဲ အပါယ်သွားရ၊ နှိပ်စက်ခံရတဲ့ အချိန်ဟာ ဆင်းရဲတဲ့ အချိန်ဘဲ၊ မျက်မှောက်ကာလမှာ အကျိုးလဲမရတဲ့အပြင် အနှိပ်

စက်လဲ ခံရတယ်၊ တမလွန်ကျတော့လဲ အပါယ်သွားရတယ် ဆိုတာ မှတ်လိုက်ကြစမ်းပါ၊ သဘောပါကြပလား?၊ အဲဒါကြောင့် ကာလိကဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ကိစ္စမျိုးဘဲဆိုတာ မှတ်ကြရမယ်။

ကာလိက,က အကျိုးမရတဲ့အပြင် ဆင်းရဲခံရတယ်၊ နောက်တော့လဲ အပါယ်ကျရတယ်ဆိုတော့ ဘယ်ဘက်ကမှ မသက်သာဘူးဆိုတာ ပေါ်ကြပလား?၊ မသေခင်မှာ ဆင်းရဲ၊ သေတော့ အပါယ်ကျ၊တုန်းကြီးတို့ ဒကာဒကာမတွေဟာ တချို့အသက်လဲ အတော်ကြီးလာကြပြီ၊ ငါးဆယ်ကျော် ခြောက်ဆယ်ဆိုသလို ရှိလာကြပြီ၊ ဒကာတို့တတွေ ခုအချိန်ထိအောင် ဘာနဲ့များ နေထိုင်ခဲ့ကြသလဲ?၊ ဘယ်ကိစ္စနဲ့ အချိန်ကုန်ခဲ့ကြရသလဲ?လို့ မေးခဲ့ရင် ဘယ့်နှယ်များ အဖြေပေးကြမလဲ?။

တပည့်တော်တို့ ခုအချိန်ထိအောင်ဘဲ ဒီကာလိက အနှိပ်စက်ခံပြီး ကြီးပြင်းခဲ့ရပါတယ်၊သန္ဒိဋ္ဌိကဆိုလို့ လုံးဝမလုပ်ကြရသေးပါဘူးလို့ ဖြေရုံဘဲရှိတော့တယ်၊ ဒကာဒကာမတွေ ကိုယ့်အကြောင်းကို ကိုယ်သိဘို့ကောင်းတယ်၊ ငါတို့ဟာ အသက်တွေသာ ကြီးပြီး, ဘာမှ အချိန်မစီးသေးပါလား၊ ဘာမှ အကျိုးမရဘဲ ကာလိကဆိုတဲ့ ကာမဂုဏ် ကိစ္စတွေနဲ့သာ အချိန်ကုန်ခဲ့ရတာပါကလားဆိုတာ ဆုံးဖြတ်ချက်ချကြ။

ရှင်သမိဒ္ဓိက ကာလိကကို လိုက်စားနေရင် သန္ဒိဋ္ဌိကကို အကုန်ပစ်ပယ်ရမယ်၊ သန္ဒိဋ္ဌိကအတွက် ဘာမှလုပ်ကိုင်နိုင်ဘို့ မမြင်ဘူး၊ နောက်ပြီး ကာလိကကို လုပ်နေတဲ့အတွက် ဘာမှ ကျေးဇူးမရှိတဲ့အပြင် ဒုက္ခများဘို့နဲ့ အပါယ် သွားရဘို့သာ ရှိတယ်ဆိုတာ သူသိလို့ ကာလိကကိုရှောင်ပြီး သန္ဒိဋ္ဌိကကိုသာ

ကြိုးစားနေတဲ့ အကြောင်း နတ်သမီးကို ပြန်ပြောတယ် ဆိုတဲ့ အကြောင်း ဒကာ ဒကာမတွေ အထူးတလည် မှတ်သားထားလိုက်ကြပါဆိုတာ သတိပေးလိုက်တယ်၊ သဘောပါကြပလား?။

ဒကာ ဒကာမတွေ ကာလိကဟာ အလွန်ဆိုးတယ်ဆိုတာ လေးလေးနက်နက် မှတ်ထားလိုက်ကြပါ၊ သူ့ကို လိုက်စားသူ မှန်သမျှ ဒုက္ခချောက်ထဲလဲချမယ်၊ အပါယ်လဲကျစေမယ်ဆိုတော့ သူ့ကိုလိုက်စားဘို့မသင့်တော့ပါလားဆိုပြီး ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိကြပလား?၊ ကာလိကဟာ ဘယ်လောက်ဆိုးတယ်၊ ဘယ်လောက် နှိပ်စက်တယ်ဆိုတာ သိကြရမယ်။

ကဿပဘုရားရှင်တော်လက်ထက်အခါက ပေယျလို့ခေါ်တဲ့ သူဌေးသားတယောက်ရှိပါတယ်၊အဲဒီ သူဌေးသား ပေယျဟာ တနေ့သောအခါမှာ တရားတော်ကို နာယူပါတယ်။ ကဿပ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ ဝေနေယျရဲ့ အဇ္ဈာသယကို ကြည့်ပြီး တရားတော်ကို အစဉ်အတိုင်း ဟောတော်မူပါတယ်။

ပဌမ ဒါနကထာကို ဟောပါတယ်၊ နောက်, သီလကထာ၊ နောက်, မဂ္ဂကထာဆိုသလို အစဉ်အတိုင်း ဟောတော်မူလာတဲ့ အခါမှာ၊အဲဒီ ပေယျဆိုတဲ့ သူဌေးသားဟာ အစဉ်အတိုင်း တရားတော်ကို နာယူပါတယ်၊ ဘုရားရှင်က မကြာခင်မှာဘဲ မဂ္ဂကထာဆိုတဲ့ ဝိပဿနာတရားဟောမယ့် အချိန်လဲရောက်ပါရော၊ ကာလိကနှိပ်စက်တာကို ခံလိုက်ရပါရောတဲ့။ ဒကာ ဒကာမတွေ ရိပ်မိကြရဲ့လား?။

ဘယ်လိုလဲဆိုတော့ ဒကာဒကာမတို့ အဲဒီပေယျဆိုတဲ့ သူဌေးသားမှာ သူ့အိမ်က နောက်ကကိစ္စတခုပေါ်လာတယ် ဆိုတာ မှတ်ရမယ်။ ဝိပဿနာတရား ဟောခါနီးဆဲဆဲလဲ ရောက်လာပါ

ရော၊သူ့ အိမ်သူဇနီးက သူငယ်တယောက်ကို လွှတ်ပြီး "ကိုပေယျ ခဏလောက် အမြန်ပြန်ခဲ့ပါအုံး။ အိမ်မှာ အခုဆောင်ရွက်စရာ ကိစ္စတခု အလွန်အရေးတကြီးရှိနေလို့ အမြန်ပြန်ခဲ့ပါတဲ့ "ဆိုပြီး လူလွှတ်ခေါ်တာနဲ့ ပေယျဟာ အိမ်ပြန် လိုက်သွားရှာတယ် ဆိုတာ မှတ်ကြရဲမယ်။ ရှင်းပလား?။

အဲဒီနောက်တော့မှ ကဿပ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပရိသတ်များကိုအမိန့်ရှိတော်မူပါတယ်၊ ဒကာဒကာမတို့ ဘုရားရှင်က ပေယျကို ဗျာဒိတ်ပေးလိုက်တယ်ဘဲ ဆိုကြပါစို့၊ ဘုရားရှင်က "အခု ပေယျဟာ တရားကို ဆုံးအောင်နာယူခဲ့ရင် အာသဝေါက်ကင်းကွာ ရဟန္တာဖြစ်မှာ မုချဘဲ၊ ဒါပေမယ့် အခု သူ့ခမျာ ကာလိက နှိပ်စက်ခံရတဲ့အတွက် ရှုံးရှာလေပြီ၊ အခု ကာလိက နှိပ်စက်လိုက်ဘာနဲ့ ဘုရားနှစ်ဆူတို့ ကြားကာလမှာ အရိုး ဆဲ့သုံးမိုင်မြင့်အောင် သေဘေးကြုံပြီး ဒုက္ခရောက်ရအုံး တော့မယ်၊ ဩော်....ပေယျဟာ အရှုံးကြီး ရှုံးရှာလေပြီ၊"

ဒကာ ဒကာမတို့ ကဿပ ဘုရားရှင်က ပရိသတ်များကို ပေယျအတွက် အဲဒီလိုဘဲ အမိန့်ရှိတော်မူလိုက်တယ်၊ အဲဒီတော့ အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ နိဗ္ဗာန်မရဘဲ ဒုက္ခတွေ ပင်လယ်ဝေ နေရသမျှဟာ ကာလိက နှိပ်စက်လို့ဘဲ ဆိုတာ ဆုံးဖြတ်ချက်ချကြ၊ သဘောပါကြပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ်ကျိုးကိုယ်စီးပွားအစစ် ဖြစ်တဲ့ သန္ဒိဋ္ဌိက အလုပ်ကို အခုလုပ်ကြတော့၊ ကျေးဇူးမများဘဲ ဒုက္ခရောက်ရမယ့်ကာလိကအလုပ်တွေ လျှော့ကြတော့၊ သန္ဒိဋ္ဌိက မှ မလုပ်ရသေးရင် ဒါတွေကို ရုပ်သိမ်းထားကြအုံး၊ သန္ဒိဋ္ဌိကကို အရင်အရေးတကြီး လုပ်ပါအုံး၊ ကာလိကကို လုပ်ချင်သေးရင်

ကိုယ့်အရေးပြီးမှသာ လုပ်ကြတာပေါ့၊ အဲဒီလိုဘဲ နှိုးဆော် လိုက်ပါတယ်။

ဒီလို တိုက်တွန်းတော့ ဒကာ ဒကာမတွေက လာချင်လာ လိမ့်မယ်၊ "သားလေးတွေသမီးလေးတွေက ငယ်နေသေးလို့ စိတ် မချရသေးလို့ပါ၊ သူတို့အတွက် စိတ်ချရရင်ဖြင့် လုပ်နိုင်ကောင်း ပါရဲ့နဲ့" ဆင်ခြေတက် နေကြမယ်ဆိုရင် သွားပြီ၊ သူတို့အတွက် နဲ့ ကိုယ့်အလုပ် မလုပ်ရတော့ဘူး၊ ကာလိက နှိပ်စက်ခံ ဒုက္ခ ရောက်ပြီး သေတော့ အပါယ်သွားကြ၊ ရှင်းကြပလား?။

ကဿပ ဘုရားရှင်က ပေယျဟာ သူ ကာလိက နှိပ်စက် တာမှ အရှုံးကြီးရှုံးပြီ၊ အရိုး ဆဲ့သုံးမိုင် တက်ရတော့မယ်၊ ဒါဟာ အရိုးပါတဲ့ ဘဝကိုသာ ပြောသေးတာ။ အရိုးမပါတဲ့ ဘဝ, တီကောင်, ပက်ကျိစတဲ့ ဘဝမျိုးတွေကလဲ အများကြီး ခံရအုံးမယ်ဆိုတာ မှတ်ကြတော့၊ အရိုး ဆဲ့သုံးမိုင်ဆိုတော့ နဲ့သလား?၊ လေးရက်တက်, လေးရက်ဆင်း မြင့်တဲ့ ဝေပုလ္လ တောင်လောက် မြင့်ပါတယ်၊ ရိပ်မိကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မြို့သုံး, သုံးပြီး ယဉ်ယဉ် ကလေးပြောတတ်ကြတယ်၊ "အင်း,ဘုန်းကြီးကတော့ ဟောရှာ ပါရဲ့၊ တပည့်တော်မှာက ကိုစ္စကလေးတွေက တန်းလန်းနဲ့မို့ ဂွကျနေတယ်၊"နဲ့ ပြောကြတယ်၊ အဲဒီလိုပြောလာရင် သွားပြီ၊ ကိလေသာထု ထူလွန်းလို့ ဆင်ခြေလာတာဘဲ၊ သေခြင်းဆိုးနဲ့ အဖန်ဖန်သေချင်သေးလို့ဘဲဆိုတာ မှတ်ကြ။

ဒကာ ဒကာမတို့ပေးတဲ့ ဆင်ခြေဟာ မသိလို့ မိုက်တွင်း နက်လို့ မသာဖြစ်ချင်ကြလို့ဘဲဆိုတာ စွဲချက်တင်လိုက်ပါတယ်။ လေးလေးနက်နက်ကြီး စဉ်းစားကြည့်ကြပါ၊ သာမညအရေး

မဟုတ်ပါဘူး။ သေလိုက်, အရိုးဖြစ်လိုက်၊ သေလိုက်, အရိုးဖြစ်လိုက်နဲ့ အရိုးတွေ တောင်လိုပုံရမယ်၊ ဒုက္ခ လက်စကတော့ ဘယ်တော့မှ သက်မှာမဟုတ်ကြဘူး။ သဘောပါကြပလား?။

ကဿပဘုရားကလဲ ပေယျဟာ တရားဆုံးအောင် နာလိုက်ရင် ကျွတ်မှာကို သိတယ်၊ ဒါပေမယ့် သူက တရားမဆုံးခင် ထ,ပြန်သွားတယ်၊ ဒီတော့ ဘုရားက "ပေယျဟာ အရှုံးကြီးရှုံးရှာပြီ" လို့ပြောတယ်၊ ဘုရားနှစ်ဆူကြား သေဘေးအမျိုးမျိုး သင့်အုံးတော့မယ်၊ ဒီနှစ်ဆူကြားမှာ အရိုးချည့် ဆဲ့သုံးမိုင်တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အခုနေထာမှ မကြိုးစားရင် ပေယျထက်တောင် သာဘို့ရှိတယ်၊ ပေယျကမှ ကန့်သတ်ချက် ပါသေးတယ်၊ ဒကာ ဒကာမတို့အတွက် ကန့်သတ်ချက်မရှိဘူး ဆိုတာ သတိပြုကြ၊ ရှင်းပလား?။

အရောင်း အရေးကြီးလို့၊ အဝယ် အရေးကြီးလို့၊ ကိစ္စတွေနဲ့က တန်းလန်းမို့ ဝိပဿနာ မလုပ်ဖြစ်သေးပါဘူးဆိုရင် ဒုက္ခ အကြီးအကျယ် ရောက်ရတော့မယ် ဆိုတာသာ မှတ်လိုက်ကြ။ ဝိပဿနာ မလုပ်မိရင် သံသရာမှာ ဒကာတို့ ကျရမယ့် မျက်ရေတွေ ငိုပွဲဆင်ရ ပူပွဲဆင်ရမယ့် မျက်ရေတွေ မဟာသမုဒ္ဒရာကြီး လေးစင်းရေ မကဘူး၊ အဲဒီ လေးစင်းရေထက် များရအုံးတော့မယ်ဆိုတာ သံသယမရှိကြနဲ့၊ ရိပ်မိကြရဲ့လား?။

မဟာသမုဒ္ဒရာကြီး လေးစင်းရေ မကလောက်အောင်ဘဲ ဒကာတို့တတွေ မျက်ရေကျရအုံးမယ်ဆိုတာ ဘာ့ကြောင့်လဲ?လို့ ဆန်းစစ်ကြည့်ရင် "ကာလိက" နှိပ်စက်ခံရလို့ဘဲ၊ ကာလိက နှိပ်စက်ခံရတာဘဲဆိုတာ မှတ်ကြပေတော့၊ ကျေနပ်ပလား?၊ ကိစ္စတွေ တန်းလန်းနဲ့မို့၊ ကိစ္စလေးတွေ ရှိနေသေးလို့နဲ့ဆိုရင်

ခံမယ့်သာ ပြင်ကြပေတော့၊ ကိစ္စနှိပ်စက်ချက် ဘယ်လောက် ဒဏ်နာသလဲဆိုတာ ပြောလို့မဖြစ်တော့ဘူး။

အရိုးချည့် ဖြန်းမျှ ဆဲ့သုံးမိုင်တဲ့၊ ကျရမယ့် မျက်ရည်တွေဟာလဲ မဟာသမုဒ္ဒရာကြီး လေးစင်းလောက် မဏဘူး ဆိုတော့ ဒဏာတို့တတွေမှာ မလှဲ့သာတာဒတွေ များနေရင် ခက်ရအုံးမယ်။ ကိစ္စတွေရှုပ်နေရင် အကြီးအကျယ် ဒုက္ခရောက်ရဘို့ဘဲ ရှိတော့တယ်။

"တရားလဲ ကြိုက်ပါရဲ့၊ ယုံလဲ ယုံကြည်ပါရဲ့၊ ဒါပေမယ့် မလွှဲသာ မဏင်းသာတာ ကလေးတွေက ရှိနေသေးတယ်၊ ဒါ့ကြောင့် အခုနေမှာတော့ မလုပ်နိုင်သေးဘဲ ဖြစ်နေတယ်"နဲ့ ဆင်ခြေဏန်ကြတယ်၊ ဒီတော့ အနားမှာရှိတဲ့လူတွေဏ "အင်း, ဟုတ်ပါရဲ့ လူဆိုတာ ဒီလိုဘဲလေ၊ ကိစ္စဝိစ္စတွေက များကများပါ ဘိသနဲ့ တရားဘက်ကိုမရောက်နိုင်ကြဘူး"ဆိုပြီးတော့ ထောက်ခံချက် ပေးလိုက်ကြတယ်။

ဒဏာတို့ အရှူး အရှူးချင်း, အကန်း အကန်းချင်းတွေ ဆိုတော့ အတိုင်နဲ့အဖောက် ညီညွတ်နေကြတာဘဲ။ အဲဒီ အသံတွေဟာ အရိုးတောင်လိုပုံချင်လို့၊ ဒုက္ခအကြီးအကျယ်ခံချင်လို့၊ ဘေးအမျိုးမျိုးတွေ သင့်ချင်လို့ ထွက်လာတဲ့ အသံဘဲဆိုတာ မှတ်လိုက်ကြ၊ ကြေနပ်ကြပလား?။

တယောက်သောသူက "လူမှု သူမှုတွေက များလွန်းလို့ အားရတယ်လို့ မရှိပါဘူး၊ တရားဘက်ကို မရောက်နိုင်အောင် ဖြစ်နေတယ်၊" အဲဒီလို လေချို သွေးလိုက်တော့ နောက်တယောက်က "အင်း, လူဆိုတာ ဒီလိုဘဲ"တဲ့၊ ထောက်ခံချက် ပေးလိုက်ပြန်တယ်၊ ဒကာတို့ လုပ်ပုံဟာ ယဉ်တယ် ထင်လွန်း

လို့လား? ကာလိကနှိပ်စက်ခံဘို့ ဒုက္ခရောက်ဘို့လုပ်နေကြတာမို့ အင်မတန် ဆိုဝါးမယ်ဆိုတာမှတ်ကြပါ။

ဒကာ ဒကာမတို့ ကာလိက,ဓာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားတယ်၊ ဒုက္ခရောက်အောင် နှိပ်စက်မယ်၊ နောက်အပါယ်ကို ချမယ်၊ ဒကာစတို့ရှုပ်နေတဲ့ ကာလိက ကိစ္စကလေးနဲ့ ဖြစ်ရမယ့် အမှုကြီးနဲ့ မနှိုင်းသာဘူး၊ နှိုင်းစာလို့မရဘူး၊ အသေများရတာ ဒုက္ခရောက်ရမှာတွေက တဘဝမှာပင် အသင်္ချေနဲ့ အနန္တ၊ဘဝပေါင်းကလဲ အသင်္ချေနဲ့ အနန္တ ခံရအုံးမယ်ဆိုတော့ မနှိုင်းသာဘူး၊ ရိပ်မိကြရဲ့လား?။

အခု တရားနာလာကြတဲ့ ဒကာ ဒကာမတွေ အားလုံး အတွက်မှာ ဒီ အလုပ်မှတပါး, ဒီဝိပဿနာအကျင့် သန္ဒိဋ္ဌိက လုပ်ငန်းမှတပါး ကယ်မယ့်သူ ယူမယ့်သူ မရှိဘူး၊ အားကိုးစရာ အားထားစရာ မရှိဘူး၊ အရိုး ဆဲ့သုံးမိုင် စတုရန်းတက်ရမယ်၊ ဒါက အရိုးရှိတဲ့ ဘဝမျိုးသာ ပြောတာ၊ အရိုးမရှိတဲ့ ပက်ကျိ, တီကောင်စတဲ့ ဘဝမျိုးတွေကလဲ အလွန်များလိမ့်အုံးမယ် ဆိုတာ မှတ်ကြတော့၊ သဘောပါပလား?။

ဒကာတို့တတွေက မဂ်ဖိုလ်ကို တားမယ့် ကာလိကကို သာမညများမှတ်ထင်လို့ ယဉ်ယဉ်ကလေးမြို့သုံး,သုံးနေကြတယ်၊ ရပ်ရေး ရွာရေး လူမှုရေး လူ့ကိစ္စ သူ့ကိစ္စတွေဆိုတာ မျက်လုံးမှိတ်ထား၊မုန်းရုံအပြင်မရှိပါဘူး၊ဒါတွေကိုမလုပ်လို့ မုန်းရုံအပြင် အပြစ်မဖြစ်ဘူး။ ဒကာတို့တတွေ ဘုရားအဆူဆူနဲ့ လွဲခဲ့ရ၊မြေကြီးကြီးပွါးရေးချည့်ဘဲ ကြုံခဲ့ရ၊ မြုပ်မျောဘဝနဲ့ နေခဲ့ရ၊ အဲဒါတွေဟာ ကာလိက နှိပ်စက်လို့ဘဲ၊ သူ့လက်ချက်ဘဲ ဆိုတာ ဆုံးဖြတ်ချက် ချကြ။

ဒကာ ဒကာမတွေက မသိသား ဆိုးဝါးလွန်းတော့ မြို့သုံး ကလေးနဲ့ဘဲဒုက္ခရောက်ကြရမယ်ဆိုတာ ကြပ်ကြပ်သတိပြုကြပါ၊ ရှင်းပလား?၊ 'အင်း စိတ်လဲရှိပါရဲ့၊ အားထုတ်ဘို့ဆန္ဒလဲရှိပါရဲ့၊ သံသရာလဲအလွန်ကြောက်ပါတယ်၊ ဒါပေမယ့် ကိစ္စလေးကရှိနေသေးလို့ အားထုတ်တဲ့ဘက်ကို မရောက်နိုင်သေးဘူး'တဲ့၊ အဲဒီလို ပြောတာ ရိုးရိုးမမှတ်ကြနဲ့ "ငါ့အသား, အရိုး ဆဲ့သုံးမိုင်ကြီးပွါးရပါလို၏"လို့ ဆိုလိုက်တာပါဘဲ။ သဘောပါပလား?

ဒကာ ဒကာမတို့ ပဏ္ဏာသ ပါဠိတော်မှာ အသေအချာ လာပါတယ်၊ သုညတ, တရားကို နာရရင် မဂ်ကို မုချကေန်ရမယ်တဲ့၊ အခု ဒကာဒကာမတို့လဲ သုညတ,တရားကို နာနိုင်တဲ့အတွက် မဂ်ရမှာက ကေန်ဖြစ်နေပါတယ်၊ ဒါကြောင့် ကာလိကအနှိပ်စက် မခံကြရစေနဲ့၊ ကာလိကနှိပ်စက်တာ မခံကြနဲ့တော့ ဆိုတာ သတိပေးလိုက်တယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေရဲ့ အကျင့်က သားကိစ္စက ဘယ်သို့၊ သမီးကိစ္စက ဘယ်ပုံနဲ့ အသားယူပြီး ပြောတတ်ကြတယ်၊ ဆွေမျိုးရေးက ဘယ်ညာ၊ရပ်ရေးရွာရေးက ဘယ့်နှယ်နဲ့ အသားယူ ပြောနေတာတွေဟာ အင်မတန် နှစ်နာဘို့ဘဲ၊ ကရုဏာရှိတဲ့ဆရာသမားက ပြောတဲ့အခါကျတော့ "အရှင်ဘုရားတို့ ပြောတာတော့ ကောင်းပါရဲ့၊ လူဆိုတာ ဘုန်းကြီးလိုလွယ်တာမှတ်ဘူး"တဲ့၊ သုံးတဲ့အသုံးမျိုးဟာဖြင့် ကိုယ့်တွင်း ကိုယ်တူးတာနဲ့ အတူတူဘဲ။

ပေယျာလ်ရဲ့ဝတ္ထုသွားကို သိရင်ဖြင့် ဒီအသုံးမျိုး မသုံးထိုက်တော့ဘူး၊ ဒီလောက် မျှားပြားတဲ့ အသေကောင်တွေ၊ အရိုး

တောင်လိုပုံအောင် ကြုံရမှာကို သိသဖြင့် ပြင်ကြ ဆင်ကြတော့၊ လိမ်မာကြပါတော့ ဆိုတာ တောင်းပန်လိုက်ပါတယ်၊ ဒကာ ဒကာမတွေမှာ ကျေးဇူးမများတဲ့ အမျိုးမျိုးကိစ္စတွေက အလွန် များကြတယ်။ အမျိုးမျိုးကိစ္စတွေ အလွန် များပြားတာဟာ ကိုယ်နစ်ဘို့ မြုပ်ဘို့ မျောဘို့အပြင် မရှိဘူးလို့သာ မှတ်လိုက်ကြ။

"ပလိဗောဓော မဂ္ဂါဝိဂမဿ နိဝါရဏံ"-တဲ့။

ဒကာတို့ ကိစ္စတွေများတာဟာ မဂ်ဖိုလ်ကို တားမြစ်ပိတ်ပင်နေတာဘဲရှိတယ်၊ သဘောပါပလား?၊ ဒကာတို့ ကိစ္စဝိစ္စတွေ များလေသမျှ ဒုက္ခရောက်ဘို့အပြင် မရှိတော့ဘူး၊ ပလိဗောဓဟာ မဂ်ဖိုလ်ဉာဏ်ကို တနည်းနည်းနဲ့ တားတယ်၊ ရိပ်မိကြပလား?၊

မဂ်ဖိုလ်ကိုတားရင် မြေကြီး,ကြီးပွါးမှာဘဲ၊ အသေများလို့ အလောင်းကောင်တွေ အထပ်ထပ်ချရလို့ မြေကြီး,ကြီးပွါးတာဘဲဆိုတာ 'မှတ်ကြတော့၊ ကျေနပ်ပလား?၊ အခုနေအခါ ပေးနိုင်တဲ့'ဆရာသမားက ပေးထိုက်လို့ ပေးနေတယ်၊ ယူထိုက်အောင် ယူလိုက်ကြပါ၊ အခုနေမှ မယူလိုက်ကြရင် ဒကာတို့အတွက် ဆုံသုံးမိုင်မကဘူး အရိုးတွေ, အသားတွေ တက်ရဘို့ရှိတယ်။

ခန္ဓာငါးပါးက အနိစ္စတရား၊၊ သူက မရဏဆီ ဒိုင်းဒိုင်း ပြေးနေတာ၊ရိပ်မိကြရဲ့လား? ခန္ဓာက သေလမ်းသွားနေ၊ ဒကာတို့တတွေက ဘာမှမသိကြ, မရိပ်မိကြသလို တော်သလိုလျှော်သလိုနဲ့ အချိန်ဖြုန်း၊ ဒီအထဲမှာ ကိစ္စဝိစ္စ ကာလိကတွေက ဝင်ပြီး ဖျက်နဲ့ဆိုတော့ သွားပြီလို့သာမှတ်ကြတော့၊ ရှင်းကြပလား?။

ဒကာ ဒကာမတွေဟာ ကိုယ့်ကိုယ်ကိုသနားသဖြင့်ရင်း၊ဆရာ သမားဟောတာကို ငဲ့ညှာသဖြင့်ရင်း၊ ဘုရားရှေ့မျက်နှာတော်ကို ထောက်ထားသဖြင့်ရင်း၊ ကာလိကတွေကို ရှောင်ကြ၊ရှောင်ပြီး

တော့ သန္ဒိဋ္ဌိကကို အမြန်ဆုံး ကြိုးစားဘို့သာ သင့်တော့တယ် ဆိုတာ သတိပေးလိုက်ပါတယ်။ အရိုးတောင်လိုပုံရတာ ဘုရားနှစ်ဆူကြားမှာတင် ဖြန်းမျှ ဆဲ့သုံးမိုင်တဲ့၊ ချက်ချင်း လက်ငင်း သန္ဒိဋ္ဌိကဘက်ကို လိုက်ပါတော့မယ်လို့သာ ဆုံးဖြတ်ချက် ချကြပါတော့။

ကာလိကတွေက အခုလဲ ပင်ပန်းအောင်လုပ်တယ်၊ သေတော့လဲ အပါယ်ကျရမယ်၊ဒါကြောင့် ဒါကိုရှောင်ရမယ်ဆိုတာ သဘောပါကြပလား?၊ ဒကာ ဒကာမတွေ ရှေးတုန်းက နေခဲ့ထိုင်ခဲ့သမျှမှာလဲ ကာလိကအနှိပ်စက်ခံဘဝနဲ့ဘဲ နေထိုင်ခဲ့ကြရတယ်၊ အခုလဲ ဒါနဲ့ဘဲ အချိန်ကုန်နေရတယ်၊ အခုနေမှာဘဲ ပေယျာနောက် ကျနေကြရပြီး၊ ဒါတွေကို အခုကစပြီး ပြင်မှသာ ဖြစ်တော့မယ်ဆိုတာ ရိပ်မိကြဘို့ကောင်းပြီ။

ဒကာဒကာမတို့ ကိုယ့်ကိုယ်တိုင် ပေယျာနောက် ကျနေကြပြီ ဆိုတာလဲ သိကြရပြီ၊ ဒေဝဒတ်နဲ့ ဆိုတောင် ဒေဝဒတ်က သာနေသေးတယ်၊ သူက သေချာပြီးသား, လက်မှတ်ရပြီးသား ဖြစ်သွားပြီ၊ ကိစ္စပြီးပြီးသား, သူက ပစ္စေကဗုဒ္ဓါဖြစ်မှာ၊ ဒီတော့ ဒကာတို့က ဂေဇက်မထွက်သေးလို့ သူ့ထက် နောက်ကျနေပြီ၊ သူ့ကိုတောင် မမှီနိုင်ကြဘူး၊ ရှင်းကြရဲ့လား?။

ဒကာ ဒကာမတို့ အခု ကာလိကတွေကို ဖြုတ်၊ အခု သန္ဒိဋ္ဌိကကို လုပ်ရင် ဂေဇက်ထွက်နိုင်ပါတယ်။ အလုပ် လုပ်ကြည့်လို့ ဖြစ်ပျက် မြင်ရင် ဂေဇက်ထွက်တော့မယ်ဆိုတာ မှတ်လိုက်ကြတော့၊ ကျေနပ်ပလား?၊ ဒီတရားနာ ပရိသတ်တွေထဲမှာ အားထုတ်နေသူ တချို့တွေ ပါကြပါတယ်၊ တချို့က ဖြစ်ပျက်

မြင်နေကြပြီ၊ တချို့က ဖြစ်ပျက်တွေ ချုံးနေကြပြီ၊ ဒီ ကြားထဲမှာ ဖြစ်ပျက် မဆုံးခင် ကာလိက နှိပ်စက်ခံရမှာ စိုးရိမ်ရတယ်။

ဒါကြောင့် ယောဂီတိုင်းဟာ ကာလိကကို ရှောင်ပြီး, သန္ဒိဋ္ဌိကကို လုပ်ရမယ်ဆိုတာ သတိကြပ်ကြပ်ပြုလိုက်ကြ။

အခု ဒကာ ဒကာမတွေကို ကာလိက,က သန္ဒိဋ္ဌိက ဖြစ်အောင် နည်းလမ်းပြပြီး ဟောရမယ်၊ ဒကာ ဒကာမတို့ ကာလိက,က မဂ်ဖိုလ်ကို တားတယ် ဆိုတဲ့အကြောင်း သံယုတ်ပါဠိတော်မှာ အတိအလင်း ဟောထားတာ ရှိပါတယ်၊ ဒါ့ကြောင့် သူ့ကို သန္ဒိဋ္ဌိက ဖြစ်စေဘို့ အရေးကြီးပါတယ်၊ သူက ဒကာတို့ တတွေကို နှိပ်စက်မယ်၊ နှိပ်စက်ခံရရင် လက်မှိုင်ချ မျက်ရည်ကျပြီး အပါယ်ကျဘို့ဘဲ ရှိတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု ကာလိကကို သန္ဒိဋ္ဌိက ဖြစ်အောင် လုပ်တတ်ဘို့ ပြောပါတော့မယ်၊ နားကြီးကြီးနဲ့ ထောင်ကြ၊ ပေယျာကို တားသလို အတားမခံရအောင် အခုပြော ပြမယ်။ သဘောကျပလား?။

ဒကာ ဒကာမတွေ အခု ဒီမှာ တရား နာနေကြတယ်၊ ဒီအချိန်မှာ အိမ်ကလာပြီး နောက်က လက်တို့,လက်တို့ ခေါ်၊ ခေါ်တော့ ဘာကိစ္စလဲ? ဘယ်လိုကိစ္စဘဲလို့ ပြောလိုက်တော့ အိမ်ပြန်လိုက်ချင်တဲ့စိတ်ကလေး ပေါ်လာမယ်၊အဲဒီလို ပေါ်လာရင် ပေါ်လာတဲ့ လိုက်ချင်တဲ့ စိတ်ကလေးကို ဖြစ်ပျက် ရှုပစ်ရမယ်။ ရှင်းကြရဲ့လား?။

ဒကာ ဒကာမတို့ ဒီစိတ်ကလေးကို မရှုမိရင် စိုးရိမ်စိတ်ကလေး လိုက်လာမယ်၊ စိုးရိမ်ရင် သောက, နောက်က ပရိဒေဝ, နောက်က ဒုက္ခ, ဒေါမနဿ ဆိုတာတွေ တန်းလိုက်

လာတော့တာဘဲ၊ ရိပ်မိကြရဲ့လား?လာတဲ့စိတ်ကို မရှုမိတဲ့အပြစ်၊ ဘယ်လောက် ကြီးမယ်ဆိုတာ ရိပ်မိကြတော့၊ ဒါကြောင့် ပေါ်လာတဲ့ ကိစ္စကို ဖြစ်ပျက်ရှုရမယ်၊ စိုးရိမ်တဲ့ ကိစ္စလာလဲ ဖြစ်ပျက်ရှု ပစ်ရမယ်ဆိုတာ ပေါ်ကြပလား?။

အဲဒီလို ရှုလိုက်တော့ ပြန်ချင်စိတ်ကလေးက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်သွားတယ်၊ အဲဒီမှာ နောက်က သောက, ပရိဒေဝ စတဲ့ နောက်က ပဋိစ္စသမုပ္ပါဒ်တန်းကြီးမလာတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ပြတ်တယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ အခုလို ပေါ်လာတဲ့ ပြန်ချင်စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်တော့ ဒီစိတ်ကလေးရဲ့ ဖြစ်တာနဲ့ပျက်တာကို ကိုယ်တိုင် မြင်မသွားကြဘူးလား?။ ဖြစ်ပျက်ကို ကိုယ်တိုင် မြင်သွားကြတယ်၊ အဲဒီလိုမြင်တော့ သန္ဒိဋ္ဌိက, ဖြစ်သွားတယ်ဆိုတာ မှတ်ကြ၊ သန္ဒိဋ္ဌိကော ဆိုတာ 'သာမံ ပဿိတဗ္ဗော'တဲ့၊ သာမံ၊ ကိုယ်တိုင်။ ပဿိတဗ္ဗော၊ မြင်အပ်၏ တဲ့။ အဲဒါ သန္ဒိဋ္ဌိက ဖြစ်တာဘဲလို့သာ မှတ်ကြ။

ကိုယ့်သန္တာန်မှာ ဖြစ်တဲ့စိတ်ကို ကိုယ်တိုင်ဉာဏ်နဲ့ မြင်တာ သိတာဟာ သန္ဒိဋ္ဌိကဘဲ၊ ကိုယ့်သန္တာန်မှာ ဖြစ်တဲ့စိတ်ကို မရှိဘူးလို့ သိတာဟာ မိမိသိဘာဘဲဆိုတော့ အဲဒါ သန္ဒိဋ္ဌိကဖြစ်တာဘဲ၊ ကျေနပ်ကြပလား?၊ အဲဒီလို ရှုနိုင်တော့ ကာလိကဟာ သန္ဒိဋ္ဌိက ဖြစ်ပါတယ်ဆိုတာ ပေါ်ကြပလား?။

ကိုင်း, ဒကာ ဒကာမတို့ ခင်ဗျားတို့ရဲ့ ရိုးရာ အမှားတွေကို ဆရာသမားက ကူညီပေးလိုက်တော့ ကာလိကဟာ မဂ်ပေါ်တဲ့ ကိစ္စ ဖြစ်သွားတယ်၊ ဒကာတို့ အလိုအတိုင်းသာဆိုရင် ဒုက္ခ ပင်လှယ်ဝေမယ်၊ နဂိုနေအတိုင်းဆိုရင် ပြန်ချင်စိတ်နောက်က

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အဝိဇ္ဇာ ဆိုပြီးတော့ ဒုက္ခအထပ်ထပ်နဲ့ ဒုက္ခစက်ကြီး လည့်ပတ်ရအုံးတော့မှာဘဲ၊ ရိပ်မိပလား?။

ဒါကြောင့် ခန္ဓာမှာပေါ်လာတဲ့ ကာလိက ကိစ္စ မှန်သမျှ ရှုပေးရမယ်၊ ဉာဏ်နဲ့ကြည့်ပေးရမယ်၊ ကြည့်ပေးရင် နိုပ်စက်ဘို့လာတဲ့ ကာလိကဟာ သန္ဒိဋ္ဌိက ဖြစ်တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ၊ ရှင်းကြရဲ့လား?၊ ဒီလို ရှုဉာဏ် လိုက်ပေးလိုက်တော့ စိုးရိမ်စိတ်ကလေးဟာ သန္ဒိဋ္ဌိက ဖြစ်သွားတယ်၊ စိုးရိမ်တဲ့ တရားလေးက မဂ်ပေါ်အောင် လုပ်ပေးလိုက်တယ် ဆိုတာ၊ ကျေနပ်ပလား?။

ဒါကြောင့် ကာလိက ပေါ်တိုင်း ပေါ်တိုင်း သန္ဒိဋ္ဌိကနဲ့ လိုက်ပေးကြရမယ်ဆိုတဲ့ အဓိပ္ပါယ်ကို လေးလေး နက်နက် မှတ်လိုက်ကြ၊ သဘောကျပလား?။

အဲဒါကြောင့် ခန္ဓာမှာ ဘာစိတ်ပေါ်ပေါ်, ပေါ်ချင်တာ ပေါ်၊ ဖြစ်ပျက်ဉာဏ်နဲ့ လိုက်ပေးကြရမယ်၊ စိတ်မချတာ လာလဲ ဖြစ်ပျက်ရှု၊ စိုးရိမ်တာပေါ်လဲ ရှု၊ ကိစ္စရှိတာဟာ ရှိပေစေ၊ ရှိတဲ့ ကိစ္စကို သန္ဒိဋ္ဌိကဖြစ်အောင် လုပ်နေကြရမယ်၊ ဒီလိုဆိုရင် လိုရင်းဆိုက်တယ်၊ ဒကာ ဒကာမတွေ လုပ်တတ်ကြပလား?၊ ကြိုးစားကြ၊ ဒါမှ ကိုယ်ကျိုး ကိုယ်စီးပွါး, ကယ်မယ့် ယူမယ့် တရားဘဲ။

ဘာစိတ်ပေါ်ပေါ်, ပေါ်လာတဲ့ စိတ်ကလေးကို ဉာဏ်နဲ့ ကြည့် လိုက်ပေး၊ ဉာဏ်နဲ့ ကြည့်တဲ့အခါမှာ ပေါ်လာတဲ့ စိတ်ကလေး မရှိတော့ တာကို သိရမယ်၊ ပေါ်လာပြီး ဖြတ်ဆို ပျောက်သွားတာဘဲ၊ အဲဒီလို ပေါ်လာပြီး ပျောက်သွားတဲ့

သဘော၊ ဖြစ်ပေါ်ပြီး ပျက်စီးသွားတဲ့ သဘောကို ဉာဏ်နဲ့မြင်အောင် ကြည့်ပေးရမယ်။

အဲဒီလို ကြည့်ပေးရင် ဒကာ ဒကာမတို့မှာ ကိစ္စတွေများရင် များသလောက် အကောင်းဆုံးဘဲဆိုတာ မှတ်ကြတော့၊ ကိစ္စများရင် ကိစ္စက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်ကဲ မဂ်ဆိုတော့ မဂ်ဆိုက်လို့ မပြီးနိုင်တော့ဘူး၊ သဘောကျကြပလား?၊ အဲဒီနည်းအတိုင်း ရှုသွားခဲ့ရင် လောကီမဂ်တွေ များများလာမယ်၊ လောကီမဂ်တွေ များလာရင် လောကုတ္တရာမဂ်ကို တက်တော့မှာဘဲ ဆိုတာ သံသယ မရှိကြနဲ့တော့။

လောကီ မဂ်က အနန္တရ ပစ္စည်း၊ လောကုတ္တရာ မဂ်က ပစ္စယုပ္ပန်၊ လောကီမဂ်က လောကုတ္တရာမဂ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုပေးလိုက်တယ်၊ ဒါကြောင့် ပေါ်လာသမျှ မလွတ်အောင် ရှုပေးကြပါ ဆိုတာ လေးလေးစားစား တိုက်တွန်းလိုက်တယ်၊ ရှင်းကြပလား?။

အိပ်ချင်တဲ့ကိစ္စလာရင်လဲရှုပေး၊ 'သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊' အဲဒီလို ရှုပေးရင်အိပ်ရင်းနဲ့ကိစ္စပြီးနိုင်တယ်၊ ဒကာ ဒကာမတို့ "ကမ္မဋ္ဌာန ဝိနိမုတ္တော ခမ္မောနာမ နတ္ထိ" လို့ ဟောတော်မူထားပါတယ်၊ ဝိပဿနာ လွတ်တဲ့နေရာ တနေ့ရာမှ မရှိပါဘူး၊ ကိုယ်က မသိလို့ မကြည့်မိမှာသာ စိုးရတယ်၊ တရားကတော့ ရှိနေ ပေါ်နေမှာဘဲဆိုတာ မှတ်ထားကြ။

ဒကာ ဒကာမတို့ မဂ် ဖိုလ် ဆိုတာ နေရာ မရွေးပါဘူး၊ ကာလိကနေရာမှာသန္နိဋ္ဌိကဖြစ်အောင်လုပ်ရမယ်၊ ဒီလိုဖြစ်အောင် ကြိုးစာဘို့ဘဲလိုတယ်ဆိုတာသာ မှတ်ကြ။ ကိစ္စဆိုတာဟာ ဓမ္မက လုပ်တာချည့်ဘဲ၊ ကိစ္စဆိုလေသမျှ လောဘ,က လုပ်နေတာဘဲ၊

ဒကာဒကာမတို့ ကိစ္စဆိုတာကို ကာလိကဆိုတဲ့ ကိစ္စမှန်သမျှကို တဏှာ,ဥပါဒါန်က လုပ်တာချည်းဘဲလို့သာ ဆုံးဖြတ်ချက်ချကြ၊ ရှင်းပလား။

ဒါ့ကြောင့် ကိစ္စပေါ်တိုင်း ပေါ်တိုင်း သန္နိဋ္ဌိကနဲ့ လိုက်ကြရမယ်၊ သန္နိဋ္ဌိကနဲ့လိုက်ပြီး ဖြစ်ပျက်ရှုပေးကြရမယ်၊ အဲဒီလိုရှုလိုက်တော့ ကိစ္စက ဖြစ်ပျက်၊ ရှုညာဏ်က မဂ်ဖြစ်သွားတယ်။ ဒကာ ဒကာမတွေ သဘောပါကြပလား?၊ အရှုခံက ဖြစ်ပျက် ဒုက္ခသစ္စာ၊ ရှုတဲ့ညာဏ်က မဂ္ဂသစ္စာ၊နောက်က ပြတ်သွားတဲ့တရားတွေက သမုဒယသစ္စာ၊ အဲဒီနေရာမှာ ပေါ်လာတာက နိရောဓသစ္စာဘဲ၊ ကိုင်း,သဘောကျကြပလား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ သစ္စာလေးပါးကို ပြန်ပြီး ပြောပါအုံးမယ်။ ။ဥပမာ-အိမ်စိတ်မချတဲ့ ဓမ္မလေး ခန္ဓာမှာ ပေါ်လာတယ်ဆိုတော့ သန္နိဋ္ဌိကဆိုတဲ့ ဝိပဿနာညာဏ်နဲ့ ဖြစ်ပျက်,ဖြစ်ပျက်ဆိုပြီး ရှုလိုက်တော့ စိတ်မချတဲ့ သောက,က ဖြစ်ပျက်၊ ရှုညာဏ်က မဂ်ဖြစ်သွားတယ်၊ ရှင်းကြရဲ့လား?။

အဲဒီနေရာမှာ–

အရှုခံ သောက,ဖြစ်ပျက်က ...ဒုက္ခသစ္စာ။

ရှုတဲ့ညာဏ်က ...မဂ္ဂသစ္စာ။

နောက်ကသေတဲ့ ပရိဒေဝစတဲ့တရားတွေက-သမုဒယသစ္စာ။

သူတို့သေတဲ့နေရာမှာ ပေါ်လာတာက...နိရောဓသစ္စာ။

ကိုင်း,ဒကာ ဒကာမတွေ ကျေနပ်ပလား? ဒါဖြင့် ကြိုးစားပြီး လာလာသမျှ မလွတ်အောင် ရှုပေးကြ။

ဒါနဲ့ ဒီနေရာမှာ အစက ပြောခဲ့တဲ့ ဝတ္ထုကြောင်းကို ပြန်ဆက်ပြောရမယ်၊ နတ်သမီးက တောင်းပန်လိုက်တဲ့ အတွက် ရှင်သမိဒ္ဓိက ဘုရားထံတော်မှာအကြောင်းစုံကိုရှင်းပြပြီးလျှောက် ထားမေးမြန်းပါတယ်။ "တပည့်တော်က အခုတွေ့တဲ့ကာလိကကို ရှောင်နေတာဟာ နောက်တွေ့မယ့် သန္ဒိဋ္ဌိကဖြစ်အောင်လို့ဘဲ" လို့ ဖြေကြားတဲ့အခါမှာ "အကျယ်သိလိုလို့ အခု အရှင်ဘုရားထံ မှောက် ရောက်လာရခြင်းဖြစ်ပါတယ်ဘုရား" ဆိုပြီး လျှောက် ထားလိုက်တယ်။

အဲဒီလို နတ်သမီးရဲ့ သိလိုရေးကြောင့် ရောက်လာရတဲ့ အကြောင်းကို လျှောက်ထားလိုက်တဲ့ အခါမှာ နတ်သမီးကလဲ ဒီအနီးအနားမှာ ရှိနေနှင့်တာနဲ့ ရှင်သမိဒ္ဓိကို တိုက်တွန်းလိုက် ပါတယ်၊ "အရှင်ဘုရား မေးသာမေးပါ၊တပည့်တော် ယခုအရှင် ဘုရား နောက်တော်က ရောက်ရှိနေပါပြီဘုရား" လို့ တိုက်တွန်း လိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နတ်သမီးကိုဘဲ တိုက်ရိုက်အားဖြင့် ဟောကြားတော်မူပါတယ်။

အက္ခေယျ သညိနော သတ္တာ၊
အက္ခေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊
ယောဂမာယန္တိ မစ္စုနော။ ။

"ခန္ဓာငါးပါးကို ပုဂ္ဂိုလ်,သတ္တ,ငါ,သူတပါး,ယောကျ်ား မိန်းမဘဲလို့ထင်မှတ်နေကြတဲ့ သတ္တဝါများဟာ၊ ခန္ဓာငါးပါးမှာ ရပ်တည်နေရပြီး သကာလ၊ ခန္ဓာငါးပါးကို ပိုင်းပိုင်းခြားခြား အမှန်အကန်မသိတဲ့အတွက် သေမင်း ဆွဲဆောင်ရာကိုသာ လိုက် ပါ၍ နေကြရရှာတယ်။"

အဲဒီဂါထာနှင့်တကွ အကျယ် ရှင်းလင်းပြီး နတ်သမီးကို ဟောပြတော်မူလိုက်ပါတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သဘောပါပလား?၊ ခန္ဓာငါးပါးဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ်အရှိ ခန္ဓာငါးပါသဲ၊ ဒီထဲမှာ ငါလဲမပါ, သူလဲမဟုတ်, ပုဂ္ဂိုလ်,သတ္တာ ဆိုစရာမရှိ၊ ရုပ်နာမ်ဖြစ်ပျက် သဘာဝသဲ အမှန်ရှိတယ်ဆိုတာ သိကြရမယ်။

အဲဒီလို ခန္ဓာငါးပါးသဲ ရုပ်တရား နာမ်တရား ဖြစ်ပျက်သဲလို့ ပိုင်းခြားပြီး အမှန်အကန်မသိလိုက်တော့ ဒီခန္ဓာကို ငါသဲ သူသဲ, သားသဲ သမီးသဲ ဆိုပြီး ထင်မှတ် စွဲယူနေကြတော့တယ်၊ အဲဒီလို စွဲယူပြီး, သေကြရတာဟာ အလောင်းချ စရာ နေရာလွတ် မရှိကြတော့ဘူး။ အလောင်းချရလေသမျှ မြေပုံဟောင်း နေရာချည့်သဲဆိုတာ မှတ်လိုက်ကြ။

ဒါကြောင့် သမ္မုတိရှိ အခေါ်နဲ့မသောက်မပြန် အမှန်ရှိ တကယ်ရှိ နှစ်မျိုးကို ကွဲကွဲပြားပြားသိအောင် ကြိုးစားကြရ မယ်ဆိုတာ ပေါ်ကြပလား?၊ ဒကာတို့က ဒီနှစ်မျိုးကို ခွဲခြားပြီး မသိလိုက်တော့ အနစ်နာကြီးနစ်နာမယ်ဆိုတာ မှတ်ကြတော့သဲ ရှင်းပလား?၊ အခေါ်အရှိက သားတဲ့, သမီးတဲ့၊ ဒါကိုမသိ တော့ သားမဟုတ်တာ သားလုပ်ပြီး စွဲလမ်းနေ၊ သေတော့ အပါယ်သွားကြ၊ ရိပ်မိကြရဲ့လား?။

အမှန်တကယ်မရှိတဲ့ သမ္မုတိရှိ အခေါ်ရှိက သမ္မုတိသစ္စာသဲ ခေါ်လွယ်ရုံ သမုတ်ထားတာမို့ သမ္မုတိသစ္စာခေါ်တာ၊တကယ် တော့ ရှိတာမဟုတ်ဘူး၊ ဒကာတို့က ဒီသမ္မုတိသစ္စာကိုပရိသေယျ နဲ့ လိုက်ရမယ်။ ပရိညေယျတဲ့ ဉာဏ်နဲ့ ပိုင်းခြားသိအောင်

ကြိုးစားရမယ်။ သား,ဆိုတာက သမုတ်အရှိ သမ္မုတိသစ္စာ၊ ခန္ဓာ ငါးပါးက အမှန်ရှိ ပရမတ္ထသစ္စာ၊ ဒီ နှစ်ခုကို ခွဲခြားပြီး ပရမတ္ထ သစ္စာကို ပိုင်းခြားနိုင်ရမယ်။

ခေါ်ရုံမျှ မှန်ကန်တာဟာ သမ္မုတိသစ္စာ၊ မဖောက်မပြန် မှန်တာက ပရမတ္ထသစ္စာ။ ပရမတ္ထသစ္စာဆိုတာ မဖောက်မပြန် မှန်ကန်တယ်။ ရုပ်က ဝေဒနာ မဖြစ်ဘူး၊ ဝေဒနာက သညာ မဖြစ်ဘူး၊ သညာကလဲ သင်္ခါရမဖြစ်၊ သင်္ခါရက ဝိညာဏ်မဖြစ်၊ မဖောက်မပြန်ဘူး၊ သူ့သဘာဝနဲ့သူဘဲဆိုတာ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဒကာ ဒကာမတွေက ဒါဟာ သား,ပါတဲ့၊ ဘာ့ကြောင့် သားခေါ်တုန်းလို့ ဆိုတော့ ရင်ကမွေးတာမို့ သားတဲ့။ ဒကာ ဒကာမတို့ ရင်ကမွေးတဲ့သားဆိုတာလဲ ခန္ဓာငါးပါးဘဲ၊ ခန္ဓာ ငါးပါးကလွဲလို့ ဘာမှအပိုမစွက်ဘူး။

ဒကာ ဒကာမတို့ ခန္ဓာငါးပါးကို မူတယ်ထားပါ၊ သားလို့ သမုတ်ပြီးခေါ်ရုံခေါ်တာက အပြစ်မရှိဘူး၊ သမုတ်ခေါ်တာကို သိပြီး,ပိုင်းခြားပြီးသိကြရမယ်၊ ခန္ဓာငါးပါးဘဲဆိုတာသိရမယ်၊ သား,သမီးလို့ သမုတ်ထားပေမယ့် ခန္ဓာမှန်းသိနေဘို့ လိုတယ်၊ သဘောပါပလား?။

ပဌမ ဉာတပရိညာနဲ့ သိရမယ်၊ နောက်ကျတော့ တိရဏ ပရိညာလာရအုံးမယ်၊တိရဏဆိုတာ ဝိပဿနာရှုပြီးသိတဲ့ဉာဏ်ဘဲ၊ ခန္ဓာမှာ ဖြစ်ပျက်ရှုရင် တိရဏပရိညာဖြစ်တော့တာဘဲ၊ဒီခန္ဓာမှာ ဖြစ်ပျက်ရှုလို့ ဉာဏ်ရင့်လာတော့ "ဒီဟာ ခန္ဓာငါးပါးဘဲ၊ ငါမပါ, သူမဟုတ်တဲ့ ရုပ်အစု နာမ်အစု ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိပါကလား"လို့ ပိုင်းခြားနိုင်တာနဲ့ ဒီ ခန္ဓာဟာ ခင်စရာ

မင်စရာ မရှိပါကလားလို့ သိပြီးတော့ ပဟာနပရိညာဖြစ်တော့တာဘဲ၊ ရှင်းကြပလား?။

ဒကာဒကာမတို့ ဒီနေရာမှာ သစ္စာလေးချက် တပြိုင်နက်ကိစ္စပြီးစီးပါတယ်။ ခန္ဓာက ဒုက္ခသစ္စာ၊ သိတဲ့မြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ၊ မဂ်ဝင်လာလို့ နောက်ကချုပ်တဲ့ တဏှာက, သမုဒယသစ္စာ၊ သမုဒယချုပ်တဲ့နေရာမှာ ပေါ်တာက, နိရောဓသစ္စာ၊ ကိုင်း, ဒကာဒကာမတွေ သဘောကျကြပလား? သမုဒယမလာအောင်ကြိုးစားဘို့ဘဲ လိုတော့တယ်၊ သမုဒယမလာအောင်ကျင့်နိုင်ရင် နေရာကျပြီလို့သာ ဆုံးဖြတ်ချက်ချကြ၊ သဘောပါကြပလား?။

ဒါ့ကြောင့် ကာလိက ပေါ်တိုင်း ပေါ်တိုင်း, သန္ဒိဋ္ဌိကဆိုတဲ့ ရှုဉာဏ်လိုက်ပေးရမယ်၊ ဒီလို လိုက်ပေးရင် ပဌမတော့ လောကီမဂ်ဘဲ ရှိသေးတယ်၊ နောက် တဖြေးဖြေး ဉာဏ်ရင့်ရင့်လာတော့ လောကီမဂ်က အနန္တရပစ္စည်းနဲ့ကျေးဇူးပြုပြီး လောကုတ္တရာမဂ်ဖြစ်အောင် လုပ်လိုက်တာဘဲဆိုတာမှတ်ကြ၊ နေရာကျပလား?။

ဒကာဒကာမတို့မှာ ကုသိုလ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ အကုသိုလ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေက အလွန် များပါတယ်၊ လာလာသမျှ သန္ဒိဋ္ဌိကဖြစ်အောင်လုပ်ကြရမယ်။ ထမင်းစားပြီးမှ လုပ်မယ်၊ ရေသောက်ပြီးမှဘဲ လုပ်တော့မယ်ဆိုရင် ကာလိကဘဲဆိုတာသာ မှတ်ကြ။

ရှင်သမိဒ္ဓိက, ကာလိက ရှောင်ပုံကို ပြောပြတဲ့ နေရာမှာ နားကြီးကြီးနဲ့ ထောင်ပြီး သူ့အတိုင်း လိုက်နာကြ။ ကိစ္စ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်သာ ရှုချကြ၊ အဲဒီလိုရှုတော့

ကိစ္စကို အဖော်လုပ်ပြီး နိဗ္ဗာန်သွားတာဘဲဆိုတာ မှတ်ကြရမယ်။ သဘောပေါ်ပလား?။

အဲဒါကြောင့် ဘာကိစ္စပေါ်ပေါ်, ပေါ်ချင်တာ ပေါ်ပါစေ၊ ပေါ်တာကို မလွတ်စေနဲ့ ပေါ်လာတိုင်းသာ ဖြစ်ပျက်ရှုချေပေး၊ ပဌမ ဖြစ်ပျက်ကို မြင်အောင်ရှုရမယ်၊ အဲဒီလို ရှုလို့ ဖြစ်ပျက် အမြင်များလာရင် မုန်းအောင် ဆက်ရှု။ ဒီလိုနဲ့ ဆက်ရှုလို့ အမုန်းများလာရင် ဆုံးမှာဘဲ၊ ဒါကြောင့် ဆုံးအောင် ဆက်သာရှု။ ဒီလိုရှုလို့ ဖြစ်ပျက်တွေ ဆုံးသွားရင် နိဗ္ဗာန် ပေါ်တာဘဲ၊ ရှင်းပလား?။

အဲဒီလိုသာ ရှုနိုင်ခဲ့ရင် သေမင်း မမြင်ရာရောက်ပြီ၊ သေမင်းနိုင်ငံကလွတ်ပြီလို့သာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ဒကာ ဒကာမတွေ သဘောပေါ်ကြပလား?။

ကိုင်း...ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

●

# ဓမ္မရတနာ မာတိကာ

## "မှန်မသိတွက်၊ ဆင်းရဲနိုက် တရားတော်"

---

ဒေဆာင်ပုဒ်

မသိမှန်ကန်၊ အရင်းခံ၊ တဏှာ ခင်မှုပွား။
ရအောင်ပြုလုပ်၊ ကံအားထုတ်၊ ဒုက္ခ ဆင့်ဆင့်ကား။
အကြောင်းပြုပြင်၊ ခြောက်ဝိညာဉ်၊ အစဉ် ရုပ်နာမ်များ။
နယ်ခွဲခြောက်တန်၊ ဖဿခံ၊ သုံးတန် လှည့်ခံစား။
တဏှာနှစ်သက်၊ စွဲလမ်းမက်၊ ဆက်လက် ကံပြုမှား။
ဇာတိစချေ၊ အိုနာသေ၊ ပူပွေ ဒုက္ခများ။
ခန္ဓာအစျာတ်၊ သတိချပ်၊ သင့်မြတ် နှလုံးထား။
ကြောင်းကျိုးအလျော်၊ ရုပ်နာမ်ပေါ်၊ ညဏ်မြော်
ဖြစ်ပျက်ပွား။
အဝိဇ္ဇာပျောက်၊ ဝိဇ္ဇာရောက်၊ မျက်မှောက်နိဗ္ဗူလား။

သတိချပ်

ခန္ဓာ့ခြင်းရာ၊ ဒုက္ခသာ၊ သေရာ အမြဲသွား။
ဗြဟ္မာ နတ်လူ၊ ဇာတိဟူ၊ ရယူ ဒုက္ခပွား။
ကလေး မီးခဲ၊ မျိုသည့်နှဲ၊ လွန်ကဲ ရှုးချက်ထွား။
ဆွမ်းကွမ်းလှူစုံ၊ ငွေကြေးကုန်၊ တောင်ပုံ အလွန်မှား။
လမ်းညွှန်ဆရာ၊ ကြုံခိုက်မှာ၊ မြန်စွာ ပြင်သင့်သား။
ကြောင်းကျိုးဆက်ဆက်၊ ပဋိစ္စစက်၊ ပြုတ္တက်မှောက်အမှား၊
အဝိဇ္ဇာစ၊ တဏှာကြွ၊ ဓာမ္မ မျိုးစေ့ပွား။
အကြောင်းချုပ်ရန်၊ ဝိဇ္ဇာညာဏ်၊ ရရန် လွန်ကြိုးစား။

တရားသား။ ။ဒကာ ဒကာမတို့ မိမိတို့ရဲ့ ခန္ဓာဟာ ဘယ်လမ်းကို သွားနေပါသလဲ? ဉာဏ်နဲ့ဆင်ခြင်ပြီး ကြည့်ကြစမ်းပါဆိုတာ သတိပေးလိုက်တယ်၊ ဉာဏ်နဲ့ဆင်ခြင်ပြီး,မိမိတို့ကိုယ်တိုင် မေးကြည့်ကြစမ်းပါ၊ အဲဒီလို မေးကြည့်တဲ့အခါ "ဪ....ဒုက္ခရှိတဲ့ လမ်းကို သွားနေပါကလား"လို့ အဖြေပေးလိုက်မှာက သေချာပါတယ်၊ ရိပ်မိရဲ့လား?။

ဉာဏ်နဲ့ စဉ်းစားကြည့်ကြပါ၊ ဇာတိ ဒုက္ခကြီးက လာခဲ့ရတယ်၊ အခုနေမှာ အိုဒုက္ခ, နာဒုက္ခတွေကလဲ လက်ရှိနဲ့ သေရာအရောက်သွားနေကြရတယ်၊ တချိန်မဟုတ် တချိန်မှာ ဆိုသလို သေရာဒုက္ခ, မရဏဆိုတဲ့ ဘူတာကို ဆိုက်ကြရတော့မယ်၊ နေ့လား ညလား? ယနေ့လား? နက်ဖြန်လား? ဆိုတာသာ မသိနိုင်ကြတယ်၊ သေမှာကတော့ မုချဘဲဆိုတာ သိကြတယ်၊ ကျေနပ်ပလား?။

ဒကာ ဒကာမတို့ တဘဝလာလဲ ဒီဘူတာ ဆိုက်ကြရတယ်၊ နောက်တဘဝလာလဲ ဒီမရဏဘူတာဘဲ ဆိုက်ကြရမယ်ဆိုတာ သေချာတယ်၊ ဘယ်ဘုံ ဘယ်ဘဝမှာဘဲ ဖြစ်ဖြစ်, ခန္ဓာရသူမှန်သမျှ ဒီဘူတာက လွဲဖယ်လို့ မရဘူး၊ အားလုံး သေဘေးသင့်ကြမှာချည့်ဘဲ၊ သဘောပါကြပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒါကို မစဉ်းစားမိကြဘဲ ခန္ဓာအမျိုးမျိုးကို ရလိုကြောင်းနဲ့ တောင်းယူနေကြရတယ်၊ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏-တဲ့၊ အဲဒီလို ခန္ဓာတွေ တောင်းတာဟာ သေဘေး မကြောက်လို့ဘဲ၊ ခန္ဓာတောင်းပြီး, မရဏဆီ အရောက်သွားနေကြတယ်၊ ရိပ်မိကြရဲ့လား။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "မရဏမ္ပိ ဒုက္ခံသစ္စာ" ဘဲလို့ ဟောထားပါရက်နဲ့ ဒကာတို့ဟာ မသိဆိုးဝါးတဲ့ လူတွေဘဲလို့ဆိုရင် မှားသလား? မမှားတော့ဘူး၊ နဲနဲမှ မရိပ်မိကြဘူးလို့ဘဲ စွဲချက်တင်လိုက်ပါတယ်၊ ဒါကို မရိပ်မိရှာတော့ ခန္ဓာတွေတောင်းပြီး အရယူကြ၊ သေဘေးရှိရာ အရောက်ပြေးတတ်တဲ့ ခန္ဓာကြီးကို ရလာကြ၊ ဒီခန္ဓာကြီးကို ရထားလို့ သေရာအရောက်သွားနေရ၊ ဒကာဒကာမတို့ အသေလက်စ ဘယ်တော့မျှားမှ သတ်ကြမတုန်းလို့ မေးလိုက်ပါတယ်။

ဒကာ ဒကာမတို့ ကိုယ့်အဖြစ်ဆိုးကို ကိုယ်တိုင် သိကြတော့၊ လူဖြစ်ရပါလို၏လို့ ဆိုတာဟာ သေရာ ဒုက္ခရှိတဲ့ဆီကို ပြေးရပါလို၏၊ သေဘေး သင့်ရပါလို၏လို့ ဆိုတာနဲ့ အတူတူဘဲ၊ ရှင်းကြရဲ့လား?၊အဖြစ်ကိုတောင်းတာဟာ အပျက်မရဏရဘို့ဘဲ ဖြစ်တယ်ဆိုရင် အဲဒီလှမ်းဘဲဆိုတာ မှတ်ကြ။

အဖြစ်ကို တောင့်တရင် ဆိတ် ဖြစ်ရပါလို၏၊ သိုး ဖြစ်ရပါလို၏လို့ဆိုတာနဲ့ အတူတူဘဲဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား၊ ဆိတ်ဖြစ်တော့ သူသတ်ထံသွားရမယ်၊ သိုးဖြစ်တော့လဲ သားသတ်ရုံ သွားရမှာဘဲ၊ ဒကာ ဒကာမတို့ လိုချင်တောင့်တတဲ့ အဖြစ်ဟူသမျှတွေဟာလဲ နောက်ဆုံးတော့ သုသာန် သွားရမှာ ချည့်မို့ သိုး,ဆိတ်အဖြစ်နဲ့ ဘာမှ မထူးခြားဘူးလို့သာ ဆုံးဖြတ်ချက်ချ။

ဒကာတို့ဘတွေက အမှန်အကန် မသိမမြင်ကြတော့ အဖြစ်အမျိုးမျိုးကိုဘဲ ဆုတောင်းပြီး ယူနေကြတယ်၊ ဆွမ်း, ကွမ်း အကုန်ခံပြီး တောင်းယူကြ၊ အလှူဒါန မျိုးစုံအောင် ငွေကုန်လူပန်းခံပြီး အဖြစ်တွေဘဲ တောင်းယူနေကြတယ်၊ ရမယ့်ရတော့

အလောင်းချည့်ဘဲ၊ ဒကာတို့ အကုန်အကျခံပြီး တောင်းလေ သမျှ သေမင်းထံ ဝ,ကွက်အပ်ကြရမှာချည့်ဘဲ၊ သဘောပါကြ ပလား?။

လူအဖြစ်တောင်းတော့ လူ့ဇာတိက စ,ရမယ်၊ နတ်တောင်း တော့လဲ နတ်ဇာတိက,စ၊ ဗြဟ္မာတောင်းတော့ ဗြဟ္မာဇာတိက စ,ရ၊ ဘာအဖြစ်ရရ ဇာတိက စ,ရမှာဘဲ၊ ဇာတိပိ ဒုက္ခသစ္စာ ဆိုတော့ ဒကာ ဒကာမတို့ တောင်းတာဟာ ဇာတိဒုက္ခနဲ့ ဖြစ်ရပါလို၏၊ ဒုက္ခရောက်ရပါလို၏လို့ ဆိုတာပါဘဲ ရိပ်မိကြ ပလား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ အဖြစ်ကိုချည့် တောင်းနေ ကြတာ ဘာ့ကြောလဲ? ဘာလို့ တောင်းတာလဲ? ဒကာတို့ တတွေက လူလို့သိတယ်၊ ဇာတိလို့ မသိဘူး၊ နတ်လို့သိတယ်၊ ဗြဟ္မာလို့ သိတယ်၊ နတ်ဇာတို့ ဗြဟ္မာဇာတို့ ဆိုတာကိုလဲ မသိ၊ ဇာတိ ဒုက္ခသစ္စာ ဆိုတာလဲ မသိကြဘူး၊ သိတာ ဘာမှ မပါဘူး၊ ဇာတိပိ ဒုက္ခသစ္စာဘဲ၊ ဒါကို မသိတော့ ရှုံးချက် သန်တော့တာဘဲဆိုတာသာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ လုပ်ပုံတွေဟာ "ကလေး မီးကျီးခဲကိုင်ပြီး ပါးစပ်ထဲ ခွံ့နေတဲ့ ဥပမာအတူဘဲ" ဆိုတာ မှတ်ကြ၊ ကလေး ဝယ်ဟာ အသိတတ်တရားမရှိတော့ ကိုယ့်ကို လောင်ကျွမ်းမယ့် မီးကျီးခဲတောင် မသိရှာဘူး၊ တွေ့ရမှာ ကောက်ပြီး ပါးစပ်ထဲ မျိုချလိုက်တော့တာဘဲ။ ဒကာဒကာမတွေလဲ ဇာတိ ဒုက္ခသစ္စာ မှန်း မသိလေတော့ ဟိုဘဝ ဒီဘဝရလိုကြောင်းနဲ့ တောင်းနေ ကြတာဟာ "ဇာတိမီးခဲကို မျိုရပါလို၏" လို့ ဆိုလိုက်တာပါဘဲ၊ ရိပ်မိကြရဲ့လား?။

ဒကာ ဒကာမတွေ အခု ဆရာဘုန်းကြီး အကူအညီရလို့ ရှင်းလင်းပေးလိုက်တော့ ဇာတိဒုက္ခသစ္စာမှန်း သိကြရပြီ၊ ဒီလို အမှန်အကန်သိရတော့ နောက်ကို ဘုရားရှေ့တော် သွားသွားပြီး ဇာတိမီးခဲကို မထည့်နဲ့တော့၊ ဇာတိမီးခဲကို တောင်းမယူကြနဲ့ တော့ဆိုတာ သတိပေးလိုက်တယ်၊ ရှေးတုန်းက ဒီဇာတိမီးခဲကို ထည့်တောင်းမိခဲ့လို့ အခု လက်ငင်း ဒုက္ခ ရောက်နေကြရပြီ၊ သဘောပါပလား?။

ဒကာ ဒကာမတို့ တတွေ ငွေကုန်ခံပြီး တောင်းယူခဲ့ကြ သမျှဟာ ဒုက္ခသစ္စာဘဲ ရကြတယ်၊ သုခဆိုလို့ တခုမှ ကြားမညှပ် ဘူး၊ ရိပ်မိကြရဲ့လား? ဘုံဘဝကို တောင်းတာဟာ ဘယ်ဘုံ ဘယ်ဘဝဘဲ တောင်းတောင်း ရတဲ့အခါ ဇာတိက စ,ရမှာ ချည့်ဘဲဆိုတာ ပေါ်ကြပလား? သူက မရဏဆီကို အရောက် ပြေးတော့တာဘဲ။

ဇာတိ ဒုက္ခကို ကိုယ်ပိုင် ရသူမှန်သမျှ မရဏ ဒုက္ခ ဆီကို အရောက်ပြေးရပါလို၏လို့ ဆိုတာနဲ့ အတူတူဘဲ၊ ဒကာ ဒကာမ တို့ ဘာများ ကောင်းတာပါသေးသလဲ?၊ ဖြစ်တာကဒုက္ခသစ္စာ၊ လမ်းဆုံးတော့ အသတ်ခံရတာက ဒုက္ခသစ္စာ၊ အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဇာတိပိ ဒုက္ခသစ္စာ ၊လ၊ မရဏံပိ ဒုက္ခသစ္စာ"လို့ ဟောတော်မူခဲ့တာဘဲ ဆိုတာ မှတ် လိုက်ကြ၊ ရှင်းပလား?။

အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ သေဘေးရှိရာကို အရောက် ပြေးနေကြရတယ်၊ အခုနေ မရောက်သေးပေမယ့် တနေ့မှာ မုချရောက်ရတော့မယ် ၊ ယနေ့ နက်ဖြန်ဆိုသလို မသိ နိုင်ကြပေမယ့် မရဏဒုက္ခနဲ့ ရင်ဆိုင်တိုးရမှာကတော့ သေချာ

ပြီးသွားဘဲ၊ ဟုတ်ကြရဲ့လား?၊ အဲဒီလို မရဏဒုက္ခကို တွေ့ရတာဟာ ဘာ့ကြောင့်လဲဆိုတော့ ဇာတိဒုက္ခသစ္စာကို မသိကြလို့ဘဲ ဆိုတာ ဆုံးဖြတ်ချက် ချကြ။

ဒကာ ဒကာမတို့ ဇာတိဒုက္ခသစ္စာကို မသိမှုအတွက်ကြောင့် မရဏဒုက္ခသစ္စာရဲ့ ခေါင်းဖြတ် အသတ်ကို ခံရတော့မယ်ဆိုတာ ရိပ်မိကြရဲ့လား?၊ ဒကာ ဒကာမတို့ မရဏဒုက္ခသစ္စာ ပေါ်ရတာ ဘာ့ကြောင့်လဲ့ သိကြရဲ့လား? မရဏပေါ်တာ ဇာတိရှိလို့ဘဲ ဆိုတာ မှတ်လိုက်ကြ။

မရဏ ပေါ်တာဟာ ဇာတိရှိလို့ ဒီဇာတိကကော ဘာ့ကြောင့် ပေါ်ရသလဲ?၊ ကံရှိလို့ဘဲဆိုတာ မှတ်ကြရမယ်၊ ဒကာ ဒကာမတို့ ဒီဇာတိက ကံရှိလို့ လာတာဘဲ၊ ဒီဇာတိက လူဒါန်း ပေးကမ်းတဲ့ စေတနာကံက လာတယ်၊ ကမ္ဘာဝပစ္စယာ ဇာတိဘဲ ရှင်းကြပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဇာတိဒုက္ခဟာ ကံက လာပါတယ်ဆိုတာ သဘောပါကြပြီ။ အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ လက်ရှိဘဝ လူ့ဇာတိက စ, ခဲ့ကြရတယ်၊ လူ့ပဋိသန္ဓေ, လူ့ဇာတိကစပြီး ရခဲ့ကြတယ်၊အဲဒီလို ရလာခဲ့ကြတာဟာ ဘာ့ကြောင့်လဲ?ဆိုတော့ ကံက ဖြစ်အောင် လုပ်ပေးလိုက်လို့ဘဲ ဆိုတာ မှတ်ကြ၊ သေချာရဲ့လား?၊ ဒီကံက ဇာတိကို ကြိုက်တဲ့ကံဘဲ၊ သူဟာ ပုညာဘိသင်္ခါရဘဲ၊ ကျေနပ်ပလား?။

တခါထပ်ပြီး ဆန်းစစ်လိုက်ပါအုံး၊ ကံကြောင့် ဇာတိဖြစ်တာကိုတော့ သိကြရပြီ၊ ဒီကံကကော ဘယ်ကလာတာလဲလို့ စစ်ကြပါအုံးလို့ ဆိုတော့၊ ဒီကံဟာ စွဲလမ်းတဲ့ ဥပါဒါန်က လာပါတယ်၊ ဥပါဒါန် ရှိတဲ့သူ့မို့ ဥပါဒါန်က လာတယ်ဆိုတာ

မှတ်ကြတော့၊ ဥပါဒါန် ရှိတဲ့သူဟာ ဟိုဘုံစွဲ၊ ဒီဘုံစွဲ၊ ဟိုသွီးစွဲ၊ ဒီသားစွဲ ဆိုတဲ့ စွဲလုံးရှိနေတယ်၊ ရှိနေတော့ ဒီကံဆိုတာဟာ အဲဒီ စွဲလုံးကံ လာတာဘဲဆိုတာ မှတ်လိုက်ကြ။

ဒကာ ဒကာမတွေ သဘောပါကြပလား?၊ စွဲမိစွဲရာ သား သွီး စွဲလိုစွဲ၊ ဟိုဘုံ ဒီဘုံ၊ ဟိုဘဝ ဒီဘဝ စွဲလိုစွဲ၊ အဲဒီလို စွဲနေတော့ ဒါတွေနဲ့ မခွဲချင်၊ အမြဲတွဲနေချင်တယ်၊ ဟုတ်ကြရဲ့လား?၊ အဲဒီလို သူတို့နဲ့ မခွဲချင်တော့ မခွဲရဘို့ ကံကို လုပ်ပါရော၊ ပုညာဘိသင်္ခါရ ဆိုတဲ့ ကုသိုလ်ကံကို လုပ်မိတာဟာ သူ့လက်ချက်ဘဲ၊ ဒါ့ကြောင့် "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" လို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာ မလာဘူးလား? လာပါတယ်၊ ရှင်းပလား?။

ဒကာ ဒကာမတွေ အရပ်တကာလျှောက်ပြီး ဘုရားဖူးသွားတဲ့အခါမျိုးမှာ တွေ့ကြပါလိမ့်မယ်၊ ဘုရားတန်ခိုးကြီးတွေမှာ ဆိုရင် ဒီလို ဥပါဒါန် အားကြီးတဲ့ လူမျိုးတွေဟာ စုံလို့ဘဲနေမယ်၊ ဒီလို လူမျိုးတွေဟာ တန်ခိုးကြီးတယ်ဆိုတဲ့ ဘုရားတွေမှာ သွားရောက်ပြီး ပစ္စည်းဝတ္ထု အမျိုးမျိုးတွေ လှူကြ၊ ဒါန်းကြ၊ လှူဒါန်းပြီး "ဤကုသိုလ်ကြောင့် ဒီသား ဒီသွီးတွေနဲ့ မခွဲရပါလို၏၊ ဘဝဆက်တိုင်း မကွဲမကွာ ဖြစ်ရပါလို၏" ဆိုပြီး ဆုတောင်းကြတယ်၊ အဲဒါဟာ ဥပါဒါန်လက်ချက်၊ ဥပါဒါန်နဲ့ တောင်းတာဘဲ ဆိုတာ မှတ်ကြ။

သားစွဲ သွီးစွဲ၊ ခင်ပွန်းစွဲ၊ စွဲလေသမျှ သူလက်သယ်ဘဲဆိုတာ ဆုံးဖြတ်ချက် ချကြ၊ ရှေ့တခါ သွားပါအုံး၊ ဒီလို စွဲလမ်းတဲ့ ဥပါဒါန်ကကော ဘယ်ကလာတာလဲလို့ ဆိုတော့ စွဲလမ်းတဲ့ ဥပါဒါန်သည် ခင်မင်တဲ့ တဏှာကလာပါတယ်၊ အဲဒါကြောင့်

"တဏှာပစ္စယာ ဥပါဒါနံ"လို့ မဆိုဘူးလား?ဆိုပါတယ်ဆိုတာ ရှင်းကြပလား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ စဉ်းစားပြီးကြည့်ကြပါ၊ ဒီဇာတိစတဲ့ဒုက္ခတွေ အခုကိုယ်ပိုင်ရထားကြတာ ဘာ့ကြောင့်လဲ၊ သူ့အလိုလိုရတာလား?၊ အလိုလိုပေါ်တာလား?၊ အကြောင်းကြောင့် ပေါ်လာတာလား?ဆိုတာ အခု ပဋိစ္စသမုပ္ပါဒ် ခန္ဓာ လမ်းစဉ်နဲ့ ဝေဖန်ကြည့်လိုက်တော့ ပေါ်ကြပလား?၊ ဒီဒုက္ခတွေဟာ အလိုလိုပေါ်တာလား ဆိုတော့ မဟုတ်ပါဘူး၊ အကြောင်းကြောင့် ပေါ်လာ, ရလာကြတာပါ၊ အလိုလိုပေါ်တာမဟုတ်ဘူး။ ဒကာ ဒကာမတွေ ရှင်းရှင်းလင်းလင်းဘဲ သိကြရပြီ။

ရှေ့ကို ဆက်ကြည့်ကြအုံးစို့ ဆိုတော့ ဒီ ခင်မင်တဲ့ တဏှာကော ဘယ်ကလာသလဲ ဆိုတော့ ဒီတဏှာဟာ စားရတာကောင်းတယ်၊ နေရ ထိုင်ရတာ ကောင်းတယ်ဆိုတဲ့ ခံစားမှုဝေဒနာက လာတယ်တဲ့၊ဒါ့ကြောင့် "ဝေဒနာပစ္စယာ တဏှာ" လို့ ဆိုတာဘဲ၊ ရှင်းကြရဲ့လား?။

ဒီ ကောင်းတယ်,ဆိုးတယ်ဆိုပြီး ခံစားတဲ့ ဝေဒနာကော ဘယ်ကလာသလဲ?ဆိုတာ အကြောင်းရှာပါအုံး ဆိုတော့ ဒီဝေဒနာဟာ တွေ့တာ ထိတာက လာတယ်တဲ့၊ ဒါကြောင့် "ဖဿပစ္စယာ ဝေဒနာ"လို့ ဟောတော်မူတာဘဲဆိုတာ ရိပ်မိကြပလား?။

နောက်တခါ ဆက်လက်ပြီး အကြောင်းရှာပါအုံး၊ ဒီဖဿကော ဘယ်ကလာတာလဲ?၊ ဖဿဆိုတဲ့ အတွေ့သဘောသည် အာယတနရှိလို့ ပေါ်တာတဲ့၊ ဒီဖဿလဲ စက္ခု,သောတ,ဃာန,

ဇိဝှါ, ကာယ,မန ဆိုတဲ့ အာယတနရှိလို့ ဒီ အာယတနကြောင့် ဖဿပေါ်တာ။ ဒါကြောင့် "သဠာယတနပစ္စယာ ဖဿော" ဘဲ၊ ရှင်းပလား?။

ဒီအာယတနတွေကော ဘာ့ကြောင့်ပေါ်ရဲ့သလဲ? သူ့ကို အကြောင်းရှာလိုက်တော့ ဒီအာယတနဟာ နာမ်ရုပ်ရှိလို့ နာမ်ရုပ်ကြောင့် ပေါ်ရတာဘဲဆိုတာ မှတ်လိုက်ကြ၊ ဒါကြောင့် "နာမရူပပစ္စယာ သဠာယတနံ" တဲ့၊ ကျေနပ်ကြပလား?။

ဒီနာမ်ရုပ်ကလဲ ဘာ့ကြောင့်ပေါ်တာလဲလို့ ဆိုပြန်တော့ ဝိညာဏ်ရှိလို့ပေါ်တာ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ပေါ်ရတာ၊ ရိပ်မိပလား?၊ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ" လို့ မဟောဘူးလား?၊ ဟောပါတယ် ဆိုတော့ ဝိညာဏ်မရှိရင် နာမ် ရုပ် မပေါ်နိုင်ဘူး၊ ရှင်းရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သူ့အကြောင်းကိုကော ထပ်ပြီးရှာလိုက်ပါအုံးဆိုတော့၊ ဝိညာဏ်ဟာ ဘာ့ကြောင့် ဖြစ်သလဲ? ဝိညာဏ်ဖြစ်တာ သင်္ခါရကြောင့်ဘဲ၊ ကုသိုလ်,အကုသိုလ် ဆိုတဲ့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရတာ၊ ဒါ့ကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ" တဲ့၊ ရိပ်မိကြပလား?။

ဒီသင်္ခါရကကော ဘာ့ကြောင့်ဖြစ်ရတာလဲ? သူ့အကြောင်းကို ရှာလိုက်ပြန်တော့ အဝိဇ္ဇာရှိလို့ဘဲတဲ့၊ မသိမှု အဝိဇ္ဇာရှိလို့ ကုသိုလ်,အကုသိုလ်စေတနာသင်္ခါရတွေပေါ်လာရတယ်၊ ဒီတော့ သင်္ခါရတွေဟာ အဝိဇ္ဇာကြောင့် ဖြစ်ပေါ် လာရတာဘဲပေါ့၊ ဒါ့ကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" လို့ ဟောတော်မူရတာဘဲ ဆိုတာ ရိပ်မိကြပလား?။

အဲဒီလိုနဲ့ နောက်ဆုတ်ဆုတ်ပြီး အကြောင်းတွေကို တွေးလိုက်တော့ ဒီအဝိဇ္ဇာကိုနောက်ဆုံးတွေ့မိတယ်၊ အကြောင်းအကျိုးအဆက်ဆက်ကိုတွေးတော့ အဝိဇ္ဇာကို တွေ့ရဲ့တယ်ဆိုတာ ရှင်းကြပလား?၊ အဲဒီတော့ ဒီဘဝမှာ အခုလက်ငင်း ဒုက္ခနဲ့နေရတာ, ဒုက္ခဖြစ်တာ ဘယ်သူ့ကြောင့်လဲ? ဆိုတော့ အဝိဇ္ဇာသခင်ရဲ့ကြောင့်ဘဲဆိုတာ ပေါ်ကြပလား?။

ကိုင်း... ဒါဖြင့် ဒကာ ဒကာမတွေ အခု ဘုန်းကြီးက အကြောင်းဆက်ပြီး ပြလိုက်တော့ အတော် အတန် ရိပ်မိကြပြီ၊ ဒုက္ခက အကျိုးတရား၊ ဒီဒုက္ခကို မလိုချင်မရချင်ရင် သူ့ကို သတ်လို့တော့ မရဘူး၊ ဒီဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားကို သတ်မှသာ ရနိုင်မယ်၊ ဒီတော့ သူ့ကိုဖြစ်စေတဲ့ အကြောင်းတွေက ဘာလဲဆိုတာ ရှာကြအုံးစို့ ဆိုတော့ သူ့အကြောင်းက ဘယ်နှစ်မျိုးလဲ ဆိုတာ ရှာရမယ်။

ဒကာဒကာမတို့ ဒုက္ခဖြစ်တာ "ကမ္မဘဝကြောင့်လဲ ဟုတ်တာဘဲ၊ တဏှာကြောင့်လဲ ဟုတ်တာဘဲ၊ အဝိဇ္ဇာကြောင့်လဲ ဟုတ်တာဘဲ" တဲ့၊ အကြောင်းကိုရှာလိုက်တော့ ဒုက္ခဖြစ်ကြောင်း သုံးခုကို သွားတွေ့ရတယ်၊ ရှင်းကြရဲ့လား?။

၁။ အဝိဇ္ဇာကြောင့်လဲ....ဒုက္ခဖြစ်ရတယ်။
၂။ တဏှာကြောင့်လဲ....ဒုက္ခဖြစ်ရတယ်။
၃။ ကံကြောင့်လဲ....ဒုက္ခဖြစ်ရတယ်။

ဒကာဒကာမတွေ မှတ်မိကြပလား?၊ အဝိဇ္ဇာ, တဏှာ, ကံတွေဟာ ဒုက္ခဖြစ်ကြောင်းတွေဘဲ၊ သူတို့ကြောင့် ဇာတိ ဇရာ, မရဏဆိုတဲ့ ဒုက္ခတွေဖြစ်ပေါ်လာရတာဘဲဆိုတာ စွဲစွဲမြဲမြဲ မှတ်

ထားကြ၊ သဘော ပါကြပလား?၊ ဒကာ ဒကာမတွေ ဒါဟာ အင်မတန် အရေးကြီးပါတယ်၊ လေးလေးစားစား မှတ်ယူထားကြပါဆိုတာ သတိပေးလိုက်တယ်။

ဒုက္ခကိုကြောက်ရင် ဒီဒုက္ခက လွတ်ချင်ရင် သူ့ကို ဖြစ်ပေါ်စေတဲ့အကြောင်းကို ဖြတ်ရမယ်၊ ဖြတ်ဘို့ ဆိုတော့လဲ သူ့အကြောင်းကိုသိမှသာ ဖြတ်နိုင်မယ်၊ ဒါ့ကြောင့် သူ့အကြောင်း သုံးချက်ကို သိဘို့ရာ အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား?။

ဒီတော့ ဒီအကြောင်းသုံးခုကို အခုဖြတ်ကြရမယ်၊ ဒါတွေကို ဘာနဲ့ ဖြတ်ရမလဲ ဘယ်လို ဖြတ်ရမလဲ?ဆိုတဲ့ အချက်ကို သိဘို့လိုတယ်၊ ဒီနေရာမှာ သူနဲ့သက်ဆိုင်တဲ့ ဝတ္ထုသာဓကကို ထုတ်ပြီး ပြောမှ ပိုးပြီး ရှင်းလိမ့်မယ်၊ ဒါ့ကြောင့် ဒီနေရာမှာ ဝတ္ထုသက်သေနဲ့ ထုတ်ပြီးပြောကြစို့။

## အစေလက ကဿပ ဝတ္ထု

ဒကာဒကာမတို့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ဖြစ်တယ်။ အဲဒီအခါမှာ တနေ့သ၌ မှာတော့ မနက် ခုနစ်နာရီခွဲလောက် အချိန်မှာ ရာဇဂြိုဟ်မြို့ထဲကို ဆွမ်းခံ ကြွတော်မူတယ်၊ အဲဒီလို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးမြို့ထဲကို ဆွမ်းခံကြွတော့ လမ်းခုလတ်မှာ "အစေလက ကဿပ"နဲ့ တွေ့တယ်ဆိုတာ မှတ်ကြရမယ်။

အစေလက ကဿပဆိုတာဟာ သူ့နာမည်ရင်းက ကဿပတဲ့၊ သူတို့ တိတ္ထိဂိုဏ်းက အဝတ်မဝတ်တဲ့အတွက် အစေလကတဲ့၊ အဓိပ္ပါယ်ကတော့ အဝတ်မပါတဲ့ ကဿပလို့ မှတ်ရမှာပေါ့။

ဒီကဿပဆိုတဲ့ တိတ္ထိကလဲ ဆွမ်းခံ ထွက်လာတာဘဲ၊ သူ့ဖာ ဆွမ်းခံထွက်တာမှာ အဝတ်မပါဘူး၊သူတို့ တိတ္ထိ ထုံးစံ အတိုင်း သူတို့ကို ကြည်ညိုကိုးကွယ်တဲ့ အိမ်တွေမှာ လှည့်လည်ပြီး သူလဲဆွမ်းခံလာတာဘဲတဲ့။

အဲဒီအချိန်မှာ သူတို့ကိုကြည်ညိုတဲ့သူတွေ အများအပြား ရှိနေကြတယ်၊ ဘာ့ကြောင့်တုံးလို့ ဆိုတော့ ခြိုးခြံတဲ့ အကျင့် ရှိလို့ ကြည်ညိုကြတာဘဲဆိုတာ မှတ်ကြ။ အဝတ်မပါလောက် အောင်တောင် ခြိုးခြံကြတာဘဲ၊ ဒါပေမယ့် သူတို့ဝမ်းထဲမှာ ဒိဋ္ဌိအကြီးအကျယ်ရှိပြီးနေတယ်၊ ဒီလိုရှိနေတော့ ဟိရိဩတ္တပ္ပ ကင်းလောက်အောင်ဘဲ ဖြစ်ရတော့တယ်၊ အဲဒါကို အမှန် မသိတော့ ခြိုးခြံတဲ့အကျင့်ထဲ ဆွဲသွင်းလိုက်တော့တာဘဲ၊ရိပ်မိ ကြပလား?။

ဒါကြောင့် အသိပညာဟာ အင်မတန်ဘဲ အရေးကြီး ပါတယ်၊ အသိပညာ မရှိပြီလားဆိုရင် ထင်မိထင်ရာ,ယူမိယူရာ, ကိုးမိကိုးရာ ရမ်းပြီး ကိုးကွယ်ကြတော့တာဘဲ၊ အမှားအမှန်ကို မဝေဖန်နိုင်ကြတော့ဘူး၊ သဘောပါကြရဲ့လား?၊ ဟိရိ ဩတ္တပ္ပ ကင်းနေတာကိုတောင် မသိမမြင်နိုင်အောင် ဖြစ်ကြရတယ် ဆိုတာ ပေါ်ပလား?။

ဒီလိုနဲ့ဘဲ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြတဲ့အခါ အဲဒီအဝတ် မပါတဲ့ အစေလက ကဿပဆိုတဲ့ တိတ္ထိနဲ့သွားတွေ့တယ်၊ အဲဒီလို တွေ့တဲ့အခါ အစေလက ကဿပဟာ ဘုရားရှင်ရဲ့ နောက်တော်က ကပ်လိုက်သွားပြီး လျှောက်ထားတယ်တဲ့၊ "ရှင်ကြီးဂေါတမ- ပုစ္ဆာကလေးတခု မေးပါရစေ" ဆိုပြီး ခွင့်တောင်းလိုက်တယ်။

အဲဒီအခါမှာ ဘုရားရှင်က ခွင့်မပြုဘူး၊ "ရပ်ထဲ၊ရွာထဲ ဆွမ်းခံသွားနေရတုန်း မမေးနဲ့အုံးကွ၊မတော်သေးဘူးကွ" ဆိုပြီး ဘုရားက ပယ်ချလိုက်ပါတယ်။

ဒါနဲ့လဲ မရသေးပါဘူး၊ အစေလက ကဿပဟာ ဘုရားနောက်က ကပ်လိုက်သွားပြီး နောက်တခါခွင့်တောင်းပြန်တယ်၊ "ရှင်ကြီးဂေါတမ၊ ပုစ္ဆာအလေးအနဲငယ်မေးစမ်းပါရစေ" ဆိုပြီး ခွင့်တောင်းပြန်တယ်၊ ဒီအကြိမ်မှာလဲ ဘုရားရှင်က ခွင့်ပြုတော်မမူသေးဘူး၊ "ဟ-ကဿပရ ဒီအချိန်ဟာ မေးချိန်မဟုတ်သေးဘူး" ပယ်ချလိုက်ပြန်ပါတယ်။ ရှင်းကြရဲ့လား?။

ဒကာဒကာမတွေ ဘုရားပယ်တော်မူတာ ဒီအကြိမ်ပါနဲ့ ဆိုရင် နှစ်ကြိမ်ရှိသွားပြီဆိုတာသိကြရမယ်၊ အဲဒီလိုနဲ့အစေလက ကဿပဟာ နောက်တကြိမ် ထပ်ပြီး ခွင့်တောင်း ပြန်တယ်၊ "ရှင်ကြီးဂေါတမ၊ များလဲမများလှပါဘူး၊ သိလဲမသိလိုပါ၊ ပုစ္ဆာကလေးတခု မေးခွင့်ပြုပါ" လို့ ဆိုပြီး သုံးကြိမ်မြောက် ခွင့်တောင်းတော့မှ ဘုရားက "ကိုင်း, ဒါလေ့ာက်တောင် သိချင်တာဖြင့် မေးချင်တာမေးပေတော့" ဆိုပြီး ခွင့်ပြုချက်ရတော့အစေလက,က မေးပါတော့တယ်ဆိုတာမှတ်ကြရမယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘာ့ကြောင့်များ ဘုရားက၊ ရှတ်တရက် ဖြေတော်မမူဘဲ နှစ်ကြိမ်တိုင် ပယ်ရပါလိမ့်မလဲ" ဆိုတဲ့ မေးခွန်းတခု မေးစရာ ဖြစ်နေတယ်။ ဒါဘာ့ကြောင့်လဲ ဆိုတော့ ဘုရားက လွယ်လွယ်ကူကူနဲ့ ခွင့်ပြုလိုက်ရင် တိတ္ထိဂိုဏ်းသားတွေက ပေါ့ပေါ့ဆဆယူမှတ်သွားမှာကိုလဲ စိုးရတယ်။

နောက်တချက်က အစေလက ကဿပ ဉာဏ်ရင့်အောင်လဲ စောင့်ဆိုင်းတော်မူခြင်းဖြစ်တယ်ဆိုတာ မှတ်ကြရမယ်၊သဘော၊

ပါပလား?၊ အဲဒီအချိန်မှာ အစေလက ကဿပဟာ ဉာဏ်မရင့် ကျက်သေးဘူး၊အဲဒီလိုဉာဏ်မရင့်သေးတော့ အဖြေကိုနားမလည် မှာ စိုးရိမ်တော်မူတယ်၊ အဲဒါကြောင့် ဉာဏ်ရင့်အောင်ဆိုင်းငံ့ တော်မူထားတယ်ဆိုတာ မှတ်ကြ။

ဒကာ ဒကာမတို့ မှတ်မိကြပြီလား? လွယ်လွယ် ကူကူနဲ့ ဖြေလိုက်ခဲ့ရင် ဒီ စကားကို လေးလေးစားစား မယူမိဘဲနေမှာ စိုးလို့လဲ ဆိုင်းငံ့တော်မူခြင်း တချက်၊ အစေလကရဲ့ ဉာဏ်ရင့် သည့်တိုင်အောင် ဆိုင်းငံ့တော်မူခြင်း တချက်လို့ အဲဒီလို နှစ်ချက်မှတ်ထားကြ။

အဲဒီလို သုံးကြိမ်မြောက်ကျအောင် ခွင့်တောင်းနေတော့ ဘုရားရှင်က "မင်းမေးချင်လဲ မေးတာပေါ့ကွာ" ဆိုပြီးခွင့်ပေး လိုက်တော့ အစေလက ကဿပ,က ဘုရားရှင်ကို မေးလိုက်ပါ တယ်၊ "ရှင်ကြီးဂေါတမ, ဒုက္ခဟာ မိမိပြုတာလား"တဲ့။

ဒကာဒကာမတွေ စောစောက ရှင်းပြောခဲ့တဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခဆိုတဲ့ ဒုက္ခတွေကို ဆိုပါတယ်၊ဘုန်းကြီးတို့ ဒကာဒကာမတွေအတွက်တော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းလင်းပြော ပြထားတာမို့ အတော်အတန် ရိပ်မိနေကြပြီ။ ဒီတော့ဒုက္ခတွေ ဘာ့ကြောင့်ဖြစ်တာလဲ?ဒီဒုက္ခတွေကိုမိမိပြုတာလား?ဘယ်သူက ပြုပေးလိုက်တာတုံး? ဆိုတော့ ဖြေတတ်ကြပလား?။

စောစောကပြောခဲ့တဲ့အတိုင်း အဝိဇ္ဇာ, တဏှာ, ကံဆိုတဲ့ အကြောင်းသုံးခုကြောင့်ဖြစ်လာရတာ၊ သူတို့သုံးခုကဒုက္ခပေါ် အောင် လုပ်ပေးလိုက်တာ၊ မိမိပြုတာမဟုတ်ဘူး၊ ဘယ်သူကမှ ပြုလို့ဖြစ်တာ မဟုတ်ဘူးတဲ့၊ရှင်းကြပြီနော်။ အဲဒီလို အစေလက

အာဿပက "ဒုက္ခကို မိမိပြုတာလားလို့" မေးတော့ ဘုရားက ပယ်ချလိုက်တယ်။

"ဒုက္ခကို မိမိပြုတာမဟုတ်ဘူး" တဲ့၊

ဒကာဒကာမတွေ အစေလက, က ဒိ ဇာတိ, ဇရာ, မရဏ ဆိုတဲ့ ဒုက္ခတွေကိုမိမိပြုတာလားလို့မေးတော့၊ ဘုရားက မဟုတ်ပါဘူးလို့အဖြေပေးလိုက်ပါတယ်။ မိမိပြုတာကော ဟုတ်ကြရဲ့လား?၊ အဝိဇ္ဇာကြောင့် သင်္ခါရတွေကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးတရားတွေဘဲ၊ သူတို့ဟာ တဏှာကြောင့်လဲ ဖြစ်ပေါ်တာဘဲ၊ အဲဒီတော့ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရား ခန္ဓာငါးပါးဒုက္ခသစ္စာတရားသာ ဖြစ်ပါတယ်၊ဒီအထဲမှာ မိမိဆိုတာ ပါသလား? မပါ ပါဘူး။

ဒီ ဒုက္ခတရားတွေဟာ မသိမှုအဝိဇ္ဇာကြောင့်လဲ ဖြစ်ရတယ်၊ ခင်မင်မှု တဏှာကြောင့်လဲ ဖြစ်ရတယ်၊ ပြုပြင်မှု ကမ္မဘဝ ကြောင့်လဲ ဖြစ်ရတယ်၊ စင်စစ်တော့ ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်ရတာတွေဘဲ၊ အကြောင်းကြောင့် ဖြစ်တဲ့ တရားတွေဘဲ ဆိုရင်လဲ မမှားဘူး၊ ဒီအထဲမှာ မိမိ သူတပါးဆိုတာ မပါဘူး၊ ခမ္မသက်သက်တွေဘဲ ရှင်းကြရဲ့လား?။

ဒကာတို့တတွေက "ဘယ်သူမပြုမိမိမှုတဲ့"နဲ့ ပြောကြတယ် "မိမိပြုလို့ မိမိခံရ မိမိစံရတယ်" လို့လဲ ပြောလဲ ပြောကြ၊ ထင်လဲထင်ကြတယ်။ "ကိုယ့်ဒုက္ခ ကိုယ်ပြုလို့ ရလာကြတာဘဲ" နဲ့လဲပြောကြဆိုကြ၊ အဲဒါ နှယ်နှယ်ရရ မမှတ်လိုက်ကြနဲ့၊ အဲဒါ သဿတဒိဋ္ဌိနဲ့ပြောနေကြတာဘဲလို့သာ မှတ်လိုက်ကြ၊ ကျေနပ်ကဲ့လား?။

လောကထဲမှာ သားငယ် သမီးငယ်လေးတွေကလဲ တိုးလို့ တန်းလန်းနဲ့၊ ရောဂါဝေဒနာကလဲ လက်ရှိရနေပြန်၊ ပစ္စည်းကလဲ အဖတ်မတင်၊ ဒုက္ခသုက္ခတွေရောက်၊ အဲဒီလိုအခါမျိုးမှာ ပြောတတ်ကြတယ်၊ "ဩော်....ဒုက္ခရောက်လိုက်တာ လွန်ရောဘဲ၊ ခံနိုင်အောင် ခံရတော့မှာဘဲ၊ ဘယ်သူမပြု မိမိမှုဆိုသလို ဒီ ဒုက္ခဟာ ကိုယ်ပြုလို့ကိုယ်ရတာဘဲ"ဆိုပြီး ပြောတတ် ထင်တတ်ကြတယ်၊ "ကိုယ်ပြုလို့ကိုယ်ရ"တယ် ယူရင် သဿတဒိဋ္ဌိ အယူဘဲ ဆိုတာသာ မှတ်လိုက်ကြ၊ ရှင်းပလား။

ပြုတဲ့ပုဂ္ဂိုလ်ကလဲ ကိုယ်ဘဲ၊ ရတဲ့သူကလဲ ကိုယ်ဘဲ-တဲ့၊ အဲဒါ သဿတဒိဋ္ဌိဘဲ၊ ရှေးရှေးလူတွေက ပြောလို့ ပြောသံ ကြားနဲ့ ယောင်ရမ်းပြီး ပြောကြ ဆိုကြ, ယူဆနေကြတယ်၊ စစ်စစ် ဆေးဆေးနဲ့ မယူကြဘူး၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ့်နှယ်တုံး? ဘုရားဖြေတာနဲ့ ဒကာတို့တတွေယူဒါနဲ့ ကန့်လန့် ဖြစ်နေကြပြီ၊ ရိပ်မိကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီလို ဒိဋ္ဌိ အယူအဆ ကိုယ်စီ ကိုယ်င ရှိပြီးနေကြတယ်၊ နှယ်နှယ်ရရများ မမှတ်လိုက် ပါနဲ့၊ ဒီ ဒိဋ္ဌိရှိနေရင် နိဗ္ဗာန်လဲမရဘူး၊ အပါယ်လဲ ကျရအုံးမယ် ဆိုတာ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား?၊ ဒီ ဒိဋ္ဌိစင်မှသာ နိဗ္ဗာန် ရကြမယ်၊ ဒီတနေ့ ဒီ ဒိဋ္ဌိစင်အောင် ဟောပေး လိမ့်မယ် ဆိုတာ မှတ်ကြ၊ ကျေနပ်ကြရဲ့လား?။

ဒကာ ဒကာမတွေ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်တွေ့ ကိုယ်တိုင်ကြုံ နေရတာကိုဘဲ စဉ်းစားကြည့်ကြပါ၊ စောစောပိုင်းက ဇာတိဒုက္ခကိုလဲ နှံ့ခဲ့ကြရပြီ၊ အခုလဲ ဇရာဒုက္ခလက်ရှိ နှံ့နေရ ဆဲဘဲ၊ ဒီဒုက္ခလက်ရှိ သေဘေးရှိရာ မရဏဒုက္ခဘက်သို့ အရောက်

ပြေးနေကြရတယ်ဆိုတော့ ကောင်းတာပါသေးရဲ့လား? မပါပါဘူး၊ ကြပ်ကြပ်စဉ်းစားပါ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဇာတိ, ဇရာ,မရဏ ဒုက္ခတွေ စုံလို့နေရတာဘဲရှိတယ်။

ဒါတွေရှိနေတာကိုတောင် မသိနိုင်ကြဘူး၊ဒါတွေကို မသိတော့ မသိလို့ခင်မင်တယ်။ မသိတာက အဝိဇ္ဇာ၊ ခင်မင်တာက တဏှာ၊ ရှင်းကြရဲ့လား?၊ ခင်တော့မင်တော့ ဘာဖြစ်သလဲ?၊ ခင်မင်မိတော့ "သူနဲ့ မင်္ဂလာအခမ်းအနားကိစ္စ လုပ်ဦးမှဘဲ" ဆိုပြီး ကာယကံ,ဝစီကံတွေလာပါရော၊ ရိပ်မိကြပလား?၊ အဲဒီတော့ကိုတဲ့ ဒီ ဒုက္ခခန္ဓာဟာ အဝိဇ္ဇာ,တဏှာ,ကံတွေက လာတာဘဲ၊ သူတို့သုံးခု ခေါင်းဆောင်ပြီး လုပ်လိုက်တာဘဲ ဆိုတာ ပေါ်ကြပလား?။

မိမိလုပ်တာ ဟုတ်ပါရဲ့လား၊? ဆိုတော့ မဟုတ်ပါဘူးတဲ့၊ ဘယ်သူက လုပ်လိုက်တာလဲ?ဆိုတော့ ခုနပြောခဲ့တဲ့ အဝိဇ္ဇာ, တဏှာ,ကံဆိုတဲ့ ဖြစ်ကြောင်းသုံးခုကလုပ်ပေးလို့ ဒီဒုက္ခခန္ဓာကြီးကို ကိုယ်ပိုင်လက်ရှိ ရနေကြတာပါ၊ ရှင်းကြရဲ့လား?။

သူတပါးသားသမီးကို မသိလို့ ခင်မင်မိတယ်၊ ခင်မင်မိတော့ သူနဲ့ မင်္ဂလာအခမ်းအနား ဆောင်ရွက်မှု ကာယကံ,ဝစီကံတွေ လုပ်ပြီး အိမ်ထောင်ကျကြ၊ သားတွေသမီးတွေများလာပြီး ပွါးစီးမှု လုပ်ကြ၊နောက်-တဖြေးဖြေး အိုမင်း, ကုန်းကွ စတဲ့ ဒုက္ခ အစုတွေ ရကြတော့တာဘဲ၊ ဒါဟာ မိမိပြုတာမဟုတ်ပါဘူး၊ ပရမတ် သုံးခုက လုပ်လိုက်တာ။

မသိလို့ခင်မင်၊ ခင်မင်လို့ ကံတွေလုပ်၊ လုပ်တော့ ဒုက္ခအစုတွေ ရကြ၊ ဒီလိုရတာဟာ မိမိပြုလို့မဟုတ်၊ အဝိဇ္ဇာ, တဏှာ, ကံတွေက ပြုလို့ရတာပါ၊ ဒါတွေဟာ ကိုယ်မဟုတ်

ပါဘူး၊ ပရမတ် နာမ်ဓမ္မသက်သက်တွေဘဲ ဆိုတာ ဆုံးဖြတ်ချက်ချကြ၊ ကျေနပ်ပလား?။

နာမ်ဓမ္မတွေကို နာမ်ဓမ္မဘဲလို့ အမှန်မသိတော့ နာမ်ကိုကိုယ်ဘဲ မိမိဘဲဆိုပြီး လုပ်နေကြတာဘဲဆိုတာ မှတ်လိုက်ကြ၊ ဒအာ ဒဏာမတွေ သဘောပါကြပလား? အခု တရားနာနေကြတဲ့ ဘုန်းကြီးတို့ ဒဏာ ဒဏာမတွေကတော့ အမှန်အဏန်သိကြပြီ၊ဒီ ဒုက္ခတွေကို လုပ်တာဟာ မိမိမဟုတ်၊ အဝိဇ္ဇာ, တဏှာ, ကံတွေက လုပ်ထားတာဘဲဆိုတာ အမှန်အဏန်သိကြရပြီ။

ကိုင်း, ဒီတော့ ရှေ့ဆက်ကြစို့၊ အစေလုက ကဿပ,က ဒုက္ခကို မိမိပြုတာလားလို့ မေးတော့ ဘုရားက မဟုတ်ဘူးကွလို့ ဖြေလိုက်တဲ့အခါမှာ၊ သူက ဆက်လက်ပြီးမေးပြန်ပါတယ်။

"ရှင်ကြီးဂေါတမ၊ဒါဖြင့် ဒုက္ခကိုသူတပါးပြုတာလား၊"တဲ့ ဒီတော့ ဘုရားက"ဒုက္ခကို သူတပါးပြုတာလဲ မဟုတ်ပါဘူး" လို့ အဖြေပေးလိုက်တယ်။ ဘုရားရှင်က "ဒုက္ခကို သူတပါးပြုတာလား"လို့ မေးတော့"ဒီလိုမဆိုနဲ့တဲ့ မဟုတ်ပါဘူး"လို့ အဖြေပေးလိုက်ပါတယ်။

ဒဏာ ဒဏာမတွေ သူတပါးပြုတာကော ဟုတ်ပါ့ရဲ့လား?-၊ မဟုတ်ပါဘူး၊ သူတပါးဆိုရင် တခြားသူ တဦးတယောက်က ပေးလို့ ရသလိုလို ဖြစ်နေတော့မှာပေါ့၊ သူတပါးပြုတာမဟုတ် ဘာ့ကြောင့်ဖြစ်ရသလဲ?၊ အဝိဇ္ဇာ,တဏှာ,ကံဆိုတဲ့ နာမ်ဓမ္မတွေကြောင့် ဖြစ်တာပါ၊ ရှင်းရဲ့လား?။

ဒုက္ခကို မိမိပြုတယ်လို့ယူရင် သဿတဒိဋ္ဌိဘက်သွားတယ်၊ သူတပါးပြုတယ်ယူရင်ဥစ္ဆေဒဒိဋ္ဌိဘက်ကိုသွားတယ်။ မိမိပြုတာလဲ မဟုတ်၊ သူတပါးပြုတာလဲ မဟုတ်၊ အဝိဇ္ဇာ, တဏှာ, ကံတို့ကြောင့် ဖြစ်ရတာဘဲလို့ သိတော့ သဿတနဲ့ ဥစ္ဆေဒ ဒိဋ္ဌိနှစ်ပါးလုံး စင်သွားတယ်၊ သဘောကျပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို မေးလိုက်ပါတယ်၊ ဒီအဝိဇ္ဇာ,တဏှာ,ကံဆိုတဲ့ နာမ်ဓမ္မတွေဟာ မိမိဟုတ်ပါရဲ့လား? မဟုတ်ဘူး၊ ဒါဖြင့် သူတပါးကော ဟုတ်ပါရဲ့လား? မဟုတ်ပါဘူး၊ စောစောက ရှင်းပြထားလို့ ဒကာ ဒကာမတို့ ဉာဏ်မှာတော့ ရှင်းကြ လင်းကြပြီ၊ သေချာရဲ့လား?။

ဒီ နာမ်ဓမ္မတွေဘဲ ရှိပါတယ်ဆိုတော့ အခု ပုစ္ဆာ နှစ်ချက်ပြေသွားပြီ။ ဒါနဲ့ ကဿပ,က မကျေနပ်သေးဘူး၊သူကဆက်ပြီး မေးပြန်ပါတယ်၊ဒကာ ဒကာမတို့အတွက်ကတော့ ရှင်းနေပါပြီ၊ သူ့အတွက်မှာ ပဋိစ္စသမုပ္ပါဒ်က နဲ့ားမလယ်ရှာတော့ မရှင်းမလင်းဘူးပေါ့၊ ဒါနဲ့ သူက ဆက်ပြီး မေးပြန်တယ်–တဲ့။

"ရှင်ကြီးဂေါတမ, ဒါဖြင့်ဒုက္ခကို မိမိ, သူတပါး, နှစ်ဦးသား ပေါင်းပြီး ပြုတာလား?"

"ဒီလိုလဲ မဟုတ်ပါဘူးကွာ"တဲ့။ ဘုရားက ဖြေလိုက်တယ်၊ အခုမေးတာက သုံးနံပါတ်မေးခွန်းဆိုတာ မှတ်ရမယ်၊ ဒကာ ဒကာမတွေ ရှင်းသည်ထက် ရှင်းသွားအောင် နှစ်နံပါတ်ကို ပြန်ပြောလိုက်ပါဦးမယ်။

ဒီဒုက္ခတွေကို သူတပါးပြုတာလားလို့ မေးတဲ့ နေရာမှာ၊ သူတပါးပြုတယ်လို့ယူရင် ဥစ္ဆေဒဒိဋ္ဌိ အယူဘဲ၊ သူတပါးပြုလို့

သူတပါးခံရတာဘဲလို့ ယူပြန်ရင်လဲ ဥစ္ဆေဒဘဲဆိုတာ မှတ်ကြ၊ ရှင်းကြပလား?၊ မိမိပြုတယ်ယူရင် သဿတဒိဋ္ဌိ၊ သူတပါးပြုတယ် ယူရင် ဥစ္ဆေဒဒိဋ္ဌိ။ သဘောပါကြပလား?။

အမှန်ကတော့ အမှန်ကို မသိလို့ မသိတာက စလိုက်တာဘဲ၊ မသိလို့ လိုချင်တယ်၊ လိုချင်လို့ အားထုတ်တယ်၊ အားထုတ်လို့ ရရှိလာခဲ့တာဘဲ၊ ဒါကို မြဲမြဲမှတ်ထားကြ၊ ပြုလုပ်ပေးတာက အဝိဇ္ဇာ, တဏှာ, ကံတွေက ပြုလုပ်ပေးတာ၊ ဒီအထဲမှာ မိမိလဲ မပါ သူတပါးလဲ မဟုတ်ပါဘူး၊ ရိပ်မိကြပလား?။

ဒကာ ဒကာမတွေ ဒီအဓိပ္ပါယ်ကို သိရင် သဿတလဲစင်ပြီ၊ ဥစ္ဆေဒလဲ စင်သွားပြီ၊ သဿတနဲ့ ဥစ္ဆေဒနှစ်ခုကြားထဲရောက်နေပြီဆိုတာ မှတ်ကြတော့၊ ကျေနပ်ပလား? ဒီလို သိတဲ့အသိဟာ မဂ္ဂင်ထိုက်နေပြီ၊ ဒီအသိဟာ အလယ်လမ်းနဲ့ သိရတဲ့အသိမို့ တန်ဘိုးမဖြတ်နိုင်ပါဘူး၊ ဒီ အသိနဲ့သာ သေရရင် အပါယ်မကျဘူးဆိုတာ မှတ်လိုက်ကြ။

ဒီအသိက ဒိဋ္ဌိပြုတ်တဲ့အသိ။ အမှန်သိလို့ သမ္မာဒိဋ္ဌိ ဖြစ်တယ်၊ သမ္မာဒိဋ္ဌိဖြစ်တော့ သမ္မာသင်္ကပ္ပလဲ တခါထဲ ပါတယ်၊ ဒကာ ဒကာမတွေ သဘောပါကြပလား? ဒီ အသိဟာ မဇ္ဈိမ ပဋိပဒါလမ်း, အလယ်လမ်းနဲ့သိတာ၊ ဒီအသိနဲ့ သဿတပြုတ်၊ ဥစ္ဆေဒပြုတ်၊ သက္ကာယဒိဋ္ဌိလဲ ရောပါသွားပြီ၊ဘယ်လောက် အဘိုးတန်သွားသလဲ ဆိုတာ ရိပ်မိကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အခုထပ်ပြီး မေးပါအုံးမယ်၊ အခု ဒကာ ဒကာမတွေ တွေ့နေရတဲ့ ဇာတိ, ဇရာ, မရဏ ဒုက္ခတွေဟာ မိမိပြုသလား? မဟုတ်ပါဘူး၊ ဘာ့ကြောင့် ဖြစ်ရ

တာလဲ''၊ အဝိဇ္ဇာ, တဏှာ, ကံဆိုတဲ့ မမှတွေကြောင့် ဖြစ်တာ၊ သူတို့က လုပ်လို့ဖြစ်တာဘဲ၊ ဒီလိုသိရင် ဒိဋ္ဌိစင်ပြီဆိုတာ မှတ်ကြတော့။

အခု ဒကာ ဒကာမတို့ လက်ရှိကိုယ်ပိုင်ဆိုသလို ဇာတိစတဲ့ ဒုက္ခတွေရှိပြီးနေကြရတယ်၊ ဒါတွေဟာဘယ်သူလုပ်တာလဲ?လင်မကောင်းလို့၊ သားမကောင်းလို့၊ မယားမကောင်းလို့၊ ကံမကောင်းလို့လား?၊ ကံမကောင်းလို့ချည်း မဟုတ်ဘူး၊ အဝိဇ္ဇာရယ်, တဏှာရယ်, ကံရယ်, ဒီသုံးခုကလုပ်လို့ဘဲ ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒကာ ဒကာမတွေ အခု သုံးနံပါတ်ကို ပြောရမယ်၊ ဒုက္ခကို မိမိ, သူတပါး နှစ်ဦးသားပေါင်းပြီး ပြုတာလားလို့ မေးမြန်းတော့ ဘုရားရှင်က ဒီလိုဘဲ မဟုတ်ပါဘူးကွာလို့ ဖြေလိုက်ပါတယ်ဆိုတော့ ဒကာ ဒကာမတို့အဘို့ရာမှာ ရှင်းနေကြပြီ၊ အားလုံးတို့တတွေ ရထားကြတဲ့ ဒုက္ခတွေ၊ ဇာတိ, ဇရာ,မရဏ ဆိုတဲ့ ဒုက္ခတွေကို အဝိဇ္ဇာ, တဏှာ, ကံတို့က လုပ်လိုက်တာဘဲ၊ ဒါကို ဉာဏ်နဲ့သိရင် ဒီဘဝ အပါယ်က လွတ်နိုင်ကြပြီ၊ ဒါကို သိရုံနဲ့ဘဲ အပါယ် တဘဝ လွတ်နိုင်တယ်ဆိုတော့ အားရှိဘို့ မကောင်းဘူးလား?၊ ဒကာ ဒကာမတွေ မိမိမဟုတ်, သူတပါးလဲ မဟုတ်၊ ဒီ ပရမတ် တရားတွေကလုပ်တာဘဲလို့ သိတာနဲ့ အပါယ် ဘံခါး ပိတ်ပါတယ်၊ ကျေနပ်ပလား?။

ဘစ်နံပါတ်တုန်းက မိမိပြုတာလား? ဆိုတော့ မိမိပြုတာ မဟုတ်၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား ဒုက္ခသစ္စာ ခန္ဓာငါးပါးဘဲလို့ သိရတဲ့အတွက် သဿတဒိဋ္ဌိ စင်တယ်။

နှစ်နံပါတ်ကျတော့ သူတပါး ပြုတာမဟုတ်၊ အကြောင်းသုံးခုတွေကြောင့် ပေါ်တဲ့ အကျိုးဒုက္ခသစ္စာတရားဘဲလို့သိရတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

ဒကာဒကာမတို့ သူတပါးပြုတာဘဲ၊ ဗြဟ္မာဖန်ဆင်းတာဘဲ၊ ထာဝရကဖန်ဆင်းတာဘဲ၊ ပိဿနိုးကဖန်ဆင်းတာဘဲလို့ ယူလိုက်ရင် အကြောင်းအကျိုးမဆက်တော့ဘူး၊ ဖန်ဆင်းသူ, ပြုသူကတခြား။ခံရသူကတခြားဆိုတော့ အကြောင်းနဲ့အကျိုး ပြတ်နေတယ်၊ ဒီ အယူကဥစ္ဆေဒဘက် ပြေးဝင်သွားတယ်၊ သဘောပါကြပလား?။

သုံးနံပါတ်ကတော့သဿတနဲ့ ဥစ္ဆေဒတွဲပြီး မေးလိုက်တာဘဲ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတော့ ရှင်းလင်းပြပြီး သားမို့ ဒီ ဒိဋ္ဌိတွေ စင်ကြယ်နေကြပြီ၊ မိမိလဲ ပြုတာမဟုတ်၊ သူတပါးလဲ ပြုထားတာ မဟုတ်၊ အကြောင်း သုံးခုကြောင့် ပေါ်လာတဲ့ အကျိုးတရား ဒုက္ခတရားတွေဘဲ ဆိုတာ သိနေကြပြီ။

အဲဒီတော့ အကြောင်းသုံးခုက သမုဒယသစ္စာ၊ အကျိုးတရားက ဒုက္ခသစ္စာ ခန္ဓာငါးပါးဘဲ၊ ဇာတိ, ဇရာ, မရဏတွေဆိုတာ တရားကိုယ်ရှာတော့ ခန္ဓာငါးပါးဘဲ ရပါတယ်၊ ဒီအကြောင်းထဲမှာရော မိမိ မပါ, သူတပါးလဲ မပါဘူး၊ အဝိဇ္ဇာ, တဏှာ, ကံဘဲ ဟုတ်တယ်၊ ရှိတယ်။ အကျိုးထဲမှာလဲ မိမိ မပါ, သူတပါး မပါ ခန္ဓာဒုက္ခသစ္စာသာ ဟုတ်ပါတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှင်းကြရဲ့လား?။

အဲဒီလို ခွဲခြားပြီး သိလိုက်တော့ သက္ကာယဒိဋ္ဌိလဲ ဘယ်ါတည်း စင်သွားတယ်ဆိုတာ သဘောပါကြပလား?၊ဒီလိုဒိဋ္ဌိတွေ စင်ကြယ်သွားတော့ အလုပ်ခွင်ဝင်ရင် လွယ်လွယ်ကူကူ လျှင်လျှင်

မြန်မြန်နဲ့ ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တယ်၊ ဖြစ်ပျက်မဆုံးသေးဘဲ ဒီအသိနဲ့ သေရင်လဲ အပါယ်တဘဝ လွတ်နိုင်ပါတယ်ဆိုတာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ကျေနပ်ပလား?။

ကိုင်း, ရှေ့ဆက်ပြီး ပြောကြအုံးစို့၊ ဒကာ ဒကာမတွေ ဒီ အစေလက ကဿပက မကျေနပ်တာနဲ့ ထပ်ပြီး မေးလိုက်ပြန်ပါတယ်ဆိုတာ မှတ်ကြရမယ်၊ လေးနံပါတ် မေးခွန်းတဲ့၊ ရိပ်မိပလား?။

"ဒါဖြင့် ရှင်ကြီးဂေါတမ၊ ဒုက္ခဟာ အလိုလို ဖြစ်တာပါလား?။

ဒီတော့ ဘုရားရှင်က "ဒီလိုလဲ မဟုတ်ပါဘူးကွာ"လို့ အဖြေပေးလိုက်တယ်၊ အဲဒါ မေးခွန်း အဓိစ္စသမုပ္ပန္နဒိဋ္ဌိနဲ့ မေးလိုက်တာဘဲဆိုတာ သိကြရမယ်။

ဒကာ ဒကာမတွေ ကိုင်း,ဒါဖြင့် ဒီဒုက္ခတွေဟာ အလိုလို ဖြစ်တာကော ဟုတ်ပါရဲ့လား ဆိုတော့ မဟုတ်ပါဘူး၊ ဒီ အဝိဇ္ဇာ တဏှာ,ကံဆိုတဲ့ အကြောင်းသုံးခုကြောင့် ပေါ်တာ၊ သူတို့ကြောင့် ဖြစ်တာဘဲ ရှင်းနေကြပြီ။ အလိုလိုဖြစ်တာ မဟုတ်ပါဘူး။ ဒီအဓိပ္ပါယ်ဟာ ဒကာ ဒကာမတွေအတွက် အင်မတန် တန်ဘိုးကြီးပါတယ်၊ အဘိုးမဖြတ်နိုင်ပါဘူး။

ဒီလို အသိဉာဏ်တွေကို ရလိုက်တာနဲ့ စူဠသောတာပန်ဖြစ်သွားပြီ၊ လုပ်ငန်းဝင်လို့ ခရီးရောက်ရင် မဟာသောတာပန်ဘဲ၊ ဒီဘဝမှာ ခရီးမပေါက်ခဲ့ရင်တောင် ဒုတိယဘဝမှာ သေချာပြီးသား မှတ်ပါ။ အားကိုးဘို့ မကောင်းကြဘူးလား?၊ ဘာမှ

သံသယ မရှိကြနဲ့တော့ ကြိုးစားဘို့သာ ကိုယ့်တာဝန်ဘဲဆိုတာ သတိပေးလိုက်တယ်။

ဒကာ ဒကာမတွေ အစေလကဲ့,ကဲ ဒုက္ခဟာ အလိုလို ဖြစ်တာလားလို့ မေးတော့ ဒီလိုလဲ မဟုတ်ပါဘူးလို့ ဖြေလိုက်တယ်၊ ဒကာ ဒကာမတွေ သိကြပြီးတဲ့အတိုင်း မသိတဲ့ အဝိဇ္ဇာ၊ ခင်မင်တဲ့ တဏှာ၊ အားထုတ်မိတဲ့ ကံတွေကြောင့် ရတာပါ၊ သူတို့ကြောင့် ဖြစ်ရတာပါ။

အိမ်မှာ ဟိုလူကဲ ခေါက်ရှော၊ ဒီလူကဲ ခေါင်းကိုက်၊ တဈောက်က ဗိုက်နာနဲ့ ဒုက္ခအမျိုးမျိုးတွေရောက်၊ ကျက်သရေ မရှိတာတွေကို ရပြီး နေကြရတယ်၊ ဒီဒုက္ခတွေဟာ အဝိဇ္ဇာ, တဏှာ, ကံကြောင့် ဖြစ်တဲ့ ဒုက္ခတွေဘဲ၊ ဘယ်သူ လုပ်ပေးတာမှ မဟုတ်ဘူးဆိုတာ သိရမယ်၊ ဒီအသိဟာ ဒိဋ္ဌိတွေကို ဖယ်ရှားနိုင်တဲ့အသိ၊ အပါယ်လွတ်တဲ့ အသိဘဲဆိုတာ မှတ်ကြ။ ဒါနဲ့ ရှေ့ဆက် ပြောကြအုံးစို့။ အစေလက . ကဲဿပ,ကဲ ငါးနံပါတ် ပုစ္ဆာကို မေးလိုက်ပြန်ပါတယ်။

"ရှင်ကြီးဂေါတမ၊ ဒါဖြင့် ဒုက္ခမရှိဘူးလား"တဲ့။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒုက္ခ မရှိဘူးလားလို့ မေးရင် ဘယ်လိုဖြေကြမလဲ?၊ ရှိပါတယ်ဆိုတာ ဇာတိ, ဇရာ, မရဏ ဒုက္ခသစ္စာတွေ ကိုယ်ပိုင်လက်ရှိမို့ အားလုံးဘဲ သိကြပါတယ်။ ဒကာတို့ ကိုယ်တိုင်ဘဲ ကြုံတွေ့နေရတာမို့ ဒုက္ခရှိတာကို သိကြတယ်ဆိုတာ သေချာပလား?။

ဒကာ ဒကာမတို့ ကိုယ်တွေ့မျက်မြင်ဘဲ၊ ဇာတိ, ဇရာ, မရဏ တွေနဲ့ ခွဲမရ ခွါမရ အတူတူနေ့,နေကြရတယ်။ သဘောပါကြရဲ့ လား?၊ ဇာတိ့ပို ဘာသစ္စာလဲ? ဒုက္ခသစ္စာ၊ ဇရာပိ ဒုက္ခသစ္စာ၊

မရဏမ္ပိ ဒုက္ခသစ္စာ၊ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ" ဘဲ မဟုတ်လား၊ လက်ရှိခန္ဓာငါးပါးကိုက ဒုက္ခတုံး ဒုက္ခခဲကြီး ဘဲဆိုတာ သေချာပလား? သေချာပြီ။ အဲဒါနဲ့ ဘုရားရှင်က သူ့အမေးကို ဖြေလိုက်ပါတယ်။

"ဒုက္ခရှိပါတယ်ကွာ"တဲ့ ဖြေလိုက်တယ်၊ ရှင်းကြရဲ့လား။

ဒါနဲ့ ရှေ့ဆက်ပြီး မေးလိုက်ပြန်ပါတယ်၊ "ရှင်ကြီး ဂေါတမ,က ဒုက္ခမရှိဘူးလား မေးတော့၊ ရှိတယ်လို့ ဖြေတယ်၊ ဒါဖြင့် ရှင်ကြီးဂေါတမဟာ ဒုက္ခကိုရော မသိဘူးလား?"တဲ့။ ဒီလိုမေးတော့ ဘုရားရှင်က "ဒုက္ခကို ငါသိပါတယ်၊ ဒုက္ခသိလို့ ဘုရားဖြစ်လာတာဘဲ" လို့ အဖြေပေးလိုက်တယ်၊ ဒကာ ဒကာမ တွေ သဘောကျကြပလား?၊ ဘုရားက ခန္ဓာငါးပါးကို လက် ညှိုးထိုးပြီးတော့ ဒုက္ခကို သိတော်မူတဲ့အကြောင်း ဖြေတော်မူ လိုက်တာဘဲဆိုတာ မှတ်ကြရမယ်။

အဲဒါနဲ့ အစေလက,က "ရှင်ကြီးဂေါတမဟာ ဒုက္ခ ရှိတယ်လို့လဲ ပြောတယ်၊ ဒုက္ခကို သိတယ်လို့ ဖြေတယ်၊ ဒီလိုဖြင့် ဒုက္ခရှိပုံ၊ ဒုက္ခကို သိပုံကလေးကို အဖြေပေးပါတော့"လို့ ဆိုပြီး တောင်းပန်လိုက်ပါတယ်။ အဖြေပေးပါတော့တဲ့၊ ဒုက္ခရှိပုံနဲ့ ဒုက္ခကို သိပုံကလေးကို ကြားနာပါရစေဆိုပြီး လျှောက်ထား လိုက်ပါတယ်ဆိုတာ မှတ်မိကြပလား?။

အခု ဒီနေရာမှာ ဘုရားက အစေလကဲ ကဿပကို ဟောပြတဲ့ တရား အချက်အလက်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အတွက် ကျဉ်းကျဉ်းနဲ့ ပြောလို့မရဘူး၊ အဲဒါကြောင့် အကျယ် တဝင့် ရှင်းလင်းပြီး ပြောလိမ့်မယ်ဆိုတာ မှတ်ကြပါ။

ဒကာ ဒကာမတွေ အခု ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို နှလုံးသွင်းပြီး အာရုံထားကြပါ၊ မေးပါတော့မယ် ဒကာ ဒကာမတို့-ဇာတိဒုက္ခဟာ သယ်ကလာတာလဲ? ကမ္မဘဝပစ္စယာ ဇာတိလို့ဆိုတော့ ကံကလာတာဘဲ၊ သေချာပလား? ဒီဇာတိဟာ ကံကြောင့် ဖြစ်တာဘဲ။ 'မိမိပြုတာ မဟုတ်၊ သူတပါးပြုတာလဲမဟုတ်၊ မိမိ့ သူတပါး နှစ်ဦးသား ပြုတာလဲမဟုတ်၊ အလိုလိုဖြစ်တာလဲ မဟုတ်။ ဒါဖြင့် ဘာ့ကြောင့်ဖြစ်သလဲ? ကံကြောင့်ဖြစ်တာပါ။

ဒကာ ဒကာမတွေ ဒီ ကံကကော ဘယ်က လာတာလဲ?၊ ဥပါဒါန်က လာပါတယ်ဆိုတာဥပါဒါနပစ္စယာ ကမ္မဘဝေါလို့ မဟောဘူးလား? ဟောပါတယ်။ ဒီ ဥပါဒါန်ကကော ဘယ်ကလာတာလဲလို့ တဖန်စစ်ပါအုံးဆိုတော့ 'တဏှာပစ္စယာ ဥပါဒါနံ့'တဲ့၊ တဏှာက လာတယ်၊ တဏှာကြောင့် ဖြစ်တယ်ဆိုတာ သေချာသွားပြီ။

ဒီတဏှာကော ဘယ်ကလာပါလိမ့်မလဲ ဆန်းစစ်ပြန်တော့၊ ဘာတွေ့ရသလဲ 'ဝေဒနာပစ္စယာ တဏှာ'လို့ဆိုတော့ ဒီတဏှာဟာ ဝေဒနာက လာတာဘဲ၊ ရှင်းကြပလား ? သူ့ကိုကော အကြောင်းရှာပါအုံး၊ ဝေဒနာကကော ဘယ်ကလာတာတုံးဖဿပစ္စယာ ဝေဒနာ, ဝေဒနာဆိုတော့ ဖဿ က လာတာဆိုတာ ရိပ်မိကြပလား?။

ကိုင်း, ဒါဖြင့် ဖဿကိုကော ကြည့်ပါအုံး၊ သူကောဘယ်က လာတာလဲ?ဆိုတော့ 'သဠာယတနပစ္စယာ ဖဿော'တဲ့၊ ဒီဖဿဟာ သဠာယတနက လာပါတယ်ဆိုဘာ ထင်ရှားပလား? သူ့အကြောင်းကော ရှာပါအုံးတဲ့၊ သဠာယတနကကော

ဘယ်ကလာတာပါလိမ့်မလဲ? နာမ်ရုပ်က လာတာပါဆိုတာ 'နာမရူပပစ္စယာ သဠာယတနံ' လို့ ဟောပါတယ်။ဒကာဒကာမ တွေ သဘောပါကြရဲ့လား?။

ဒီ နာမ်ရုပ်တွေကကော ဘယ်က လာတာတုံး?လို့ ရှေ့ဆက်ပြီး အကြောင်းရှာပါအုံးဆိုတော့ နာမ်ရုပ်သည် ဝိညာဏ်က လာတာ၊ ဝိညာဏ်ကြောင့် ဖြစ်ရတာပါ၊ဒါကြောင့် ပါဠိတော်မှာဝိညာဏပစ္စယာနာမရူပံလို့ ဟောတော်မူထားပါတယ်၊ ကျေနပ်ကဲ့လား?၊ ရှေ့ဆက်လိုက်ပါအုံး၊ ဝိညာဏ်ကကော ဘယ်ကလာတာတုံး? ဆိုတော့ သင်္ခါရက လာပါတယ်၊ ဒါကြောင့် 'သင်္ခါရပစ္စယာ ဝိညာဏံ'တဲ့ ရှင်းကြပလား?။

သူ့အကြောင်းကော ဆက်ရှာပါအုံးတဲ့၊ ဒီသင်္ခါရကော ဘယ်က လာတာတုံး?လို့၊ သင်္ခါရဟာ အဝိဇ္ဇာက လာတာတဲ့၊ ဒါ့ကြောင့်'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'တဲ့။ ဘုန်းကြီးတို့ ဒကာဒကာမတွေ အားလုံး သဘောပါကြပလား?၊ သူ့အကြောင်းကြောင့်, သူ့အကျိုးပေါ်ရတယ်၊ အကြောင်းနဲ့ အကျိုးဘဲ ရှိပါတယ်။

အကြောင်း အဆက်ဆက်တွေကြောင့် ဒီအကျိုး အဆင့်ဆင့်တွေ [illegible] ရပါတယ်၊ ငါမပါ သူမဟုတ် ဒုက္ခအစုခန္ဓာ ငါးခုဘဲ ရှိပါတယ်၊ ဒကာ ဒကာမတို့ ဇာတိ, ဇရာ,မရဏစတဲ့ ဒုက္ခတွေဟာ ဘယ်သူပြုတာလဲ?၊ ဘာ့ကြောင့် ပေါ်တာလဲ? ဆိုတော့ ဘယ်သူမှ ပြုတာမဟုတ်၊ သူ့ အကြောင်းကြောင့် ပေါ်တဲ့သူ့အကျိုးတရားအစုဘဲဆိုတာ ကျေနပ်ကြပလား?။

ကောင်းပြီ, ဒါဖြင့်ရင် ဒီ ဇာတိ, ဇရာ,မရဏဆိုတဲ့ ဒုက္ခတွေ ကင်းချင်ရင်ဒါတွေချုပ်ချင်ရင် ဘာလုပ်ရမလဲ? ဆိုတဲ့ အခါမှာ

အဖျဉ်းဆုံး ကံကစပြီး မပေါ်အောင်လုပ်ရမယ်။ ခန္ဓာမှာအဖြစ်အပျက်ကို ရှုပြီး ဝေဒနာတွင် ရပ်အောင်ကြိုးစားရမယ်၊ ဝေဒနာနောက်က တဏှာ,ဥပါဒါန်, ကံဆိုတာတွေ မပေါ်ဘို့ အရေးကြီးတယ်ဆိုတာ မှတ်လိုက်ကြ။

အခု ဒီဒုက္ခတွေ ချုပ်တဲ့နည်းကိုပြောရမယ်၊ အချုပ်မှတ်ဘို့ ခန္ဓာမှာ ဉာဏ်နဲ့သာ ကြည့်ပေးဘို့ဘဲဆိုတာကို စွဲစွဲမြဲမြဲမှတ်သားထားလိုက်ကြပါ။ ဒုက္ခချုပ်တဲ့နည်းဟာ ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပေးဘို့သာ လိုရင်းဘဲလို့ဆိုတော့ ဘယ်လိုကြည့်ရမှာလဲ? ကြည့်နည်းကို အခုပြောပြလိမ့်မယ်ဆိုတာ မှတ်ကြ။

ခန္ဓာဆိုတာ တခြားမဟုတ်ဘူး၊ မိမိလက်ရှိ အခုရထားတဲ့ ခန္ဓာကြီးဘဲ၊ ဒီခန္ဓာကို ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ဝေဖန်လိုက်တော့ ဒကာ ဒကာမတွေ သိထားကြတဲ့အတိုင်း "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ, ဒီငါးမျိုးကို ပဌမ သိရမယ်။

ဒီငါးမျိုးကို ခန္ဓာဖွဲ့လိုက်တော့ ဝိညာဏ်က ခြောက်ပါးရှိတယ်၊ အဲဒီ ဝိညာဏ်ခြောက်ပါးက ဝိညာဏက္ခန္ဓာ။နာမ်ရုပ်ထဲမှာ နာမ်ကိုခွဲထုတ်လိုက်တော့ အဲဒီထဲမှာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ နှစ်ပါးရတယ်၊သဠာယတနဆိုတဲ့အာယတနခြောက်ခုက ရူပက္ခန္ဓာ။ဖဿက သင်္ခါရက္ခန္ဓာ၊ဝေဒနာသုံးပါးကဝေဒနာက္ခန္ဓာ ပေါင်းတော့ ခန္ဓာငါးပါးဘဲရှိတယ်ဆိုတာ မှတ်ကြရမယ်။

ဒီတော့ ဒီ ဝိညာဏ်စတဲ့ ငါးခုခန္ဓာအစုဟာ ယခုလက်ရှိရနေတဲ့ ငါးခုအစုဘဲ၊ ဒီငါးခုထဲကကြိုက်တာတခုခုကိုကိုင်ရမယ်၊ စိတ်ကြိုက်ရင် စိတ်၊ရုပ်ကြိုက်လဲ ရုပ်၊ဝေဒနာကြိုက်လဲဝေဒနာကို ကိုင်ပေါ့။ ဥပမာ-ဝေဒနာ ကိုင်တယ်ဆိုပါစို့၊ ခန္ဓာမှာ

ဝေဒနာသုံးပါး လှည့်ပြီးပေါ်မှာဘဲ၊ ဝေဒနာကင်းတဲ့ အချိန် ရယ်လို့မရှိဘူး၊ တခုမရှိ တခုတော့အမြဲတန်း ရှိပြီးနေပါတယ်။

ဒကာ ဒကာမတွေ ရိပ်မိကြပလွှား?၊ အဲဒီလို မိမိတို့ခန္ဓာမှာ ဝေဒနာသုံးပါး တပါးပါးပေါ်လာတဲ့အခါ ဉာဏ်နဲ့ကြည့်ပေးရမယ်၊ သုခဝေဒနာလေး ပေါ်လာလဲ ဉာဏ်နဲ့ကြည့်လိုက်၊ ဒုက္ခ ပေါ်လဲကြည့်၊ ဥပေက္ခာပေါ်လဲကြည့်၊ အဲဒီလို ပေါ်လာတဲ့ ဝေဒနာကို ဉာဏ်နဲ့ကြည့်ပေးတော့ ပေါ်လာပြီး မရှိတော့တာ၊ ပေါ်ပြီး ပျောက်သွားတာကို သိရမယ်။

ဝေဒနာလေး တခုတခု ဖြစ်ပေါ်လာလိုက်၊ ပျက်စီးသွားလိုက်၊ ဖြစ်လာလိုက်, ပျက်သွားလိုက်နေတာကို ဉာဏ်နဲ့ကြည့်ရင်သိလာမယ်၊ အဲဒီလို ဉာဏ်နဲ့ ကြည့်နေတဲ့ အချိန်အခါမှာ ဝေဒနာလေးတွေ ဖြစ်ပြီး ပျက်နေတာချည့် သိနေ မြင်နေ ရမယ်၊ ရိပ်မိပလား?။

အဲဒီလို ကြည့်နေ မြင်နေတော့ ဝေဒနာက ဖြစ်ပျက်၊ ကြည့်တဲ့ဉာဏ်က မဂ်ဖြစ်သွားတယ်၊ အဲဒီ အချိန်မှာ ဝေဒနာနောက်က တဏှာမလာဘူး ချုပ်နေတယ်၊ တဏှာချုပ်,ဥပါဒါန် လဲ ချုပ်, ကံလဲချုပ်နေတယ်၊ ဒကာ ဒကာမတွေ သဘောပါကြပလား?။

တနည်းအားဖြင့်ဆိုရင်လဲ၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်နေတော့ သူဟာ မဂ္ဂင်ငါးပါးရှိတဲ့ ဝိဇ္ဇာဉာဏ်ကလေးဘဲဆိုတာ မှတ်ရမယ်၊ ဝေဒနာက္ခန္ဓာပေါ်မှာ ဒီဝိဇ္ဇာဉာဏ်ကလေး ဝင်လာလိုက်တော့ အဝိဇ္ဇာချုပ်နေတယ်၊အဝိဇ္ဇာနေရာမှာ ဝိဇ္ဇာအစားထိုးလိုက်တယ် ဆိုတာ ရိပ်မိကြပလား?၊ အဲဒီတော့ အဝိဇ္ဇာ နိရောဓော ဖြစ်နေပြီဆိုတာ ပေါ်ပလား?။

အဲဒီလို အဝိဇ္ဇာနိရောဓော ဆိုတော့ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ, ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ, နာမရူပနိရောဓော၊ နာမရူပနိရောဓာ, သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ, ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ, တဏှာနိရောဓော၊ တဏှာနိရောဓာ, ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ, ဘဝနိရောဓော၊ ဘဝနိရောဓာ, ဇာတိနိရောဓော၊ ဇာတိနိရောဓာ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ" ဘဲ။ ကျေနပ်ပလား?။

ဒကာ ဒကာမတို့ အဝိဇ္ဇာချုပ်တော့ သူ့နောက်ကရှိတဲ့ သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်စတဲ့တရားတွေ အကုန် ချုပ်ပါတယ်၊ ဒုက္ခအစုကြီးဟာ အကုန်လုံးချုပ်သွားတော့တာဘဲလို့ မှတ်လိုက်ကြပါ၊ ဒကာ ဒကာမတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အစေလက ကဿပကို ဗီသဘောအတိုင်း ဟောပြတော်မူလိုက်တာယ် ဆိုတာ မှတ်ကြရမယ်။ ရှင်းကြပလား?။

အဲဒီတော့ ဒကာဒကာမတွေက ဒုက္ခချုပ်ချင်ရင် အဝိဇ္ဇာချုပ်ဘို့ သိတ်အရေးကြီးပါကလား၊ အဝိဇ္ဇာချုပ်အောင်ကြိုးစားဘို့ဘဲ လိုတော့တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒကာ ဒကာမတွေမှာ ဒုက္ခကိုယ်စီ, ဒုက္ခလက်ရှိနဲ့ နေ, နေကြရတယ်၊ ခွဲလို့မရ ခွါလို့မရ၊ ခန္ဓာရသူမှန်သမျှ ဒုက္ခအပြည့်နဲ့၊ အိမ်မှာလဲ ဒုက္ခတွေ တင်းကြမ်းနဲ့။ ဈေးချီသွားတော့လဲ ဒုက္ခနဲ့ ခွဲမရ၊ ပွဲကုန်းဘက်သွားပြန်လဲ ခွဲမရ၊ ကိုယ်နဲ့တွဲရက် ဒုက္ခတွေက ကပ်ရက်ပါနေကြတယ်။ ရိပ်မိကြရဲ့လား?။

ဒါ့ကြောင့် ဒုက္ခချုပ်အောင် လုပ်ကြရမယ်၊ ဒုက္ခချုပ်ချင်ရင်လဲ အဝိဇ္ဇာ, တဏှာချုပ်မှ ချုပ်မှာ ဖြစ်နေတော့ အဝိဇ္ဇာ, တဏှာချုပ်အောင် အရေးတကြီး လုပ်ကြ ရမယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ အဝိဇ္ဇာ, တဏှာ ချုပ်ဘို့ ဆိုပြန်တော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင် လုပ်ရလိမ့်မယ်ဆိုတာ ပြောခဲ့ပြီးပြီ၊ ဝိဇ္ဇာဖြစ်အောင် လုပ်ရင် အဝိဇ္ဇာချုပ်, တဏှာလဲချုပ်ပါတယ်၊ ချုပ်ရင် နောက်ထပ် အဝိဇ္ဇာ ပြန်ပြီး မစဘို့ အရေးကြီးတယ်၊ အဝိဇ္ဇာပြန်မစတော့ရင်ဖြင့် နောက်က သင်္ခါရပင်တွေ ဝိညာဏ်ပင်တွေ မပေါက်နိုင်တော့ပါဘူး၊ နောက် လာမယ့် ဟာတွေ အကုန်ချုပ်တယ်။

ဒုက္ခတွေ ဟူသ၍ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ရင် ကုန်ပါတယ်၊ ဒီ အဝိဇ္ဇာချုပ်ရင် ဒုတိယ လူ့စခန်းကောင်းဖြစ်တဲ့ တဏှာလဲ ချုပ်တယ်၊ တတိယ လူ့စခန်းကောင်း ကံလဲ ချုပ်ပါတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဝိဇ္ဇာတလုံး ချုပ်အောင်လုပ်ရင် အားလုံးပြီးစီးပါတယ်၊ ဒီတော့ကာအဝိဇ္ဇာ ချုပ်အောင်လုပ်ဘို့ အရေးဟာ ဘယ်လောက်ကြီးတဲ့ အရေးလဲ ဆိုတာ ပေါ်ကြပလား? ဒါဖြင့် အမြန်ဆုံးကြိုးစားကြရမယ်။

အဝိဇ္ဇာမရှိရင် နိဗ္ဗာန်ရောက်တယ်၊ ဒုက္ခတွေ အကုန်သိမ်းနိုင်ပါတယ်ဆိုတာ လေးလေးနက်နက် မှတ်ယူကြပါ။

ကိုင်း....နာရီစေ့ပြီ၊ နက်ဖြန်မှဆက်ကြစို့။

●

# ဓမ္မရတနာ မာတိကာ

"ဒုက္ခပတ်ခွေ၊ သံသာရွေ တရားတော်"

---

ဆောင်ပုဒ်

ဒုက္ခဖြစ်ရန်၊ မသိမှုန်၊ ခင်ပြန် ကံပြုရှာ။
ဝေဒနာ,ဖဿ၊ အာယတနနှင့်၊ နာမရူပံ၊ ဝိညာဏ်၊
ရပြန် ငါးခန္ဓာ။
ဒုက္ခလွတ်ချင်၊ ခန္ဓာခွင်၊ ဉာဏ်ဝင် ရှုကြည့်ရာ။
ပစ္စုပ္ပန်လျှင်၊ ပေါ်ခိုက်တွင်၊ ဉာဏ်မြင် သိစေပါ။
အများမလို၊ တပါးကို၊ မြဲသို ဉာဏ်စိုက်ကာ။
ပေါ်လာပျောက်ပျက်၊ ခန္ဓာစက်၊ ဖြစ်ပျက်မြင်မှသာ။
ဖြစ်ပျက်မြင်မြောက်၊ မုန်းဉာဏ်ပေါက်၊ဆုံးရောက်နိဗ္ဗာန်။
ကိုယ့်ကိုယ်ကိုကား၊ ချစ်သနား၊ကြိုးစားသင့်တော့သာ။

သံတိချုပ်

ဇာတိ,ဇရာ၊ မရဏာ၊ ပမာ ဆုံလှည့်နွား။
ဒုက္ခလေးချက်၊တခဲနက်၊ ဆက်လျက် ခံရငြား။
ပဋိသန္ဓေ၊ အို, နာ, သေ၊ ပတ်ခွေ ရဟတ်ချား။
လူနတ်ဗြဟ္မာ၊ ဆိုင်းဘုတ်သာ၊ လူ့ရွာပညတ်ထား။
စ, လယ်, အဆုံး၊ ဒုက္ခတုံး၊ လုံး၀ မကောင်းစား။
ဒုက္ခဖြစ်ရန်၊ ကံစီမံ၊ စွဲသန် တဏှာပွား။
ဒုက္ခသွယ်သွယ်၊ မှန်လက်သယ်၊ တကယ်သိကြိုးစား။
ဘုရားဆုံးမ၊ ဆရာပြ၊ မုချ လိုက်သင့်သား။ ။

**တရားသား။** ။ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဇာတိ, ဇရာ, ဗျာဓိ, မရဏဆိုတဲ့ တရားတွေဟာ အားလုံး ဒုက္ခသစ္စာချည့်ဘဲလို့သာ မှတ်ထားလိုက်ကြစမ်းပါ၊ ဇာတိရယ်, ဇရာရယ်, ဗျာဓိရယ်, မရဏရယ်တဲ့၊ အဲဒီတရားတွေ အားလုံးဟာ ဒုက္ခသစ္စာချည့်ဘဲ၊ ဆင်းရဲအမှန်ချည့်ဘဲဆိုတာ လေးလေးနက်နက် မှတ်ထားလိုက်ကြ။ ဗမာလိုပြောတော့ ပဋိသန္ဓေ, အို, နာ, သေတွေဘဲ၊ ရှင်းကြပလား?။

ဒကာတို့တတွေ ဘယ်ကလာကြတာလဲလို့ မေးရင် အမိဝမ်းက လာကြပါတယ်ဘုရားလို့ ပြောရမှာဘဲ၊ အမိဝမ်းဆိုတော့ ဝမ်းထဲမှာ ဒုက္ခသစ္စာနဲ့နေကြရတယ်၊ အဲဒီနေရာက ရှေ့ဆက်ပြီး လာပြန်တော့လဲ ဇရာပဲ ဒုက္ခသစ္စာနဲ့ဘဲဆိုတာ ငြင်းဘို့မရှိဘူး၊ ဒကာဒကာမတို့ ကိုယ်တိုင်တွေ့ကြုံ ခံစားပြီး သားတွေဘဲ၊ သဘောပါပလား?။

ရှေ့ဆက်ပြီး ရင့်ရော်လာပြန်တော့ ဝေဒနာအမျိုးမျိုးတွေ ကပ်ရောက် လာပြန်တာဘဲ၊ အဲဒါက ဗျာဓိပဲ ဒုက္ခသစ္စာပါဘဲ၊ နောက်, သေဘေးဆိုက်ရောက်လာမယ်၊ အခုသာ မရောက်သေးတာ မရောက်, ရောက်အောင်သွားနေတယ်ဆိုတာကတော့ မိနစ်, စက္ကန့်မျှ မရပ်မနားဘူး၊ အဲ, အဲဒီ သေဘေးကျပြန်တော့လဲ မရဏမို့ ဒုက္ခသစ္စာဘဲဆိုတာ မှတ်လိုက်ကြ။

ဒကာဒကာမတွေ ဒီလိုဆိုတော့ ဘယ်မှာ ကောင်းတာပါကြသေးတုံး? အစမှာလဲမကောင်း,အလယ်မှာလဲမကောင်း, အဆုံးမှာလဲ မကောင်း၊ အစ, အလယ်, အဆုံး အားလုံး မကောင်းတာဟာ ဒီခန္ဓာဘဲ ဆိုတာကို ဆုံးဖြတ်ချက် ချလိုက်ကြတော့၊ ကျေနပ်ကဲ့လား?။

ဒကာ ဒကာမတို့တတွေ သေသေချာချာ စဉ်းစားကြည့်ပါ၊ လွန်ခဲ့တဲ့ ဘဝကလဲ ဒီ ဒုက္ခသစ္စာ လေးချက်နဲ့ဘဲ နေခဲ့ရတယ်၊ ကောင်းတာဆို လုံးဝ မပါခဲ့ကြဘူး၊ ဟိုဘက် ဘဝကလဲ ပဋိသန္ဓေရယ်, အိုတာရယ်, နာတာရယ်, သေတာရယ်၊ ဒီ ဒုက္ခသစ္စာ လေးချက်ဘဲ၊ သဘောပါကြရဲ့လား?။

အခုနေမှာ သတိရပြီး တရား အားမထုတ်ကြဘူးဆိုရင် နောက်ဘဝမှာကော ဘာတွေ ရအုံးမှာလဲ? အားမထုတ်ကြရင် ဒီ ဒုက္ခသစ္စာ လေးချက်ဘဲ ပြန်ရလိမ့်အုံးမယ်ဆိုတာ ပြောဘို့ မလိုတော့ဘူး၊ အားလုံးဘဲ ရိပ်မိကြပါတယ်၊ ဒကာတို့က ပြောချင်ရင် ပြောကြမယ်။ အမှန်ကတော့ လူနတ် ဗြဟ္မာဆိုတာ ဟာ ဆိုင်းဘုတ် သက်သက်ပါ။

ဆိုင်းဘုတ်မို့ ဘာမှ အဓိပ္ပါယ် မရှိကြဘူးဆိုတာ မှတ်ကြပါ၊ အမှန်ရမှာက လူ့ဘဝတောင်းရင် လူ့ခန္ဓာ ဇာတိဒုက္ခက စရမယ်၊ နောက်, လူ့ဇရာ, လူ့ဗျာဓိ, လူ့မရဏ ဒါတွေက အမှန်ရမှာတွေ၊ နတ်လဲ ထို့အတူ၊ ဗြဟ္မာဆိုတာလဲ ထို့အတူဘဲ၊ ဆိုင်းဘုတ်ပြောင်းတာလောက်ဘဲ ကွာပါတယ်၊ ဘာရရ ပဋိသန္ဓေ, အို-နာ-သေ ဒုက္ခလေးချက်သာ အမှန်ရကြမှာပါ၊ ရိပ်မိကြရဲ့လား?။

ဒကာ ဒကာမတို့ ကိုယ်က အမြင်မကျယ်လို့ အမှန်အကန် မသိပေမယ့်လဲ အမြင်ကျယ်လို့ အမှန်အကန် သိတော်မူ မြင်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကလဲ ဟောပြထားခဲ့တယ်၊ ဆရာဘုန်းကြီးများကလဲ ဘုရားရှင်ရဲ့ ကိုယ်စားလှယ် လုပ်ပြီး ညွှန်ပြပေးလို့ အခု အမှန်အကန် သိကြရပြီ။

ဒီလို အမှန်သိရရင် ဒီ ဒုက္ခတွေကိုဖြင့် မလိုချင်တော့ပါဘူး ကြောက်လှပါပေါ့၊ မုန်းလှပါပေါ့။ အောင်ဂလီဆန်ပြီး အံချင်ကြပါပေါ့လို့ ဆိုတဲ့ ဆုံးဖြတ်ချက် ချပြီး လွတ်လမ်းကို လိုက်ကြရမယ်၊ သဘောကျကြပလား?။

ဒကာ ဒကာမတွေ အခု လက်ရှိ ခန္ဓာကြီးကိုဘဲ ကြည့်လိုက်ကြပါ၊ ဒီ ခန္ဓာကြီးဟာ ဘယ်သူတည်ထောင်တာလဲ? ဘယ်က လာတာလဲလို့ ကြည့်လိုက်တော့ ဪ—သူဟာ ဇာတိက တည်ထောင်လိုက်တာ၊ ဇာတိက လာတာဘဲလို့ သိကြရတယ်။ ဒီ ဇာတိကကော ဘယ်က လာတာလဲလို့ ဆိုပြန်တော့ ဇာတိဟာ နောက်ဘဝက ကံက လာတာဘဲဆိုတာ ရိပ်မိကြပြီ၊ ဒါကြောင့် ကမ္မဘဝပစ္စယာ ဇာတိ-တဲ့၊ ရှင်းကြရဲ့လား?။

အဲဒီတော့ ဒကာ ဒကာမတို့တတွေမှာ အခု- ဘယ်လို ဖြစ်နေကြသလဲ? ကံက ဇာတိကို လုပ်ပေးလိုက်တော့ ဇာတိနဲ့ တွဲရက် ဇရာလဲပါတယ်၊ ဗျာဓိလဲပါတယ်၊ မရဏလဲ ပါလာတယ်၊ ဒီလိုဆိုတော့ ဒီကံဟာ ဇာတိတွင်မက အခု ဒကာတို့ ရနေကြတဲ့ ဒုက္ခလေးချက်လုံးကိုဘဲ လုပ်ပေးမှာဘဲ ဆိုတာ သဘောပါကြရဲ့လား?။

ဒကာတို့ဟာဏ ဘုံဘဝလဲ လိုချင်တယ်၊ ဒီသားကိုလဲ ခင်မင်တယ်၊ ဟိုသမီးနဲ့လဲ မခွဲချင်ဘူးဆိုပြီး ကံတွေကို ထပ်လုပ်ကြ၊ ထပ်လုပ်ကြရင် ဒီဒုက္ခလေးချက်ကို ပြန်ရပြီး, ဒီလေးချက်နဲ့ အသက်ထွက်ရမှာချည့်ဘဲ ဆိုတာသာ မှတ်လိုက်ကြ၊ ကျေနပ်ပလား?။

နောက်နောက်တုန်းကလဲ ဒီဒုက္ခလေးချက်နဲ့ဘဲ အသက်ထွက်ခဲ့ရပေါင်း များလှပြီ၊ ရှေ့လဲ ဒီလေးချက်နဲ့ဘဲ အသက်

ထွက်ချင်သေးတယ်ဆိုရင်ဖြင့် ကံဆိုးမိုးမှောင်တော့ ကမ်းကုန်ပြီလို့သာ မှတ်လိုက်ကြတော့၊ ဒါ့ကြောင့် ဆရာဘုန်းကြီးက ဒါတွေကိုမြင်လို့ ဏယ်တင်ပေးနေတာဘဲဆိုတာ သိကြရမယ်၊ မဏယ်ရင်ဖြင့် ဒီ့ထက် ကိုယ်ကျိုးနဲတာတော့ မရှိဘူးလို့သာ မှတ်လိုက်ကြ။

ဒါကြောင့် အခု ဒကာ ဒကာမတွေကို ဆရာဘုန်းကြီးက အားထုတ်နည်းကို ပေးရပါလိမ့်မယ်၊ ဒီ ဒုက္ခတွေက ကျွတ်ဘို့ လွတ်ဘို့ နည်းလမ်းကို ပြပါတော့မယ်။ ဒီလိုဆိုတော့ ဒကာတို့က ကိုယ့်ကိုယ်ကိုလဲ သနားသောအားဖြင့် ဘုရားနဲ့ ဆရာသမားများကိုလဲ ယုံကြည်လေးစားသော အားဖြင့် ကြိုးစားပါတော့မယ်၊ လိုက်နာပါတော့မယ်၊ အမြန်ဆုံး အားထုတ်ပါတော့မယ် ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်ကြ။

ဒါနဲ့မှာ မလိုက်နာသေးဘူး၊ အားမထုတ်သေးဘူးဆိုရင် ဒီလို လူကို ဘယ်လိုများဆိုရမလဲ? ကိုယ့်ကိုယ်ကိုမှ သနားရမှန်း မသိတဲ့သူ။ ဘုရားနဲ့ ဆရာသမားကို မယုံကြည်တဲ့သူ၊ မလေးစားတဲ့ သူဘဲဆိုတာ ငြင်းနေဘို့ မရှိတော့ဘူး၊ ရိပ်မိကြပလား?။

ဒကာ ဒကာမတို့ ကိုယ့်ဒုက္ခကိုမှ ဒုက္ခမှန်း မသိတဲ့လူ၊ ကိုယ့်ကိုယ်ကိုမှ မသနားတဲ့ လူဆိုရင် ဒီလူဟာ လူစိတ်ရှိတဲ့လူမှ ဟုတ်ပါလေရဲ့လား? လူကောင်းမှ ဟုတ်ပါလေ့ရဲ့လား?လို့ မေးထိုက်, မမေးထိုက်၊ အလေးအနက် စဉ်းစားကြ။ ရှေ့ကို ဒီအတိုင်းသာ သွားနေရရင် လုံးဝ မကောင်းဘူး၊ အစလဲ မကောင်း, အလယ်မှာလဲ မကောင်း, အဆုံးမှာလဲ မကောင်းဘူး၊ မကောင်းတဲ့ ဒုက္ခချည့်ဘဲ တွေ့ရမယ်။

အခု လက်ရှိ ရထားတဲ့ ဘဝရဲ့ အစမှာ ဇာတိနဲ့ စခဲ့ကြရတယ်၊ ဇာတိဟာ ဘာသစ္စာလဲ?ဆိုတော့ ဒုက္ခသစ္စာပါတဲ့၊ ဗမာလို တည့်တည့်ပြောရင် စက်ဆုပ်စရာ အသုံးမကျတာ အမှန်ဘဲလို့ ပြောရမယ်၊ ဒီတော့ အစက စပြီး မကောင်းဘူးဆိုတာ သေချာကြပလား?။

ဒီ ဇာတိကိုကော ဘာ့ကြောင့် ရပါလိမ့်မလဲ? ဒီဇာတိဟာ ဘယ်ကလာတာလဲလို့ ဆန်းစစ်ကြည့်လိုက်တော့ ကမ္မဘဝပစ္စယာ ဇာတိ-တဲ့၊ ဒီဇာတိ ဒုက္ခသစ္စာကြီးဟာ ကမ္မဘဝက လာတယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား?၊ ဒီဇာတိဟာ ကမ္မဘဝက လာတာပါ၊ ကျေနပ်ကြပလား?။

အဲဒီတော့ကို ဒကာ ဒကာမတို့တတွေ ပြောဆိုနေကြတဲ့ စကားတခု ရှိပါတယ်၊ ဒုက္ခ သုက္ခတွေ အမျိုးမျိုး ရောက်ကြပလားဆိုရင် ပြောတတ် ဆိုတတ်ကြတယ်၊ "သြော်-ကိုယ့်အကြောင်းနဲ့ကိုယ်ဘဲ၊ ကိုယ်က မကောင်းလို့ အခုလို ဒုက္ခရောက်ရတာဘဲ"နဲ့ ပြောတဲ့အပြောမျိုးတွေ ပယ်ပစ်ကြ၊ ဒုက္ခတွေကို မိမိလုပ်တာ မဟုတ်ပါဘူး၊ ကံက လုပ်တာပါ၊ ရှင်းကြရဲ့လား?။

ဒကာ ဒကာမတွေ ဒုက္ခကို မိမိလုပ်တာမဟုတ်၊ ကံက လုပ်တာဘဲဆိုတာ အမှန်သိကြရမယ်၊ ဒါကိုသိရင် သိတာနဲ့ သဿတဒိဋ္ဌိ ပြုတ်ပြီ။

ဇာတိဟာ ကံကလာတယ်ဆိုတာ သိရတော့၊ ဒီကံကော ဘယ်ကလာတာလဲ? ဒီကံကို ဘယ်သူလုပ်သလဲ ဆိုပြန်တော့ ဘုံဘဝကို စွဲလမ်းတဲ့ ဥပါဒါန်က လာတယ်၊ စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်တော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါဘဲ၊ ရှင်းကြပလား?၊

ဒီဥပါဒါန်ကော ဘာ့ကြောင့်ဖြစ်သလဲ ဆိုတော့ တဏှာကြောင့်ဘဲ၊ ခင်မင်နှစ်သက်တဲ့ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်ရတယ်၊ ဒါကြောင့် တဏှာပစ္စယာ ဥပါဒါနံ-တဲ့။

ဒီ အဓိပ္ပါယ်ကိုသိရတော့ ဒကာ ဒကာမတွေ မှတ်လိုက်ကြပါ၊ တဏှာမပြတ်သမျှ ဥပါဒါန်ဘယ်တော့မှ မချုပ်တော့ဘူး၊ ဒါကြောင့် တဏှာပြတ်အောင်လုပ်ဘို့ အရေးဟာ အလွန်ကြီးတယ်ဆိုတာ ရိပ်မိကြပလား?။

ဒီတဏှာကော ဘယ်ကလာတုန်း? ဆိုတော့ ဝေဒနာကလာတယ်၊ ကောင်းတယ်ဆိုပြီး ခံစားတာက ဝေဒနာ၊ ဒါကို နှစ်သက်တာက တဏှာ၊ ကောင်းတာက ဝေဒနာ၊ ကြိုက်တာက တဏှာ၊ ဒကာ ဒကာမတွေ ပေါ်ပလား?၊ အကောင်းမှ ကြိုက်တာဆိုတဲ့ အချိန်မှာ ပေါ်တယ်၊ ပေါ်တဲ့ အချိန်မှာ သိလိုက်ဘို့ အရေးကြီးတယ်။ ပေါ်တဲ့နေရာမှာ ဖြစ်ပျက်ရှုပစ်ကြရမယ်။

ဝေဒနာပေါ်ရင် ပေါ်တဲ့ ဝေဒနာကို ဖြစ်ပျက်ရှုပစ်ရမယ်၊ ဒီလိုရှုနိုင်ရင် ဝေဒနာနောက်က တဏှာမဆက်တော့ဘူး၊ တဏှာချုပ်တယ်၊ တဏှာချုပ်တော့ "တဏှာနိရောဓော နိဗ္ဗာနံ" တဏှာချုပ်ရင် နိဗ္ဗာန်ရောက်တာဘဲ၊ ကျေနပ်ကြပလား?။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒုက္ခတွေ ချုပ်သွားတာဟာ ဘာ့ကြောင့်လဲ? ဘုရား ဒုက္ခချုပ်သွားတာဟာ ဝေဒနာကို ဖြစ်ပျက် ရှုလို့ဘဲ၊ ဝေဒနာကို ဖြစ်ပျက်ရှုလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသွားတော်မူတယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဘုရားဖြစ်တာ ဘယ်နေရာမှာလဲ? ဘုရားဟာ ဘယ်နေရာမှာ ဖြစ်သလဲ? ဆိုတော့ ဒကာ ဒကာမတွေ သေသေချာချာ မှတ်လိုက်ကြပါ၊ "ဝေဒနာနဲ့ တဏှာခြားမှာ ဘုရားဖြစ်တာဘဲ" လို့ မှတ်ထားလိုက်ကြ။ ဘုရား ကိလေသာတွေ ချုပ်တာဟာ ဝေဒနာနဲ့ တဏှာခြားမှာ ချုပ်တာပါ။

ဒကာတို့တတွေ သိကြတာက ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဖြစ်တာဘဲလို့ သိထားကြတယ်ဆိုတော့ ပြောင်းပြန်ကြီးဖြစ်နေပြီ၊ သေသေချာချာ စဉ်းစားကြည့်တော့ ဝေဒနာက တဏှာ မကူးခင် ဝေဒနာနဲ့ တဏှာခြားမှာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူတာပါ၊ သဘောပါကြပလား?။

သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်တာတွေလဲ ဒီဝေဒနာနဲ့ တဏှာ နှစ်ခုကြားမှာ ဖြစ်ကြတာချည့်ဘဲ ဆိုတာ မှတ်လိုက်ကြပါ၊ ဒကာ ဒကာမတို့ သိနေကြတဲ့ ဗောဓိပင်နဲ့ ရွှေပလ္လင် ဆိုတာက အမှန်တော့ ပန်းချီဆရာ ပုံဆွဲဖြစ်အောင် ပန်းချီကားချပ် ရေးဖြစ်အောင်လို့ ပြောရတာပါ၊ သဘောပါကြပလား?။

အမှန်ကတော့ ဝေဒနာနဲ့ တဏှာ ခြားမှာ ဉာဏ်နဲ့ သိတော်မူလို့ မြင်တော်မူလို့ ဘုရားဖြစ်တော်မူတာပါ၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလဲ သောတာပန် ဖြစ်ချင်ရင် အခု ဝေဒနာကို ဖြစ်ပျက်ရှုရမယ်၊ ဝေဒနာကို ဖြစ်ပျက်ရှုမှသာ ဖြစ်တော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချ။

အစောပိုင်းက ပြောခဲ့သလို ခန္ဓာမှာ ဝေဒနာသုံးပါးလှည့်ပေါ်မယ်၊ ပေါ်တဲ့အခါ ပေါ်တဲ့ဝေဒနာကို မလွှတ်စေနဲ့၊ ပေါ်လာတာကို ပေါ်တိုင်း ပေါ်တိုင်း, ပေါ်ပြီး ပျောက်,

ပျောက်သွားတာကို ဉာဏ်နဲ့မြင်အောင် ကြည့်ပေးရမယ်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, ဘာပေါ်ပေါ် ဖြစ်လာပြီး ပျက်သွား၊ ဖြစ်လာပြီး ပျက်သွားနဲ့ အဲဒီလို ဖြစ်ဖြစ်ပြီး, ပျက်ပျက်သွားတာကလေးကို မြင်အောင် ကြည့်ပေးရမယ်။

ဒကာ ဒကာမတွေ ကြည့်တတ်ကြပလား? ကြည့်တတ်အောင် ကြည့်ပေးကြ၊ အဲဒီလို ဝေဒနာကိုရှုနိုင်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ် ဖြစ်သွားတယ်၊ မဂ္ဂင်ငါးပါးရှိတဲ့ ဝိပဿနာ မဂ်ဖြစ်သွားတယ်။ အဲဒီလိုဆိုတော့ ဝေဒနာနောက်က တဏှာမလာဘူး၊ တဏှာနေရာမှာ ဝိပဿနာမဂ်က အစားထိုးလိုက်တယ်။ ရှင်းပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လောက် နေရာကျသွားသလဲ ဆိုတာ ရိပ်မိကြရဲ့လား? မိမိတို့ ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ်တွေက ရှိပြီးနေတယ်၊ အဲဒီလို မရှုနိုင်သမျှ ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်တော့မှ ပြတ်လမ်း မမြင်တော့ဘူး၊ ဘုရားပေးတဲ့ ဉာဏ်နဲ့ ဆရာဘုန်းကြီးက ညွှန်ကြားတဲ့အတိုင်း ဖြစ်ပျက် ရှုလိုက်တော့ မဂ်ဉာဏ်ကလေး ပေါ်လာတယ်။

သံသရာတလျှောက် လုံးမှာ ပေါ်နိုင်ဘို့ အင်မတန် ခဲယဉ်းတဲ့ ဝိပဿနာ မဂ်ဉာဏ်ကလေး ပေါ်လာတယ် ဆိုတော့ ဘယ်လောက်များ အားရှိဘို့ ကောင်းသလဲ ဆိုတာ ရိပ်မိကြရဲ့လား?၊ ဒီမဂ်ကလေး ပေါ်လာတာ တခြားနေရာမဟုတ်ဘူး၊ ဝေဒနာ ဖြစ်ပျက်နောက်က ပေါ်လာတာမို့ ဝေဒနာနဲ့ တဏှာခြားမှာ ပေါ်တာဘဲဆိုတာ သဘောပေါက်ကြပလား?။

ဥပမာဆိုရင် အစာတခုခုကို စားတဲ့အခါ စားလို့ကောင်းတယ်ဆိုတော့ သုခဝေဒနာ လာတယ်၊ အဲဒီအခါမှာ ဉာဏ်နဲ့ဖြစ်ပျက်ကိုရှု၊ ရှုလိုက်တော့ နောက်က တဏှာမလာဘူး၊ ဒကာဒကာမတွေ ဒီလို ရှုလိုက်နိုင်ရင် ဒီနေရာမှာ သောတာပန် တည်နိုင်တယ်ဆိုတာ ပြောလိုက်ပါတယ်၊ ကိုင်း, ကျေနပ်ကြပလား?၊ ဆရာဘုန်းကြီးက နည်းပေးထားပြီ၊ ဒါလဲဘဲ ဘုရားပွင့်မှ ရနိုင်တဲ့နည်းပါ၊ လွယ်လွယ် မအောက်မေ့ကြပါနဲ့။

အခု ဘုန်းကြီးတို့ ဒကာတွေ ရတဲ့အခွင့်အရေးဟာ နဲ့တဲ့အခွင့်အရေး မဟုတ်ပါဘူး၊ အင်မတန် ထူးခြား မြင့်မြတ်တဲ့ တန်ဘိုးမဖြတ်နိုင်တဲ့ အခွင့်အရေးပါဆိုတာ သိကြပြီး ကြိုးစားကြရမယ်၊ ရိပ်မိကြရဲ့လား? ဒါဖြင့် ကြိုးစားလိုက်ကြ။

အဲဒီတော့ ဒကာတို့ ခန္ဓာမှာ ဝေဒနာသုံးမျိုး လှည့်ပြီးပေါ်မယ်၊ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးကြ။ ဒကာ ဒကာမတို့ ဝေဒနာနောက်က ဘုရားဖြစ်တယ်ဆိုတာ သိရတော့ တဏှာထည့်မနေနဲ့၊ တဏှာမလာစေနဲ့၊ ဝေဒနာပေါ်တိုင်း မလွတ်အောင် ကြိုးစားရှုပေးကြ၊ အဲဒီလို ရှုနိုင်ရင် လေးမဂ် လေးဖိုလ် ပေါ်မယ်လို့သာမှတ်ကြတော့။

ခန္ဓာမှာ ဝေဒနာပေါ်တိုင်း ကြည့်လိုက်နိုင်ရင် အလွန်မကြာပါဘူး၊ ဝေဒနာပေါ်တဲ့အခါမှာ၊ ဩော်....သူက ဖြစ်ပြီးပျက်တာဘဲကိုး”လို့သိလိုက်နိုင်ရင် ထမင်းစားရင်လဲ သောတာပန် တည်နိုင်တယ် ဆိုတာ ဆုံးဖြတ်ချက်ချပြီး ကြိုးစားကြပါ၊ ဘုရားဖြစ်တာ ဝေဒနာ့နောက်က ဖြစ်တာပါ။

ဒကာဒကာမတွေ ပဋိစ္စသမုပ္ပါဒ်ကို ရှေ့ဆက်ပြီးကြည့်ကြအုံးဗို့၊ ဝေဒနာကလေးတွေ ပေါ်တယ်ဆိုတော့ ဒီဝေဒနာတွေ

ကော ဘယ်ကလာဒါလဲ?လို့စစ်ကြည့်လိုက်ပါ၊ "ဖဿပစ္စယာ ဝေဒနာ"ဆိုတော့ ဝေဒနာဟာ ဖဿက လာတာဘဲဆိုတာ သိကြရပြီ။ ဒီ ဖဿကောဆိုပြန်တော့ သဠာယတနက လာပါ တယ်၊ ဒါကြောင့် သဠာယတနပစ္စယာ ဖဿော-တဲ့၊ ရှင်း ကြပလား?။

သဠာယတနရဲ့လက်သယ်ကို ရှာပါအုံးဆိုတော့ နာမရူပ ပစ္စယာ သဠာယတနံ-လို့ဆိုထားတော့ သူဟာ နာမ်ရုပ်ကြောင့် ပေါ်လာတာဘဲဆိုတာ ထင်ရှားပလား?၊ ကိုင်း ဒါဖြင့် ဒီနာမ် ရုပ်ကော ဆိုပြန်တော့ ဝိညာဏ်ကြောင့်ဖြစ်တာဆိုတာ"ဝိညာဏ ပစ္စယာ နာမရူပံ"လို့လာတယ်မဟုတ်လား။ ဒကာဒကာမတွေ ရှင်းလင်းသွားကြပြီ။

ဒီဝိညာဏ်ကကော အကြောင်းမရှိလား? ဆိုပြန်တော့ သင်္ခါရပစ္စယာ ဝိညာဏံ-တဲ့၊ ဝိညာဏ်ဟာ သင်္ခါရကြောင့် ဖြစ်တာဘဲ။ ဒီသင်္ခါရကကော ဘာ့ကြောင့်ဖြစ်ရတာလဲ လို့ ဆန်းစစ်ပြန်တော့ သင်္ခါရဟာ အဝိဇ္ဇာကြောင့်ဖြစ်တာဘဲ၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" လို့ ဟောတော်မူတယ်ဆို တာ အားလုံး သိထားကြပါပြီ။

အဲဒီတော့ကို ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ ဒီခန္ဓာ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတွေကို ဆရာသမားအကူအညီ နဲ့ ရှင်းရှင်းလင်းလင်းကြီး သိကြရပြီ၊ ဒီအထဲမှာ ဝိညာဏ်, နာမ် ရုပ်, သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ ငါးခု အခုပစ္စုပ္ပန်မှာ ပေါ်နိုင်တယ်ဆိုတာ မှတ်ကြရမယ်။

ဒါကြောင့် ရှုတဲ့အခါမှာ အဝိဇ္ဇာ, သင်္ခါရတို့ကို မရှုရဘူး၊ သူတို့ကို မရှုကြနဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ အဝိဇ္ဇာ, သင်္ခါရဲ

တို့က အတိတ်ဘဝဖြစ်နေကြလို့ဘဲ၊ လွန်ခဲ့ပြီးတဲ့ တရားတွေ ဖြစ်နေလို့ ရှာဘို့မလိုတော့ဘူးဆိုတာ မှတ်ထားကြ။

ကျန်တဲ့ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ, ဒီငါးခုဘဲရှာကြ၊ ဒီငါးခုက အခု ပစ္စုပ္ပန်မှာ ပေါ်နိုင်တာ၊ ရှင်းကြရဲ့လား?၊ရှာတတ်ကြပလား? ဒီငါးခုနောက်က မဂ်ကလေး လိုက်ပေးရမယ်။ ဒီငါးခုကိုပေါင်းလိုက်တော့ ခန္ဓာငါးပါးဘဲ ရတယ်။

ဒကာဒကာမတွေ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရသာ တန်းပြီးပြထားတာပါ၊အမှန်စင်စစ်ကခန္ဓာငါးပါးဘဲရှိပါတယ်၊ ဒီငါးခုထဲလဲ အများမလိုဘူး၊ တခုခုကိုရှုရင် ကိစ္စပြီးနိုင်တယ် ဆိုတာ သိထားကြရမယ်၊ သဘောပါကြပလား?။

ဝိပဿနာ ရှုတဲ့ နေရာမှာ ခန္ဓာငါးပါး ရှိတဲ့အနက်က ငါးပါးလုံးရှုနေဘို့မလိုပါဘူး၊တပါးပါးကို ရှုရင်ပြီးစီးနိုင်တယ်၊ ဥပမာဆိုရင် တုတ်(ဒုတ်)လေးချောင်းကို အဖျားချင်းတေ့ပြီး ထောင်ထား၊ ဒီအဖျားထိပ်မှာ အရာဝတ္ထုတခုခုကိုတင်ပြီးထား၊ အဲဒီလို ထားပြီးမှ အောက်က တုတ်တချောင်းကို ဖြုတ်ချလိုက် ရင်၊ ကျန်တဲ့တုတ်သုံးချောင်းလဲ,လဲကျမယ်၊ အပေါ်က တင် ထားတဲ့ အရာဝတ္ထုလဲ ပြုတ်ကျမှာဘဲ။

ဒီ ဥပမာအတိုင်းပါဘဲ၊ ခန္ဓာငါးခုထဲက ရုပ်ကြိုက်ရင် ရုပ်ကိုရှု၊ ဝေနာကြိုက်ရင် ဝေဒနာကိုရှု၊ စိတ်ကိုကြိုက်လဲ စိတ်ကို ရှု၊ ကြိုက်တာတခုခုကို ရှုရမယ်၊ တခုကို ရှုရင် ကျန်တာတွေ အကုန်ပျက်ကျတာဘဲ၊ ဒါကြောင့် တခုခုရှုရင်ပြီးတယ်၊ပဉ္စက္ခန္ဓာ အနိစ္စာဘဲ၊ ရှင်းကြပလား?၊ ငါးပါးလုံးဆိုရင် ဉာဏ်မငံ့နိုင်ဘူး၊

တပါးကို ရှုရင်ပြီးတယ်၊ တပါးကိုရှုရင် အကုန်ပါတယ်ဆိုတာ မှတ်လိုက်ကြ။

ပဋိစ္စသမုပ္ပါဒ်နဲ့ဆိုတော့ ငါးပါးရှိတယ်၊ ခန္ဓာနဲ့ ဝေဘန်တော့လဲ ငါးပါးဘဲရတယ်၊ ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ နာမ်ရုပ်ထဲမှာ နာမ်တွေကသညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ နှစ်ပါး၊ ရုပ်တွေက ရူပက္ခန္ဓာ၊ သဠာယတနကလဲ ရူပက္ခန္ဓာ၊ ဖဿ က သင်္ခါရက္ခန္ဓာ၊ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ ရိပ်မိကြပလား?။

ဒါတွေဟာ အာယတနဆိုလဲဟုတ်၊ ဓာတ်ဆိုလဲ ဟုတ်တာဘဲ၊ ဒုက္ခသစ္စာဆိုလဲ ဟုတ်တာဘဲ၊ဒကာဒကာမတွေ သဘောပါကြပလား?၊ ရှုကော ရှုတတ်ကြပလား? ရှုတတ်အောင် ပြောပေးဘို့က ဆရာသမားအရေး၊ မပျက်မကွက် ရှုကြဘို့က ဒကာဒကာမတို့အရေး၊ ကိုယ့်အရေးကို ကိုယ်ရေးကြရမယ်၊ ကိလေသာ ကုန်ဘို့က ရှုရင်ကုန်တာဘဲ။

ခန္ဓာငါးပါး, ဘာဖြစ်ဖြစ်, တပါးပါးကဲတော့ ပေါ်နေကျဘဲ၊ ပေါ်နေမှာဘဲ၊ ဝေဒနာသုံးပါး ပေါ်ရာလိုက်ရှုရင် ရှု၊ ကောင်းတဲ့ဝေဒနာ၊ ယားတယ်, နာတယ်ဆိုတဲ့ဝေဒနာ၊ အသင့်အတင့်ဆိုတာရယ် တခုမရှိ, တခုရှိ, တခုခုကတော့ ပေါ်မှာဘဲ၊ ဘာဖြစ်ဖြစ် ရှုပစ်၊ ဖြစ်ပျက်မြင်ဘို့ဟာ အရေးအကြီးဆုံးဘဲ၊ ကိုင်း,ရှင်းကြပလား? ဒါဆို ရှုတတ်ရောပေါ့။

ဒကာဒကာမတွေ ရှုတတ်အောင်ရှုကြ၊ ရှုရင် ဝေဒနာနောက်က တဏှာ, ဥပါဒါန် ကံတွေ အကုန်ပြတ်တယ်၊ ရှုရင် အကုန်ပြတ်ပါတယ်၊ စိတ်ရှုတော့လဲ ဝိညာဏ်နောက်က အကုန်ပြတ်တယ်ဆိုလဲ ဟုတ်တာဘဲ၊ ဘာကိုဘဲရှုရှု တခုထဲကို မိမိရရ လမ်းဆုံးကျအောင် ရှုရမယ်ဆိုတာ မှတ်ထားကြ။

သံယုတ်ပါဠိတော်မှာ "နင်္ဂလာပိ" သုတ်ဆိုတာရှိတယ်၊ အဲဒီသုတ်မှာ လာတဲ့အတိုင်း တခုကိုရှုရင် အကုန်ပြီးတယ် ဆိုတဲ့ အကြောင်း ဥပမာစကားကို အထက်က ပြောခဲ့ပြီးပြီ၊ ဒကာဒကာမတွေ သဘောပါကြပလား?၊ကိုင်း,ဒါဖြင့် မနေ့က ပြောခဲ့တဲ့တရားကို အခုဆက်ပြီးပြောကြအုံးစို့။

ဒကာဒကာမတို့ မနေ့ကပြောခဲ့တဲ့တရားမှာ အစေလက ကဿပ,က မေးလို့ ဘုရားက အဖြေပေးတဲ့အကြောင်းကိုပြောခဲ့ပြီးပြီ။ ဒီကနေ့ နဲနဲထပ်ရှင်းပြီး ပြောပါအုံးမယ်၊ အစေလက,က "ဒုက္ခကိုမိမိပြုတာလား" လို့မေးတော့ဘုရားက "မဟုတ်ဘူး" လို့ အဖြေပေးလိုက်တယ်၊ မှတ်မိကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုက္ခကို မိမိပြုတာ မဟုတ်ဘူးဆိုတဲ့အချက်ဟာ ဉာဏ်ထဲမှာ သေချာကြပြီ၊ ဒုက္ခဟာ အဝိဇ္ဇာ တဏှာ, ကံဆိုတဲ့ အကြောင်းတွေက ပြုတာဘဲလို့ ဉာဏ်ထဲမှာ ရှင်းနေကြပြီးပဋိစ္စသမုပ္ပါဒ်တန်းနေတာသိခြင်းအားဖြင့် လဲမိမိပြုတာမဟုတ်ပါလားဆိုတာကို ဆုံးဖြတ်ချက်ချနိုင်ကြပြီ။

ဒါဖြင့် ဒုက္ခဟာ သူတပါးပြုတာလားလို့ မေးပြန်တော့ မဟုတ်ဘူးလို့ဘဲဖြေလိုက်တယ်၊ ဒါဖြင့် ဒုက္ခကို မိမိ,သူတပါးက နှစ်ဦးသား ပြုတာလားလို့ မေးပြန်ပါတယ်၊ ဒကာဒကာမတွေ ကတော့ ဒီဉာဏ်ကိုရနေကြပြီ၊ဝိညာဏ်, နာမ်ရုပ်စတဲ့အကြောင်း တရား,အကျိုးတရားဒုက္ခတွေ၊ ဇာတိစတဲ့ ဒုက္ခတွေ၊ဒါတွေဟာ အကြောင်းကြောင့်ဖြစ်တဲ့တရားတွေဘဲ၊ သူ့အကြောင်းကြောင့် သူ့အကျိုး၊ အကြောင်းအကျိုး အဆက်ဆက်ဘဲရှိတယ်၊ ငါ, သူတပါးဆိုတာ မပါဘူး။ ရိပ်မိကြပလား? ဘယ်သူကမှ ပြုလုပ်တာ မဟုတ်ဘူး။

နောက်တခါ ဒုက္ခဟာ အလိုလိုဖြစ်တာလား လို့ မေး ပြန်တော့လဲ မဟုတ်ဘူးလို့ဖြေတာဘဲ၊ ဒကာ-ဒကာမတွေကို မေးရင်လဲဒီအတိုင်း ဖြေကြမှာဘဲမဟုတ်လား? ဟုတ်ပါတယ် ဆိုတော့ ဒကာ ဒကာမတို့ ဝမ်းထဲမှာ ဘုရားဉာဏ်, ဆရာ သမားဉာဏ်ရောက်နေပြီ၊ ဒီဉာဏ်တွေ ဝမ်းထဲရောက်ရင် ဖြေနိုင် ပြီဆိုတာ မှတ်ကြတော့၊ ရိပ်မိကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီဉာဏ်ကို ရတာဟာ သာမညလို့မျာ: မအောက်မေ့လိုက်ကြပါနဲ့။ ဒီဉာဏ်ရလို့ ဒီ အဖြေကို အမှန်အကန်သိတဲ့အတွက် အပါယ်လေးပါး တံခါး ပိတ်ပါပြီဆိုတာ မှတ်ကြရမယ်။ မိမိပြုတာ မဟုတ်မှန်းသိတော့ "မိမိပြုလို့ မိမိဒုက္ခရောက်ရတယ်" ဆိုတဲ့ အယူအစွဲပြုတ်တဲ့ အတွက် သဿတ ဒိဋ္ဌိ ပြုတ်တာဘဲ၊ ကျေနပ်ပလား?။

ဒုက္ခကို မိမိပြုတာလဲမဟုတ်၊ သူတပါးပြုတာလဲမဟုတ်ဘူး၊ အကြောင်းပြုတာဘဲ၊ အကြောင်းကြောင့် ဖြစ်တဲ့အကျိုးဒုက္ခ တရားဘဲလို့သိပြီး, သဿတလဲစင်, ဉစ္ဆေဒလဲစင်၊ငါ,သူတပါး မဟုတ် မှန်းသိတဲ့အတွက် သက္ကာယဒိဋ္ဌိလဲ စင်တယ်၊ အဲဒီလို စင်တော့ အပါယ်တံခါး ပိတ်သွားတယ်ဆိုတာ သဘောကျ ကြပလား?။

ဒီဉာဏ်က သဿတ စတဲ့ ဒိဋ္ဌိတွေကို ပယ်နိုင်တယ် ဆိုတာ မှတ်ကြရမယ်၊ ဒီအတိုင်းသာ ဉာဏ်ထဲမှာ ရှင်းနေရင် အပါယ် လေးပါးကို မကျရတော့ဘူးလို့ သေသေချာချာ မှတ်လိုက်ကြ။ အဝိဇ္ဇာ, တဏှာ, ကံဆိုတဲ့ အကြောင်းကြောင့် ဖြစ်တာဘဲလို့ ဉာဏ်ထဲမှာ ရှင်းနေရမယ်။

ဒကာဒကာမတို့ ဒုက္ခကို သူတပါးပြုတာလွှားဆိုပြန်တော့လဲ ဟုတ်ပါ့ရဲ့လား?မဟုတ်ဘူးတဲ့၊အဝိဇ္ဇာ,တဏှာ, ကံတွေက လုပ်တာမို့ သူတပါးပြုတာလဲမဟုတ်ပါဘူး။ မိမိ, သူတပါး,နှစ်ဦးသားပြုတာလားလို့ ဆိုပြန်တော့ကောဝိညာဏ်စတဲ့အကြောင်းတွေ အဆက်ဆက်ကြောင့် ဖြစ်တာပါ၊ အဲဒီလိုသိရတော့ဥစ္ဆေဒဒိဋ္ဌိလဲစင်ပါတယ်၊ ဥစ္ဆေဒမရှိနိုင်တော့ဘူး၊သဘောပါပလား?။

ဒုက္ခဟာ အလိုလိုဖြစ်တာလား ဆိုပြန်တော့ မဟုတ်ဘူး၊ အဝိဇ္ဇာ, တဏှာ, ကံတို့ကြောင့် ဖြစ်တာဘဲလို့ သိတဲ့အတွက် အဟေတုကလဲ စင်တယ်၊ ရှင်းကြပလား?၊ ဒုက္ခကို မိမိပြုတယ် ယူရင် သဿတဒိဋ္ဌိ၊ သူတပါးပြုတယ် ယူရင် ဥစ္ဆေဒ၊ အလိုလို ဖြစ်တယ် ယူရင် အဟေတုက ဒိဋ္ဌိဘဲ၊ အခု ဒါတွေအကုန် စင်သွားပြီ။

ဒကာဒကာမတွေ ရှေ့ဆက်ပါဦး၊ဒါဖြင့် ဒုက္ခမရှိဘူးလား လို့ မေးတယ်ဆိုတော့ ဘယ်လို ဖြေကြမတုံး?ဒုက္ခဟာ ရှိပါတယ်၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏစတဲ့ ဒုက္ခတွေကို ကိုယ်ပိုင်လက်ရှိနဲ့မှုရှိတယ်ဆိုတာ ဖြေရမှာဘဲ၊ သဘောကြပလား?၊ အဲ, သဘောပြီဆိုတော့ မဂ်ဉာဏ်ပါဘဲ၊ ဒီ ဉာဏ်ကိုရတာ ဒုက္ခကို သိတဲ့ ဉာဏ်မို့ မဂ္ဂသစ္စာဘဲဆိုတာဆုံးဖြတ်ချက်ချကြ။ဒီဉာဏ်က ဒိဋ္ဌိတွေကို အကုန်ခွါပစ်ပြီး သိတဲ့ဉာဏ်ဘဲ။

ဒကာဒကာမတို့ ခန္ဓာမှာ အမှန်ရှိတာက ဒုက္ခသစ္စာ၊ ဒါကို သိတဲ့ဉာဏ်က မဂ္ဂသစ္စာ'ရှင်းကြပလား? ရှိတာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာဘဲ။ဒကာဒကာမတွေ ဒီတရားဟာသဘောပျော်တဲ့ တရားဘဲဆိုတာရိပ်မိကြရဲ့လား?၊ အသိနဲ့ဘဲအပါယ်လွတ်ပါပြီ၊ ဒီထဲမှာ ပုဂ္ဂိုလ်,သတ္တဝါ မပါတာကို သိလို့လဲ သက္ကာယဒိဋ္ဌိပြုတ်

နေပြီ၊ ဆရာဘုန်းကြီးက အင်မတန်မှဘဲ ဝမ်းသာပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ အပါယ်လွတ်လို့ဘဲ။

ကိုင်း, ဒါနဲ့ ရှေ့ဆက်ပါအုံးဆိုတော့ အစေလက ကဿပဏ၊ မေးပါတယ်၊ အရှင်ဂေါတမ၊ ဒါဖြင့် အရှင်ဟာ ဒုက္ခကို မသိဘူးလား?”ဒီတော့ ဘုရားက “ဒုက္ခသိပါတယ်ကွာ” ဆိုပြီး ဒုက္ခရှိတဲ့ခန္ဓာပဋိစ္စသမုပ္ပါဒ်ကိုလက်ညှိုးညွှန်ပြီး ဖြေလိုက်ပါတယ်၊ ဒီနေရာမှာ ဘုန်းကြီးတို့ ဒကာဒကာမတွေအတွက်မှာဖြင့် အသိဉာဏ် ရှင်းနေကြပြီ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပြထားလို့ မှားတာ မှန်တာကို သိမြင်နေကြပြီ။ သဘောကျကြပလား?။

မှားတာကို မှားမှန်းသိရင်, မှန်တာကိုလဲ မှန်မှန်းသိရင် သမ္မာဒိဋ္ဌိဘဲ၊ အခုဒကာဒကာမတွေမှာ မှားတာကို မှားမှန်းလဲ သိနေကြပြီ၊ မှန်တာကိုလဲ မှန်တာမှန်း သိနေကြပြီဖြစ်လို့ သမ္မာဒိဋ္ဌိဉာဏ် ရကြပြီဆိုတာ မှတ်လိုက်ကြ။ ဥပမာအားဖြင့် ဆိုရင် ထင်းခုတ်စဉ်အခါမှာ၊ ဆူးစတဲ့ အခက်အတက်တွေကို ရှင်းလင်းသုတ်သင်ပြီး ခုတ်လို့ဖြတ်တောက်လို့ သပ်သပ်ရပ်ရပ်နဲ့ ယူဆောင်သွားတတ်တာလို၊ အမှားကိုပယ်ပြီး,အမှန်ကို သိမြင်သောကြောင့်သမ္မာဒိဋ္ဌိဖြစ်တယ်ဆိုတာမှတ်ကြ၊ရှင်းကြပလား?။

ဒကာဒကာမတို့ အမှားပယ်ခြင်းကြောင့် အပါယ်တံခါး ပိတ်တယ်၊အမှန်သိမြင်ခြင်းကြောင့်နိဗ္ဗာန်တံခါးပွင့်တယ်၊နေရာ မကျပါလား?၊ ထင်းခုတ်သမားဟာဆူးငြောင့် ခလုပ်တွေခုတ်, ရှင်းပြီး တောထဲမှာဘဲ ထားပစ်ခဲ့တယ်၊ ကောင်းတဲ့ ထင်းသား ကိုသာ ယူဆောင်လာခဲ့သလိုဘဲ ဆိုတာ မှတ်ကြဘို့ဘဲ။ ဒါက ဥပရိပဏ္ဏာသပါဠိတော်မှာလာတဲ့ စကားဘဲ၊ဥပမာကို ဘုန်းကြီး က, ထည့်ပြောပေးတာပါ။

အသုံးချစရာလဲ သိ၊ အသုံးချလို့မဖြစ်တာလဲ သိ၊ အဲဒီလို သိတာဟာ သမ္မာဒိဋ္ဌိအသိဘဲဆိုတာ သဘောပါကြပလား? သမ္မာဒိဋ္ဌိဉာဏ်က မလိုတာကို ပယ်ပြီး, လိုတာကို ယူတယ်၊ သူက ဆူးကိုလဲ ဖြင်ပစ်တယ်၊ ထင်းလဲပါတယ်၊ ကျေနပ်ကြပလား?။

ဒကာဒကာမတွေ ဇာတိ, ဇရာ, ဗျာဓိ, မရဏတွေဟာ ဒုက္ခသစ္စာဆိုတာကို သိကြပြီ၊ ဒါတွေကို မိမိပြုတာလား? ဆိုတော့ မဟုတ်ဘူးတဲ့၊ ဒါကိုသိတဲ့ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်က အဝိဇ္ဇာ, တဏှာ, ကံတို့က ပြုတာဘဲလို့ သိမြင်တယ်၊ ဒီ သမ္မာဒိဋ္ဌိက ဒီလိုသိမြင်ပြီး,မိမိပြုတယ်လို့ ထင်မြင်နေတဲ့မိစ္ဆာဒိဋ္ဌိကိုလဲ ဖြုတ်ချလိုက်တယ်၊ ရှင်းပလား? ဒုက္ခကို အမှန်မြင်တာလဲ သမ္မာဒိဋ္ဌိဘဲ၊ မိစ္ဆာဒိဋ္ဌိကို ပယ်တာလဲ သမ္မာဒိဋ္ဌိဘဲ၊ နိဗ္ဗာန်ကို မြင်တာလဲ သမ္မာဒိဋ္ဌိဘဲ။

သူတပါးပြုတာလားဆိုတော့ သူတပါးပြုတာ မဟုတ်ဘူးလို့ သိတဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်တယ်။ သမ္မာဒိဋ္ဌိဖြစ်တော့ ဒီဉာဏ်က မလိုတာကိုပယ်ပြီး, လိုတာကိုယူတယ်။ ဆူးလဲဖြင်တယ်, ထင်းလဲပါအောင် ယူတယ်ဆိုတာ သဘောကျပလား? ဒါဖြင့် နှစ်ဦးသား ပြုတာလားဆိုပြန်တော့ မဟုတ်ဘူးဆိုတာသိတဲ့ အတွက် သဿတလဲ ပယ်, ဥစ္ဆေဒလဲ ပယ်ပြီး သွားပြီ။ အဝိဇ္ဇာစတဲ့အကြောင်းတွေကြောင့် ဖြစ်တာဘဲဆိုတော့ သမ္မာဒိဋ္ဌိ ဖြစ်နေပြီ၊အဲဒီတော့ ဒိဋ္ဌိတွေကိုပယ်ပစ်လိုက်တယ်၊ရှင်းပလား?။

နောက်တခါ ဒုက္ခဟာ အလိုလိုဖြစ်တာလား ဆိုတော့ မဟုတ်ဘူးဆိုတာ သိတဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်တယ်၊သူက အဝိဇ္ဇာ တဏှာ, ကံကြောင့် ဖြစ်တာဘဲလို့သိတယ်၊ ဒီလိုသိတော့ သမ္မာ

ဒိဋ္ဌိဘဲ၊ ဒီသမ္မာဒိဋ္ဌိရဲ့ သတ္တိက အဲဟေတုဇာ ဒိဋ္ဌိကိုလဲပယ်တယ်၊ သစ္စာ၄ကိုလဲ မြင်တယ်၊ ဒကာဒကာမတွေ အလွန်အဘိုးတန်တဲ့ အသိဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ။

နောက်တချက်က "ဒါဖြင့် ရှင်ကြီးဂေါတမ၊ ဒုက္ခမရှိဘူး လား"လို့ မေးတော့၊ "ဒုက္ခရှိတယ်"လို့ ဖြေတယ်၊ ဒကာ ဒကာမတွေက ဇာတိစတဲ့ ဒုက္ခတွေရှိတာကို သိနေကြပြီ၊ အဲဒီ အသိဟာ သစ္စာသိတဲ့ အသိဘဲ၊ ဒီလိုသိတော့ အဝိဇ္ဇာချုပ်ပြီး, ဝိဇ္ဇာပေါ်လာတယ်။ ကျေနပ်ပလား?။

ဒါဖြင့် ဒုက္ခကိုမသိဘူးလားလို့ ဆိုတော့၊ သိပါတယ်တဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခဆိုတဲ့ ဒီဒုက္ခတွေကို မသိကြဘူးလား?သိကြ ပါတယ်၊ အဲဒီအသိက မိစ္ဆာဒိဋ္ဌိကို ပယ်ပြီး, သမ္မာဒိဋ္ဌိ ဖြစ်တယ်၊ သစ္စာကို သိတယ်ဆိုတာဟာ ဒီသမ္မာဒိဋ္ဌိပါဘဲ၊ရိပ်မိကြပလား?။

အဲဒီလို သမ္မာဒိဋ္ဌိဖြစ်တဲ့ ဝိဇ္ဇာဉာဏ်ကို ရမှတော့၊ မဂ်ကို ရမလား?မရဘူးလား ဆိုတာ စဉ်းစားဘို့ကို မလိုတော့ဘူး၊ ဒကာ ဒကာမတွေ မဂ်ဉာဏ်ကိုဖြင့် မုချရတော့မှာ မလွဲဘူးလို့ သာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ကျေနပ်ပလား?။

အစေလက ကဿပ,က ဘုရားကိုယ်တော်မြတ်ကြီးထံမှာ ကုပ်ပြီး ဒီအဓိပ္ပါယ်တွေကို ရှင်းလင်းပြောပြပါလို့ တောင်းပန် တဲ့ အခါမှာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီ-အခု ရှင်းလင်း ပြီး ပြောပြခဲ့တဲ့ အဓိပ္ပါယ်အတိုင်း ရှင်းလင်းပြီး ဟောပြတော် မူလိုက်တယ်ဆိုတာ မှတ်ကြရမယ်၊ သဘောပါကြပလား?။

ဒကာတို့တတွေ ဒါကို အခု သိကြပြီ၊ ဆရာသမား အကူ အညီနဲ့ ဉာဏ်ထဲမှာ ရှင်းနေကြပြီ၊ ဒါက အသိနဲ့ ဖြုတ်တာ၊

အသိနဲ့ ဒိဋ္ဌိပြုတ်တဲ့ ဉာဏပရိညာဘဲလို့ မှတ်ကြရမယ်။ အခုက စပြီး, အပ္ပါးနဲ့ ဖြုတ်ကြရတော့မယ်။ အခုဟာက အပါယ်မကျ ရုံဘဲရှိတယ်၊ အပ္ပါးနဲ့ပြုတ်မှ သောတာပန်တည်မယ်။ အပ္ပါးဇာ တိရဏပရိညာ၊ သောတာပန်တည်တော့ ပဟာနပရိညာ၊ အဲဒီ ကျမှ စိတ်ချရမယ်၊ ရှင်းပလား?။

အခုအချိန်ကစပြီး အပ္ပါးနဲ့ ဖြုတ်တဲ့နည်း ပြောရတော့ မယ်၊ ဒကာ ဒကာမတွေ သိကြပြီးတဲ့အတိုင်း ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ,ဆိုတဲ့ ငါးခုကို ခန္ဓာဖွဲ့ရင် ငါးပါးဘဲ ရတယ်၊ ခန္ဓာဖွဲ့ရင် ငါးပါးတဲ့၊ အဲဒီ ငါးပါးဟာ တပါးဖြစ်ရင် အကုန်ပါတယ်၊ တပါးပျက်ရင် အကုန်ပျက်တယ် ဆိုတာကိုလဲ မှတ်ထားကြရမယ်၊ ဒကာ ဒကာမတို့ သန္တာန်မှာ ခန္ဓာငါးပါး ပါတယ်၊ ခုနကပြောတဲ့ ဝိညာဏ်စတဲ့ ခန္ဓာငါးခု လုံး အပြည့်အစုံ ရှိနေတယ်ဆိုတာလဲ သိထားကြရမယ်။

ဒကာ ဒကာမတို့ ခန္ဓာငါးပါး ဆိုတာလဲ ဒကာ ဒကာမတို့ သန္တာန်မှာဘဲ၊ ဝိညာဏ်, နာမ်ရုပ်စတဲ့ ငါးပါးဇာလဲ ဒကာ ဒကာမတို့ သန္တာန်မှာဘဲ ရှိတယ်၊ အဲဒီလို ရှိတဲ့အထဲက ငါးပါး လုံးမလိုဘူး၊ အများမလိုဘူး၊ တပါးဘဲ ရှုဘို့လိုတယ်ဆိုတာ ရှေးဦးစွာ မှတ်ထားလိုက်ကြပါ။ စောစောပိုင်းက ပြောခဲ့တဲ့ ဥပမာအတိုင်းဘဲ၊ တချောင်းဆွဲရင် အကုန်လဲတယ် ဆိုတာလို တခုကိုရှုရင် အကုန်ပါတယ်ဆိုတာ မှတ်ကြ။

စောစောက ပြောခဲ့သလို ဝေဒနာသုံးပါးကို လှည့်ရှုတယ် ဆိုပါစို့၊ ဥပမာ-ခန္ဓာမှာ ယားတဲ့သဘောကလေး ပေါ်လာ တယ်ဆိုတော့ ဒီ ယားယံတဲ့ဝေဒနာကလေးကို ဉာဏ်နဲ့စိုက်ကြည့် တော့၊ ယားပြီး မရှိတော့ဘူးဆိုတာ တွေ့ရမယ်။ အဲဒီမှာ

ယားတဲ့ ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ် ဖြစ်သွားတယ်၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့ အဲဒီအချိန်မှာ ယားယံတဲ့ ဒုက္ခဝေဒနာကလေးက ဝေဒနာက္ခန္ဓာ၊ ယားတာကိုသိတဲ့ စိတ်က ဝိညာဏက္ခန္ဓာ၊ မှတ်သားတဲ့ သဘောက သညာက္ခန္ဓာ၊ မှတ်မယ် ရှုမယ်လို့ အားထုတ်တဲ့သဘောက သင်္ခါရက္ခန္ဓာ၊ ဆာဟာဇာတရုပ်တွေက ရူပက္ခန္ဓာ အဲဒီအချိန်မှာ ခန္ဓာငါးခု တပြိုင်ထဲ ပါတယ်၊ ဝေဒနာတခုကို ဖြစ်ပျက်ရှုတဲ့ အချိန်မှာ အားလုံး ပျက်ကြတာဘဲဆိုတာ မှတ်ကြ။ သဘောပါကြပလား?။

ဒါ့ကြောင့် အများမလိုဘူး၊ တပါးဘဲလိုတယ်ဆိုတာ ရိပ်မိကြပလား?၊ ဥပမာ-စိတ်ကို ရှုတယ်ဆိုတော့ အိမ်ကအကြောင်း တခုခုကို တွေးလိုက်တော့ တွေးကြံစိတ်ကလေး ပေါ်လာတယ်၊ အဲဒီ စိတ်ကလေးကို နောက်ကဉာဏ်နဲ့ ရှိ,မရှိ အကဲခတ်လိုက်၊ ခတ်လိုက်တော့ ဒီတွေးစိတ်ကို မရှိတော့တာကို တွေ့ရမယ်၊ အဲဒီမှာ တွေးကြံစိတ်က ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဘဲ။

အဲဒီလို ရှုလိုက်တော့ နောက်က လာမယ့်တဏှာ, ဥပါဒါန်, ကံတွေလဲ မလာနိုင်ဘူး၊ အကုန်ချုပ်သွားတယ်၊ တနည်းအားဖြင့်လဲ ဝိဇ္ဇာဉာဏ်လေး ဝင်လာလိုက်တော့ အဲဒီနေရာမှာ အဝိဇ္ဇာ ချုပ်တယ်၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရချုပ် ဆိုသလို အကုန်ချုပ်တော့တာဘဲ၊ ကျေနပ်ကြပလား?။

အခု ဒီနေရာမှာ ပေါ်လာတဲ့စိတ်လေး ဖြစ်ပြီး ပျက်သွားပါကလားလို့ သိလိုက်တဲ့အတွက် မသိတဲ့ အဝိဇ္ဇာ ချုပ်ပြီး, ဝိဇ္ဇာဝင်လာတယ်။ အဲဒီတော့ကို ဒကာ ဒကာမတွေ ဒီလိုရှုလိုက်

တဲ့ နေရာမှာ အဝိဇ္ဇာလဲချုပ်, တဏှာလဲချုပ်, ကံလဲချုပ်၊ ဒုက္ခဖြစ်စေတတ်တဲ့ အကြောင်းတွေ အကုန်ချုပ်သွားတယ်၊ အဲဒါ အပွားနဲ့ ချုပ်တာ၊ ရှုပွားပြီးချုပ်တဲ့ အချုပ်ဘဲ၊ ရှင်းကြရဲ့လား?။

ဥပမာ—အင်မတန် ပူအိုက်ပြီး ချွေးပြိုက်ပြိုက် ကျနေတဲ့ အခါမျိုးမှာ၊ လေညှင်းကလေးလာတော့ လေညှင်းခံလိုက်တယ်၊ အဲဒီအခါမှာ ကောင်းတဲ့စိတ်ကလေး ပေါ်မယ်၊ ပေါ်လာတာကို ဉာဏ်နဲ့ကြည့်တော့ ဒီစိတ်ကလေးရဲ့ ဖြစ်ပျက်ကို သိလိုက်တယ်၊ ဒီလိုသိတော့ စိတ်ကလေးနဲ့အတူ ကျန်တဲ့ ခန္ဓာလေးပါးလဲ ဖြစ်ပြီး ပျက်သွားတာဘဲ၊ ကောင်းတဲ့ဝေဒနာ ရှုတော့လဲ ဒီအတိုင်းဘဲ၊ ကိုယ့်ဉာဏ်ထဲမှာ ရှုတဲ့ တရားတပါးကို သာ ပျက်တာကို မြင်ရမှာပေါ့၊ ရှင်းကြပလား?။

ဒီလို ပေါ်လာတာကို ရှုကြရမယ်၊ ရှုတော့ ဝိဇ္ဇာလာတယ်၊ အဝိဇ္ဇာချုပ်တယ်၊ နောက်က လာလတ္တံ့ဖြစ်တဲ့ တဏှာလဲ ချုပ်, ကမ္မဘဝလဲ ချုပ်ကုန်တော့တာဘဲ၊ ဒကာဒကာမတို့ ဒါက အပွားနဲ့ချုပ်တဲ့ တိရဏပရိညာဘဲလို့ မှတ်ကြ။ နေရာကျကြပလား?။

ဒါကြောင့် ဘာစိတ်ပေါ်ပေါ်, ဘယ်ဝေဒနာပေါ်ပေါ် ပေါ်လာတဲ့ တခုခုကို မိအောင်ရှုကြဖို့သာ လေးလေးနက်နက် တိုက်တွန်းရတယ်။ ဒီ အပွါးနဲ့ ချုပ်တဲ့ တိရဏ ပရိညာကမှ ပဟာနကို တက်ရမှာ၊ သူက အားကောင်းပါမှလဲ ပဟာန-ပရိညာကို တက်နိုင်မယ်၊ ဒါ့ကြောင့် မရှုရင် ဘယ်နည်းနဲ့မှ မဖြစ်ဘူးလို့ ဆုံးဖြတ်ချက်ချပြီး ကြိုးစားရှုကြ။

ခန္ဓာမှာ တရားကလေးတခု ပေါ်လာတိုင်း ရှုနိုင်တော့ ရှုတာက အနိစ္စ၊ ရှုတဲ့ဉာဏ်က မဂ္ဂ၊ အရှုခံက ဖြစ်ပျက်၊ရှုဉာဏ်က မဂ်ဖြစ်သွားတယ်၊ ဖြစ်ပျက်နေရာမှာ မဂ်ဝင်လာတော့ နောက်က အဝိဇ္ဇာ, တဏှာ, ကံတွေချုပ်သွားရော၊ အဲဒီလို ချုပ်တော့ ပဋိစ္စသမုပ္ပါဒ် အစကလဲ ချုပ်၊ အလယ်ကလဲ ချုပ်၊ အဆုံးနားမှာလဲ ကပ်ပြီး ချုပ်သွားတယ်၊ နောက်က အကျိုးတွေ မလာတော့ဘူး၊ အကုန် အဟောသိကံ ဖြစ်ကုန်တယ်။

ဒါကြောင့် ဒကာ ဒကာမတွေကို ရှုကြပါ–ရှုကြပါဆိုတာ မတိုက်တွန်းသင့်ဘူးလား? ဒီအကျိုးတွေ ဒီလို ဒုက္ခချုပ်တာတွေ မြင်ချင်လို့ တိုက်တွန်းတာဘဲဆိုတာ ရိပ်မိကြပလား? အဲဒါကြောင့် ကိုယ့်သန္တာန်မှာ ဘာပေါ်ပေါ်, ပေါ်တာကို ရှုကြ၊ စိတ်တွေ ပေါ်လဲရှု၊ ဝေဒနာပေါ်လဲရှု။ ရှုရင် ဒုက္ခဖြစ်စေတဲ့ အကြောင်းတွေ ချုပ်တယ်။ အဝိဇ္ဇာ, တဏှာ, ကံတွေချုပ်တယ်၊ ဒါဟာ ပွားလို့ချုပ်တာ တီရဏပရိညာဘဲ၊ ရှင်းပလား?။

ပဟာန ပရိညာက မဂ်ဆိုက်တာကို ဆိုတာ၊ သောတာပန်တည်တာကို ဆိုတာဘဲလို့ မှတ်ကြ၊ တီရဏပရိညာ အားကောင်းမှလဲ ပဟာနစခန်းကိုဆိုက်မယ်၊ ပဟာနစခန်းဆိုက်တော့ စိတ်ချရပြီ၊ အဲဒါမှ အမြစ်ပြတ်တဲ့ ဒုက္ခသေနည်း, ဒုက္ခချုပ်နည်းဘဲဆိုတာ မှတ်လိုက်ကြ။

အမြစ်ပြတ်တဲ့ သေနည်းဆိုတဲ့ သဘောက စိတ်ကလေး ပေါ်လာ ဖြစ်ပျက်ရှု၊ စိတ်က ဖြစ်ပျက်, ရှုတာက မဂ်ဆိုတော့ နောက်ဉာဏ်က တက်ပေး၊ ဘယ်လို တက်ပေးရမလဲ ဆိုတော့ "ဖြစ်လာတာလဲ သေပွဲဝင်မယ်လို့ဘဲ၊ ပျက်သွားတာလဲ သေပွဲဝင်သွားတာဘဲ" အဲဒီလို ဉာဏ်က တက်ပေးရမယ်။ ဒါဖြင့်

ဉာဏ်က "ဖြစ်ဆင်းရဲ, ပျက်ဆင်းရဲဘဲ"ဆိုပြီး တက်လာတော့တာဘဲ။ ရှင်းကြပလား?။

အဲဒီလို ဉာဏ်အဆင့်ဆင့် တက်လာပြီး ဉာဏ်ရင့်တာနဲ့တပြိုင်နက် မဂ္ဂင်ငါးပါးက ရှစ်ပါး ပြည့်သွားတော့တာဘဲဆိုတာ မှတ်ကြပေတော့၊ ဖြစ်ပျက်ရှုတုန်းက မဂ္ဂင်ငါးပါး။ ဒါတွေဟာ ဖြစ်ဆင်းရဲ ပျက်ဆင်းရဲတွေဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိလာပါရော။ သိတာဟာ မလိုချင်အောင် သိလာတော့ ရှုရင်းမတ်တတ်နဲ့ ခန္ဓာကြီး ပျောက်ထွက်သွားတော့တယ်။ အဲဒီမှာ ရှစ်ပါးပြည့်ပြီဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒကာ ဒကာမတို့ အဲဒီအချိန်မှာ သောတာပန်တည်သွားပြီ၊ အပါယ်သံသရာ လုံးဝပိတ်ပြီဆိုပြီးတော့ လက်ခမောင်းခတ်ကြဘို့ဘဲ ရှိတော့တယ်လို့ မှတ်ကြ၊ နေရာကျကြပလား?၊ အဲဒီလိုဆိုတော့—

အဲဒီ အချိန်မှာ ဖြစ်ဆင်းရဲ ပျက်ဆင်းရဲက....ဒုက္ခသစ္စာ။
ဖြစ်ဆင်းရဲပျက်ဆင်းရဲတွေချုပ်သွားတာက....နိရောဓသစ္စာ။
သိတဲ့ဉာဏ်က ....မဂ္ဂသစ္စာ။
အဝိဇ္ဇာစတဲ့တရားတွေ ချုပ်သွားတာက....သမုဒယသေတာ။

ဒကာ ဒကာမတွေ ရှင်းကြရဲ့လား?၊ ခန္ဓာကြီး ပျောက်ထွက်သွားတော့ ခန္ဓာကြီး မရှိတော့ဘဲကိုးလို့ ဉာဏ်က သိနေတယ်၊ အဲဒီ မရှိတော့ဘူးလို့ သိတာက မဂ္ဂသစ္စာဘဲ၊ ဒါက ပဟာနပရိညာဘဲဆိုတာ မှတ်လိုက်ကြတော့၊ ကျေနပ်ကြပလား?။

ခန္ဓာမှာ ပေါ်လာသမျှကို မပြတ်မလပ် ရှုမှတ်နေတဲ့အခါမှာ၊ ဖြစ်ဆင်းရဲ ပျက်ဆင်းရဲတွေချည့် မြင်နေရတော့ ဒုက္ခကို

ပိုင်းခြားနေတာဘဲ၊ နောက် ဉာဏ်တက်လာလို့ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိလိုက်ရင် သိလိုက်တာနဲ့ တချက်ထဲ ဖြတ်ဆို ဒုက္ခတွေ ချုပ်သွားတော့တာဘဲ၊ အဲဒီလို ဒုက္ခတွေ ချုပ်သွားတာက နိရောဓသစ္စာ, နိဗ္ဗာန်ဆိုတာဘဲ။

ဒကာ ဒကာမတွေ သဘောပေါက်ကြရဲ့လား? ကိုယ့်သန္တာန်မှာ၊ တကိုယ်လုံးရှိသမျှ ကျောက်ပေါက်နေတာ။ အဲဒီ ကျောက်ပေါက်နေတာ ပျောက်သွားတာလိုဘဲလို့ မှတ်ရမယ်၊ ဒုက္ခချုပ်သွားတာဟာ အဲဒီသဘောဘဲ၊ သုခက အသေအချာ ရှိပါတယ်။ ဒုက္ခချုပ်တဲ့ နောက်မှာ၊ သုခ ပေါ်လာတယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုက္ခချုပ်တာကို မြင်ရင် ဒိဋ္ဌိ, ဝိစိကိစ္ဆာ အမြစ်ပြတ်မယ်၊ အဲဒါမှ စိတ်ချရမယ် ဆိုတာသာ မှတ်ကြ။ ဒကာ ဒကာမတို့ အခု တရားနိဂုံး ချုပ်တော့မယ်၊ သေသေချာချာ မှတ်ကြစမ်းပါ၊ ထူးထူးခြားခြား မှတ်ထားဘို့ အချက်ဘဲဆိုတာ ရိုပ်မိကြ။

ဒုက္ခကြောက်ရင် ဒုက္ခချုပ်တဲ့လုပ်ငန်းကို ကြိုးစားရမယ်၊ ဒုက္ခချုပ်တဲ့လုပ်ငန်းဆိုတာက မဂ္ဂင်လုပ်ငန်း ,ဝိပဿနာလုပ်ငန်းဘဲ၊ ဒီလုပ်ငန်းကိုလုပ်တော့ ဒိဋ္ဌိ, ဝိစိကိစ္ဆာပြုတ်မယ်၊ သူတို့ ပြုတ်မှ ပဌမ စခန်းသိမ်းပါတယ်။

ဒီ ဒိဋ္ဌိ, ဝိစိကိစ္ဆာဖြုတ်တဲ့ မဂ္ဂင်လုပ်ငန်းကို ဘယ်လိုလုပ်ရမလဲ လို့ဆိုပြန်တော့ ဒကာဒကာမတွေ ကျကျနန မှတ်ထားလိုက်ကြပါ။

ပဌမ, သိမှုနဲ့ဖြုတ်ရမယ် ....အဲတာက ဉာတပရိညာ။
ဒုတိယ, ပွါးမှုနဲ့ဖြုတ်ရမယ်....အဲတာက တီရဏပရိညာ။
တတိယ,ပယ်မှုနဲ့ဖြုတ်ရမယ်....အဲဒါက ပဟာန ပရိညာ။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဆရာရင်း, ဒကာရင်းတွေမို့ ရင်းရင်းနှီးနှီးဘဲပြောလိုက်ပါတယ်၊ သာမည်ကလေးရယ်ဆိုပြီး ပေါ့ပေါ့ဆဆမျှား မအောက်မေ့လိုက်ကြပါနဲ့၊အင်မတန်အရေး ကြီးတဲ့ အချက်မို့ ထူးထူးခြားခြားဘဲ ပြောနေပါတယ်။

ပဌမ သိမှုမရှိသေးဘဲနဲ့ ပွါးမှုမဖြစ်နိုင်ဘူး၊ ဒုတိယ ပွါးမှု မပါဘဲနဲ့ ပယ်မှုမဖြစ်နိုင်ဘူး။ပဌမ သိမှုရှိပြီးမှ ပွါးမှုကိုလုပ်ပါ၊ ဒုတိယ ပွါးမှုလုပ်မှုလဲ တတိယ ပယ်မှုဖြစ်ပါမယ်။

ဆရာလုပ်သူက ပွါးဟဲ့ ပွါးဟဲ့ ဆိုတိုင်း သိမှုမပါဘဲ ရမ်း ပွါးနေကြရင် ပင်ပန်းသလောက် ခရီးမရောက် နိုင်ဘူးဆိုတဲ့ အချက် အထူးတလည် သတိပေးလိုက်ပါတယ်။

ပဌမ ဉာတပရိညာ၊ ဒုတိယ, တီရဏ ပရိညာ၊ တတိယ, ပဟာနပရိညာ၊ ဒါဟာ အလုပ်စဉ်ဘဲ၊ တခုမရှိရင်တခုမဖြစ်နိုင် ဘူး။ ဉာတရှိမှ တီရဏဖြစ်မယ်၊ တီရဏဖြစ်မှလဲ ပဟာနဖြစ်မယ်၊ ဒကာဒကာမတွေ ကောင်းကောင်း သဘောပေါက်ကြပလား။

နည်းမှန် လမ်းမှန်ကျဘို့၊ နည်းလမ်းမှန်အောင် ပြပေးဘို့က ဆရာသမားအရေး။ ဆရာညွှန်ကြားတဲ့အတိုင်း တသဝေမတိမ်း လိုက်နာဘို့, အားထုတ်ဘို့က ဒကာဒကာမတို့အရေး၊ ဒီအရေး နှစ်ရေးအနက်က ဆရာ့အရေးတော့ ကုန်ပြီ၊ ကိုယ့်အရေးဘဲ ကျန်တော့တယ်၊ ကိုင်း,ကိုယ့်အရေးကိုကိုယ်တိုင် ရေးဖြစ်အောင် ရေးကြ။

ကိုင်း....အချိန်စေ့ပြီ၊ တော်ကြအုံးစို့။

# မဇ္ဈိမရတနာ မာတိကာ

"မဂ္ဂင်ဖေါင်ပျံ၊ အားကိုးမှန် တရားတော်"

---

ဆောင်ပုဒ်

ဟေဝိပဿိ၊ ခေါ်ရာသိ၊ သန္နိဋ္ဌိကလိုက်။
သုံးပါး ဝေဒနာ၊ ပေါ်ဆဲခါ၊ ဉာဏ်ရှာ ဖြစ်ပျက်နှိုက်။
ဖြစ်ပေ့ါ ပျောက်ပျက်၊ ဒုက္ခစက်၊ နဲနက်ဉာဏ်စူးစိုက်။
ဝေဒနာနောက်၊ ရှုဉာဏ်ရောက်၊ ချုပ်ပျောက်သမုမိုက်။
တဏှာပုပါဒါန်၊ ဘဝကံ၊ သုံးတန် ချုပ်စဲကြိုက်။
ရှုမှတ်မြဲတုံ၊ အကြောင်းကုန်၊ အေးဘုံ နိဗ္ဗူဆိုက်။
မရှုနေကျ သမုဒယ၊ ဒုက္ခရင်ဝယ်ပိုက်။ ။

သတိချစ်

မရဏာဒီရေ၊ နီးလှချေ၊ အိပ်နေ မသင့်ပြီ။
ယခုနှယ်ခါ၊ လှေဖေါင်ရှာ၊ တက်ကာ စီးသင့်သည်။
အိပ်မောထူလှ၊ မဲ့လျှော့ကြ၊ မျောကြ မြုပ်ကြမည်။
သေမင်းရင်ခွင်၊ မရောက်ခင်၊ မဂ္ဂင် လုပ်သင့်သည်။
မလုပ်ပေ့ါငြား၊ ငါးလိပ်များ၊ အစားခံရမည်။
လောဘ, ဒေါသ၊ မိုက်မောဟ၊ မဲ့ကြမသင့်ပြီ။
မဲ့လျှော့ပေါ့ချေ၊ သေပြီးသော၊ လေးထွေပါယ်နစ်မည်။
ငါးလုံး,ရှစ်လုံး၊ ဖေါင်ကိုသုံး၊ အေးဆုံး နိဗ္ဗူပြည်။

**တရားသား။** ။ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြပ်ကြပ် သတိပြုလိုက်ကြပါ၊ ဒကာ ဒကာမတို့ဆီကို မရဏရေတွေက ဒရဟော လာနေကြပြီ၊ အိပ်ပျော် နေလို့ဖြင့် မဖြစ်ကြတော့ဘူးလို့ဆိုတာကိုကြပ်ကြပ်သတိပြုလိုက်ကြပါ၊အိပ်ပျော်နေရင်မဖြစ်တော့ဘူးတဲ့၊ဘာ့ကြောင့်တုံး ဆိုတော့ဒကာတို့ဆီကို မရဏရေတွေ လာနေကြလို့ဘဲဆိုတာ မှတ်လိုက်ကြပါ။

အမှတ်တမဲ့နဲ့ အိပ်ပျော်ခနမိရင် မရဏရေတွေက တိုက်ချသွားလိမ့်မယ်၊ မရဏရေက တိုက်ချလိုက်ရင် လှုလှုကြီး ဒုက္ခရောက်ရတော့မယ်၊ ကိုယ်ကျိုး အကြီးအကျယ် နဲရတော့မယ်၊ ဒါဖြင့် အိပ်ပျော်နေကြလို့ သင့်ပါအုံးမလား? မသင့်တော့ဘူး၊ နိုးနိုးကြားကြားနဲ့ မရဏရေတွေ ရောက်မလာခင်မှာအားကိုးရာ အားထားရာကို ရှာကြရတော့မယ်။

အားကိုးရာ အားထားရာကဘာလဲဆိုတော့ ဒီရေဘေးက လွတ်နိုင်တဲ့ လှေတို့, ဖေါင်တို့ဘဲဆိုတာ ရိပ်မိကြရဲ့လား?၊ ဒကာဒကာမတို့ မရဏရေတွေကဖြင့် လာနေတာ ကေန်ဖြစ်လေတော့ လှေတွေ့,ဖေါင်တွေကို မလုပ်ရင် မဖြစ်တော့ဘူးဆိုတာ ဆုံးဖြတ်ချက်ချကြ။

ခန္ဓာရှိသူမှန်သမျှ အနေးနဲ့ အမြန်ဆိုသလို မရဏ ရေဘေးက မလွတ်နိုင်ကြဘူး၊ ဒကာတို့အတွက် မရဏ ရေတွေက အသီးသီး လာနေကြပြီ၊ အိပ်ပျော်နေကြမယ်ဆိုရင် သင့်ပါ့မလား? မသင့်တော့ဘူး၊ အိပ်ပျော်နေကြရင်မျောရုံဘဲရှိတယ်၊ မရဏကလွတ်တဲ့သူမပါကြဘူး၊ ဒီတရားတပွဲလုံးမှာမရဏလွတ်သူတဦးမှမပါကြဘူး။အားလုံး မရဏဘေးသင့်မယ့်သူချည့်ပါဘဲ။

ဒီလိုဆိုတော့ ပေါ့တန်နေလို့ မတော်ဘူး၊ အိပ်ပျော်နေလို့လဲ မဖြစ်တော့ဘူး၊ အမြန်ဆုံး အားကိုးရာ အားထားရာ ဖောင်တို့ လှေတို့ ရှာဖွေရမယ်။ အခု မရဏရေက ဒရဲဟော လာနေပြီ၊ ဒကာတို့က ဘာမှ လုပ်ထားတာ မရှိသေးဘူး၊ အားကိုးစရာ ဘာမှ မရှိကြသေးဘူး၊ ဒီကြားထဲက လောဘ, ဒေါသ, မောဟတွေနဲ့ မေ့လျော့ပြီး အိပ်ပျော်နေလိုက်ကြသေးတယ်။

ဒီလိုဆိုတော့ ဒကာတို့တတွေ ဘယ်အခြေဆိုက်ရမယ်ဆိုတာ မစဉ်းစားဝံ့တော့ဘူး၊ အကြီးအကျယ် ဒုက္ခရောက်ရတော့မှာရယ်၊ အကြီးအကျယ် အပါယ်လေးပါးမှာ မြုပ်မျောရတော့မှာရယ်ဆိုတာ သေချာနေပြီ၊ ကောင်းနိုင်ပါအုံးမလား? ဒါ့ကြောင့် မမေ့ကြနဲ့၊ မပေါ့ကြနဲ့တော့ဆိုတာ သတိပေးလိုက်ပါတယ်။

ဒကာ ဒကာမတို့ အခုလို အချိန်မလွန်ခင်က အားကိုးစရာ အားထားစရာ ဖောင်ကြီးတွေ လုပ်ထားကြရမယ်၊ ဘယ်လိုဖောင်မျိုးလဲ? ဆိုတော့ ငါးပါးဖောင်, ရှစ်ပါးဖောင်ကို ဆိုပါတယ်၊ ငါးလုံးတွဲ မဂ္ဂင်ဖောင်၊ ရှစ်လုံးတွဲ မဂ္ဂင်ဖောင်၊ အဲဒီဖောင်ကြီးတွေကို အခုနှယ်က လုပ်ထားကြရမယ်၊ ဒီဖောင်ကြီးတွေ လုပ်ထားပြီး ရှိပါမှ အားကိုးစရာ, အားထားစရာ ရကြမယ်ဆိုတာ မှတ်လိုက်ကြ။

အခု မရောက်သေးလို့သာပါ၊ ရေတွေလာနေတာကတော့ သေချာနေပြီ၊ မရဏရေတွေလာနေတာက သေချာကြပြီးသားဘဲ၊ တနေ့မှာ ဒကာတို့ဆီကို မုချရောက်လာတော့မယ်၊ အဲဒီလို မိမိတို့ဆီကို တန်းတန်းမတ်မတ် လာနေတဲ့ မရဏရေဘေးကိုဖြင့်

မုချခံရတော့မယ်၊ ရှောင်လို့ မလွတ်တော့ဘူး၊ ဒါ့ကြောင့် အခု အချိန်မလွန်ခင်က အားကိုးရာ ဖောင်ကို လုပ်ထားကြရမယ်၊ အိပ်ပျော်နေလို့ မဖြစ်တော့ဘူးဆိုတာ ရိပ်မိကြရဲ့လား?။

လောဘအလုပ်တွေ, ဒေါသအလုပ်တွေ, မောဟအလုပ်တွေနဲ့ဘဲ အချိန်ကုန်နေကြတော့တယ်၊ အဲဒီ လောဘ အလုပ်, ဒေါသအလုပ်, မောဟအလုပ်တွေကို လုပ်နေတာဟာ အိပ်ပျော်နေတာဘဲလို့သာ မှတ်လိုက်ကြ၊ သဘောပါကြပလား?။

ဒီအတိုင်းသာ မေ့လျော့ပေါ့တန်နေမယ်၊ အိပ်ပျော်နေကြအုံးမယ်ဆိုရင် မရဏရေလာတဲ့အခါ ဒုက္ခရောက်ရမယ်၊ ငါးပါးဖောင်, ရှစ်ပါးဖောင်ကို မလုပ်ရသေးသူဆိုရင် မရဏရေလာတဲ့အခါ မုချမျောပါရတော့မယ်၊ နောက်မြုပ်ရအုံးတော့မယ်၊ ငါး, လိပ်, မကန်း အစာ, စားဖတ် ဝါးဖတ်ဖြစ်ရအုံးတော့မယ်ဆိုတာ သေချာပြီ၊ ရိပ်မိကြနဲ့လား?။

ဒကာ ဒကာမတို့ အခုလို အချိန်ကမှ ငါးပါး, ရှစ်ပါး မဂ္ဂင်ဖောင်ကို မလုပ်ရသေးရင်, မလုပ်သေးဘူးဆိုရင် ဆုံးဖြတ်ချက်ချလိုက်ပါ၊ မရဏရေထဲ မျောပါဘို့၊ နောက် မြုပ်ဘို့၊ နောက် ငါး, လိပ်, မကန်းတို့ အစာဖြစ်ဘို့ဘဲ ရှိတော့တယ်။ ကိုင်း, ဒါဖြင့် အိပ်ပျော်နေဘို့ အချိန်မဟုတ်တော့ဘူး၊ အမြန်ဆုံး လုပ်မှ ဖြစ်တော့မယ်လို့သာ မှတ်လိုက်ကြ။

အခု လုပ်ရမယ့် ဖောင်က မြုပ်တဲ့ မျောတဲ့ဟာမျိုး မဟုတ်ဘူး၊ ဝိပဿနာဆိုတဲ့ ငါးလုံးတွဲဖောင်က တမျိုး၊ မဂ်ဉာဏ်ဆိုတဲ့ ရှစ်လုံးတွဲဖောင်က တမျိုး၊ အဲဒီ နှစ်မျိုးထဲက တမျိုးမျိုးကိုဖြင့် ကိုယ်ပိုင်ရအောင် လုပ်ထားရမယ်၊ အမြဲတစေ ကိုယ်ပိုင်လက်ရှိဖြစ်နေစေရမယ်ဆိုတာ အထူး သတိပေးလိုက်ပါတယ်။

တရား တပွဲလုံး ကိုယ်စီ ကိုယ်င သတိချပ်လိုက်ကြပါ၊ ကိုယ်ရေးကြုံရင် အားကိုးကြဘို့ရာ "ကိုယ့်ဖောင်လေးနဲ့ကိုယ် ရှိကြပလား" လို့ မေးရလိမ့်မယ်၊ ဘာ့ကြောင့်တုန်း?လို့ မေးရင် "အလွန်တရာ သနားလို့" မေးရတာဘဲဆိုတာ မှတ်ကြတော့။ ကိုယ့်ဖောင်နဲ့ကိုယ် မရှိကြသေးရင်ဖြင့် မကြာမတင်ဆိုသလို ကိုယ်ကျိုးနဲရတော့မှာဘဲလို့သာ မှတ်ကြ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့ အိပ်ပျော်ပြီး နေနိုင်ကြတယ်၊ ဘာမှ မသိ တတ်သေးတဲ့ ကလေးနဲ့ဘဲ တူတော့တယ်၊ ဒါ့ကြောင့် အသိ အမြင်ရှိတဲ့ ဆရာသမားလုပ်သူက လျစ်လျူရှုပြီးမထားနိုင်ဘူး၊ မနိုးဘဲထားလို့ မဖြစ်ဘူး၊ သွားရေး, သွီးရေး, စီးပွားရေးတွေနဲ့ အိပ်ပျော်ပြီး နေကြလေတော့ မကြာခင် မရဏရေကတိုက်ချပြီး, ဘရမ်းဘတာ မျောရတော့မယ်ဆိုတာ သေချာကြလို့ဘဲ၊ ရိပ်မိ ကြရဲ့လား?။

ဒကာ ဒကာမတွေ ဘရမ်းဘတာ မျောရမှာက သေချာ တယ်ဆိုတာ ရိပ်မိကြပလား?၊ ဘာ့ကြောင့် သေချာတာလဲ? ဆိုတော့ ဒကာ ဒကာမတွေမှာ ကိုယ်ပိုင်ဖောင် မရှိကြသေးလို့ ဘဲဆိုတာ မှတ်ကြတော့၊ သဘောပါကြရဲ့လား?၊ မရဏရေက လာနေပြီ၊ ရောက်တော့မှာကတော့ သေချာနေပြီ၊ အချိန်ပိုင်း ဘဲ လိုတော့တယ်၊ ဒါ့ကြောင့် အမြန်ဆုံးနဲ့ ကိုယ်ပိုင်ဖောင်ကို ပြီးစီးအောင် လုပ်ထားကြ။

သွားရေး, သွီးရေး, စီးပွားရေးတွေနဲ့ အချိန်ကုန်နေတာ ဟာ အိပ်ပျော်နေခြင်းဘဲ၊ ရောင်းရေး ဝယ်ရေး, သွားရေး သွီးရေး, ရပ်ရေး ရွာရေးတွေ လုပ်နေသမျှ အိပ်ပျော်နေကြ

တာဘဲ ဆိုတာ ရိပ်မိကြ။ ဒကာ ဒကာမတို့တတွေ အခု လူ့ပြေ လူ့ရွာကို ရောက်လာကြတာ ဘယ်ဘုံ ဘယ်ဘဝကများ လာကြတယ် ထင်ကြသလဲ၊ ဒကာ ဒကာမတို့ "လူ့ပြေလာသမျှ အပါယ်ကများတယ်" ဆိုတာ မှတ်လိုက်ကြ။

နောက်ထပ် မေ့လျော့နေမယ်၊ အိပ်ပျော်နေကြမယ်ဆိုရင် ခုတခါ မရဏရေ တိုက်ချခံရအုံးမယ်၊ ဒီတခါတိုက်ချခံရပြန်ရင် သွားလေအုံးတော့ အပါယ်လေးပါးဘဲ၊ ဒီ့ပြင်လမ်း မရှိဘူး၊ ဒကာ ဒကာမတို့ သွားရာလမ်း, သွားနေကျလမ်းဟာ အပါယ် လမ်းဘဲ၊ ဒါက သေချာတယ်၊ ဒါ့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ဓမ္မပဒပါဠိတော်" မှာ ဟောထားခဲ့ တာ အထင်အရှား ရှိပါတယ်။

> တံ ပုတ္တပသုသမ္မတ္တံ၊
> ဗျာသတ္တမနသံ နရံ။
> သုတ္တံ ဂါမံ မဟောဃောဝ၊
> မစ္စု အာဒါယ ဂစ္ဆတိ။ ။
>
> "ကိသာဂေါတမီ ဝတ္ထု၊"

ပုတ္တပသုသမ္မတ္တံ၊ သားသ္မီး သားမယား ကျွဲနွားဖြာဖြာ တိုက်တာအိမ်ခြေ အထွေထွေဂုဏ်သိရ် စည်းစိမ် အထူးထူးတို့ဖြင့် ယစ်မူးမေ့လျော့၍နေသော။ ဗျာသတ္တမနသံ၊ တရစ်ဝဲဝဲ တတွဲတွဲသာ ကပ်ငြိတွယ်တာသည့်စိတ် ရှိသော။ တံ နရံ၊ ကျိုး ကြောင်း စိုးစိ ဘိတ်မသိသည့် အတိမိုက်ထွား ထိုလူသားကို။ မဟောဃော၊အဟုန်ပြင်းစွာစီးဆင်းလာသည့်ဩဃာထန်သည်း ရေအယဉ်ကြီးသည်။သုတ္တံ ဂါမံ၊ မနိုးမကြား ယစ်မာန်အားဖြင့် ရှေ့လားမမြော် အိပ်ပျော်နေကြသည့် ရွာအလုံးကို။အာဒါယ၊

စီးဟုန်ထန်ပြင်း တိုက်ချကာယူဆောင်ကြဉ်းလျက်။ ဂစ္ဆတိဂ္ဂဝ တသွင်သွင်ဟီး တဒီးဒီးမြည်ကာ သွားရှာလေသကဲ့သို့။ မစ္ဆု၊ မရဏ စစ်ခင်း ရှင်သေမင်းသည်။ အာဒါယ၊ လက်ငင်းမကြာ တားပါသော်လဲမရ အဓမ္မဇွတ်တင်း ခေါ်ဆောင်ကြဉ်းလျက်။ ဂစ္ဆတိ၊ သမီးသားနှင့်ဇနီးမယားတို့မကယ်ပိုင်ပစ္စည်း အများကိုလဲ မတွယ်နိုင်၊ လက်မှိုင်ချကာ မျက်ရေကလေး တစမ်းစမ်းနှင့် ဘာရမ်းဘတာ သွားရောက်ရရှာလေသတည်း။

(ဤကား—စာရေးသူ၏အနက်)

ကိုင်း, ဘုန်းကြီးတို့ ဒကာဒကာမတွေသဘောပါကြပလား၊ ကိုယ့်အလားဟာ ဘယ်လိုရှိတယ်ဆိုတာ ရိပ်မိကြရမယ်၊ ကိုယ့်အကြောင်း ကိုယ်ရိပ်မိပြီးတော့ အားကိုးရာအားထားရာဖြစ်တဲ့ ငါးလုံးတွဲဖေါင်ကို ပဌမဆုံးလုပ်ကြရမယ်၊အဲဒါနဲ့ တကယ်တမ်း စိတ်မချရသေးဘူး၊ ရှစ်လုံးဖေါင်ဖြစ်ပါမှ ရှစ်လုံးပြည့်မှ စိတ်ချရမယ်။ ရှင်းကြပလွား?။

ဒါ့ကြောင့် ကိုယ့်အားကိုးရာဖြစ်တဲ့ ဖေါင်ကို အခုကလုပ်ကြ။ မလုပ်မိရင် မရဏရေ အတိုက်အချခံရမယ်၊နောက်အပါယ်လေးပါးတည်းဟူသော ငါး, လိပ်, မကန်းတို့ရဲ့ အစာစားဖတ်ဝါးဖတ်ဖြစ်ရမယ်၊ အဲဒါကြောင့် ရှစ်လုံးတွဲဖေါင်ကို အရေးတကြီးမှတ်ရမယ်။ ဖြစ်အောင်လုပ်ရမယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေက သားနဲ့ပျော်, သမီးနဲ့ပျော်, ပစ္စည်းနဲ့ပျော်ပြီးနေကြ၊ စိန်တွေ,ရွှေတွေ,ငွေတွေ,တိုက်တာတွေ မော်တော်ကားကလေးတွေနဲ့ပျော်ပိုက်နေကြ။ အဲ့,တနေ့ကျရင် သူတို့ကဘဲ ဆွဲချလိမ့်မယ်ဆိုတာ မှတ်ထားလိုက်ကြ။ ဒီသားသမီး

ပစ္စည်းစတဲ့ဟာတွေဟာ တကယ်အရေးကြုံတဲ့အခါ အားကိုးမရတဲ့အပြင် သူတို့ကပင် ဆွဲချလိမ့်အုံးမယ်၊ ဒါ့ကြောင့် ဒီအခြေအနေနဲ့ ကျေနပ်ပြီး မေ့မနေလိုက်ကြနဲ့။

ဝိပဿနာ ဖေါင်နဲ့ မဂ်ဉာဏ် ဖေါင်နှစ်မျိုးကို အချိန်ရှိတုန်းမှာ မပျက်မကွက် လုပ်ထားကြရမယ်၊ ဒီဖေါင်နှစ်မျိုးကမှ အားကိုးရာအစစ်ကိုရနိုင်ကြမယ်၊ ဒီနှစ်မျိုးဖြင့် လုပ်ဖြစ်အောင် လုပ်ထားကြပါ ဆိုတာ အထူးတလည် သတိ ပေးလိုက်တယ်။ ဝိပဿနာမဂ်က ငါးလုံးဖေါင်၊ လောကုတ္တရာမဂ်ကရှစ်လုံးဖေါင်၊ ဒကာ ဒကာမတွေ ရိပ်မိကြပလား?။

ဒကာ ဒကာမတွေ ဒုက္ခချုပ်ရာနိဗ္ဗာန်ကို ဘာနဲ့သွားမလဲ၊ နိဗ္ဗာန်ကို ခြေလျင်နဲ့သွားသွား, လေယာဉ်နဲ့သွားသွား, ကားနဲ့သွားသွား, သွားလို့မရဘူးတဲ့၊ မဂ္ဂင်နဲ့သွားမှသာရမယ်၊ မဂ္ဂင်နဲ့သွားမှသာနိဗ္ဗာန်ကိုရောက်နိုင်မယ်ဆိုတာဘုရားသခင်ကိုယ်တော်မြတ်ကြီးက အသေအချာဟောထားခဲ့ပါတယ်၊အဲဒီတော့ ဒကာ ဒကာမတွေ မဂ္ဂင်အလုပ် မလုပ်ရင် မဖြစ်တော့ဘူး လို့သာ ဆုံးဖြတ်ချက်ချကြ။

ဓမ္မပဒပါဠိတော်မှာ ဘုရားရှင်က "သေဝ မဂ္ဂေါ နတ္ထညော ဒဿနဿ ဝိသုဒ္ဓိယာ" စသည်ဖြင့် ဟောထားခဲ့ပါတယ်၊ အယူအမြင် မှန်ကန်စင်ကြယ်ဘို့၊ မာရ်မင်း အနှောင်အဖွဲ့မှ လွတ်ဘို့၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ဘို့ရာ ဒီမဂ္ဂင်အကျင့်ဘဲရှိတယ်၊ ဒီ့ပြင် မဂ္ဂင်ရှစ်ပါးအကျင့် ခရီးလမ်းကလွဲရင် ဘာမှမရှိဘူးလို့ ဆိုလိုတဲ့ အဓိပ္ပါယ်ဘဲ၊ ရှင်းကြပလား?။

အဲဒီတော့ကို မဂ္ဂင်အလုပ်ကို မလုပ်မဖြစ်တော့ဘူး၊ မုချလုပ်ရတော့မယ်၊ လုပ်ရမယ်ဆိုတော့ လုပ်ရမယ့်နည်းကို အချ

ဆရာဘုန်းကြီးက ညွှန်ကြားပေးပါမယ်၊ နည်းရရင် တိုတိကျကျ လိုက်နာပြီး လုပ်ကြဘို့က ဒကာဒကာမတို့ တာဝန်၊ နည်းမှန် ရအောင်ပေးဘို့က ဆရာ့တာဝန်၊ ကိုယ့်တာဝန်ကိုကိုယ်ကျေပြွန်ကြရမယ်။

ဒကာဒကာမတို့ တချိန်တခါမှာ သိကြားမင်းက ဘုရားရှင်ထံမှာ လာရောက်ပြီး လျှောက်ထားမေးမြန်းပါတယ်။

သိကြား၊ ။"အရှင်ဘုရား၊တဏှာ,မာန,ဒိဋ္ဌိချုပ်ကြောင်းဖြစ်တဲ့ အကျင့်ကောင်းရှိပါသလား?၊"

ဘုရားရှင်၊ ။"ဒါယကာ သိကြားမင်း၊ရှိပါတယ်"လို့ဖြေတော့
သိကြား၊ ။"ဒါဖြင့်ဘယ်လိုလဲဆိုတာအမိန့်ရှိတော်မူပါဘုရား"

ဘုရားရှင်၊ ။"တဏှာ,မာန, ဒိဋ္ဌိချုပ်ကြောင်းအကျင့်ဟာ ဝေဒနာကို ဖြစ်ပျက်ရှုတဲ့ အကျင့်ဘဲ၊"လို့ ဖြေတော်မူလိုက်ပါတယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေ နားလည်မှုရှိအောင် သက္ကပဉ္စသုတ်မှာ လာတဲ့သဘောအဓိပ္ပါယ်ကို တိုတိုကျဉ်းကျဉ်းနဲ့ ပြောလိုက်တာဘဲဆိုတာ မှတ်ကြရမယ်။ တဏှာ,မာန, ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား ချုပ်ကြောင်း အကျင့်ကောင်း ရှိပါသလား"လို့ သိကြားကမေးလျှောက်တော့၊ ဘုရားရှင်က ရှိတယ်လို့ ဖြေတဲ့ အခါမှာ၊ သိကြားက ဒါဖြင့် ဘယ်လိုလဲ?ဆိုတာအမိန့်ရှိတော်မူပါလို့လျှောက်ထားတော့၊ ဘုရားရှင်က "ဝေဒနာကိုရှုပါ"လို့ ဟောတော်မူလိုက်တယ်၊ ရှင်းကြပလား?။

အခု ဒကာ ဒကာမတွေအတွက် လုံလောက်အောင်လို့ ဆက်သေသာခဲက ထုတ်ပြလိုက်ပါတယ်၊ အဲဒီ အဓိပ္ပါယ်ဟာ

သုတ်မဟာဝါ ပါဠိတော် သက္ကပဉ္စသုတ်ကလာတာဘဲလို့မှတ်ကြ ရမယ်၊လုံလောက်ကြပလား?၊အခု အဲဒီနည်းနိဿျကို ပြောပြရ လိမ့်မယ်၊သံသယရှိဘို့မလိုတော့ဘူး၊ကြိုးစားပြီးလိုက်နာကြဘို့ဘဲ ဆိုတာ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတွေဟာ ဒီမဂ္ဂင်ဖေါင်ကို မရတဲ့အတွက် တသံသရာလုံးမှာ မြုပ်သမား,မျောသမားချည့်ဖြစ်ခဲ့ကြရတယ်၊ အဲဒီလို မြုပ်မျောနဲ့ချည့်ကြုံခဲ့ကြရတာဟာ မဂ္ဂင်ဖေါင်ကိုယ်ပိုင် မလုပ်ခဲ့ရလို့ ဘဲဆိုတာ အသေအချာမှတ်လိုက်ကြ။ အခုနေ့ မှာမှ ဒီဖေါင်ကို မလုပ်မိသေးရင်,မျောရမယ်၊ မျောပါလို့ ရှိရင် နောက်တော့ မြုပ်မယ်ဆိုတာ စိတ်သာချကြ။

ဒကာ ဒကာမတို့ အချိန်ဆွဲမနေနဲ့တော့၊ အခုအမြန် လုပ်ကြ၊ အသက်ကြီးတော့ အသက်ကြီးလို့ သေခါနီးလို့ မလုပ်ဖြစ်ဘူး၊ အသေမဦးခင် အမြန်လုပ်ရမယ်၊ အသက်ငယ်တဲ့သူ ကျတော့ လဲ "အဇ္ဇေဝ ကိစ္စံ အာတပ္ပံ" ဆိုတော့ နက်ဖြန် သဘက် သေရမယ့်ရက်ကို မသိနိုင်ဘူး၊ ဒါ့ကြောင့် ငယ်သူလဲ ငယ်သူမို့၊ ဖေါင်ကိုအမြန်လုပ်ရမှာဘဲ။

သားသမီးအရေးထက်, ကိုယ့်အရေးက အရင်ဆုံး အရေး ကြီးပါတယ်၊ အိပ်ပျော်ခြင်းမှ နိုးကြတော့၊ ထ,ကြတော့ ဆိုတာ သတိပေးရဲတယ်၊ လောဘ,ဒေါသ,မောဟအလုပ်တွေက ထ,ကြပါတော့၊ ထ,ဘို့ အချိန်တော်ကြပြီ၊ သဘောပါကြ ရဲ့လား?။

ကိုယ်က သေခါနီး၊ သားသမီးဆိုတာက သေခါဝေးသေး တယ်။ ကိုယ့်မှာ မရဏ ရေတွေ တိုက်ချလာတာ အခုဆိုရင် လည်ပင်းဆိုက်နေပြီ၊ ယနေ့လား?နက်ဖြန်လား?မသေချာဘူး

သားသမီးက ကုန်းပေါ်ကနေတာ အရှယ်နဲ့စာရင် ကိုယ်ကအရင် သေရမှာပေါ့၊ ရိပ်မိကြရဲ့လား?။

ဒါ့ကြောင့် သားသမီးအရေးထက်, ကိုယ့်အရေးကို အရင် ပြီးစီးအောင်လုပ်ရမယ်၊ လုပ်သင့်တယ်ဆိုတာ ပေါ်ကြပလား?၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဒုက္ခချုပ်စေချင်ရင် ပဋ္ဌ ချုပ်အောင်လုပ်ရမယ်၊ ပဋ္ဌချုပ်စေချင်ရင် ဝေဒနာကို ရှုရမယ်" မှာတော်မူခဲ့တယ်၊ ဒါ့ကြောင့် အခုဝေဒနာကို ရှုကြရမယ်၊ ရှင်းပလား?။

အခု ရှုမှတ်ဘို့နည်းလမ်းကိုပြပေးမယ်၊ ဒဏာဒကာမတို့ မိမိတို့ခန္ဓာမှာ ဝေဒနာသုံးပါး လှည့်ပြီးပေါ်မယ်၊သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာ၊ဒီသုံးပါးထဲကတပါးပါးကတော့ ပေါ်နေမှာဘဲဆိုတာ မှတ်ကြရမယ်၊ ဥပမာ-ခန္ဓာမှာ သုခ ဝေဒနာပေါ်လာတယ်ဆိုတော့ ဒကာတို့က သုခဝေဒနာရယ်လို့ မသိဘူး၊ မသိတော့ ကောင်းတယ်၊ နှစ်သက်တယ် ဆိုပြီး သုခ ဝေဒနာရဲ့နောက်က တဏှာလိုက်လာတယ်။

"သုခဝေဒနာ ပစ္စယာ တဏှာ" ဆိုပြီး ပဋိစ္စသမုပ္ပါဒ် တန်းသွားတော့တယ် ဆိုတာ ရိပ်မိကြပလား?၊ ဝိပဿနာ မရှုတဲ့ ပုဂ္ဂိုလ်အဖို့ရာမှာ ဒီလမ်းစဉ်အတိုင်းသွားတာချည့်ဘဲ၊ ဘုရားပွင့်တဲ့ အခါလဲ မရှုရင် ဒီလမ်းစဉ်ဘဲ၊ မပွင့်တဲ့အခါမှာ တော့ အထူးပြောစရာမလိုတော့ဘူး၊ သဘောပါကြရဲ့လား?။

ဒကာဒဏာမတို့ "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန်ပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ" ဆိုးပြီး နောက်က ဇရာ မရဏ စတဲ့ဟာတွေ အကုန် တန်းလာတော့တာဘဲ၊ ဘာမှမလုပ်ရင် ဒီလမ်းစဉ်အတိုင်း

ဒါတွေဘဲ လာမယ်ဆိုဘာ မှတ်လိုက်ကြ၊ ဒါတွေက မြုပ်လမ်း, မျောလမ်း၊ မြုပ်မယ် မျောမယ်ဆိုတာ သေချာတယ်။

ဒီလိုဖြစ်ရတာ ဘာ့ကြောင့်လဲ? ဆိုတော့ သုခဝေဒနာကို ပယ်နိုင်တဲ့သတ္တိမရှိလို့ဘဲ၊ သုခဝေဒနာကို မပယ်နိုင်ရင် မြုပ်လမ်း မျောလမ်းဘဲ ဆက်မယ်၊ ဘာ့ကြောင့် မြုပ်လမ်း, မျောလမ်း ဆက်ရပြန်တာလဲလို့ ဆိုပြန်တော့ တဏှာကို မပယ်နိုင်လို့ဘဲ၊ သုခဝေဒနာနောက်က တဏှာမပယ်နိုင်တဲ့ အတွက် မြုပ်,မျော ဆက်ရတယ်၊ ရှင်းကြပလား?။

ဒကာဒကာမတို့ ခန္ဓာမှာ သုခဝေဒနာကလေး ပေါ်လာ တာနဲ့ မပယ်လိုက်နိုင်တော့ နောက်က တဏှာ,ဥပါဒါန်,ကံ, ဇာတိဆိုပြီးနောက် ဇာတိဘက် ဆက်သွားတယ်၊ ဇာတိ ရတာနဲ့ နောက်က ဇရာ မရဏ စတဲ့ ဒုက္ခအစုကြီးဟာ မရချင်လို့ မနေရဘူး၊ မုချရတော့တာဘဲဆိုတာ မြင်ကြပလား?၊ ပဋိစ္စ သမုပ္ပါဒ်နဲ့ ဝေဘန်လိုက်တော့ သေချာသွားပြီ။

တဏှာ,ဥပါဒါန်,ကံဆိုတာတွေက ယခု ပစ္စုပ္ပန်ဘဝ၊ ဇာတိ, ဇရာ,မရဏ ဆိုတာတွေက နောက် အနာဂတ်ဘဝ၊ ဒီဝေဒနာကို မပယ်နိုင်တဲ့အတွက်နောက်ဘဝဆက်ပြီး,အနာဂတ် ခန္ဓာ, ဒုက္ခသစ္စာဘဲပြန်ပြီး ရတော့တာဘဲ၊ ဒီလမ်းစဉ်အတိုင်း သာ သွားနေ့ရင် မြုပ်မျောဘို့အပြင် ဘာမှမရှိတော့ဘူး။

ဒကာဒကာမတွေမှာ ပြင်ပေးမဲ့ဆရာ၊ ဖြတ်တောက် ပေးမယ့် ဆရာသမား မရှိတော့ဘူးဆိုရင် ဒီစခန်းနဲ့ ဒီလမ်းစဉ် အတိုင်း သွားရမှာချည့်ဘဲ၊ မြုပ်လမ်းနဲ့ မျောလမ်းဘဲဆိုတာ မှတ်ကြ။ သံသရာတလျှောက်လုံးမှာ ဒီအတိုင်းနဲ့ဘဲ ဒုက္ခရောက် ခဲ့ကြရ

တယ်၊ ဘယ်လောက်ကြာပြီဆိုတာ ဘုရား မဟောနိုင်ဘူး၊ ရိပ်မိကြရဲ့လား?။

အခု ရှေးက မွားပြစ်နဲ့ ဒုက္ခရောက်နေရတယ်၊ ပစ္စုပ္ပန်ခန္ဓာ အကျိုးတရားထဲမှာ နေ့နေရတယ်၊ ဒီပစ္စုပ္ပန်အကျိုးဒုက္ခတရား ထဲမှာ တခါထပ်ပြီး ပစ္စုပ္ပန်အကြောင်းကို ကြိုးစားတဲ့အတွက် နောက်က အနာဂတ်အကျိုးသုံးခု လိုက်လာတာဘဲ၊ ရိပ်မိကြ ရဲ့လား?၊ သုခဝေဒနာပေါ်တော့ ချမ်းသာတယ်၊ သူ့နောက် က ကျေနပ်တယ်, စွဲလမ်းတယ်ဆိုပြီး တဏှာ, ဉပါဒါန်၊ အားထုတ်ရအုံးမယ်ဆိုတော့ ကံ၊ အဲဒီ ပစ္စုပ္ပန်အကြောင်း သုံးခုကို လုပ်မိတဲ့အတွက်၊ ဇာတိစတဲ့ အနာဂတ် အကျိုးသုံးခု လိုက်လာတယ်၊ ရှင်းကြပလား?။

တခါထပ်ပြီး ပြောပါအုံးမယ်၊ အခု ဒကာဒကာမတို့မှာ ပစ္စုပ္ပန် အကျိုးတရား ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးကို ကိုယ်ပိုင်လက်ရှိ ရနေကြတယ်ဆိုတာ အားလုံးသိကြပြီ၊ ဒီ အကျိုး ပစ္စုပ္ပန်ခန္ဓာထဲမှာ ဝေဒနာနောက်က တဏှာ, ဉပါဒါန်, ကံဆိုတဲ့ အကြောင်းတွေ ပေါ်အုံးမယ်ဆိုရင်၊ ဇာတိ, ဇရာ,မရဏ ဆိုတဲ့ အနာဂတ်အကျိုးတွေဟာ မုချပေါ်လာ တော့မှာဘဲ၊ ရှင်းကြပလား?။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဒီ သုခ ဝေဒနာ နောက်က တဏှာလာတဲ့သူဆိုရင် ဘယ်တော့မှ နိဗ္ဗာန် ရမယ်လို့ မဟောဘူး"တဲ့၊ ဉပရိပဏ္ဏာသ ပါဠိတော်မှာ ဟော ထားတာ ရှိပါတယ်၊သဘောပါကြပလား?၊အခုနေမှာဝေဒနာ ပေါ်တိုင်း တဏှာ, ဉပါဒါန်,ကံတွေ နောက်က ပေါ်လာရင် အနာဂတ်အကျိုးဖြစ်တဲ့ ဇာတိ,ဇရာ, မရဏတွေ မုချလိုက်လာ

တော့မှာဘဲ၊ ဒီလိုလိုက်လာတော့ ပစ္စုပ္ပန်နဲ့ အနာဂတ်ဘဝ နှစ်ခု ဆက်သွားပြီဆိုတာ ရှင်းကြပလား?။

ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝ, ဘဝနှစ်ခု ဆက်သွားတာ ဘာကြောင့်လဲ? ဝေဒနာနောက်က တဏှာလိုက်လာလို့ဘဲ ဆိုတာကျေနပ်ပလား? ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိဘဲ။ ဒကာ ဒကာမတို့ ဝိပဿနာမလုပ်ရင် ဒီအတိုင်း ဆက်မှာချည့်ဘဲဆိုတာ မှတ်ကြတော့။ ရှင်းကြပလား?။

ဒါ့ကြောင့် ဘုရားက "သုခဝေဒနာ နောက်က တဏှာ လာတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နိဗ္ဗာန်ရတယ်လို့မဟောဘူး'လို့ မှာတော်မူခဲ့တာဘဲဆိုတာ ကျေနပ်ကြပလား?။

ဒကာ ဒကာမတို့ အိုက်တဲ့ပူတဲ့ အခါများမှာ လေညှင်းခံကြတယ်၊ အဲဒီလိုလေညှင်းခံတော့ ခန္ဓာမှာပူလောင်အိုက်စပ်နေတဲ့ဒုက္ခဝေဒနာကလေးပျောက်ပြီး ခံသာတဲ့နေလို့ ကောင်းတဲ့ သုခ ဝေဒနာကလေး ပေါ်လာတယ်၊ အဲဒီအခါမှာဝေဒနာက စပြီး တဏှာ, ဥပါဒါန်စတဲ့ ပဋိစ္စသမုပ္ပါဒ်တွေ ပေါ်လာပြီး အနာဂတ် ဆင်းရဲတွေ ရအောင်ကြိုးစားတာဘဲဆိုတာ မှတ်ကြ။

လေညှင်းခံတာဟာ ပေါ့ပေါ့ မထင်လိုက်နဲ့၊ အနာဂတ် ဘဝအတွက် ဇာတိ,ဇရာ,မရဏ ဆိုတဲ့ ဒုက္ခသစ္စာတွေ ရမှုအတွက် ကြိုးစားနေတာဘဲလို့သာမှတ်ကြ။ ဒကာဒကာမတွေ သဘော ပါပလား?၊ ဒီဘဝအတွက်တွင်မဟုတ်ဘူး၊ နောက်ဘဝအတွက် ပါကြိုးစားနေတာလို့ဆုံးဖြတ်ချက်ချ။ ဒါ့ကြောင့် မဂ္ဂင်ငါးပါးနဲ့ အလုပ်လုပ်ကြမှဖြစ်တော့မယ်၊ လုပ်ကြပါစို့။

ဒကာဒကာမတို့ မိမိတို့ခန္ဓာမှာ ဝေဒနာသုံးပါး၊ တပါးပါး ကတော့ ပေါ်မှာဘဲ၊ ပေါ်တဲ့အခါ ဉာဏ်နဲ့ ကြည့်ပေးရမယ်၊ ဥပမာ-သုခဝေဒနာကလေး ကိုယ်ပေါ်မှာ ပေါ်တယ်ဆိုတော့၊ ပေါ်၊ ပေါ်ခြင်းမဂ္ဂင်ငါးပါးနဲ့မြင်အောင်ကြည့်ပေးကြ၊ ကြည့်တဲ့ အခါတော့ ပေါ်တယ်၊ ချုပ်တယ်ဆိုတဲ့ အချက်ကို မြင်အောင် ကြည့်ရမယ်၊ အဲဒီလို ကြည့်လိုက်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်ဖြစ်သွားတယ်။

ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်သွားတော့၊ နောက်က တဏှာ၊ ဥပါဒါန်၊ ကံတွေမလာတော့ဘူး၊ မလာတော့ အနာဂတ် အကျိုးတွေလဲ အကုန် ရုပ်သိမ်းသွားတော့တာဘဲ၊ သဘောပါကြပလား?၊ ဒါဟာ ကိုးစားရာ အားထားရာ ဖေါင် လုပ်လိုက်တာဘဲ ဆိုတာ မှတ်ကြဘို့ဘဲ။ ဒါ့ကြောင့် ဘုရားက သုခဝေဒနာနောက်က တဏှာမလာရင် ဒုက္ခခပ်သိမ်း ငြိမ်းလိမ့် မယ်၊ ဒုက္ခသိမ်းလိမ့်မယ်လို့ဟောတာဘဲ ဆိုတာကျေနပ်ပလား?။

ဒကာ ဒကာမတို့ ဒီနည်းအတိုင်းသာ ရှုသွားကြဘို့ဘဲ လိုတော့တယ်၊ ဒီလိုရှုသွားနိုင်ရင် ငါးလုံးတွဲဖေါင်ကို ကိုယ်ပိုင် ရကြပြီ၊ ဖြစ်ပျက်မြင်ရပြီ၊ ဒီလို ဖြစ်ပျက်တွေမြင်ပြီး, ဒီအမြင်နဲ့ သာ စုတိရင် နတ်ရွာ သုဂတိဘဲဆိုတာ သံသယမရှိကြနဲ့တော့၊ သေချာပြီလို့သာ မှတ်လိုက်ကြ။

ဒီနည်းအတိုင်းသာ ဖြစ်ပျက်အမြင်တွေ များများမြင်ပြီး သေရရင် ဒုတိယဘဝမှာနတ်သမီးရင်ခွင်ထဲမှာ သွားပြီးဖြစ်ရမယ်၊ နတ်ပြည်ရောက်သွားပေမယ့်ရောက်တာကို မသိလိုက် သေးဘူး၊ နတ်ပြည်ကို ရောက်တာမသိခင်မှာ သောတာပန်တည်နိုင်တယ်။ ဒီအဓိပ္ပါယ်ဟာ ဝတ္ထုသက်သေနဲ့ အထင်အရှား ရှိပါတယ်၊

"သမဏာနတ်သားဝတ္ထု" တဲ့၊ အင်္ဂုတ္တိုရ် ပါဠိတော်မှာ လာတဲ့ စကားဘဲ။

ဒကာဒကာမတွေဒီလိုဆိုတော့ အားကိုးဘို့ရာများမကောင်း ကြသေးဘူးလား? အမြန်ဆုံး အားကိုးရအောင် လုပ်သင့်တယ် ဆိုတာ ဆုံးဖြတ်ချက်ချကြ။ ရှစ်လုံးတဲ့ဖေါင်နဲ့သာ သေရင်တော့ ပြောဘွယ်မရှိတော့ဘူး၊ အတိုင်းထက်အလွန်ပါဘဲ၊ ဒါကြောင့် ငါးလုံးဖြစ်ဖြစ်၊ ရှစ်လုံးဆိုတော့ အထူးပြောဘို့ မလိုတော့ဘူး၊ တခုခုကိုတော့ ကိုယ်ပိုင်ရထားအောင် အမြန်ဆုံး လုပ်ထားကြရ မယ်၊ သဘောပါကြပလား?။

ဒကာဒကာမတွေ ဒီဖေါင်ကလေး ငါးလုံးတဲ့လောက်မှ မရှိကြရင် ခက်တော့မယ်၊ မကြာခင် အခက်ကြီးကြုံရတော့မယ်၊ အခုနှယ်က ဒါကိုဖြင့် ရအောင်လုပ်ထားကြ၊ လုပ်မှရမယ်၊မလုပ် ရင် မရဘူး။ မြုပ်ချင်သူ, မျောချင်သူဆိုရင်ဖြင့် မလုပ်နဲ့ပေါ့။ မြုပ်ချင်မျောချင်သူဆိုရင် လူစိတ်ကင်းနေလို့လား?လို့ မေးသင့် မမေးသင့် ကြပ်ကြပ်စဉ်းစားကြ။

ငါးလုံးဖေါင် ရဘို့က ခန္ဓာမှာ ဖြစ်ပျက်ကို မြင်ရမယ်၊ ဖြစ်ပြီး ပျက်တာကိုမြင်မှသာ ရမယ်ဆိုတာ သေသေချာချာမှတ် ထားကြ။ ဖြစ်တာ ပျက်တာကိုမှ မမြင်သေးရင် မရဘူးလို့သာ မှတ်ကြ။ ဒကာဒကာမတို့ ဒီအရေးကသူများအရေးမဟုတ်ဘူး၊ ကိုယ့်အရေးဘဲ၊ ဒါမှကိုယ့်အရေးအစစ်၊ ကိုယ်ပိုင် ပစ္စည်းအစစ် အားကိုးရာ အားထားရာ အစစ်မို့ မလုပ်ရင်မဖြစ်ဘူး ဆိုတာ သတိပေးလိုက်တယ်။

သိန်းပေါင်းများစွာရှိတဲ့ ပစ္စည်းတွေ, တိုက်တာ အိုးအိမ် တွေ ဆိုတာလဲ တကယ်အရေးကြုံလာရင် အားကိုးမရဘူး၊

တကယ်အရေးကျလာပြီဆိုတဲ့အချိန်မှာ ဘယ်သား ဘယ်သမီးကမှ လဲမကယ်နိုင်တော့ဘူး၊ မျက်နှာငယ်ငယ်, မျက်ရေစက်လက်နဲ့ ဒုက္ခရောက်ရမယ်၊ အဲဒီကမှတဆင့် မြုပ်လမ်းသွားရရင် ခံရမယ့် ဒုက္ခတွေဟာပြောလို့ကုန်နိုင်စရာ မရှိတော့ဘူး၊ ရိပ်မိကြရဲ့လား?။

ဒါ့ကြောင့် ဒီအလုပ် လုပ်ကြရမယ်၊ ဒီအလုပ်လုပ်မှ ပဌမ အနေနဲ့ ငါးလုံးဖေါင်ကို ကိုယ်ပိုင်ရမယ်၊ နောက် ရှစ်လုံးဖေါင်၊ ဒီဖေါင်ကမှ ကယ်နိုင် ယူနိုင်မယ်၊ အားကိုးရာ အားထားရာ ရကြမယ်ဆိုတာ အလေးအနက် မှတ်ပြီး ကြိုးစားယူလိုက်ကြ၊ ရှင်းကြပလား?။

အခု ဒကာဒကာမတို့ ခန္ဓာမှာ သုခဝေဒနာ ကလေးတခု ပေါ်လာတယ်ဆိုတော့ ဉာဏ်နဲ့ အကဲခတ်လိုက်ပါ၊ ခတ်လိုက်တော့ အဲဒီအချိန်မှာ ဝေဒနာကလေးမရှိတော့ဘူးဆိုတာ သိရမယ်၊ ဒီလိုရှုလိုက်တော့ သုခဝေဒနာရဲ့ နောက်က တဏှာ, ဥပါဒါန်, ကံ တွေမလာဘူး၊ ချုပ်သွားကုန်တယ်၊ ရှင်းပလား?။

အဲဒီအခါမှာ— သုခဝေဒနာက .... ဖြစ်ပျက်၊
ရှုဉာဏ်က .... မဂ်၊
သေတာက တဏှာ, ဥပါဒါန်, ကံ။

သုခဝေဒနာကို ဖြစ်ပျက်လို့ ရှုလိုက်တဲ့အတွက် နောက်က အကြောင်းသုံးခု မလာဘူး၊ အကြောင်းသမုဒယ သုံးခု ချုပ်သွားတယ်၊ ကိုင်း, ဘယ်လောက် နေရာ ကျသွားသလဲ? မရှုဘဲ နေရင် လက်ရှိ ဒုက္ခသစ္စာထဲမှာ နောက်ထပ် ဒုက္ခရောက်ဖို့ သမုဒယသစ္စာ ပေါ်မယ်၊ အခုလို ရှုလိုက်တဲ့အခါကျတော့

နောက် သမုဒယသစ္စာတွေ ချုပ်သွားတဲ့အတွက် နောက် ဒုက္ခ ပေါ်ဖို့ မရှိဘူး၊ ကျေနပ်ပလား?။

ဒကာ ဒကာမတို့ သုခဝေဒနာက 'ဟေ့ ပဿိကော'တဲ့၊

သန္ဒိဋ္ဌိကော ဖြစ်အောင် ကိုယ်တိုင် ဉာဏ်နဲ့ လိုက်ကြရမယ်၊

သုခဝေဒနာက "ကျုပ်ရှုပါ–ကျုပ်ရှုပါ"ဆိုပြီး ခန္ဓာမှာ ပေါ်လာတယ်; အဲဒီလို ပေါ်တဲ့အခါ၊ ဒကာ ဒကာမတွေက ကျောပေးမနေကြပါနဲ့၊ ဉာဏ်နဲ့မြင်အောင် လိုက်ကြည့်၊ ကြည့် လိုက်တော့၊ ကိုယ်တိုင်ဖြစ်ပြီး ပျက်သွားတာကို မြင်ရမယ်၊ အဲဒီလို ဉာဏ်နဲ့ ကိုယ်တိုင်မြင်လိုက်တာဟာ သန္ဒိဋ္ဌိကော-ဘဲ၊ သူများပြော မဟုတ်ဘူး၊ သာမံ ပဿိ တဗ္ဗော-ဆိုတာ ကိုယ်တိုင် မြင်ရမယ်လို့ ပြောတာ ရှင်းကြပလား?။

အဲဒီလို ရှုနိုင်တော့ နောက်က သမုဒယသေတယ်၊ သေတော့ နောက် ဒုက္ခသစ္စာ မလာနိုင်တော့ဘူး၊ ဒါ့ကြောင့် ဘုရားဟော တော်မူတဲ့ စကားနဲ့ညီတယ်၊ ဘုရားက "သုခဝေဒနာ နောက်က တဏှာမလာရင် ဒုက္ခငြိမ်းမယ်"လို့ ဟောပါတယ်၊ ဒါ့ကြောင့် ညီညွတ်တယ်ဆိုတာ ရိပ်မိပလား?။

ကိုယ့်သန္တာန်မှာ ဓမ္မကလေးတွေက အမြဲပေါ်နေပါတယ်၊ သူတို့က "ကျုပ်ကိုရှုပါ-ကျုပ်ကိုရှုပါ"ဆိုပြီး ပေါ်, ပေါ်လာ တယ်၊ ဓမ္မတွေက ဟေ့ ပဿိကော-တဲ့၊ ဟေ့-လာပါ၊ ပဿိ ကော-ရှုလှည့်ပါ ဆိုတာဘဲ။ အဲဒီအခါမှာ ဒကာ ဒကာမတို့က သန္ဒိဋ္ဌိကောနဲ့ လိုက်ကြရမယ်။ ကိုယ့်သန္တာန်မှာ မဂ် ဝင်ပြီး သန္ဒိဋ္ဌိကောနဲ့ ကြည့်တော့ ကိုယ်တိုင် သိရတယ်၊ နေရာကျကြ ပလား?။

ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ သေတာက သမုဒယ၊ နောင်မရတာက ဒုက္ခတွေဘဲ၊ ဒုက္ခတွေ ချုပ်တဲ့နေရာမှာ "ဒုက္ခနိရောဓော နိဗ္ဗာန်"ဘဲ။ ဒကာ ဒကာမတွေ နဂိုတုန်းက မရှုဘဲနေတော့ ဒုက္ခတွေချည့် တန်းနေတာဘဲဆိုတာသာ မှတ်ကြ၊ ရိပ်မိကြပလား?၊ အခု ရှုလိုက်တော့ ဒုက္ခတွေ ပြတ်သွားတာဘဲ၊ သဘောပါကြပလား?။

ဒကာ ဒကာမတို့ ကျကျနန မှတ်လိုက်ကြပါ၊ မရှုမပွားတဲ့သူဆိုရင် တနေ့လုံး သမုဒယနဲ့ ဒုက္ခနဲ့ချည့်ဘဲ၊ ဒီ နှစ်ခုနဲ့ဘဲ အချိန်ကုန်တယ်၊ ဘာမှ အပိုမည့်ဘူး၊ သမုဒယပြီး ဒုက္ခ၊ ဒုက္ခပြီး သမုဒယ၊ မရှုမပွားရင် ဒီနှစ်ခုဘဲ ချာချာလည်နေရတယ်ဆိုတာသာ မှတ်လိုက်ကြ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှေးတုန်းက ဆိုရင် အရောင်းနဲ့ အဝယ်နဲ့၊ သားနဲ့ သမီးနဲ့၊ ပစ္စည်းနဲ့ဆိုသလို နေလာကြတယ်၊ အရောင်းအဝယ်နဲ့နေ၊ သမီးနဲ့နေ၊ သားနဲ့နေ၊ နေလာခဲ့သမျှတွေဟာ နိရောဓနဲ့ မဂ္ဂမပါကြဘူး၊ သမုဒယနဲ့ ဒုက္ခနဲ့သာ နေလာကြတာဘဲဆိုတာ ရိပ်မိကြရဲ့လား?။

သံသရာ တလျှောက်လုံး၊ ဘဝတလျှောက်လုံးမှာ ဒီနှစ်ခုနဲ့ဘဲ ကျင်လည်ခဲ့ကြရ၊ နေလာခဲ့ကြရတယ်၊ ကောင်းတဲ့သစ္စာနှစ်ခုမပါဘူး၊ မကောင်းတဲ့ သစ္စာနှစ်ခုဘဲဆိုတာ မှတ်လိုက်ကြ။ သမုဒယဖြစ်လိုက်, ဒုက္ခရောက်လိုက်နဲ့ ဒီတဘဝ လက်စသတ်လို့ သေသည်၏ အခြားမဲ့မှာ ဒုက္ခထဲဘဲ ပြန်ရောက်ရမယ်။

အဲဒီတော့ ဒီအဖြစ်ဆိုးက ထွက်မှ ဖြစ်တော့မှာဘဲဆိုတာ သဘောပါကြရဲ့လား? ဒီအဖြစ်ဆိုးက လွတ်ချင်ရင် အခု

လက်ငင်း ရှုကြရမယ်၊ မရှုရင် မရဘူး၊ ဒီ ဒုက္ခနဲ့ သမုဒယက အပြောနဲ့ မပြတ်ဘူး၊ အလုပ်နဲ့ ဖြတ်မှရမယ်။

ကိုယ်ပေါ်မှာ သုခဝေဒနာကလေး ပေါ်တယ်ဆိုတော့ ဟေ-လာပါ၊ ပဿ-ရှုပါ ရှုပါနဲ့ ခေါ်လိုက်တာဘဲ၊ အဲဒီလို တရားက ခေါ်တာကို မရှုမိရင် နောက်က တဏှာလာမယ်၊ တဏှာလာရင် ဒုက္ခ ရှည်အုံးတော့မှာဘဲဆိုတာ သံသယ မရှိနဲ့တော့။ ဝေဒနာ ပေါ်လာတဲ့အခါ ရှုလိုက်မိရင် တဏှာမဆက်ဘူး၊ ဒုက္ခစက်ပြတ်တော့တာဘဲ၊ အဲဒီလို သန္တတိကောနဲ့ ကိုယ်တိုင်မြင်တဲ့ မဂ်က ရမှာဘဲ။ သေချာကြပလား?။

ဝေဒနာပေါ်လို့ မရှုမိတော့ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝ ပစ္စယာ ဇာတိဘဲဆိုတာ မြင်ကြရဲ့လား?၊ ဝေဒနာကို သန္တတိကောနဲ့ မလိုက်မိတော့ နောက်က အလာလွဲနေတာ သေချာပြီ၊ အလာလွဲတာ သေချာတဲ့အတွက် ဒကာဒကာမတို့ တတွေ သမုဒယနဲ့ ဒုက္ခကို ကိုယ်ပိုင်ရကြတာဘဲဆိုတာ ရိပ်မိကြပလား?။

သမုဒယက အပူ၊ ဒုက္ခက ဆင်းရဲ၊ အပူနဲ့ ဆင်းရဲဘဲ ကိုယ်ပိုင် ရကြတယ်၊ ဒါဘာ့ကြောင့်လဲ?၊ မမေးနဲ့တော့ မဂ်နဲ့ သွားရမှာကို တဏှာနဲ့ သွားမိလို့ဘဲဆိုတာ မှတ်လိုက်ကြ၊ မဂ်နဲ့ သွားရင် အပူသိမ်း၍ ဆင်းရဲဒုက္ခတွေ ငြိမ်းမယ်၊ အခုတော့ ဒကာဒကာမတွေမှာ တဏှာနဲ့ချည့် သွားနေကြလို့ အပူသယ်တွေ့, ဒုက္ခသယ်တွေ့, ဖြစ်နေကြရတယ်၊ ဒီဇာတ်ကိုဖြင့် အမြန်သိမ်းမှဘဲလို့သာ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတို့ ဝေဒနာကလေးက ဧဟိ ပဿိကောနဲ့ ခေါ်တဲ့အခါ ဉာဏ်က သွားပါ၊ တဏှာက မသွားစေပါနဲ့၊ ဉာဏ်က မသွားရင် အပူရမယ်၊ ဆင်းရဲရမယ်၊ အပူနဲ့ ဆင်းရဲတာဘဲ ရမယ်ဆိုတာ မှတ်ကြ။ ခေါ်တော့ ခေါ်တာဘဲ ခေါ်တာကို အသွားမတတ်လို့ အပူသယ်အဖြစ်နဲ့ ဒုက္ခရောက်ရတယ်၊ ဒါ့ကြောင့် ဒီက ရှေ့အသွားတတ်ကြပါစေဆိုတာ သတိပေးလိုက်တယ်၊ အသွားတတ်အောင် ဉာဏ်နဲ့ သွားကြ၊ ရှင်းကြပလား?။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

"သုခံ ဝါဝေဒနံ ဝေဒယမာနော
သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊"

"ခန္ဓာမှာ သုခဝေဒနာပေါ်တဲ့အခါ ဉာဏ်နဲ့သိအောင်
လုပ်ပါ" တဲ့။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟာကရုဏာတော်ကြီးရှာလွန်းလို့ ဟောပြထားတော်မူခဲ့တယ်၊ ဆရာဘုန်းကြီးကလဲ ဘုရားကိုယ်စားလှယ်လုပ်ပြီး အင်မတန် ငဲ့ညှာပြီး ပြောပြနေတယ်၊ ဒါ့ကြောင့်မို့ လေးလေးစားစားနဲ့ ကိုယ့်ကိုယ်ကို သနားပြီး ကြိုးစားလုပ်ကြရမယ်၊ သဘောကျပလား?။

ဒါ့ကြောင့် ဧဟိ ပဿိကော ခေါ်ရာကို၊ သန္ဒိဋ္ဌိကောနဲ့ သွားကြရမယ်။ ဘုရားက "ပဇာနာတိ ဉာဏ်နဲ့ သိအောင် လုပ်ပါ"တဲ့၊ ဉာဏ်နဲ့သွားရမှာ၊ တဏှာနဲ့ မသွားမိအောင်

ကြိုးစားကြ၊ ခေါ်ရာကို သွားတတ်ရင် အပ္ပသိမ်း၍ ဒုက္ခငြိမ်းမယ် ရှင်းကြပလား?။

ဒကာဒကာမတို့ ဓမ္မဂုဏ်တော်ကို သေသေချာချာ ရှုတိ ကြည့်လိုက်ပါ၊ အကာလိကော-တဲ့၊ အခါမလင့် အကျိုးပေး မယ်တဲ့၊ ဟေိပဿိကော ခေါ်ရာကို၊ သန္ဒိဋ္ဌိကောနဲ့ လိုက်ရင် အကာလိကော ဖြစ်မယ်တဲ့၊ ကျေနပ်ကြပလား?။

သန္ဒိဋ္ဌိကောနဲ့ လိုက်ဖြစ်အောင်လိုက်ကြပါ။ လိုက်နိုင်ရင် ပဋိစ္စသမုပ္ပါဒ်မဆက်နိုင်တာ ကောင်းကောင်းသိရမယ်၊ အပ္ပသိမ်း ၍ ဒုက္ခငြိမ်းတာကို တွေ့ရမယ်။ ဉာဏ်နဲ့သာလိုက်, လိုက်ရင် ဒီအကျိုးတွေဟာ ကိုယ်တွေ့မျက်မြင်ဘဲ၊ သူများပြောမဟုတ်ဘူး၊ ဒကာ ဒကာမတွေ သဘောပါကြပလား?။

ဒီလိုရှုလို့ ဒီလိုအကျိုးတွေ ရဒါဟာ ဝါးလုံးတွဲဖေါင်ကို ကိုယ်ပိုင် ရလိုက်တာဘဲ၊ မြုပ်ခြင်း, မျောခြင်း တို့မှ အထိုက် အလျောက် လွတ်နိုင်ပြီ၊ ဒါဟာ ပါဠိတော်နဲ့ ကိုက်ညီပါ တယ်၊ သူ့အကျိုးပေးက အချိန်မဆိုင်းဘူး၊ အကာလိကောတဲ့၊ အခု ဒကာ ဒကာမတွေ မျက်မြင်ပါဘဲ၊ အချိန်မဆိုင်းဘဲ ချက်ချင်း အကျိုးပေးပါတယ်။

ဆရာဘုန်းကြီးက ဒကာ ဒကာမတွေကို အသေအချာ ပြောလိုက်ပါတယ်၊ ဒီ ငါးလုံးတွဲဖေါင်လောက်မှ မရှိသေး ရင်ဖြင့် "ငါသေရင် ဘာဖြစ်မလဲ" ဆိုတာ မမေးကြနဲ့တော့၊ မြုပ်မျောဘဲလို့သာ မှတ်ထားလိုက်ကြ၊ ရိပ်မိကြပလား?။

ဒကာဒကာမတွေ အလိုက်ကောင်းမှ အမှန်အကန် ရနိုင် ပါတယ်၊ အလိုက်မကောင်းရင် မရပါဘူး။ ဒီအဓိပ္ပါယ်ဟာ တရားဂုဏ်တော်ထဲမှာ ပါပြီးသားဖြစ်နေတာဘဲ၊ ဒါကို မရိပ်မိ

ကြလို့ ဆရာသမားက အခု ဖေါ်ပြပေးလိုက်ပြီ၊ အပါယ်သွားရမှာ ကြောက်တယ်ဆိုရင်ဒီအလုပ်ကို မုချ လုပ်ကြရမယ်။

ဒါကိုလုပ်ရင် ဒကာဒကာမတွေ သုခဝေဒနာပေါ်တဲ့အခါ၊ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဖြစ်ပျက်ဘဲတွေ့ရမယ်။ အဲဒီမှာ သုခဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က ငါးလုံးတွဲ မဂ် ဖြစ်သွားတယ်၊ ခြားမှာ မဂ်ဝင်လိုက်တော့ သုခဝေဒနာ နောက်က တဏှာ, ဥပါဒါန်, ကံတွေ မလာတော့ဘူး၊ သူတို့ မလာတော့ နောက်ဒုက္ခတွေ အကုန်ချုပ်တယ်၊ ရှင်းကြပလား?။

ဝေဒနာ သုံးပါး ဖြစ်စေ, ငါးပါးဖြစ်စေ ရှုနိုင်တယ်၊ သောမနဿဝေဒနာလာရင်လဲရှုပေး။ ရှုလိုက်တော့ သောမနဿဝေဒနာက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ် ဖြစ်သွားတယ်၊ အဲဒီမှာ ဝေဒနာနောက်က မဂ်ဝင်လာလိုက်တော့ သူ့နောက်က တဏှာ ဥပါဒါန်, ကံတွေ ရုပ်သိမ်းသွားတော့တယ်၊ သူတို့ သိမ်းတော့ ဇာတိစတဲ့ နောက်ဒုက္ခတွေလဲ ငြိမ်းတော့တာဘဲ။

ဝေဒနာကလေးက ဟေ ပဿိကော-လို့ ခေါ်လိုက်တော့ ဉာဏ်နဲ့ သန္ဒိဋ္ဌိကောဖြစ်အောင် လိုက်နိုင်တဲ့အတွက် တဏှာစတဲ့ ပစ္စုပ္ပန်အကြောင်းတွေ သိမ်းသွားတယ်၊ ပစ္စုပ္ပန်အကြောင်းတွေ သိမ်းတော့၊ အနာဂတ်အကျိုး ဇာတိစတဲ့ ဒုက္ခတွေ ငြိမ်းသွားပါတယ်ဆိုတာ ရှင်းကြပလား?။ အဲဒီတော့-

ဝေဒနာဖြစ်ပျက်က .... ဒုက္ခသစ္စာ၊
ရှုလိုက်တဲ့ဉာဏ်က .... မဂ္ဂသစ္စာ၊
တဏှာစတဲ့ အကြောင်းတွေ သိမ်းတာက....သမုဒယသစ္စာ၊
ဇာတိစတဲ့ အကျိုးတွေ ငြိမ်းတာက.... နိရောဓသစ္စာ။

ကိုင်း ဒကာဒကာမတွေကျေနပ်ကြပလား?၊ ဟေ ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်နိုင်တဲ့အတွက်၊ အကာလိကော တဲ့၊ အခါမလင့် အကျိုးပေးတယ်ဆိုတာ ပေါ်ကြပလား? မရှုတဲ့သူအတွက် တဏှာ, ဥပါဒါန်, ကံဆိုတဲ့ သမုဒယသစ္စာ သုံးခု လာတယ်။ အပူသုံးခုဘဲ၊ ဒီအပူသုံးခုလာရင် နောက်က ဆင်းရဲအစု လိုက်တော့မှာဘဲလို့သာ မှတ်လိုက်ကြ။

ဖြစ်ပျက်ရှုလိုက်တဲ့သူအတွက် မဂ္ဂင်ငါးခု ဝင်လာတယ်၊ အားကိုးစရာ ငါးလုံးတွဲဖောင်ဘဲတဲ့။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဒီ မဂ္ဂင်ငါးပါး ဝင်လာတယ်။

အဲဒါဟာ ဟေ ပဿိကော-ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်တဲ့အတွက် တဏှာနဲ့ သမုဒယ သုံး ချုပ်သွားတယ်၊ ချုပ်သွားတော့ နောက်ဒုက္ခတွေလဲ မလာတော့ဘူး၊ အဲဒါ အကာလိကော-ဆိုတဲ့ အခါမလင့် အကျိုးပေးတာဘဲဆိုတာ မှတ်လိုက်ကြတော့၊ ကျေနပ်ပလား?။

ဒကာ ဒကာမတို့ အားလုံးဟာ ဘုရားရှိခိုးကြတဲ့ လူချည့်ဘဲ၊ ရှိမခိုးတဲ့သူ မပါပါဘူး၊ ဘုရားရှိခိုးတိုင်းလဲ သန္ဒိဋ္ဌိကော အကာလိကော, ဟေ ပဿိကော ဆိုပြီး ရွတ်နေကြတာဘဲ၊ ဆိုနေကြပေမယ့် အလုပ်မပါကြဘူး၊ အခု ဆရာဘုန်းကြီးက အလုပ်ဖြစ်အောင် ထည့်ပေးနေပါတယ်။ အလုပ်နဲ့ လိုက်အုံးမှ ဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ။ ဘုရားရှိခိုးတို့ ရွတ်တော့ ဓမ္မ ဂုဏ်တော်မို့ ဓမ္မာနုဿတိ ဖြစ်တယ်၊ အဲဒါ သမထဘဲ၊ သမထနဲ့ ကိစ္စမပြီးသေးဘူး၊ ဝိပဿနာက ကိစ္စပြီးမယ်။

ဒါ့ကြောင့် ပါဠိတော်အတိုင်း ဝိပဿနာဖြစ်အောင် လုပ်မှဘဲဆိုပြီး လုပ်ကြရမယ်၊ လုပ်ရမယ်ဆိုတော့ ခန္ဓာမှာ ဝေဒနာအလေးတွေက ပေါ် ပဿီကော-တဲ့၊ လာပါ-ရှုပါလို့ခေါ်တော့ မဂ္ဂင် ဝါးပါးက သန္ဒိဋ္ဌိကော နဲ့ လိုက်ပေးရမယ်၊ လိုက်ရင် အကာလိကော ဆိုတဲ့အတိုင်း ဒုက္ခနဲ့ သမုဒယတွေ ချုပ်သွားတော့တယ်၊ ရှင်းကြရဲ့လား?။

အဲဒီလို ရှုလိုက်တော့ မဂ်ပေါ်လာတယ်၊ အဲဒီ မဂ်က ဝါးလုံးတွဲဖောင်ဘဲ၊ ဒီဝါးလုံးတွဲ ဖောင်လောက်နဲ့က တကယ် စိတ်မချရသေးဘူး။ ဒီတော့ ရှစ်လုံးတွဲဖောင် ဖြစ်အောင် လုပ်ကြရမယ်၊ ရှစ်လုံးပြည့်အောင် လုပ်ဘို့က ဝါတို့ အရေးဘဲ ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဝိပဿနာ ရှုနေတာဟာ ဝါးလုံးထက်မပိုနိုင်ဘူး၊ ဒါလောက်နဲ့ဘဲ စိတ်ချနေလို့ မတော်သေးဘူး၊ နောက်က ဇာတိစတဲ့ ဒုက္ခတွေ ကျန်နေသေးတယ်၊ ဇာတိပိ ဒုက္ခသစ္စာဘဲဆိုတော့ ကောင်းတာမပါဘူး၊ ဒါ့ကြောင့် ရှစ်လုံးဖြစ်အောင် ကြိုးစားရမယ်။ ဒကာ ဒကာမတို့ ရှစ်လုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲ? ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဠာယတနဲ့ ဝေဒနာ-သံယုတ်မှာ အသေအချာ ဟောတော်မူခဲ့ပါတယ်ဆိုတာ မှတ်ကြရမယ်။

သော ဝေဒနာ ပရိညာယ၊
ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊
သင်္ချံ နောပေတိ ဝေဒဂူ။ ။

ဒကာ ဒကာမတို့ ဒီခန္ဓာမှာ ပေါ်လာတဲ့ ဝေဒနာကလေး ကို ဖြစ်လာလဲ ဒုက္ခဘဲ၊ ပျက်တာလဲ ဒုက္ခဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိအောင် ကုဂ်စမ်းပါတဲ့။ သော၊ ထိုဝေဒနာ ကမ္မဋ္ဌာန်းကို ရှုမှတ် ပွားများသော ပုဂ္ဂိုလ်သည်။ ဝေဒနံ၊ ဝေဒနာကို။ ပရိညာယ၊ ဖြစ်တာလဲ ဒုက္ခဘဲ, ပျက်တာလဲ ဒုက္ခဘဲဟု ပိုင်ပိုင် နိုင်နိုင် သိခဲ့သည်ရှိသော်။ ဒိဋ္ဌေ ဓမ္မေ၊ ရှုမှတ်ဆဲခဏ၌။ အနာ သဝေါ၊ အာသဝေါကင်းလေ၏-တဲ့။

ဝေဒနာကလေးကို ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင်သိအောင် ကြည့်ကြစမ်းပါတဲ့။ သူ့ကို ဖြစ်ပျက်,ဖြစ်ပျက်လို့ ရှုနေတော့ ဝိပဿနာဘဲ၊ အဲဒီ ဝိပဿနာကို စူးစူးစိုက်စိုက် ဖြော်-ဖြစ်တာ လဲ ဒုက္ခဘဲ၊ ပျက်တာလဲ ဒုက္ခဘဲလို့ ပိုင်ပိုင်နိုင်နိုင်သိပြီး ဆုံးဖြတ် ချက်ကျအောင် ရှုကြရမယ်၊ အဲဒီလို ရှုရင် ဒိဋ္ဌေ ဓမ္မေ အနာ သဝေါဆိုတာ ဖြစ်မယ်။

ရှုဆဲ ခဏမှာ အာသဝေါကင်းတယ် ဆိုတော့ ဒကာ ဒကာမတို့ အဲဒီအခါ တဏှာဆိုတဲ့ ကာမာသဝလဲ မလာဘူး၊ တဏှာနဲ့ တွဲနေတဲ့ ဒိဋ္ဌာသဝလဲ မလာဘူး၊ အတူတကွ ဖြစ်ဘော် ဖြစ်ဘက် အဝိဇ္ဇာသဝလဲ ကင်းနေတယ်၊ မလာတော့ဘူး ဆိုတာ သိကြရမယ်။

ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်လဲ ကျရော မဂ္ဂင်ရှစ်ပါးပြည့်သွားတော့တာဘဲ၊ မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ် တဲ့ အချိန်မှာ နောက် အာသဝဆိုတဲ့ သမုဒယတွေလဲ သိမ်းပါ ရော၊ နောက်လာမယ့် ဒုက္ခတွေလဲ ငြိမ်းတော့တာဘဲ၊ ကျေနပ် ကြပလား။

ကာယဿ ဘေဒါ ဓမ္မရေ သွားတဲ့၊ မဂ္ဂင်ရှစ်ပါး ပြည့်ပြီး သေလို့ရှိရင် နိဗ္ဗာန်၌ တည်ပါတယ်တဲ့။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဘေဒါ၊ ပျက်စီးသည်မှ နောက်ကာလ၌။ ဓမ္မရေသွား၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်၌တည်သည်။ ဟောတိ၊ ဖြစ်၏။ သမုဒယတွေလဲချုပ်, နောက်က ဒုက္ခတွေလဲ ချုပ်၊ ဒုက္ခချုပ်ရာဟာ နိဗ္ဗာန်ဘဲ၊ ရှင်းကြရဲ့လား?"

ဒကာ ဒကာမတွေ ဒါ့ကြောင့် ဖြစ်ဒုက္ခ, ပျက်ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိဘို့ အရေးကြီးတယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိရင် အာသဝေါကုန်ပါတယ်၊ အာသဝေါ ကုန်ရာဟာ နိဗ္ဗာန်ဘဲ၊ သဘောပါကြရဲ့လား?။

အာသဝတွေ ဆိုတာဟာ လိုရင်းတော့ သမုဒယတွေဘဲ၊ ဒီသမုဒယတွေကုန်တယ် ဆိုတော့နောက် ဒုက္ခတွေလဲ မလာနိုင်တော့ဘူး၊ အဲဒီတော့သမုဒယလဲချုပ်, ဒုက္ခလဲချုပ်၊ ချုပ်တော့ "တဏှာနိရောဓာ နိဗ္ဗာနံ,ဒုက္ခနိရောဓောနိဗ္ဗာနံ"ဆိုတဲ့အတိုင်း နိရောဓသစ္စာ ပေါ်လာတယ်။ ကိုင်း, နေရာကျကြပလား?။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီလိုပေါ်လာတဲ့ ဝေဒနာကို ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင် နိုင်နိုင် သိအောင်, သိပြီး ဆုံးဖြတ်ချက်ကျသည်တိုင်အောင် ရှုကြပါလို့ လေးလေးနက်နက် တိုက်တွန်းလိုက်ပါတယ်၊ သဘောပါကြပလား?။

**ဂါထာအနက်** ယော၊ ဝေဒနာကမ္မဋ္ဌာန်းကို စီဖြန်း ကြိုးကုတ် အားထုတ်သော အကြင် ယောဂီ ပုဂ္ဂိုလ်သည်။ ဝေဒနာယ၊ သုခ ဒုက္ခ စရိုငါးဖြာ ဝေဒနာကို။ ပရိညာယ၊ ပရိညာ သုံးတန်ဖြင့် ကောန်ပိုင်ပိုင် သိစွမ်းနိုင်သည်

ရှိသော်။ ဝါ၊ ဖြစ်ပျက်ဒုက္ခသဘာဝ၌ မုချပိုင်ပိုင်သိစွမ်းနိုင်ခဲ့သည် ရှိသော်။ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်ယခုရှုမှတ်နေဆဲ ခဏအတွင်း၌။ အနာသဝေါ၊ အာသဝမရှိသည်။ အနာသဝေါ၊ အာသဝေါ ကင်းကွာ ရဟန္တာဖြစ်ရလေ၏။ သော ဝေဒဂူ၊ သိပိုင်ဆုံးဖြတ် ထိုရဟန္တာပုဂ္ဂိုလ်မြတ်သည်။ ကာယဿ၊ ဥပါဒိန္နက ကြုံခန္ဓာ ကာယ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဘေဒါ၊ ပျက်စီးရာမှ နောက်ကာလ၌။ ဓမ္မဋ္ဌော၊ ဒုက္ခတရံ မဆက်ဆံသည့် နိဗ္ဗာန်၌ တည်သည်ရှိသော်။ သင်္ချံ၊ လူနတ် ဗြဟ္မာ သတ္တာဟူသော ရေတွက်ခြင်းသို့။ နောပေတိ၊ မရောက်တော့ပေပြီ။ ။

ကိုင်း....နာရီစေ့ပြီ၊ ဒီတွင်ဘဲ တော်ကြအုံးစို့။

# ဓမ္မရတနာမာတိကာ

## "ကာလစားဖတ်၊ သေဘေးထပ်တရားတော်"

---

ဆောင်ပုဒ်

သုခဝေဒနာ၊ ကိုယ်တွင်းလာ၊ တဏှာ ဥပါက်။
ဇာတိ, ဇရာ၊ ဗျာဓိလာ၊ မရဏာ စားဘို့ဖန်။
ဝေဒနာပေါ်ဆဲ၊ ရှုဉာဏ်ထဲ၊ ချုပ်စဲ တဏှာကံ။
ဝေဒနာဖြစ်ပျက်၊ ရှုဉာဏ်မင်္ဂ၊ ပေါ်ထွက် နိရောဓ်။
ဇာတိချုပ်ငြိမ်း၊ ဇရာသိမ်း၊ အေးငြိမ်းမြတ်သုခံ။
ဤနည်းဆက်တိုက်၊ ရှုဉာဏ်လိုက်၊ စူးစိုက်ဘာဝနံ။
ဖြစ်ပျက်မြင်များ၊ မုန်းဉာဏ်ပွါး၊ မုန်းများ ချုပ်ဆုံးမှန်။
ခန္ဓာချုပ်ငြိမ်း၊ သေပွဲသိမ်း၊ အေးကိန်း နိဗ္ဗုတံ။ ။

သတိချ်

နံနက်နှင့် ည၊ ကာလကံ၊ စားထ ကိုယ်ခန္ဓာ။
ပျိုရုပ်ကုန်ပျောက်၊ အိုရုပ်ရောက်၊ မျက်မှောက်
ရှေ့တွင်သာ။
အသေခံမျိုး၊ အသေဆိုး၊ သေဆိုး ထုံးတံတွာ။
ကာလစားဖတ်၊ ပြဟ္မာရပ်၊ လူနတ်သတ္တဝါ။
ဤနည်းတာရှေ၊ သံသာဗွေ၊ သေလေ ထပ်ထပ်သာ။
ကာလကင်းလွတ်၊ နိဗ္ဗာန်ရပ်၊ ဆိုက်ကပ်နိုင်ဘို့ငှါ။
ကာလကိုပြန်၊ စားနိုင်ရန်၊ ကျင့်ကြံ အားထုတ်ရာ။
အန္တရာယ်ကင်း၊ ဘေးရန်ရှင်း၊ မြိုက်ခင်း ဝိမုတ္တာ။ ။

**တရားသား။** ။အားလုံး တရားနာလာကြတဲ့ ဒကာ ဒကာမ တွေ မိမိတို့ခန္ဓာကိုယ်ကြီးဟာဘာဖြစ်နေသလဲ ဆိုတာ သိဘို့အလွန်အရေးကြီးပါတယ်၊မိမိတို့ ခန္ဓာကိုယ်ကြီးကို နံနက်ကာလ, ညကာလတွေက စားဝါးပြီးနေကြတယ်၊ မျိုနေကြတယ်ဆိုတာ မှတ်လိုက်ကြပါ။

မိမိတို့ ခန္ဓာကိုယ်ကြီးကို နံနက်ကာလ, ညကာလတွေက စားဝါးပြီးနေတဲ့အတွက်ပျိုတဲ့ရုပ်တွေ အကုန်ပျောက်ပြီး၊ အိုတဲ့ရုပ်တွေ ပေါ်ပေါက်လာတာဟာ ကာလက စားသောက်ပစ်လို့ဘဲဆိုတာ မှတ်ကြရမယ်။ ကာလက စားမှုကြောင့် ဒကာတို့မှာ ပျိုရုပ်တွေ ပျောက်ပြီး, အိုရုပ်တွေ ရောက်လာရတယ် ဆိုတာ ရိပ်မိကြပလား?။

ဒကာ ဒကာမတို့ ဒီ လူ့ဘဝမှာလဲ ကာလက စားနေလို့ အိုနေတာဘဲ၊ နတ်ဘဝ, ဗြဟ္မာဘဝတွေမှာလဲ ကာလတွေက ရှိနေတော့ အစားခံရအုံးမှာဘဲ၊ ဒီဘဝ မကျေနပ်လို့ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေ သွားမယ်ဆိုလဲ ကာလရဲ့ စားဖတ်, ဝါးဖတ်အဖြစ်နဲ့ သေရအုံးမှာဘဲ ဆိုတာ မှတ်လိုက်ကြ။

ကာလရှိတဲ့နေရာ လူနတ်ဗြဟ္မာ ဆုတောင်းကြအုံးမယ်ဆိုရင် ကာလ၏ စားဖတ်, ဝါးဖတ်အဖြစ်နဲ့ သေရပါလို၏ ဆိုတာဘဲလို့ မှတ်လိုက်ကြ။ ဒီတော့ ဘယ်ဘုံ ဘယ်ဘဝမှ ကာလက မလွတ်ဘူး၊ မလွတ်တော့ ဘယ်ဘုံဘဝမှ အစားခံ အသေခံဘဝက မလွတ်ဘူး ဆိုတာ ဆုံးဖြတ်ချက်ချကြပါ။

နံနက်ကာလ, ညကာလတွေက သတ္တာတွေကို စားနေကြတယ်၊ ညစာနဲ့စဉ်းစားကြပါ၊ နံနက်ကာလက အိုအောင်လဲ

လုပ်တယ်၊ သေကာနီးဖြစ်အောင်လဲ လုပ်တယ်၊ နောက်ဆုံး သေအောင်လဲလုပ်တာဘဲ၊ ဥကာလကလဲ ဒီနည်းအတိုင်း အိုအောင် သေခါနီးအောင်သေအောင် အမြဲ လုပ်နေတာပါဘဲ၊ ရိပ်မိကြရဲ့လား။

ဒီ နံနက်ကာလ, ဥကာလတွေကို ရက်ဖွဲ့၊ လဖွဲ့၊ နှစ်ဖွဲ့ဖွဲ့ပြီးတော့ သြော်-ဘယ်သူ ဘယ်ဝါဖြင့် အသက်ဘယ်လောက်ရှိပေါ့၊ သေခါနီးရှာပေါ့ဆိုတဲ့ စကားတွေဟာ ကာလရဲ့အစွမ်းသတ္တိဘဲ၊ သူစားလို့ ကုန်သွားတာဘဲ။ ဒါ့ကြောင့် ဘာဆိုဘဲ တောင်းတောင်း ကာလ၏စားဖတ်ဝါးဖတ်အဖြစ်ကမလွတ်ဘူး၊ ကာလခြေရင်း ခေါင်းစင်းအပ်ရမှာချည့်ဘဲလို့သာ မှတ်ကြ။

ဒကာ ဒကာမတွေ သေသေချာချာ မှတ်လိုက်စမ်းပါ၊ သုံးဆယ့်တဘုံ အတွင်းမှာဖြင့် ဘယ်မှာနေနေ, စားဖတ်ဝါးဖတ်ဖြစ်ဘို့ချည့်ဘဲ၊ သုံးဆယ့်တဘုံ အပြင်ထွက်နိုင်မှ ကာလစားဖတ်က လွတ်မယ်၊ သုံးဆယ့်တဘုံအပြင်ဘက်မှာ ကာလ စားဖတ်ဝါးဖတ်အဖြစ်က လွတ်နိုင်မယ်လို့မှတ်လိုက်ကြပါ။ သုံးဆယ့်တဘုံအတွင်းမှာတော့ နက်ဖြန်မနက် မိုးလင်းလို့ရှိရင် အသားတွေ အရိုးတွေကာလစားလို့ လျော့ပါးကုန်ပြီ၊ ညအိပ်ရာဝင်တော့လဲ လျော့ပါးအောင် ကာလက အမြဲစားနေတာဘဲဆိုတာ မှတ်ကြ။

ပဋိသန္ဓေ အချိန်ကစပြီး ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ နေလာခဲ့ရတယ်၊ ခန္ဓာနဲ့ အမှုထမ်းခဲ့ရတယ်ဆိုရင် မမှားဘူး၊ ရိပ်မိကြရဲ့လား? ဒီတော့ အခုကာလ၏ စားဖတ် ဝါးဖတ်အဖြစ်က လွတ်အောင် ကြိုးစားကြရလိမ့်မယ်၊ လွတ်အောင်ဆိုတော့ နေ့မရှိ၊ လမရှိ၊ နေ-လ နှစ်ပါးမရှိတဲ့ နိဗ္ဗာန်ရမှ လွတ်မှာမို့၊ နိဗ္ဗာန်ရအောင် ကြိုးစားကြဘို့ဘဲ။

နိဗ္ဗာန်မှာ နေ့တို့ လ,တို့မရှိလို့ အချိန်ကာလဆိုတာမရှိဘူး၊ နေ့ကာလ, ညကာလမရှိဘူး၊ နေ့-ည အချိန်ကာလတွေမရှိလို့ အိုမှု နာမှု, သေမှုဆိုတဲ့ ဘေးအမျိုးမျိုးနှိပ်စက်မှု, ဖိစီးမှုတွေလဲ မရှိဘူး၊ ဒကာဒကာမတို့ ဉာဏ်နဲ့ နားထောင်ကြည့်ကြပါ၊ ဟုတ်တယ်, မှန်တယ်ဆိုတာ သိရလိမ့်မယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဉာဏ်နဲ့စဉ်းစားပါ၊ ကာလဆိုတာ နေ့တို့ လ,တို့ကြောင့်ဖြစ်တာ၊ နေ့ကြောင့် နံနက်ကာလ ဖြစ်တယ်၊လ,ကြောင့် ညကာလဖြစ်တယ်၊နေ-လ မရှိရင် ဒီကာလမရှိဘူး၊ကာလမှ မရှိရင် ကာလရဲ့ စားဖတ် ဝါးဖတ်ဆိုတာလဲ မရှိတော့ဘူး၊ ရှင်းကြရဲ့လား?။

အခု ကာလရှိနေတော့ ကာလက ဒကာတို့တွေကို အမြဲတမ်း ဖြုန်းတီးပစ်နေတယ်၊ စားသောက်ပစ်နေတယ်၊ ဒကာတို့ရဲ့ အမိတွေ, အဘတွေ,ဘိုးဘွားတွေဆိုတာလဲ ကာလကစားသောက်ပစ်လို့ အိုမင်းရင့်ရော်ပြီး သေကုန်ပြီ၊ အခု ကျန်ရစ်နေခဲ့တဲ့ သားသမီးတွေကိုလဲ ကာလက အမြဲတစေ စားဝါး ပြီးနေတယ် ဆိုတာ သိကြရမယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ရှေးရှေးဘဝ အသင်္ချေအနန္တတွေ[illegible]န်းကလဲ ကာလရဲ့ခြေရင်းမှာ ခေါင်းစင်းပြီးခန္ဓာကိုအပ်ခဲ့ကြရပြီ၊ အခု အစားခံနေဆဲမှာရှိတယ်၊ ဒီတော့ ကာလရဲ့ပြင်ဘက်ကိုထွက်ကြဘို့ အချိန်တော်ပြီဆိုတာ သတိပေးရတယ်။

ဒါပေမယ့် ဒကာတို့တတွေက ကာလပြင်ဘက်ရှိတာကိုလဲ မသိကြဘူး၊ ရှိတာကို မသိလို့ထွက်ဘို့ဆိုတာလဲ မစဉ်းစားမိကြဘူး။ အဲဒီလို မသိတာ၊ သိတတ်တဲ့ ဉာဏ်မရှိတာကို အလွန်ဆို

ဝါးနေပြီဆိုတာ ဆုံးဖြတ်ချက်ချကြပါ၊ ဆုံးဖြတ်ပြီး ကာလ၏ ပြင်ဘက်ထွက်ကြရမယ်၊ ထွက်လမ်းကို ကြိုးစားမှုဖြစ်မယ်ဆိုတာ သဘောပါကြရဲ့လား?။

ဒကာဒကာမတွေ နံနက်၊ ညဆိုတဲ့ ကာလမရှိတဲ့ဆီကို သွားဘို့ စိတ်ကူးရမယ်၊ ထွက်နိုင်အောင် ကြိုးစားရမယ်၊ မကြိုးစားရင် ကာလပြင်ဘက် မထွက်နိုင်ရင် ကြီးရင့်လာပြီး အိုကြ၊ နာကြ၊ သေကြ၊ နောက်တခါ အိုကြ၊ နာကြ၊ သေကြ၊ ဘယ်တော့မှ လက်စမဆုံးတော့ဘူးလို့သာ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ကာလကချည့် စားနေတာ ဘယ်လောက် များပြီလဲ?၊ ဘိုးတွေ ဘွားတွေလဲ ကာလအစားခံခဲ့ရပြီ၊ ကျုပ်တို့လဲ အစားခံရဆဲ၊ မွေးထားတဲ့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေလဲ ကာလစားတာ ခံရအုံးမှာဘဲဆိုတော့ ဒကာဒကာမတို့ အမျိုးတွေဟာ အသေခံမျိုးတွေဘဲလို့သာ မှတ်လိုက်ကြ။

ဒကာဒကာမတွေ ငါတို့အမျိုးတွေဟာ အသေခံမျိုးတွေပါလားဆိုပြီး ကြပ်ကြပ်စဉ်းစားကြ။ အဲဒီလို အသေခံမျိုးတွေ ဖြစ်နေတော့ ဘယ်တော့များ အန္တရာယ်ကင်း၊ ဘေးရှင်းတယ်လို့ ဆိုနိုင်ကြပါမလဲ?ဘယ်တော့မှအန္တရာယ်ကင်း၊ ဘေးရှင်းတယ်လို့ မဆိုနိုင်ကြပါဘူး၊ အဲဒါကြောင့် ကာလပြင်ဘက်ကို အမြန်ဆုံး ထွက်ကြမှဖြစ်တော့မှာဘဲလို့သာ အောက်မေ့ကြ၊ သဘောကျပလား?။

ကာလအပြင်ဘက် ထွက်နိုင်မှ အဘိုးတန်တော့မယ်၊ အဲဒါမှ အိုမှု၊ နာမှု၊ သေမှုကြီးတွေလဲ ဇာတ်သိမ်းမယ်၊ အားလုံး ဇာတ်သိမ်းတဲ့ ဌာနဟာ ကာလပြင်ဘက်မှာ ရှိတယ်ဆိုတာ မှတ်ကြရမယ်။

ကာလက ဒကာတို့ကို နေ့တိုင်း ကြီးရင့်လာအောင်, အို လာအောင် လုပ်တယ်၊ နေကလဲ ပူပြီး အိုအောင်လုပ်၊လ,ကလဲ အေးပြီး ရင့်ရော်အောင်, အိုမင်းအောင် လုပ်တာဘဲ၊ အိုမင်း ရင့်ရော်ပြီး အသက်တမ်းကုန်အောင် လုပ်နေကြတာဘဲ ဆိုရင် မမှားဘူး၊ ရိပ်မိကြရဲ့လား?။

ဒါ့ကြောင့် ဘုရားအလောင်းတော် နုစဉ်ကာလ့တုန်းက ဟောပြခဲ့တဲ့ ဂါထာစကားကို သိကြရမယ်၊ ဂါထာက "ဒုက နိပါတ် မူလပရိယာယ ဇာတ်"မှာ လာတယ်။

"ကာလော ဃသတိ ဘူတာနိ၊
သဗ္ဗာနေဝ သဟတ္တနာ။
ယော စ ကာလဃသော ဘူတော၊
သ ဘူတပစနိံ ပစိ။" တဲ့။

ကာလော၊ နံနက်ကာလ ညကာလသည်။ ကာလော၊ နံနက်နှင့်ည အချိန်ကာလကြီးသည်။ ဘူတာနိ၊ လူ,နတ်, ဗြဟ္မာ များစွာခပင်း သတ္တဝါတသင်းတို့ကို။ ဃသတိ၊ ပါဒ်,ဗိဇနာ ပြန်ခရာမလပ်အောင် မပြတ်တစေ မျို ဝါးစားသောက် ပစ်လေ၏တဲ့။ ကိုင်း, ရိပ်မိကြပလား?။

အခု ဒကာ ဒကာမတွေက ကာလကို ပြန်ပြီးစားနိုင်အောင် လုပ်ကြရလိမ့်မယ်၊ မလုပ်ရင် ဖြစ်ပါမလား? မဖြစ်တော့ဘူး၊ အခု တရားနာနေဆဲမှာကိုဘဲ ကာလရဲ့ မျိုဝါး စားသောက်ခြင်းကို ခံနေကြရရှာတယ်၊ ဒါကြောင့်မို့ ကာလကို ပြန်စားနိုင်အောင် အမြန်ဆုံးလုပ်ကြရမယ်ဆိုတာ သဘောပါကြပလား?။

ကာလကို ပြန်စားနိုင်ဘို့ ဆိုတော့၊ ရဟန္တာ ဖြစ်အောင် လုပ်ကြရပါလိမ့်မယ်၊ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော့ ကာလရဲ့ စားဖတ် အဖြစ်က လွတ်မြောက်သွားပြီ။ ရဟန္တာ ဖြစ်တော့ ကာလတွေကို ပြန်ပြီး စားလိုက်တာဘဲလို့သာ မှတ်ကြ။ ရဟန္တာက လာလတ္တံ့ဖြစ်တဲ့ သူ့ကို စားလတ္တံ့ ဖြစ်တဲ့ အနာဂတ်ကာလတွေကို စားပစ်လိုက်တာဘဲ ဆိုရင် မမှားပါဘူး။

ဒါမှမဟုတ်ရင် ဒကာ ဒကာမတို့ လေးလေးနက်နက် စဉ်းစားပါ၊ ကိုယ်တိုင်ကလဲ ကာလရဲ့ အစားခံရတာ ထောင်း ထောင်းကျေနေပြီ၊ ကိုယ့်မိဘတွေ, ဘိုးဘွားတွေ ဆိုတာလဲ အားလုံး ကာလလက်တွင်းမှာ ခေါင်းစင်းပြီး သေပွဲဝင်ခဲ့ကြရ ပြီ၊ နောက်လာမယ့် ကိုယ့်သား, သမီး, မြေး, မြစ်တွေဆိုတာလဲ အကုန် အစားခံရမယ်၊ သူ့လက်ထဲမှာ သေပွဲဝင်ကြရမယ်၊

ဒကာ ဒကာမတွေက ဒါနတွေပြု၊ သီလတွေ ဆောက်တည် ကုသိုလ်အမျိုးမျိုးတွေ လုပ်ကြပြီး လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရ ပါလို၏ စသည်အားဖြင့် ဆုတောင်းယူနေကြတယ်၊ အဲဒါအမှန် ကတော့ ဒီဒါန, သီလ, ကုသိုလ်ကြောင့် ကာလရဲ့ စားဖတ် ဝါးဖတ် ဖြစ်ရပါလို၏၊ ကာလရဲ့ အစားခံပြီး သေပွဲချည့်ဝင်ရ ပါလို၏လို့ ဆိုတာနဲ့ အတူတူဘဲ။

ဆုတောင်းပြီးယူတာဟာ ကာလစားဘို့ အထည်လုပ်ပေးနေ တာဘဲဆိုရင် မမှားဘူး၊ လုပ်ထိုက်, မလုပ်ထိုက် စဉ်းစားကြပါ၊ မလုပ်ကောင်းတာ အတင့်ရဲရင့် သေပွဲချည့် ဝင်ရမှာဘဲ၊ ဒီ့ပြင် မရှိပါဘူး၊ အတင့်ရဲပြီး တောင်းသမျှ သူများ စားဘို့ ဝါးဘို့

လုပ်နေတာဘဲ။ မသိတတ်လွန်းလို့ ဒီ အဖြစ်ဆိုးကိုဘဲ ဇွတ်တိုးပြီး တောင်းယူ နေကြတော့တာဘဲ၊ လာလိုက်သေးတယ် "အကြိမ်ကြိမ်" တဲ့၊ ဒကာတို့တတွေ အများကြီး ခက်နေကြပြီ၊ ကာလရဲ့ စားဖတ် ဝါးဖတ် အကြိမ်ကြိမ် ဖြစ်ရပါလို၏ ဆိုတော့ ကောင်းကြသေးရဲ့လား?။

ဒကာ ဒကာမတို့ တရားထူး တရားမြတ်ကို မနာရ မသိရပြီ လားဆိုတော့ သူများစားဘို့ စားဖတ် ဝါးဖတ်ဖြစ်ဘို့ ခန္ဓာဘဲ ဆုတောင်းယူနေကြတော့တာဘဲ၊ လူကောင်း, နတ်ကောင်း, ဗြဟ္မာကောင်းဆိုပြီး အထင်နဲ့ တောင်းယူနေကြတယ်၊ ဘယ်ဘုံ ဘယ်ဘဝဘဲ ရရ၊ ကာလ၏ စားဖတ် ဝါးဖတ် ဖြစ်ဘို့ချည့်ဘဲ လို့သာ မှတ်ထားကြ။ လူ, နတ်, ဗြဟ္မာ ခန္ဓာ ဘာဘဲဖြစ်ဖြစ် အစားခံရမှာချည့်ဘဲ၊ ရှင်းကြပလား?။

ဒကာတို့ ဆုတောင်း အတော်လွဲနေကြပြီ၊ ဉာဏ်ကို မပါကြ ဘူး၊ ဉာဏ်နဲ့ယူကြပါ၊ ဉာဏ်နားနဲ့ ထောင်ကြည့်ရင်၊ ဩော်, ဟုတ်ပါလားဆိုပြီး ဆုံးဖြတ်ချက်ချကြရမယ်၊ ဒါ့ကြောင့် ပြင်ကြတော့။ အခု ဘယ်ဘုံဘယ်ဘဝများ လိုချင်ရချင်ကြသေး တုန်း၊ မရချင်, မလိုချင်ကြပါနှင့်တော့၊ တော်လောက်ကြပြီ။

အခုလို သိတဲ့အချိန်ကစပြီး ကာလကို စားနိုင် ဝါးနိုင်တဲ့ အခြေရောက်အောင် လုပ်ကြရမယ်၊ ဘာ့ကြောင့်လဲ?ဆိုတော့ ကာလကို ပြန်စားနိုင်တဲ့ ဉာဏ်စွမ်းမရတော့ ကာလအောက်က လှည့်ပင်းစင်းပြီး အသေခံ, အစားခံ, အဝါးအမျို ခံနေရတာ ချည့် ဖြစ်နေကြလို့ မလုပ်ရင် မဖြစ်ဘူး၊ သဘောပါကြပလား?။

ဘယ်သူ့ အိမ်က အသုဘ ဘိတ်စာလာလို့ သွားရပြန်ပြီ၊ သုသာန်လိုက်ပို့ရပြန်ပြီနဲ့ အဲဒါ ကာလစားသွားလို့ဘဲ၊ လိုက်ပို့

တဲ့လူလဲ နောက် မကြာခင် အစားခံပြီး သုသာန်ရောက်ရမယ် ဆိုတာ သေချာတယ်၊ ဒီတော့ ဒကာတို့တတွေရဲ့ အခြေအနေဟာ ဒီအတိုင်းနေ၊ ဒီအတိုင်းဘဲ သေနေကြရတာဘဲ ရှိတယ်၊ ဘာမှ ထူးခြားတာ ကောင်းတာ မပါကြဘူး။

ဒီလိုနဲ့ဘဲ အဝတ်တွေ ဆင်ဝတ်ပေးကြ၊ အစားအသောက်တွေ ကျွေးကြ မွေးကြ၊ ဖီးကြ လိမ်းကြ၊ ပြင်ကြ ဆင်ကြနဲ့ လုပ်နေတာဟာ ဘာလုပ်ဘို့လဲ?၊ စင်စစ်သော့ ကာလစားဘို့ သူများအတွက် စားဖတ် ဝါးဖတ်ဖြစ်ဘို့ လုပ်နေတာဘဲဆိုရင် မလွဲဘူး၊ ရိပ်မိကြရဲ့လားး?။

နံနက်ကာလ, ည ကာလတွေက တေဇောအားပေးနေတယ်၊ ဒီ တေဇောက စားဝါးပြီး တဖြေးဖြေး သတ်၊ နောက်တော်တော်ကြာတော့ ဟော, သေးတွေ ဆုတ်ကုန်ပြီဟေ့လို့ ဆိုတော့ တေဇောက အသေသတ်လိုက်တော့တာဘဲ။ တေဇောက လူသတ်သမား၊ ဒီ တေဇောကို ကာလက လုပ်ပေးတယ်ဆိုတာ သိကြရမယ်၊ ရိပ်မိပလား?။

ဒီ, အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကာလကို ပြန်စားနိုင်အောင် လုပ်ကြ ရလိမ့်မယ်၊ မလုပ်ရင် မဖြစ်တော့ဘူး၊ မလုပ်ဘဲနေရင် ဒကာတို့ သေခါနီးမှာ မျက်ရေ စက်လက်နဲ့ ဝိညာဉ် ချုပ်ရမယ်ဆိုတာ သံသယ မရှိကြနဲ့တော့။

အဲဒီလို အချိန်မှာ ဘယ်သူတားလို့မှ မရတော့ဘူး၊ ဇနီး, သား, သမီးနဲ့ ပစ္စည်းမကလို့ ဘာနဲ့ တားလို့ ဆီးလို့မှ မရတော့ဘူး၊ ကာလ, လက်တွင်း ခေါင်းစင်းပြီး အပ်ရတော့တာဘဲ၊ ဒကာ ဒကာမတို့ဟာ တသံသရာလုံး ဒီနည်းချည့်ဘဲ ခေါင်းစင်း အသေခံရတယ်ဆိုတာ မှတ်ကြပါတော့။

အဲဒီလို တသံသရာလုံး ကာလအစားချည့် ခံခဲ့ရတာဟာ ကာလကို ပြန်စားနိုင်တဲ့ဉာဏ် မရလို့ဘဲဆိုတာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ကျေနပ်ကြပလား?၊ ဒီဉာဏ်ကိုရရင် ဇာတိဆိုတဲ့ အဖြစ်တွေလဲ လွတ်ပြီ၊ ဇရာ, ဗျာဓိ, မရဏဆိုတဲ့ အအိုတွေ, အနာတွေ, အသေတွေကလဲ လွတ်ပြီ၊ နေရာကျပလား?။

ဒီဉာဏ်ရလို့ ကာလ လက်အောက်က လွတ်မြောက်ရင် ပဋိသန္ဓေပွဲ, အိုပွဲ, နာပွဲ, သေပွဲတွေ သိမ်းပြီ၊ သေပွဲဝင်အောင် မလုပ်နိုင်တော့ဘူး၊ ရှေးတုန်းက ဒီဉာဏ်မရလို့ မသိလို့ ပေတေပြီး ခံခဲ့ကြရတယ်၊ အခု သိရရင် ဒီပွဲတွေက လွတ်တော့မယ်၊ နေရာကျရဲ့လား?။

အခု ဆရာဘုန်းကြီး အကူအညီနဲ့ နိဗ္ဗာန်ဝင်အောင် လုပ်လိုက်ရင်, ပြီးသွားတာပါဘဲ၊ ယခု အချိန်ကစပြီး ဘုရားပေးတဲ့ နည်းအတိုင်း သရာသမားအကူနဲ့ ကာလကို ပြန်စားနိုင်အောင် လုပ်ပါတော့မယ်လို့ဆုံးဖြတ်ချက်ချလိုက်ကြ။ အသင်္ချေနဲ့အနန္တ ဆိုသလို အရှုံးပေးခဲ့ရတဲ့ဘဝတွေက များလှနေပြီ၊ အခု အနိုင်ရဘို့လုပ်ရတော့မယ်။

ဒကာဒကာမတို့ ယနေ့ဖြင့် ကာလကိုပြန်စားရမယ်၊ နိဗ္ဗာန်ဆိုတာ နံနက်ကာလ,ညကာလတွေလဲမရှိ၊ နေတို့ လ,တို့လဲ မရှိ၊ ဥတုလဲမရှိဘူး၊ လ,တွေ၊ နှစ်တွေလဲမရှိ၊ မရှိတော့အိုစရာ,နာစရာ သေစရာဆိုတာလဲမရှိတော့ဘူး။ ဒါ့ကြောင် နိဗ္ဗာန်ဝင်အောင် လုပ်ရလိမ့်မယ်ဆိုတာ ရိပ်မိကြပလား?။

ဒါ့ကြောင့် ယနေ့တရားမှာ ကာလကို မိမိကပြန်စားနိုင်အောင်လုပ်ရမယ်၊ ပြန်စားရမယ်ဆိုတော့ နိဗ္ဗာန်ဝင်အောင်လုပ်မှာ၊ နိဗ္ဗာန်ဝင်ပါမှ ကာလတွေချုံးရုံးပြီး စားသွားနိုင်မယ်၊

အဲဒီတော့ရဟန္တာဖြစ်ဘို့ရာ ကိုယ်တိုင်ကြိုးစားရလိမ့်မယ်၊သူများ ကျော် ငဲ့နေလို့တော့ မရဘူး။

ဒကာတို့က သားငဲ့ သမီးငဲ့ ပစ္စည်းငဲ့နဲ့ ငဲ့နေကြရင် ကာလရဲ့ စားဖတ် ဝါးဖတ်ဖြစ်ဘို့ဘဲရှိတယ်လို့ မှတ်ကြပေတော့၊ ရှင်းကြရဲ့ လား?၊ အခု ကာလကို ပြန်စားနိုင်အောင်ဆိုတော့ ဇာလရဲ့ ပြင်ဘက်ရောက်ဘို့ လိုတယ်၊ ပြင်ဘက်ရောက်မှ ပြန်စားနိုင်မယ်။ ကိုင်း, ဒါဖြင့် အလုပ်တရားကိုပြကြပါစို့၊ မနေ့က တရားကိုပြန်ဆက်ပြီး ဟောရလိမ့်မယ်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "သုခဝေဒနာနောက်က တဏှာ, ဥပါဒါန်, ကံလာခဲ့သော် ကာလ၏ စားဖတ် ဝါးဖတ် အဖြစ်က လွတ်လိမ့်မယ်လို့ ဘယ်တော့မှ မဟောဘူးတဲ့"။

ဒကာဒကာမတွေ မှတ်မိကြပလား? သုခဝေဒနာနောက်က တဏှာလာလို့ရှိရင် ကာလ၏ စားဖတ် ဝါးဖတ်အဖြစ်က ဘယ်တော့မှ လွတ်ပါလိမ့်မယ်လို့ ငါဘုရား မဟောဘူးတဲ့၊ သုခဝေဒနာနောက်က တဏှာလာရင် ကာလရဲ့ စားဖတ် အဖြစ်က ဘယ်တော့မှ မလွတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ကို လေးလေးနက်နက် မှတ်ယူလိုက်ကြ၊ ရှင်းကြရဲ့လား?။

အချုပ်မှတ်ထားဘို့က ကိုယ်ပေါ်မှာပေါ်တဲ့ သုခဝေဒနာရယ်၊ ဝမ်းထဲမှာပေါ်တဲ့ သောမနဿဝေဒနာရယ်လို့ မှတ်ကြရမယ်၊ဥပမာ-ခန္ဓာထဲမှာ ချမ်းသာလုံးကလေးပေါ်လာတယ် ဆိုတော့ သူ့နောက်က သာယာတဲ့ တဏှာလာမယ်၊ တဏှာလာရင်၊ နောက်ကစွဲလမ်းတဲ့ဥပါဒါန်၊ ပြုလုပ်တဲ့ကံတွေပါလာမယ်၊ သူတို့လာရင် ဇာတိ,ဇရာ, မရဏတွေပါ ပေါ်လာတော့တာဘဲ။

အဲဒါတွေဟာ ကာလရဲ့ စားဖတ် ဝါးဖတ် ဖြစ်ဘို့ဘဲလို့သာ မှတ်ကြ။

သုခပေဒနာ နောက်က တဏှာ လာလိုက်တဲ့ အတွက် နောက်ဘဝ ဇာတိဆိုတဲ့ခန္ဓာ၊ စားဖတ်ဝါးဖတ်ကြီး ပေါ်လာရတယ်ဆိုတာရှင်းကြရဲ့လား?၊ တဏှာလာတော့ဘဏှာ,ဥပါဒါန် ကံဆိုပြီး တဏှာက ခန္ဓာလုပ်လိုက်တယ်၊ လုပ်လိုက်တော့တခါထဲ စားဖတ်ဝါးဖတ်ဖြစ်ရတော့တာဘဲ၊ ကျေနပ်ပလား?၊ ခုနတုန်းက ပြောခဲ့သလို "ကာဠလော ဃသတိ ဘူတာနိ" ဆိုတဲ့ ဘုရားလောင်း ဟောတဲ့ ဂါထာနဲ့မညီဘူးလား?။

သုခဝေဒနာနောက်က တဏှာလာရင် ကာလ စားဖတ် အဖြစ်က လွတ်လိမ့်မယ်လို့ ဘယ်တော့မှမဟောဘူးဆိုတဲ့ ဘုရားစကားတော်နဲ့ကော မညီညွတ်ဘူးလာ? ညီညွတ်နေပါပြီဆိုတာ အထင်အရှားဘဲ။ ဒါဖြင့် အခု သုခဝေဒနာနောက်က တဏှာ မလာအောင် လုပ်ကြစို့။

ဒကာ ဒကာမတို့ တဏှာမလာအောင် လုပ်ဘို့ဆိုတော့ ဘုန်းကြီးဟောနေကျအတိုင်း ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်ရင် ဖြစ်ပျက်ရှုဘို့ဘဲဆိုတာမှတ်ကြရမယ်။ သုခဝေဒနာ ပေါ်လာရင်၊ ဖြစ်ပြီးပျက်တဲ့တရားဘဲလို့ ဉာဏ်နဲ့မြင်အောင်ရှုပေးရမယ်၊ ဉာဏ်နဲ့ မြင်တော့ စားဖတ်ဝါးဖတ် ဖြစ်ကြောင်း တရားတွေ မလာတော့ဘူး၊ သူတို့မလာတော့ စားဖတ် ဝါးဖတ် ခန္ဓာလဲ မပေါ်နိုင်တော့ဘူး၊ မလာတော့ ကာလစားဖတ်အဖြစ်မှ လွတ်ကင်းသွားတော့တယ်။

ဒါ့ကြောင့် သုခဝေဒနာ ပေါ်တိုင်း ဖြစ် ပျက် ရှုကြ၊ ချမ်းသာလုံးကလေး ဘယ်နေရာပေါ်ပေါ် ရှု၊ ဝမ်းထဲမှာပေါ်လဲ

ရှု၊ အဲဒီလိုရှုလိုက်တော့ ဝေဒနာဏ ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်ဖြစ်သွားတာတ်။ ဝေဒနာနောက်က မဂ်ဝင်လိုက်တော့ ကာလစားဖတ် ဝါးဖတ် ဖြစ်ကြောင်းတွေမပေါ်နိုင်တော့ဘူး၊ ဖြစ်ကြောင်းမပေါ်တော့ ဖြစ်ကျိုး ခန္ဓာတွေလဲ မလာတော့ဘူး၊ ရှင်းကြရဲ့လား?။

ဒကာဒကာမတို့ အဲဒီလို ဉာဏ်နဲ့ ရှုနိုင်ရင် ကာလကို ပြန်စားနိုင်ပြီဆိုတာမှတ်ကြတော့၊ မဂ်စစ်ရဲ့လို့ သောတာပန် တည်ရင်ဘဲ အလွန်ဆုံး ခုနစ်ဘဝသာ ကာလစားဖတ် ဝါးဖတ်အဖြစ် ခံရတော့မယ်၊ ရဟန္တာဖြစ်ရင်လုံးဝ လွတ်ပြီ၊ သဘောပေါက်ကြပလား?။

ကာလစားဖတ်ဝါးဖတ်အဖြစ်ကလွတ်ချင်ကြရင်ရှုကြရမယ်၊ သုခဝေဒနာလာလဲ ရှု၊ သောမနဿလာလဲ ရှုပစ်၊ ခန္ဓာပေါ်ကြောင်-တွေ မလာရအောင်ဖြစ်ပျက်သာ ရှုပေးကြ၊ မရှုမိရင် တဏှာ,ဥပါဒါန်, ကံဆိုတဲ့ခန္ဓာပေါ်ကြောင်းတွေလိုက်လာမယ်၊ သူတို့လိုက်လာရင် ခန္ဓာပေါ်ကျိုး ဇာတိ, ဇရာ, မရဏ တွေလဲ တားမရတော့ဘူး၊ တားမရဲတော့ ကာလစားဖတ် ဝါးဖတ်အဖြစ် ခံရအုံးတော့မှာဘဲ။

ဒကာဒကာမတို့ အန္တရာယ်ကင်း, ဘေးရှင်းချင်တာမှန်ရင် ဖြင့် ဖြစ်ပျက်ရှုမှု မဂ်အလုပ်ကို လုပ်ရလိမ့်မယ်၊ မလုပ်ရင်မကင်းဘူး၊ မဂ်အလုပ် လုပ်မှ အန္တရာယ်ကင်း, ဘေးရှင်းမယ်၊ အအို, အနာ, အသေ ဘေးတွေကကင်းလွတ်မယ်ဆိုတာ မှတ်လိုက်ကြ၊

မဂ်အလုပ် မလုပ်ဘဲ 'အဟံ အဝေရော ဟောမိ' ဆိုပြီး အန္တရာယ်ကင်းရပါလို၏။ အိုဘေး,နာဘေး, သေဘေးကင်းရပါလို၏နဲ့ ဆိုနေလို့ မလွတ်ဘူး၊ ဒါ့ကြောင့် ဝေဒနာလာရင် ဖြစ်

ပျက်ရှုပါလို့ဆိုတာ မရှုဘဲနေရင် ဝေဒနာနောက်က တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ခန္ဓာဖြစ်ကြောင်းတွေလာ၊ သူတို့က ခန္ဓာလုပ်လိုက်တော့ ခန္ဓာရပြီး၊ ကာလူခြေရင်း ခေါင်းစင်း အသတ်ခံရတော့မှာ သေချာလို့ဘဲ။

ဒါ့ကြောင့် မပျက်မကွက် ကြိုးစားရှုကြပါဆိုတာ တိုက်တွန်းလိုက်တယ်၊ သဘောပါကြပလား?၊ သုခဝေဒနာ ပေါ်တဲ့အခါ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက် မြင်အောင်ရှုကြပါ၊ နောက် ဒီနည်းအတိုင်းဘဲ သုခဝေဒနာ ဖြစ်ပျက်ကို မုန်းလာအောင် ရှုကြပါ၊ နောက်၊ မုန်းရာကနေပြီး သုခဝေဒနာ ဖြစ်ပျက် ဒုက္ခသစ္စာတွေ ဆုံးသွားအောင် ရှုကြပါ၊ ဒါဟာ ထူးထူးခြားခြား မှတ်ဘို့အလုပ်စဉ်ဘဲ၊ ရှင်းကြရဲ့လား?။

ဒီလို သုခဝေဒနာ ဖြစ်ပျက်တွေ ဆုံးသွားအောင် ရှုနိုင်ရင် သောတာပန် တည်တာဘဲ၊ ဖြစ်ပျက်တွေ ဆုံးသွားတော့ မဂ္ဂင်ရှစ်ပါး ပြည့်ပြီး သောတာပန်တည်သွားတယ်ဆိုဘာ မှတ်လိုက်ကြ၊ အဲဒီလို မဂ္ဂင်ရှစ်ပါးပြည့်တော့ နောက်က တဏှာ၊ ဥပါဒါန်၊ ကံတွေ ချုပ်သွားတော့တာပါဘဲ။ အဲဒီလို ချုပ်သွားကုန်တော့ ကာလရဲ့စားဖတ်၊ ဝါးဖတ် ခန္ဓာတွေရုပ်သိမ်းကုန်ပြီ၊ အများဆုံးကျန်မှ ခုနစ်ဘဝဘဲ၊ နောက် အနာဂတ်ခန္ဓာတွေ မလာတော့ဘူး၊ သေပွဲဟူသမျှ လွတ်ငြိမ်းပြီ၊ ကျေနပ်ပလား?။

အဲဒီအချိန်မှာ ကာလကို ပြန်စားနိုင်တဲ့အတွက် အန္တရာယ်ကင်းလို့ ဘေးရှင်းပြီ၊ အိုပွဲ၊ နာပွဲ၊ သေပွဲဟူသမျှ အကုန်ငြိမ်းပြီဆိုတော့ အားထားဘို့မကောင်းဘူးလား? ဒါဖြင့် ရှုဖြစ်အောင်

ရှုကြပါ၊ ကိုယ့်ကိုယ်ကို သနားတာမှန်ရင် ရှုဖြစ်အောင် ရှုပါ ဆိုတာ ထူးထူးခြားခြား မှာလိုက်ပါတယ်၊ ရိပ်မိကြရဲ့လား?။

ဒကာတို့ ကိုယ့်အိမ်ကိုယ် ပြန်ရောက်တဲ့အခါကျ ဆင်ခြေတွေ၊ ဆင်လက်တွေလဲချင်လဲနေကြမယ်၊ညောင်းတယ်,ညာတယ် အိပ်ချင်တယ်နဲ့၊ နက်ဖြန်ကျတော့လဲ ကိစ္စလေးက ရှိသေးလို့နဲ့ ဆိုရင် သွားပြီ၊ ဒကာတို့ ဆင်ခြေလဲသမျှဟာ သေပွဲဝင်ဘို့၊ နောက်ခန္ဓာပေါ်ပြီး ကာလ စားဖတ် ဝါးဖတ် ဖြစ်ဘို့ဘဲလို့သာ မှတ်လိုက်ကြ။

ဒကာဒကာမတို့ ဆင်ခြေလာရင် ကိုယ့်ကိုယ်ကို ဆုံးမကြ၊ မင်းပျင်းတာ သေပွဲဝင်ချင်လို့လား?၊ မင်းအိပ်ချင်တာ၊မလုပ်ချင်တာ ကာလ့ စားဖတ်အဖြစ်ခံပြီး သေပွဲ ဝင်ချင်လို့လား? ဆိုပြီးဆုံးမကြပါ။ မဂ်မှတပါး ကယ်မဲ့ ယူမဲ့ သူဆိုတာ မရှိပါဘူး၊ ဒါ့ကြောင့် အားကိုးရာ အလုပ်ကိုဖြင့် လုပ်ဖြစ်အောင် လုပ်ရမယ်၊ သဘောပါပါလား?။

''မဂ်မှတပါး အားကိုးရာ အားထားရာမရှိ၊ ကိုယ့်အားကိုးရာ အစစ်ဟာ မဂ်ဘဲ၊ ကယ်မယ့်သူအစစ်ဟာ မဂ်ဘဲ'' လို့ ဆုံးဖြတ်ချက်ချ။

ဒါဖြင့် သုခဝေဒနာပေါ်တဲ့အခါ ရှုကြပါ၊ အတွင်းမှာပေါ်လဲရှု၊ ပြင်ဘက်မှာပေါ်လဲရှု၊ အဲဒီလိုရှုတော့၊ တဏှာ, ဥပါဒါန်,ကံတွေမလာဘူး၊ မလာတော့ပဋိစ္စသမုပ္ပါဒ် အလယ်ကဲ ပြတ်သွားတယ်၊ သုခဝေဒနာ, သောမနဿဝေဒနာ ဖြစ်ပျက်ရှုတဲ့အတွက် ပဋိစ္စသမုပ္ပါဒ်အလယ်က ပြတ်တယ်၊ အဲဒါတဏှာ, ဥပါဒါန်, ကံတွေ ပြတ်သွားတာဘဲ၊ ရိပ်မိကြပလား?။

ကိုင်း, အခု သိကြားမင်းက ပပဥ္စချုပ်အောင် ဘယ်လိုကျင့်ရပါ့မလဲ?လို့ မေးလို့ ဘုရားက ဝေဒနာနုပဿနာ ရှုရမယ်လို့ ဟောကြားတဲ့ အတိုင်း ဒုက္ခဝေဒနာကို ပြောရလိမ့်မယ်၊ ဒုက္ခ ရှုနည်းကို ပြောလိမ့်မယ်ဆိုတာ မှတ်ကြရမယ်။

ဒကာဒကာမတို့ ကိုယ်ပေါ်မှာ ဟိုကယား, ဒီကနာ ဆိုတဲ့ ဒုက္ခဝေဒနာတွေ ပေါ်တဲ့အခါ ရှိတယ်၊ အဲဒီလို ပေါ်တဲ့အခါ မရှုရင် ဒုက္ခဝေဒနာနောက်က ဒေါသလာတယ်၊ ဒေါသနောက်က သောက, ပရိဒေဝ, ဥပါယာသဆိုတာတွေလဲ လိုက်လာတော့တာဘဲ။ ဒီအထဲမှာ ဖြစ်ပျက်ကို မသိတဲ့ အဝိဇ္ဇာလဲ ရောပါလာတယ်ဆိုတာ သိကြရမယ်။

အဲဒီတော့ကို ပဋိစ္စသမုပ္ပါဒ်အဆုံးက ပြန်လှည့်ပြီး " အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ စားဖတ် ဝါးဖတ်ဖြစ်ဘို့ ခန္ဓာတခု ပေါ်လာရတယ်၊ ဝိညာဏံဆိုတာ ခန္ဓာငါးပါးကို ဆိုတာ၊ ရိပ်မိကြရဲ့လား?။

အဲဒီလိုဖြစ်ရတာ ဘာ့ကြောင့်လဲ? ဆိုတော့ ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုမိလို့ဘဲဆိုတာမှတ်ကြ၊ ဒုက္ခဝေဒနာကို မရှုမိတော့ နောက်က ဒေါသ, သောက, ပရိဒေဝ, ဥပါယာသ, အဝိဇ္ဇာ တွေလိုက်လာတယ်၊ သူတို့လိုက်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ" ဆိုပြီး ခန္ဓာသစ်ပေါ်တဲ့ အတွက် ကြောင့်ဘဲ၊ ရှင်းကြရဲ့လား?။

ဖြစ်ပျက်ကို မရှုမိတော့ ဖြစ်ပျက်ကိုမသိတဲ့ အဝိဇ္ဇာ ဝင်လာတယ်၊ သူဝင်လာတော့ ပဋိစ္စသမုပ္ပါဒ်အစကစပြီး တန်းလှာလို့ ကာလ စားဖတ် ဝါးဖတ် ခန္ဓာသစ် ပေါ်ရတာဘဲ ဆိုတာ

ထင်ရှားပလား?၊ ဒါကြောင့် ဒုက္ခဝေဒနာပေါ်ရင် ပေါ်တဲ့အခါ ဖြစ်ပျက် ရှုကြရမယ်ဆိုတာ သဘောပါကြပလား?။

အဲဒါကြောင့်မို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက- "ဆဆက္ကသုတ်" မှာ ဟောပါတယ်၊ "ဒုက္ခဝေဒနာနောက်က ဒေါသကို မတားနိုင်ရင် ကာလ၏ စားဖတ်, ဝါးဖတ် အဖြစ်က လွတ်လိမ့်မယ်လို့ ငါဘုရားမဟောဘူး"တဲ့။ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောဘူးဆိုတဲ့ အဓိပ္ပါယ်ဘဲ။

ဒကာ ဒကာမတို့ ဒုက္ခဝေဒနာနောက်က ဒေါသကို မတားနိုင်ရင် ဒုက္ခ, ဒေါသ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ,အဝိဇ္ဇာဆိုတဲ့တရားတွေ တန်းလိုက်လာတယ်။ ဒီအထဲမှာ အဝိဇ္ဇာပါတော့ ပဋိစ္စသမုပ္ပါဒ် အဆုံးကနေပြီး, အစက ပြန်ပတ်လည်တယ်၊ အဲဒီမှာ"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုပြီး ကာလစားဖတ် ဝါးဖတ်ဖြစ်ဘို့ ခန္ဓာတခု ပေါ်လာတယ်ဆိုတာ ရှင်းကြပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြပ်ကြပ် စဉ်းစားပါ ကိုယ့်အသေကို သူများစားဘို့ဝါးဘို့သေပေးနေရတယ်ဆိုတော့ ကောင်းနိုင်ပါအုံးမလား?၊ မကောင်းတော့ဘူး၊အကြီးအကျယ် ကိုယ်ကျိုးနဲတဲ့အဖြစ်ဆိုးဘဲ။ ဒါကြောင့် ဒီအဖြစ်ဆိုးကိုယ်ကျိုးနဲတဲ့ ဘဝက ရှောင်ကြ ရှားကြမှသာ ဖြစ်တော့မှာဘဲဆိုတာ စွဲစွဲမြဲမြဲ မှတ်ကြပါ။

အခု ဆရာဘုန်းကြီးက နည်းပေးပါမယ်၊ ဒုက္ခဝေဒနာနောက်က ဒေါသမလာအောင် တားဆီးရမယ်ဆိုတော့၊ ဒုက္ခဝေဒနာနောက်က မဂ်သွင်းပေးရမယ်။ ဥပမာ-ကိုယ်ပေါ်မှာ ဟိုက ယားတယ်, ဒီကနာတယ်ဆိုတဲ့ ဝေဒနာပေါ်တဲ့အခါဖြစ်

ပျက် ရှုကြဘို့ဘဲ၊ ဖြစ်ပျက်ရှုရမယ်ဆိုတာ အသေအချာ မှတ်ထားလိုက်ကြ၊ ရှင်းကြပလား?။

အဲဒီလို ပေါ်တဲ့ ဒုက္ခဝေဒနာကို ဖြစ်ပျက် ရှုလိုက်တော့ မဂ်ဝင်လာတယ်၊ မဂ်ဝင်လာတော့ နောက်က ဒေါသ, သောက, ပရိဒေဝ, စတဲ့ဟာတွေ မလာနိုင်တော့ဘူး၊ မလာတော့ အဝိဇ္ဇာ, သင်္ခါရ တွေလဲ မလာတော့ဘူး၊ မလာတော့ သင်္ခါရပစ္စယာ ဝိညာဏံ-ဆိုတဲ့ စားဖတ် ခန္ဓာတွေလဲ မပေါ် လာတော့ဘူး။ အဲဒါ ကာလကို ကိုယ်က ပြန်စားလိုက်တာဘဲ လို့ မှတ်လိုက်ကြ၊ သဘောပါပလား?။

ဒုက္ခဝေဒနာနောက်က မဂ်လာလို့ အဝိဇ္ဇာမလာနိုင်ဘူး၊ မလာနိုင်တော့ သင်္ခါရ, ဝိညာဏ်တို့လဲ မလာတော့ဘူး၊ အဲဒီတော့ ခန္ဓာမပေါ်၊ မပေါ်လို့ ကာလရဲ့ စားဖတ် ဝါးဖတ် အဖြစ်က လွတ်တာဘဲ၊ ကျေနပ်ပလား?။

ဒကာ ဒကာမတွေ လေးလေးစားစား မှတ်ယူကြပါ၊ တခါထပ်ပြီး ပြောပါအုံးမယ်၊ ကိုယ်ထဲမှာ ယားတဲ့ နာတဲ့ ဝေဒနာတခုခု ပေါ်တဲ့အခါမှာ ဉာဏ်က ဒုက္ခဝေဒနာ ဖြစ်ပျက် ဆိုပြီး ရှုလိုက်တော့ ဖြစ်ပျက်, မဂ်ဆိုတဲ့ အစဉ်ဖြစ်သွားတယ်၊ ဝေဒနာနောက်မှာ မဂ်က ခြားဝင်လိုက်တော့ နောက်က ဒေါသ, သောက စတဲ့ တရားတွေ ချုပ်သွားတယ်၊ သူတို့ချုပ် တော့ အဝိဇ္ဇာလဲ မပါနိုင်ဘူး၊ အဝိဇ္ဇာ မလာတော့ သင်္ခါရလဲ ချုပ်ကရော၊ ချုပ်တော့ ဝိညာဏ်ဆိုတဲ့ခန္ဓာလဲ ဖြစ်စရာမရှိတော့ ဘူး၊ ကျေနပ်ပလား?။

အဲဒီလို ဝိညာဏ်ဆိုတဲ့ ခန္ဓာမပေါ်တော့ စားဖတ်ဝါးဖတ် ဖြစ်ဘို့မရှိတော့ဘူး၊ အဲဒါ ကာလကို ကိုယ်က ပြန်စားနိုင်တာ ဘဲလို့ဆိုတာ မှတ်ကြတော့၊ ရှင်းကြရဲ့လား?။

ဒါ့ကြောင့် ဒုက္ခဝေဒနာပေါ်လာလဲ ဖြစ်ပျက်ရှု။ အခဲ မကျေဘူးလို့ဆိုတဲ့ ဒေါမနဿဝေဒနာ ဝမ်းထဲမှာ ပေါ်လာရင် လဲ ဖြစ်ပျက်ရှုပစ်။ ကိုယ်ပေါ်မှာတော့ ဒုက္ခဝေဒနာ၊ ဝမ်းထဲ ကျတော့ ဒေါမနဿဝေဒနာဘဲ၊ အခဲမကျေတာ, မကျေနပ်တာ, စိုးရိမ်တာ, ကြောင့်ကျတာ, နှလုံးမသာယာတာ ဆိုတဲ့ ဟာတွေကို ဒေါမနဿ ခေါ်တာဘဲ၊ သူတို့လာလဲ အနိစ္စချည့်ဘဲ ဆိုပြီး ဖြစ်ပျက် ရှုပစ်ကြ၊ ရှုတတ်ကြပလား?။

အဲဒီလို ဒေါမနဿဝေဒနာကို ရှုပစ်လိုက်တော့၊ ဒေါမနဿ ဝေဒနာက အနိစ္စ၊ ရှုတဲ့ဉာဏ်က မဂ္ဂ၊ ဖြစ်သွားတယ်၊ အဲဒီလို ရှုတော့ ကာလ စားဖတ်, ဝါးဖတ် ဖြစ်ကြောင်း တရားတွေ သေသွားတယ်၊ ဖြစ်ကြောင်းတရားတွေ သေတဲ့နောက်တော့ ဖြစ်ကျိုးတရားတွေလဲ မပေါ်နိုင်တော့ဘူး၊ သဘောပေါ ပလား?။

ဒကာ ဒကာမတို့ ဒီလိုဆိုတော့ ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရား၊ ကာလ စားဖတ် ဝါးဖတ်အဖြစ်က လွတ်စေနိုင် တဲ့ တရားဘဲဆိုတာ ဆုံးဖြတ်ချက်ချ။ ဒါကြောင့် ဒုက္ခလာလဲ ဖြစ်ပျက်ရှု၊ ဒေါမနဿလာလဲ ဖြစ်ပျက်ရှုရမယ်ဆိုတာ သဘော ပေါ်ပလား?။

အခု ဆက်လက်ပြီး ဥပေက္ခာဝေဒနာကို ပြောပြရမယ်၊ ဒကာ ဒကာမတို့ မျက်လုံးကလေးကို ဖွင့်လိုက်တဲ့အခါမှာ ရှေ့က မြင်စရာ တခုခုနဲ့တွေ့တော့ မြင်စိတ်ကလေး ပေါ်လာ

တယ်၊ အဲဒီ မြင်စိတ်ကလေးဟာ သူချည့်သက်သက် မဟုတ်ဘူး၊ ဥပေက္ခာ ဝေဒနာနဲ့ တွဲပြီး ပေါ်ရတယ်လို့ မှတ်လိုက်ကြပါ။

သူက မြင်ရုံမျှ မြင်ကာမတ္တသာ စွမ်းနိုင်တဲ့အတွက် မြင်စိတ်မှာ ဥပေက္ခာဝေဒနာ တမျိုးဘဲ ဖြစ်နိုင်တယ်ဆိုဘာ မှတ်ထားကြရမယ်။ အဲဒီတော့ မြင်ကာမတ္တ အခိုက်အတန့်မှာ ဥပေက္ခာဝေဒနာပါတယ်ဆိုတော့ မျက်လုံးပေါက်မှာ ဥပေက္ခာဝေဒနာ ဖြစ်တယ်လို့ဘဲ လွယ်လွယ်မှတ်ထားလိုက်ကြပါ၊ ရှင်းပလား?။

သူ့သဘောက မြင်ရုံဘဲ မြင်တယ်၊ လိုချင် ပြစ်မှား စတဲ့ သဘောတွေ ဘာမှမပါဘူး၊ မြင်ရုံမျှ သဘောကို ဥပေက္ခာဝေဒနာ ဆိုတာဘဲလို့ မှတ်လိုက်ကြ၊ ကျေနပ်ပလား?။

ဒကာ ဒကာမတို့က မျက်လုံးဖွင့်လိုက်တဲ့အခါ မြင်စိတ်နှင့် အတူ၊ ဥပေက္ခာဝေဒနာကလေး ပေါ်လာတယ်။ အဲဒါကို သိရမယ်၊ အခုတော့ မသိကြဘူး၊ မသိလိုက်တဲ့အတွက် ဘာဖြစ်သလဲ၊ ဥပေက္ခာ ဝေဒနာ ပေါ်တာကို မသိတဲ့အတွက် မသိတာဟာ အဝိဇ္ဇာဘဲ၊ ရိပ်မိကြရဲ့လား?၊ မသိမှုအတွက် ပဋိစ္စသမုပ္ပါဒ် အစက စပြီး "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုပြီး အနာဂတ် ခန္ဓာအတွက် ပဋိသန္ဓေ ဝိညာဏ် ပေါ်လာတယ်၊ မြင်ကြပလား?။

အဲဒါ ဥပေက္ခာဝေဒနာကို မသိတဲ့အတွက်၊ သူ့ကို ဖြစ်ပျက်မရှုမိတဲ့အတွက် စားဖတ်, ဝါး၊ အနာဂတ် ခန္ဓာတခု ပေါ်လာရတယ်။ ဒါ့ကြောင့် မျက်လုံးဖွင့်လို့ ဥပေက္ခာဝေဒနာ ပေါ်လာလဲ ဖြစ်ပျက်ရှုရမယ်၊ သဘောကျပလား?၊ အဲဒီလို ရှုတော့ ဥပေက္ခာဝေဒနာနောက်က မဂ်ဝင်လာတယ်၊ မဂ်ဝင်

လာတော့ အဲဒီ မဂ်က ကိလေသာတွေကို သတ်လိုက်တဲ့အတွက် အဝိဇ္ဇာ မလာနိုင်တော့ဘူး။

ဖြစ်ပျက်ရှုတဲ့ မဂ်က အဝိဇ္ဇာကို သတ်လိုက်တော့ အဝိဇ္ဇာ မလာဘူး၊ အဝိဇ္ဇာချုပ်သွားတယ်၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရလဲ ချုပ်၊ ဝိညာဏ်လဲ ချုပ်၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး ချုပ်တယ် ဆိုတော့ ကာလ၏ စားဖတ်၊ ဝါးဖတ် ဖြစ်ဘို့ရာ အထည်ကိုယ် မကျန်တော့ဘူး၊ လွတ်သွားပြီ။ ဒါ့ကြောင့် မျက်လုံးပေါက်က ဥပေက္ခာဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုရမယ်၊ ရှင်းပလား?။

ဒကာ ဒကာမတို့ ကိုယ့်ကို သူများ သတ်ဖြတ်စားခြင်းမှ ကာကွယ်နိုင်ဘို့ရာ၊ ကိုယ့်ကို သနားသောအားဖြင့် မလွတ်တမ်း ရှုရမယ်။ ပျင်းနေရင် စားဖတ်၊ ဝါးဖတ်ဘဲလို့သာ မှတ်ကြ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဆဆက္ကသုတ်"မှာ အာမှုအညီ ပေးထားခဲ့ပါတယ်၊ ဒကာ ဒကာမတို့ "ဥပေက္ခာ ဝေဒနာပေါ်တာကို မသိရင် အဝိဇ္ဇာဝင်မယ်၊ အဲဒီ အဝိဇ္ဇာ ဝင်လာလို့ ရှိရင်ဖြင့် ဘယ်တော့မှ ကာလ၏ စားဖတ်၊ ဝါးဖတ် အဖြစ်က လွတ်လိမ့်မယ်လို့ "ငါမဟောဘူး"တဲ့၊ သဲဘောပေါက် ကြရဲ့လား။

ဥပေက္ခာဝေဒနာပေါ်တာကို ဖြစ်ပျက်မရှုမိတော့ အဝိဇ္ဇာ လာမယ်၊ အဝိဇ္ဇာလာရင် သင်္ခါရ-ဝိညာဏ် ဆိုပြီး နောက် အနာဂတ် ခန္ဓာပေ[illegible]လို့ ကာလ စားဖတ် ဝါးဖတ် အဖြစ်က မလွတ်တော့ဘူး၊ ရှင်းကြပလား?။

ဒါ့ကြောင့် ဥပေက္ခာဝေဒနာ ပေါ်တဲ့အခါ ပေါ်တိုင်း ပေါ်တိုင်း မလွတ်အောင် ဖြစ်ပျက်ရှုရမယ်၊ ဥပေက္ခာ ဝေဒနာရဲ့ အနိစ္စကို မြင်အောင်ရှုရမယ်၊ ဖြစ်ပျက်ဆိုတာဟာ အနိစ္စဘဲ၊

အနိစ္စကို၊ ဗမာစကားနဲ့ ချုံးတော့ ဖြစ်ပျက်ဘဲ။ ဒကာဒကာမ တွေ ကျကျနန မှတ်ထားလိုက်ကြ။

ဒါဖြင့် ရှေ့ဆက်ပါဦးဆိုတော့ ကြားစိတ်ဖြစ်တဲ့အခါ နားက ကြားကာမျှ တွေ့ဘဲဖြစ်လို့ သူ့မှာလဲ လိုချင်တာ ဖြစ်မှားတာတွေ မပါဘူး၊ ဒါကြောင့် နားက ကြားတဲ့အခါ၊ ကြားစိတ်နဲ့ တွဲလာဘာကို ဥပေက္ခာ ဝေဒနာဘဲ မှတ်ထား လိုက်ကြပါ၊ အဲဒီတော့ကို အဲဒီ ကြားတဲ့ ဥပေက္ခာ ဝေဒနာ ပေါ်လာရင်လဲ ဖြစ်ပျက်ရှုကြရမယ်။

ဒါကို မသိလို့ မရှုမိရင် နောက်ကဲ အဝိဇ္ဇာလာမယ်၊ လာတော့ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်ဆိုပြီး ခန္ဓာသစ် ပေါ် အုံးမှာဘဲ၊ ပေါ်ရင် ကာလရဲ့ စားဖတ်, ဝါးဖတ်ဘဲလို့သာ မှတ် ကြတော့၊ ကျေနပ်ပလား?၊ ဖြစ်ပျက်ရှုလိုက်တော့ အဝိဇ္ဇာ မလာဘူး၊ မလာတော့၊ သင်္ခါရ-ဝိညာဏ်တို့လဲ မလာလို့ ခန္ဓာ သစ်လဲ မပေါ်နိုင်တော့ဘူး၊ မပေါ်တော့ ကာလစားဖတ်က လွတ်တာဘဲ။

ဒါကြောင့် ကိုယ့်ကို သူများ စားမှာ ကြောက်လို့ရှိရင် ကြောက်တာ မှန်ရင်ဖြင့် ဝေဒနာ ပေါ်တိုင်း ဖြစ်ပျက် ရှုကြ ရမယ်၊ ဖြစ်ပျက်ရှုနိုင်ဘို့ အလွန်အရေးကြီးတယ်ဆိုတာ ဆုံးဖြတ် ချက် ချကြ။

ဒကာ ဒကာမတို့ ထူးထူးခြားခြား မှတ်လိုက်ကြစမ်းပါ၊ ပိဋကတ်တော်တွေ, စာတွေ, ပေတွေ အမျိုးမျိုး သင်ကြ ကြားကြရတယ်၊ ဒါဘာ့ကြောင့်လဲ? ဘယ်အကျိုးငှါလဲ?လို့ ဆိုတော့ ဒီတရားကို အားထုတ်တတ်စေချင်လို့ အားထုတ် အောင်လို့ဘဲဆိုတာ မှတ်ကြရမယ်။

ပိဋကတ်သုံးပုံကို ချုပ်လိုက်တော့ အနိစ္စ, ဒုက္ခ, အနတ္တဘဲ ရှိတယ်၊ ဒါဟာ လိုရင်းပြောရင် ဖြစ်ပျက် အနိစ္စဘဲ၊ အဲဒီတော့ ပိဋကတ်ကို ချုပ်ရင် ဖြစ်ပျက်တရားကို အားထုတ်တတ်စေချင်လို့ အားထုတ်စေချင်လို့ဘဲဆိုတာ အသေအချာ မှတ်လိုက်ကြ။

အဲဒီလို အားထုတ်တတ်မှ ရှုတတ် မှတ်တတ်မှ သံသရာစခန်းသတ်မယ်၊ သံသရာစခန်း သတ်တယ်ဆိုတာ အဝိဇ္ဇာချုပ်၊ သင်္ခါရလဲချုပ်၊ ဝိညာဏ်လဲချုပ်၊ ချုပ်ပြီး ခန္ဓာ ဇာတ်သိမ်းတာကို ခေါ်တာဘဲ၊ ရိပ်မိကြပလား?၊ ပိဋကတ်သုံးပုံကို ချုပ်လိုက်ရင် အနိစ္စ, ဒုက္ခ, အနတ္တသုံးခုဘဲ၊ ဒီသုံးခုဆိုတဲ့ ဖြစ်ပျက်ကို ရှုမှ သံသရာ စခန်းသတ်မယ်ဆိုတာ မှတ်ကြ။

ဒကာဒကာမတို့ နားက အသံကြားတဲ့အခါလဲ ဥပေက္ခာဝေဒနာလို့ မှတ်ရမယ်။ နှာခေါင်းနဲ့ မွှေးတာ, နံတာ၊ ကောင်း, မကောင်း အနံ့တွေကို ရှုတဲ့အခါမှာ နှာခေါင်းမှာလဲ ဥပေက္ခာဝေဒနာပေါ်ပါတယ်။ အဲဒါလို နားကပေါ်လာလဲ ဖြစ်ပျက်ရှု၊ နှာခေါင်းကပေါ်တဲ့ ဥပေက္ခာ ဝေဒနာလဲရှု၊ ပေါ်တိုင်း ပေါ်တိုင်း ရှုပေးကြရမယ်။ စားတဲ့အခါ လျှာပေါ်မှာ ပေါ်တာလဲ ဥပေက္ခာ ဝေဒနာဘဲ၊ အဲဒါကိုလဲ ရှုကြရဲမှာဘဲ၊ မှတ်မိကြပလား?။

ဒကာဒကာမတို့ ဝမ်းထဲမှာပေါ်တာလဲ ရှိသေးတယ်၊ ဝမ်းထဲမှာက ကမ္မဿကာ ထားတဲ့သဘောကို ဆိုပါတယ်၊ ဒီအတွက် "ကိစ္စမရှိပါဘူး"လို့ သုံးတဲ့စကားဟာ ဥပေက္ခာဝေဒနာဘဲ၊ အဲဒီလိုဝမ်းထဲမှာ ဥပေက္ခာဝေဒနာ ပေါ်တဲ့အခါ၊ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်သာရှုပစ်ကြ။ ဥပေက္ခာဝေဒနာ ပေါ်နိုင်

တာက ငါးနေရာ၊ မျက်လုံး, နား, နှာခေါင်း, လျှာ, မနောလို့ ဝါးဌာန မှတ်ပါ။

အဲဒီလို ပေါ်တိုင်း ရှုပေးတော့ ဥပေက္ခာ ဝေဒနာက အနိစ္စ၊ ရှုတဲ့ဉာဏ်က မဂ္ဂဖြစ်သွားတယ်၊ အဲဒီမှာ နောက်က အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်တွေ အကုန်ချုပ်သွားပါတယ်။ အဲဒီလို ရှုလိုက်တာ ကာလကို မိမိပြန်စားနိုင်တာဘဲလို့သာ မှတ်ကြတော့၊ ကိုင်း,ဒါဖြင့် မရှုရင် မဖြစ်ဘူးဆိုတာ ဆုံးဖြတ်ချက် ချကြ၊ သေချာကြပလား?။

ဒါ့ကြောင့်မို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ "ဥပေက္ခာဝေဒနာကို ဖြစ်ပျက်မရှုဘဲ၊ ကာလ၏ စားဖတ်ဝါးဖတ် အဖြစ်က လွတ်လိမ့်မယ်လို့ ငါဘုရား မဟောဘူး"လို့ ဆဆက္ကသုတ်မှာ အသေအချာ လာပါတယ်။ အဲဒါကြောင့် ဝေဒနာ သုံးမျိုးကို ပေါ်ရာလိုက်ပြီး ရှုမှတ်ကြရမယ်ဆိုတာ အလုပ်စဉ် အလုပ်သင် အနေနဲ့ ပြောလိုက်ပါတယ်။

ဝေဒနာက ပေါင်းလိုက်တော့ သုခဝေဒနာ, ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ သုံးမျိုးဘဲရှိတယ်၊ ဥပေက္ခာကို ဥပေက္ခာချင်း ပေါင်း။ သောမနဿကို သုခနဲ့ပေါင်း၊ ဒေါမနဿကို ဒုက္ခနဲ့ပေါင်း၊ အဲဒီလို ပေါင်းပြီးရေတွက်ရင် သုံးမျိုးဘဲရှိတယ်။ အဲဒီ သုံးမျိုးထဲက ပေါ်ရာကို လှည့်ပြီး ဖြစ်ပျက် ရှုကြရမယ် ဆိုတာ အချုပ်သဘော မှတ်ထားလိုက်ကြပါ၊ ရှင်းကြပြီလား?။

ကောင်းပြီ ဒါဖြင့် ဒီလိုရှုမှတ်ရမယ့် ဝိပဿနာ လုပ်ငန်းစဉ် ဘယ်လောက်ကြာကြာ လုပ်ရမှာလဲ? မသေမချင်းဘဲ လုပ်ရမှာလား၊ ဘယ်အခြေရောက်မှ စခန်းသတ်ရမှာလဲ? ဆိုတာကို

ဒကာ၊ဒကာမတွေ သိချင်ကြမယ်၊ အဲဒါကြောင့် အခု ဆရာ ဘုန်းကြီးက ဝိပဿနာ စခန်းသတ်ပုံကို "မိလိန္ဒပဉှာပါဠိ တော်"မှာ လာတဲ့ အဓိပ္ပါယ်နဲ့ ရှင်းလင်းပြီး ပြောလိမ့်မယ် ဆိုတာ မှတ်ကြရမယ်၊ သဘောကျပလား?။

ဒကာ ဒကာမတို့ မိလိန္ဒ မင်းကြီးက အသျှင်နာဂသိန် မထေရ်ကို မေးမြန်းလျှောက်ထားလိုက်ပါတယ်၊ "အရှင့်ဘုရား၊ ဝိပဿနာရှုတဲ့အခါ ဝိပဿနာရှုနေရင်းက နိဗ္ဗာန်ရောက်တယ်လို့ ပြောပါတယ်၊ အဲဒီလို ဝိပဿနာရှုရင်းမတ္တက နိဗ္ဗာန်ရောက်ပုံကို အမိန့်ရှိပါဘုရား" လို့ လျှောက်ထား မေးမြန်းပါတယ်။

အခု အသျှင်နာဂသိန်မထေရ်က ဖြေကြားပုံကို ပြောပြ ရမယ်၊ ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ပြီးသားဖြစ်တဲ့ အသျှင် နာဂသိန်က ဖြေတဲ့အဖြေမို့ ယုံမှားစရာမလိုတော့ဘူး၊ မသိတဲ့ သူက မှန်းပြီးပြောတဲ့စကားမျိုး မဟုတ်ဘူး၊ ကိုယ်တိုင်သိမြင်ပြီး ရောက်ရှိပြီးဖြစ်တဲ့ ပုဂ္ဂိုလ်က ပြောတာမို့ လေးလေးစားစား မှတ်ယူပြီး တိတိကျကျ အားထား လိုက်နာကြဘို့ဘဲ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာကို ရှုရမယ်၊ ဝိပဿနာရှုမှလဲ နိဗ္ဗာန်ရောက်မယ်၊ ဝိပဿနာမရှုဘဲနဲ့လဲ နိဗ္ဗာန် ဘယ်တော့မှမရောက်ဘူး၊ နိဗ္ဗာန်ရောက်မှလဲ ကာလ စားဖတ် ဝါးဖတ်အဖြစ်က လွတ်မယ်၊ ဒါဖြင့် အခု ဝိပဿနာ ရှုရလိမ့် မယ်၊ ရှုရမယ်ဆိုတော့ ဝေဒနာနုပဿနာဘဲ ရှုကြပါ၊ ဝေဒနာ စခန်းနဲ့ တိုက်ဆိုင်နေလို့ ဝေဒနာဘဲ ရှုကြ။

အခု ရှင်းပြမှာကလဲ ဝေဒနာနုပဿနာနည်းနဲ့ဘဲ ရှင်းပြ ပါလိမ့်မယ်ဆိုတော့ အဲဒါမှ သဘာဝချင်း, စခန်းချင်းက

ထပ်မိဟပ်မိမယ်၊ သဘောပေါက်ကြပလား?၊ အသျှင် နာဂသိန်မထေရ်က ဖြေကြားပုံကို အခုပြောပြမယ်ဆိုတာ မှတ်ကြ။

အသျှင်နာဂသိန်မထေရ်က မိလိန္ဒမင်းကြီးကို ပြောလိုက်ပါတယ်၊ "ဒကာကြီး၊ ပဉ္စမ ဖြစ်ပျက်ကို သိနေ, ရှုနေပါ၊ သုခ ဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာ သုံးမျိုး တမျိုးမျိုးပေါ်ရာကို ရှုနေပါတဲ့၊ ဒီအတိုင်းရှုနေလို့ ရှုဖန်များ လာတော့ ကိုယ့်အသေ ကိုယ်မြင်လာလိမ့်မယ်တဲ့"။

ဒကာ ဒကာမတွေ ဝိပဿနာရှုတဲ့အခါ ရှုဖန်များလာလို့ ရှိရင်၊ ဝေဒနာကလေးတွေ အစုလိုက်, အစုလိုက် ဖြစ်တာ ပျက်တာကိုမြင်လာရတယ်၊အဲဒါဝေဒနာအစုဝေဒနာက္ခန္ဓာဘဲ၊ အဲဒီ ဝေဒနာက္ခန္ဓာဟာ ဘယ်သူ့ခန္ဓာလဲဆိုတော့ မိမိခန္ဓာမှာ ရှုနေတဲ့အတွက် မိမိခန္ဓာဘဲဆိုတာ ထင်ရှားတယ်၊ ရှင်းကြရဲ့လား?။

အဲဒီ ဝေဒနာအစု ဝေဒနာက္ခန္ဓာတွေ ဖြစ်ပြီး ပျက်တယ်ဆိုတော့ မိမိမွေးပြီး, မိမိသေနေတာဘဲဆိုရင် မမှားဘူး၊ အဲဒီတော့မိမိသေတာကို မိမိက ရှုနေတာဘဲလို့ မှတ်ကြရမယ်၊ လိုရင်းတော့ "ဝိပဿနာ ရှုတယ်ဆိုတာ မိမိသေတာကို မိမိရှုတဲ့ သုပ်ငန်းဘဲ" လို့သာ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိပလား?၊ ဒကာ ဒကာမတို့ ကိုယ့်အသေကို ကိုယ်မြင်တာဟာ ဝိပဿနာဘဲ-တဲ့ ကျေနပ်ပလား?။

အဲဒီလို ဝေဒနာက္ခန္ဓာကလေးတွေ သေတော့၊ ဒကာတို့ ခန္ဓာငါးပါးလုံးရှိနေတာဖြစ်လေတော့ ကျန်တဲ့ခန္ဓာလေးပါးလဲ မကျန်ရစ်တော့ဘူး၊ လေးပါးစလုံး ရောပြီးသေတော့ တာဘဲ၊ တပါးသေရင် ကျန်လေးပါးလဲ သေတယ်ဆိုတာ မှတ်ကြရမယ်

ရှင်းကြပြီလား?''အဲဒါကြောင့် ခန္ဓာပါးပါးလုံး သေတယ် ဆိုတော့ ကိုယ့်အသေကို ကိုယ်မြင်တာဘဲ ဆိုတဲ့ အချက် ထင်ရှားပြီ။

အဲဒါကြောင့် အသျှင်နာဂသိန်က မိလိန္ဒမင်းကို ''ဒကာကြီး ရှေးဦးစွာ ဝိပဿနာရှုပါ၊ ရှုတဲ့အခါ၊ အရှုများရင် ကိုယ့်အသေကို ကိုယ်မြင်ပါလိမ့်မယ်လို့ ဟောခဲ့တာဘဲ ဆိုတာ ရိပ်မိကြပလား?။

နောက်, ဆက်ပြီး ''ဒကာကြီး၊ ရှေးဦးတော့ ကိုယ့်အသေ ကိုယ်မြင်မယ်၊ နောက်, ရှုဖန်များလာတော့ အသေမှတပါး ဘာမှ မရှိပါကလား၊ အမှန်တော့ ဘာမှ မဟုတ်ပါကလားလို့ ဆိုပြီး ဖြစ်ပျက် ခန္ဓာပေါ်မှာ ရွံလာမယ်, မုန်းလာမယ်, ငြီးငွေ့လာမယ်'' တဲ့။

ဧကာတို့တတွေ ကိုယ့်အသေတွေ အမြင်ရများလာရင်ဘယ့် နှယ်နေကြမလဲ? စဉ်းစားကြ၊ မုန်းလာမယ်, ရွံလာမယ်, ငြီးငွေ့လာမယ် ဆိုတာ သေချာတယ်။ အဲဒါကြောင့်အသျှင် နာဂသိန်ကပဌမကိုယ့်အသေကို မြင်ရမယ်၊ ဒုတိယကိုယ့်အသေ ကို မုန်းလာမယ်လို့ ဟောခဲ့တာဘဲ ဆိုတာ သဘောပါကြ ပလား?၊ ဒါနဲ့ ဆက်လက်ပြီး အမိန့်ရှိပြန်ပါတယ်။

''ဒကာကြီး၊ ဒီနည်းအတိုင်း ဆက်လက် ရှုသွားပြန်တော့ ဉာဏ်တက်လာမယ်၊ အမုန်းများတော့ နောက် တက်လာမယ်၊ အဲဒီလို ဉာဏ်တက်လာတော့ ကိုယ့်အသေကိုယ် မလိုချင်တော့ဘူး၊ လွတ်ချင်လာတယ်၊ အဲဒီအခါမှာ ရှုနေတဲ့ တရားက အသေခန္ဓာကြီး ပျောက်ထွက်သွားတာကို မြင်ရမယ်၊'' တဲ့။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသေခန္ဓာကို ရှုပြီး, ဥဒ္ဓုမ မြင်နေရမယ်၊ နောက် မုန်းလာမယ်၊ မုန်းဖန် များလို့ ဉာဏ်ကတက်လာတော့ အသေခန္ဓာကြီး ပျောက်ထွက်သွား တာကို မြင်ရမယ်တဲ့။ အရှုခံဖြစ်ပျက်အသေခန္ဓာကြီး ပျောက် သွားတာကို မြင်ရတယ်ဆိုသဖြင့်၊ ဖြစ်ပျက်မရှိတဲ့ မသေရာကို မြင်ရတယ်ဆိုတာ မှတ်ကြရမယ်။ အသေတွေ မြင်ရလို့ မုန်းအားကြီးတော့ မလိုချင်၊ မလိုချင်တော့ ဉာဏ်က တဆင့် တက်ပြီး မသေတာကို မြင်ရတယ်၊ ဒကာ ဒကာမတွေ သဘောစ ကျကြပလား?။

အဲဒီအခါမှာ–

| | |
|---|---|
| မသေတာက | ....နိဗ္ဗာန်၊ |
| မသေရာ မြင်တာက | ....မဂ်ဉာဏ်၊ |
| မသေရာက | ....နိဗ္ဗာန်၊ |
| မသေရာကို မြင်တာက | ....မဂ်ဉာဏ်။ |

ဒကာ ဒကာမတို့ ဒီရှုနေတဲ့ဉာဏ်က အသေတွေကို မြင်၊ အသေတွေကိုမုန်း၊ မုန်းပြီး အသေတွေဆုံးတဲ့ဘက် ကူးသွား တယ် ဆိုတာ မှတ်ကြ၊ ဒီဉာဏ်ဟာ ရှုနေရင်းက အသေမြင်၊ အသေမုန်း မုန်းရာက ဆုံးတဲ့ဘက် ကူးသွားတယ်ဆိုတာ ကျေနပ်ပလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီလိုလှမ်းဆုံးတိုင် သိကြ ရပြီဆိုတော့ ဘာလိုသေးသတုံး? ဘာမှမလိုတော့ဘူး၊ ပေါ် လာတဲ့ ဝေဒနာကို စွဲစွဲမြဲမြဲ ရှုမှတ်ဘို့ဘဲလိုတော့တယ် ဆိုတာ ရိပ်မိကြပလား?။

ခန္ဓာထဲမှာ ဝေဒနာပေါ်တဲ့အခါ ပေါ်တိုင်းပေါ်တိုင်း ဉာဏ်နဲ့ မြင်အောင် ပဌမ ကြိုးစားရမယ်၊ ဒုတိယ ဝေဒနာ ဖြစ်ပျက်တွေ အမြင်များပြီး မုန်းလာအောင် ကြည့်ရမယ်။ တတိယမုန်းရာကနေပြီး ဖြစ်ပျက်တွေ ဆုံးသွားတာကို ရောက်အောင် မြင်အောင် ကြည့်ရမယ်ဆိုတာ ဒကာ ဒကာမတို့ တာဝန်ဘဲ။

ရှုတဲ့အခါမှာ ကိုယ်က တက်ချင်လို့ မရဘူး၊ ဉာဏ်ကတက်မှ တက်တာ၊ ကြိုးစားရှုဘို့ရာ ကိုယ့်တာဝန်၊ ဉာဏ်တက်ဘို့ရာ ဉာဏ်အလုပ်၊ ဒကာတို့ အရှုအပွါးများရင် များသလောက် ကိလေသာ မခြားရင် မခြားသလောက် ဉာဏ်တက်မှာဘဲ ဆိုတာ အထူးသတိပေးလိုက်တယ်။ ကျေနပ်ကြပလား?။

မဂ်ဉာဏ်ဆိုတဲ့သဘောဟာ ပဌမ အသေကို မြင်ရမယ်၊ နောက်, အသေတွေကို မုန်းပြီး, အသေတွေ ဆုံးသွားပြီး မသေရာကို မြင်တော့ တယ်ဆိုတာကို မှတ်ထားကြပါ။

ရှုစမှာတော့ အသေကို မြင်တယ်၊ ရှုဖန်များလာတော့ အသေကိုမုန်းပြီး မလိုချင်တော့ဘူး၊ မလိုချင်တော့ဘူးဆိုတာနဲ့ တပြိုင်နက် အသေတွေ ပျောက်ထွက်သွားပြီး, မသေရာဘက်ကို ဉာဏ်က ကူးသွားတယ်၊ ဒကာဒကာမတွေ ကျေနပ်ကြပလား?။

အဲဒီအခါမှာ—

| | | |
|---|---|---|
| အသေတွေက | .... | ဒုက္ခသစ္စာ၊ |
| မသေရာက | .... | နိရောဓသစ္စာ. |
| မသေရာမြင်တာက | .... | မဂ္ဂသစ္စာ၊ |
| ချုပ်တဲ့ကိလေသာက | .... | သမုဒယသစ္စာ။ |

ကိုင်း, ဒဏ္ဍာဒကာမတွေ နေရာကျကြပလား?၊ အဲ့ဒီလို မသေတဲ့ဘက်ကို ဉာဏ်က ကူးသွားနိုင်ခဲ့ရင် ပဉ္စမ, သောတာပန် တည်တာဘဲလို့သာ မှတ်လိုက်ကြတော့၊ သဘောကျပလား?။ ကိုင်း, ဒါဖြင့် မသေရာဘက်ကိုဉာဏ်ကူးသွားနိုင်သည်တိုင်အောင် မပျက်မကွက် ကြိုးစားကြဘို့ လေးလေး စားစား တိုက်တွန်း လိုက်တယ်။

## "ဂါထာအနက်"

ကာလော၊ နံနက်-နေ့-ည ချိန်ကာလသည်။ သဟတ္တနာ၊ ကာလဟူဘိမိမိနှင့်အတူတကွ။ သဗ္ဗာနေဝ၊ ကြီးငယ်မယွင်းခပင်း ဉသုံ အလုံးစုံလည်းဖြစ်ကုန်သော။ ဘူတာနိ၊ ငြိတတ် ကပ်တတ် လူနတ်ဗြဟ္မာ များစွာခပင်း သတ္တဝါတသင်းတို့သည်။ ဃသတိ၊ ပါဒ်ဗီဇနာပြန်ခရာမလပ်အောင်မပြတ်တစေမျိုဝါးစားသောက် ပစ်လေ၏။ ဃသတိ၊ ဇီဝိန်ရှုပ်ဆင်း အားအန်ယွင်းလျက် ပျှိုခြင်း ကုန်ပျောက် ရောဂါရောက်အောင် တောက်တောက်ကိုက်ဝါး စားသောက်ပစ်လေ၏။ ယောစ၊ အကြင်သူသည်ကား။ ကာလ ဃသော၊ အရိယာမဂ် ဉာဏ်သန်လျက်ဖြင့် နောက်ဆက်သန္ဓေ ကုန်ပျက်လေအောင် ထွေထွေကာလ ဟူသမျှကို မုချပုံသေ မျိုဝါး စားသောက်နိုင်ပေ၏။ ဘူတပစနိံ၊ အပါယ်လေးရွာ သတ္တာထွေထွေ လောင်စေရှို့မြှိုက် အပူမီးတိုက်တတ်သည့် တဏှာမိုက်ကို။ ပစိ၊ ဉာဏ်မီးမြှိုက်လျက်ပညာစက်ဖြင့်ကျက်စေ ပူစေ ပြာဖြစ်စေ၏။ သ, သော၊ ထိုသူကား။ ကော၊ အဘယ် မည်သောသူ ဖြစ်ပါလေသနည်း။ ။

ကိုင်း ... နာရီစေ့ပြီ၊ ဒီတွင် တော်ကြအုံးစို့။

# ဓမ္မရတနာ မာတိကာ

"အဟောသိကံ၊ ကြွေးဆပ်ဉာဏ် တရားတော်"

---

**ဆောင်ပုဒ်**

သမုဒယာ၊ ကြောင်းသစ္စာ၊ များစွာလူတိုင်းရှိ။
သစ္စာဒုက္ခ၊ အကျိုးရ၊ လွတ်ထလမ်းမရှိ။
နှစ်တန်ဟောင်းသစ်၊ ကံဖြူညစ်၊ စီစစ် ဆုံးမရှိ။
အဟောသိကံ၊ ဖြစ်ဘို့ဉာဏ်၊ အမြန်ကြိုးပါဘိ။
မကြိုးနေမူ၊ မောဟထူ၊ ထိုသူမိုက်ရှုးသိ။
ထို့ကြောင့်ခန္ဓာ၊ ဝေဒနာ ပေါ်လှာဖြစ်ပျက်သိ။
ဝေဒနာဖြစ်ပျက်၊ဉာဏ်မြင်မဂ်၊ ကြောင်းဆက်ပြတ်လေ၏။
ဝေဒနာပညာ၊ စဉ်မကွာ၊ မချာစွဲသတိ။
အကြောင်းချုပ်ကွာ၊ ကျိုးမလာ၊ အေးရာနိဗ္ဗုတိ။ ။

**သတိချပ်**

မိမိခန္ဓာ၊ ဖြစ်ခြင်းရာ၊ ပဋိစ္စာသမုပ္ပါဒ်။
ခန္ဓာ့ဖြစ်စဉ်၊ ကြောင်းကျိုးယှဉ်၊ ခေါ်တွင် ပဋိစ္စမှတ်။
ဝေဒနာက္ခန္ဓာ၊ ဖြစ်ပေါ်လာ၊ သာယာ တဏှာကပ်။
စွဲလမ်းပြင်းထန်၊ ဥပါဒါန်၊ ခန္ဓာ သံသရာရှည်။
ကာယဝစီ၊ မနောမှီ၊ သုံးလီသံခါရတ်။
ကြောင်းကျိုးရုပ်နာမ်၊ ချုပ်ဆက်မှန်၊ ခန္ဓာ ပဋိစ္စမှတ်။
ယခုမျက်မှောက်၊ လေးကြောင်းမြောက်၊ ယင်းနောက် ကျိုးသုံးရပ်။
ဇာတိ ဇရာ၊ မရဏာ၊ ဒုက္ခာ သင်္ချေထပ်။
ကံဟောင်းအနန္တ၊ ကံသစ်ချ၊ ပါယ အောက်ချိုးကပ်။ ။

**တရားသား။** ။ ဒကာဒကာမတွေပဋိစ္စသမုပ္ပါဒ်ဆိုတာမိမိခန္ဓာ နေ့တိုင်းဖြစ်နေတာလို့မှတ်ကြစမ်းပါ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာဟာတခြားမဟုတ်ဘူး၊ မိမိတို့ခန္ဓာကြီးအစဉ်အတိုင်း ဖြစ်နေတာကို ပဋိစ္စသမုပ္ပါဒ်လို့ခေါ် တာဘဲလို့ သေသေချာချာ မှတ်ထားလိုက်ကြ ရှင်းပလား?။

မိမိခန္ဓာ နေ့ရှိသမျှ, အချိန်ရှိသမျှ အစဉ်အတိုင်း ဖြစ်လိုက်ပျက်လိုက်၊ ပျက်လိုက် ဖြစ်လိုက်နဲ့နေတာကို ပဋိစ္စသမုပ္ပါဒ်ခေါ်တယ်လို့ တိတိကျကျမှတ်ကြရမယ်၊ အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တခြား၊ခန္ဓာတခြားလို့မယူလိုက်ကြပါနဲ့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာနဲ့ ခန္ဓာဆိုတာ အတူတူဘဲ၊ မကွဲပြားဘူးလို့ မှတ်ထားလိုက်ကြ။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် ပေါ်တဲ့အချိန်မှာ ဖြတ်နိုင်အောင်ဖြတ်ရလိမ့်မယ်၊ ပေါ်တဲ့အချိန်မှာမဖြတ်ဘဲနေလို့မဖြစ်ဘူးဆိုတာကြိုကြိုတင်တင် မှတ်ထားကြရမယ်၊ ပေါ်တဲ့အချိန်မှာမဖြတ်ဘဲနေရင်၊ အကုသိုလ်ကံတွေစုနေတာဘဲ၊ အကုသိုလ်တွေ စုမိနေလို့ဘဲ·တဲ့။ ရိပ်မိကြပလား?။

ဒကာဒကာမတွေ လေးလေးနက်နက် စဉ်းစားပါ၊ အခုပဋိစ္စသမုပ္ပါဒ်ကိုရှင်းပြရမယ်။၊ နောက်ဆက်ပြီး ဖြတ်တဲ့နည်းကိုပြမယ်။ အဲဒီလို ပြပေးလို့ဖြတ်နိုင်ရင် သိကြားမင်းဟာ တရားနာရင်း သောတာပန်တည်တယ်၊ အဲဒီမှာ သောတာပန်တည်ပြီးစုတိစိတ်ကျတယ် ကျပြီးချက်ချင်းဘဲ သိကြားပြန်ဖြစ်ရတယ်နေရာမကျဘူးလား?။

ဒါ့ကြောင့် သေသေချာချာ နာယူကြပါ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ခန္ဓာဟာ တခြားစီလား? ဆိုတော့ မဟုတ်ဘူး၊ အတူတူဘဲဆိုတာ ပြောခဲ့ပြီးပြီ၊ ဒကာ ဒကာမတွေ စဉ်းစားကြည့်ကြ၊

ဥပမာ ချမ်းသာတဲ့ သုခဝေဒနာကလေး ပေါ်မယ်၊အဲဒီလို သုခဝေဒနာကလေး ကိုယ်ပေါ်မှာ ပေါ်တာဟာ ပဋိစ္စသမုပ္ပါဒ်စ, တာဘဲ၊ အစပေါ်တာဘဲလို့ မှတ်လိုက်ကြ၊ရိပ်မိကြပလား?။

ခန္ဓာမှာ ဝေဒနာက စပေါ်လာတယ်ဆိုတာ ဝေဒနာက္ခန္ဓာ တခုပေါ်လာတာဘဲ။ ကိုယ်ပေါ်မှာ ဝေဒနာကလေး စလိုက်တာဟာ၊ ဝေဒနာက္ခန္ဓာပေါ်တာဘဲ ဆိုတာ ရိပ်မိကြပလား? အဲဒါကြောင့်ပဋိစ္စသမုပ္ပါဒ်ဆိုတာ မိမိခန္ဓာထဲမှာ ဝေဒနာက္ခန္ဓာ ပေါ်တာဘဲကိုးလို့ သိကြရမယ်၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့ ဒီလိုပေါ်လာတဲ့ ဝေဒနာ, ဝေဒနာက္ခန္ဓာကလေးကို သာယာလိုက်ရင် နောက်က သာယာတဲ့ တဏှာ ပေါ်လာ ပြန်တယ်၊ သဘောကျတယ်, သာယာတယ်ဆိုတဲ့ တဏှာ ပေါ်တာဟာ သင်္ခါရက္ခန္ဓာ ပေါ်တာဘဲ၊ ရိပ်မိကြပလား? ဒါကို သေသေချာချာ ကြည့်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားမဟုတ်ပါကလား၊ ဝေဒနာပေါ်ရင် ဝေဒနာက္ခန္ဓာ ပဋိစ္စသမုပ္ပါဒ်၊ တဏှာပေါ်ရင် သင်္ခါရက္ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဘဲ ဆိုတာ ထင်ရှားပါတယ်။

ဒကာ ဒကာမတွေ အကြောင်းနဲ့အကျိုး ဆက်နေတာကော မြင်ကြပလား?၊ ဝေဒနာပစ္စယာ တဏှာ။ ဝေဒနာမပေါ်ဘဲနှင့် တဏှာမပေါ်နိုင်ပါဘူး၊ ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဆိုပြီး ဆက်ပေါ်လာတာဘဲ၊ ဘာတွေဆက်ပြီး ပေါ်တာတုံး ဆိုတော့ ခန္ဓာတွေ ဆက်ပေါ်တာ၊ အဲတာ ပဋိစ္စသမုပ္ပါဒ် ပါဘဲတဲ့၊ ကျေနပ်ကြပလား။

ဒီနည်းအတိုင်း တဏှာချုပ်တော့ ဥပါဒါန် ပေါ်လာပြန်တယ်၊ ဥပါဒါန်က တဏှာအကြီးစားဘဲ၊အဲဒီတော့သင်္ခါရက္ခန္ဓာ

အကြီးစားဘဲ၊ ဒါလဲ ခန္ဓာပေါ်တာဘဲ၊ သေချာကြပလား?။ ဥပါဒါန်ပေါ်ပြီးရင် ဓမ္မနိယာမအတိုင်း ကာယကံ, ဝစီကံ, မနောကံတွေလဲပေါ်လာမယ်၊ ဒီကံတွေဟာလဲ သင်္ခါရက္ခန္ဓာဘဲ။ ဒကာ ဒကာမတွေ ရိပ်မိကြပလား?။

အဲဒီတော့ကို ပဌမခန္ဓာ ချုပ်ပြီး, ဒုတိယခန္ဓာ ပေါ်တယ်။ ဒုတိယခန္ဓာချုပ်ပြီး, တတိယခန္ဓာပေါ်တာဘဲ ရှိတယ်၊ အဲဒီလို ခန္ဓာတခုချုပ်ပြီး တခုပေါ်တာဘဲ ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ်၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့ ဒီဝေဒနာရယ်, တဏှာရယ်, ဥပါဒါန်ရယ်, ကံရယ်ဆိုတဲ့ လေးခုကို ယခုဘဝ ပစ္စုပ္ပန်လို့ မှတ်ထားကြပါ၊ ဒီလိုဆိုတော့ တစ်ခန္ဓာ, နှစ်ခန္ဓာ, သုံးခန္ဓာ, လေးခန္ဓာ ပေါ်လာတဲ့ အတွက်ကံမှဘ်ဝပစ္စယာ ဇာတိ ပေါ်ရတော့မယ်၊ သဘောပါပလား?၊ နောက်ခန္ဓာရမယ့် နောက်ပဋိသန္ဓေဘဲ မဟုတ်လားနောင်, ဘဝ ပဋိသန္ဓေရတော့မယ်ဆိုတာ သေချာသွားပြီ။

နောက် ပဋိသန္ဓေ ဆိုတာလဲ ခန္ဓာငါးပါးဘဲ၊ အဲဒီတော့ ဒီဘက်ခန္ဓာနဲ့ ဟိုဘက်ခန္ဓာ ဆက်သွားတယ်၊ ယခု လက်ရှိက ပစ္စုပ္ပန်ခန္ဓာ၊ နောက်ပေါ်မှာကအနာဂတ်ခန္ဓာ၊ ဒီ ခန္ဓာနှစ်ခု ဆက်သွားတယ်၊ ရှင်းကြပလား?။

ဇာတိကိုရမှာတော့ ဇာတိလာပြီး ဇရာ, မရဏသွားရမယ်၊ သူ့အစဉ်အတိုင်း ဇရာ,မရဏကို မုချသွားရတော့မယ်။ ဒကာ ဒကာမတို့ ဒီပစ္စုပ္ပန် အကြောင်းလေးခုပေါ်ရင် ဒီအကြောင်းလေးခုကြောင့်၊ ဒီ ဇာတိ,ဇရာ,မရဏဆိုတဲ့ အကျိုးသုံးခု မရချင်လို့ မဖြစ်တော့ဘူး၊ ဒီအကြောင်းလေးခုကြောင့် ဒီအကျိုးသုံးခုကို မုချရတော့မှာဘဲဆိုတာ မှတ်လိုက်ကြ။

ဒီဘက် အကြောင်းလေးခုကို စုထားမိရင် ဒီဘက်က အကျိုး သုံးခုကို မရချင်တော့ပါဘူး ဆိုပေမယ့် မရတော့ဘူး၊ မုချ ရတော့မယ်ဆိုတာ သံသယမရှိကြနဲ့တော့၊ ရှင်းပလား?။

ဒကာဒကာမတွေ နေ့ရှိသမျှ ရောင်းဝယ် ဖေါက်ကားပြီး စီးပွားရေး ကြီးပွားရေးတွေ လုပ်နေကြတာ ဘာလဲ?လို့ မေးရင် နှစ်ဘဝဆက်မိအောင် လုပ်နေတာပါလို့သာ ဖြေကြ၊ ရိပ်မိကြ ပလား?။အခု ဒကာတို့ဖြစ်စဉ်ကိုက်အတိုင်း ရှင်းလင်းပြလိုက် တော့ နှစ်ဘဝဆက်အောင် လုပ်နေတာဘဲဆိုတာ ငြင်းဘို့မရှိ တော့ဘူး။ ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်ကြည့်တော့ ဒကာတို့အမြင်ဘဲ၊ ကျေနပ်ကြပဲလား?။

ဒကာတို့က ပြောကြပေမယ့်၊ ရောင်းဝယ် ဖေါက်ကားတာ သမ္မာအာဇီဝဘဲ၊ ကောင်းရောင်း ကောင်းဝယ် လုပ်နေတာဘဲ၊ ဘာအပြစ်ရှိတုံး?လို့ ပြောချင်ပြောကြမယ်၊ အခု ကိုယ့်ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ဝေဘန်လိုက်တော့ နှစ်ဘဝဆက်မိအောင် လုပ် နေတာဘဲရှိတယ်၊ နှစ်ဘဝ ဆက်မှုအတွက် လုပ်နေကြတာဟာ အထင်မဟုတ်ဘူး၊ အမြင်ဘဲ၊ ကျေနပ်ပလား?။

ဒကာတို့က ပြောကြပေမယ့်၊ ကျုပ်တို့ ဘာအကုသိုလ် ရှိသတုံး?လို့၊ တိတိကျကျမှတ်လိုက်ကြပါ၊ ဒကာတို့ လုပ်နေတာ ဟာ ဒုက္ခရှာနေတာဘဲလို့ လက်ရှိဒုက္ခနဲ့ အားမရလို့ နောက် ဒုက္ခရှာနေကြတာလို့သာ မှတ်လိုက်ကြ။

ဒုက္ခသိမ်းမှုကို အခုအချိန်မှ မလုပ်ဖြစ်ရင် လွတ်ဘို့မရှိဘူး၊ အခုဘဝမှာ တဏှာစတဲ့ အကြောင်းလေးခုနဲ့ ဒုက္ခရှာတယ်၊ နောက်ဘဝမှာဇာတိစတဲ့ဒုက္ခသုံးခုကိုမုချရမယ်။ဒီပဋိစ္စသမုပ္ပါဒ်

ကို လုပ်နေရင်, လုပ်နေသမျှ ဒီဒုက္ခအစုကို ရရမှာဘဲ၊ ရိပ်မိကြရဲ့လား?။

ဒီလိုနည်းနဲ့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာတွေတန်းနေတယ်၊ ဝေဒနာ တဏှာ, ဥပါဒါန်,ကံ၊ ဝေဒနာ, တဏှာ, ဥပါဒါန်, ကံဆိုပြီး ဒီအကြောင်းတွေ ပေါ်ပေါ်နေတယ်၊ တနေ့တနေ့မှာ ဘယ်လောက်များသလဲလို့ မေးလိုက်ပါတယ်၊မရေမတွက်နိုင်ဘူးတဲ့၊ ဒါဖြင့် ဒကာတို့တော့ ကံဆိုးမိုးမှောင် ကျတော့မယ်လို့ သာမှတ်ကြ။

ဒကာတို့ နေ့ရှိသမျှ ဒုက္ခရှာနေကြတာ ဝေဒနာ, တဏှာ, ဥပါဒါန်,ကံ၊ တနေ့တနေ့မှာ ဒါတွေဘဲတန်းနေတယ်၊တနေ့မှာ ဘယ်လောက်များသလဲ?ဆိုတော့မရေတွက်နိုင်ဘူးတဲ့၊ကံပေါင်း ဘယ်လောက်စုမိသလဲ?ဆိုတာ ရေတွက်လို့ မရနိုင်တော့ဘူး၊ မရေမတွက်နိုင်ကြတော့ဘူး။

ဒကာဒကာမတို့ အခုလို စုမိထားတဲ့ ကံတွေဟာ ကံဆိုးတွေလား?ကံကောင်းတွေလား?၊ ကံဆိုးတွေဘဲဆိုတာ သိကြပြီ၊ သူတို့က အခု အကျိုးမပေးသေးဘူး၊ ဘယ်တော့မှ ပေးမှာတုံး ဆိုတော့ သေပြီးတဲ့နောက် ရတော့မှာဘဲဆိုတာ မှတ်လိုက်ကြ၊ အနာဂတ်အကျိုးတွေ အခုမလာသေးဘူး၊ သေရင်ရမယ်ဆိုတာ ကျေနပ်ကြပလား?။

ဒီကံတွေဟာ သူတို့လဲ အနိစ္စဘဲ၊ အနိစ္စမို့ ပျောက်ပျက်သွားပါတော့လား၊ ပျောက်ပျက် မသွားဘူးလား?လို့ မေးစရာရှိတယ်၊ဒကာဒကာမတို့ မှတ်လိုက်ကြစမ်းပါ၊ဟောဒီမှာဒကာတို့ သန္တာန်မှာ အနုသယဘောနဲ့ကိန်းနေတဲ့ တဏှာ,ဥပါဒါန်တွေ

ရှိနေတယ်၊ ဒီတဏှာ, ဥပါဒါန်တွေ မင်္ဂနဲ့ မပယ်ရသေးသမျှ အနုသယသဘောနဲ့ ကိန်းနေတယ်၊ ရှိနေတယ်ဆိုတာ မှတ်ကြ။

အဲဒီလို ရှိပြီးနေတဲ့ တဏှာ, ဥပါဒါန်တို့ကဲ့ လေလွင့်မသွားအောင် သိမ်းဆည်းထားတယ်၊ဒီကံတွေကို သူတို့က အမြဲတမ်းသိမ်းထားတယ်၊ ပေါ်လာသမျှ ကံတွေကိုမသေမချင်း သူတို့ကသိမ်းထားတယ်ဆိုတာ ရိပ်မိပလား?၊တဏှာက ကံလာသမျှအားလုံး သိမ်းထားပါတယ်၊ ကျေနပ်ပလား?။

ဒါဖြင့် တနေ့တနေ့မှာ ကံပေါင်းဘယ်လောက် သိမ်းဆည်းမိလိမ့်မယ်ထင်သတုံးဆိုတော့မရေမတွက်နိုင်ပါဘူးတဲ့၊အဲဒီတော့ သူတို့က အရင်ကံတွေကုန်ရင် နောက်ကံတွေ လွှတ်ပေး၊ တကံကုန်ပြန်တော့ တကံလွှတ်ပေးနဲ့ဆိုတော့ ဒကာတို့တတွေ အသစ်အသစ်ရမယ့် ဇာတိ,ဇရာ,မရဏတွေဟာ ဘယ်လောက်များလိမ့်အုံးမယ်ဆိုတာ မပြောနိုင်တော့ဘူး၊ကိုယ့်အဖြစ်ဆိုးနေတာ ရိပ်မိကြပလား?။

ဒီလိုနဲ့ သိမ်းဆည်း, သိမ်းဆည်းထားတဲ့ ကံတွေ တဘဝမှာတွင် မရေမတွက်နိုင်အောင် ရှိပြီးနေတယ်၊ ဘဝပေါင်းကလဲ အသင်္ချေနဲ့အနန္တဆိုတော့ ဒကာတို့ သေသေချာချာ မှတ်လိုက်ကြပါ၊အပါယ်ကိုတခါလောက်ကျလိုက်ရင် လွတ်ရက်ကျွတ်ရက်မရှိတော့ဘူး၊လွတ်ဘို့လမ်း မမြင်နိုင်တော့ဘူးလို့သာ ဆုံးဖြတ်ချက်ချကြ၊ ကျေနပ်ပသား?။

အပါယ်မှာကျတော့ ကံသစ်တွေ အထပ်ထပ် စုမိပြန်တယ်၊ တကံကုန်ရင်း, စုမိပြန်ရင်း၊ တကံကုန်မယ် ရှိရင်းစုမိပြန်ရင်းနဲ့ ဘယ်တော့မှ ကုန်ဘို့ရာ လမ်းမမြင်တော့ဘူး။ အပါယ်မှာက ကုသိုလ်ဇော, စောစရာ အကွက်မမြင်ဘူး၊ မကောင်းတဲ့ အကု

ဆိုလ်ဇောချည့်ဘဲ အများဆုံးဖြစ်နိုင်တယ်၊ ဒကာဒကာမတွေ လေးလေးနက်နက် စဥ်းစားကြ။

သုဂတိ ဒုက္ခတွေနဲ့ အားမရ မကျေနပ်သေးလို့ ဒုဂ္ဂတိ ဒုက္ခတွေကို ဆက်ပြီးခံအုံးမယ်ဆိုတာ တော်ပါ့မလား? မတော်ပါဘူး၊ မတော်တာကိုသိရင် ဒီကံတွေကိုကုန်အောင် အမြန်ဆုံး ကြိုးစားရမယ်၊ ကြိုးစားသင့်တယ်၊ တခါလောက် အပါယ်ကျရရင် လွတ်ရက်မမြင်ဘူး၊ ဘာ့ကြောင့်လဲ့?ဆိုရင် အပါယ်ကံတွေ ထပ်တလဲလဲ သိမ်းဆည်းမိလို့ဘဲဆိုတာ မှတ်ကြတော့။

ဒကာတို့ အပြောကရှိတယ်၊ "တပည့်တော်တို့ မတတ်နိုင်ဘူးတဲ့၊ ဒီလိုဘဲ ရောင်းဝယ် ဒဖါက်ကားပြီး နေကြရတာဘဲ၊ ဒါတွေနဲ့ မကင်းနိုင်ဘူး၊ကံစီမံသလို ခံရတော့မှာဘဲ"နဲ့ ပြောဆိုတတ်ကြတယ်၊ အဲ့ သေသေချာချာ မှတ်ထားလိုက်ပါ၊ ကံစီမံသလိုဆိုရင် ထွက်ပေါက်မရှိဘူးလို့။

အခု ဘဝမှာတင် စုမိထားတဲ့ မကောင်းကံတွေ အသင်္ချေအနန္တ၊ လွန်ခဲ့တဲ့ ဘဝတွေ အသင်္ချေ အနန္တက စုမိဆောင်းမိထားခဲ့တဲ့ မကောင်းကံတွေကလဲ့ အသင်္ချေနဲ့ အနန္တဆိုပြန်တော့ လွတ်စရာလမ်း မရှိတော့ဘူး၊ ဒါ့ကြောင့် ငရဲမှာ အသက်တမ်း မရှိဘူး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဲ ငရဲသက်တမ်း ငါဘုရား မဟောနိုင်ဘူးတဲ့။

အဲဒီတော့ ဒကာ ဒကာမတွေ ဘာအားကိုးကြသေးတုန်း၊ ဒကာတို့တတွေက ကံဘဲ အားကိုးရမယ်ဆိုပြီး ကံတခုထဲမှတ်ပြီး ပြောနေကြတယ်၊ အဲဒါကို ဆရာသမားက အလွန်ဘဲ စိုးရိမ်လို့ အခုနေမှာ ကယ်ယူရာ ကယ်ယူကြောင်း၊ လွတ်ရာလွတ်ကြောင်းကို ညွှန်ပြနေရတယ်ဆိုတာ ရိပ်မိကြရဲ့လား?။

ဒကာ ဒကာမတို့ ကံတွေကို တဏှာ, ဉပါဒါန်က စုဆောင်းပြီးထားတယ်၊ စုထားလိုက်တဲ့ ကံတွေကလဲ မရေနိုင်လောက်အောင်ဘဲ များပြားပါတယ်။ အကျိုးပေးတဲ့ အခါကျတော့လဲ တကံကုန်မှ တကံဆိုသလို တကံစီလွှတ်ပြီး အကျိုးပေးမှာဖြစ်လေတော့ အပါယ်က ထွက်ပေါက်မမြင်တော့ဘူး၊ သဘောပါကြရဲ့လား?၊ ဒုက္ခမျိုးစုံက ထွက်ပေါက်မမြင်တော့ဘူးဆိုတာမှတ်လိုက်ကြပါ။

ဒီကံတွေက အကျိုးပေးလေသမျှဟာ ဇာတိ, ဇရာ, မရဏဘဲ၊ ပဌမကံကုန်တော့, ဒုတိယကံက ဇာတိ, ဇရာ, မရဏပေးမှာဘဲ၊ ဒုတိယ ကုန်ပြန်တော့လဲ တတိယက ဒါတွေဘဲပေးအုံးမှာဘဲ၊ အဲဒီတော့ သူပေးလေသမျှမှာ ဒုက္ခသစ္စာချည့်ဘဲဆိုတာ ရိပ်မိကြရဲ့လား?။

ဒီလိုကံမျိုးတွေဟာ နောက်နောက်ဘဝတွေက စုမိခဲ့တာလဲမနဲဘူး၊ ဘဝများစွာ သံသရာက စုလာခဲ့တာ မြေကြီးအထုမြေမှုန့် အစုထက်ပင် များပါသေးတယ်၊ ဒီလိုဖြစ်ပါရက်ကန့်အခုဘဝမှာ တခါထပ်ပြီး ဒီကံတွေဘဲ စုနေကြအုံးမယ်, စုနေကြပြန်တယ် ဆိုတော့ တချက်တိမ်းသွားလိုက်ရင် ပြန်တက်ဖို့လမ်းမမြင်တော့ဘူး။

ဒါ့ကြောင့် အခုလို အခွင့်အခါရတုန်းမှာ အားကိုးရာအားထားရာကို ရှာကြတော့၊ အားကိုးရာ မရှိရင် မဖြစ်တော့ဘူးဆိုတာကို လေးလေးနက်နက် သတိပေးလိုက်ပါတယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဒီကံတွေဟာ ဒကာတို့ကို အမျိုးမျိုးလှည့်ပြီး ဒုက္ခသစ္စာ အကျိုးတွေကို ပေးတော့မယ်တဲ့၊ လူ, နတ်, ဗြဟ္မာဆိုတာလဲ ဇာတိ, ဇရာ, မရဏာဘဲ၊

အပါယ်မှာ ဖြစ်တော့လဲ ဇာတိ, ဇရာ, မရဏဘဲ၊ ဘယ်ဘုံ ဘယ်ဘဝမှာဖြစ်ဖြစ် ဇာတိ, ဇရာ, မရဏ ဒုက္ခသစ္စာချည့်ဘဲ၊ ရှင်းကြရဲ့လား?။

ဒကာ ဒကာမတို့ ဒီလို ဒုက္ခသစ္စာတွေချည့် ပေးနေတာဟာ ဆယ်သူ့ အစွမ်းသတ္တိလဲ?လို့ ဆိုတော့ ကံရဲ့ အစွမ်းသတ္တိဘဲလို့ မှတ်ကြ၊ ဒီကံကိုကော ဘယ်သူက စုထားတာလဲ?လို့ ဆိုပြန် တော့ ကံကို တဏှာ, ဥပါဒါန်က စုထားပါတယ်၊ သဘော ပါပလား။

ဒီတော့ ဒီကံတွေကို ဘယ်သူက ဖြစ်ပေါ်စေတာတုန်းလို့ မေးပြန်တော့ ဝေဒနာက ဖြစ်စေတယ်လို့ သိကြရမယ်၊ ဒကာ ဒကာမတို့ တဏှာ, ဥပါဒါန်က စုထားတဲ့ ကံတွေကို ဝေဒနာက ဖြစ်ပေါ်စေတယ်ဆိုတာ ရိပ်မိကြပလား?၊ ဒီ ဝေဒနာဆိုတာ လဲ တခြား မဟုတ်ဘူး၊ ဒကာတို့ သန္တာန်မှာ ဝေဒနာက္ခန္ဓာက ဖြစ်စေတယ်လို့ဘဲ မှတ်လိုက်ကြတော့၊ ရှင်းကြရဲ့လား။

ဝေဒနာက္ခန္ဓာက ဖြစ်စေတယ်ဆိုတဲ့ နေရာမှာ ဒကာ ဒကာမ တွေ အခု တရားနာနေကြတာ ဘယ်သူတွေလဲ? ယောကျ်ားတွေ လား?၊ မိန်းမတွေလား? ဝေဒနာက္ခန္ဓာတွေဘဲလား?လို့ မေးရင် ဝေဒနာက္ခန္ဓာတွေဘဲလို့ အမှန်ဖြေရမယ်။

အဲဒီတော့ ခန္ဓာက ပေါက်ပွားလာတယ်ဆိုတာ ရိပ်မိကြပြီး ခန္ဓာပေါက်ပွားလာတယ်ဆိုတော့ ခန္ဓာရှိသ၍ တဏှာ,ဥပါဒါန် က ရှိတယ်၊ တဏှာ,ဥပါဒါန် ရှိသ၍လဲ ဒီကံတွေပေါ်ပြီး သူတို့က စုထားမယ်၊ ဒီကံတွေကို စုထားသမျှကာလပတ်လုံးလဲ ဒုက္ခသစ္စာ ထဲက လွတ်ရက်, ကျွတ်ရက် မမြင်တော့ဘူးဆိုတာမှတ်လိုက်ကြ။

ဒါ့ကြောင့် ဒီကံတွေကို အခုလို သာသနာတော်နဲ့ ကြုံကြိုက်တုန်း, ဆရာသမားကောင်းနဲ့ တွေ့ကြုံတုန်းမှာ အဟောသိကံဖြစ်အောင်လုပ်ဖို့ အရေးကြီးပါတယ်၊ ဒီကံတွေကို ဘယ်လောက်ဘဲ စုထား စုထား၊ အဟောသိကံ ဖြစ်အောင် လုပ်လိုက်ရင် အားလုံးကျေတယ်၊ ကိစ္စပြီးတယ်ဆိုတာ မှတ်လိုက်ကြ။ ဒကာ ဒကာမတို့ အဟောသိကံ ဖြစ်အောင်လုပ်ဖို့ အရေးကြီးလာပြီဆိုတာ ပေါ်ကြပလား?။

ဒကာတို့အတွက် စုမိထားတဲ့ ကံတွေက မရေတွက်နိုင်ကြဘူး၊ သားချစ်လို့ သမီးချစ်လို့ ထွေးပိုက်ထားတဲ့ ကံတွေ၊ သား, သမီးကို ခင်လွန်း, ချစ်လွန်းလို့ ဆုမ္မတဲ့ ကာယကံ, ဝစီကံတွေက လဲ မနဲဘူး။ ပါးစပ်နဲ့ ပြောလိုက်, ဆိုလိုက်၊ ချစ်ခင်လွန်းလို့ နမ်းလိုက် ရှုပ်လိုက်, ကာယကံတွေ, ဝစီကံတွေ တခါပြော တကံ၊ တခါပြုတော့ တကံနဲ့၊ ကံပေါင်းက မနဲဘူး။

ဒီကံတွေကလဲ တနေ့ ဘယ်လောက်ရယ်လို့ မရေတွက်နိုင်ဘူး၊ အရင့်အရင်က ပါလာတဲ့ ကံတွေကလဲ မရေမတွက်နိုင်ဘူးဆိုတော့ ဆရာသမား အကူအညီမရရင် သူစိမ်းသလိုသာ ခံရတော့မယ်၊ ကံတွေက မနဲဘူး၊ ခံနိုင်ရည် ရှိကြပါ့မလား? ခါးစည်းပြီး ခံဖို့သာ ပြင်ကြပေတော့၊ လွတ်ပေါက်က မရှိတော့ဘူး၊ တချက်တိမ်းရင်လဲ သွားတော့မှာဘဲ။

သား, သမီး ပစ္စည်းအတွက်နဲ့ ပြုပြီး စုထားတဲ့ ကံတွေကလဲ မရေနိုင်၊ အကျိုးပေးမှာကိုလဲ မရေနိုင်၊ ဒကာတို့က ဒါတွေနဲ့ ပြည့်စုံနေကြတယ်၊ လွတ်ပေါက်မရှိရင် စိမ်းသလို ခံရမယ်၊ ခါးစည်း ခံရုံဘဲ၊ လွတ်ပေါက်မရှိရင် ခက်တော့မယ်၊ ရိပ်မိကြရဲ့လား?။

ဒကာတို့ စုထားလိုက်တာ အပါယ်သွားကြောင်း၊ ငရဲ တိရစ္ဆာန်, ပြိတ္တာဖြစ်ဘို့ ကံတွေမနဲဘူး၊ နတ်ရွာသုဂတိ ကံတွေလဲ ပါတာဘဲ၊ ဒီ ကံတွေက ဘာသစ္စာတုန်းဆိုတော့ ဒုက္ခသစ္စာတွေ ဖြစ်နေတယ်၊ ဒီတော့ ဘယ်ဘဲ သွားသွား ဒုက္ခသစ္စာမှ တပါး ရစရာမရှိဘူး၊ ဒုက္ခသစ္စာဘဲ ရမယ်၊ ဒီ ဒုက္ခသစ္စာဆိုတာတွေကလဲ မရေနိုင် မတွက်နိုင်အောင် များပြားတယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာတို့တတွေ အရင်တုန်းက ပြောလေ့ ပြောထ ရှိကြတယ်၊ ကျောင်းလဲဆောက်ပြီးပြီ၊ ဘုရားလဲ့တည်ပြီးပြီ၊ ရေတွင်း ရေကန်လဲ တူးထားပြီးပြီ၊ ဒို့အနေနဲ့ဖြင့် သေပျော်နေပျော် ရှိပြီနဲ့ ပြောတတ်ကြတယ်၊ ဒီကုသိုလ်က နဲနဲလေးပါ၊ ဒကာတို့ တနေ့တနေ့ စုတဲ့ကံက များနေတယ်၊ တနေ့စုမိတဲ့ အကုသိုလ်ကံကိုတောင် နိုင်နိုင်ဘို့ မမြင်ဘူး။

သားလေး သမီးလေးတွေကို အော်ရ-ငေါက်ရတဲ့ ကံတွေ၊ ချစ်ရ ခင်ရတဲ့ ကံတွေ၊ ကျွေးရ မွေးရ, ပေးရ ကမ်းရတဲ့ကံတွေ၊ ဒီကလေးတွေနဲ့ ပတ်သက်ပြီး ပစ္စည်းရှာရ ရောင်းရ ဝယ်ရတဲ့ ကံတွေ၊ အဲဒီအကုသိုလ်ကံတွေက ဒကာတို့ ပြုထားတဲ့ ကုသိုလ်ကံနဲ့ ချိန်ဆလို့မရဘူး၊ ပိုပြီးများနေတယ်ဆိုတာ သဘောပါကြရဲ့လား?။

အဲဒီတော့ ဒီကံတွေကို အဟောသိကံ ဖြစ်အောင် လုပ်ရလိမ့်မယ်၊ မလုပ်ရင် ဖြစ်ပါ့မလား? မဖြစ်တော့ဘူး၊ အခုနေမှ မလုပ်နိုင်ရင် သူတို့က ဒုက္ခသစ္စာချည့် အကျိုးပေးတော့မယ်၊ ဘယ်နည်းနဲ့မှ ခံနိုင်ရည် မရှိကြပါဘူး။

ဒီအလုပ်ကို လုပ်ရင်၊ ဥပမာ-သောတာပတ္တိမဂ်ကို ရသွားတယ်ဆိုပါတော့ ဒီပုဂ္ဂိုလ်ဟာ ဏလျာဏမိတ္တ သူတော်ကောင်းကို ဆည်းကပ် ပေါင်းသင်းလို့ တရားကိုနာယူလို့ တရားတွေ ညွှန်ကြားတဲ့အတိုင်း ကျင့်လိုက်တော့ သောတာပန် တည်သွားတယ်၊ တည်တော့ ဒီပုဂ္ဂိုလ်ဟာ အပါယ်မကျတော့ဘူးဆိုတာ သံသယရှိဘို့ မလိုတော့ဘူး။

ဘာ့ကြောင့်လဲဆိုတော့ သူက အပါယ်ရောက်စေတတ်တဲ့ အကုသိုလ်ကံတွေကို မဂ်နဲ့ ဖြတ်လိုက်နိုင်လို့ဘဲဆိုတာ မှတ်ကြ၊ ဒီမဂ်ကံ ဘဝများစွာ သံသရာက စုမိလာခဲ့တဲ့ အပါယ်မျိုးစေ့ကံတွေကို ဖြတ်ချလိုက်တယ်၊ဖြတ်ချလိုက်တော့ အကုန် အဟောသိကံ ဖြစ်သွားတော့တာဘဲ၊ ကျေနပ်ပလား?။

ဒကာဒကာမတို့ သောတာပတ္တိမဂ် တကြိမ်ပေါ်ရင် အပါယ်မျိုးစေ့ဟူသ၍ အကုန် အဟောသိကံ ဖြစ်သွားရတယ်ဆိုတာ မှတ်လိုက်ကြ၊ ဒါဖြင့် အကုသိုလ်ကံတွေ အဟောသိကံ မဖြစ်သ၍ စိတ်ချလက်ချ နေလို့ မဖြစ်တော့ဘူးဆိုတာ ဆုံးဖြတ်ချက်ချကြ။

အခုနှယ်အချိန်မှာ အမြန်ဆုံးလုပ်ကြရလိမ့်မယ်၊ အဟောသိကံ မဖြစ်သမျှ မေ့လျော့နေလို့ မဖြစ်ကြဘူး၊ ဒကာတို့က အိပ်လိုက် စားလိုက်၊ သွားလိုက် လာလိုက်၊ သားသမီး ပစ္စည်းနဲ့ ပျော်လိုက်၊ အဝတ်အစားအမျိုးမျိုးတွေနဲ့ ပျော်လိုက် ဆိုလို့ ရှိရင် ပျော်နေသမျှ တနေ့ကျတော့ မချိသွားဖြဲ အဖြစ်ဆိုးကြုံရမယ်။

ဘယ်လို အဖြစ်မျိုးတွေလဲ ဆိုတော့ လူ, နတ်, ဗြဟ္မာ ပါယ်လေးရွာဆိုတဲ့ ဇာတိ, ဇရာ, မရဏတွေ လာမယ်၊ ဒါတွေက

ဘာ့ကြောင့်လာရတာလဲ? ဆိုတော့ ကံက အကျိုးပေးလို့ဘဲ၊ ကံကို ဘယ်သူ စုထားတုံး? ဆိုတော့ တဏှာ, ဥပါဒါန်တို့က စုထားတယ်၊ ဒိတဏှာတို့က ဘာ့ကြောင့်လာရသလဲ? ဆိုပြန်တော့ ဝေဒနာရှိလို့ ဝေဒနာကြောင့် လာရတာ၊ ရှင်းပလား?။

အဲဒီလိုဆိုတော့ ဒီဝေဒနာကို ဖြစ်ပျက် ရှုရလိမ့်မယ်၊ ဝေဒနာကို ဝိပဿနာ မရှုမိရင် ဒုက္ခဟူသမျှ ဒုက္ခသစ္စာ လာသမျှ ကိုယ်ပိုင်ပစ္စည်း ဖြစ်မယ်ဆိုတာ မှတ်ကြတော့၊ ကျေနပ်ပလား?။

ဒကာဒကာမတို့ ဝေဒနာကို ဝိပဿနာရှုမှ တဏှာသေမယ်၊ တဏှာသေမှလဲ စုထားတတ်တဲ့ တရားတွေ သေမယ်၊ စုတတ်တဲ့ တရားသေမှလဲ ကံတွေ အကုန်လွင့်သွားမယ်၊ ကံတွေ လွင့်ကုန်မှသာ ဒကာတို့တတွေ ဇာတိ, ဇရာ, မရဏ ဒုက္ခ ဟူသ၍နဲ့ အိုးစားကွဲမယ်၊ ရှင်းကြရဲလား?။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီအကျိုးအကြောင်းတွေကို ကောင်းကောင်းသိရတော့ မေ့လျော့နေဘို့ ပေါ့တန်နေဘို့ ပျင်းရိနေဘို့, အိပ်ပျော်နေဘို့ အချိန်မဟုတ်တော့ဘူးဆိုတာ အထူးသတိပြုကြရမယ်။

ဒကာတို့မှာက ငရဲမျိုးစေ့တွေ အနန္တ ရှိနေကြတယ်၊ မေ့လျော့ပေါ့တန်ပြီး ပျင်းရိ ဖင့်နွဲ့နေရင် သေသည့် အခြားမဲ့မှာ ငရဲကောင် အပင်ပေါက်ရမယ်၊ ငရဲမျိုးစေ့က ငရဲအပင် ပေါက်သွားရရင် လွတ်ရက် မမြင်တော့ဘူး၊ ရိပ်မိကြပါတော့။

ဒါကြောင့် ဆရာသမား ညွှန်ကြားတဲ့အတိုင်း လုပ်ကြရမယ်၊ လုပ်ရင် သောတာပတ္တိမဂ်ကိုရမယ်၊ ဒီမဂ်ကိုရရင် သေသေချာချာ မှတ်လိုက်ကြပါ၊ "စတူဟာပါယေဟိစ ဝိပ္ပမုတ္တော" တဲ့၊ အပါယ်လေးပါးက လွတ်ပြီတဲ့၊ "သဟာဝဿ ဒဿနသမ္ပဒါယ"

တဲ့။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သည်နှင့်။ သဟာ၀၊ တက္ကသာလျှင်။ အဿ၊ ထိုပုဂ္ဂိုလ် အား-တဲ့ ဒီပုဂ္ဂိုလ် အပါယ်လွတ်ပြီ-တဲ့။

"တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ"တဲ့၊ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ မှားယွင်းတဲ့ သီလဗ္ဗတပရာမာသအကျင့် အဲဒီ သုံးပါးကို စွန့်လိုက်ပြီ၊ အပါယ် ရောက်စေတတ်တဲ့ တဏှာကိုလဲ စွန့်လိုက်ပြီဆိုတော့ မသေချာသေးဘူးလား?၊ တဏှာစွန့်တဲ့ နောက်တော့ အပါယ်မျိုးစေ့ ဥပါဒ်ါန်တွေ ကံတွေလဲ အကုန် စွန့်တော့တာဘဲ၊ သဘောကျပလား?။

ဒီအဓိပ္ပါယ်ကို သိရရင် မဂ်ဉာဏ်အမြင်ကို ရမှဘဲ ဖြစ်တော့ မယ်ဆိုတာ ရိပ်မိကြပလား?၊ မဂ်ဉာဏ်အမြင် မရရင် အပါယ် လေးပါးဘဲဆိုတာ ယုံမှားမရှိနဲ့တော့၊အခုလူ့ပြည် လာတာဟာ ခဏတဖြုတ် အလည်လာရတာပါ၊ အခုလို အခွင့်ကောင်းလို့ အလည်လာတုန်းမှာ ဒီဉာဏ်ကိုရအောင် ကြိုးစားကြရမယ်။

အခု မကြိုးစားမိရင် ကိုယ်ကျိုး အကြီးအကျယ် နဲရတော့ မယ်၊ ကြေးပေါင်း အနန္တ ကျော်ဘို့မမြင်ဘူး၊ အပါယ်သွားပြီး ခန္ဓာနဲ့ ဆပ်ရတော့မယ်၊ အခုအချိန်မှာ မဂ်နဲ့ဆပ်ရင် အလွယ်နဲ့ ကျေမယ်၊ မဂ်နဲ့ ဆပ်နိုင်ရင်ဆပ်, မဆပ်နိုင်ရင် ခန္ဓာနဲ့ ဆပ်ရ မယ်။ သုဂတိ, နတ်ရွာဆိုတာ ခဏတဖြုတ်ဘဲဆိုတာ မှတ် လိုက်ကြ။

ဒုဂ္ဂတိအပါယ်က ဒကာတို့ အမြဲနေရာအိမ်ပါ၊ မဂ်နဲ့ မဆပ် နိုင်ရင် အမြဲနေရာ အိမ်ဂေဟာဘဲလို့သာ မှတ်ထားကြ၊ ကျေနပ် ရဲ့လား?။၊ ဒကာတို့တတွေမှာ အကုသိုလ် ကြွေးတွေက ဘ၀ များစွာက စုမိလာခဲ့တာ အများကြီး ရှိနေတယ်၊ အေးစက်

စက် လုပ်နေလို့ မတော်ဘူး၊ အပါယ်ကြွေးက အနန္တမို့ အေးမနေကြပါနဲ့။

ဒကာ့ဒကာမတွေက တရားလဲ မနာဘူး၊ သိအောင်လဲ မလုပ်ဘူး၊ အားလဲမထုတ်ဘူးဆိုရင် အေးနေတာဘဲ၊ ကြွေးရှိသူ မှန်က ပြန်ဆပ်ရမယ်၊ ဘယ်နည်းနဲ့ဆပ်ရမလဲဆိုတာ စဉ်းစားကြ၊ ဉာဏ်နဲ့ဆပ်မလား? ခန္ဓာနဲ့ဘဲ ဆပ်ကြမလား?။

ကြွေးရှိရက်နဲ့ အေးနေရင် လူကောင်းမဟုတ်ဘူး၊ ပုထုဇဉ် အရူးမို့ဘဲလို့သာ မှတ်လိုက်ကြ။ ကြွေးရှိနေရင် အပါယ်တံခါး ပွင့်နေတယ်၊ အပါယ်တံခါး မပိတ်သေးဘဲနဲ့ ပျော်နေလို့မဖြစ် ဘူး၊ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ အပျော်ကြီး ပျော်ပြီးနေကြ၊ သာရေး နာရေး ရပ်ရေး ရွာရေးတွေနဲ့ အချိန်ကုန်နေကြ၊ မင်္ဂ ရကြောင်း, ဖိုလ်ရကြောင်း ဖြစ်တဲ့ ကိုယ်ရေးကိုယ်တာ ဘာမှ မလုပ်ဘဲနဲ့ အချိန်ကုန်နေကြ၊ အဲဒါ ကြွေးရှိရက်နဲ့ ကြွေးရှိမှန်း မသိ၊ ပြန်ဆပ်ရမှန်းမသိတဲ့သူဆိုရင်အရူးနဲ့မထူးဘူး၊ "ပုထုဇ္ဇနော ဥမ္မတ္တကော" ဆိုတာ အဲဒါပါဘဲ၊ သဘောပါပလား?။

အခုပြောနေတာ ခြောက်ပြောနေတာလို့များ အောက်မေ့ ကြသလား? မအောက်မေ့ကြနဲ့၊ ဒကာတို့ဖြစ်စဉ်ကိုက်ဘဲ။ အခု ကိုယ့်ခန္ဓာမှာ ဉာဏ်နဲ့ကြည့်လိုက်ကြပါ၊ ဥပမာ–ကိုယ်ပေါ်မှာ ချမ်းသာတဲ့ သုခဝေဒနာလေး ပေါ်လာတယ်ဆိုရင် တဏှာဇာ ဒါလေးကို သဘောကျတယ်၊ ဥပါဒါန်ကစွဲလန်းတယ်၊ ဒီအတိုင်း ဖြစ်နေဘို့ ကာယကံ, ဝစီကံတွေနဲ့ အားထုတ်တယ်၊ ဟုတ်ကြ ရဲ့လား?။

ဒီအတိုင်း အားထုတ်နေတာ ဒီကံမျိုးတွေ တနေ့မှာ ဘယ်လောက်စုမိကြတုံး? မရေနိုင်ကြဘူး၊ ဒီကံတွေကိုဘယ်သူကာ

စုထားလိုက်တုံး? မေးတော့ တဏှာ, ဥပါဒါန်က စုထားတယ်၊ စုထားပြီးတဲ့ ကံတွေဟာ အချိန်အခါ မကျသမျှ ပျောက်ပျက်မသွားကြဘူး၊ ကံတခုတခုကို သူတို့ကစုထားတယ်ဆိုတာမှတ်ကြရမယ်။

ဒါကြောင့် ကမ္မသမင်္ဂီပုဂ္ဂိုလ်ဆိုတာဘဲ၊ ကံဟူသမျှကို တဏှာ ဥပါဒါန်က မပျောက်မပျက်ရအောင် ကွပ်ကဲပြီး စောင့်ရှောက်ထားတယ်၊ ထိန်းသိမ်းထားတယ်ဆိုတာသိကြရမယ်၊ ဒါ့ကြောင့် တဏှာနဲ့ဥပါဒါန်ကို ကံကို ထိန်းသိမ်းတဲ့တရား၊ ကံစောင့်တရားလို့ မှတ်ထားလိုက်ကြ၊ သဘောပါပါလား?။

ဒီလိုနဲ့ ကံတွေကို တနေ့တနေ့မှာ မရေမတွက်နိုင်လောက်အောင်ရှိနေတယ်၊ ဒီကံတွေကို တဏှာ,ဥပါဒါန်ကစုထားတယ်၊ ဘယ်သူကရှာထားတာလဲ?ဒကာတို့ကဝေဒနာနဲ့ရှာထားကြတာ၊ ဝေဒနာကို ဝိပဿနာမရှုမိလို့ ကံတွေစုမိနေတယ်၊ ဒီကံတွေက အကျိုးပေးတော့လဲတခုကုန်တခုဆိုသလို အဆက်မပြတ် အကျိုးပေးမယ်။ ဒီတော့ လွတ်ရက် ကျွတ်ရက် မမြင်တော့ဘူး။

ဒါဖြင့် ဘာကိုအားကိုးကြမလဲ? မဂ်ကို အားကိုးရမယ်၊ ဒီမဂ်ကဲ "သဟာဝသာ ဒဿနသမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ"တဲ့၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ တို့ကို စွန့်ပယ်လိုက်တော့ "စတူဟာပါယေဟိစ ဝိပ္ပမုတ္တော" အပါယ်လေးပါးကလွတ်ပါတယ်-တဲ့၊ အပါယ်ကျစေတတ်တဲ့ ကံတွေ အများကြီးပါသွားတယ်။

အဲဒီလို မဂ်ကို ရလိုက်တော့ အပါယ်ကံတွေ ဟူသမျှ အဟောသိကံဖြစ်ကုန်တယ်။ ဒီလိုအပါယ်လွတ်ရတာမဂ်ကြောင့် လွတ်ရတာ၊ မဂ်ကိုအားကိုးလို့ အပါယ်လွတ်ရတာဆိုတာ သိကြ

ပလား?၊ မဂ်ဖြစ်လို့ အပါယ်ကံတွေ အဟောသိကံဖြစ်ရတာ၊ မဂ်မဖြစ်ရင် အဟောသိကံမဖြစ်ဘူး၊ သေချာကြပလား?။

ဒကာ့ဒကာမတို့မှာ ဒီကံကြွေးတွေက အလွန်များနေပြီ ဖြစ်နေတော့ မဂ်နဲ့မှမဆပ်နိုင်ရင် ခန္ဓာနဲ့ ဆပ်ရလိမ့်မယ်၊ မကျေကျေအောင် ခန္ဓာနဲ့ဆပ်ရမယ်၊ ဆပ်နိုင်ကြပါ့မလား? ဒယ်အိုးအမျိုးမျိုး ပြောင်းလဲပြီးဆပ်ရမယ်၊ တိရစ္ဆာန်ခန္ဓာ အမျိုးမျိုးနဲ့လဲ ဆပ်ရမယ်၊ ပြိတ္တာဘဝအထွေထွေနဲ့လဲ ဆပ်ရမယ်၊ ကိုင်း ဆပ်နိုင်ကြပါ့မလား? မကြောက်ကြဘူးလား။

မဆပ်နိုင်ဘူး၊ ကြောက်ပါတယ်ဆိုတော့ သတိပေးလိုက်ပါတယ်၊ အကျိုးကို မကြောက်ပါနဲ့၊ အကြောင်းကို ကြောက်ပါ ဆိုတာ သတိပေးလိုက်တယ်၊ အကြောင်းကြောက်ဖို့ ဆိုတော့ အကြောင်းကို သတ်ရလိမ့်မယ်၊ အကြောင်း သေရင်, အကျိုး မပေါ်တော့ဘူး။ ဒါ့ကြောင့် အကြောင်းသတ်ရမယ်၊ ရိပ်မိကြရဲ့လား?၊ ကိုင်း, အခု သတ်နည်းကို ပြောကြစို့ ။

ဥပမာ - ကိုယ်ထဲမှာ သုခဝေဒနာကလေးတခု ပေါ်လာတယ်ဆိုတော့ ဒကာ ဒကာမတွေက ဉာဏ်နဲ့ ကြည့်လိုက်ပါ၊ ပေါ်တဲ့ သုခဝေဒနာကိုဖြစ်ပျက်ရှုပေးကြရမယ်၊ အဲဒီလိုရှုတော့ နောက်က တဏှာမလာ, ဥပါဒါန်လဲ မလာဘူး၊ မလာတော့ သိမ်းဆည်းတတ်တဲ့ တရားတွေ မရှိတော့ဘူး၊ သူတို့မရှိတော့ အကျိုးပေးမယ့် ကံလဲမလာတော့ဘူး၊ မလာတော့ အကျိုးပေးစရာလဲ မရှိဘူး၊ အကျိုးတရား ချုပ်ငြိမ်းသွားတယ်။

အဲဒါ အကြောင်းသတ်နိုင်လို့ဘဲ၊ ဒီ အကြောင်းမပေါ်အောင်၊ ဝိပဿနာမဂ်ကို သွင်းလိုက်တဲ့အတွက် အကြောင်းတွေ ချုပ်ပြီး, အကျိုးလဲမပေါ်နိုင်တော့ဘူး၊ရှင်းပလား?ဒါကြောင့်

ဝိပဿနာမဂ်ကိုဖြင့်သွင်းနိုင်အောင်သွင်းပေးကြရမယ်၊ မေလျော့ပေါ့တန်နေလို့ မဖြစ်တော့ဘူးဆိုတာ မှတ်ကြ။

ဝေဒနာပေါ်တဲ့အခါ၊ နောက်ကြားထဲမှာ မဂ်သွင်းနိုင်ရင် နောက်ကအကြောင်းတွေအကုန်ချုပ်တယ်၊ ဒါကြောင့်ဝေဒနာပေါ်တဲ့အခါ ဖြစ်ပျက်ရှုတဲ့ ဝိပဿနာမဂ်ကိုသွင်းရမယ်၊ ဒါကို မေ့နေရင်နောက်ကတဏှာ့,ဥပါဒါန်,့ကံ၊ နောက်တခါဝေဒနာတဏှာ, ဥပါဒါန်, ကံ,ဇာတိ,ဇရာ, မရဏဆိုပြီး အကြောင်းတွေအကျိုးတွေ မုချပေါ်တော့မယ်၊ရှင်းပလား?၊မဂ်ခြားမသွင်းရင်လာမယ်။

မဂ်ခြားသွင်းရင် တဏှာမပေါ်ဘူး၊ မပေါ်တော့ ကံမဖြစ်၊ မဖြစ်တော့ အကျိုးမပေးဘူး၊ မပေးတော့ ဒုက္ခသစ္စာက လွတ်မယ်၊ကျေနပ်ပလား?၊ဒါ့ကြောင့်ဝေဒနာပေါ်တိုင်း,ပေါ်တိုင်း ဖြစ်ပျက်ရှုပေးကြ၊ ရှုပေးနိုင်ရင် နောက်က အကြောင်းတွေရော အကျိုးတွေပါ အကုန်ပြတ်တယ်၊ ဒကာ ဒကာမတို့ ဒီစခန်းနဲ့ ဒီလမ်းဟာ သေချာကြပလား?။

ဒီစခန်းနဲ့ ဒီနည်းလမ်းက ရနိုင်ဘို့မလွယ်ဘူး၊ အင်မတန် ခဲခဲယဉ်းယဉ်းနဲ့ အင်မတန် ကံကြီးမှရနိုင်တဲ့ အခွင့်အရေးပါဆိုတာ မှတ်လိုက်ကြ၊ ဒါက သာသနာတွင်း တရားအစစ်၊ သာသနာတွင်း ကြုံမှသာ ရနိုင်ကြတာ၊ သာသနာတွင်းလဲကြုံ၊ ဆရာသမားကောင်းလဲ ဆုံ၊ ယူနိုင်တဲ့ဉာဏ်, ထောင်နိုင်တဲ့နားလဲ ရှိပါမှ ပြည့်စုံနိုင်တာ၊ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။

အဲဒီတော့ ဒီ ဝိပဿနာရှုတဲ့အလုပ်ကို မလုပ်ရင် မဖြစ်တဲ့အလုပ်၊ ကေန်မုချ လုပ်ရမယ့် အလုပ်ဘဲဆိုတာ ကျေကျေနပ်နပ် ဆုံးဖြတ်ချက်ချလိုက်ကြ၊ သဘောပါရဲ့လား?။

သာမညအရေးလို့ မမှတ်လိုက်ပါနဲ့၊ ပေါ့တန်နေလို့ မဖြစ်ဘူး၊ ဒီ ခန္ဓာ့ဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ် တရားက ဓမ္မနိယာမအတိုင်း, အမြဲတစေ တန်းနေမှာဘဲ၊ ဒကာတို့က နှလုံးမသွင်းဘဲနေရင် သူတို့က ဆက်နေမှာဘဲ၊ ပြောရင်း ဆိုရင်း, သွားရင်းလာရင်း,စားရင်း သောက်ရင်း, နေရင်း,ထိုင်ရင်း, ရောင်းရင်းဝယ်ရင်း ဘယ်အချိန်မဆို ဆက်နေမှာဘဲ၊ ရိပ်မိပလား?။

ဒီနေရာမှာ ကြားဖြတ်ပြီး သိကြားမင်း သောတာပန် တည်ပုံကို ပြောရမယ်၊ သိကြားမင်းက ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လျှောက်ထား မေးမြန်းပါတယ်ဆိုတဲ့အကြောင်း တနေ့က ပြောခဲ့ပြီးပြီ။ "အရှင်ဘုရား၊ ပပဉ္စချုပ်တဲ့တရား ဟောကြားတော်မူပါလို့" လျှောက်တော့၊ "ဝေဒနာကမ္မဋ္ဌာန်းကို ရှုရမယ်"လို့ ဘုရားက အဖြေပေးလိုက်တယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲဒီလိုဆိုတော့ ဆရာဘုန်းကြီး ဝေဒနာကို ဟောနေတာ သုံးရက်ရှိနေပြီ၊ အခုလဲဝေဒနာဘဲ ရှုကြရမယ်၊ ရှုတော့ တနေ့က ပြောသလို ဝေဒနာက ငါးမျိုး၊ ကိုယ်ပေါ်မှာ သုခဝေဒနာ၊ ဝမ်းထည်းမှာသောမနဿဝေဒနာ၊ ဒီနှစ်ခုပေါ်လာလဲ ဖြစ်ပျက်ရှုရမယ်။

ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာ၊ ဒေါမနဿ ဝေဒနာကဝမ်းထည်းမှာ၊ သူတို့ ပေါ်လာရင်လဲ ဖြစ်ပျက်ရှုပေး၊ မျက်စိ,နား, နှာခေါင်း, လျှာပေါက်တွေမှာက ဥပေက္ခာဝေဒနာသူတို့ ပေါ်လာလဲ ရှုပေးရမယ်၊ အကျဉ်းချုပ်ရင် သုခ, ဒုက္ခ,ဥပေက္ခာသုံးမျိုး၊ ဘာဝေဒနာလာလာ ဖြစ်ပျက်သာ ရှုပစ်ကြ။

ဒကာဒကာမတို့ ဘာဝေဒနာပေါ်ပေါ်, ဝေဒနာပေါ်တဲ့အခါ ဖြစ်တာ ပျက်တာကို မမြင်ဘဲ မရှိကြပါစေနဲ့ ဆိုတဲ့

အကြောင်း အထူး သတိပေးလိုက်တယ်၊ မရှုဖြစ်လို့ မမြင်ရင်၊ နောက် အကြောင်းသုံးခုက ကြောက်စရာ ကောင်းလွန်းလို့ အကျိုးသုံးခုကို ရမှာ စိုးရိမ်လို့ဘဲဆိုတာ မှတ်ကြ။

ဒဏ္ဍာတို့ကို ကယ်နိုင်ယူနိုင်တဲ့ တရားဟာ ဝိပဿနာမဂ်ဘဲ၊ ဒဏ္ဍာတို့ အားကိုးရာအစစ်ဟာလဲ ဝိပဿနာ မဂ်ဘဲ၊ ဒီအလုပ် လုပ်လို့ ဝိပဿနာ ရင့်ကျက်လာတဲ့အခါ လောကုတ္တရာမဂ် ဖြစ်သွားမယ်၊ အဲဒီကျတော့ အပါယ်ပိုမယ်၊ တဏှာ, ဥပါဒါန်, ကံတွေ ချုပ်သွားတော့တာဘဲ၊ ချုပ်သွားတော့ ဒီဘက် အပါယ် ခန္ဓာ ပေါ်ဘို့မရှိတော့ဘူး၊ ရှင်းကြပလား?။

ဒါဖြင့် ဒဏ္ဍာ ဒဏ္ဍာမတွေ ဘာကို အားကိုးကြမတုန်း?လို့ ဆိုတော့ ၁-ကို ၂-နဲ့ ရှုတာကို အားကိုးကြရမယ်၊ တစ်ကို နှစ်နဲ့ ရှုတာကို မလွတ်စေနဲ့ မလစ်စေနဲ့၊ လစ်ရင် ဝေဒနာ, တဏှာ ဘဲ၊ မလစ်လို့ ရှုမိရင် ဝေဒနာ, ပညာ၊ ဝေဒနာနောက်က ဝိပဿနာ လိုက်ရမယ်၊ မလိုက်ရင် ဘာဖြစ်မလဲ? မလိုက်ရင် အဝိဇ္ဇာ၊ လစ်ရင် တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏ တွေ တန်းလိုက်လာတော့တာဘဲ၊ ရိပ်မိကြပလား?။

ဝေဒနာပေါ်တဲ့အခါ မရှုမိရင် ဝေဒနာ အဝိဇ္ဇာ၊ ရှုလို့ မြင်တော့ ဝေဒနာပစ္စယာ ပညာဘဲ၊မြင်အောင်ရှုတော့ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏတွေ မလာဘူး၊ အကုန် ချုပ်တယ်၊ ဒီအလုပ်, မလုပ်ဘဲနေရင် ဒုက္ခရောက်ရမယ်၊ ဒါ မလုပ်ဘဲ အေးစက်စက်နေရင် ဒီအစဉ်ကတော့ တန်းနေမှာ ဘဲ၊ ရှင်းကြရဲလား?။

ဒါ့ကြောင့် ဝေဒနာဖြစ်ပျက် အံနိစ္စကို မြင်အောင်ကြည့်ရမယ်ဆိုတာ လေးလေးစားစား မှတ်လိုက်ကြ၊ ဒါ-အားကိုးရာ အစစ်ဘဲ။

ဒကာတို့ အေးအေးနေသမျှ ဒီအစဉ်ကတော့ တန်းနေမှာဘဲ၊ အေးအေးနေတဲ့ အပြစ်က ကြီးပါတယ်၊ အေးအေးနေတာဟာ တဏှာဘက်သွားနေတာ သာမည မမှတ်ကြနဲ့၊ အေးအေးနေချိန် မဟုတ်တော့ဘူး၊ အပူတပြင်း လုပ်ကြရလိမ့်မယ်ဆိုတာ သိကြတော့။ ဒါကြောင့် ဝေဒနာနောက်က မဂ်သွင်းတဲ့ အလုပ်ကို လုပ်ကြရမယ်။

ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ရှုကြရမယ်၊ ရှုလိုက်တော့၊ ဝေဒနာ ဖြစ်ပျက် ဝေဒနာနိရောဓော ဖြစ်သွားတယ်၊ ဖြစ်တော့ ဝေဒနာနိရောဓာ တဏှာနိရောဓော ဆိုပြီး မဂ်ပေါ်လာတယ်။ ရှုလိုက်နိုင်တော့ ဝေဒနာနောက်က တဏှာမလာဘဲနဲ့ တဏှာချုပ်တယ်ဆိုတာ ကြေနပ်ပလှား? ဒါဖြင့် ဒီလိုချုပ်အောင် ကြိုးစားကြ။

ဒါကြောင့် ဘာဝေဒနာလှာလာ ဖြစ်ပျက် ရှုကြ။ ရှုတော့ ဝေဒနာက္ခန္ဓာ ချုပ်တဲ့ နောက်က မဂ် ဝင်လာမယ်၊ မရှုလို့ ဝေဒနာက္ခန္ဓာ မချုပ်ရင် နောက်, မဂ်ခန္ဓာ ပေါ်ခွင့် မရှိဘူး၊ ဒါ့ကြောင့် ရှုရမယ်ဆိုတာ ပေါ်ကြပလား?။

ရှုမှတ်တဲ့အခါကျတော့ ဝေဒနာ ဖြစ်တာ ပျက်တာကို မြင်တဲ့အတွက် ဒီအပေါ်မှာ တွယ်တာမှု ကင်းသွားတယ်၊ အဲ....ဒီတော့ ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုပြီး မဂ်ပေါ်လာတယ်၊ ဝေဒနာဖြစ်တာ ချုပ်တာကို မြင်တာက မဂ်ဘဲ။

ဝေဒနာချုပ်ပြီး မဂ်ပေါ်တယ်၊ တဏှာက မလာဘဲနဲ့ ချုပ်ရတယ်ဆိုတာ မှတ်ကြ၊ သဘောပေါ်ပလား?။

တဏှာမှ မလာနိုင်တော့ နောက်က ဥပါဒါန်, ကံ, ဇာတိစတဲ့ အကြောင်းတွေ, အကျိုးတွေလဲ အကုန်လုံး ရုပ်သိမ်းသွားတော့တာဘဲ။ ဒါ့ကြောင့် ဆင်ခြေလဲမနေကြနဲ့၊ မအားမလပ်ဘူး ဆိုပြီး ဖင့်နွှဲမနေကြနဲ့၊ ရှုဖြစ်အောင် ရှုကြ။

မအားလပ်ဘူးဆိုပြီး ဆင်ခြေလဲရင် မအားတာ ဒီခန္ဓာကြီးအတွက်ဘဲ၊ ဒီခန္ဓာအတွက် ကျွေးဘို့ မွေးဘို့ ရှာရဖွေရမို့ မအားမလပ်ဖြစ်နေတာမှန်ရင် ဝေဒနာကွဲနွှာအတွက် မအားမလပ်တာဘဲဆိုတာ ရိပ်မိကြရမယ်၊ ဒီခန္ဓာအတွက် စားဘို့ သောက်ဘို့ဆိုတော့ ဝေဒနာက္ခန္ဓာအတွက်ဘဲဆိုတာ ထင်ရှားတယ်။

ဒီခန္ဓာအတွက် ရှာဖွေရတယ်ဆိုတော့ ရှာတာက တဏှာ၊ မရ-ရအောင် ရှာမယ်ဆိုတော့ ဥပါဒါန်၊ မရ-ရအောင် အားထုတ်မယ်ဆိုတော့ ကံ၊ ဒကာတို့ မအားမလပ်တာဟာ လက်စသတ်တော့၊ ပဋိစ္စသမုပ္ပါဒ် ဆက်နေကြတာပါ၊ စင်စစ်တော့ ဒုက္ခပွါးအောင် လုပ်နေကြတာဘဲ၊ မအားပြစ်, အလွန်ကြီးနေပြီဆိုတာ ရိပ်မိကြပလား?။

ဒကာတို့ ကိစ္စတွေက ဟိုမှာလဲ လုပ်ထား၊ ဒီမှာလဲ လုပ်ထားနဲ့၊ လူတွေ့တဲ့အခါ ပြောကြတယ်၊ မအားဘူးတဲ့၊ ကိစ္စကအလွန်များတယ်တဲ့၊ပြောတော့ ကြားရတဲ့လူက သြော်-ဟုတ်ပေလိမ့်မယ် မအားနိုင်ရှာဘူး၊ အလုပ်က များပေသကိုး ဆိုပြီး မြှောက်နေတတ်ကြတယ်။ အဲဒါ သာမညလို့ မမှတ်ကြနဲ့ အပါယ်သွားဘို့ အချင်းချင်း ချောက်တွန်းနေကြတာဘဲလို့သာ မှတ်လိုက်ကြ၊ ရိပ်မိပလား?။

ဒါကြောင့် အခု တရားတပွဲလုံးဘဲ ဆုံးဖြတ်ချက် ချကြပါ "ငါတို့ မအားမလပ်တဲ့ အပြစ်ဟာ အကြီးဆုံးပါကလား" လို့၊

ဒကာ ဒကာမတွေ မအားတဲ့ အပြစ်ဟာ ဘာ့ကြောင့် ဖြစ်ရတုံး?ဆိုတော့ ဝေဒနာက္ခန္ဓာဆိုတဲ့ ဒကာတို့ခန္ဓာအတွက် ကြောင့်ဘဲဆိုတာ ရှင်းကြပြီ၊ ထပ်ပြီး ဆန်းစစ်လိုက်ပါအုံး-တဲ့၊ ဝေဒနာက္ခန္ဓာဟာ သူ့ချည့်ဘဲလား?ဆိုတော့ မဟုတ်ဘူး၊ ခန္ဓာ ငါးပါးလုံး တွဲပြီး ပါနေပါတယ်၊ အဲဒီတော့ ဒီခန္ဓာကြီး ကြောင့်ဘဲလို့သာ မှတ်လိုက်ကြ၊ သဘောပါကြရဲ့လား?။

ဒီခန္ဓာကြီးစားဘို့ရှာ ရှာရတယ်၊ ဘာနဲ့ရှာရတုံး? တဏှာနဲ့ ရှာတာ၊ ရှာတဲ့အခါတော့ ရှာရရုံနဲ့ဘဲ ကျေနပ်သလှား? မကျေနပ်ဘူး၊ မရ-ရအောင်ဆိုတဲ့ ဥပါဒါန်လာတယ်၊ မရ-ရအောင် ဆိုပြန်တော့ ကိုယ်ရော စိတ်ရော နှုတ်ရော အားထုတ်မှုဘဲဆိုတော့ ကံဖြစ်သွားတယ်၊ အဲဒါ ဒကာတို့ အမှားဒဏ် ချက်ဘဲလို့သာ မှတ်ကြတော့။

အမှားဒဏ်ချက်များတော့ ဘာဖြစ်သလဲ? ငါ့ အပါယ် သွားမယ်ဆိုတာနဲ့ အတူတူဘဲ၊ အဲဒီလိုဖြစ်တာ မအားလို့ အပါယ် သွားရတာဘဲလို့သာ မှတ်လိုက်ကြ၊ ဖြစ်စဉ်က ဒီအတိုင်း ကိုက်နေပါတယ်၊ ကျေနပ်ပလား?။

ဒါ့ကြောင့် မအားသေးဘူးဆိုရင် ဘယ်လိုပြောရမလဲ?၊ "တပည့်တော်တို့ မအားလို့ ခုတော့ မလုပ်နိုင်သေးဘူး၊ နောက်ဖြေးဖြေးတော့ လုပ်ပါမယ်" လို့ ဆိုရင်ဖြင့် "အခုတော့ အပါယ် သွားလိုက်ပါရစေအုံး" ဆိုတာနဲ့ အတူတူဘဲလို့သာ မှတ်ကြပေတော့။

ဒကာတို့ ဆင်ခြေထူသမျှဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံတာနဲ့ အတူတူဘဲ၊ သေကြောင်း ကြံတယ်ဆိုတာ အပါယ်သွားကြောင်း ကြံတာကို ပြောတာ၊ ရိပ်မိကြရဲ့လား ?။

ဆရာရင်း, ဒကာရင်းတွေမို့ ရင်းရင်းနှီးနှီးဘဲ ပြောရပါတယ်၊ ဖြစ်စဉ်ကလဲ ကိုက်နေလို့ လွဲပြောင်းဟောလို့လဲ မရဘူး၊ ဘုရားကဟောလဲ ဒီအတိုင်းဘဲရှိမယ်။ ဒီတော့ သေသေချာချာ မှတ်လိုက်ကြပါ၊ "ဒကာတို့ မအားတာ ဟူသရွေ့ကဖြင့် တဏှာ, ဥပါဒါန်, ကံတွေကြောင့်ဘဲ၊ ဒါတွေလုပ်နေရလို့ မအားတာဘဲ၊" ကျေနပ်ပလား?။

ဒကာတို့ မအားတာဟူသရွေ့ အပါယ်သွားဘို့ ကံစုတာအပြင်ဘာမှမရှိဘူး၊ ဒီကံတွေက အများအပြားရှိနေတယ်၊ အသင့်နဲ့ အနန္တ စုမိဆောင်းမိနေတယ်၊ ဒီကံတွေကဲ အပါယ်တခါပို့လိုက် တခုလွှတ်ပေးလိုက်၊ တကံ ကုန်ခါနီးရင်း တကံ လွှတ်ပေးရင်းနဲ့ဘဲ ဒကာတို့ စုထားတဲ့ ကံတွေဟာ ကုန်နိုင်စရာမမြင်ဘူး။

ဒါကြောင့် အခုနေမှာ အဟောသိကံ ဖြစ်အောင် လုပ်ရလိမ့်မယ်၊ အဟောသိကံ မဖြစ်သမျှ အပါယ်, ငရဲက တက်ခွင့်ရဘို့ မမြင်ဘူး၊ လွှတ်ရက်ကို မရှိတော့ဘူး။

ဒါ့ကြောင့် ဖြစ်ပျက်ရှုတဲ့ ဝိပဿနာအလုပ်, လုပ်မှဖြစ်မယ်၊ ဝေဒနာ ပေါ်တဲ့အခါ၊ တဏှာမကူးခင် မဂ်ကြားဝင်တဲ့အလုပ် လုပ်မှဖြစ်တော့မယ်ဆိုတာ သဘောပါကြပလား?။

ဝေဒနာပေါ်လို့ မဂ်ကြားမသွင်းမိတော့ "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ, ဇရာ, မရဏံ," သွားလေ

အုံးတော့ဘဲ၊ ဒီလမ်းစဉ်ကို မပြောင်းသမျှ ဘယ်အခါမှ ဒုက္ခ လက်စမသတ်ဘူးဆိုတာ ကြပ်ကြပ် သတိပေးလိုက်တယ်။

ဒါ့ကြောင့် အခုအချိန်မှာ ဘုရားစကားတော်ကို နားထောင်၊ ဆရာသမားစကားကို နားထောင်ပြီး လိုက်နာကြရမယ်၊ လိုက်နာရမယ်ဆိုတော့ ဘုရားက "သုခံဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။" ပီအောင်လုပ်ရမယ်လို့ ဟောထားပါတယ်။ဒီတော့ခန္ဓာကိုယ်ထဲမှာ သုခဝေဒနာကလေး ပေါ်လာတယ်ဆိုတော့ ဒီဏာဉာဏ်နဲ့ ကြည့်လိုက်ရမယ်။

ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အချိန်အခါကျတော့ သုခဝေဒနာကလေး ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားတာကို တွေ့ရမယ်၊ ဉာဏ်နဲ့ကြည့်တဲ့အချိန်မှာ ဝေဒနာကလေး မရှိတော့ဘူးဆိုတာ သိရမယ်၊ အဲဒီတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်သွားတယ်၊ ရှင်းကြရဲ့လား?၊ မရှိတာက ဘာတုံး?ဆိုတော့ ဝေဒနာကလေး မရှိတာကိုပြောတာ။

မဂ္ဂဖြစ်သွားတော့ ဝေဒနာက နိရောဓ၊ ရှုဉာဏ်က မဂ္ဂဘဲ၊ အဲဒီလို ဝေဒနာ နိရောဓ ဖြစ်တဲ့အတွက် ဝေဒနာနိရောဓာ တဏှာ နိရောဓောဘဲ၊ ဒီတော့မှ တဏှာနိရောဓောတိ·မဂ္ဂေါ၊ တဏှာ ချုပ်တယ်ဆိုတာ မဂ်ပေါ်တာကို ခေါ်တာဘဲတဲ့။ ဒဏာတို့ တဏှာချုပ်တယ်ဆိုတာ တဏှာမလာဘဲ ချုပ်တာကို ဆိုပါတယ်၊ တဏှာ လာမယ့်နေရာမှာ မဂ်ပေါ်လာတယ်။

ဒကာဒကာမတို့ ဒီနေရာမှာ စာသိနဲ့ စာစကားဘဲပြောနေလို့ မရဘူး၊ စာသမားက ဝေဒနာချုပ်လို့ တဏှာချုပ်တယ်ဆိုတော့ "ဒီတဏှာ ချုပ်ပျောက်သွားရမှာဘဲ"လို့ ယူချင် ယူနေ

မယ်၊ အမှန်က တဏှာဟာ ပေါ်ကိုမလာဘူး၊ မလာဘဲ ချုပ်ပျောက်တာကိုဆိုတာဘဲလို့ မှတ်ကြ။

ဘုရားသခင်ကိုယ်တော်မြတ်က သိကြားကို ဟောတဲ့နေရာမှာ၊ "ဝေဒနာကိုဖြစ်ပျက်ရှုရမယ်၊ဝေဒနာကိုရှုမှ ပပဉ္စချုပ်မယ်" လို့ဆိုတယ်၊ ပပဉ္စချုပ်စေချင်ရင် ဝေဒနာကို ရှုရမယ်ဆိုတော့ ဝေဒနာကိုရှုတဲ့အခါမှာတဏှာမလာတော့ဘူး၊ တဏှာဟာ ပပဉ္စတရားဘဲ၊ တဏှာ, မာန,ဒိဋ္ဌိတို့ကို ပပဉ္စလို့ ဆိုပါတယ်။ တဏှာချုပ်တော့ သူနဲ့တွဲပြီး ဒိဋ္ဌိလဲချုပ်တယ်၊ မာနလဲ တွဲပြီးချုပ်ပါတယ်၊ တဏှာနဲ့ဒိဋ္ဌိက ခွဲလို့မရဘူး၊ လောဘစိတ်ရှစ်ခုထည်းမှာ "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ" တဲ့၊ ရှင်းပလား?။

တဏှာနဲ့ ဒိဋ္ဌိ ခွဲမရသလို တဏှာနဲ့ မာနလဲတွဲနေပါတယ်၊ ဒီတော့ ဒီအထဲမှာ တဏှာ, မာန, ဒိဋ္ဌိပပဉ္စတရား သုံးပါးလုံးအစုံပါနေတယ်၊ ဒါ့ကြောင့် ဒီပပဉ္စ ချုပ်စေချင်ရင် မဂ်ကိုသွင်းပေးရမယ်၊ ဝေဒနာကိုရှုတဲ့ ဝိပဿနာ မဂ်ကိုသွင်းရမယ် ဆိုတာမှတ်လိုက်ကြ။

သွင်းတတ်ကြပလား? ကိုင်းဒါဖြင့် အခု ဆရာဘုန်းကြီးက နည်းပေးလိုက်ပါမယ်၊ ဒကာတို့တတွေ အိမ်ပြန်ရောက်တဲ့အခါကျတော့ ဆိတ်ငြိမ်တဲ့နေရာမှာ ထိုင်ပြီးရှုကြပါ၊ ရှုနည်းကပဌမအသက်ရှူတဲ့အခါ ရှူတဲ့ရှိုက်တဲ့စိတ်ကလေးကို သိနေရမယ်။

ရှူတဲ့အခါ ရှူစိတ်၊ ရှိုက်တဲ့အခါ ရှိုက်စိတ်၊ ရှူတိုင်းရှိုက်တိုင်း နှာသီးဖျားကစောင့်ပြီး စိတ်ကလေးဖြစ်လိုက်, ချုပ်လိုက်နဲ့နေတာကို သတိနဲ့ ကြည့်ပေးနေပါ၊ အဲဒီဟာ သမာဓိအတွက် မတယ်လိုက်တာဘဲ။

အဲဒီလို ရှုလို့ ၅-မိနစ်၊ ၁၀-မိနစ်၊ ၂၀-မိနစ် ဆိုသလို ကြာလာတော့ ခန္ဓာကပြောလာလိမ့်မယ်၊ ခန္ဓာကိုယ်ထဲကယားတယ်၊ နာတယ်၊ကိုက်တာခဲတာ၊တောင့်တာတင်းတာ, ကောင်းတာ ဆိုးတာတမျိုးမျိုးပေါ်လာလိမ့်မယ်၊ ဒီလိုဝေဒနာလေးတွေ ပေါ်တဲ့အခါ၊ ရှုတာ, ရှိုက်တာကိုလွှတ်ပြီး, ဝေဒနာဖြစ်ပျက် ရှုပေးကြရမယ်။

ပဌမ-ရှုစိတ်, ရှိုက်စိတ်ကိုမှန်မှန်ရှုပေး၊ ၁၅-မိနစ်၊ ၂၀ မိနစ်ဆိုသလို ကြာလာလို့ စိတ်ကလေး ဘယ်မှမပြေးတော့မှ ဝေဒနာလိုက်ပါ၊ စိတ်ကလေးတည်ငြိမ်လာရင် ခန္ဓာကိုယ်ထဲမှာ ဝေဒနာအမျိုးမျိုး ပေါ်လာမယ်၊ ပေါ်လာတော့ ပေါ်တဲ့ နေရာကို ရှုဉာဏ်လိုက်ပေးရမယ်။

ဝေဒနာအမျိုးမျိုး ပေါ်ချင်ရာပေါ်မှာဘဲ၊ ပေါ်တဲ့အခါ သာ မလွှတ်စေနဲ့၊ ဝိပဿနာမဂ်နဲ့လိုက်ပေးရမယ်၊ လိုက်တတ်ကြပလား?၊ ဝေဒနာလေးတွေ မဂ်နဲ့လိုက်တော့ ဖြစ်ပေါ်လာလိုက် ပျောက်ပျက်သွားလိုက်၊ ဖြစ်လာလိုက်, ပျက်သွားလိုက်ဆိုတာ သိရမြင်ရမယ်၊ နောက်တော့ဖြစ်ပြီး ပျက်နေတာပါလားဆိုတာ သိလာလိမ့်မယ်၊ ရှင်းကြပလား?။

ဝိပဿနာမဂ်နဲ့ လိုက်ဖို့ရာ ခြောက်နေရာ၊ ဝေဒနာငါးမျိုး မှတ်ရမယ်၊မျက်စိ,နား,နှာခေါင်း,လျှာ,အဲဒီလေးခုမှာ ဥပေက္ခာဝေဒနာ။ ကိုယ်ပေါ်မှာက သုခဝေဒနာ, ဒုက္ခဝေဒနာ နှစ်မျိုး၊ ဝမ်းထဲမှာက သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာလို့ နှစ်မျိုး၊ အဲဒီငါးမျိုး တမျိုးမျိုးပေါ်တိုင်း ဖြစ်ပျက် ရှုရမယ်၊ ပေါ်လာပြီး မရှိတော့တာကို သိအောင်လုပ်ရမယ်။

ဒကာ ဒကာမတို့ ဝိပဿနာမဂ် ဝါးခုနဲ့ လိုက်ရမယ်ဆိုတာကို မှတ်ထားလိုက်ကြ၊ ဆုတောင်းနဲ့ မရဘူး၊ လိုက်ရှုမှသာ ရမယ်၊ ဒကာတို့က တောင်းယူရင် ရလိမ့်မယ်မှတ်ပြီး "မဂ်ဖိုလ် နိဗ္ဗာန် ရရပါလို၏"ဆိုပြီး တောင်းနေကြတာ အတော်အရုပ်ဆိုးတယ်။ ဝိပဿနာမဂ်နဲ့ လိုက်ရှုမှသာ ရမယ်ဆိုတာ ကျကျနန မှတ်လိုက်ကြ။ လိုက်ရှုမှ မဂ်ဖြစ်တာ ရှင်းပလား?။

မဂ်က တောင်းယူလို့ ရတဲ့အမျိုး မဟုတ်ဘူး၊ တောင်းယူလို့ ရတာက တမျိုး၊ ပေးကမ်းလှူဒါန်းပြီး နတ်ရွာ၊ သုဂတိကို တောင်းယူရင် ရတယ်၊ မဂ်ကတောင်းယူလို့ မရဘူး၊ ရှုမှဖြစ်တယ်ဆိုတာ အားလုံးဘဲ မှတ်ထားလိုက်ကြပါ၊ ရှင်းပလား?။

မရှုဘဲနေရင် ဝေဒနာနောက်က တဏှာ, ဥပါဒါန်, ကံ, ဒါတွေဘဲ လာပြီးဒီအတိုင်းချည့် တန်းနေမှာဘဲ။ ရှုလိုက်တော့ ဝေဒနာပေါ်တဲ့အခါ မဂ်နဲ့ ရှုလိုက်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သွားတယ်၊ "ဝေဒနာနိရောဓာ တဏှာနိရောဓော, တဏှာနိရောဓာတိ မဂ္ဂေါ"ဆိုတော့ ရှုလို့ဖြစ်တာ ကျေနပ်ကြပလား။

မရှုရင် မဖြစ်ဘူး၊ ရှုတော့ တဏှာ, ဥပါဒါန်, ကံတွေအကုန်ချုပ်သွားတယ်။ မဂ်ဆိုတာဟာ ပွားယူရတဲ့အမျိုး၊ ရှုရ·ပွားရမယ့် အမျိုးဆိုတာ သိကြရမယ်၊ ဝိပဿနာမဂ်မှာ ပွားရမယ်၊ လောကုတ္တရာ မဂ်ကျတော့ ပွားဘို့ မလိုဘူး၊ တကြိမ်ထဲနဲ့ ကိစ္စပြီးတယ်။ ဒါကြောင့် မဂ္ဂဘိညာ သကိံမတာ-တဲ့၊ ဒါပေမယ့် "ဝိပဿနာမဂ် ရှေ့သွားရှိပါမှ၊ လောကုတ္တရာမဂ်လာမယ်" ဆိုတာ ကျကျနန မှတ်ထားကြရမယ်၊ ရှင်းပလား?။

စိပသ်ဿနာမဂ် ရှေ့သွားရှိမှ လောကုတ္တရာမဂ် ပေါ်နိုင်တယ်၊ ဝိပဿနာမဂ် ရှေ့သွားမရှိရင် လောကုတ္တရာမဂ် ပေါ်ခွင့်မရှိဘူး။ ဒကာ ဒကာမတွေကို ပွားကြ-ပွားကြလို့ တိုက်တွန်းနေရတာ လောကုတ္တရာမဂ် ပေါ်စေချင်လို့ဘဲဆိုတာ ရိပ်မိကြပလား၊ ဒီအရေးထက် ကြီးတဲ့အရေးဖြင့် မရှိတော့ပါဘူး၊ အခုမှ သာသနာကြုံလို့ ရနိုင် ယူနိုင်ကြတာ၊ သာသနာတွင်း မကြုံရင် အသံတောင် ကြားရဘို့ မလွယ်ဘူး။

ဒကာတို့မှာ အကုသိုလ်ကံကြွေးတွေဏ ဒုန့်ဒေး ဆိုသလို ကိုယ်စီ ကိုယ်င ရှိနေကြတယ်၊ ဒီကြွေးတွေကို မဂ်တချက်ဖြတ် လိုက်ရင် ကျေနိုင်တယ်၊ အဟောသိကံ ဖြစ်နိုင်တယ်၊ မဂ်နဲ့မှ မဖြတ်နိုင်ရင် ခန္ဓာအမျိုးမျိုးနဲ့ ကုန်းရုန်းပြီး မကျေ,ကျေအောင် ဆပ်ရတော့မယ်။

တသက်လုံးဘဲ မုဆိုး, တံငါ လုပ်နေပါစေ မဂ်နဲ့ဖြတ်ရင် ကျေပါတယ်၊ ပဥ္စာနန္တရိယကံနဲ့ နိယတမိစ္ဆာဒိဋ္ဌိကံတို့ကဲ လွဲရင် ကျန်တဲ့ကံမျိုးတွေကို မဂ်က အကုန်ဖြတ်နိုင်တယ်၊ အကုန် ကျေနိုင်တယ်။ ဒီအထဲမှာ အမိသတ်, အဘသတ် လူမျိုးလဲ မပါ ပါဘူး၊ နိယတ မိစ္ဆာဒိဋ္ဌိသမားလဲ မရှိပါဘူး၊ ဒါ့ကြောင့် ကြိုးစားရင် မုချရမယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒကာတို့မှာ ကြွေးတွေ အများကြီးတင်နေတယ်၊ ဒကာတို့ ကြွေးကို ဒကာတို့ဆပ်မှသာ ကျေမယ်၊ ဘုန်းကြီးဆပ်လို့ မကျေဘူး၊ သား, သ္မီး, သားမယား, ဆွေမျိုးဉာတကာတွေဏ ဆပ်လို့ လဲ မရဘူး၊ ကိုယ့်ကြွေးကို ကိုယ်တိုင်ဆပ်မှ ရမယ်၊ သေချာပလား။

ကိုယ့်တဏှာနဲ့ ကိုယ့်ကံကို စုထားတာ၊ သူများစုပေးတာ မဟုတ်ဘူး၊ ဒါ့ကြောင့် ကိုယ်စုတဲ့ကြွေး, ကိုယ်သာဆပ်ရမယ်ဆိုတာ၊ကျေနပ်ပလား?၊ ဒါ့ကြောင့် လက်ရှိ အခြေအနေနဲ့ တင်းတိမ်မနေဘဲ ဝိပဿနာ မဂ်ဉာဏ်ကို ပွားကြပါဆိုတာ ယနေ့ အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

ဒကာ ဒကာမတွေ ဒီကံကြွေးတွေက မဂ်နဲ့ မဆပ်သ၍မှာ ဖြင့်၊ ဘယ်တော့မှ မကျေနိုင်တော့ဘူးဆိုတာ မှတ်လိုက်ကြပါ၊ ဒါ့ကြောင့် အခုအချိန်ကစပြီး မဂ်နဲ့ဆပ်ကြရမယ်။

ဆပ်နည်းကို ပြောကြပါစို့ဆိုတော့၊ တနေ့က ပြောခဲ့တဲ့ အတိုင်း, သိကြားမင်းဏာ လျှောက်ထားလို့ ဘုရားက ဟောတော်မူတဲ့အချက်မှာ ခန္ဓာမှာ ဝေဒနာပေါ်တိုင်း ရှုရမယ်ဆိုတာ သိကြရပြီ။

အဲဒါကြောင့် ဝေဒနာဝါးပါး, ဝေဒနာသုံးပါး, ပေါ်ချင်ရာပေါ်၊ ပေါ်လာသမျှ မလွတ်အောင် ဖြစ်ပျက်ရှုကြရမယ်။ သုခဝေဒနာပေါ်လဲ ဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လဲ ဖြစ်ပျက်ရှု၊ ရှုတော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်သွားတယ်။ ဝေဒနာနောက်မှာ မဂ်ဝင်လိုက်တော့ နောက်, တဏှာ, ဥပါဒါန်, ကံတွေ အကုန်ချုပ်တယ်၊ ရှင်းကြပလား?။

ဒီနည်းအတိုင်း ဆက်လက်ပြီး ရှုလိုက်သွားတော့ ဝေဒနာ ဖြစ်ပျက်တွေ အများမြင်လို့ ဉာဏ်တက်လာတော့ မုန်းလာမယ်၊ ဆက်လက်ပြီး ရှုမြဲရှုပြန်တော့ မုန်းရာကနေပြီး, တချက်ချက်မှာ ဝေဒနာ ဖြစ်ပျက်တွေ ဆုံးသွားတော့တယ်ဆိုတာ မှတ်ကြရမယ်။

အဲဒီ ဝေဒနာဖြစ်ပျက် ဆုံးတဲ့နေရာမှာ မဂ္ဂင်ရှစ်ပါးရှိတဲ့ လောကုတ္တရာမဂ်စစ် ပေါ်လာတော့တာဘဲ၊ နဂိုက ရှုနေတာ မဂ္ဂင်ငါးပါးရှိတဲ့ ဝိပဿနာမဂ်နဲ့ ရှုနေတာ၊ အဲဒီ လောကီ ဝိပဿနာ မဂ်က ရင့်ကျက်လာလို့ မဂ္ဂင်ရှစ်ပါးပြည့်ပြီး၊ လောကုတ္တရာမဂ် ပေါ်လာတယ်။ ကိုင်း၊ဒကာ ဒကာမတွေ ကျေနပ်ကြပလား?။

အဲဒီအခါကျတော့မှ၊ ဝေဒနာဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာ၊ ဝေဒနာဖြစ်ပျက်အဆုံးကိုမြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဝေဒနာ ဖြစ်ပျက် ဆုံးတဲ့နေရာမှာ ပေါ်လာတာက နိရောဓသစ္စာ၊ အပါယ်ကြွေးတွေ ကျေကုန်တာက သမုဒယသစ္စာ။

အဲဒီလို မဂ်တချက် ဖြတ်လိုက်တာနဲ့ ကိစ္စလေးချက် တပြိုင် နက် ပြီးစီးသွားတယ်၊ အပါယ် သွားရမယ့် အကုသိုလ်ကြွေး ဟူသမျှတွေလဲ အကုန် အဟောသိကံ ဖြစ်သွားတဲ့အတွက် အကုန်ကျေတယ်ဆိုတာ မှတ်လိုက်ကြတော့၊ သဘောကျ ပလား?။

ကိုင်း၊ ဒါဖြင့် ဆရာဘုန်းကြီးက ကရုဏာရှေ့ထားပြီး လမ်းစဉ်ကိုတော့ ညွှန်ပြပြီးပြီ၊ လမ်းစဉ်အတိုင်း ဖြောင့်ဖြောင့် မတ်မတ်လိုက်ဘို့က ဒကာတို့ တာဝန်ဘဲ ကျန်တော့တယ်။

ကိုယ့်ကိုယ်ကို ချစ်သနားတာမှန်ရင်ဖြင့် အကုသိုလ်ကြွေး တွေကို ယနေ့ မဂ်ဉာဏ်နဲ့ ဆပ်ကြပါဆိုတာကို ထူးထူးခြားခြား ဘဲ တိုက်တွန်းလိုက်ပါတယ်။

ဒကာ ဒကာမတွေ သဘောပါကြရဲ့လား?။

ကိုင်း....နာရီစေ့ပြီ၊ ဒီတွင်ဘဲ တော်ကြအုံးစို့။

* * *

# “နိဂုံး စကား”

၁။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊
သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊
သမ္မပ္ပညာယ ပဿတိ။ ။

၂။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊
ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊
ဒုက္ခူပသမဂါမိနံ။ ။

၃။ ဧတံ ခေါ သရဏံ ခေမံ၊
ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

“ဓမ္မပဒပါဠိတော်၊ အဂ္ဂိဒတ္တဗြာဟ္မဏ ဝတ္ထု”

ယောစ၊ ကြီးငယ်မဟူ အကြင်သူသည်ကား။ ဗုဒ္ဓဥ္စ၊ သစ္စာ သိတတ် ဘုရားမြတ်ကိုရှင်း။ ဓမ္မဉ္စ၊ ကောင်းကျိုးဆောင်တတ် တရားမြတ်ကိုရှင်း။ သံဃဉ္စ၊ ရှစ်ဝအရိယာ မြတ်သံဃာကိုရှင်း။ သရဏံ၊ မှီခိုထိုက်စွာ ကိုးစားရာဟူ၍။ ဂတော ဆုမ္မြဲဝါ လိုက်နာ ကျင့်ထွေ ဆည်းကပ်လေ၏။ သော၊ ရတနာမြတ် သုံးပါးနတ်ကို ဆည်းကပ်ကြည်ဖြူ ထိုသည့်သူကား။ ။ ဒုက္ခံ၊ စက်ဆုပ်ဖွယ်စွာ့ သုံးမကျသည့် ဒုက္ခမှန်စွာ ယင်းသစ္စာ ရှင်း။ ဒုက္ခသမုဒယံ၊ ဒုက္ခဖြစ်တောင်း အကြောင်းမှန်စွာ သမုဒယသစ္စာရှင်း။ ဒုက္ခဿစ အတိက္ကမံ၊ ဒုက္ခခန္ဓာ ချုပ်ပျောက်ရာဟူ ငြိမ်းရာမှန်စွ နိရောဓ သစ္စာရှင်း။ အရိယံ၊ မြတ်လှ ထိပ်ဟောင် လွန်ဖြူစင်သည့်။ အဋ္ဌင်္ဂိကံ၊ ရှစ်ဝအင်္ဂါ ပြည့်စုံစွာ သော။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခငြိမ်းရာ နိဗ္ဗုတာသို့ ကောင်းစွာ ထုတ်ချောက် သွားရောက်ကြောင်းကံ စင်စစ်မှန်လှပေသော။ မဂ္ဂံ၊ မဂ္ဂသစ္စာရှင်း။

ဣတိ၊ ဤသို့။ စတ္တာရိ၊ ရေတွက်ပိုင်းခြား လေးပါးအပြား ရှိကုန်သော။ အရိယသစ္စာနိ၊ အရိယာတို့ ကောင်းစွာသိအပ် သစ္စာမြတ်တို့ကို။ သမ္မာ၊ မဖောက်မပြန် ဟုတ်မှန်တိုင်းသာ ကောင်းမွန်စွာ။ ပညာယ၊ လောကီ, လောကုတ္တရာ မဂ်ပညာ ဖြင့်။ ပဿတိ၊ ပိုင်းခြားခွဲဝေ သိမြင်လေ၏။

ဧတံ၊ ဤသည့် ရတနာ လောကာထက်မြတ် သုံးပါးနတ် သည်။ ခေါ၊ တကယ်စင်စစ်အားဖြင့်။ ခေမံ၊ ဘေးရန်ကင်းပ အေးချမ်းလှပေသည်။ သရဏံ၊ ကိုးစားအားထားရာကောန် အစစ်မှန်လှပါပေ၏။ ဥတ္တမံ၊ ရတနာ့ရတနာ လွန်မြတ်စွာ

သည့်။ သရဏံ၊ မှီခိုကိုးစား အားထားစရာကြောင်း အစစ်မှန်လှပါပေ၏။ တော့် သရဏံ၊ အမြတ်မင်္ဂလာ ရတနာသုံးပါး ကိုးစားအားထားခြင်းကို။ အာဂမ္မ၊ အမှီတကဲ အစွဲပြု၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းကုံးခြုံလုံးစုံခပဲ ဆင်းရဲဒုက္ခအပေါင်းမှ။ ပမုစ္စတိ၊ ကောင်းစွာပုံသေ လွတ်မြောက်ရလေတော့သာလျှင်သတည်း။

ဤ၍ ဤမျှ ရေးသားပြဆိုအပ်ခဲ့ပြီးသော ဒေသနာတော်အစုအစည်တို့ဖြင့် ဤ "မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာ" ဟောစဉ် ကျင့်စဉ် သစ္စာလေးပါး တရားတော် သတ္တမတွဲ ကို ကမ္ပတ်ဖုံးကာ အဆုံးသတ်ရပေပြီ။

ထိုအဆုံးသတ် စကားရပ်ဝယ် စာရှုသူ ဓမ္မအဆွေတော်တို့အား၊ မိတ်ကောင်း ဆွေစစ် အဖြစ်ဌ ရပ်တည်လျက် စကားလက်ဆောင်ပါး လိုပါသည်။

"အကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခကို လူတိုင်းပင် ရှုံ့ကြောက်ထိတ်လန့်ကြပေသည်၊ ဆင်းရဲ ဒုက္ခ ဟူသမျှတို့မှာ လက်ရှိခန္ဓာသည်သာ မူလပင်ရင်းဖြစ်သည်ကိုလည်း အထူး သတိချပ်ကြရပေလိမ့်မည်။

ဆင်းရဲဒုက္ခ ဟူသည်မှာ အခြားမဟုတ်၊ မိမိတို့ ကိုယ်စီကိုယ်င ရှိနေကြသည့် ခန္ဓာပင် ဖြစ်သည်ကို သတိမူကားဉာဏ်ကူ၍ သိရှိရိပ်မိအောင် ရှုမြင်နိုင်ကြရပေမည်။

လက်ရှိခန္ဓာဒုက္ခ၊ သံသရာ ခန္ဓာဒုက္ခ၊ အထူးသဖြင့် အပါယ်လေးပါး ခန္ဓာဒုက္ခဟူသမျှတို့ကို စွမ်းဉာဏ်ရှိသမျှ ရိပ်စားမိရန်ကြိုးစားသင့်ကြပေသည်။

ယင်း, ဒုက္ခမှန်တို့ကို စေ့စေ့ သိရှိကြပြီးသော် "ဒုက္ခကြောက်သူမှန်က" ထိုဒုက္ခတို့၏ အကြောင်းရင်းမှန်ကို သေချာစွာ သိမြင်နိုင်ရန် တဆင့်တက်ကာ ကြိုးစား ရမည်သာဖြစ်သည်။

ထိုသို့ ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်းတို့ကို သိရှိပြီးသော်၊ ယင်းတို့၏ လွတ်မြောက်ရာကို ရှာကြံကြရပေမည်။ ယင်း ဒုက္ခမှ ထွက်မြောက်ကြောင်း လုပ်ဝန်းစဉ်ကိုလည်း ဆက်လက်၍ ကြိုးပမ်း အားထုတ်ကြရန် အထူးလိုအပ်လှပေသည်။

ထိုကဲ့သို့ အမှန်အကန် သိရှိနိုင်ကြရန် အနန္တ ကျေးဇူးတော်ရှင် ဘုရားမြတ်စွာ ချမှတ်ထားတော်မူခဲ့သည့် လမ်းစဉ်မှန်ကို တပည့်သာဝက ဆရာမြတ်တို့၏ လက်ဆင့်ကမ်း, ကျေးဇူးတော်တို့ကြောင့် ကျွန်ုပ်တို့၏ ကုသိုလ် အထောက်အပံ့အားလျော်ညီစွာ ယခုအခါတွင် နီးနားမျက်မှောက် ရှေ့သို့ပင် ရောက်ရှိနေပြီဆိုက လုံးဝ လည်းပါးရန်အကြောင်း မရှိပါချေ။

သို့ဖြစ်သည်နှင့် လျော်ညီစွာ အကျွန်ုပ်တို့သည်—

၁။ မိမိအကြောင်းကို ကောင်းကောင်း သိမြင်သူများ ပြီသစွာ၊

၂။ ဆင်းရဲဒုက္ခကို ကြောက်ရွံ့ကြသူများ ပြီသစွာ၊

၃။ မကြာမတင် ဒုက္ခရောက်ရမည် ကေန်ဖြစ်သည်ကို မြော်မြင်မိကြသူများ ပြီသစွာ၊

ဆင်းရဲဒုက္ခဟူသမျှတို့မှ လုံးဝ လွတ်ငြိမ်းချမ်းသာရာ အမှန်ကို ကေန်တိတိ ရရှိနိုင်ကြရန်၊ ထက်သန်သော သဒ္ဓါ၊ လွန်စွာ

သော ဆန္ဒ၊ ပြင်းပြသော လုံ့လ်ဝီရိယ၊ ထက်လှသော ပညာဉာဏ်တို့ဖြင့် အားပါးတရထုတ်, ကြိုးကုတ် ရှက်ဆောင်ကြရန် အထူးလိုအပ်လှပါပေသည်။ အားလုံးတို့သည် အရကြိုးကုတ် အားထုတ်ရှက်ဆောင် နိုင်ကြပါစေကုန်၊” ဟူသော-မေတ္တာပုဗ္ဗင်္ဂမ စကားဖြင့် အမှန်လက်ဆောင်ပါးအပ်ပါသည်။

ဟာဒဝန်ခံ တင်ဆက်သူ

၁၃၂၇-ခုနှစ်
တပေါင်းလ၊

ဦးမြင့်ဆွေ (မူလဓမ္မာစရိယ)
မိတ္ထီလာ။

။

ပဋ္ဌိစ္စသမုပ္ပါဒ်တရား

၁၂-ပါး

ထင်ရှားပေါ်လွင်

မာတ်အစဉ်

# စက်ပိုင်းဒေသနာ

**အမရပူရမြို့၊မဂ်လာတိုက်ဟောစင်းမိုးကုတ်ဆရာတော် ဦးဝိမလ-၏ ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ[အညွှန်း]**

အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် ရုပ်နာမ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။ ဖြဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုရှုမြော်။

## [လင်္ကာဆောင်ပုဒ်]

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့် ၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။


၎င်း စက်ဝိုင်းတွင် ပါရှိသော ဝေဒနာနိရောဓာ, တဏှာနိရောဓော-ဟူသော ဖြတ်လမ်း၏အလုပ် လုပ်စဉ်မှာ ဝေဒနာကို အနိစ္စမြင်လျှင် ဝိပဿနာမဂ်ဝင်လာသောကြောင့် ပဋိစ္စသမုပ္ပါဒ် ပြတ်ပါ၏။

ဝေဒနာနှင့် သဟဇာတဖြစ်သော သညာ, သင်္ခါရ, ဝိညာဏ်, ရုပ်, ဝိတက်, ဝိစာရတို့ကိုလည်း ရှုနိုင်ကြပါ၏။ အားလုံးဖြတ်လမ်း ဖြစ်နိုင်ပါ၏။ ၎င်း-ရှုမှတ်နည်းမှာ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် သမ္မသနသုတ်မှာ လာပါ၏။

## မိုးကုတ်ဆရာတော်ဘုရားကြီး၏

### ပဋိစ္စသမုပ္ပါဒ် – စက်ဝိုင်းဒေသနာ

### လည်ပုံ – ပြတ်ပုံ



ကျေးဇူးရှင် "မိုးကုတ်ဆရာတော်ဘုရား၏"

# စိတ္တာနုပဿနာ ကျင့်စဉ်

၁။ မြင်စိတ် )
၂။ ကြားစိတ် )
၃။ နံစိတ် )
၄။ စားစိတ် )
၅။ ယား·နာ·ကောင်းစိတ် )

အပြင်ညွတ်သည် ၅-ယောက်

၁။ လောဘစိတ် )
၂။ ဒေါသစိတ် )
၃။ အမောဟစိတ် )
၄။ အလောဘစိတ် )
၅။ ဒေါသစိတ် )

အတွင်းညွတ်သည် ၅-ယောက်

၁။ လေကိုထုတ်သောစိတ် )
၂။ လေကိုသွင်းသောစိတ် )

အိမ်သည်စိတ် ၂-ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၍
ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ
အိမ်သည်မရှိပါက အပြင်ညွတ်သည်
အတွင်းညွတ်သည် ပေါ်ရာကို ရှုပါ၊ ညွတ်သည်မရှိပါက
အိမ်သည်သို့ အမြဲရှုပါ။